www.burmeseclassic.com




နာဇီသူလျှိုကျော်

# ဗိုလ်ချုပ်ကြီးကနားရစ်

## ကျော်ထက်ထွန်း

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**
စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၂၄၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၁၀၀၀၈၀၁၀၉

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ

**အုပ်ရေ**
၅၀၀

**မျက်နှာဖုံး**
အုံ့ဘွယ်ဖင်

**အတွင်းကွန်ပျူတာစာစီ**
ဖြိုး

**အတွင်းဖလင်**
ထွန်းထွန်း

**စာအုပ်ချုပ်**
ကိုမြင့်လွင်

**မျက်နှာဖုံးပုံနှိပ်**
ဦးနိုင်လေး၊ သီရိပိဋကတ်ပုံနှိပ်တိုက်
အမှတ် (၃၃၃)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၈–ရပ်ကွက်၊ ပန်းဘဲတန်း

**အတွင်းပုံနှိပ်**
ဦးစွန်ကော်ယု၊ မာကျူရီအော့ဖ်စက်
အမှတ် (၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်

**ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန် (သင်းစာပေ)
အမှတ် (၁၀)၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်

**တန်ဖိုး**
၂၀၀၀

ယဉ်မျိုး စာအုပ်

အမှတ် (၁၁)

## နာဇီသူလျှိုကျော်

# ဗိုလ်ချုပ်ကြီးကာနားရစ်

ကျော်ထက်ထွန်း

ဖြန့်ချိရေး

ယဉ်မျိုး စာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး
ထွန်းဦးစာပေ + နဂါးစာပေ

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အပြိုင်ဉာဏ်ကစားတဲ့ ဖဲဝိုင်းအမှန်ကစားပွဲ

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကြီး *(British Intelligence Service)* သည် ...ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မည်မျှ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့သနည်း။

ယခင်က လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ *(Secret Service)* ၏ အစဉ်တစိုက် ...ထိန်းသိမ်းခဲ့သည့် ကျော်ကြားမှုနှင့် နှိုင်းယှဉ်နိုင်ပါမည်လား။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့ *(Abwehr)*ကို လည်းနိုင် ပွဲနိုင်ပါမည်လား။

စစ်ကြီးအစတွင် ဗြိတိသျှအစိုးရပင်လျှင် မထင်မမှတ် မမျှော်လင့်ခဲ့ရသည့် ...ကျော်ထိုးစစ်များကြောင့် အံ့ဩခဲ့ရဟန်ရှိ၏။

ဂျာမန်တို့နှင့် တိုက်ခဲ့ရသည့် စစ်ကြီးအပြီး တစ်နေ့ နေ့လည်စာ စားရင်း ...ကျွန်တော်က နိုင်ငံခြားရေးဝန်ကြီးဌာနမှ အတွင်းဝန်တစ်ဦးအား သည်မေးခွန်းများကို ...မေးနေမိသည်။

အမေးခံရသူ အတွင်းဝန်က တစ်ခုသောအကြောင်းကို အလေးပေးဖြေခဲ့သည်။

"အင်း . . . ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့ကလဲ အဆိုးကြီးတော့ ...ဟုတ်ပါဘူး။ ကျုပ်တို့ဘက်က ရေတပ်ဗိုလ်ကြီး ကနားရစ် *(Admiral Canaris)* ...ရှိပြီပဲ၊ ဒါကိုက သေးတဲ့ဟာမဟုတ်ဘူး"

အာဗဟာရှင်ဟစ်တလာ၏ ထောက်လှမ်းရေးမှူးချုပ်က ဗြိတိသျှတို့၏ သူလျှို ...ဖြစ်ပါလား။

www.burmeseclassic.com



ကျွန်တော်သည် ဘာလင်မြို့တွင် ဗြိတိသျှသတင်းစာများ၏ သတင်းထောက်အဖြစ်နေခဲ့စဉ်က ဂျာမနီလက်နက်ကိုင်တပ်များ၏ ထောက်လှမ်းရေးမှူးချုပ် လုပ်ငန်းများကို ကြိမ်ဖန်များစွာ မြင်ခွင့်တွေ့ခွင့် ကြုံခဲ့ရပေမယ့် ဗြိတိသျှ သူလျှိုတစ်ဦးအဖြစ် တော်ပြရန် အကြောင်းမရှိခဲ့။

သို့တစေ –

"ကျုပ်တို့ဘက်မှာ ကနားရစ်ရှိနေပြီပဲ"

အတွင်းဝန်က သို့ကလို အလေးပေး ပြောနေခဲ့ပြန်သည်။ သူ့အမြင် သူ့အတွေးက ကျွန်တော့်ကို စိတ်ဝင်တစားဖြစ်စေခဲ့သည်မှာ အမှန်၊ သို့မို့ကြောင့်လည်း ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်အကြောင်းကို လေ့လာမိသည်။

ထိုနေ့ နေလည်စာစားပြီး ထွက်ခွာလာစဉ်က သည်အကြောင်းကို ထိပ်တန်းလျှို့ဝှက်ထားရမည့် အကြောင်းဘာစ်ရုပ်အဖြစ် သဘောပိုက်ခဲ့ပါ၏။

သပိုင်းသုတေသန ပြုစုရာတွင် အမြဲတစေ အကူအညီရခဲ့သော လက်နက်ကိုင်တပ်များဆိုင်ရာ ပြန်ကြားရေးနှင့် သတင်းဌာန *(Services Information And News Dept.)*က သည်တစ်ကြိမ် ကနားရစ်အကြောင်း ထုတ်လေသမျှ မေးခွန်းများကို ဖြေမှ ဖြေနိုင်ပါ့မည်လားဟု သံသယဖြစ်မိသည်။

"ခင်ဗျားတော့ အခက်ခဲဆုံးဘာသာရပ်ကို ရွေးမိပြီ၊ ရေတပ်ဝန်ကြီးဌာန *(Admiralty)*ကို ဘာကြောင့် မမေးမမြန်း မစုံစမ်းရတာလဲ၊ တစ်ကယ်တော့ ကနားရစ်လဲ ရေတပ်သားတစ်ယောက်ပဲ မဟုတ်လား"

စစ်ရုံးမှ ဗိုလ်မှူးချုပ် လီယွန်နယ်ကရော့စ် *(Lionel Cross)*က ဆိုလာ၏။

နောက်ဆုံး၌မူ ရေတပ်ဝန်ကြီးဌာနတွင် ကနားရစ်အကြောင်း လေ့လာစုံစမ်းနေသူ ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ကြုံခဲ့၏။

"ခင်ဗျား စိတ်ဝင်စားတဲ့အပိုင်းနဲ့ ပတ်သက်လို့တော့ ကျွန်တော် အကူအညီ မပေးနိုင်မှာကိုဘဲ စိုးရိမ်နေမိတယ်ဗျာ၊ ကျွန်တော့်အထင်တော့ တစ်ဦး တစ်ယောက်မှ ဒီကိစ္စမှာ အကူအညီပေးနိုင်မယ် မထင်ဘူးဗျ"

ထိုသူက ဆိုပြန်၏။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကြိုးစားပြန်သည်။

"ဗိုလ်ချုပ်ကြီး ကနားရစ်နဲ့ ပတ်သက်လို့တော့ ကျုပ်တို့ဆီမှာ အကြောင်းအရာ အပြည့်အစုံ ရှိပါရဲ့၊ ဒါပေမယ့် အားလုံးက လျှို့ဝှက်တွေချည်းပဲ၊ ဒီအကြောင်းအရာတွေကိုလည်း ခင်ဗျားကိုယ်တိုင် စစ်ဆေးကြည့်ဖို့ ခွင့်မပြုနိုင်ဘူး။ ဒီဌာနကလည်း ခင်ဗျားအတွက် ကြည့်ပေးနိုင်မှာ မဟုတ်ဘူး"

နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုပြန်၏။

"ဒါပေမယ့် သမိုင်းဆရာများကို သက်သေအထောက်အထားများ ကြည့်ရှု





စစ်ဆေးဖို့ ခွင့်ပြုခဲ့ရဲ့မဟုတ်လား"

"ခင်ဗျားဆိုတာ ကျွန်တော်တို့လည်း သဘောပေါက် နားလည်မိတယ် ဒါပေမယ့် ခင်ဗျားကို အကူအညီပေးနိုင်မယ်တော့ မထင်ဘူး"

ကျွန်တော်ကလည်း သူတို့အဆိုကို ကန့်ကွက်သည်။

ဗြော် . . . သိနိုင်ဖို့ ခဲယဉ်းလှပါကလား။

ကနားရစ်ကို ဗြိတိသျှတို့ဘက်တော်သား မိတ်ဆွေတစ်ယောက်အဖြစ် ပြောပြနိုင်ပါမည်လားဟု လော့ဒ်ဗန်စစ်တတ် *(Lord Vansittart)*ကို မေးသည်။

"ကနားရစ်ကို အင်မတန်တော်တဲ့ ထောက်လှမ်းရေးမှူးအဖြစ်နဲ့ပဲ ကျုပ်သိတယ်"

လော့ဒ်ဗန်စစ်တတ်က သည်မျှသာ ပြောပြပြန်၏။

ဂ်အားလျော့်မှာပင် စစ်ကြီးအတွင်းက စစ်ရုံးတွင် စစ်ဘက်ဆိုင်ရာ အတွင်းဝန်၌ အမှုထမ်းခဲ့သူ ပုဂ္ဂိုလ်တစ်ဦးနှင့် နေ့လည်စာ စားရင်း တွေ့ခဲ့ပြန်ပါသည်၊ ဂျာမန်တို့၏ နှိုးတွေးပွလီ ဖြစ်နေရသည့် အကြောင်းများနှင့် ပတ်သက်၍ စကားလက်ဆုံပြောမိ၏။ သည်တစ်ကြိမ်တွင်လည်း ကျွန်တော်က ကနားရစ်အကြောင်း စပ်စုပြန်ပါသည်။

"အား သူ့အကြောင်း သိတာပေါ့ဗျာ၊ သူတတ်စွမ်းသလောက် ကျုပ်တို့ကို အကူအညီပေးခဲ့ရဲ့ မဟုတ်လား"

ကျွန်တော်ကလည်း သည်သို့ပင်ထင်မိကြောင်း ပြန်ဖြေသည်။

"အခု သူ ဘာများဖြစ်လို့လဲ"

ကျွန်တော့်အဖော်က မေးသည်။

သည်သို့ဖြင့် ဗိုလ်ချုပ်ကြီးကနားရစ်အကြောင်း ဆက်လက်စုံစမ်းပြန်သည်။ စစ်တသား၏ ထောက်လှမ်းရေးမှူးချုပ် ဂျာမနီမှ ဗြိတိသျှတို့၏ အတွင်းသူလျှို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းအကြောင်း ဖြည့်စွက်လေ့လာမှုများ ပြုရပြန်ပါသည်။

ဘာလင်မြို့တွင် စစ်ကြီးမတိုင်မီ "သတင်းမော်ကွန်း" *(News Chronicle)* နိုင်ငံခြားသတင်းထောက်အဖြစ် လုပ်ခဲ့စဉ်က အချို့သောသတင်းများကို စုဆောင်းထိုးခဲ့ပါ၏။

စစ်ကြီး စတင်ဖြစ်ခဲ့ပြီးသည့်နောက်တွင် ဂျာမနီ၌ပင် ကင်စလေသတင်းဌာန *(Kemsley News)*၏ သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်စဉ်က တစ်ဝန်ဆောင်းရရှိပြီး အကြောင်းအရာများကို ထပ်မံဖြည့်စွက်နိုင်ခဲ့ပြန်၏။

ကနားရစ် အတ္ထုပ္ပတ္တိကို ဂျာမန်ဘာသာဖြင့် ပြုစုခဲ့သည့် ဒေါက်တာကားလ်ဘတ်ဘ်ရှာဂျင် *(Dr. Abshagen)*၏ တအုပ်က သည်ပုဂ္ဂိုလ်ကြီး၏ ထူးခြားဆန်းသော မှတ်လက္ခဏာများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်ခဲ့ပါ၏။ သည်စာရေးဆရာကြီး ဘိုသည်း လိုက်လိုက်လှဲလှဲ ကျေးဇူးတင်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် ထောက်လှမ်းရေးအဖွဲ့ဝင်များကလည်း မိမိတို့သိသမျှ မိမိတို့အမြင်ကိုပြောပြပြီး ကူညီခဲ့ပါ၏။ ကနားရစ်၏ လက်အောက်ဌာနခွဲ (၂)၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သူ ဗိုလ်ချုပ်ကြီးအာဝင်လဟိုစင် *(Gen Erwin Lahausen)*၊ တူရကီနိုင်ငံဆိုင်ရာ အကြီးအကဲဌာနမှူး ဒေါက်တာလေဗာခွန် *(Dr. Leverkuhm)*၊ ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်မြို့တော်ဆိုင်ရာ ဆက်သွယ်ရေးမှူး ဒေါက်တာဂျိုးဇက်မူးလား *(Dr. Joseph Muller)*၊ အော်တိုဂျွန် *(Otto John)* သည်ကဲ့သို့သော ကနားရစ်၏ မိတ်ဆွေရင်းချာများကလည်း အကူအညီပေးခဲ့သည်။

အော်တိုဂျွန်သည် ကနားရစ်အတွက် ပေါ်တူဂီနိုင်ငံတွင် အမှုထမ်းခဲ့သည်။

ကနားရစ်ကိုယ်တိုင်က နိုင်ငံရေးရာလျှို့ဝှက်ချက်များနှင့် ပတ်သက်၍ ယုံကြည်ကိုးစားရသူ ဖေဗီယန်ဗွန်စကာလာဘရန်ဒေါ့ဖ် *(Fabian von Schlabrendorff)* ကလည်း ကူညီပါ၏။

သည်စာအုပ်ကို ဗြိတိသျှတို့၏ တရားဝင်အကူအညီမပါဘဲလျက် ရေးသားပြုစုရလိမ့်မည်ဟု မျှော်လင့်ခဲ့မိသည်။ အခန်းပေါင်းများစွာ ရေးပြီးခဲ့လေပြီ။ တစ်နေ့ ကျွန်တော့်ရုံးခန်းမှ တယ်လီဖုန်းသံမြည်လာသည်။ ကျွန်တော်တို့ဘက်မှ တစ်ဦးဦးက ကနားရစ်နှင့်ပတ်သက်၍ တစ်ခွန်းစ နှစ်ခွန်းစ ပြောစရာရှိသတဲ့။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ရေတပ်ဗိုလ်ချုပ်ကြီးကနားရစ်၏ စိတ်နေစိတ်ထားကို လေ့လာစူးစမ်းရာတွင် သူနှင့် အနီးကပ်နေခဲ့သူများထက်ပင် စုဆောင်းသိရှိနိုင်ခဲ့၏။

အလှည့်အပြောင်းကာလ တွင် ကနားရစ်၏ တစ်ဖက်ရန်သူ ပြိုင်ဖော်ပြိုင်ဖက်များကပင် ကျွန်တော်ရေးသားထားရာမှ မမှန်မကန်သော အကြောင်းအရာများကို မှန်ကန်အောင် ပြုပြင်ပေးခဲ့သည်။ ရင်းရင်းနှီးနှီး လိုလိုလားလား အရောင်တင်ပေးခဲ့သည်။

ဗိုလ်ချုပ်ကြီးကနားရစ်၏ လျှို့ဝှက်လှုပ်ရှားမှုများနှင့် ပတ်သက်သော အဓိက မှတ်တမ်းမှတ်ရာများ၊ သူ့မှတ်စုစာအုပ်များကို ဂက်စတာပို *(Gesttapo)*က ဖျက်စီးခဲ့ပေလိမ့်မည်။

သို့သော် အကျဉ်းစခန်းများမှ နောက်ဆုံးကျန်ရှိနေသေးသော နာဇီပါတီဝင် အကြွင်းအကျန်များကို ခါထုတ်သောအခါနှင့် ကမ္ဘာကြီးတစ်ခုလုံး အနည်ထိုင်၍ ငြိမ်သက်အေးဆေးသောအခါတွင်မှ သက်သေအထောက်အထား နိုင်နိုင်လုံလုံ ပေါ်လာလိမ့်မည်မဟုတ်ဟု၍တော့ အတတ်မပြောနိုင်။

သို့မို့ကြောင့်လည်း ကျွန်တော်က ဗိုလ်ချုပ်ကြီးကနားရစ်၏ အတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်ရန် အားမထုတ်တော့ပါ။ ထူးဆန်းသော သူ့စရိုက်လက္ခဏာကိုလည်း ယတိပြတ်အဆုံးအဖြတ်ပေးရန် မကြိုးစားတော့ပါ။

အတတ်ပညာဆိုင်ရာ သတင်းစုဆောင်းရာ၌ ရှုပ်ရှုပ်ထွေးထွေး နားလည်ရန်





ခဲ့မှုများ၊ စပိုင်သူလျှိုများ၏ အဖျက်လုပ်ငန်း အမှောင့်လုပ်ငန်းများ၊ သူလျှိုထောက်လှမ်းရေးတွင် အပြိုင်ဉာဏ်ကစားရာမှ ထင်ရှားလာသော ဌာနကြီးများအကြောင်းသည် ယခုစာအုပ်တွင် နောက်ခံကားအဖြစ်သာ ဖော်ပြပေလိမ့်မည်။

စင်စစ် . . .

သည်ကိစ္စရပ်များသည် ဤစာအုပ်တွင် အဓိက စိတ်ဝင်စားစရာမဟုတ်။

ရန်သူကို ကျွန်တော်တို့က မည်သို့မည်ပုံ လှည့်စား၍ ဗြိတိသျှနိုင်ငံတွင် တို့၏ သူလျှိုများအား မြေလှန်၍ ကျူပင်ခုတ် ကျူငုတ်မကျန်ရလေအောင် ဆောင်ရွက်ခဲ့သည်များကို အချိန်ယူ၍ အခန်းတစ်ခန်းဖြင့် သီးခြားဖော်ပြမှ ဖြစ်ပေမည်။

သူ့စရိုက်၊ သူ့စိတ်နေသဘောထား၊ သူ့အကျင့် . . . ။

အာဗွာရှင်ဟာစ်တလာ၏ ဝန်းကျင်တွင် သူ သွယ်တန်း ယှက်သန်းခဲ့သော ထောက်လှမ်းရေးပင့်ကူအိမ် . . . ။

သည်အရာများသာလျှင် စာဖတ်သူအတွက် စိတ်ကူးဉာဏ် ကွန့်မြူးဖွယ်ရာ ဖြစ်ပေမည်၊ စာဖတ်သူ၏ စိတ်နှလုံးကို သိမ်းကျုံးယူပေလိမ့်မည်။

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်။

ဂျာမန် မျိုးချစ်သူရဲကောင်းလေလား (သို့မဟုတ်) ဗြိတိသျှ သူလျှိုလေလား။

ဥရောပနိုင်ငံ ခေါင်းဆောင်တစ်ဦးလေလား (သို့မဟုတ်) အနယ်နယ်မှာ ကြံစည်သူလေလား။

နှစ်ဖက်ချွန် သူလျှိုလေလား (သို့တည်းမဟုတ်) အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိသူလေပဲလား။

သည်ဖာတ်လမ်းကို ယခုတိုင် စိကာစဉ်ကာမကျသေးသော ကျွန်တော့်အတွေး ကျွန်တော့်သဘောနှင့် နိဒါန်းပျိုးခဲ့ပါ၏။

ပြီး . . . စပိန်နိုင်ငံသို့ ခြေဆန့်ခဲ့သည်။ ဂျာမနီနိုင်ငံတောင်ပိုင်းသို့ ကြီးသုတ်ပျာ ခရီးဆက်ခဲ့ပြန်သည်။

ဗိုလ်ချုပ်ကြီးကနားရစ်၏ ထောက်လှမ်းရေးအဖွဲ့ဝင် အကြွင်းအကျန်များကို တွေ့ရန်ဖြစ်၏။

သည်မျှနှင့်မလုံလောက် ဘာလင်နှင့် မြောက်ပိုင်းမှ ပြည်နယ်များသို့ပါ ခရီးဆန့်မှနောက်မှ ဖြစ်ပေလိမ့်မည်။

သို့တိုင် သူ့ရုပ်ပုံလွှာက မှုန်ဝါးဝါး။

အခုတစ်မျိုး၊ အတန်ကြာတစ်မျိုး။

အမျိုးမျိုးပြောင်းခဲ့သည်။

ကျွန်တော်တွေ့သမျှ ဂျာမန်အရာရှိများက အနည်းငယ်မျှသာ ဖြည့်စွက်ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပြောသူတိုင်းကလည်း မိမိအရင်ပြောပြသူ ရောင်းရင်းများ၏အဆိုကို မှန်မှန် သံသယရှိကြပြန်သည်။

'ဒါမဖြစ်နိုင်ဘူး။ မမှန်နိုင်ဘူး။ ဗိုလ်ချုပ်ကြီးကိုယ်တိုင်က ကျုပ်ကို ဒီအတိုင်း ဖွင့်ဟပြောခဲ့တာပဲဗျ'

သည်သို့သောအဖြေကို ကျွန်တော် ဘယ်နှစ်ကြိမ် ကြားရဦးမည်နည်း။

ကနားရစ်အကြောင်းနှင့် ပတ်သက်၍ သူတို့ပြောခဲ့သမျှသည် မပြည့်စုံသော အကြောင်း သူတို့မျက်နှာတွင် သံသယပေါ်နေသည်ကို ဘယ်နှစ်ကြိမ်ထိ မြင်တွေ့ရဦးမည် နည်း။

မဒရစ် (စပိန်)ဘာလင်၊ ဖရင့်ဖတ်၊ ဟန်းဗတ်၊ ဝိုက်ဗ်ဘောဒန်၊ မြူးနစ် စတူးဂတ်။

မြို့ပေါင်းစုံသို့ ကျွန်တော်ရောက်ခဲ့၏။

သည်အခါကျမှ အများတကာထက် အနည်းငယ်ပို၍သိနေသူ အင်္ဂလန် နိုင်ငံမှ တစ်ဦးသောသူက ဟော်လ်စတိန်းနယ် အစွန်အဖျား ရွာသိမ်၊ ရွာငယ်ကလေး တစ်ခုသို့ ကျွန်တော်သွားသင့်ကြောင်း အကြံပေးလာပါသည်။

'အဲဒီကိုသွားပြီး ရစ်ချတ်ပရော့ဇီ *(Richard protze)* နဲ့ သွားတွေ့ပါလား သူ့အကူအညီမပါဘဲ မင်းစာအုပ်ကို ပြီးပြည့်စုံအောင် ရေးနိုင်မယ်မထင်ဘူး'တဲ့ . .

ရစ်ချတ်ပရော့ဇီ

သူ မည်သူနည်း။

ကနားရစ်သည် ရေငုပ်သင်္ဘောတွင် အရာရှိငယ်တစ်ဦးအဖြစ် တာဝန် ထမ်းစဉ်က သူ့အပေါင်းအသင်းဖြစ်ပါ၏။

နောင်သောအခါတွင် ကနားရစ်က ထောက်လှမ်းရေးမှူးချုပ် ဖြစ်လာသော အခါ တန်ပြန်ထောက်လှမ်းရေး *(Counter Espionage)*၏ အကြီးအကဲ ဖြစ်လာ ပြန်သည်။

ဘော်လ်တစ်ပင်လယ်ပြင်ကို ကျောပေးလျက်ရှိနေသည့် ရစ်ချတ်ကို ကျွန်တော် တွေ့ရပါသည်။ ဝဝဖိုင့်ဖိုင့်၊ ဆံပင်များ တစ်ခေါင်းလုံးဖြူနေပြီဖြစ်သော အဘိုးကြီး၊ ဖျော့တော့တော့ အားနည်းနေသော မျက်လုံးပြာလဲ့လဲ့နှင့် . . . .

သူပြောပြနိုင်သလောက် ပြောနိုင်စွမ်းရှိသလောက် အာရုံစိုက်လျက် ပြောပြ တတ်သည်။

'ကွာဟမှုတွေတော့ ရှိမှာပါပဲ'တဲ့ . . . ။

ရှေးကာလ သင်္ဘောသားကြီးများက စူးစူးစိုက်စိုက် ကြည့်ပြောတတ်သည့် ရစ်ချတ်ကလည်း ကျွန်တော့်အား စူးစူးစိုက်စိုက်ကြည့်ပြီး ထောက်လှမ်းရေး ဥာဏ်ကစား စတင်ခဲ့သည့်အချိန်မှ အစပြု၍ ဇာတ်ကြောင်း ပြန်လှန်ပါတော့သည်။





အင်္ဂလန်နိုင်ငံမှာ ကျွန်တော်တို့တစ်တွေက ကနားရစ်နာမည်ကို ကြားဖူးခဲ့ ကြပါပဲ။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်များက သူဟာ ဟစ်တလာရဲ့ရည်မှန်းချက်များကို ဖျက်လိုဖျက်ဆီးလုပ်ခဲ့တယ်လို့ ကျွန်တော့်ကိုပြောကြပါတယ်'ဟု

ကျွန်တော်က ရစ်ချတ်အား ပြောပြသည်။

'ဂျာမန်လူမျိုးတွေကလည်း စစ်ကြီးပြီးတဲ့အထိ သူ့နာမည်ကို မသိခဲ့ကြပါဘူး။ သူဟာ စစ်ဘက်ထောက်လှမ်းရေးဌာန အကြီးအကဲကို။ သူ့နာမည်ကိုသိလို့ သူ့နာမည်ကို ပွင့်လင်းလင်း ထုတ်ဖော်ပြောသူဟာ ထောင်ချ အပြစ်ပေးခံရတယ်လေ'

ရစ်ချတ်က ပြောပြသည်။

'စစ်ဦးစီးအဖွဲ့မှာ တာဝန်ထမ်းဆောင်ရတဲ့ ဂျာမန်ရေတပ်မှ အရာရှိတစ်ဦး [illegible] ပြီး. . . တစ်ခါ ထိပ်တန်းစစ်ဦးစီးအဖွဲ့မှာ တာဝန်ထမ်းရပြန်တယ်။ သဘော သဘာဝအားဖြင့် တပ်အရာရှိတစ်ဦးတော့ မဟုတ်ဘူး။ နိုင်ငံရေးသမားဆို ပိုမှန်မယ်'

ရစ်ချတ်က စကားဆက်ပြန်သည်။

'အမည်မဖော်လိုတဲ့ နိုင်ငံရေးသမားပဲဆိုပါစို့'

ကျွန်တော်က အကြံပြုလိုက်ပါ၏။

'ခင်ဗျား ကြိုက်သလိုပဲ ဆိုနိုင်ပါတယ်'

သည်သို့ဖြင့် သည်ဇာတ်လမ်း စခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# ( ၁ )

## ထောက်လှမ်းရေးမှူးချုပ်ဖြစ်လိုသူ

၁၉၃၅–ခုနှစ်၊ ဇန်နဝါရီလ . . . ။

ဘာလင်မြို့တော် 'တာပစ်ဇူဖာ'လမ်းမကြီး . . . ။

ယင်းလမ်းမကြီးပေါ်ရှိ စစ်ဝန်ကြီးဌာန အဆောက်အအုံနှင့် တစ်တန်းတည်း အမှတ် ၇၄–၇၆ မှ လေးထပ်အဆောက်အအုံကြီး။

အဆောက်အအုံကြီးကို ညိုပုပ်ပုပ် အင်္ဂတေ သုတ်လိမ်းထားသည်။

ယင်းအဆောက်အအုံကြီးသို့ အရပ်ပုပြတ်ပြတ်သူတစ်ဦး ဝင်လာသည်။

သူကား ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ် . . . ။

လမ်းမကြီးတစ်လျှောက် အစီအရီရှိသော သစ်ကျားပင်များမှာ အရွက်မရှိ အရိုးပြိုင်းပြိုင်းဖြစ်နေသည်။ သို့မို့ကြောင့်လည်း 'လန်းဝါးတူးမြောင်း' *(Landwehr Canal)*နှင့် တစ်ဘက်ကမ်းရှိ 'စီလ်ဟဲလ်မီးနီးယွန်းခေတ်' အဆောက်အအုံများ၏ မျက်နှာစာများကို အထင်းသားတွေ့နေရသည်။

လေးထပ်အဆောက်အအုံကြီးရှိ ဗိုလ်ချုပ်ကြီး ကနားရစ်၏ ရုံးခန်းမှာ သေးသေးကျဉ်းကျဉ်းမျှသာ။ နံရံတွင် ချိတ်ဆွဲထားသော ကမ္ဘာ့မြေပုံနှင့် သူ့အရင် အဆက်ဆက် တာဝန်ထမ်းခဲ့သော ဂျာမန် စစ်ဘက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲများ၏ ဓာတ်ပုံများမှလွဲ၍ ရှင်းနေသည်။

နေ့စဉ်နံနက်တိုင်း ရောက်လေ့ရှိသော 'တိုင်ယာဂါတင်ပန်းခြံ'မှာ သူ့ပုံ . . .





...လျှောက်လျှင် နှစ်မိနစ်မျှ ကြာသည်ထိသာ ဝေး၏။ နိုင်ငံခြားသံရုံး အဆောက်အအုံများမှာ လက်တစ်ကမ်းသာ။

နောက် ၂ နှစ်အကြာတွင် ဘာလင်မြို့၌ ကျွန်တော့်တိုက်ခန်းမှာ ဂျာမန်ထောက်လှမ်းရေးဌာန အဆောက်အအုံနှင့် ကိုက်နှစ်ရာမျှသာ ဝေး၏။

ဂျာမန်ထောက်လှမ်းရေးဌာန အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံရသောအခါ ဗိုလ်ချုပ်ကြီး ကနားရစ်၏ မျှော်မှန်းခဲ့ခြင်းသည် အထွတ်အထိပ်သို့ ရောက်ခဲ့လေပြီ။

အကယ်၍ ဗိုလ်ချုပ်ကြီးကနားရစ်သည် အခြားတစ်နေရာရာတွင် အရာရှိကြီးတစ်ဦး ဖြစ်နေသည်ဆိုငြားအံ့။ သူသည် 'မြောက်ပင်လယ်ရေတပ်ကြီး' *(North Sea Fleet)*ကို ဦးစီးကွပ်ကဲရသူ ဖြစ်ပေလိမ့်မည်။ သို့မဟုတ် သူကိုယ်တိုင် တိတ်တဆိတ် တိုးချဲ့တည်ထောင်ခဲ့သော ဂျာမန်ရေတပ်ကြီးကို ကွပ်ကဲရသူ ဖြစ်ပေလိမ့်မည်။

ဗိုလ်ချုပ်ကြီး ကနားရစ်သည် ပထမကမ္ဘာစစ်ကြီးအတွင်း 'ယူ–ဘုတ်' *(U-boat)* ရေငုပ်သင်္ဘောများတွင် တာဝန်ထမ်းဆောင်ခဲ့ရ၏။ 'ရှဲလ်စီယန်' *(Schlesien)* စစ်သင်္ဘောကြီးကို ကွပ်ကဲရသည့်အဆင့်ထိ ရာထူးအဆင့်ဆင့် တိုးခဲ့၏။

'ထောက်လှမ်းရေးလုပ်ငန်းသာလျှင် ဗိုလ်ချုပ်ကြီးကနားရစ် စိတ်အဝင်စားဆုံး'

ကျွန်တော်နှင့် တွေ့ဆုံစကားပြောခဲ့ရသည့် ဗိုလ်ချုပ်ကြီး ကနားရစ်နှင့် ရင်းနှီးသူ မိတ်ဆွေအသင်းများက သို့ကလို တညီတညွတ်တည်း ဆိုကြ၏။

ဝက်စ်ဖေးလီးယားပြည်နယ် *(Westphalia)* မှ စက်မှုလုပ်ငန်းပိုင်ရှင်တစ်ဦး၏ သားဖြစ်သည်။ ဖခင်သည် အီတလီအမည်နှင့် ဂျာမနီတွင် ရှေးပဝေသဏီကပင် အခြေချ နေထိုင်ခဲ့၏။

ဖော့ကလန်ကျွန်း *(Falkland)* တိုက်ပွဲအပြီး တောင်အမေရိက ပင်လယ်ပြင်မှ ဗြိတိသျှသင်္ဘောများတို့ ကရူဇာသင်္ဘော 'ဒရက်စ်ဒင်' *(Dresden)* နှင့် ဟိုကွေ့ ဒီပတ် ရှောင်နိုင်တိမ်းနိုင်ခဲ့ခြင်းကြောင့် ကနားရစ်မှာ ဂျာမန်ရေတပ်လောကတွင် ...လေးတကျော် နာမည်ကြီးလာခဲ့၏။

မိမိသင်္ဘောအတွက် အဆက်အသွယ်လုပ်ထားသည့် ကောင်စစ်ဝန် ကိုယ်စားလှယ်များနှင့် ချီလီပြည်ရှိ ကုန်သည်များထံမှ ကျောက်မီးသွေးနှင့် ရိက္ခာကို အရယူနိုင်ခြင်း။

မိမိသင်္ဘော တည်ရှိရာနေရာကို မဟုတ်မမှန်သတင်းများ လွှင့်ရာတွင် ...ပိုင်နိုင်ခြင်း။

သည့်စွမ်းရည်များကြောင့် လုပ်ဖော်ကိုင်ဖက် အရာရှိများကပင် တအံ့တဩ ...ကြရသည်။

နောင်သောအခါ စစ်ကြီးအတွင်းတွင် ရေတပ်ဗိုလ် ကနားရစ် တာဝန်မှာ ...မှန် 'ယူ–ဘုတ်' ရေငုပ်သင်္ဘောများအတွက် နိုင်ငံခြားဆိပ်ကမ်းများတွင် လောင်စာ ...ဖြည့်ရန်နှင့် မွမ်းမံပြင်ဆင်ရန် စီစဉ်ဆောင်ရွက်ဖို့လည်း ပါဝင်၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်လုပ်ရပ်များကြောင့်ပင်လျှင် နောင်တစ်ချိန်၌ ထောက်လှမ်းရေးဌာနကြီး တွင် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန် သတ်မှတ်ခြင်းခံရသည် မဟုတ်ပါ လား။

သို့တစေ ၁၉၃၄–ခုနှစ်၌ သူ နောက်ဆုံး တာဝန်ထမ်းဆောင်ရမည့် အဆင့် သည် ဘာလင်မြို့တော်မြောက်ဘက် ဆော်လ်တစ်ပင်လယ်ကမ်းခြေရှိ ရေတပ်စခန်းတွင် တွစ်တဲရသည့် အဆင့်မျှသာပင် ဖြစ်ပေလိမ့်မည်ဟု ထင်ခဲ့ရ၏။

အင်မ်းမရ စပ်စုလိုစိတ်ကြောင့် အပေါင်းအသင်းများက ကနားရစ်ကို 'ချောင်းကြည့်သူ'ဟု ပြောင်လှောင်ခေါ်ခဲ့၏။ သည့်စဉ်က ကနားရစ်သည် ဗိုလ်ကြီး အဆင့်တွင်သာ ရှိသေး၏။

ငယ်စဉ်က ရိုက်ခဲ့သော သူ့ဓာတ်ပုံများတွင် နာခေါင်းချွန်ချွန်၊ တစေ့တစောင်း သိလိုစောဖြင့် မျက်စိဝင့်တတ်ပုံတို့ကို အထင်းသားတွေ့ရမည်။ သို့မို့ကြောင့်လည်း အပေါင်းအသင်းများပေးသည့် နာမည်နှင့် ဆီလျော်လှပါပေ၏။ ဗဟုသုတအတွက် သိလိုစောကလည်း ပြင်းလှပါဘိတော့။ သိသမျှကို ဝမ်းထဲတွင် သိုမှီးထားရှိပြီး ပြန်လည် ဖွင့်ဟ ထုတ်ဖော်တတ်ပြန်သည်။

'သူတို့တွေကြားချင်တာ၊ သူများတကာကို သူတို့က ထပ်ဆင့်ဖောက်သည် ချချင်တာမှန်သမျှကို ကျုပ်ကလည်း သူတို့ကို ပြောပြတယ်'

နောင်သောအခါတွင် ကနားရစ်က သို့ကလို ပြောခဲ့ဖူးပါ၏။

သို့တစေ ကရားရေလွှတ် တတွတ်တွတ်ပြောနေသည့်ကြားကပင်လျှင် လူတကာကို ထုတ်ဖော်မပြောလိုသည့် လျှို့ဝှက်ချက် အမြောက်အမြား ရှိနေ၏။

ကနားရစ် အမှုထမ်းရာဌာနမှ လုပ်ဖော်ကိုင်ဖက် အမှုထမ်းများကပင်လျှင် သူ့အပေါ် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်မရှိကြ။ အချို့က ကနားရစ်သည် 'ဗန်း' (Veh... လူသတ်သမားများနှင့်ပေါင်းပြီး ဂျာမန်တော်လှန်ရေးသမားများကို သုတ်သင်ခဲ့သည်ဟု အထင်ရှိကြ၏။

လျှို့ဝှက်ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစဉ်သင့်ရှိနေခြင်း၊ ရှုပ်ထွေး ပွေလီသော နိုင်ငံခြားပြဿနာများနှင့် တရင်းတနှီး ချဉ်းကပ်လိုခြင်း၊ မျက်နှာစိမ်း နိုင်ငံခြားသားများနှင့် ရောရောနှောနှောရှိခြင်းကို သူတို့တတွေက မကြိုက်၊ မနှစ်မြို့ 'အမျိုးသားဆိုရှယ်လစ်ဝါဒ'အတွက် အားတက်သရောရှိသူအဖြစ်လည်း သူတို့တတွေ ယုံကြည်လက်ခံထားကြသည်။

၁၉၃၅–ခုနှစ်က ဂျာမန်လက်နက်ကိုင် စစ်တပ်အတွင်းရှိ အမျိုးသား ဆိုရှယ် လစ်ဝါဒကို လက်ခံရန် ခက်ခဲ၏။

မကြာပါ။

ပထမကမ္ဘာစစ်ကြီး ကာလအတွင်း၌ ကနားရစ်၏ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်





...တွင် လှုပ်ရှားမှုများကို ကြားသိနေကြရသည်။ ပြင်သစ်တို့ကို ထောက်လှမ်းသတင်းယူ ...သည့် သူလျှိုမယ် 'မာတာဟာရီ' (Mata Hari) အား ငွေပေးခဲ့သည်ဟူသော ကောလာ ...သတင်းများ ထွက်လာသည်။

ဂျာမန်သူလျှိုအဖြစ် အဖမ်းခံရပြီး အီတလီထောင်အတွင်း အကျဉ်းခံနေရစဉ် ...နားရစ်က အကျဉ်းစခန်း၏ ဘာသာရေးဆိုင်ရာ ဘုန်းကြီးကို လည်လိမ်သတ်ပြီး ...တ်နှံခြုံလျက် လွတ်မြောက်သွားခဲ့သည်ဆိုသော သတင်းများလည်း ပြန့်လာခဲ့၏။

ဗိုလ်ချုပ်ကြီးကနားရစ်၏ အတ္ထုပ္ပတ္တိကို ပြုစုခဲ့သော ဒေါက်တာ အက်ဘ်ရှာဂျင် ...သည်၊ သည်သတင်းကို ကြားသိခဲ့ရ၏။ သို့သော် သည်သတင်းကို ဒေါက်တာ ...ဘ်ရှာဂျင် လက်မခံခဲ့။

သည်အကြောင်းကိုပင် ဂျာမန် ပါမောက္ခတစ်ဦးက ထပ်တလဲလဲ ပြောခဲ့သည် ...ကို ကျွန်တော်ကိုယ်တိုင် ကြိမ်ဖန်များစွာ ကြားခဲ့ဖူးပါ၏။

'လန်းဝါးတူးမြောင်း'အတွင်း စွန့်ပစ်ထားခဲ့သော တော်လှန်ရေးသမားများဖြစ် ...သည့် 'ကားလ်လိတ်နက်'နှင့် 'ရိုဆာလူဇင်ဘတ်'တို့၏ အလောင်းများကို ၁၉၁၉–ခုနှစ် ...က လုပ်ကြံသတ်ဖြတ်ခဲ့သည့် လူသတ်သမားများအား ကနားရစ်က ထောက်လှမ်းရေး ...နှ အရာရှိငယ်များအဖြစ် သက်သေခံလက်မှတ် အတုအယောင်များကို ထုတ်လာခဲ့ဖူး ...ပါလား။

၁၉၂၄–ခုနှစ်တွင် စစ်ကာလအတွင်း ဆောင်ရွက်ချက်အရပ်ရပ်နှင့်ပတ်သက်၍ ...ငံတော် စုံစမ်းရေးကော်မရှင် ရှေ့မှောက်၌ ကနားရစ်က သက်သေခံထွက်ဆိုရသော ...ခါ အထက်ပါ ကောလာဟာလများကြောင့် ကနားရစ်မှာ အရေးယူခံရတော့မယောင် ...ယောင်ပင် ဖြစ်ခဲ့ရ၏။ စုံစမ်းရေးကော်မရှင်အဖွဲ့ဝင် လွှတ်တော်အမတ် 'မိုးဇက်က' ...နားရစ်အား ဆိုရှယ်လစ်ခေါင်းဆောင်ကြီးနှစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သူ လူသတ် ...သမားများနှင့် အပေါင်းပါ ကြံရာပါ ဖြစ်သည်ဟု ပြောင်စွပ်စွဲခဲ့၏။

ကနားရစ်ကလည်း ပါးနပ်သည်။ အရှောင်အတိမ်း ကျင်လည်သည်။ ယင်း ...မှာ လွှတ်တော်စုံစမ်းကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း အကျုံးမဝင်ဟု ထောက်ပြ ...၏။

ဗာဆေး ငြိမ်းချမ်းရေးစာချုပ် (Versailles Treaty) အရ ဂျာမန်နိုင်ငံသည် ...က်နက်ကြီးများ မထုတ်လုပ် မတပ်ဆင်ရဟု တားမြစ်ခဲ့သည့်ကြားက ကနားရစ်သည် ...-ဘုတ် ရေငုပ်သင်္ဘောများကို စပိန်၊ ဟော်လန်နှင့် ဂျပန်နိုင်ငံတို့တွင် တည်ဆောက်ရေး ...ဆွေးနွေး မညှိနှိုင်း ခဲ့ပေဘူးလော။

၁၉၂၀–ခုနှစ်က 'ကပ်အာဏာသိမ်းပွဲ' (Kapp Putsch)တွင် ကနားရစ် ...ဝင်ခဲ့၏။ ပြီး . . . ၊ ကာကွယ်ရေးဝန်ကြီး 'နော့စ်ကီး'အား ပစ်ပယ်ပွဲနှိုးခဲ့သည် ...တ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



သည်စဉ်က ကနားရစ်မှာ တာကွယ်ရေးဝန်ကြီး၏ ကိုယ်ရေးအရာရှိဖြစ်၏။ သည်ဖြစ်ရပ်ကြောင့် 'နော့စ်ကီး'သည် ဂျာမနီတောင်ပိုင်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့၏။

သည်အကြောင်းများကို ကြားလျှင် ကနားရစ်က ပြုံးဖြီးဖြီးလုပ်နေတတ်သည်။ ခြောလိုရာ ပြောကြစေတော့ဟု ပေယျာလကန် ပြုထား၏။

စွပ်စွဲချက်များကို ကနားရစ်က ငြင်းကွယ်ခြင်းမပြု။ တစ်ဦးတစ်ယောက်က သည်အကြောင်းကို ရေးကြီးခွင်ကျယ် သဘောထားကာ ပြောလာလျှင်လည်း ကနားရစ်က ခွက်ထိုးခွက်လန် ရယ်ပစ်တတ်သည်ဟု ကနားရစ်၏ မိတ်ဆွေသူငယ်ချင်း ခေါက်တာ ဗွန်စတာလာဘရင်းဒေါ့ဖ်က ပြောပြဖူး၏။

၁၉–ရာစုခေတ် ခေါမ (ဂရိ) လွတ်မြောက်ရေးစစ်ပွဲများတွင် အာဇာနည် သူရဲကောင်းဖြစ်ခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ် *(Admiral Kanaris)* နှင့် ဇိမ် မိသားစုတို့ ဆက်နွယ်ခဲ့သည်ဟု ဆိုခြင်းသည်လည်း မဟုတ်မမှန် ကြားဝါခြင်းသာ ဖြစ်၏။

သည်သို့ လုပ်ကြံဇာတ်များဖြင့် သတင်းလွှင့် ပြောနေခြင်းကိုပင်လျှင် ကနားရစ်က သဘောမတူဟန် စိုးစဉ်းမျှ ရှိပုံမပေါ်။

ဘာယုံရမည်ကို ဘယ်သူတစ်ဦးတစ်ယောက်မျှ မသိ။

တိတိပပမသိရသည့် ထင်ပေါ်ကျော်ကြားမှုအဖြစ်သာ သတ်မှတ်ခဲ့ကြ၏။

စင်စစ်၊ ဤသည်ပင်လျှင် ရန်သူနှင့် မြင်ဖော်မြင်ဖက်များက သူ့လုပ်ရပ်အမှန်ကို လွယ်လွယ်နှင့် သိရန် မဖြစ်နိုင်။

ဘာလင်မြို့တော်၊ မြောက်ဘက် ရေတပ်စခန်းမှ ရေတပ်ဗိုလ်ချုပ် *(Per Admiral)*တစ်ဦးအား မြို့တော်တွင် လျှို့ဝှက်ထားရသည့် အမြင့်ဆုံးရာထူးတွင် ခန့်အပ် တာဝန်ပေးစေရန် အခြားမည်သို့သောအကြောင်းများ ဖန်လာခဲ့သနည်း။

ရေတပ်ဗိုလ်ချုပ်ကြီး 'ရေးဒါး' *(Reader)*သည် ထောက်လှမ်းရေးမှူးချုပ် အဖြစ် ဗိုလ်မှူးကြီး 'ပစ်ဇစ်' *(Capt. Pitzig)* အား ခန့်ထားခဲ့၏။ ပြီးမှ ပြန်မခေါ်လိုသော်လျက် ပြန်ခေါ်ခဲ့ရ၏။

စစ်ဝန်ကြီး ဗီးမာရှယ် 'ဗွန်ဗလွန်းဗတ်'က 'ပစ်ဇစ်'၏ လျှို့ဝှက်ရဲအဖွဲ့ *(Secret State Police)*၏ လုံခြုံရေးကိစ္စရပ်များအပေါ် ရင်ကြားစေ့၍ မရနိုင်အောင် ထားရှိသောသဘောထားကို ပစ်ပစ်ခါခါ ဝေဖန်ရှုတ်ချခဲ့၏။

လျှို့ဝှက်ရဲအဖွဲ့ *(S.D)*၏ အကြီးအကဲ 'သားသတ်သမား' *(Butcher)*ဟူသော 'ရိုင်းဟတ်ဟေးဒရစ်' *(Reinhad Heydrich)*က 'ပစ်ဇစ်'သည် အရေးကြီးသော လုံခြုံရေးကိစ္စရပ်များတွင် ထောက်လှမ်းရေးအဖွဲ့နှင့် လျှို့ဝှက်အဖွဲ့ *(S.S)*၏ အကြီးအကဲ 'ဟင်းမလား'အား တိုင်တန်းခဲ့သည်။

ရေတပ်စစ်သေနာပတိချုပ်က 'ပစ်ဇစ်'အား ထောက်ခံပေးရန် မလိုလား





သို့ရာတွင် သည်မျှအရေးကြီးသောရာထူးတွင် အခြားရေတပ်အရာရှိတစ်ယောက်ယောက်အား ထောက်ခံပေးနိုင်လိမ့်မည် ထင်သည်။

သည်ရာထူးကို ကြည်းတပ်နှင့် လေတပ် *(Luftwaffe)* သို့ လက်လွှတ်ပေးခဲ့ရလျှင်လည်း ဝမ်းနည်းဖွယ်ရာဖြစ်ပေမည်။ မီးခိုးရောင် စစ်ယူနီဖောင်းဝတ် လေတပ်မှ အရာရှိများက ကမ္ဘာနှင့်အဝှမ်း လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းများကို ညွှန်ကြား ဆောင်ရွက်နိုင်သည့် ဗဟုသုတ ကြွယ်ဝမှုရှိသည်ဟုတော့ ရေတပ်ဗိုလ်ချုပ်ကြီး 'ရေးဒါး' က မစဉ်းစား။

'ဒါမှန်တယ်၊ ပြောသမျှအားလုံး မှန်တယ်လို့တော့ မဆိုသာဘူး . . . "

ရစ်ချတ်ပရော့ဗ်က ပြန်လည်ပြောပြ၏။

'ကျုပ်တို့ ခေါင်းဆောင်ကြီး ဟစ်တလာက ၁၉၃၄–ခုနှစ်မှာ ပိုလန်နိုင်ငံနဲ့ ခင်ကြည်ရေးစာချုပ် ချုပ်ဆိုခဲ့တယ်။ ရုရှားနိုင်ငံနဲ့ နားလည်မှုရမယ့် အခွင့်အလမ်းကို လက်လွှတ်ပြီး ဂျာမန်ပတ်ပတ်လည်ရှိ ရန်သူများအုပ်စုမှ ပိုလန်နိုင်ငံကို ခွဲထုတ်ခဲ့တယ်။ နိုက်အတန့်မှာ ပိုလန်နိုင်ငံကို ခွဲဝေယူမယ့် အန္တရာယ်ကတော့ လွတ်သွားခဲ့တာပေါ့။ ပြောမယ်၊ ဟစ်တလာဟာ ဘိုလ်ရှီဗစ်ဝါဒ *(Bolshevism)*ရဲ့ တကယ့်ရန်သူအဖြစ် ဆက်လက် ရပ်ပြနိုင်စေခဲ့တယ်။ ၁၉၃၄–ခုနှစ် စာချုပ်ထဲမှာ တစ်နိုင်ငံက ကျန်တစ်နိုင်ငံ အတွင်း သူလျှိုလုပ်ငန်း မလုပ်ဖို့ တားမြစ်ပိတ်ပင်ပြီး အပြန်အလှန် သတင်းဖလှယ်ကြဖို့ သဘောတူတယ်ဆိုတဲ့ အချက်တစ်ချက် ပါလေရဲ့ . . .

ဗိုလ်မှူးကြီး ပစ်ဇစ်က၊ လက်အောက်မှ ဌာနမှူးများကို စုဝေးဆင့်ခေါ်ပြီး ခေါင်းစီးဌာနချုပ်၏ သဘောတူညီချက်ကို အသိပေးပြောပြ၏။ သို့ရာတွင် ဘည်စကားများ ကို ပြော၍ နိဂုံးချုပ်ခဲ့၏။

'တို့အလုပ်က လုပ်မြဲလုပ်ရမယ်ဆိုတာ ပြောဖို့လိုမယ်မထင်ဘူး' တဲ့ . .

ဂျာမန်ထောက်လှမ်းရေးအဖွဲ့တွင် ပိုလန်နိုင်ငံ ကောင်းကင်ပြင်၌ ပေ ၁၈၀၀၀ အမြင့်မှ ပုံသန်းကာ မိုးတိမ်များကို ထွင်းဖောက်ပြီး ဓါတ်ပုံရိုက်ကူးနေသော ကင်းထောက် လျှို့လေယာဉ်တစ်စင်းရှိ၏။

၁၉၃၇–ခုနှစ်၊ အောက်တိုဘာလ။

စစ်ဝန်ကြီး ဗိုလ်ချုပ်ကြီး ဗွန်ဗလွန်းဗတ်က ဟော်အီနော လေတပ်စခန်းသို့ စစ်ဆေးရန် ရောက်လာသောအခါ၊ လေယာဉ်တားကိုဒေါင်းအပြင်တွင် ရပ်ထားသော လေယာဉ်ပျံတစ်စင်းကို အမှတ်မထင် တွေ့တော့သည်။

'ဒါ ဘာလေယာဉ်ပျံလဲဟေ့ . . .'

'ဒါ ဗိုလ်ကြီးပစ်ဇစ်ရဲ့ လေယာဉ်ပါ။ ပိုလန်နိုင်ငံကို ဝေဟင်မှ တစ်ခုရိုက်ရာမှာ အသုံးပြုပါတယ်'

ဗိုလ်ချုပ်ကြီး ဗွန်ဗလွန်းဗတ်တစ်ယောက် အကြီးအကျယ်ဒေါသထွက်၏။ သူ့အမိန့်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောင်ပြောင်တင်းတင်း မနာခံသည်ကို မျက်ဝါးထင်ထင်တွေ့ရပြီ။ ပစ်ဖစ် သွားရ တော့မည်ပေါ့။ သူ့စိတ်ထဲတွင် ပစ်ဖစ်သည် လျှို့ဝှက်ရဲအဖွဲ့နှင့် ဆက်ဆံရာ၌ပင်၊ ခေါင်းမာသည်ဟု ယူဆထားမိကောင်း ထားမိပေလိမ့်မည်။ ရေတပ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးရေဒါးနှင့် ဆက်သွယ်၍ ထောက်လှမ်းရေးမှူးချုပ် ရာထူးတွင် ဆက်ခံ ဆောင်ရွက်ရန်၊ အခြားအရာရှိတစ်ဦးဦး မရနိုင်ဘူးလားဟု မေးမြန်းခဲ့၏။

'ဗိုလ်ချုပ်ကြီးကို ကာနားရစ်သာ ပေးနိုင်ပါလိမ့်မယ်'

စစ်ဝန်ကြီးကလည်း ကာနားရစ်ကို ချက်ချင်း လက်ခံလိုက်ရလေ၏။

'ဒါပေမယ့် တိုတောင်းလှတဲ့ အချိန်အတွင်းမှာပဲ ဗလွန်းဗတ်ဟာ၊ သူ့ ဆုံးဖြတ်ချက်အတွက် ဝမ်းနည်းပက်လက် ဖြစ်ရလိမ့်မယ်'

ကာနားရစ်က 'ပရော့ဇ်'အား ပြောပြသည်။

'ကျုပ်ကို မလိုချင်ဘူးဆိုတာ ဗိုလ်ချုပ်ကြီးရေဒါးကို ချက်ချင်းပြောပြတယ်၊ ကျုပ်တို့ အတွင်းကျကျလေ့လာဖို့ မဖြစ်နိုင်ဘူးလို့ သူကဆိုတယ်'

ဗိုလ်ချုပ်ကြီးရေဒါးကလည်း

'တကယ်တော့ ခန့်ထားပြီးပြီပဲ'လို့ အကြောက်အကန် ပြန်ပြောခဲ့၏။

သည်တွင် စစ်ဝန်ကြီးကလည်း ပြီးတာပြီးစေပေါ့ဟု သဘောထားခဲ့သည်။

သည်အတွင်းမှာပင် စစ်ဝန်ကြီးသည် ဗိုလ်ချုပ်ကာနားရစ်၏ ကိုယ်ရေးမှတ်တမ်း ဗိုင်ကို ကြည့်ခဲ့ပါ၏လား။

စင်စစ် ဗိုလ်ချုပ်ကာနားရစ်၏ ဂျာမန်ရေတပ်မှ ကိုယ်ရေးမှတ်တမ်းသည် တ[illegible] နိုင်သာများတွင် အတင်းပြောဆိုကြသကဲ့သို့ စိတ်ဝင်စားဖွယ်ရှိလှသည်တော့ မဟုတ်။ သို့ရာတွင် သည်မျှနှင့်ပင် စစ်ဝန်ကြီးအား တွန့်ဆုတ်တွန့်ဆုတ် ဖြစ်စေခဲ့၏။ သူ့ဘဝ[illegible] ငွန့်တားခန်းများနှင့်အတူ . . . ။

'ဗိုင်းမား ပြည်ထောင်စု' (Weimar Republic)၏ နောက်ဆုံး ဒီမိုကရက်တ[illegible] ဝန်ကြီးချုပ် ဟိန်းရစ်ဗျူရှနင်း (Heinrich Brunning)က ကျွန်တော့်ကို ပြောပြသည် ကာနားရစ်သည် ၁၉၂၀–ခုနှစ်များကပင် ရေတပ်မှ အငြိမ်းစားယူသွားပြီ[illegible] ဆိုသည်။

သို့ရာတွင် ကာနားရစ်သည် ဘော်လ်တစ်ကမ်းခြေ 'ကီးလ်' (Kiel) အရပ်တွင် ထောက်လှမ်းရေးအရာရှိအဖြစ် အမှုထမ်းနေသည်ဟု 'ပရော့ဇ်'က ပြောခဲ့ဖူး၏။ [illegible] ရိုင်းလန်း (Rhineland) တွင် ပြင်သစ်ထောက်လှမ်းရေးအဖွဲ့နှင့်အတူ တန်ပြန် ထောက်လှမ်းရေးများကို တိုက်နေသည်တဲ့။

'ဟေးဒရစ်ချ်''ဟင်းမလား'နှင့် 'ဟစ်တလာ'တို့အဖို့မှ ကာနားရစ်အား ရွေးချယ်ခြင်းမှာ အကောင်းဆုံး အသင့်မြတ်ဆုံး ဖြစ်ဟန်တူ၏။

ကာနားရစ်သည် အုထဲ အသဲထဲမှပင် ဘိုလ်ရှီဗစ်ဝါဒကို ဆန့်ကျင်သည်။





'စတာပါဖလိုး' (Setapa Flow)အလွန် ပင်လယ်တွင်းသို့ နှစ်မြှုပ်ခဲ့သော[illegible] ရေတပ်ကြီး (Grand Fleet) သင်္ဘောကြီးမှ ရှိသော ပစ္စည်းကိရိယာများ၊ ငွေ[illegible] ကို ပြည်ပတွင် ရောင်းချစေ၏။ ရရှိသောငွေကို ဘိုလ်ရှီဗစ်တပ်များကို ဆန့်ကျင်တိုက်ခိုက် နေသော လွတ်လပ်သော တပ်များ (Free Corps)သို့ ထောက်ပံ့ရန် အကြံဉာဏ် ပေးခဲ့သူမှာလည်း ကာနားရစ်ပင်ဖြစ်၏။

ရုရှားနိုင်ငံအပေါ် သွားရည်တမျှားမျှား ဖြစ်နေသည့် ဂျာမန် စစ်ဝါဒီအုပ်[illegible] အတွက် ကာနားရစ်သည် ဟစ်တလာ၏ မဟာမိတ်ဖြစ်ပေလိမ့်မည်။

ရေတပ်ဗိုလ်ချုပ်ကြီး ကာနားရစ်သည် ဘာလင်မြို့၊ တာပစ်ဇူဟာ လမ်းမကြီး ပေါ်ရှိ အမှတ် ၇၄–၇၆ အဆောက်အအုံကြီးတွင် စတင်အမှုထမ်းရွက်သည့်နေ့မှာ အတိအကျဆိုရလျှင် ၁၉၃၅–ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် ဖြစ်၏။

ထောက်လှမ်းရေးအဖွဲ့ (Abwehr)

သို့မဟုတ်

လုံခြုံရေးအဖွဲ့ (Security Service)

'ဗာဆေးစာချုပ်'အရ ဂျာမန် လက်နက်ကိုင်တပ်များသို့ တရားဝင် ထောက် လှမ်းရေး လှုပ်ရှားမှုတစ်ရပ်အနေဖြင့် တန်ပြန်ထောက်လှမ်းပြုလုပ်ခြင်းကို ဝိတ်ပင် ထားမြစ်ရန် အားထုတ်ခဲ့ခြင်းကြောင့် ယင်းသို့ အမည်ပေးခဲ့ရ၏။

ဗိုလ်ချုပ်ကြီးကာနားရစ် ကွပ်ကဲရမည့် အဖွဲ့အစည်းသည် ကမ္ဘာပေါ်တွင် ရှိသမျှသော အလားတူ အဖွဲ့အစည်းများ၌ ပူးပေါင်းဆောင်ရွက်မှုတွင် အကောင်းဆုံး ဖြစ်သာဟန်တူ၏။ နည်းနည်းနှင့်ကျဲကျဲ ဝိုင်းနိုင်သည့် အခွင့်အလမ်းသာလျှင် ရှိ၏။

ဂျာမန် ထောက်လှမ်းရေးဌာနတွင် ဌာနခွဲသုံးခုရှိ၏။

ထောက်လှမ်းရေးဌာနခွဲ (၁)။ ဂျာမန်နှင့် နိုင်ငံခြားသားသူလျှိုတခန်းများမှ တစ်ဆင့် သတင်းစုဆောင်းခြင်းကို တာဝန်ယူရသည်။

ထောက်လှမ်းရေးဌာနခွဲ (၂)။ အဖျောက်လုပ်ငန်း၊ အဖျက်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့် ဌာနခွဲဖြစ်သည်။

ထောက်လှမ်းရေးဌာနခွဲ (၃)။ အမိမြေအတွင်း၌ တန်ပြန်ထောက်လှမ်းရေးကို တာဝန်ယူဆောင်ရွက်ရ၏။

ဟစ်တလာ အာဏာရလာသောအခါ စစ်သေနာပတိချုပ်များအား ပေးခဲ့သော ညွှန်ကြားမှုများတွင် ထောက်လှမ်းရေးအဖွဲ့အား သီးသီးခြားခြား လွတ်လပ်မှုပေးခြင်း လည်း ပါဝင်၏။ ထောက်လှမ်းရေးအဖွဲ့သည် လက်နက်ကိုင်အဖွဲ့အစည်း သေနာပတိ ချုပ်ကြီးများကိုသာ တိုက်ရိုက် အမိန့်နာခံရပေလိမ့်မည်။

နိုင်ငံတစ်ခုအတွင်းမှ လျှို့ဝှက်နိုင်ငံ ငယ်ငယ်ကလေးတစ်ခု အသွင်ပါပေ။ ထောက်လှမ်းရေးအဖွဲ့တွင် 'နိုင်ငံခြားရေးရာဌာနခွဲ' (Amtsgruppe



www.burmeseclassic.com

www.burmeseclassic.com



*Ausland)* ဆိုသည်လည်း ရှိ၏။ အဆိုပါဌာနစိတ်က ဘာလင်မြို့ရှိ နိုင်ငံခြား စစ်သံမှူးများကိုလည်း အရိပ်တကြည့်ကြည့်နှင့် အကဲခတ်နေရသည်။ နိုင်ငံခြား တိုင်းပြည်အသီးသီးရောက် ဂျာမန်စစ်သံမှူးများမှတစ်ဆင့် သတင်းများ ရယူစုဆောင်းရသည်။ ပြီး ဂျာမန်နိုင်ငံခြားရေးရုံးမှာ မိမိလက်အောက်ခံသံရုံးများ စုဆောင်းရသည့် နိုင်ငံရေး ထောက်လှမ်းမှုနှင့် စစ်ရေးထောက်လှမ်းမှုများကိုလည်း ပူးပေါင်းညှိနှိုင်းရသည့် တာဝန်လည်းရှိ၏။

စစ်ဘက်ထောက်လှမ်းရေးသတင်းများကို ကြောင်ပုံစွန်စား ကြွပ်ကြွပ်ဝါးသကဲ့သို့ နောကြေအောင် လေ့လာသုံးသပ် အမြတ်ထုတ်ရသူမှာ စစ်ဦးစီးမှူးသာလျှင်ဖြစ်၏။

ဟစ်တလာ အာဏာရလာသောအခါ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်ဦးစီးဌာနချုပ်ကသာလျှင် တာဝန်ယူဆောင်ရွက်ရ၏။

သည်သို့ဖြင့် ထောက်လှမ်းရေးရာနှင့် ပတ်သက်လျှင် ကြည်း၊ ရေ၊ လေ လက်နက်ကိုင်တပ်ဖွဲ့များသည် တစ်ဦးတစ်ယောက်တည်း၏ လက်အောက်ခံဖြစ်၏။ လက်နက်ကိုင်တပ်ဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပြိုင်ဆိုင်မှုများ လုံးဝမရှိစေရ။ ရေတပ်က သိချင်သော အရေးပါ ထောက်လှမ်းရေးသတင်းကို ကြည်းတပ်က မထိန်းချန်ရ။ အဖွဲ့အစည်းတစ်ဦးတည်းပိုင် လေကြောင်းထောက်လှမ်းရေးဟူ၍လည်း မရှိစေရ။

လည်ပတ်မှု ယန္တရားပုံစံလိုက်၍ ကြည်း၊ ရေ၊ လေနှင့် အရပ်ဘက် ထောက်လှမ်းရေး အဖွဲ့ဝင်များသည် တစ်ပေါင်းတစ်စည်းတည်း လက်တွဲဆောင်ရွက်ရ၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့ကြီးအား အနောက်အင်အားကြီးနိုင်ငံများ၏ ထောက်လှမ်းရေးအဖွဲ့များနှင့် တစ်တန်းစားတည်းဖြစ်စေရန်အတွက် တည်ထောင်ရန် ဟစ်တလာက ကနားရစ်အား ညွှန်ကြားချက် ပေးထားပြီးဖြစ်၏။

ရာထူးကို လက်ခံဆောင်ရွက်ခါစ အမိုက်အတန် အေးဆေးငြိမ်သက်နေသည့် မိမိကွပ်ကဲ အုပ်ချုပ်ရသည့် အဖွဲ့အစည်းသည်လည်း သေးသေးငယ်ငယ်နှင့် ထိုးဖောက် ဝင်နှောက်ရန် မရနိုင်အောင်ရှိနေစဉ် . . .

ဗိုလ်ချုပ်ကြီးကနားရစ်က နံရံတွင် ချိတ်ဆွဲထားသည့် နာမည်ကျော်ကြားလှသိမ်းသော ဗိုလ်ချုပ်ကြီး 'နီကိုလိုင်း' *(Col. Nicolai)*၏ ဓာတ်ပုံကို တွေတွေဝေဝေနှင့် စူးစူးစိုက်စိုက် ကြည့်နေမိသည်။

သည်အဆောက်အအုံ မှစ၍ ယဉ်ကျေးသိမ်မွေ့သော ကမ္ဘာလောက အဆောက်အအုံကြီးအား ယုတ်ယုတ်မာမာ ဩဇာအရှိန်အဝါ သက်ရောက်ခဲ့ခြင်းကို စေ့စေ့တွေးလျက် ရှိနေသည်။

ဗိုလ်မှူးကြီး 'နီကိုလိုင်း'က ပြည်ပြေး ဘိုလ်ရှီဗစ်များကို ထောက်ပံ့ကူညီခဲ့သည် ဇာဘုရင်က ရုရှားနိုင်ငံကို ချိချိနဲ့နဲ့ ဖြစ်စေခဲ့၏။ ရုရှားတို့၏ စစ်ဝင်ပြိုင်ဆိုင်ရန် ကြိုးပမ်းမှုကို အားပျော့ယုတ်လျော့စေခဲ့၏။

သည်စဉ်က နီကိုလိုင်း၏ ဆောင်ရွက်ချက်အောင်မြင်မှုသည် ၁၉၅၀–ခုနှစ်များ





အဦးပိုင်းကာလတွင် နာဇီ ပြည်မတစ်သားများ၏ အောင်မြင်မှုနှင့် နှိုင်းယှဉ်ဖော်ပြနိုင်စွမ်း ရှိပေလိမ့်မည်။

ပြီး . . . နီကိုလိုင်းက ၁၉၁၈ ခု အောက်တိုဘာလတွင် ဂျာမန်နယ်မြေကို ဖြတ်သန်းသွားသည့် မီးရထားကုန်တွဲတွင် 'ထရော့စကီ' *(Trotsky)* နှင့် လီနင်တို့အား ပိတ်လှောင်ကာ ပျက်စီးယိုယွင်း အခြေယိုင်စပြုနေသော ရုရှားပြည်တွင်းသို့ ပို့စေခဲ့ပြန်သည်။

တဖန် ဘိုလ်ရှီဗစ်ဝါဒ၏ တုန့်ပြန်ကလဲ့စားချေသည်ကိုပင် မရှုမလှ ကြုံရပြန်သည်။ ကွန်မြူနစ်ဝါဒက ဥရောပတစ်ခွင်လုံးသို့ ပျံ့နှံ့လာမည့် အရိပ်အယောင်များ ပေါ်လာပြန်၏။ သည်အန္တရာယ်ကို နှိမ်နင်းရန်အတွက် ဂျာမန်အပျော်ထမ်းတပ်များကို ဘော်လတစ် ပင်လယ်ကမ်းခြေနိုင်ငံများနှင့် ဖင်လန်နိုင်ငံများသို့ မပို့လျှင် မဖြစ်တော့သည့်အရေးတွင် ကနားရစ်သည် အလှူစ်ရှားဆုံးဖြစ်၏။ သူ မပါလျှင် မဖြစ် . . . တကြွစွာ ပါဝင်ခဲ့၏။

ကိုင်ဇာဘုရင် *(Kaiser)*က နန်းစွန့်ပြီးခါစ နောက်ပိုင်းတွင် အစောင့်မြင်းစီးတပ်မ *(Guards Calvary Division)*က ပြည်တွင်းလုံခြုံရေးတာဝန်ကို ယူရသော ၁၉–ခုနှစ်တွင် ကနားရစ်အား အထူးတာဝန်ထမ်းဆောင်ရန် 'အစောင့်မြင်းစီးတပ်မ' ပူးတွဲတာဝန် ထမ်းဆောင်စေပြန်သည်။

သို့ရာတွင် ၁၉၂၀–ခုနှစ်များ နှောင်းကာလတွင် မာ့က်စ်ဝါဒနှင့် ဖါဒရေးရာ မှုများကို သင်ပုန်းချေ၍ ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုနှင့် စစ်လေ့ကျင့်ရေး သဘောတူစာချုပ်ကို လျှို့ဝှက်စွာ ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းခဲ့၏။ သို့မှသာ ဗာဆေး စာချုပ် ချုပ်ဆိုစေခဲ့သည့် အင်အားကြီးနိုင်ငံများက မရိပ်စားမိစေဘဲ တားမြစ်ပိတ်ပင် ထားသည့် လက်နက်အသစ်အဆန်းများကို တီထွင်နိုင်ပေလိမ့်မည်။

ဟစ်တလာအာဏာရလာပြီး များမကြာမီမှာပင် ရုရှား–ဂျာမန် စစ်ဘက် သဘောတူစာချုပ်ကို ဖျက်သိမ်းခဲ့၏။ သို့တစေ ၁၉၃၀–ပြည့်နှစ်များထိ ဂျာမန်စစ်ဦးစီးဌာန အရာရှိအတော်များများက ရုရှားနှင့် အလုပ်ယှဉ်တွဲ ဆောင်ရွက်ရသော မဟာမိတ် ပြု၍ အောင်မြင်စွာ သိမ်းသွင်းနိုင်လိမ့်မည်ဟု ယုံကြည်နေကြဆဲ။

တာပစ်ဇ်ဖာ လမ်းမကြီးပေါ်ရှိ အဆောက်အအုံကြီး အထက်ထပ် ရုံးခန်းအတွင်း ပေါ်မှ အစီရင်ခံစာများကို တစ်ရွက်ချင်း လှန်လှောရင်းက ဗိုလ်ချုပ်ကြီးကနားရစ် ကမ္ဘာ့မြေပုံကားချပ်ကြီးကိုတစ်လှည့်၊ ဆေးရောင်များ မှေးမှိန်နေပြီဖြစ်သော ထောက်လှမ်းရေးမှူးချုပ်များ၏ ဓါတ်ပုံများကိုတစ်လှည့် ကြည့်ရင်း သစ်ကျားပင်များကို ဖြတ်သွား၍ လမ်းဝါးတူးမြောင်းကို စူးစူးစိုက်စိုက် စိတ်ဝင်တစား ကြည့်နေမိသည်။ တွင် အခြေအနေပြဿနာတစ်ရပ်နှင့် မျက်ပင်းတိုးတော့၏။ သည်ပြဿနာ ကိုယ်တိုင်ကျ ဆောင်ရွက်ရန် ဆန္ဒပြင်းပြ၏။ ဆောင်ရွက်ရာ၌လည်း ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်နိုင်ငံတော် *(Second Reich)* ပို့ယွင်းပျက်စီးခဲ့သည့်အချိန်မှစပြီး အပတ်တကုပ် ကြီးစားခဲ့ပါ၏။

နောက်တစ်ကြိမ် ဂျာမနီနိုင်ငံအား တန်ခိုးအရှိန်အဝါ ကြီးထွား၍ မဟာနိုင်ငံကြီး အဖြစ်သို့ ရောက်စေရန် ကြိုးပမ်းရန် ပြင်ဆင်နေသူ ပုဂ္ဂိုလ်တစ်ဦးလည်း ပေါ်လာပြန်…

ဂျာမန်ရေတပ်ကို တိုးချဲ့ကြီးထွားစေမည်။ ကာနားရစ်ကိုယ်တိုင် ကြီးကြပ်… စပိန်နှင့် ဟော်လန်နိုင်ငံတို့တွင် 'ယူ-ဘုတ်' ရေငုပ်သင်္ဘောများ လျှို့ဝှက်… တည်ဆောက်ရေးလုပ်ငန်းကိုပင် ပြည်တွင်းစက်ရုံများ၌ ပုံစံသွင်း၍ ဟန်ဆာတ်ဗရိမင်း… ဘော်လ်တစ်ကမ်းခြေ ဆိပ်ကမ်းမြို့များတွင် တပ်ဆင်ပေတော့မည်။

ဂျာမနီနိုင်ငံတွင် စည်းကမ်းစနစ်တကျ ဖြစ်ခဲ့ပြန်သည်။ အလုပ်အကိုင်မ… မရှားပါ။ လူတိုင်း အလုပ်ကိုယ်စီရှိ၏။ သန့်ရှင်းမှုက အပြည့်ရှိ၏။ တတ်ကျွမ်းလိမ္မာမှုလည်း… ရှိသည်။ ဆန္ဒပြသပိတ်မှောက်မှုများ အလျဉ်းမရှိ။ အလုပ်သမားများလောကတွင် မ… မသက်မှုများ မရှိ။ နိုင်ငံခြား အင်အားကြီးနိုင်ငံများက ဂျာမနီနိုင်ငံအား နားလ… သဘောပေါက်သော အကြည့်ဖြင့်သာ ကြည့်နေ၏။

အိမ်နီးချင်းနိုင်ငံများက ယဉ်ကျေးသိမ်မွေ့၏။ ဂျာမနီနိုင်ငံနှင့် ချစ်ကြည်ရင်… လို၏။ အိမ်နီးချင်းနိုင်ငံများက ထိန်းထိန်းသိမ်းသိမ်းနှင့် အရေးကြုံက အကာအကွယ်… ရှိနေသဲ။ ဂျာမနီနိုင်ငံ၏ အရှေ့ဖူးဖူးတွင် ဂဏှာမငြိမ်၊ ထိတ်ထိတ်လန့်လန့် ဖြစ်နေသော… ပိုလန်နိုင်ငံ၊ ထိုမှကျော်လျှင် ပဟေဠိဆန်သော ရုရှားနိုင်ငံ ရှိ၏။ ပြည်တွင်းရေး… အသေးအမွှား ပြဿနာများနှင့် လုံးထွေးယှက်တွေ့ဖြစ်နေသော ပြင်သစ်နိုင်ငံကလည်း… စစ်မှုထမ်းမနေရ အပိုင်ဖြင့် ကြီးမား၍ အင်အားများသော လက်နက်ကိုင်တပ်ကြီးများ… ထိန်းသိမ်းနေရသဲ။ အရန်တပ် အင်အားကလည်း မနည်းလှ။ ပြင်သစ်နိုင်ငံကို လွှမ်း… ဗြိတန်နိုင်ငံ ရှိ၏။

ဗြိတန်နိုင်ငံက ရေတပ်အင်အား အသာစီးရကာ လွှမ်းမိုးနေသဲ။ ဂျာမနီ… ကို ရေတပ်ဖြင့်ပိတ်ဆို့မည့် အန္တရာယ်ကလည်း အကြီးသား။ ဗြိတိန်နိုင်ငံသည် ဥရော… တစ်တိုက်လုံးနှင့် ကမ္ဘာတစ်ဝှမ်းကို စီးပွားရေးအရ၊ ငွေကြေးအရ ဩဇာအရှိန်… လွှမ်းမိုးနေသဲ။

ခပ်ဝေးဝေး ခပ်လှမ်းလှမ်းတွင် အမေရိကပြည်ထောင်စုရှိ၏။ ပျင်းတိပျင်း… ရှိနေသဲ . . . အပျော်ကျူးနေသဲ။ ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်ပေါ်လာနိုင်… အရည်အသွေး အပြည့်ရှိ၏။ သို့တစေ ကမ္ဘာ့နိုင်ငံရေးကို ညွှန်ကြားပဲ့ပြင်နေရမည့်… ချမ်းသာကြွယ်ဝသော မိသားစုများ တစ်စုပြီးတစ်စုသာ မွေးထုတ်ပေးလျက် ရှိ…

အင်္ဂလန်နိုင်ငံသာလျှင် ရေးအစဉ်အလာ ရှိသည့်ကြောင့်တစ်ကြောင်း၊ … မာမာ ခပ်တင်းတင်း ရှိသောကြောင့်တစ်ကြောင်း၊ နိုင်ငံခေါင်းဆောင်ကြီး… အမြော်အမြင် ကြီးမှုကြောင့်တစ်ကြောင်း၊ ဂျာမနီနိုင်ငံအတွက် ကြီးမားသော အ…





…သား ဖြစ်ပေလိမ့်မည်။ သို့မဟုတ် ခိုင်မာသော မိတ်ဆွေရင်းချာ ဖြစ်ပေလိမ့်မည်မှာ …သယ ရှိစရာမထင်ဟု ကာနားရစ် တွေးမိသည်။

အရာရှိငယ်တစ်ဦး၏ ဘဝအစ ငယ်စဉ်က သူဆင်နွှဲခဲ့သော စစ်ဆင်ရေး …ခုခုကို လေ့လာခြင်းဖြင့် သူ့အနာဂတ်အတွက် မျှော်မှန်းချက်များကို သိနိုင်ရန် …လွှန်စများ ပေါ်လာတတ်၏။

၁၉၁၄-ခုနှစ်၊ ၁၉၁၅-ခုနှစ်အတွင်း တောင်အတ္တလန္တိတ်နှင့် ပစိဖိတ်သမုဒ္ဒရာ …၌ 'ဒရက်စ်ဒင်' ခရူဇာသင်္ဘောပေါ်၌ အမှုထမ်းစဉ်က သူ့အဖြစ်အပျက်များက ကာနားရစ် …ကြောင်း တိတိပပ ခိုင်ခိုင်မာမာ အညွှန်းပြုလျက်ရှိနေမည်မှာ မလွဲ. . . ။

သူ့ဘဝအစ အခါသမယကို အနည်းစုထဲမှ တစ်ခုအဖြစ် ကျွန်တော်က …ချဲ့ကာ ပြရန်လိုသည်။ သူ့ဘဝအစ အဖြစ်ပျက်များမှာ စာရွက်စာတမ်း အပြည့်အစုံ …တမ်းအပြည့်အစုံ ရှိ၏။ တစ်ဆင့်စကား တစ်ဆင့်ကြားရသည်များကို မြင်ခဲ့တွေ့ခဲ့ရ…

'ကော်ရိုးနဲလ်တိုက်ပွဲ' *(Battle of Coronet)* ဖြစ်စဉ်က ကာနားရစ်သည် …ကြီးရာထူးဖြင့် ဗိုလ်မှူးကြီး 'လျူဒက်'၏ ထောက်လှမ်းရေးအရာရှိအဖြစ် အမှုထမ်း…

၁၉၁၄-ခု နိုဝင်ဘာလတွင် ကာနားရစ်က မိခင်ထံ အလားအလာ ကောင်းမည့် …ကြောင်း သတိကြီးစွာထား၍ ရေးခဲ့၏။

'လှလှပပပဲ အောင်ပွဲခံရမှာ သေချာပါတယ်။ ဒါမှလည်း ကျွန်တော်တို့ကို …က်ရှုချောင်စေလိမ့်မယ်။ အခြေအနေ အရပ်ရပ်ပေါ်မှာလည်း အကျိုးသက်ရောက်မှု …ပါပဲ။ ဒီအခြေအနေအတိုင်း ဆက်လက်ရှိနေပါစေလို့ပဲ မျှော်လင့်ကြပါစို့ရဲ့နော်' တဲ့။

ဒီဇင်ဘာလ ၈ ရက်နေ့ မိမိတို့သင်္ဘောများ၏ နေရာဒေသကို ကြေးနန်းဖြင့် …တ်မှန် သတင်းလွှင့်ခဲ့ပြီးသည့်နောက်တွင် ရေတပ်ဗိုလ်ချုပ်ကြီး 'စတာဒီး'က …န်ရေတပ် သင်္ဘောအုပ်စုကို ဖော့ကလင်ကျွန်းများ အလွန်တွင် တွေ့လိုက်မိ၏။ …က်စ်ဒင်'သင်္ဘောတစ်စင်းသာလျှင် 'စတာဒီး'၏ တိုက်ခိုက်မှုမှ လွတ်မြောက်နိုင်ခဲ့၏။ …က်စ်ဒင်'ဂျာမန်ရေတပ်သင်္ဘောသည် 'ပွန်တာအရီးနားစ်'သို့ အပြေးအလွှား …ထောင်သွားခဲ့၏။ ချီလီပြည် ကမ်းခြေရှိ ရေနက်သော ပင်လယ်ကော့ မြစ်ကြိုမြစ်ကြား …၌ ပုန်းခိုနေရန် မက်ဂျာလန်ရေလက်ကြား *(Strait of Magellan)*ကို မဖြတ်မီ …င်တာဆီ အပြည့် ဖြည့်ခဲ့သေးသည်။

ပထမကမ္ဘာစစ်ကြီးနှင့်ပတ်သက်၍ တရားဝင်ဗြိတိသျှ ရေတပ်သမိုင်းအရ …တွင် 'ပွန်တာအရီးနားစ်'ရှိ ဗြိတိသျှကောင်စစ်ဝန်က စီးပွားရေးလုပ်ငန်းတစ်ခုတွင် …၏ လုပ်ဖော်ကိုင်ဖက်တစ်ဦးမှာ ဂျာမန်လူမျိုးဖြစ်၍ ဒရက်စ်ဒင်သင်္ဘောရောက်ရှိနေရာ …ကိုဘာကျကို သိရှိခဲ့၏။ သို့ရာတွင် မိမိပြောသည်ကို ရေတပ်ဌာနကြီးဌာနက



www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ခဲ့၊ လက်မခံခဲ့။ ရေတပ်ဝန်ကြီးဌာနက သည်အဆိုနှင့် ကွဲပြားခြားနားသည့် သတင်းများကို လက်ခံရရှိထား၏။

ဂျာမန်တို့က မိမိတို့၏ ဒရက်စ်ဒင်သင်္ဘောမှာ အဝင်သာရှိ၍ အထွက်မရှိသဲ့ ချောင်ပိတ်မိနေပြီဟု သတင်းလွှင့်ခဲ့၏။

မှန်သည်။

သို့ရာတွင် ရှာဖွေနေသော ရန်သူသင်္ဘောများ တွေဝေသွားစေရန် သတင်းမှ လွှင့်ခဲ့ခြင်းကြောင့် မှန်သောသတင်းပင်လျှင် မှားသောသတင်းများအတွက် စုံစုံမြုပ်ကာ ပျောက်သွားခဲ့ရ၏။

ရန်သူသင်္ဘောများက ရှာဖွေနေသည်ကို နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ် ချက်ဖြင့် ဒရက်စ်ဒင်သင်္ဘောသည် နောက်ဆုံးမျှော်လင့်ရာ မြစ်လက်တက် *(Last Hope Inlet)*တွင် ရှိနေသည်ဟု သတင်းလွှင့်ခဲ့၏။

သည်လက်ရာမှာ နှောင်သောအခါ ပို၍ပို၍ ပြည့်စုံလာသည်။ ကနားရစ်၏ လက်ရာဖြစ်မည်ဟု ကျွန်တော့်စိတ်ထဲဝယ် ထင်မှတ်မိခဲ့သည်။

ဗြိတိသျှရေတပ်မှ 'ဂလက်စ်ဂို'နှင့် 'ကင့်'အမည်ရှိ ခရူဇာ သင်္ဘောကြီးနှစ်စင်းက ကမ်းခြေတစ်လျှောက် မိုင်ပေါင်းများစွာရှည်သည့်ထိ ခုတ်မောင်းခဲ့၏။ ၁၉၁၅ မတ်လသို့ပင် တိုင်ခဲ့၏။ ရံဖန်ရံခါ ဗြိတိသျှသင်္ဘောများနှင့် ဒရက်စ်ဒင်သင်္ဘောတို့ ခတ်ပင်းပါ တိုးတော့မယောင်ယောင် ဖြစ်ခဲ့သည်။

နောက်ဆုံး၌ ဒရက်စ်ဒင် ဂျာမန်သင်္ဘောကို 'ကမ်ဘာပင်လယ်ကွေ့' အတွင်း တွေ့သွား၏။ ကမ်ဘာပင်လယ်ကွေ့ ကမ်းခြေသည် ကြောက်စရာကမ်းပါးယံများဖြင့် အနားကွပ်ထားသည့်နယ်ရှိ၏။ ချီလီပြည် ရေပိုင်နက်အတွင်း ရှိနေသည်မှာလည်း အထင်အရှား။ ဒရက်စ်ဒင်သင်္ဘောက ပြန်လည်ခုခံတိုက်ခိုက်ရန် အသင့်ပြင်ထားဟန် ရှိ၏။ သို့ရာတွင် သင်္ဘောမာလိန်မှူး ဗိုလ်မှူးကြီး 'လျူဒက်'က အဖမ်းမခံလို၊ ကိုင်ဇာဘုရင်က အဖမ်းခံလိုက်ရန် အမိန့်ပေး ခွင့်ပြုထားပါလျက်နှင့် 'ဗိုလ်မှူးကြီးလျူဒက်'က ငြင်းဆန်နေသေး၏။

ဗြိတိသျှ ခရူဇာသင်္ဘောကြီး 'ဂလက်စ်ဂို'မှ မာလိန်မှူး ဗိုလ်မှူးကြီး လျူစ်က 'ဒရက်စ်ဒင်'သင်္ဘောအား ကိုက် ၈၄၀၀ အကွာမှနေ၍ အမြောက်နှင့် စတင်ပစ်သည်။ ခရူဇာသင်္ဘောကြီး 'ကင့်'မှလည်း 'ဒရက်စ်ဒင်'သင်္ဘောကို ၆ လက်မအမြောက်နှင့် ပစ်ပြန်၏။

'ဒရက်စ်ဒင်'သင်္ဘော၏ မီးငြိမ်းကိရိယာများ၊ အတွင်းပြော တယ်လီဖုန်း အမြောက်များ ပျက်စီးကုန်၏။ မာလိန်မှူး 'ဗိုလ်မှူးကြီးလျူဒက်'က ဗြိတိသျှ ခရူဇာ သင်္ဘောများနှင့် စေ့စပ်ဆွေးနွေးလိုကြောင်း အချက်ပေးသည်။ သို့ရာတွင် တိုက်ပွဲ အခြေအနေ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေချိန်တွင် ဗြိတိသျှ ခရူဇာသင်္ဘောများက နှောင်





ဆန့် အမြောက်နှင့် မပစ်ရလေအောင် အလံဖြူလွှင့်မှ ဖြစ်တော့မည်။ 'ဒရက်စ်ဒင်' သင်္ဘောကြီးမှ စက်တပ်လှေတစ်စင်းနှင့် ရေတပ်ဗိုလ်ကြီးတစ်ဦး ပါလာသည်။ (ဂျာမန် ရေတပ်ဗိုလ်ကြီး၏ အမည်ကိုမူ ဗြိတိသျှရေတပ်အစီရင်ခံစာတွင် မဖော်ပြခဲ့။)

စင်စစ် ဂျာမန်ရေတပ်ဗိုလ်ကြီးမှာ တခြားသူမဟုတ် . . . ၊ ကနားရစ် ဖြစ်၏။ အင်္ဂလိပ်စကား ရေရေလည်လည် ပြောနိုင်သူဖြစ်၏။ စေ့စပ်ဆွေးနွေးပွဲ အမျိုးမျိုး တွင် ကျင်ကျင်လည်လည် ပြောနိုင်သူဖြစ်ကြောင်း ပြက်ပြက်ထင်ထင် ပြနိုင်ခဲ့၏။

ဗိုလ်ကြီးကာနားရစ်က စေ့စပ်ဆွေးနွေးပွဲတွင် မိမိတက်မှုလိုချင်သည့် အချက်များ ကိုသာ တောင်းခံဖို့ရှိတော့၏။ သို့ရာတွင် 'ဗိုလ်မှူးကြီးလူးစ်'ရှေ့မှောက်သို့ ခေါ်သွားသော အခါတွင် ကနားရစ်က မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့ . . . ။ သူ့အပြုံးက ကောက်ကျစ်စဉ်း လဲသည့်အပြုံး။ ပြီး ကနားရစ်က ဆိုပြန်သည်။ 'ဒရက်စ်ဒင်'သင်္ဘောအား ချီလီ အာဏာပိုင်များက ဖမ်းဆီးထားပြီး ဖြစ်သည်တဲ့။ သို့အတွက် အပြည်ပြည်ဆိုင်ရာ ဥပဒေကို မချိုးဖောက်ဘဲလျက် 'ဒရက်စ်ဒင်'သင်္ဘောအား တိုက်၍ မဖြစ်ပါတဲ့။

မှန်သည်။ ကနားရစ် ဖြီးသည့် လိမ်သည်က ဖြစ်နိုင်စရာရှိ၏။ သို့သော် ဗြိတိသျှ 'ဗိုလ်မှူးကြီးလူးစ်'က အဖြစ်မှန်သတင်းကို တခြားတစ်နေရာမှ ကြိုတင်သိရှိ ထားပြီးဖြစ်ဟန်ရှိ၏။ 'ဒရက်စ်ဒင်'သင်္ဘောက ရေဆန်ကို ခုတ်မောင်းနေကြောင်း ဗိုလ်မှူးကြီးလူးစ်'ကိုယ်တိုင် တွေ့နိုင်သည်မဟုတ်ပါလား။

တဖန် 'ဒရက်စ်ဒင်'သင်္ဘောသည် ချီလီပြည် ရေပိုင်နက်အတွင်း ရောက်နေပါ သည်ဟူ၍ ကနားရစ်က စောဒက တက်ပြန်သည်။

ဗိုလ်မှူးကြီး လူးစ်ကလည်း သည်သို့ ဆင်ခြေလက်တက်လာ၍လည်း မည်သို့ မျှ အနှောင့်အယှက်မဖြစ်။ ဗိုလ်မှူးကြီးလူးစ်က ပြန်ထောက်ပြသည်။ 'ဒရက်စ်ဒင်'သင်္ဘော သည် ချီလီပြည် ရေပိုင်နက်အတွင်း ကျူးကျော်နေခဲ့သည်မှာ ကြာမြင့်ဖြစ်ပြီး မိမိက 'ဒရက်စ်ဒင်'သင်္ဘောကို တွေ့ရာမြင်ရာမှာ နှစ်မြှုပ်စေဖို့ အမိန့်ရထားသည်ဆို၏။

ပြီးလျှင် နှစ်ဦးသား ကိုယ့်တက်မှုလိုချင်သော အချက်အလက်များကို ဆွေးနွေး ငြင်းခုံကြသည်။

ဗိုလ်မှူးကြီးလူးစ်၏ အဖြေမှာ စစ်မှုထမ်းများ၏ အစဉ်အလာအရ လိုအပ်ချက် အတိုင်း ရှင်းချက်မရှိ လက်နက်ချရန်မှလွဲ၍ မည်သည့်အဆင့်ကိုမျှ ပေးပြီး မဆက်ဆံနိုင်။ ကမ္ဘာ့စစ်ကြီးနှင့် ပတ်သက်ပြီး ဗြိတိသျှရေတပ်သမိုင်းတွင် သည်သို့လျှင် မှတ်တမ်း တင်သား၏။

သည်အဖြေကို ယူလျက် ဗိုလ်ကြီးကာနားရစ်သည် 'ဒရက်စ်ဒင်'သင်္ဘောသို့ ပြန်ခဲ့သည်။ မာလိန်မှူး ဗိုလ်မှူးကြီးလျူဒက်က သင်္ဘောဦးပိုင်းရှိ အမြောက်ဆန် လှောင်ရာ စတိုခန်းကို ဖောက်ခွဲပြီး သင်္ဘောကို နှစ်မြှုပ်လိုက်ရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ ရိက္ခာရယူရာ၌ဖြစ်စေ၊ ထောက်လှမ်းရေးသတင်းရယူဆောင်းရာ၌



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ မဟုတ်မမှန် သတင်းများ လွှင့်ရာ၌ဖြစ်၊ ကနားရစ်သာလျှင် ကျွမ်းကျွမ်းကျင်ကျင် မဆောင်ရွက်နိုင်ခဲ့ပါက၊ 'ဒရက်စ်အင်'သင်္ဘောမှာ သည်မျှကြာကြာ လွတ်မြောက်နိုင်

မဟုတ်။

သည်အဆိုကို၊ ကနားရစ်နှင့် လုပ်ဖော်ကိုင်ဖက် ရေတပ်အရာရှိများ သဘောတူကြသည်သာ။

နောင်သောအခါတွင် ကနားရစ်၏ တုံ့ပြန်မှုကိုလေ့လာမိရာမှ၊ ကနားရစ် ဗြိတိသျှ ရေတပ်သင်္ဘောပေါ် တက်ရောက်ခဲ့ပြီး၊ ဗြိတိသျှတို့၏ အင်အားကြီးမားပုံ မဆုတ်မနစ်သော ဖွဲ့ဆုံးဖြတ်ချက်ကို လွန်စွာသဘောကျခဲ့သည်ဟု ကျွန်တော် တွေ့ သည်။ ဗြိတိသျှသင်္ဘော၊ ကုန်းပတ်ပေါ်သို့ ကနားရစ် တက်လှမ်းလာသော ဗြိတိသျှ ရေတပ်အရာရှိများက သူ့ကို မလေးမခန့် ဆက်ဆံခဲ့ကြသည်။ သို့ရာ ဗြိတိသျှ အရာရှိများပြောစကားကို သူကောင်းကောင်းနားလည်ပါ၏။

ကိစ္စအားလုံး ပြီးစီးသွားသောအခါ ဗြိတိသျှ ဗိုလ်မှူးကြီးလူးစ်က ရေတပ်သား ဒဏ်ရာရသူများကို ဆေးဝါးကုသပေးရန် ဆရာဝန်တစ်ဦးကိုပင် ပေးခဲ့သည်။ ပြီးမှ ဂျာမန်သင်္ဘောသားများအား ဖမ်းချုပ်ထားပေးရန် တောင်း

ဗိုလ်ကြီးကနားရစ်ကမူ ချီလီအာဏာပိုင်များ ဖမ်းဆီးခြင်းမှ တိတ်တ လှို့ဝှက်ထွက်သွားခဲ့သည်။ 'မစ္စတာ ရီးဒ်ရိုဆာ'ဟူသောအမည်ကိုယူလျက် နိုင် လက်မှတ်အတုဖြင့် ဗြိတိသျှသင်္ဘောကိုစီးကာ အတ္တလန္တိတ်သမုဒ္ဒရာကို ဗြ ပိုင်းစန်းပိတ်ဆို့ထားသည်ကိုပင် ဖြတ်သန်းလွတ်မြောက်ခဲ့၏။ ချီလီနိုင်ငံသား အ ဆောင်လျက်၊ မဒရစ်မြို့တွင် မဟာမိတ်ဆန့်ကျင်ရေးကို ဆက်လက်လုပ်ကိုင် မော်ရိုကိုနိုင်ငံနှင့် အာဖရိက အနောက်ပိုင်းတို့တွင် အာဖရိက တိုက်သားများက ပြင် ဗြိတိသျှကို ဆန့်ကျင်ရန် သွေးထိုးလှုံ့ဆော်ပေးသည်။

သည်လုပ်ရပ်များတွင် စပိန်နိုင်ငံက ခွင့်ပြုချက်ပေးသည်ဆိုကာ ပြင်သစ် စပိန်နိုင်ငံကို အပြစ်တင်ခဲ့၏။ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည်၊ မော်ရိုကို ပြိုင်ဖော်ပြိုင်ဖက်များ ဖြစ်၏။

စပိန်ရှိ သူ့အခြေစိုက်စခန်းကနေပြီး ဗြိတိသျှသင်္ဘော ၉ စင်းကို နှစ်မြှုပ်ခဲ့တယ်။ 'ဒါကိုလည်း ထောက်ပြဖို့ မေ့မနေနဲ့ဦး . . .'ဟု ပရော့ဖီက

မဒရစ်တွင် ဆက်လက်နေထိုင်ရန် အခက်အခဲတွေ့ရသည်။ ဂျာ အပြန်လမ်းခရီးတွင် ပြင်သစ်တို့ လက်ထဲသို့ ရောက်သွားအံ့ဆဲဆဲမှာ ကနားရစ် ရေငုပ်သင်္ဘောတွင် ဆက်လက်အမှုထမ်းပြန်သည်။ လောင်စာနှင့်ပတ်သက်၍ တင်ပြသော အစီရင်ခံစာများက ကိုင်ဇာဘုရင်ကြီးတို့ပင် စိတ်ဝင်တစား ဖြစ်စေခဲ့ အမှန် . . . ။

'ဒီ သူဟာ ဂရိလွတ်လပ်ရေးတိုက်ပွဲတုန်းက ထင်ရှားခဲ့တဲ့ သူ့ရဲ့ကောင်





ဆင်းသက်လာသူများလား'.

ကိုင်ဇာဘုရင်က အစီရင်ခံစာ စာမျက်နှာဘေးဘက်တွင် ကောက်ခြစ်ထား သည်။

နောင်သောအခါတွင် ဘဝင်မြင့်လာပါမှ မိမိအား ဂရိသူရဲကောင်း ကနားရစ် ဆင်းသက်ခဲ့သူအဖြစ် ထင်မှတ်လိုက ထင်မှတ်စေတော့ဟု သဘောပိုက်ထားဟန် ကောင်းဖြစ်ပေလိမ့်မည်။

ဤသည်မှာ သူ့ဘဝအကြမ်းဖျင်းပင်ဖြစ်သည်။ တီထွင်ဉာဏ်ရှိ၏။ ဖွံ့လုံ့လရှိ သည်။ ကောက်ကျစ်စဉ်းလဲရာတွင် ကမ်းကုန်၏။ သူ့ပင်ကိုယ်စရိုက်ကို ခန့်မှန်းရန် ခဲ၏။

'သူ့ကို ကြည့်ရှုစောင့်ရှောက်ပါမယ်လို့ ခင်ဗျားကတိပေးဗျာ'

ဗိုလ်မှူးကြီးပစ်ဖစ်က ရစ်ချတ်ပရော့ဖီသို့ အလုပ်တာဝန် လွှဲပေးသောအခါ ဆိုခဲ့၏။ သူသည် ရှေ့တွင် ဘေးဒုက္ခကြုံမှာဆိုးများနှင့် တွေ့ရမည်ကို ကြိုတင် ဂနာမငြိမ် ဖြစ်တတ်သည်။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်သူ ကနားရစ်အဖို့ ဖြည်းမှန်မှန်နှင့် လမ်းညွှန်ပေးနိုင်သူကို လိုပေလိမ့်မည်။ သူ့လို သစ္စာရှိစွာဖြင့် ထမ်းပါမည်ဟု ပရော့ဖီကလည်း ကတိပေးပါ၏။

ကျွန်တော်က ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ကနားရစ်၏ စွန့်စားခန်းများကို တစိုက် လေ့လာစူးစိုက်နေရာမှ အတိတ်သမိုင်းများကို ပြန်လည်လှန်လှောခဲ့၏။ နှစ်က ပထမဦးစွာ ဗြိတိသျှတို့နှင့် ဆုံဆည်းခြင်းသည် ချင်းချက်မရှိ လက်နက်ချ ခြင်းဖြင့် အဆုံးသတ်ခဲ့သည်ကို ပြန်လည်ဖတ်ပြရန်မှာ ထူးထူးခြားခြား ဆန်းဆန်း ဖြစ်နေဟန်ရှိပါ၏။

သည်စကားရပ်များက သည်ဇာတ်လမ်းတွင် ထမ်းတလဲလဲ ပွဲတင်ထင်နေပေ သည်တကား . . . ။



www.burmeseclassic.com

www.burmeseclassic.com

( ၂ )

## ကာမစစ်ဆင်ရေး (Operation Ka...

အချင်းချင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် သူလျှိုမလုပ် မထောက်လှမ်းတော်ဟု ဂျာမနီနိုင်ငံနှင့် သဘောတူစာချုပ်ခဲ့ခြင်းကို ပိုလန်နိုင်ငံသားများ ကိုယ်တိုင်ကလည်း အရေးမပေး အလေးမထား . . . ။

ပိုလန်ထောက်လှမ်းရေးအဖွဲ့ *(Polaud Intelligence Service)*က ဂျာမန်စစ်ဦးစီးဌာနချုပ်၏ စစ်မှန်သော ရည်ရွယ်ချက်များကို ရှာဖွေဖော်ထုတ်ရန်အတွက် သတ္တိပြောင်သော နည်းလမ်းများကိုပင် ဆက်လက်ကျင့်သုံးနေကြဆဲ . . . ။

ဟစ်တလာက မည်သို့ပင် အာမခံချက်များပေးပေး ပိုလန်ပြည်သူများက ဂျာမနီက ပိုလန်နိုင်ငံအား ရုရှားနှင့် ခွဲခြမ်းစိတ်ဖြာရန် ရည်ရွယ်ချက်ရှိနေသည်ဟု သံသယဖြစ်နေသည်ကိုပင် မစွန့်နိုင်သေး . . . ။

သို့ရာတွင် 'ဂျာမန်ထောက်လှမ်းရေးအဖွဲ့'က ထိုးစစ်ဆင်ရန် သဘောဖြင့် ပထဝီအနေအထားကို ကောင်းကင်မှ ဓာတ်ပုံရိုက်ကူးထောက်လှမ်းရာတွင် တစ်ဖက်ကမ်းခတ်သူ ပါရဂူများဖြစ်သည်။ ပိုလန်တို့ကလည်း ပိုလန်ကို ဆန့်ကျင်မည့် မည်သို့သော အကြံအစည်များရှိပြီး မည်သည့်လက်နက်များ ထုတ်လုပ်သည်ကို သိရှိရန်သာ အာရုံစိုက်လျက်ရှိ၏။

'ဗိုလ်ကြီး ဂျူးရက်ဗွန်ဆော့နော်စကီး' *(Capt Jurek Von Sosnowski)* ၏ လုပ်ငန်းရပ်များမှာ သည်ကိစ္စရပ်များ ဆောင်ရွက်ရန်သက်သက်ဖြစ်၏။ 'ကနားရစ်





...က်ထဲသို့ ဦးစွာပထမ ရောက်လာသည့် အကြီးကျယ်ဆုံးသော သူလျှိုအမှောင့်လုပ်ငန်း။

သည်လုပ်ငန်းကို 'ပစ်ဖစ်'လက်ထက်တွင် တစ်ပိုင်းတစ်စ၊ တစ်ဝက်တစ်ပျက်ဆောင်ရွက်ခဲ့ပြီးဖြစ်၏။

စင်စစ် 'ကနားရစ်'က သာမန်လုပ်ငန်း၏ အထက်တွင် ရှိနေ၏။ ထူးထူးခန်းခန်း ဓာတ်ရှပ်နှင့် မည်သို့မျှ ခွေးရောယှက်တင်မဖြစ်ခဲ့။ ရှုပ်ရှုပ်ထွေးထွေးပတ်သက်ခဲ့။ သည်ကိစ္စနှင့်ပတ်သက်ပြီး 'ကနားရစ်'၏အမည်ကိုပင် တွဲဖက်ဖော်ပြသည်မှ မရှိခဲ့။

သူတို့သည် ရာထူးတွင် ခန့်ခြင်းမှာ အထူးလျှို့ဝှက်ချက်ဖြစ်၏။ သည်ရာထူးမှာပင်လည်း လျှို့ဝှက်ထားသည်။ ဂျာမန် တတိယနိုင်ငံတော် *(Third Reich)*သည် ကောက်ချက်သည့် ဥပဒေပြဋ္ဌာန်းချက် အရပ်ရပ်ဖြင့် လျှို့ဝှက်ချက်များ လုံလုံခြုံခြုံ သိုမှီးရာဖြစ်ခဲ့၏။

ပထမကမ္ဘာစစ်ကြီးအတွင်းက ကြားနေနိုင်ငံများတွင် လှုပ်ရှားခဲ့သော ...ကလေးကနားရစ်၏ လုပ်ရပ်ကို တွေ့ကြုံဆုံဆည်းခဲ့ရပြီး အစဉ်တစိုက် နောက်ဆောင်ခံ လေ့လာနေသော ဗြိတိသျှရေတပ်ဝန်ကြီးဌာနကပင်လျှင် ၁၉၃၅-ခုနှစ်မှ ၁၉၃၉-ခုနှစ်ထိ ကနားရစ်ကို မျက်ခြည်ပြတ်သွားခဲ့ရ၏။

ဘာလင်မြို့မြောက်ဘက်ရှိ ရေတပ်စခန်းမှ အလုပ်ပြောင်းသွားသည်ကိုပင် ...သိသားမိခဲ့။ ဘာလင်မြို့ နိုင်ငံခြားသံရုံး ကောင်စစ်ဝန်ရုံးများက 'ကနားရစ်'အား ...ဝန်ကြီးဌာနမှ ကောင်စစ်ဝန်ဌာနခွဲနှင့် တွဲဘက်ဆောင်ရွက်နေရသည့် ဂျာမန်ရေတပ်...ကြီးဌာနမှ ရေတပ်ဦးစီးအရာရှိဖြစ်သည်ဟု သိထားကြ၏။ လုပ်ငန်းတာဝန်အရ ...နားရစ်'နှင့် အဆက်အသွယ်ပြုခဲ့ရသော နိုင်ငံခြားသားများက 'ကနားရစ်'၏ သေး...သွားမှုအား ထောက်လှမ်းရေးခံုးတွက်ရခြင်းကြောင့် သူသည် ဂျာမန်ထောက်လှမ်းရေး...အဖွဲ့ အကြီးကဲဖြစ်သည်ဟုပင် မှန်းဆရန် ခက်ခဲလှပါဘိတော့။

'ကနားရစ်'သည် မိသားစုနှင့်အတူ ဘာလင်မြောက်ဘက် ရေတပ်စခန်းမှ ...ဒီ' *(Sudende)* အရပ် 'ဒိုးစထရက်' *(Dollestrasse)*လမ်းရှိ အိမ်ငယ်ကလေးသို့ ...ပြောင်းရွှေ့နေထိုင်သည်။ ဂျာမန်လက်နက်ကိုင်တပ်များ၏ အစဉ်အလာအတိုင်း ကျစ်ကျစ်...လျစ်တည်း နေခဲ့ရ၏။

ဘာလင်မြို့ ဆင်ခြေဖုံးအရပ်တွင် ပန်းခြံများ၊ လှပရှုမောဖွယ်ကောင်းသော ...တာ အဆောက်အအုံများက ဆင်ခြေဖုံးအရပ်ကို နေချင့်စဖွယ် လှလှပပဖြစ်ရ...အောင် မည်သို့ပြုပြင်ထိန်းသိမ်းရသည်ကို စံနမူနာ ပြသယောင်ယောင် . . . ။

မကြာပါ 'ကနားရစ်'က မိမိနှင့် တစ်လမ်းတည်းတွင် 'ပရားရှန်း လျှို့ဝှက်...ပိုလိပ်အဖွဲ့'၏ အကြီးအကဲ ဂျာမန် နိုင်ငံတော်လုံခြုံရေးတပ်ဖွဲ့ *(Reich Security Service)*အကြီးအကဲ ဂက်စတာပို*(Gestapo)* အဖွဲ့ခေါင်းဆောင် 'ဟေးဒရစ်ချ်'သည် ...လည်း ရှိနေသည်ကို သိလာရ၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဘက်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲနှင့် ဂက်စတာပိုအဖွဲ့ အကြီးအကဲ တို့က တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အပေးအယူသင့်ရမည်။ သင့်သင့်မြတ်မြတ်ဖြစ် မည်ဆိုခြင်းမှာ ထင်ရှားသည်ပဲပေါ့ . . . ။

တနင်္ဂနွေနေ့ နံနက်ခင်းများတွင် ရေတပ်ဗိုလ်ချုပ်ကြီး 'ကနားရစ်'သည် ဇနီး သမီး နှစ်ဦးတို့နှင့်အတူ မြက်ခင်းပြင်တွင် သစ်သားဘောလုံး လိမ့်ကစား 'ဟေးဒရစ်ချ်'အိမ်သို့ လမ်းလျှောက်သွားတတ်ကြသည်။

နောင်သောအခါတွင် 'ကနားရစ်'မိသားစုသည် 'ဟေးဒရစ်ချ်' မိသားစုနှင့် အတူတူ နေ့လည်စာ စားတတ်ကြပြန်သည်။ နေ့လည်စာစားပွဲသို့ 'ဂက်စတာပို'နှင့် ထောက်လှမ်းရေးအဖွဲ့မှ ထိပ်တန်းအရာရှိကြီးများကို ဖိတ်ကြားခဲ့၏။

'တာပစ်ရှုဇာ'လမ်းမှ ထောက်လှမ်းရေးအဖွဲ့ရုံးချုပ်ရှိ မိမိရုံးခန်းသို့ ပထမဦး အလည်အပတ် ရောက်လာသူများတွင် 'ရိန်းဟတ်ဟေးဒရစ်ချ်'လည်း တစ်ဦးအပါအဝင် နိုင်ငံ လုံခြုံရေးအတွက် အရေးကြီးသော ထောက်လှမ်းရေးလုပ်ငန်းတစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် ဖြစ်၏။

စင်စစ် ဟေးဒရစ်ချ်နှင့် တွေ့ရဆုံရ ခင်မင်ရသည်မှာ ပျော်စရာမဟုတ် သူ့ မျက်နှာက ရန်လိုသည့် မျက်နှာထားမျိုး။ သူ့ပါးစပ်က နှုတ်ခမ်းပါးပါး ဖြောင့်ဖြော တန်းတန်းရှိ၏။ သူ့မျက်လုံးက ရက်စက်ကြမ်းကြုတ်၏။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး

သူနှင့် အတူရှိနေသရွေ့ တစ်ချိန်လုံးလိုလို ငြိမ်သက် တိတ်ဆိတ်နေတတ် သည်။ ယင်းကြောင့်လည်း ပြဿနာအရပ်ရပ်ကို ရင်းရင်းနှီးနှီး အပေးအယူလုပ် ဆွေးနွေး ဖြေရှင်းရန် ခက်ခဲလှ၏။

'ကနားရစ်'ကမူ 'ဟေးဒရစ်ချ်'နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်၏။ ဗိုလ်ချုပ်ကြီး 'ကနားရစ်'က သေးသေးညှက်ညှက် စကားပြောလျှင်သွက်သည်။ သို့သော် အသံ တိုးတိုးနှင့် လေပြော့ကလေးဖြစ်သည်။ ခြေဟန်လက်ဟန်ကလေးနှင့် ပြောတတ်သည်။

တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ပါ၏။ သို့ရာတွင် တစ်ဦးက တစ်ဦးအပေါ် 'ချီး'ထားသည်များလည်း ရှိ၏။

'ဟေးဒရစ်ချ်'တစ်ယောက် 'ကနားရစ်'ထံ ရောက်လာခြင်းမှာ 'ထောက်လှမ်း ရေး(၃)'မှ ဖိုင်တွဲများကို ကြည့်ရှုခွင့်ပြုဖို့ တောင်းခံရန်ဖြစ်၏။ 'ထောက်လှမ်းရေး (၃) ဖိုင်တွဲများတွင် ဂျာမနီရှိ နိုင်ငံခြားအင်အားကြီးနိုင်ငံများမှ သူလျှိုတမန်များကို စာရင်း ပြုစုထားသည်။ သည်ကိစ္စရပ်နှင့်ပတ်သက်၍ 'ဟေးဒရစ်ချ်'နှင့် 'ကနားရစ်' အရှင်း အမှုထမ်းခဲ့သော ဗိုလ်မှူးကြီးပစ်ဇစ်တို့ ကတောက်ကဆတ် ဖြစ်ခဲ့ကြရ၏။ ယခုတစ် လှသစ် 'ကနားရစ်'ကိုလည်း ချမ်းသာမပေး။

'ဟေးဒရစ်ချ်'က ဂျာမနီရှိ နိုင်ငံခြားမှ ပဉ္စမတပ်သားများမှာ မည်သူမည်သူ ဖြစ်သည်ကို သိလို၏။ ၁၉၃၄-ခုနှစ်က ရုံးတင်စစ်ဆေးခဲ့ရသော ဟိုးလေးတလော့





ဖြစ်ခဲ့ရသည့် သူလျှို ဖြစ်မှုကြီးမျိုး ပေါ်ခဲ့ဖူး၏။ 'ဟေးဒရစ်ချ်'က နိုင်ငံခြားသူလျှိုများကို အရှင်းပြုစုထားသည့် ဖိုင်တွဲများအား ကြည့်ချင်သည်ဆိုရာ၌ သူ့ဘက်မှ အကြောင်း ပြသော သည်ဖြစ်ရပ်က ပိုလန်လူမျိုးများနှင့် ပတ်သက်နေသည်။

'ကနားရစ်'က 'ဟေးဒရစ်ချ်'နှင့် ဆက်ဆံရာတွင် ပင်လယ်ပြင်၌ အတူတူ အမှုထမ်းခဲ့ဖူးသည့် လုပ်ဖော်ကိုင်ဖက်သဘောမျိုး ထား၍သာ ဆက်ဆံသည်ကို မြင်နိုင်ပါ၏ မှန်သည်။

၁၉၂၂-ခုနှစ်က ဖြစ်သည်။ 'ကနားရစ်'က 'ဘာလင်'အမည်ရှိ လေ့ကျင့်ရေး သင်္ဘောပေါ်တွင် ဗိုလ်အဆင့်ရှိစဉ်တွင် 'ဟေးဒရစ်ချ်'သည် အရာရှိသင်တန်းသား တစ်ဦးမျှသာ။ 'ကနားရစ်'ကိုယ်တိုင် ပြောခဲ့သည်ဆိုခြင်းမှာလည်း သံသယဖြစ်ဖွယ် ရာ၏။ မိမိခိတ်ဝယ် မည်သို့သဘောရှိသည်ကို 'ဟေးဒရစ်ချ်'တစ်ယောက် ထင်မြင်ချင် သလို ထင်စေတော့ဟု ယဲ်ထားဟန်ရှိ၏။

'ကနားရစ်'က ဂျာမန်ရေတပ်ဝန်ကြီးဌာနမှ 'ဟေးဒရစ်ချ်'၏ ကိုယ်ရေးရာဇဝင် ဖိုင်တွဲအား ရယူထားပြီးဖြစ်သည်။ 'ဟေးဒရစ်ချ်'အား စစ်တရားရုံးတွင် ရုံးတင်စစ်ဆေးပြီး ၁၉၃၀-ခုနှစ်များက ၎င်း၏ အကျင့်စာရိတ္တ ပျက်ပြားမှုများနှင့်ပတ်သက်၍ အပြစ်ပေးခဲ့ရ သည့်ဖြစ်မှုကြောင့် 'ဟေးဒရစ်ချ်'အား ရေတပ်မှ ရွတ်ချ ထုတ်ပယ်ခဲ့၏။

စာရွက်စာတမ်းထဲမှ စိတ်ဝင်စားဖွယ်ရာကောင်းသည့် နောက်တစ်ချက်ကိုပါ ထည့်ထားပြန်၏။

'ဟေးဒရစ်ချ်'၏ ဖခင်သည် ဂျူး ကပြားတဲ့ . . . ။

'ကနားရစ်'က 'ဟေးဒရစ်ချ်'၏ ကိုယ်ရေးရာဇဝင်ဖိုင်တွဲကို ဦးစီးအရာရှိတစ်ဦး ၏ မိမိပိုင် မီးခံသေတ္တာတွင် လုံလုံခြုံခြုံ သိမ်းဆည်းထားရန် လွှဲပြောင်းပေးလိုက်၏။

'ဟေးဒရစ်ချ်'နှင့်ပတ်သက်၍ 'ကနားရစ်'က မိမိနေ့စဉ်မှတ်တမ်းစာအုပ်တွင် သည်အတိုင်း ရေးမှတ်ထားခဲ့၏။

'လူကြမ်းလူရမ်း' ဖြစ်သည်။ မိုက်ရူးရဲလုပ်တတ်သည်။ ဒီလိုပုဂ္ဂိုလ်မျိုးနှင့် ရင်းရင်းနှီးနှီး ဆက်ဆံလုပ်ကိုင်ရန် မဖြစ်နိုင်' . . . တဲ့။

သို့ရာတွင် နောက် တစ်နှစ်ပတ်လုံး 'ကနားရစ်'သည်လည်း သည်လူကြမ်း နှင့် တွဲလျက် ထိပ်တန်းလျှို့ဝှက်ချက်များကို ပူးတွဲထမ်းဆောင်ရပေလိမ့်ဦးမည်။

ပထမခဆုံး ဇာတ်လမ်းမှာ၊ အင်မတန် ထူးဆန်းအံ့ဩဖွယ်ကောင်းသော ကြီး ဗွန်ဆော့နော်စကီး၏ ဇာတ်လမ်းပင်ဖြစ်ပါ၏။

နိုင်ငံတကာမှ စစ်သားဟူသရွေ့ ကျင်းတူးတိုက်စစ်ဆင်ခြင်း၏ ကြောက်စရာ ကောင်းလှသည်ကို ထိတ်ထိတ်လန့်လန့် ဖြစ်နေခြင်းမှ ကင်းသည်ဟူ၍မရှိ။ ပထမကမ္ဘာစစ်ကြီး က တူးမြောင်း၊ လိုဏ်ခေါင်းတူး၍ စစ်ချီစစ်ဆင်ခဲ့ရာ၌ တင့်ကား စစ်ယာဉ်များ မဟန့်တားနိုင်ဘဲ ခေါင်းပိတ်မိကာ သွေးချောင်းစီးခဲ့ရသည့် အဖြစ်များကို



www.burmeseclassic.com

www.burmeseclassic.com



ယနေ့တိုင်ပင် မမေ့နိုင်ကြသေး။ သည်သို့ စစ်ဆင်ခြင်းကိုပင် အားကျနေကြဆဲ။

ပြင်သစ်နိုင်ငံက ခုခံစစ်ကြောင်းကို တူးမြောင်းတူးကာ အင်္ဂတေ အခိုင်အခန့် ပြုလုပ်ထားလိမ့်မည်ဟု ကောက်ချက်ချမိသည်။ အမျိုးသား ခံစစ်တူးမြောင်းကြီး ပေါ်ခဲ့သည်။ မက်ဂီနွတ် ခံစစ်ကြောင်း *(Maginot Line)* ။

သို့ရာတွင် ၁၉၃၄–နှစ်၌ ဂျာမနီနိုင်ငံက၊ ယန္တရားစစ်ဆင်ရေးနည်းသစ်ကို ကျင့်သုံးနေကြောင်း။ အမာခံ (ယန္တရားတပ်မ (၃) ခုကိုပင် ဖွဲ့စည်းပြီးဖြစ်ကြောင်း ကောလာဟလသတင်းများ ထွက်လာသည်။ 'ပင်ဇာ' *(Panzer)*ခေါ် တင့်ကားတပ်များကို အလုံးအရင်းဖြင့် စစ်ဆင်ကာ တူးမြောင်းအင်္ဂတေဖြင့် ပြုလုပ်သော ခံတပ်များကို ကြေမွ ပျက်စီးပေလိမ့်မည်။

သည်သတင်းကြောင့် အီတလီတို့က ထိတ်ထိတ်ပျာပျာဖြစ်နေကြ၏။ 'အီတလီ စစ်ထောက်လှမ်းရေးအဖွဲ့ *(SIM)*မှ ဗိုလ်ချုပ်ကြီးရိုတာ *(Roatta)* ကိုယ်တိုင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့သို့သွား၍ ဩစတြီးယား စစ်ထောက်လှမ်းရေး၌ 'အာဝင်လဟိုစင်'နှင့် သွားရောက်တွေ့ဆုံကာ မည်သို့ဆောင်ရွက်ရမည်ကို ဆွေးနွေး တိုင်ပင်သည်။

'အာဝင်လဟိုစင်'သည် အီတလီတို့နှင့် လက်တွဲဆောင်ရွက်ရန် တာဝန်အပ်နှင်း ထားခြင်းခံရသူ ပုဂ္ဂိုလ်ဖြစ်ပါ၏။

အဘယ်ကြောင့်ဆို . . .

မူဆိုလိုနီ *(Mussoloni)*က ဩစတြီးယားနိုင်ငံအား ကြားခံနိုင်ငံအဖြစ် ထားရှိရန် စိတ်ဆုံးဖြတ်ခဲ့ပါလျှင် . . . ။

မူဆိုလိုနီသည် 'ဒိုလ်ဖတ်' *(Dollfus)* အသတ်ခံရစဉ်ကကဲ့သို့ မိမိ၏ ယန္တရားတပ်များကို 'ဘရင်နာတောင်ကြား' *(Brenner Pass)*ဆီသို့ ပို့ပေးရန် အသင့် ပြင်ဆင်ထားပြီးဖြစ်လျှင် . . . ။

'စထရစ်ဇာ' *(Stresa)* ရှေ့တန်းစစ်မျက်နှာသာ ဖြစ်နိုင်မည်ဆိုလျှင် . . .

'အာဝင်လဟိုစင်'က အီတလီ အာဏာပိုင်များနှင့် လက်တွဲ ဆောင်ရွက်ပေးလိမ့်မည်။

အီတလီစစ်ဦးစီးဌာနချုပ်နှင့် ဩစတြီးယား စစ်ဦးစီးဌာနချုပ်တို့တွင် နှစ်ဦးနှစ်ဖက် အကျိုးတူစိတ်ဝင်စားစရာများ ရှိနေ၏။

ထောက်လှမ်းရေးရာကိစ္စများနှင့် ပတ်သက်လျှင် ဂျာမနီနိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့က ဥရောပအလယ်ပိုင်းဒေသနှင့် ဘော်လ်ကန်ဒေသ *(Balkan)*ဆိုင်ရာ သတင်းများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လဲလှယ်ရန် လျှို့ဝှက်သဘောတူညီချက် ရှိသည်။

အခြားအခြားသော ကိစ္စရပ်များတွင်လည်း အဆက်အသွယ်ပြုရန် လမ်း





ပေါ်လာသည်။

'အာဝင်လဟိုစင်'မှာ ထောက်လှမ်းရေးအဖွဲ့များနှင့် ပတ်သက်လျှင် နိုင်ငံတကာ လျှို့ဝှက်အသင်းများစနစ်ကို ကောင်းစွာ သဘောပေါက်နားလည်သူ ဖြစ်၏။ မည်သို့သော အကူအညီမဆို မိမိပေးနိုင်ပါသည်ဟုပင် 'ဗိုလ်ချုပ်ကြီးရိုတာ'အား ကတိပေးခဲ့၏။

ပိုလန်အဖို့မူ သည်သို့သော အခွင့်အလမ်းများကိုပင် မမျှော်မှန်းနိုင်ခဲ့။ ဝင်စစ် ပိုလန်ထောက်လှမ်းရေးအဖွဲ့ လုပ်ရပ်များက ပို၍ သတ္တိပြောင်၏။ မူရင်းစစ်စစ်လည်း ဖြစ်သည်။

အခြားအခြားသော ပုဂ္ဂိုလ်များနှင့်အတူ 'ဂျူးရက်ဖွန်ဆော့နော်စကီး'ဆိုသူ လူချောလူလှကလေးတစ်ဦးလည်း ဂျာမနီနိုင်ငံအတွင်းသို့ ငွေစာရင်းအရာရှိတစ်ဦး အယောင်ဆောင်လျက် ဝင်လာခဲ့သည်။

ဆော့နော်စကီးသည် မိမိတပ်ရင်းမှူး၏ ဇနီးနှင့် ဇာတ်ရှုပ်ခဲ့၍ နာမည်ပျက်ခဲ့သူ ဖြစ်ခဲ့၏။

မြင်းနှစ်ကောင်ကိုခွဲကာ ဘဝသစ်ထူထောင်မည့်သူတစ်ဦး ဟန်ဆောင်လျက် 'ဆော့နော်စကီး'က နယ်ခြားကို ဖြတ်ကျော်ခဲ့သည်။ မိမိလုပ်ငန်းအတွက် ဆောင်ရွက်ပေးမည့် အမျိုးသမီးများကို ရှာရန်လည်း အစွမ်းကုန်ဆောင်ရွက်ပေးလိမ့်မည်။

'ဒီအကြောင်းကို ငါပဲပြောပြပါရစေတော့။ ဆော့နော်စကီးကို နောင်ယောင်ခံလိုက်ခဲ့ရသူကတော့ ငါပဲ . . .

တန်ပြန်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲဟောင်း ရစ်ချတ်ပရော့ဇ်က ထုတ်ဖော်ပြောပြ၏။

'ရစ်ချတ်ပရော့ဇ်'ကို ကျွန်တော် ဟော်လ်စတိန်းနယ်ရှိ စားသောက်ဆိုင်တွင် တွေ့ခဲ့ရသည်။ အမဲလိုက်ခွေးက အနံ့ခံနေသကဲ့သို့ စားပွဲကို နှာခေါင်းထိပ်များနှင့် ထိသည်ထိ ကုန်းလျက် နားထောင်နေသူများကို မျက်လုံးပြာအစုံနှင့် စေ့စေ့ကြည့်ပြီး ဂျာမန်ပြည်သားက လေးလံသော ခြေလှမ်းများအတိုင်း နောက်ယောင်ခံလိုက်ခဲ့သည် ကို ပြန်လည် ဇာတ်ကြောင်းလှန်နေသည်။

'အဲဒီခေတ်အခါတုန်းက ဘာလင်မြို့တော်မှာ ပိုလန်ပြည်သား ထောက်လှမ်းရေး အရာရှိနှစ်ဦး ရှိနေတယ်။ ဗိုလ်ဂရစ်ဖ်ချက်ကိုးစကီး *(Lieut. Griff Tschaikovsky)* ဟာ မိမိအလုပ်ကို ဘယ်ကဘယ်လို ရေမှန်းမသိအောင် ဖြစ်နေတယ်။ မကြာပါဘူး ကိုယ်တိုင် ကျုပ်တို့ရှိရာကိုရောက်လာပြီး သူ့အလုပ်ကို သူဘယ်လိုမှ မလုပ်တတ် ကြောင်း ပွင့်ပွင့်လင်းလင်း ဝန်ခံတော့တာပါပဲ။ သူ့ကို သတင်းများပေးဖို့ မေတ္တာရပ်ခံ ခဲ့တယ်လေ . . .

'သတင်းတွေ အများကြီးရှိပါတယ်ကွ ကိုယ့်လူရေ။ အဲ . . . အခုကစပြီး ခင်ဗျားတွက် အလုပ်လုပ်ရင်ပေါ့ကွာ . . . 'လို့ ကျုပ်တို့က ပြောခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီအချိန်တုန်းက စစ်ဦးစီးဌာနချုပ်မှာ စိတ်ဝင်စားစရာ အကောင်းဆုံးဌာနကတော့ *(IN 6)* ပဲ ဖြစ်လိမ့်မယ်။ ဗိုလ်မှူးကြီး 'ဟိန်းဇ်ဂူဒါရိန်း' *(Col. Heinz Guderain)*က အဲဒီတုန်းက အုပ်ချုပ်တယ်။ ဒီဌာနခွဲက ယန္တရားယာဉ်များထုတ်လုပ်ရေးကို စမ်းသပ်ဆောင်ရွက်ရတယ်။ ဒီယန္တရားတပ်ယာဉ်များ အသုံးပြုရမယ့် နယ်မြေအသေးစိတ် . . . မျှော်မှန်းထားတဲ့ စစ်ဆင်ရေးပုံစံများနဲ့လည်း ဒီဌာနခွဲက အကျွမ်းတဝင်ဖြစ်ရပေလိမ့်မယ်'

'ဒါကြောင့်လဲ *IN 6* ကို စစ်ဆင်ရေး စီမံကိန်းများအပြင် ဂျာမနီက မထုတ်လုပ်ရလို့ တားမြစ်ထားတဲ့ စက်လက်နက်ပစ္စည်းများကို ရုရှားမှာ တိတ်တဆိတ်ထုတ်လုပ်ပေးသတဲ့။ 'ကာမစစ်ဆင်ရေး' များအကြောင်းကို အသိပေးထားခဲ့တယ်။ ကျုပ် အုပ်ချုပ်ရတဲ့ တန်ပြန်ထောက်လှမ်းရေးဌာနခွဲ *(IIIF)*က 'ဂူဒါရိန်း' ထံက ဟိန်းဇ်ချက်ကိုစကီးကို လွှဲပြောင်းပေးဖို့ မဟုတ်မမှန်သတင်းများကို သွားယူရတယ်လေ။ ချက်ကိုစကီးက ဒီသတင်းတွေကို ဓာတ်ပုံရိုက်ယူပြီး ပိုလန်သံရုံးအတွင်းမှ ပန်းခြံထဲကို တစ်ချီးတည်းလစ်တော့တာပါပဲ။ ပန်းခြံအတွင်းမှာ ဓာတ်ပုံကူးဖို့ အမှောင်ခန်းကလေးလဲ ရှိပါရဲ့။

'တစ်နေ့မှာ ဆေးကူးပြီး ဖလင်များကို အခြောက်လှမ်းထားရာ အခန်းတခြားပုဂ္ဂိုလ်တစ်ဦး လှမ်းထားတဲ့ ဖလင်များကိုကူးယူပြီး ကျုပ်တို့ဆီ ယူလာတယ်လေ။ ဒီတော့မှ *(IN 6)* ဌာနခွဲမှ စစ်မှန်တဲ့သတင်းများဖြစ်နေတာကို တွေ့ရတယ်။ ကျုပ်တို့ရှေ့ ချက်ကိုစကီးပါ ဘယ်လောက် အံ့သြမိကြမယ်ဆိုတာသာ စဉ်းစားကြည့်တော့။ အဲဒီနောက်တော့ ကျုပ်တို့က ပိုလန်သံရုံးကို လာကြတဲ့သူတွေကို အသေအချာ စောင့်ကြည့်တော့တာပဲ။ အတန်ကြာတဲ့အခါမှ မြေအောက်ခန်း ပြတင်းပေါက်မှ အလင်းရောင်များကိုပါ သေသေချာချာ ကြည့်မိကြပြန်တယ်။ ဒါပေမယ့် ပိုလန်လူမျိုးများက ဒီအထောက်အထားများကို ဘယ်ပုံဘယ်နည်း ရသလဲဆိုတာကို တွေးလို့မရခဲ့။

'ဂျူးရက်ဗွန် ဆော့နော်စကီး' ကတော့ လူချောလူလှတစ်ဦး။ သတ္တိပြောင်ပြောင် လုပ်တတ်တယ်။ အေးဆေး တည်ငြိမ်တယ်။ ချစ်စရာကောင်းတဲ့ အပြုံးလေးကို အမြဲ ပြုံးတတ်တယ်။ သူ့လက်ထဲမှာ ငွေအများကြီးရှိဟန်တူတယ်။ ရုပ်ရှင်နဲ့ဇာတ်ရုံလုပ်ရာမှာ ငွေကို ရေလိုသုံးနေတယ်။ လှလှပပပြင်ဆင်ထားတဲ့ သူ့အခန်းမှာလဲ မကြာခဏ ပါတီပွဲတွေပေးလို့ အမျိုးသမီးတွေကတော့ သူ့ကို မဟာန့်တားနိုင်ကြဘူး။ ဆော့နော်စကီးဟာ ဆွစ်ပြည်ပေါက် 'ဇိုလီကိုဗာ' *(Zolikofer)*ဆိုသူ တစ်ခုလပ်အမျိုးသမီးနဲ့ ပြောင်ပြောင်တင်းတင်း တွဲခုတ်နေခဲ့တယ်။ သူတို့နှစ်ဦးကို မြင်းပွဲ၊ ရုပ်ရှင်၊ ညကလပ်တွေ မှာ တပူးတွဲတွဲနဲ့ တွေ့ရတတ်တယ်။'

'၁၉၃၄-ခုနှစ်၊ နွေရာသီတစ်နေ့မှာပေါ့၊ ဆော့နော်စကီးဟာ ဘူဒါပက်စ်တ် *(Budapest)*မှ ဟိုတယ်တစ်ခုက ဟန်ဂေရီလူမျိုး ကချေသည်ကောင်မလေး 'ရီတာပက်စီ' *(Rita Pasci)*ကို မျက်စိကျပြန်တယ်လေ။ ဆော့နော်စကီးက ရီတာကို





ညစာအတူစားဖို့ ဖိတ်ခေါ်ပြန်တယ်။ ဟန်ဂေရီက ပြန်အလာမှာ ရီတာကလည်း ဆော့နော်စကီးနဲ့အတူ ကဗ္ဗဆိုပြီး ကားနဲ့လိုက်ခဲ့ပြန်တယ်။ ဒါပေမယ့် မကြာမတင်မှာပဲ ဆော့နော်စကီးက မိမိအလုပ်မှာ ထောက်လှမ်းရေးသူလျှိုလုပ်ရန် ဖြစ်တယ်။ ဒါကြောင့် ဒုမှာ အမျိုးသမီးများ ပိုင်းပိုင်းလည်နေကြတာကို တွေ့နိုင်ကြောင်း ဖွင့်ပြောပြတယ်လေ။

'ရီတာကလည်း ဆော့နော်စကီးအပေါ် ဘယ်လိုမှ အထင်အမြင်မသေးဘဲ သူ့အတွက် လုပ်စရာရှိတာ လုပ်ကိုင်ပေးနေတော့တယ်'

'စစ်ဝန်ကြီးဌာနမှာ ကျွန်မ မိတ်ဆွေတစ်ဦးရှိတယ်။ အခု ဘယ်ဌာနမှာ လုပ်နေတယ်ဆိုတာ စုံစမ်းရဦးမယ်' လို့ ရီတာက ပြောတယ်။

'ဒီလိုနဲ့ ရီတာက သူ့သူငယ်ချင်း နက်ဇမာ *(Natzmer)*ကို ဝမ်းစီးကန်မှာ ရေကူးဖို့ ခေါ်ထုတ်ခဲ့တယ်။ ကမ်းစပ်မှာပဲ လဲလျောင်းအနားယူရင်းက နက်ဇမာရဲ့ အလုပ်အကိုင်နဲ့ပတ်သက်လို့ ဟိုဟိုဒီဒီ ပြောဆိုကြတယ်ပေါ့။'

'သူငယ်ချင်းက ဗိုလ်မှူးကြီး ဂူဒါရိန်းရဲ့ *(IN 6)* ဌာနခွဲမှာ အလုပ်မလုပ်ဘူးလား' နောက်တစ်ခါ ရေချိုးထွက်ရာမှာ ရီတာက အလန့်တကြားဆိုတော့တယ်။

'မင်းအလုပ်လုပ်နေတာဟာ ရုရှားတွေ အကျိုးအတွက်ဆိုတာ မင်းနားလည်တယ် မဟုတ်လား။ ကွန်ဆာဗေးတစ်ပါတီက ငါ့မိတ်ဆွေတွေဟာလည်း ဒီလုပ်ငန်းမှာ ကောင်းကောင်းကြီး မဟုတ်မမှန် သတင်းလွှင့်ခံခဲ့ရတယ်လေ။ ငါက ဂျာမန်မျိုးချစ်တပ်ဖွဲ့တစ်ခုရဲ့ အဖွဲ့ဝင်ပဲ။ တဖြည်းဖြည်းနဲ့ နက်ဇမာ အလုပ်လုပ်ရာ ဌာနခွဲရဲ့ လုပ်ငန်းအကြောင်းတွေကို နှိုက်ယူတော့တာပါပဲ။ နက်ဇမာအလုပ်လုပ်တဲ့ ရုံးခန်းရဲ့ မြေပုံကြမ်း။ ပြီးတော့ စစ်ဆင်ရေးနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းများ ရယူတယ်လေ'

'မကြာပါဘူး။ ဇိုလီတိုဖာက နက်ဇမာကို ဘိုလ်ရှီဗစ် ဆန့်ကျင်ရေးလုပ်နေတဲ့ ဂျာမန်မျိုးချစ်အဖွဲ့အတွက် *IN 6* မှာ စာရွက်စာတမ်းများထုတ်ယူခဲ့ဖို့ သွေးဆောင်ဖြားယောင်းတော့တာပါပဲလေ။ ဒီလို စာရွက်စာတမ်းတွေ ယူလာတဲ့အတွက် ဇိုလီတိုဖာက နက်ဇမာကို ငွေပေးတယ်။ နက်ဇမာကို ဆိုင်ကြီးကနားကြီးတွေဆီ ခေါ်ခေါ်သွားရတာကြောင့် ဇိုလီတိုဖာလည်း မကြာခင်မှာ ကြွေးလည်ပင်းနိုက်လာတော့တာပေါ့။ ဇိုလီတိုဖာက သူကထောက်ပံ့ရတာထက် နက်ဇမာအပေါ် မှီခိုလာတာက ပိုလာတယ်ပေါ့။ ကုန်လှုပ်ချောက်ချားစရာကြီး ပေါ်လာခဲ့တယ်။ ဇိုလီတိုဖာက သူတို့နှစ်ဦးဟာ ပိုလန်ထောက်လှမ်းရေးအရာရှိတစ်ဦးအတွက် အလုပ်လုပ်နေကြရတယ်ဆိုတာကို ထုတ်ပြောတော့တာပဲပေါ့။ အကယ်၍ ဇိုလီတိုဖာက ဒီလုပ်ငန်းက ထွက်လိုလျှင် စစ်ဝန်ကြီးဌာနမှာ ငွေရေးကြေးရေး အကြပ်အတည်း တွေ့နေရတဲ့ မိန်းကလေးများကို စည်းရုံးသိမ်းသွင်းပြီး ဇိုလီတိုဖာနေရာမှာ အစားထိုးရလိမ့်မယ်လို့လဲ ပြောပြန်တယ်။ နက်ဇမာက ဒီလုပ်ငန်းကို သိခဲ့တော့၊ ဒီတော့ ငွေရေးကြေးရေး အကြပ်အတည်းတွေ့နေရတယ်လို့သိထားရတဲ့ ဂျီနား *(Jena)* နဲ့ မိန်းကလေးသုံးဦးကို စည်းရုံးသိမ်းသွင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဆောနေ့ာ်စကီးတစ်ယောက်လည်း အလုပ်ရှုပ်နေတယ်။ ကြေးတင်နေရတဲ့ ဗိုလ်မှူးကြီးတစ်ဦးကိုပါ သူတွေ့ထားတယ်။ ဗိုလ်မှူးကြီး ဘိုင်ဒင်ဖာ *(Col. Beidenfuhr)* ပေါ့။ ဗိုလ်မှူးကြီး ဇနီးနဲ့ စတင် အဆက်အသွယ်လုပ်တော့တာပါပဲ။ စစ်ဝန်ကြီးဌာနမှာ အလုပ်လုပ်တဲ့ ဗိုလ်ရော့တ်လော့ဖ် *(Lieut. Rotloff)*ကိုပါ လာဘ်ထိုးခဲ့ပြန်တယ်'

'အဲ . . တစ်နှစ်အတွင်းမှာပဲ ဆောနေ့ာ်စကီးဟာ လျှို့ဝှက်စာရွက်စာတမ်းအများ ဗိုလ်မှူးကြီး ဂူဒါရီန်းရဲ့ မီးခံသေတ္တာသော့၊ ပြီး . . ပိုလန်နိုင်ငံကိုတိုက်မယ့် ဂျာမန်စစ်ဆင်ရေးစီမံကိန်း အကြမ်းဖျဉ်းသတ်မှတ်ချက် စာရွက်စာတမ်းများကိုပါ အရယူနိုင်ခဲ့တယ်။'

'ဒီအခါမှာ မနာလိုဝန်တိုဖြစ်နေတဲ့ ရီတာက ဇာတ်ပွဲစားတစ်ဦးကို မိမိအား ဆောနေ့ာ်စကီးက ဂျာမနီတွင် သူလျှိုလုပ်ဖို့ ခေါ်ခဲ့တယ်ဆိုပြီး တိုင်တန်းတော့တယ်။ ဇာတ်ပွဲစားကိုယ်တိုင် ကျုပ်တို့ဆီရောက်လာပြီး အကယ်၍ ရီတာပြောတဲ့အတိုင်း သူလျှိုလုပ်ခဲ့ရင် ခွင့်လွှတ်ပါမယ့်အကြောင်း အာမခံချက် လာတောင်းတယ်လေ'

ကျုပ်တို့ကလည်း ရီတာကိုပြောလိုက်ပါတယ်။

'ခွင့်လွှတ်ပါတယ်ဆိုတဲ့ အာမခံချက်ကို မင်းဆန္ဒအတိုင်း ပေးတယ်။ ဒါပေမယ့် တို့တွေအတွက် အလုပ်လုပ်ပေးရလိမ့်မယ်။ ဆောနေ့ာ်စကီးအတွက် သူလျှိုလုပ်ပေးနေတဲ့ မိန်းကလေးများရဲ့အမည်ကို ရအောင်ယူရလိမ့်မယ်လို့ . . .

တစ်နေ့မှာ ရီတာက ကျုပ်တို့ဆီဖုန်းဆက်တယ် . . .

'နက်ဇမာ၊ ဂျိနာဆိုတဲ့ နာမည်များက ရှင်တို့အတွက် အကျိုးများရှိမလားတဲ့'

'ဒီနာမည်တွေကြားရတော့ ကျုပ်ဖြင့် ဒူးခွေသွားမိတယ်။ ဒီနာမည်ပိုင်ရှင် မိန်းကလေးတွေဟာ စစ်ဝန်ကြီးဌာနမှာ ထိပ်တန်းလျှို့ဝှက်ကိစ္စများကို ကိုင်တွယ်နေတဲ့ စာရေးမတွေဆိုတာ ကျုပ်ကောင်းကောင်းသိတယ်လေ . . .

'ဆောနေ့ာ်စကီးက ဘာလင်မြို့မှ ရုပ်ရှင်နှင့် ဖက်ရှင်အဆန်းထွင် လောက အတွက် ဘက်ချ်ခန်းမ *(Bech Hall)*မှာ ပွတ်သဘင် ဆင်ယင်ကျင်းပခဲ့ပြန်သည်။ ဒီပွဲမှာ ဘယ်သူတွေများလာမလဲဆိုတာ ကြည့်ရအောင်။ ကျုပ်က ကျုပ်မိန်းမကို လွှတ်လိုက်တယ်လေ။ ဆောနေ့ာ်စကီးက ပွတ်သဘင်ပွဲအပြီးမှာ ရီတာကို ဂုဏ်ပြုတဲ့ အနေနဲ့ ပွဲပေးနေစဉ် အဲဒီညမှာပဲ သူနေတဲ့တိုက်ခန်းကို ရှာဖွေဖို့ လျှို့ဝှက်ပုလိပ်အဖွဲ့က အစီအစဉ်လုပ်ခဲ့ပြီးပြီ'

➡ ◆ ⬅

ပွတ်သဘင်ပွဲတုန်းက ဆောနေ့ာ်စကီးက ရစ်ချတ်ပရော့ဇီ၏ ဇနီး ဟယ်လီနာ *(Helena)*ကို ချီးမွမ်းခန်း ဖွင့်နေခဲ့၏။





ဟယ်လီနာကို ဆောနေ့ာ်စကီးသည် ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဖူးခဲ့။ ဟယ်လီနာကလည်း မိမိသည် စစ်ဝန်ကြီးဌာနတွင် အလုပ်လုပ်သည်ဟု အမှန်အတိုင်း ဖွင့်ပြောသည်။

'နောက်တစ်ခါ ကျွန်တော်တို့ တွေ့ကြရဦးမယ်လို့ မျှော်လင့်ပါတယ်'

ဆောနေ့ာ်စကီးက ဆို၏။

'ဖြစ်နိုင်ရင် ဒီညနေပဲ တွေ့ကြရအောင်'

ဟယ်လီနာကလည်း အပြုံးကလေးဖြင့် ပြန်ပြောသည်။

ရစ်ချတ်ပရော့ဇီက ထောက်လှမ်းရေးအဖွဲ့ရုံးရှိ မိမိရုံးခန်းအတွင်း ထိုင်နေရင်းက ဒေါနှလွှပ်ချောက်ချားနေ၏။

'ဒီအဖွဲ့ကို ဒီည ဖမ်းနိုင်ရင်ဖမ်းပဲ။ နောက်ဆို မဖမ်းနိုင်တော့ဘူး'

ရစ်ချတ်က ပါးစပ်မှ တတွတ်တွတ် ပြောနေသည်။

ရီတာက ဆောနေ့ာ်စကီးတိုက်ခန်းမှ ဖုန်းဆက်ပြန်သည်။

'ဂျူးရက်ဆောနေ့ာ်စကီးတော့ ဂနာမငြိမ်ဖြစ်နေတယ်။ အထုပ်အပိုးတွေ ထုပ်ပိုးပြင်ဆင်နေတယ် . . . 'တဲ့။

ရှန်ပိန်အရက်တွေ လှိုင်လှိုင်ဖြင့် ညစာခံပွဲစလျှင်စခြင်း ဂက်စတာပို လျှို့ဝှက်ပုလိပ်အဖွဲ့က ဆောနေ့ာ်စကီး၏ တိုက်ခန်းတံခါးကို လာခေါက်တော့သည်။ ညစာစားပွဲမှာ ဆင်မြန်းရတဲ့ ဝတ်စုံဝတ်လျက် ဆောနေ့ာ်စကီးက သူကိုယ်တိုင် တံခါးကိုဖွင့်ခဲ့၏။ လျှို့ဝှက်ပုလိပ်အဖွဲ့ဝင်များက ကြောက်ဒူးတုန်နေသော အမျိုးသမီးများနှင့် မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည့် အမျိုးသားများကို တန်းစီစေပြီး အခန်းတစ်ခုလုံးကို မွှေနှောက်ရှာဖွေတော့သည်။

'မင်းဟာ သူလျှိုပဲ'

လျှို့ဝှက်ပုလိပ်အဖွဲ့ဝင်တစ်ဦးက ဆောနေ့ာ်စကီးကိုကြည့်ပြီး ဟောက်တော့သည်။

'ဟာ . . . မဟုတ်ရပါဘူး။ ကျုပ် ဒီအစားထဲက မဟုတ်ရပါဘူး'

ဆောနေ့ာ်စကီးကလည်း လေအေးအေးဖြင့် ပြန်ဖြေသည်။

'ခင်ဗျားဟာ တကယ့် သူလျှိုပါပဲလား'

'မဟုတ်ဘူး။ ခင်ဗျားတို့ မှားနေပြီ'

ဆောနေ့ာ်စကီးကလည်း အပြုံးမပျက် ဟန်မပျက် ငြင်းနေ၏။

'ကဲ . . . ကဲ . . . သူဘာဆိုတာကို ကျုပ်ပြောမယ်။ ဒီမှာ ဆောနေ့ာ်စကီး မင်းဟာ ပိုလန်ထောက်လှမ်းရေးက သူလျှို . . .

ရစ်ချတ်ပရော့ဇီက ယတိပြတ် စွပ်စွဲလိုက်တော့သည်။

နောက်လပေါင်းများစွာ ကြာသောအခါမှ တရားရုံးတွင် သည်သို့ပင် စွပ်စွဲပြန်

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဆော့နော်စကီးက ဖိနပ်ဖနှောင့်နှစ်ခုကို ရိုက်လိုက်ပြီးလျှင် သတိအနေအထား ဖြင့် ရပ်လျက်နေသည်။ ရုံးခန်းတစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်မှာ အပ်ကျ လျှင်ပင် ကြားရမတတ်ပါပင်။

'ပျော်တယ် ကျုပ် သူလျှိုပဲ'

ပြည်သူ့တရားရုံးခန်းအတွင်း၌ ပါတီမှ ပုဂ္ဂိုလ်များနှင့် ပြည့်ကြပ်နေသည်။ ဂျာမန်ထောက်လှမ်းရေးမှ အရာရှိငယ်များအားလည်း ထောက်လှမ်းရေးသင်တန်း သင်ခန်းစာတစ်ရပ်အနေဖြင့် အမှုသွားအမှုလာကို အစအဆုံး ရေးမှတ်ဖို့ပါ ညွှန်ကြားထား ခဲ့သည်။

ဗိုလီတိုဖာနှင့် နက်ဖမာတို့အား သေဒဏ် အပြစ်ချမှတ်ခဲ့၏။ ဂျိနာကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့၏။

ထောင်တွင်း၌ ဗိုလ်ကြီး ဆော့နော်စကီးနှင့် ဗိုလီတိုဖာတို့ လက်ထပ်ကြရန် ကြိုးပမ်းခဲ့ခြင်းကို ဟစ်တလာကိုယ်တိုင် ဟန့်တားခဲ့၏။ လက်ထပ်ခြင်းဖြင့် ဗိုလီတိုဖာ က ပိုလန်နိုင်ငံသူအဖြစ်ကို ရယူလျက် သေဒဏ်ပေးခံခြင်းမှ လွတ်ရန် အကွက်ဆင်ခြင်း ဖြစ်သည်။

တရားရုံးမှ နောက်ဆုံးအကြိမ် ထွက်သွားသောအခါ ဗိုလီတိုဖာက အသံကုန် ဟစ်လိုက်၏။

'အဖနိုင်ငံအတွက် ကျွန်မသေရမှာကို ဝမ်းသာပါတယ်'တဲ့ . . . ။

တရားရုံးတွင် အမှုဆိုင်နေရသော ကာလအတွင်း ဆော့နော်စကီးက ပထမ ဆုံးအကြိမ် စိတ်လှုပ်ရှားကာ ဗိုလီတိုဖာ၏လက်ကို ငုံ၍ မွှေးမွှေးပေးလိုက်၏။

အမျိုးသမီးနှစ်ဦးအား ၁၉၃၅–ခု ဖေဖော်ဝါရီလတွင် ပေါက်ဆိန်ဖြင့်ခုတ်၍ သေဒဏ်ပေးခဲ့၏။

ဒေါသ အမျက်ချောင်းချောင်းထွက်နေသော ဗိုလ်မှူးကြီး 'ဂူဒါရီနီး'က ပိုလန် လူမျိုးများနှင့် လျှမှုရေးအရ အဆက်အသွယ်ရှိသည်များကို ဖြတ်တောက်လိုက်၏။

ယခုကဲ့သို့သော မိုက်မိုက်ကန်းကန်း လုပ်ငန်းရပ်များမှာ ဂျာမန်–ပိုလန် ချစ်ကြည်ရေးစာချုပ်သစ်ကို ထိခိုက်စေသည့်အတွက် ဂျာမန်အစိုးရ အသိုင်းအဝိုင်းတွင် စိတ်ဆိုးမာန်ဆိုး ဖြစ်ကြရသည်။ တအံ့တသြလည်း ဖြစ်ကြသည်။

* ◆ *

ရစ်ချတ်ပရော့ဇီက သည်ဇာတ်ကြောင်းကို အစအဆုံး ပြန်ပြောခဲ့ရာတွင် အတော်အချိန်ကုန်စေခဲ့၏။ သူ့ထုတ်ဖော်ပြောပြချက်သည် ယခုထိ လူသိများသော ပြောစကား ဆိုစကားများနှင့် ကွာခြားခြင်းမက ကွာခြားနေ၏။





ကျွန်တော်ကလည်း သည်ဇာတ်လမ်းကို မချွင်းမချန် ပြောပြပါ၏။ သို့ရာတွင် ဒန်ဂေရီလူမျိုး ကချေသည်က ယနေ့တိုင် အသက်ထင်ရှား ရှိနေသေး၍ သူ့မအမည်ကို ဖော်ဟူ၍သာ လှီးလွှဲပြောခဲ့၏။

ဤစာအုပ်ကို ကျွန်တော် စတင်ရေးခဲ့သည့် အချိန်မှစ၍ သည်အမှုနှင့် ပတ်သက်ပြီး ဂျာမန်တို့ကိုယ်တိုင် အသေးစိတ်အချက်အလက်များကို စုဆောင်းရှာဖွေ ထားခဲ့၏။ လွန်ခဲ့သောရာစုနှစ်က ပြင်သစ်နိုင်ငံတွင် ဂျူးလူမျိုး ဒရေးဖတ်စ် *(Drey Fus)*အား ရုံးတင်အမှုစစ်စဉ်က အကြီးအကျယ်ဖော်ပြသကဲ့သို့ ယခုအမှုကိုပါ အကြီး အကျယ် ဖော်ပြကြပြန်သည်။ သည်အမှုကိုပင် ရုပ်ရှင်ဇာတ်ကား ရိုက်ကူးခဲ့၏။

သို့ရာတွင် ယခုစာအုပ်၌ ကျွန်တော် ရှာဖွေစုဆောင်းရပြီးသားအား နောက်ထပ် ဖြည့်စွက်ရန် လိုအပ်မည်ဟု မမြင်။

စင်စစ် သည် သူလျှိုအမှုမှာလည်း တတိယဂျာမန်နိုင်ငံတွင် တစ်ဦးအပေါ် တစ်ဦး ဗိုလ်ကျနိုင်ရန် ရှန်းကန်အားထုတ်မှုတစ်ရပ်ပင် ဖြစ်၏။

ထို့ပြင် . . .

သည်အမှုကြောင့် 'ကာနားရစ်'သည်လည်း ပိုလန်သံမှူးတစ်ယောက်ကို အကြောင်းပြု၍ ဂျာမန်ထောက်လှမ်းရေးတွင် နေရာရခဲ့သည်ကို ဦးစွာပထမ မြင်နိုင် စွမ်းရပြန်သည်။

သည်စဉ်က ဂျာမနီနိုင်ငံဆိုင်ရာ ပိုလန်သံအမတ်ကြီး 'ဂျိုးဇက်လစ်ပ်စကီး' *(Josef Lipski)*က ဆော့နော်စကီး အမှုကြောင့် မိမိနှင့် ကာနားရစ်တို့ အဆက်အသွယ် ဖြစ်ခဲ့ရသည်ကို မှတ်မိနေဆဲ . . . ။

'အဲဒီအချိန်တုန်းကပေါ့။ ကျုပ်ဆီကို ခံ့ပင်ဖြူဖြူ ဂျာမန်ရေတပ်ဗိုလ်ချုပ်ကြီး တစ်ဦး အလည်အပတ် ရောက်လာခဲ့တယ်။ ဆော့နော်စကီးကတော့ ထောင်ထဲမှာပဲ ရှိနေသေးတယ်။ ကာနားရစ်ရဲ့ တိုးတိုးညှင်းညှင်းပြောပုံနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာ ကြောင့် ကျုပ်ပင်အံ့သြမိတယ်။ သူပြောပုံဆိုပုံက ကျုပ်အပေါ် အထူးတလည် ယုံကြည် အားထားလျက် ကျုပ်ထံမှ ကရုဏာကို တောင်းခံနေသယောင်ယောင်ပါပဲ။ ကျုပ်တို့ နှစ်ဦးစလုံးအတွက် ဖြစ်နိုင်မယ့်နည်းလမ်းကိုပင် သူက ရှာဖွေပေးနေဟန်ပါပဲ။ သူဟာ ဂျာမန်ထောက်လှမ်းရေးဌာန အကြီးအကဲရယ်လို့ ကျုပ် နည်းနည်းမှ မရိပ်မိခဲ့ဘူး'

'ကာနားရစ်က ဆော့နော်စကီးကို ဝါဆောမြို့ အကျဉ်းစခန်းတစ်ခုမှာ ထောင်ကျနေတဲ့ ဂျာမန်အမျိုးသမီးနဲ့ လဲလှယ်ဖို့ပင် အကြံပေးလာတယ်။ ပိုလန်အစိုးရ ကလည်း သည်သို့ အကြံပေးသည်ကို လက်ခံခဲ့တယ်။ ဒါကြောင့်လည်း ဗိုလ်ကြီး ဆော့နော်စကီးနဲ့ ဂျာမန်အမျိုးသမီးသူလျှိုနဲ့ လဲလှယ်ဖြစ်ခဲ့တယ်လေ'

'နောက်မကြာခင်မှာပဲ ကျုပ်က ဗိုလ်ချုပ်ကြီးကာနားရစ်ကို ပိုလန်သံရုံးသို့ ညစာထမင်းစား ကြွပါရန် ဖိတ်ခေါ်ခဲ့တယ်။ သူ့ဇနီးနဲ့အတူ နှစ်ကြိမ် သုံးကြိမ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ညာတာ လာစားဖူးပါတယ်။ ဒီအချိန်ထိ သူဘယ်သို့သော ပုဂ္ဂိုလ်ဖြစ်တယ်ဆိုတာကို နည်းနည်းမှ မသိခဲ့ရဘူး။

➡ ◆ ⬅

'ဆော့နော်စကီး' ရယူခဲ့သော သူလျှိုစာရွက်စာတမ်း ၁၅၀ နှင့် ပိုလန်နိုင်ငံ စစ်ဆင်ရေး စီမံကိန်းဆိုသည့်များမှာ ဘာများပါနည်း။

ထိပ်တန်းသူလျှိုပြစ်မှု အများနည်းတူ သတင်းရယူသော စစ်ဦးစီးဌာနက သည်စာရွက်စာတမ်းများမှာ အစစ်အမှန်ပါဟု ယုံကြည်လက်ခံရန် အကြောင်းအကန် ငြင်းဆိုခဲ့၏။

ပိုလန်နိုင်ငံသို့ ပြန်ရောက်လာသောအခါ ဆော့နော်စကီးအား ခံတပ်တစ်ခု အတွင်း ထားရှိခဲ့ပြီး ပိုလန်ထောက်လှမ်းရေးအဖွဲ့က ၎င်းရရှိခဲ့သော လျှို့ဝှက်စာတမ်းများ မှာ အစစ်အမှန် ဟုတ်မဟုတ်၊ ဂရစ်ပ်ချက်ကိုးစကီး ရရှိခဲ့သော ထောက်လှမ်းရေး သတင်းများမှာ အမှားအယွင်းများ ဟုတ်မဟုတ်ကို ဆုံးဖြတ်ချက် ပေးရပေလိမ့်ဦးမည်။

'အင်း . . . ဆော့နော်စကီးက စက်နဲ့ပေးပို့တဲ့ သတင်းတွေဟာ ဂျာမန်တို့ ပြင်ဆင်တီထွင်ထားတဲ့ သတင်းတွေများလားလို့ ကျုပ်တို့ကလည်း သံသယဖြစ်မိတယ်'

၁၉၃၉–ခု၊ စက်တင်ဘာလ ဂျာမန်ကြည်းတပ် 'ဝါးမက်ချ်' *(Wehrmacht)* များက ပိုလန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်သောအခါ ထောက်လှမ်းရေး (၂)မှ ဗိုလ်ချုပ်ကြီးလဟိုစင်အား ဆော့နော်စကီးကို အပ်ကပစ်မှတ်ထားရန် အမိန့်ပေးခဲ့၏။

'ဒါပေမယ့် ကျုပ်တို့ ဝါဆောမြို့တော်ကို တက်သိမ်းတဲ့အခါမှာ ဆော့ခနော်စကီး ကို ရှေ့ဘက်သို့ ရွှေ့ပြောင်းခေါ်ယူသွားခဲ့ပြီး ရုရှားတို့လက်ထဲ ရောက်သွားရတော့တယ်' ဟု လစ်ပ်စကီးက ဆို၏။

ဘယ်သို့သော စိတ်ကူးဉာဏ်မျှမရှိသော 'ဂရစ်ပ်ချက်ကိုးစကီး'အား နိုင်ငံတော် ပုန်ကန်မှုဖြင့် ကြိုးပေး သေဒဏ်ခတ်ခဲ့၏။

'ဆော့နော်စကီး'၏ သတ္တိပြောင်ပြောင် လုပ်ရပ်ကြောင့် ပိုလန်နိုင်ငံက မည်သို့ သော အကျိုးကျေးဇူးမျှ မခံစားခဲ့ရ။

ဟန်ဂေရီလူမျိုး ကချေသည် 'ရီတာ'၏ အကြောင်းကို စုံစမ်းသိရှိရ၏။ 'ရီတာ'သည် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသော ဂျာမနီနိုင်ငံသို့ ပြန်ရောက်ခဲ့၏။ ပြီး ခြေသလုံးအိမ်တိုင် ဂျစ်ပ်စီ *(Gypsy)* အဖွဲ့နှင့်အတူ အကပြီး အသုံးတော်ခံနေဆဲပင်။

➡ ◆ ⬅ ◆ ➡



( ၃ )

## စပိန်ပြည်တွင်းစစ်နှင့်ကာနားရစ်

၁၉၃၆–ခု၊ ဇူလိုင်လ . . . ။

စပိန်နိုင်ငံနှင့် ပြည်တွင်းစစ် *(Spannish Civil War)* ပေါ်သောအခါတွင် ...လူထုအနည်းအကျဉ်းသာလျှင် အခြေခံအကြောင်းရင်းကို သိကြရ၏။

သို့ရာတွင် မကြာမတင်မှာပင် ဗိုလ်ချုပ်ကြီးများ၏ ပုန်ကန်မှုပေါ်ရလေအောင် ...နိုင်ငံက သွေးထိုးလှုံ့ဆော်ခဲ့သည်ဟု အင်္ဂလိပ် ပြင်သစ်တို့က သံသယရှိလာကြ၏။

ယခုအခါ ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးဌာန မော်ကွန်းတိုက် မှတ်တမ်းမှတ်ရာ ...မှ 'ဂျာမနီနှင့် စပိန်ပြည်တွင်းစစ်'ဟူသော စာအုပ်ကိုပင် ပုံနှိပ်ထုတ်ဝေခဲ့၏။

သည်ပြည်တွင်းစစ် ပေါ်လာခြင်းကြောင့် နိုင်ငံအစိုးရတိုင်းက တအံ့တသြ ...ကြရသည်မှာလည်း အထင်အရှား ဂျာမနီနိုင်ငံကလည်း အံ့သြတုန်လှုပ်မိသည်မှာ ...။ သို့ရာတွင် ဟစ်တလာအား ဆုံးဖြတ်ချက်တစ်ခုခု ရက်ပိုင်းအတွင်း ချမှတ်ရန် ...ကြီး အကြံပေးကြသည်။

အခြားသော အထောက်အထားများအရ 'ဗိုလ်ချုပ်ကြီး ဖရန်ကို' *(Ge... ...o)*အား ထောက်ခံရန် 'ကနားရစ်'က ဟစ်တလာနှင့် 'ဂိုရင်း' *(Goring)*တို့ကို ...တွန်းခဲ့ဟန် ရှိသည်။

ပြည်တွင်းစစ်ကာလ တစ်လျှောက်လုံးတွင်လည်း ကနားရစ်သည် ဟစ်တလာ ...ထူးသံတမန်အဖြစ် 'ဖရန်ကို'ထံတွင် အမှုထမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၇-ခု၊ ဇူလိုင် ၁၆ ရက်နေ့တွင် ကွန်ဆာဗေးတစ်ပါတီမှ 'ကာလ်ဗို ဆိုတယ်လို' (Calvo Sotelo) လုပ်ကြံ သတ်ဖြတ်ခံရခြင်းကြောင့် စပိန်နိုင်ငံတွင် ပြည်တွင်းစစ်မီး ဟုန်းဟုန်းတောက်ခဲ့ရ၏။ 'ကာလ်ဗို'အား စပိန်ပြည်ထောင်စု ရဲအဖွဲ့က မဒရစ်မြို့တွင် ဆင့်ခေါ်ခဲ့ပြီး နောက်တစ်နေ့တွင် ဒဏ်ရာဖြင့် သေနေသည်ကို တွေ့ခဲ့ရ၏။ သည်အဖြစ်က ပြည်တွင်းစစ် ဖြစ်တော့မည်ကို အချက်ပြလိုက်ခြင်းပင် ဖြစ်တော့၏။

စပိန်ပြည်တွင်းစစ်သည် ၁၉၃၆-ခု၊ ဇူလိုင်မှစခဲ့၍ မဒရစ်မြို့ ကျသည့် ၁၉၃၉-ခု နွေဦးရာသီထိ ကြာညောင်းခဲ့၏။

သည် သုံးနှစ်ကြာကာလ၌ပင် ဟစ်တလာက 'ရိုင်းဒေသ' (Rhine Land) သို့ ချီတက်ခဲ့ပြီး စစ်ကြီးတိုက်ရန် စတင် ပြင်ဆင်လာခဲ့၏။ သည်ကာလသည်လည်း သုံးနှစ်သုံးမိုးပင် ကြာခဲ့၏။ သည်သုံးနှစ်သုံးမိုး ကာလအတွင်းမှာပင် စပိန်လူမျိုးတို့ အိမ်ကြက်ခြင်းခွပ်ရာ၌ လူပေါင်းတစ်သန်းနီးပါးမျှ အသက်ဆုံးရှုံးခဲ့ရ၏။

သည်ပြည်တွင်းစစ်တွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့်ရုရှား လေးနိုင်ငံမှ လေသူရဲများလည်း ကျဆုံးခဲ့ရ၏။ လေးနိုင်ငံမှ လေသူရဲများသာ ပါဝင်တိုက်ခိုက်ခဲ့သည် မဟုတ်သေး၊ အတတ်ပညာရှင်များ၊ အပျော်တမ်းတပ်သားများနှင့် နိုင်ငံပေါင်းစုံမှ လူမျိုးများလည်း ပါဝင်ပတ်သက်ခဲ့သေး၏။

ကမ္ဘာ့နိုင်ငံအသီးသီးမှ စစ်သတင်းထောက်များက ရှေ့တန်းစစ်မျက်နှာတိုင်းသို့ ကိုယ်တိုင်ကိုယ်ကျ သွား၍ သတင်းယူကြသည်။ နိုင်ငံတကာမှ သံတမန်ရေးရာဆိုင်ရာ သတင်းထောက်များကလည်း မစွက်ဖက်ရေးကော်မီတီ (Non Intervention Committee)၏ လုပ်ရပ်များကို သတင်းပေးပို့ကြ၏။

သည် သုံးနှစ်ကာလအတွင်း ကနားရစ်က ဂျာမနီနှင့် စပိန်ကို အိမ်ဦးကြမ်းပြင် သဖွယ် ကူးချီသန်းချီ လုပ်လျက်ရှိ၏။ ရံဖန်ရံခါတွင် 'ဂွေလားမိုး' (Guillermo) ဟူသော အမည်တုဖြင့် ဝင်ခဲ့ထွက်ခဲ့၏။ သမ္မတကိုဏ်းသားများနှင့် ကမ္ဘာ့သတင်းထောက် ထွက်ခဲ့၏။ သမ္မတကိုဏ်းသားများနှင့် ကမ္ဘာ့သတင်းထောက်များကပင် မရိပ်စားမိခဲ့။

စပိန်ပြည်တွင်းစစ်တွင် ဟစ်တလာက ဗိုလ်ချုပ်ကြီး 'ဖရန်ကို'ဘက်မှ ပါဝင် ထောက်ခံရန် ဆုံးဖြတ်စေခဲ့ခြင်းနှင့် ကနားရစ်၏ အခန်းကဏ္ဍတို့ကို ကနားရစ် လက်အောက် ဌာနခွဲမှူးတစ်ဦးဖြစ်သည့် ဒုတိယဗိုလ်ချုပ်ကြီး 'ဘမ်လား'က ဖော်ပြခဲ့၏။

သည်အကြောင်းကို တန်ဂီယာ (Tangier)မှ ဂျာမန်စစ်သံမှူးဟောင်း ဗိုလ်မှူးကြီး'အိပ်ချ်ရီးမား'ကလည်း ပြောပြနိုင်စွမ်းရှိသည်။

ဖရန်ကိုအား 'ဂိုရင်း'က ထောက်ခံခြင်းကိုပါ ကနားရစ်က ရယူခဲ့ကြောင်း စပိန်အား အီတလီနိုင်ငံက အကူအညီပေးရန်ကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း 'ရိုးမား'က ပြောပြ၏။





တရားဝင် မှတ်တမ်းတင်ထားသော စာရွက်စာတမ်းများအရ ဟစ်တလာနှင့် ဂိုရင်း'တို့နှစ်ဦးက စပိန်ပြည်တွင်းစစ် ဖြစ်ပေါ်လာခြင်းကြောင့် အခိုက်အတန့်တွင် အံ့တသြ ဖြစ်ခဲ့ကြ၏။ သို့ရာတွင် မြန်မြန်ထက်ထက်ပင် ဆောင်ရွက်ခဲ့၏။ မိမိတို့က ပေးခဲ့ရသော အကူအညီအတွက် တုန့်ပြန်ရန် နိုင်ငံရေးအရ ကြပ်ကြပ်မတ်မတ် သတ်မှတ်ချက်မျိုး အလျှင်းမရှိခဲ့။

သည်စဉ်က ရိုင်းဒေသကို ထိုးဖောက်ဝင်ရောက်ခဲ့ပြီးသည့် နောက်ပိုင်းကာလတွင် ဂျာမန်စစ်ဦးစီးဌာနချုပ်က သတိကြီးစွာထားလျက် ချင့်ချင့်ချိန်ချိန် လုပ်ကိုင်နေချိန် ဖြစ်သည်။

စပိန်ပြည်တွင်းစစ်တွင် ဂျာမန်လက်နက်ကိုင်များ ပါဝင်တိုက်ခိုက်စေဦးတော့ ဂျာမန် နိုင်ငံခြားရေးဝန်ကြီးဌာနက မည်သို့မျှ စိုးရိမ်ကြောင့်ကြမှုမဖြစ်။ ဂျာမန် နိုင်ငံရေး ဝန်ကြီးဌာန နိုင်ငံရေးဦးစီးဌာနက ဇူလိုင် ၁၉ ရက်နေ့တွင် သူပုန်ကိုယ်စားလှယ်များအား လက်နက်မပေးရန် အကြံပေးခဲ့၏။

ဂျာမန်နိုင်ငံတော်က အထွေထွေစစ်ပွဲကြီးအတွက် ဘာမျှ ပြင်ဆင်မှုမရှိ။ ဂျာမန်နိုင်ငံတော်၏ အနောက်ဖက်နယ်နိမိတ်မှာ အရန်အတားမရှိသေး။ ၁၉၃၈-ခုနှစ်အထိပင် အကာအကွယ်မရှိခဲ့။ ဂျာမန် လက်နက်ကိုင် တပ်ဦးရေမှာလည်း ပြင်သစ်တပ်အင်အား ထက်ဝက်မျှပင် မရှိသေး။

ဂျာမန်နိုင်ငံက စပိန်ပြည်တွင်းစစ်တွင် ဝင်စွက်ဖက်ခြင်းကို ဆန့်ကျင်သူမှာ တပ်ဗိုလ်ချုပ်ကြီး 'ရေခါ်'တစ်ဦးသာလျှင် ရှိ၏။

စပိန်ပြည်တွင်းစစ်တွင် ဂျာမန်နိုင်ငံတွင် လျှင်လျှင်မြန်မြန်နှင့် ထိထိရောက်ရောက် အကူအညီပေးရန် ကနားရစ်ဘက်ယောက်မှလွဲ၍ အခြားထိပ်တန်း ဂျာမန်အရာရှိများက တိုက်တွန်းခဲ့ကြောင်းကို အသေးအတာ စာရွက်စာတမ်းတစ်စုံတစ်ခုမှ မတွေ့ခဲ့ရ။

သည်စဉ်က ဗိုလ်မှူးရာထူးအဆင့်တွင်သာ ရှိသေးပြီး ထောက်လှမ်းရေး ၃ ဂျာမန် စစ်ဘက်လုံခြုံရေးဌာနတွင် ဌာနမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဒုတိယ ဗိုလ်ချုပ်ကြီး 'ဘမ်လား'အား ၁၉၃၆-ခုနှစ်၊ ဇူလိုင်၊ ဩဂုတ်လအတွင်းက ကနားရစ် ဆောင်ရွက်ခဲ့သမျှကိုဖြေရန် ရုရှားတို့က မေးခွန်းထုတ်ခဲ့၏။

အရှေ့ဘက်ခြမ်းဒေသ စစ်ဆင်ရေး (ရုရှားစစ်မျက်နှာ)၏ နောက်ဆုံးကာလတွင် 'ဘမ်လား'က မိမိကွပ်ကဲရသောတပ်ကို စွန့်၍ ဆိုဗီယက်တို့ဘက်သို့ ခိုဝင်သွား၏။

သည်အကြောင်းကို ဆိုဗီယက်၏ 'ပရာဗဒါ'သတင်းစာက အကျယ်တဝင့် ဖော်ပြခဲ့၏။

သို့သော် သည်နေရာတွင် အဓိကအချက်အလက်များကိုသာ ဖော်ပြလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



'စပိန်နိုင်ငံက ကျုပ်ကို စိတ်ဝင်စားတယ်။ ကျုပ်က စစ်ဦးစီးဌာနချုပ် လက်အောက်ခံ တတိယဌာနစိတ်ရဲ့ စပိန်နိုင်ငံရေးရာများနဲ့ အကျွမ်းတဝင် ဖြစ်နေသူဖို့ပါပဲ။ စပိန်နိုင်ငံအကြောင်းကို သူကောင်းကောင်း နားလည်တယ်ရယ်လို့ ကနားရစ်က ကျုပ်ကို ပြောလာတယ်။ သူ့မှာ ယုံကြည်အားထားရတဲ့ အဆက်အသွယ်များ စပိန်နဲ့ စပိန်ပိုင် မော်ရိုကို (Morocco)တို့မှာ ကျယ်ကျယ်ပြန့်ပြန့်ကို ရှိနေတယ်လို့ ဆိုပါတယ်။ ဒီအဆက်အသွယ်များကို သူတစ်ဦးတည်းသာ ဆက်သွယ်တယ်။ အမှန်မှာ ကနားရစ်က သူ့အဆက်အသွယ်များကို သူနဲ့အတူ လက်တွဲလုပ်ရတဲ့ လုပ်ဖော်ကိုင်ဖက်များကိုပင် အသိမပေးအပ်ဘူး'

'၁၉၁၆–ခုနှစ်မှာ အရေးကြီးတဲ့ လျှို့ဝှက်တာဝန်နဲ့ ဂျာမန်ရေတပ် ထောက်လှမ်းရေးတပ်ဖွဲ့က ကနားရစ်ကို စပိန်နိုင်ငံသို့ လွှတ်ခဲ့ပူးတယ်။ စပိန်နေ ဂျာမန်လူမျိုးများ စပိန်လူမျိုးအပေါင်းအသင်းများ အကူအညီနဲ့ ကနားရစ်က ဂျာမန်ရေငုပ်သင်္ဘောများအတွက် ရိက္ခာထောက်ပံ့ရေးစခန်းကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့တယ်။ မြေထဲပင်လယ်နဲ့ အထူးသဖြင့် ဂျီဘရော်လ်တာအလွန် ပင်လယ်ပြင်မှာ အင်္ဂလိပ်နဲ့ ပြင်သစ်ရေတပ်သင်္ဘောများရဲ့ လှုပ်ရှားမှုကို ထောက်လှမ်းကြည့်ရှုရန်ကိုပင် စီစစ်ခဲ့သေးတယ်။ စပိန်ပိုင် မော်ရိုကိုနဲ့ ရိုင်အိုဒီအိုရို (Rio de Oro)မှနေပြီး မော်ရိုကိုလူမျိုးများနဲ့ အာရပ်တိုင်းရင်းသားများက အင်္ဂလိပ်နဲ့ ပြင်သစ်ကို တော်လှန်ပုန်ကန်ဖို့ သွေးထိုးလှုံ့ဆော် ပေးခဲ့ပူးတယ်။ အဲဒီအချိန်ကစပြီး ကနားရစ်က ကျုပ်ကို ပြောပြတဲ့အတိုင်းဆိုရင် မော်ရိုကိုရှိ စပိန်စစ်တပ်မှ ဗိုလ်မှူးရာထူး အဆင့်တွင်သာ ရှိသေးတဲ့ ဖရန်ကိုနဲ့ လျှို့ဝှက်ပူးပေါင်း ဆောင်ရွက်ခဲ့တယ်။

'ပရင်မိုဒီရေဗားရား' (Primo de Rivera) အစိုးရကို ဖြုတ်ချပြီး ရီပတ်ဗလစ်ကင်ပါတီများက အာဏာရလာတဲ့အခါမှာ ဖရန်ကိုဟာ အလှမ်းကွာဝေးတဲ့ ကနေရီကျွန်းစု (Canary Islands)သို့ အပို့ခံရတယ်။ ဒီအချိန်မှာ ဖရန်ကိုဟာ စစ်ဦးစီးချုပ်ရာထူးအထိ တက်ခဲ့ပြီ။

'ကနားရစ်ရဲ့ သူငယ်ချင်း ပရင်မိုဒီရေဗားရားရဲ့ အစိုးရအဖွဲ့မှာ ပြည်ထဲရေးဝန်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး မာတီးနက်စ်အနီဒိုး (Gen. Martinex Anido) က စပိန်နိုင်ငံမှ ထွက်သွားပြီး ပေါ်တူဂီနိုင်ငံမှာ ခိုလှုံနေတယ် . .

'ဒီအချိန်မှာ ကနားရစ်ဟာ စပိန်ရှိ မိမိရဲ့ ထောက်လှမ်းရေးလုပ်ငန်းကို နေသားတကျဖြစ်အောင် ပြန်လုပ်ရတယ်။ ဒီအတွက်ကြောင့် ကနားရစ်က မကြာခဏ ခရီးထွက်လေ့ရှိတယ်။ ဖရန်ကိုနဲ့လည်း အဆက်အသွယ် လုပ်မြဲ လုပ်လျက်နေတယ် . . .'

'ဘမ်လား' ပြောပြချက်သည် အဓိက အကြောင်းအရာများနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ရှိပုံပေါ်၏။ အချို့သော အချက်အလက်များမှာ လုပ်ဇာတ်များ ဖြစ်ကောင်း





ဖြစ်ပါလိမ့်မည်။

စပိန်ပြည်တွင်းစစ် စလျှင်စခြင်း စပိန်နိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးက ကနားရစ်နှင့်တွေ့ရန် ဘာလင်မြို့သို့ ရောက်လာခဲ့သည်ဟု 'ဘမ်လား'က ဆိုသည်။

တဖန် ဖရန်ကိုက မိမိသည် ကနေရီကျွန်းစုမှ မော်ရိုကိုသို့ လေယာဉ်ဖြင့် ရောက်လာခဲ့ပြီး စပိန်ရှိ ရီပတ်ဗလစ်ကင် (သမ္မတကိုထောက်ခံသူ)များအား နှိမ်နင်းဖို့ မိမိတပ်သားများအား လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေးနှင့် စစ်ရေးအရ အကူအညီပေးရန် ကနားရစ်ကို အကြောင်းကြားခဲ့ပြန်သည်။

'ကနားရစ်က ကျန်ပြဿနာအားလုံးကို ဘေးဖယ်ထားပြီး ဂျာမနီနဲ့ အီတလီရှိ ထိပ်ပိုင်းပုဂ္ဂိုလ်ကြီးများက မိမိအစီအစဉ်တွင် စိတ်ဝင်စားလာရအောင် အချိန်အကုန်မခံဘဲ အပတ်တကုတ် အားထုတ်ခဲ့တာကို ကျုပ်ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့ခဲ့ရတယ်။ ဖရန်ကိုဟာ နိုင်ငံရေးသမားအဖြစ် လူသိမများပေမယ့်၊ မိမိနဲ့အတူ နှစ်ပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့ပူးတဲ့ အစမ်းသပ်ခံ ပုဂ္ဂိုလ်တစ်ဦးမို့ ယုံကြည်အားထားထောက်ခံမှု အပြည့်အဝ ရသင့်သူဖြစ်တယ်လို့ ကနားရစ်က နေရာတိုင်းမှာ ရှင်းလင်းပြောပြခဲ့တယ်'

မိမိ၏ အစီအစဉ်များကိုချပြပြီး ကနားရစ်က ဂိုရင်းကို သဘောကျစေခဲ့၏။ စပိန်ပြည်တွင်းစစ်နှင့် ပတ်သက်၍ ဂိုရင်းနေအိမ်တွင် 'ကရင်းဟော်လ်'နဲ့ ပရားရှန်းဝန်ကြီးချုပ်ရုံးခန်းများမှာ စည်းဝေးပွဲများ ကျင်းပခဲ့၏။

ဂိုရင်း ကိုင်တွယ်ရသော ရာထူးအများအပြားတွင် ပရားရှန်း ဝန်ကြီးချုပ်ရာထူးသည်း တစ်ခုအပါအဝင်ဖြစ်သည်။

'ကနားရစ်'က မော်ရိုကို လက်နက်ကိုင်တပ်များနှင့် စပိန်ပြည်ပ လက်နက်ကိုင်တပ် (Spannish Foreiegn Lgion) တို့အား ဂျီဘရော်လ်တာ ရေလက်ကြားကို ဖြတ်၍ စပိန်နိုင်ငံသို့ ဂျန်ကာ (Junker) စစ်သုံး သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးများဖြင့် ပို့ပေးရန် တောင်းဆိုသည်။

ပထမသော် ဂိုရင်းက သည်စွန့်စားခန်းကိုပင် သံသယဝင်နေသည်။

ပြီး . . . ကနားရစ်က၊ ဟစ်တလာထံ တိုက်ရိုက်ပင် ဝင်လိုက်တော့သည်ဟု ဘမ်လားကဆို၏။

သည်နေရာတွင် ကနားရစ်နှင့် ဟစ်တလာတို့၏ ဆက်ဆံရေးကို ဖော်ပြမှ သင့်ပေလိမ့်မည်။

နျူရင်ဘတ် စစ်ခုံရုံးတွင် ဗိုလ်ချုပ်ကြီး ဂျော်လ်အား ရုံးတော်က မေးခွန်းထုတ်သည်။

'ကနားရစ်'၏ အစီရင်ခံစာများသာ မသာမယာသော ဖြစ်ရပ်အမှန်များကို ဖော်ပြခဲ့ရင်၊ ဗိုလ်ချုပ်ကြီးဂျော်လ်က ၎င်းအစီရင်ခံစာများကို ဟစ်တလာထံ ဆက်လက်တင်ပြပါရဲ့လား . . . တဲ့'



www.burmeseclassic.com

www.burmeseclassic.com



သည်အချိန် မှန့်ခါး

အတယ်၍ နောင်သောအခါတွင် ကနားရစ်က အစီရင်ခံစာများအား ဟစ်တလာသို့ တိုက်ရိုက် မပေးခဲ့ခြင်းမှာ နှစ်ဦးစလုံး တစ်ဦးအပေါ်တစ်ဦး၊ ကရုဏာ သောက်တော့သောကြောင့်သာ ဖြစ်ပေမည်။

သည်အချိန် ၁၉၃၆–ခုနှစ်ကာလတွင် ဟစ်တလာက စစ်ဦးစီးဌာနချုပ်နှင့် သဘောတူ နားလည်ထားသည့်အတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးနေဆဲပင်။

စစ်ရေးကိစ္စများတွင် ဟစ်တလာက ဖက်စွက်နှောင့်ယှက်ခြင်း အလျဉ်းမပြု။ သည်အချိန်ထိ ဟစ်တလာက လျို့ဝှက်ရဲအဖွဲ့ကိုပင် လက်နက် မတပ်ဆင်ရသေး။ မိမိ၏ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗွန်ဖရစ် *(Gen Von Fritsch)* အပေါ် မဟုတ်မမှန် လုပ်ကြသော သက်သေအထောက်အထားများဖြင့် စွပ်စွဲခြင်းကို လက်မခံသေး။

ကနားရစ်နှင့် သူ့အရှင်သခင် ဟစ်တလာတို့တွင် ဘိုလ်ရှီဗစ်ဝါဒကို ခါးခါးသီးသီး မုန်းတီးသည့်အချက်တွင် တစ်သဘောတည်း တစ်ထပ်တည်း၊ နိုင်ငံရေးလမ်းစဉ်တွင် သူတို့နှစ်ဦးစလုံးက ဗြိတိသျှဘက်သို့ ယိမ်း၏။

သရာ တပည့်နှစ်ဦးစလုံးတွင် အကြံဉာဏ်ပေးရာ၌ စိတ်အားထက်သန်ရဲ့တွင် အတူတူပါပင်။ သို့ရာတွင် ဟစ်တလာက လူထုပရိသတ်ကြီး ရှေ့တွင်ပဲဖြစ်ဖြစ် ရှု နည်းနည်းနှင့် အတူရှိစဉ်ပဲဖြစ်ဖြစ်၊ မရပ်မနား၊ အသက်ပင်မရှူတော့ဘဲ၊ ကရားရေလွှတ်သလို မမောမပန်း တတွတ်တွတ် ပြောတတ်သည်။ ကနားရစ်ကမူ တစ်ဦးချင်းနှင့်တွေ့၍ အစွမ်းကုန် မြှောက်ကာပင့်ကာဖြင့် အေးအေးသက်သာ ပြောတတ်ဆိုတတ်၏။

စစ်ဘက်ဆိုင်ရာ စည်းဝေးပွဲများတွင် ကနားရစ်က လေအေးအေးနှင့် ပြောဆိုတတ်ခြင်းက ဟစ်တလာကို အများဆုံး ဆွဲဆောင်နိုင်စွမ်းရှိ၏။ ဟစ်တလာအား တမူဟုတ်ခြင်း ငြိမ်ကျသွားစေနိုင်၏။

'ဒီလူနဲ့ ခင်ဗျား စကားပြောနိုင်တယ် . . . ။ အဲ ခင်ဗျားကသာ သူ့ကို ဒေါပွအောင် မလုပ်ဘူးဆိုရင်တော့ ခင်ဗျားရဲ့အမြင်ကို သူ အလေးပေး ဂရုတစိုက် နားထောင်တတ်တယ်။ ရေလိုက်ငါးလိုက် နေတတ်သူပါ'

စပိန်နိုင်ငံမှ ရောက်လာသော ကိုယ်စားလှယ်များအကြောင်းကို ဝန်ကြီးချုပ်ရုံး၏ ၁၉၃၉–ခု၊ ဇူလိုင်လ ၅ ရက်နေ့စွဲဖြင့် မှတ်တမ်းတင်ထားသော စာရွက်စာတမ်း တစ်စောင်ရှိ၏။ ယင်းစာစောင့်တွင် စပိန်ပြည်တွင်းစစ်တွင် ဝင်စွက်ဖက်ရန် မည်သို့မည် ဆုံးဖြတ်ခဲ့ပုံများကို ဖော်ပြထားသည်။

အဆိုပါ မှတ်တမ်းစာစောင်က ပြည်ပရောက် ဂျာမန်နှစ်ဦးအား စပိန်ပြည်တွင်း စစ်တွင် အမှုထမ်းဖို့ တာဝန်အပ်နှင်းရန် ထောက်ခံထား၏။

နိဒါန်းတွင် သည်သို့ ရေးထားကြောင်း တွေ့ရ၏။

ထိုစဉ် (၁၉၃၉–ခု ဇူလိုင်လ) က ပါတီ၏ နိုင်ငံခြားဌာနခွဲ အဖွဲ့ဝင်များဖြစ်သော





လန်ဂျန်ဟိမ်း *(Langanheim)*နှင့် 'ဘမ်းဟတ်' *(Bernhardt)* နှစ်ဦးတို့သည် ဟစ်တလာသို့ ဗိုလ်ချုပ်ကြီးဖရန်ကိုက ပေးလိုက်သောစာနှင့်အတူ စပိန်မှ ဘာလင်မြို့သို့ ရောက်ရှိလာကြ၏။ ဘေရုသ်တွင် ဟစ်တလာနှင့် ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေး ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် ဖရန်ကို၏ပေးစာကို အပ်နှံခဲ့၏။

သည်စဉ်က ဟစ်တလာသည် ကပွဲမှအပြန်တွင်ဖြစ်၏။ ချက်ချင်းပင် ဟစ်တလာက ဖီးလ်မာရှယ်ဂိုရင်းက စစ်ဝန်ကြီး၊ ဗိုလ်ချုပ်ကြီး ဗွန်ဗလွန်းဗတ်နှင့် ထိုစဉ် က ဘေရုသ်တွင်ရှိနေသော ရေတပ်ဗိုလ်ချုပ်ကြီး တစ်ဦးတို့အား ဆင့်ခေါ်လိုက်၏။ ထိုညမှာပင် မဟာဗိုလ်ချုပ်ကြီး *(Generalissimo)* ဖရန်ကိုအား ထောက်ခံရန် အားဖြင့် သဘောတူကြသည်။ အသေးစိတ်ကိုမူ နောင်တစ်နေ့တွင်မှ ဆက်လက် ဆောင်ရွက်ကြ၏။

'ဘေရုသ်'တွင်ရှိနေသော ရေတပ်ဗိုလ်ချုပ်ကြီးဟုဆိုခြင်းမှာ ကနားရစ် ဖြစ်နိုင်ဖွယ်ရာ ရှိ၏။

စပိန်ပြည်တွင်းရေးတွင် ဂျာမန်အစိုးရနှင့် အီတလီအစိုးရတို့၏ အခန်းကဏ္ဍ မှာ ကနားရစ်၏ လွှမ်းမိုးခြယ်လှယ်ခဲ့ခြင်းကသာလျှင် အဆုံးအဖြတ်ဖြစ်ကြောင်း 'ဗိုလ်မှူးကြီးရေးမား'၏ ထွက်ချက်က အလေးအနက် ဖော်ပြထား၏။

'ဂျာမနီနှင့် စပိန်ပြည်တွင်းစစ်'အမည်ရှိ စာအုပ်တွင် ယခုအခါတွင် ဖော်ပြခဲ့ သော စာရွက်စာတမ်းများ၌ သည်အကြောင်းမပါခဲ့လျှင် ဝန်ကြီးချုပ်ရုံးနှင့် စစ်ဝန်ကြီးဌာန တို့မှ အပြန်အလှန်ပေးစာများကို ထည့်သွင်းမဖော်ပြ၍သာ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဟစ်တလာက ကနားရစ်အား 'ဖရန်ကို'နှင့်ပတ်သက်၍ အသေးစိတ်တင်ပြရန် ဆောင်းဆိုသည်ဟု 'ဘမ်လား'က ဆိုခဲ့၏။ စပိန်သူပုန်များအား စစ်ရေးအရ အကူအညီ ပေးရန်အပြင် စပိန်နှင့်ပတ်သက်၍ လျို့ဝှက်စစ်ဆင်ရေးများ လုပ်ပိုင်ခွင့်အတွက် မိမိအား အထူးအာဏာများပေးကြောင်း ခွင့်ပြုချက်လည်း ရယူခဲ့၏။

ပြီးလျှင် ကနားရစ်သည် အီတလီနိုင်ငံသို့သွား၍ သူ့မိတ်ဆွေ 'ဗိုလ်ချုပ်ကြီး ရိုတာ'နှင့်တွေ့သည်။ အီတလီခေါင်းဆောင် 'မူဆိုလီနီ'ကပါ 'ဖရန်ကို'အား ထောက်ခံ မည်ဟု သဘောပေါက်အောင် တိုက်တွန်းခဲ့သည်။

အီတလီမှ ဗိုလ်ချုပ်ကြီး 'ရိုတာ'က ဘရီးနာတောင်ကြားကိုပင် ကျော်၍ မြောက်ဘက်ရှုးရှုးသို့ စိုးရိမ်တကြီးကြည့်လျက် ဩစတြီးယားမှ 'အော်ဝင်လဟိုစင်'အား ဂျာမနီ၏ ယန္တရားတပ်မများအကြောင်း စုံစမ်းရန် ပြောရသည့် ခေတ်ကာလ လွန်လေပြီ။

'အဘီးစီးနီးယား *(Abyssinia)* နှင့်ပတ်သက်၍ အချင်းများခဲ့ခြင်းကြောင့် ဂျာမနီနှင့် အီတလီတို့ မဟာမိတ်ဖြစ်ခဲ့ကြရသည်။

စပိန်နှင့်ပတ်သက်၍ မိမိသဘောကိုတင်ပြရန် အီတလီခေါင်းဆောင်ကြီး မူဆိုလီနီက ကနားရစ်ကို လက်ခံတွေ့ဆုံသည်။ ပြီးလျှင် ကနားရစ်က အခြားသော



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေးလုပ်ငန်းများကို ကွပ်ကဲရန် ဘာလင်သို့ပြန်ခဲ့၏။

ကနားရစ်က စပိန်နှင့် ဂျာမန်အဝယ်တော် ကော်မရှင်အဖွဲ့များဖြစ်သည့် 'ဟစ္စမာ' *(Hisma)* နှင့် 'ရိုဝက်' *(Rowak)* တို့ကို ဖွဲ့စည်းရာတွင် အကူအညီပေးခဲ့၏။

'ရိုဝက်'အဖွဲ့ခေါင်းဆောင်အဖြစ် 'ဘမ်းဟာတ်'ကို တာဝန်ပေးသည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေးအဖွဲ့အဖြစ် အယောင်ဆောင်စေလျက် စပိန်မှ ပုန်ကန်သူများအတွက် ဂျာမနီနိုင်ငံ၊ ချက်ကိုစလိုဗေးကီးယားနှင့် အခြားတစ်နေရာရာတွင် လက်နက်များ ဝယ်ခဲ့သည်။

'ကနားရစ်က ဖရန်ကိုအတွက် လက်နက်ရိက္ခာများ ထောက်ပံ့ခဲ့သည်သာ မဟုတ်သေး၊ စပိန်သမ္မတ အစိုးရကိုပါ ထောက်ပံ့ခဲ့သေးတယ်'

သည်သို့သော အံ့ဩစရာကောင်းသည့်သတင်းကို ပြောသူမှာလည်း ထောက်လှမ်းရေးအဖွဲ့ (၃)မှ ရစ်ချတ်ပရော့ဇ်သာ ဖြစ်၏။

သည်ပုဂ္ဂိုလ်နှင့် စပိန်ပြည်တွင်းစစ်တွင် ဂျာမနီ ပါဝင်ပတ်သက်ခဲ့ရခြင်းနှင့် ကျွန်တော်က လေ့လာသုံးသပ်ခဲ့ဖူး၏။

'ဒီအကြောင်းတွေကို မှတ်စုမှတ်တမ်းတွေမှာ တွေ့လိမ့်မယ် မထင်နဲ့'

ဟု ရစ်ချတ်ပရော့ဇ်က ဆို၏။

ပြီး . . . စကားဆက်ပြန်သည်။

'ဖြစ်ပုံက ဒီလို . . . ဂိုရင်းက ၄ နှစ် စီမံကိန်းအတွက် စီမံခန့်ခွဲရေးမှူး ဖြစ်လေတော့ ဂျာမန်လုပ် လက်နက်များကို ပေးရာမှာပဲဖြစ်ဖြစ်၊ ပြည်တွင်းစစ်အတွက် နိုင်ငံခြားငွေ ထောက်ပံ့ရာမှာပဲဖြစ်ဖြစ် သူက ကွပ်ကဲကြီးကြပ်တယ်။ စည်းဝေးပွဲတစ်ခုမှာ တစ်ဦးဦးက ထုတ်ပေးသင့်တယ်။ ဒါမှသာ သူတို့ရဲ့ စစ်အတွက် ပြင်ဆင်မှုများကို ဖျက်လိုဖျက်ဆီး လုပ်နိုင်ပေလိမ့်မယ်လို့ အကြံပေးလာတယ်။ ဂိုရင်းက ဒီအကြံကို သဘောကျတယ်။ ဒီအတိုင်း ဘယ်သူဆောင်ရွက်နိုင်ပါ့မလဲလို့'လည်း မေးတယ်။

'ကျွန်တော်တတ်နိုင်တယ်၊ ဂိုရင်းအတွက် ကျွန်တော့်မှာ ပုဂ္ဂိုလ်တစ်ဦး ရှိပါတယ်'

ကနားရစ်က မဆိုင်းမတွ ထပြော၏။

'ဂျိုးဖက်ဗက်ဂျန်'ဆိုတဲ့ ဂျာမန်လက်နက် အရောင်းအဝယ်လုပ်တဲ့ သူတစ်ဦး ရှိတယ်။ ဗားဆေးလ်စာချုပ် ချုပ်ဆိုအပြီးမှာ ပြည်ပကို ရောင်းခဲ့ရတဲ့ ခေတ်မမီတော့တဲ့ စစ်လက်နက် အဟောင်းအမြင်းမှန်သမျှကို ဝယ်ဖို့ ကနားရစ်က ဗက်ဂျန်ကို ညွှန်ကြားခဲ့တယ်။ ရိုင်ဖယ်၊ ကာဘိုင်၊ ခဲယမ်းမီးကျောက်နဲ့ လက်ပစ်ဗုံးများကို ချက်နိုင်ငံ၊ ဘော်လ်ကန်ကျွန်းစွယ်ရှိ နိုင်ငံများနဲ့ အခြားဒေသများမှ ရတတ်သမျှကို ဝယ်ခဲ့တယ်။ အဲဒီ လက်နက်များကို ဂျာမနီကို သယ်ယူခဲ့တယ်။ အက်စ်-အက်စ် လက်နက်ပညာရှင်များက တွတ်ပီများကိုဖြုတ်ပြီး အသစ်တပ်ဆင်တယ်၊ လက်ပစ်ဗုံးမှ ယမ်းအား





လျှော့ပြီး တမုဟုတ်ချင်း ပေါက်ကွဲစေတဲ့ ယမ်းအားကို ဖြည့်ခဲ့တယ်။

ပြီး ပိုလန်၊ ဖင်လန်၊ ချက်နဲ့ ပေါ်လန်နိုင်ငံများရှိ အပြည်ပြည်နှင့် ဆက်သွယ်သော လက်နက်အရောင်းအဝယ်လုပ်သူများကို ဖြန့်ရောင်းချတယ်။ အဲဒီကမှတစ်ဆင့် အစိုးရဆီကို ရွှေနဲ့ပေးချေစေပြီး ရောင်းခဲ့ကြတယ်။ ဗက်ဂျန်က ကုန်တင်သင်္ဘော ပိုင်တယ်။ ဒီသင်္ဘောများကို စပိန်သို့ လက်နက်တင်ပို့ရာမှာ အသုံးချခဲ့တယ်။

ကနားရစ်ကိုယ်တိုင် ညအခါများမှာ 'ဂျန်ကာ' သယ်ယူပို့ဆောင်ရေး လေယာဉ် စပိန်နှင့် ကူးချီသန်းချီ လုပ်နေလေ့ရှိ၏။ ကနားရစ် စီးနင်းသော လေယာဉ်ကို ဆီတိုင်ကီများ၊ ပစ္စည်းထည့်သေတ္တာပုံးများကြားမှာ ဝှက်ထားလေ့ရှိ၏။ 'ဘာဂိုး' *gos)*၏ အစိုးရထံသို့ စစ်ဘက်ဆိုင်ရာသံမှူးအဖြစ် စေလွှတ်ထားသူ ဗိုလ်ချုပ်ကြီး ဘယ်လ်' *(Gen. Faupel)* နှင့်အတူ ကနားရစ်က စပိန်တပ်မတော်နှင့် ဆက်သွယ် ဌာနချုပ်ကို ဖွင့်လှစ်ခဲ့၏။ ဆက်သွယ်ရေးဌာနချုပ်က 'ဂျာမန်ကွန်ဒေါ်တပ်ကြီး' *man Condor Legion)*ကို ကွပ်ကဲရပေမည်။ 'ဂျာမန်ကွန်ဒေါ်တပ်ကြီး'တွင် တပ်မှ လေယာဉ်ပစ်အမြောက်တပ်နှင့် ကင်းတပ်ဖွဲ့များ ပါဝင်သည်။ ဂျာမန်ကွန်ဒေါ် ကြီးမှာ တိုက်လေယာဉ်၊ ဗုံးကြဲလေယာဉ်များဖြင့် လေကြောင်းစစ်ဆင်ရေး ကြောင်းကာကွယ်ရေးများတွင် ကျွမ်းကျင်ထူးချွန်သည်။

စပိန်ပြည်တွင်းစစ်တွင် ဂျာမန်လေတပ်နှင့်အတူ အပျော်ထမ်းတပ်လည်း ခဲ့သည်။

ဘာဗေးရီးယားပြည်နယ် *(Bavaria)* မှ သူကောင်းမျိုးနွယ်တစ်ဦးနှင့် တွေ့ဆုံ သည်ကို မှတ်မိပါသေးသည်။ သူ့အမည်က 'စီဂျစ်မန်ဗွန်ဂရေဗန်ရှယ်' လေကြောင်း ပွဲတွင် ထူးချွန်ခဲ့၍ ဟစ်တလာက 'စပိန်ဆုတံဆိပ်' *(Spannish Cross)* ချီးမြှင့် ဖြစ်၏။ ဆုတံဆိပ်ချီးမြှင့်သည်ကိုပင် 'ဂရေဗန်ရှယ်'က လက်ခံရန် မဝံ့မရဲ၊ ည်တွင်းစစ်၌ စစ်ဆင်ခြင်းကို လျှို့ဝှက်ထားပါမည်ဟု ကတိသစ္စာပြုခဲ့ရ၍ ဖြစ်သည်။ ည်တွင်းစစ်တွင် ပါဝင်ခဲ့ရ၍ ဂျာမန်လေတပ်က အဘိုးအနဂ္ဃထိုက်တန်သော အကြုံများကို ရခဲ့သည်ဟု သူကဆို၏။ 'ဂရေဗန်ရှယ်'သည် ဒုတိယကမ္ဘာစစ် င်းတွင် ဗြိတိသျှ ဘုရင့်လေတပ်မတော်မှ ပစ်ချခံခဲ့ရ၏။

ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့က စပိန်ပြည်တွင်း အခြေအနေများကြောင့် စိတ် င့်အယှက် ဖြစ်နေကြသည်။ 'ပြည်သူ့တပ်ဦး' *(Popular Front)* မှာ ဥရောပ ပါတီ *(Pan European Party)* ဖြစ်လာဖို့ ဝေးစွ . . . ၊ တောင်နှင့်မြောက်မှ တို့၏ အထင်အမြင်သေးခြင်းကို အလူးအလဲခံနေရ၏။

ဂျာမန်မှ ထောက်ပံ့သော စစ်လက်နက်ရိက္ခာများနှင့် ပတ်သက်၍ စပိန်နိုင်ငံ ဆောင်းခံရာတွင် စစ်ဖြစ်စ၊ ပထမ လအနည်းငယ်အတွင်း၌သာလျှင် သိကြိုးစာ သော ဂျာမန် နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ကနားရစ်ဆီသို့ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဂျာမန်က လက်နက်ပစ္စည်းများ ထောက်ပံ့သည့် စစ်ဆင်ရေးတစ်ခုလုံးအာ ကိုင်တွယ်ရန်လုပ်ငန်းကို စစ်ဦးစီးဌာနချုပ်သို့ လွှဲပြောင်းတာဝန်ယူစေသည်။

ဂျာမန် ကြည်းတပ်ဌာနချုပ်က လျှို့ဝှက်စစ်ဆင်ရေးတစ်ရပ်အနေဖြင့် ကိုင်တွယ် နေရသည်။ စစ်ရေးအရ အကူအညီပေးခြင်းနှင့် နိုင်ငံခြားမှ ဖက်စွက်မှုများနှင့်ပတ်သက် ၍ ဘာလင်မြို့ရှိ ကနားရစ်ရုံးခန်းသို့ ပို့ရာတွင်လည်း ကြည်းတပ်သုံး စကားဝှက်ကိုယ် အသုံးပြုစေသည်။

သုံးနှစ်ကာလအတွင်း ကနားရစ်က စပိန်ပြည်တွင်းရေးတွင်သာ အစိ အခန်းမှ ပါဝင်ခဲ့သည်မဟုတ်သေး။ ကြည်းတပ် တိုးချဲ့ရေးနှင့် ပါဝင်ခဲ့သည်မဟုတ်သေး ကြည်းတပ်တိုးချဲ့ရေးနှင့် ကြည်းတပ်အပေါ် 'အက်စ်–အက်စ်'က တိုး၍ တိုး၍ လက်ဝါး အုပ်လာခြင်းကို အကာအကွယ်ပေးရေး တာဝန်ကိုပါ ယူနေရသည်။ အထွေထွေတာ ကလည်း ရှိသေး၏။

'ဂျာမန်ကွန်ဒေါ်တပ်ကြီး'အား လျှို့ဝှက်တပ်ဖွဲ့အဖြစ် သိုသိုသိပ်သိပ် ဖွဲ့စည်းခဲ့ တွင် ကနားရစ် အောင်မြင်ခဲ့ပါ၏။

'ဂျာမန်ကွန်ဒေါ်တပ်ကြီး'နှင့် လက်တွဲဆောင်ရွက်နေရသည့် စပိန်တပ်မတော် ကပင်လျှင် ထိုးဖောက်ဖို့မလွယ်လှ။

ထိုအခိုက် လန်ဒန်မြို့ရှိ ဂျာမန်သံရုံးမှ စစ်သံမှူး 'ဗိုလ်မှူးကြီး ဘေရွန်ဂါး ဆက်ချ်ဝက်ပင်ဗတ်' *(Col. Baron Geyr Von Schweppenburg)* အား 'အပြည်ပြည် ဆိုင်ရာ စွက်ဖက်ရေးကော်မီတီ'တွင် ဂျာမန်ကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက် သူက စပိန်ပြည်တွင်းစစ်တွင် သော့ချက်ကို ကိုင်ထားသော ဗြိတိသျှတို့က တုန့်ဆိုင်းဆိုင် ဖြစ်နေကြောင်း ဘာလင်သို့ သတင်းပို့အကြောင်းကြားခဲ့၏။

'ခင်ဗျားနဲ့ပြင်သစ်တို့ကသာ ပရဏီတောင်ကြားကို ပိတ်ပြီး ထိထိရော ရောက် ပိတ်ဆို့ခဲ့ရင် ပြည်တွင်းစစ်ဟာ လအနည်းငယ်အတွင်းမှာပဲ ပြီးဆုံးသွားမှာ

စပိန်မှာ ဘာကိုး၏ အစိုးရအဖွဲ့ ကိုယ်စားလှယ်များက ဗြိတိန်ကို ပြော ကန့်ကွက်ကြ၏။

သို့ရာတွင် ဂျာမန်တို့ အထောက်အကူဖြင့် 'ဖရန်ကို'က အဆောတလျှ အောင်ပွဲခံခြင်းသည် မိမိတို့အတွက် အကျိုးဖြစ်ထွန်းလိမ့်မည်ဟု ဗြိတိန်ကမထင်။

ဗြိတိန်'လေဘာပါတီ'နှင့် မဒရစ်မှ အစိုးရ 'ဘာစီလိုးနား' 'ရီပတ်ဗလစ်ကန် တို့မှာ တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် ကရုဏာသက်နေကြသည်။ အတိုက်အ လေဘာပါတီခေါင်းဆောင် 'မစ္စတာကလီးမင့်အက်တလီ'က ကွန်ဆာဗေးတစ်ပါတီ ဝန်ကြီးချုပ် ချိန်ဘာလိန်အား သတိပေးသည်။

အကယ်၍ ဗြိတိသျှအစိုးရက စပိန်သူပုန်များကို လိုလားသဘောင်ယောင် ပြခဲ့လျှင် အင်ဂျင်နီယာအသင်းများတွင် လုပ်ငန်းဖင့်နွဲ့အောင် စတိ ဆန္ဒပြနေခြင်း





ပိတ်မှောက်သည်အထိ ကြီးကျယ်သွားပေလိမ့်မည်ဖြစ်ပြီး ဗြိတိန်နိုင်ငံအား ပြန်လည် တ်နက်တပ်ဆင်ခြင်းကို ထိခိုက်စေလိမ့်မည်ဟု ရှင်းပြသည်။

စပိန်ပြည်တွင်းစစ်တွင် ပါဝင်ပတ်သက်ခြင်းကြောင့် ဥရောပမှ မကောင်းဆိုးရွား တို့ သွေးထွက်သံယိုဖြစ်နေကြပြီဟုဆိုကာ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကိုယ့်ကိုယ် ကိုယ် နှစ်သိမ့်စကား ဆိုနေရသည်။

အခြေတောင့်သည့် စပိန်နိုင်ငံမှ စစ်အစိုးရသည် 'ဝင်ရိုးစွန်းအဖွဲ့ဝင်နိုင်ငံများ' *(Axis Powers)* နှင့် မဟာမိတ်ဖွဲ့မည်မှာ မလွဲ . . . ။

လန်ဒန်ရှိ ဂျာမန်စစ်သံမှူး ဗိုလ်မှူးကြီး ဘေရွန်ဂါးက ဗြိတိန်သံမှူးနှင့် အားလက်ဆုံကျခဲ့ရာမှ ဗြိတိသျှအရာရှိက စပိန် အင်အားချိနဲ့ပါမှ ဗြိတိန်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမည်ဟု အမှတ်တမဲ့ ပြောခဲ့သည်ကို ဘာလင်သို့ ပြန်လည် အစီရင်ခံ သည်။

သည်ပြောစကားများကို ၁၉၃၇–ခုနှစ်ကာလက လန်ဒန်မြို့တွင် မကြားချင် အဆုံး။ သည်စကားများကြောင့် တာဝန်ရှိ အင်္ဂလိပ်ပုဂ္ဂိုလ်ကြီးများပင်လျှင် စိတ်အနှောင့် အယှက် ဖြစ်ခဲ့ကြရသည်မှာလည်း မနည်း။

စပိန်ပြည်တွင်းစစ်အပေါ် ဗြိတိသျှတို့၏ သဘောထားကို ဗိုလ်ချုပ်ကြီး ကနားရစ်က အမြင်ကျယ်ကျယ်နှင့် အကောက်ကြံခဲ့၏။

ဗြိတိန်နိုင်ငံသည် မိမိ၏ လူမှုရေး နိုင်ငံရေးအချင်းများမှုများကြောင့် မည်သည့် အတိုင်းအတာထိ အကွဲအပြဲပေါ်နေသည်ကို 'ကနားရစ်'က လုံးဝနားမလည်။

စင်စစ် မိမိ၏ ဂျာမန်လူမျိုးအတွင်း၌ပင် စပိန်စွန့်စားခန်းနှင့် ပတ်သက်၍ ဂျာမန်တပ်မတော်မှ ရေးရိုးအယူအဆ အမြင်ရှိသူများကိုပင် မနည်း ရင်ကြားစေ့ပေးနေရ သည် မဟုတ်ပါလား။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗွန်ဖရစ်ချ်နှင့် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ဦးစီးချုပ် ဗိုလ်ချုပ်ကြီးလူးဝစ်ဘက် *(Ludwig Beck)* တို့က စပိန်ပြည်တွင်းစစ်တွင် ဂျာမန်တို့ ဝင်ဖက်စွက်သည်ကို နည်းနည်းမျှမကြိုက်။

အထွေထွေစစ်ပွဲကြီးအသွင်သို့ ပြောင်းလဲသွားနိုင်ပြီး အင်အားကြီးမားသော ရေတပ်အင်အားနှင့် ကမ္ဘာ့အမြင်ကိုရင်ဆိုင်ကာ ဆက်သွယ်ရေးလမ်းကြောင်း တိတိပပ ရှိသည့် စစ်မျက်နှာတွင် လူရော လက်နက်ပါ အသုံးချနေရသည်။

သို့ရာတွင် ကနားရစ်ကမူ သူ့စီမံကိန်းအတိုင်း သူ့ဆန္ဒအတိုင်း ဖြစ်ခဲ့၏ ဂျာမန်စစ်ဆင်ရေး စီမံကိန်းမှ ထူးထူးဆန်းဆန်း သတင်းပေါက်ကြားမှုများ သိသိသာသာ ထွက်သော်လည်း စပိန်စစ်ဆင်ရေးကို မဟန့်တားနိုင်ခဲ့။ စပိန်ပြည်တွင်းစစ်တွင် ဂျာမန်တို့ကို လေကြောင်း၊ ရေကြောင်းတို့မှ ထိုးဖောက်စေရာတွင် စီစဉ်ညွှန်ကြားသူ ဖြစ်ခဲ့ရသော်လည်း 'ကနားရစ်'နာမည် လုံးဝမပေါ်ခဲ့ . . . ။



www.burmeseclassic.com

www.burmeseclassic.com



သည့်စစ်ဆင်ရေးတွင် ပါဝင်ခဲ့ရသူ ဂျာမန်တို့၏ မိသားစုများလောကတွင် တင်းကြပ်စွာ နှုတ်ပိတ် ရေငုံ နေစေခဲ့၏။

မိမိတို့ မည်သည့်နေရာသို့ ခရီးထွက်ရလိမ့်မည်ဟု မိသားစုအား အတိအကျ ဖော်ထုတ်ပြခဲ့သူ အရာရှိအချို့အား နိုင်ငံတော်ပုန်ကန်မှုဖြင့် စွဲချက်တင်ကာ သေဒဏ် ချမှတ်ခဲ့၏။

ဂျာမန်လေတပ်လေယာဉ်များက ရှေ့တန်းစစ်မျက်နှာတွင် ပျံဝဲခဲ့၏။ စုံထောက် နှင့် ကြိုတင်ဟောကိန်း ထုတ်နိုင်သော ကိရိယာများကိုပင် စမ်းသပ်အသုံးချခဲ့၏ ဂျာမန်လေတပ်မှ လေယာဉ်ပစ်အမြောက်များက စပိန် သမ္မတဂိုဏ်းသားများ၏ လေယာဉ်ပျံများကို ပစ်ချခဲ့နိုင်သည်။ ဟစ်တလာ၏ စစ်လက်နက်ပစ္စည်းဆိုင်ရာ ကျွမ်းကျင် သော လုပ်သားများမှာ ဖရန်ကိုအား အစေခံရာတွင် ချွေးတလုံးလုံးနှင့်ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရသည်။

ယနေ့အချိန်ကာလအတွင်း စပိန်ပြည်တွင်းစစ် မည်မျှအထိ အချိန်ကြာခဲ့သည် ကို ပြန်လည်သတိရရန် အားထုတ်ဖို့ လိုလိမ့်မည်ထင်သည်။

မှန်သည်။ စပိန်ပြည်တွင်းစစ်သည် ၁၉၃၉–ခု၊ မေလအထိ ကြာခဲ့၏ နောက်တစ်လ သို့မဟုတ် နှစ်လအကြာတွင်ပင် ဒုတိယကမ္ဘာစစ်ကြီး စတင်ပေါ်ခဲ့လေပြီ

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပေါ်ခဲ့သည့်နေ့ကိုပင် ယောင်ဝါးဝါးဖြစ်နေသော စပိန်လူမျိုး အများအပြားကို ကျွန်တော် တွေ့ခဲ့ဖူးပါ၏။ စစ်နှင့်ပတ်သက်၍ စပိန်လူမျိုး တို့နှင့် စကားစပ်ပြောမိလျှင် ၎င်းတို့၏ ပြည်တွင်းစစ်ကိုပင် ဆိုလိုသည်ဟု ယူဆထား ပေလိမ့်မည်။

၁၉၃၉–ခု၊ မတ်လ (၂၈)ရက်။

မဒရစ်မြို့တော် ကျဆုံးသောနေ့။

သည်အခါ ကနားရစ်က စပိန်စစ်ဆင်ရေးတွင် အားသွန်ခွန်စိုက် ကြိုးပမ်း ခဲ့ရသည့် ၃၂ လကြာ ကာလကို ပြန်လည်ဆန်းစစ်မိသည်။

'ဂျာမနီနှင့် စပိန်ပြည်တွင်းစစ်'စာအုပ်တွင် ၁၉၃၆–ခု၊ ဇူလိုင်လက ပေါ်ခဲ့သည့် တိုက်ပွဲ၏ ရှုပ်ရှုပ်ထွေးထွေး ဖြစ်ရပ်များနှင့် ပတ်သက်သော အစီရင်ခံစာကိုလည်းကောင်း မြောက်ဘက်စစ်မျက်နှာမှ 'ဗိုလ်ချုပ်ကြီးမိုလာ'က လက်နက်အကူအညီများ အမြန် ထောက်ပံ့ကူညီရန် မေတ္တာရပ်ခံချက်ကိုလည်းကောင်း ရရှိခဲ့သည်ဟု ဖော်ပြခဲ့၏။

ထို့ပြင် . . .

၁၉၃၆–ခု၊ အောက်တိုဘာလတွင် ဟစ်တလာက ကနားရစ်အား ဗိုလ်ချုပ်ကြီး ဖရန်ကိုထံ စေလွှတ်၍ ပြည်တွင်းစစ်တွင် အားသွန်ခွန်စိုက် တိုက်တွန်းဖို့ ညွှန်ကြားခဲ့ ကြောင်းလည်း ယင်းစာအုပ်တွင် ဖော်ပြပါရှိသည်။

ကနားရစ်သည် ဖရန်ကိုနှင့်အတူ ရှေ့တန်းစစ်မျက်နှာများသို့ လှည့်လည်





သွားလာခဲ့သည်။

၁၉၃၈–ခု၊ ဧပြီလတွင် ဖရန်ကိုက ကွန်ဒိုတပ်ကြီးအား စပိန်နိုင်ငံမှ ပြန်လည် ရုပ်သိမ်းရန် ရိပ်ဖမ်းသံဖမ်း အကြံပေးလာသည်ကို ကနားရစ် ကြားခဲ့ရ၏။

၁၉၃၉–ခု၊ ဧပြီလ . . .

ဟစ်တလာက ကနားရစ်အား စပိန်သို့ စေလွှတ်ခဲ့ပြန်သည်။

စပိန်နိုင်ငံက 'ကိုမင်တန်ဆန့်ကျင်ရေးစာချုပ်အဖွဲ့' *(Anti Comintern Pact)*နှင့် ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားကြေညာရန် ဖရန်ကိုအား တိုက် တွန်းဖို့ ဖြစ်သည်။

အက်ရှာဂျင်က ကနားရစ်၏လက်အောက် အရာရှိများနှင့် စကားစပ်မိ၍ ၎င်းအကြောင်း ပြောခဲ့ ဆိုခဲ့ကြသည်များကို ပြန်လည် ဖောက်သည်ချခဲ့ဖူးပါ၏။

စပိန်နှင့် ဂျာမနီတို့ အိမ်ဦးနှင့်ကြမ်းပြင်သဖွယ် ကူးချည်သန်းချည် သွားလာ ခဲ့ခြင်း။ ပျက်စီးယိုယွင်းနေသော စပိန်ပြည် မော်တော်ကားလမ်းများပေါ်တွင် အမြန် ကားကို စီးနေရခြင်း။ ကာတာကျီးနားတွင်ပဲဖြစ်ဖြစ်၊ ကားအတွင်းပဲဖြစ်ဖြစ် တစ်နာရီ နှစ်နာရီခန့် အချိန်ဖြုန်းရခြင်း။

အာလ်ကိုနိုင်ရစ်အရပ်မှ ဂျီဘရော်လ်တာ ကမ်းခြေတွင် ကျောက်ချထားသော ဗြိတိသျှစစ်သင်္ဘောများကို လှမ်းမြင်နေရသည့် စပိန်ရေတပ် *(Spannish Armada)* သင်္ဘောများပေါ်တွင် အပေါင်းအသင်း သူငယ်ချင်းများနှင့် ထွေရာလေးပါး ပြောဆိုနေ ခြင်း။

သည်သို့လျှင် သွားလာပြောဆိုအချိန်ဖြုန်းရခြင်းကို 'ကနားရစ်' အပျော်ကြီး ပျော်မိသည်တဲ့။

ခြောက်သယောင်းနေသော စပိန်ပြည်မှ နီကျင်ကျင်တောင်များ။ ပြတင်းပေါက် ပါသော ဘုရားရှိခိုးကျောင်းရှိ မြေတဲများအပြည့်နှင့် စပိန်ကျေးရွာများ။ ဂိုယာ၊ ဇာဘာရန် နှင့် မြူးရီလိုအရပ်မှ သဘာဝရှုခင်းသာများ . . . ။

သည်ပတ်ဝန်းကျင်အား ကျောခိုင်းခွဲခွာသွားရမည်ကို ကနားရစ် ဝမ်းနည်း မည်မှာ အမှန်။ စပိန်နိုင်ငံသို့ သွားရမည်ဆိုလျှင် ကနားရစ်တစ်ယောက် ပျော်လိုက်သည့် ဖြစ်ခြင်း။

ကြည့်လေ . . . ။

သည်သို့သော အချိန်များတွင် ကနားရစ်က ထောက်လှမ်းရေး (၁)မှ အကြီး အကဲ ဗိုလ်မှူးကြီး ပိုင်ကန်ဗရော့ခ် *(Col. Picken Brock)* သို့မဟုတ် သူ့ လက်ထောက် အရာရှိတို့နှင့် ရယ်မောစရာပြောကာ တသောသောနှင့် . . . ။

လမ်းဆုံလမ်းခွတွင် တွေ့ရတတ်သော သိုးအုပ်ကို နာဇီတို့အလေးပြုဟန်ဖြင့် အလေးပြုလာမြဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီသိုးအုပ်ထဲမှာ ကျုပ်တို့ဆီက ထိပ်ပိုင်းအရာရှိကြီးတစ်ဦးဦး ရှိမယ်မရှိဘူး ဘယ်သူသိနိုင်မှာတဲ့လဲ'

မော်တော်ကားကို အပြင်းမောင်းနေရင်းက ကနားရစ်သည် သူ့လက်ထောက် အရာရှိဘက်သို့ မျက်စောင်းကလေးဝင့်ကာ ပြောသေးသည်။

စပိန်နိုင်ငံတွင် သူစိမ်း ဂျာမန်အရာရှိကြီးတစ်ဦး ခြေသွက်နေသည်ကို ဗြိတိသျှ ထောက်လှမ်းရေးက မသိဘဲမနေ . . . ။

ဟစ်တလာကိုယ်တိုင် 'မင်းသားကြီးစီယာနို' *(Count. Ciano)*ကို ၁၉၄၀ ခုနှစ်က ပြောပြဖူးသည်။

ဂျာမနီက စပိန်သို့ ဂျာမန် မတ်ငွေ သန်း ၅၀၀၀ ကို စည်းကမ်းသတ်မှတ်ချက် မရှိ လက်ဆောင်သက်သက် ပေးခဲ့ခြင်း ဖြစ်သည်ပင်ဆိုဆို။ ဟစ်တလာနှင့် ဖရန်ကိုတို့ နှစ်ဦးတွင် လျှို့ဝှက် စစ်ဖက် မဟာမိတ်စာချုပ်မျိုး မရှိဟုပြောပြော၊ သည်အချိန်က တိတိပပ သိနိုင်စွမ်း မရှိနိုင်။

စပိန်ပြည်တွင်းစစ် ပြီးဆုံးသွားသောအခါ ဂျာမနီက 'ကိုမင်တန်ဆန့်ကျင်ရေး မဟာမိတ်အဖွဲ့'တွင် စပိန်နိုင်ငံ ပါဝင်ခဲ့သည့်အကျိုးကို ခံစားခဲ့လေပြီ။

ဂျာမနီက စပိန်နိုင်ငံအပေါ် ပြောင်ပြောင်တင်းတင်း ဩဇာလွှမ်းမိုးနိုင်ခဲ့၏။

သို့ရာတွင် ကိုယ့်ဂုဏ်ကိုယ့်သိက္ခာနှင့် လွတ်လွတ်လပ်လပ် နေလိုသော စပိန်နိုင်ငံက အာခံလာပြန်သည်။

စပိန်နိုင်ငံရှိ သတ္တုတူးဖော်ခြင်းလုပ်ငန်းများအား နိုင်ငံခြားတိုင်းပြည်များက ချုပ်ကိုင်ခြင်းကို ကန့်သတ်ချုပ်ချယ်သည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသောအခါ ဂျာမန်သံအမတ်ကြီးက သွေးရူးသွေးတန်း ကန့်ကွက်လာသည်။

သို့ရာတွင် စပိန်မှ မင်းသားကြီး ဂျိုဒါးနာ *(Count Jordana)* က စပိန်နိုင်ငံသည် မိမိနိုင်ငံအတွက် ဥပဒေတစ်ရပ် မပြဋ္ဌာန်းမီ နိုင်ငံခြား တိုင်းပြည်များသို့ ကြိုတင် တိုင်ပင်သော ထုံးစံမရှိဟူ၍ အပြတ်ပြောခဲ့သည်။

၁၉၃၈-ခု၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင်ဖြစ်သည်။

ကနားရစ်၏ မိတ်ဆွေရင်းချာ 'ကော်ဒီလို'က ချက်နိုင်ငံအရေးနှင့် ပတ်သက်၍ အချင်းများမှုတွင် စပိန်နိုင်ငံက ကြားနေမည်ဟု ကနားရစ်အား မြူးနစ် အရေးအခင်း ကာလက သိစေခဲ့သည်။

သည်အတွက် မင်းသားကြီး ပြောခဲ့သည်မှာ မှတ်လောက်သားလောက်ဖြစ်ပါ၏။ စင်စစ် သည်ဖြစ်ရပ်များကို 'အာခံခဲ့သည့်မူဝါဒ'၏ အစပထာမဟု ဆိုရလေမည်လားမသိ . . . ။

သည်ကိစ္စရပ်တွင် ကနားရစ်သည် အဓိကအခန်းမှ ပါဝင်၏။

➡ ◆ ⬅ ◆ ➡



( ၄ )

## အညှဉ်းခံတို့ရဲ့ပခင်ကြီး

တာပစ်ဇ်ဖာလမ်းမကြီးရှိ အဆောက်အအုံမှ နေ့စဉ်ကျင်းပနေကျ စည်းဝေးပွဲ တက်ပတ်လည်တွင် ဦးစီးအရာရှိများ ထောက်လှမ်းရေးမှ အရာရှိများ ထိုင်နေကြသည်။ အားလုံး၊ လုံ့လဝီရိယရှိသူ အမိန့်နာခံတတ်သူများချည်းပါ။

သို့ရာတွင် ထိုထိုသော ပုဂ္ဂိုလ်များ၏ အလုပ်သည် ကနားရစ် လက်ခုပ်ထဲက ရေပမာနှယ်။

'ကနားနစ်' စားပွဲပေါ်သို့ ဆေးပြင်းလိပ်များ ချမိခဲ့လျှင်၊ စားပွဲပတ်ပတ်လည် ဝိုင်းထိုင်နေကြသူများဆီမှ ဆေးပြင်းလိပ် ဖင်မြီးဖြတ်ရန် ဓါးကလေးများ အလျှိုလျှို ထွက်လာတတ်ပြန်သည်။

လက်အောက် အရာရှိများက ဓါးကလေးများ ထုတ်လာသည်ကို ကနားရစ် မှင်ပြန်ပြုံ၍ စကားပြောမြဲ ပြောလျက်ပြီးမှ မိမိကိုယ်ပိုင် ဓါးကလေးကိုထုတ်ကာ ဆေးပြင်းလိပ်ဖင်မြီးကို ကိုယ်တိုင်ပင် အလျင်အမြန် ဖြတ်လိုက်၏။

တဖန် ဆေးပြင်လိပ်ကို ပါးစပ်တွင် တပ်တော့မည်ပြုဟန်ဖြင့် လက်ကြားတွင် ညှပ်ကာ မြှောက်လိုက်ပြန်သည်။

သည်အခါတွင် ပတ်ပတ်လည်မှ သတ္တဝါများက သူ့ထက်ငါ အလုအယက် တောင်းပြောကြနှင့် . . . ။

ကနားရစ် ဆေးပြင်းလိပ်ကို ပြာခွက်တွင် ပြန်ချကာ၊ တပည့် လက်အောက်



www.burmeseclassic.com

www.burmeseclassic.com



ယ်သားများနှင့်အတူ အကြိတ်အနယ် ခွေးနွေးပြန်သည်။ ပြောလိုက်ဆိုလိုက် သည်မှာ နောက်ဆုံး တပည့်လက်အောက်ငယ်သားများ၏ အာရုံစိုက်မှုတွင် မှိန်ပျော လွင့်သွားစေသည့် အထိပင် . . . ။

ပြီး . . . တပည့်တစ်ဦးဦးက မလှုပ်ရှားမီ ကနားရစ်က ဆေးပြင်းလိပ် ကောက်ခါငင်ကာ ယူလိုက်ပြီး အမြန်တကာ့ အမြန်ဆုံးနှုန်းဖြင့် မီးညှိလိုက်၏။

ဤသည်မှာ၊ ကနားရစ်၏ အကျင့်စရိုက် လက္ခဏာ၊ တိတိပပ ဆောင်ရွ တတ်သည်။ အများတကာကို အယုံအကြည်မရှိတတ်၊ တသီးတခြား လွတ်လွတ်လ လပ် လုပ်လေ့လုပ်ထရှိ၏။ သို့တစေ၊ လက်အောက်ငယ်သားများကို စိတ်အားတက် သည်မှာ အမှန် . . . ။

ဟစ်တလာ၊ သူ့ဗိုလ်ချုပ်ကြီးများနှင့် ခန့်ညားထည်ဝါသော ရေတပ်ဗိုလ်ချုပ် များသည်၊ ကနေ့ ဂျာမန်လူမျိုးများ နလုံးသားတွင် မှေးမှိန်ပျောက်ကွယ်သွားခဲ့လေ

သို့တစေ၊ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ် လက်အောက်တွင် တာ ထမ်းဆောင်ခဲ့သူများကိုမူ အတိတ်အရိပ်က ထိုးကျနေဆဲ။ သူတို့ဆရာကြီးစကား မြေဝယ်မကျ နားထောင်လျက်ရှိနေဆဲ။ ရံဖန်ရံခါ ခိုက်ရန်ဒေါသ ဖြစ်နေကြ တစ်ဦးအပေါ် တစ်ဦး သံသယရှိနေကြဆဲ။ မည်သို့ပင်ဖြစ်စေ၊ ဆရာကြီးအ သစ္စာစောင့်သိနေကြဆဲ။

ကနားရစ်က မြှောက်ပင့်ပြောသည်များကို မကြိုက်တတ်။ အလုပ်လုပ်ရာတွ မနားမနေ လုပ်တတ်သည်။ အစားအသောက် မလော်လည်တတ်။ ညနေခင်းတ ရေရောထားသည့် အရက်တစ်ဖန်ခွက်ထက် ပို၍ပင် မသောက်တတ်။

သူ့အမူအရာ အကျင့်များက ထူးထူးဆန်းဆန်း။ သည်အထဲတွင် အမွေး ကြမ်း အမဲလိုက်ခွေးကြီးများကို ချစ်တတ်ခင်တတ်ပုံကို အများတကာ ရှေ့တွင် သိသိသာသာ ပြတတ်သည်လည်း တစ်ခုအပါအဝင်ဖြစ်၏။ ကနားရစ် ခရီးထွက်လေတိ သည်ခွေးကြီးများက သူနှင့်အတူ လိုက်ပါတတ်မြဲ။ ကနားရစ် အိပ်ရာကုတင်န ယှဉ်လျက်ရှိသော နောက်ကုတင်တစ်လုံးပေါ်တွင် ခွေးကြီးများက အိပ်တတ်သေး

ကနားရစ်သည် မြင်းချစ်တတ်သူတစ်ယောက်လည်း ဖြစ်၏။ မြင်းစီး မှန် ကျင့်တတ်သည်။ ကျင်ကျင်လည်လည် စီးတတ်သည်။

ဟစ်တလာကမူ၊ ကနားရစ်၏ အမူအကျင့်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင် တစ်ကြိမ်တစ်ခါမျှပင် မြင်းပေါ်တက်ခွသည်ဟု မကြားခဲ့ရဘူးပါ။ ခရီးထွက်ရာတွင်လည် ခွေးများက နောက်ပါးမှ လိုက်ပါတတ်သည်ဟုလည်း မသိခဲ့ရ။ ဝံပုလွေနှင့်တူလှသည် အယ်လ်ဖေးရှင်း ခွေးအနည်းငယ်သာ ဟစ်တလာ၏ ဘာချက်စ်ဂေဒင် အဆောက်အအ ကြီးတွင် ဟိုဟိုဒီဒီ သွားလာနေသည်ကို မြင်ဖူးတွေ့ဖူးပါ၏။

သူတို့နှစ်ဦးတွင် တူသည့်အချက်လည်း ရှိ၏။ ဟစ်တလာသည်လည်း အမ





တကာကို ယုံကြည်မှုမရှိတတ်။

သို့ရာတွင် သူ့အမူအရာက ကြမ်းကြမ်းတမ်းတမ်း၊ နုတ်ကြမ်း၊ လျှာကြမ်း နားရစ်ကမူ သူတစ်ပါးဒုက္ခရောက်နေသည်ကိုတွေ့လျှင် အတောမသတ် သနားနေ တတ်သည်။

သူ့အား သူ့နောက်ကွယ်တွင် အမျိုးမျိုးသောနာမည်များ ပေးခဲ့ရာတွင် စ်ခုသောအမည်တွင် 'အညှဉ်းခံတို့ရဲ့ ဖခင်ကြီး' *(Father of persecuted)* တဲ့။

ဟစ်တလာနှင့် ကနားရစ်တို့ မတူသည့်အချက်များ အများအပြားရှိနေသော ည်း ကနားရစ်သည် ထောက်လှမ်းမှုးချုပ်အဖြစ် စတင်အမှုထမ်းစဉ်က တစ်ဦးပေါ် စ်ဦး အကြွင်နာပိုခဲ့သည်များလည်း ရှိ၏။

'သူက မင်းအမြင်ကို မှန်မှန်ကန်ကန်တင်ပြခဲ့ရင်၊ သူက ဂရုတစိုက် ကြည့် တ်တယ်'ဟု ကနားရစ်က၊ ဟစ်တလာကို ရည်ညွှန်း၍ သူ့လက်အောက် အရာရှိ စ်ဦးအား ပြောပြဖူး၏။

ရုရှားစစ်တပ်နှင့် လျှို့ဝှက်စွာ နားလည်မှုယူထားသည်ဆိုသော ဝါဒကို မန်စစ်တပ်က ဘယ်သောအခါမှ လက်မလွှတ်သေးဟု၍သာ ဟစ်တလာက လွဲမှားစွာ တ်ခွဲလန်းနေ၏။ စင်စစ် သည်အယူဝါဒက ဝိုင်မာ သမ္မတနိုင်ငံကို လွှမ်းမိုးနေသည် တတ်ပါလား။

ဟစ်တလာသည် ၁၉၂၆–ခုနှစ်က လျှို့ဝှက်စွာချုပ်ဆိုခဲ့သည့် လျှို့ဝှက် ကျင့်ရေးစာချုပ်ကို ရှုတ်ချပြစ်တင်ခဲ့၏။ အငြိမ်းစား စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကောက် *(Gen. Von Seecht)* နှင့် အခြေအတင်ပြော၍ ဟစ်တလာက မိမိသဘောကို တိလင်းလင်း ပြောခဲ့ဖူး၏။ ဗိုလ်ချုပ်ကြီးက ရုရှားနှင့် တရားမဝင် ဆက်သွယ်မှုမရှိ ကိုပင် မကျေမနပ်ဖြစ်နေ၏။

ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံး စစ်တပ်ကြီးနှစ်ခုကို ဟစ်တလာကိုယ်တိုင် အတင်းအဓမ္မ ခွဲခြားစေခဲ့သည်။ ဆန့်ကျင်ဘက်အုပ်စုတွင် တသီးတခြား ဖြစ်နေစေရန် စ်တလာက စီစဉ်ခဲ့၏။

ဟစ်တလာနှင့် သူ့အာဏာရှင် အသိုင်းအဝန်းတစ်စု အာဏာဖြိုးခဲ့ရသည် သည်း စင်စစ် ဂျာမန်နှင့် ရုရှားစစ်တပ်နှစ်ခုကြား အခြေအနေတင်းမာစေအောင် တီးခဲ့ခြင်းကြောင့်ပင်ဖြစ်၏။

ရုရှားနိုင်ငံခေါင်းဆောင် 'စတာလင်'ကိုယ်တိုင်က နှစ်နိုင်ငံ စစ်တပ်နှစ်ခုကြား သည်မှုရှိစေခြင်းကို ဆက်လက်ရှင်သန်စေလိုပြီး ၁၉၂၆–ခုနှစ် စစ်လေ့ကျင့်ရေး သဘောတူစာချုပ်ကိုပါ ဆက်လက်တည်တံ့စေလိုသည့် ဆန္ဒရှိ၏။ သည်သို့ ဆန္ဒရှိခြင်း သည်း နောင်သောအခါတွင် စတာလင်၏ အပြုအမူမှ ထင်ထင်ရှားရှား သိရ၏။

ဂျာမန်နှင့် ရုရှားဗိုလ်ချုပ်ကြီးများက လျှို့လျှို့ဝှက်ဝှက် တွေ့ကြပြီး အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



တိုင်တန်းသည့်သဘောဖြင့် ယခုလိုပင် ပြောခဲ့သည်ဟု ဆိုကြပါစို့။

'တို့စစ်သားတွေကတော့ တစ်ဦးနဲ့တစ်ဦး သဘောပေါက်နားလည်ကြတယ် ခက်တာက ဘိုလ်ရှီဗစ်ဝါဒနဲ့ အမျိုးသား ဆိုရှယ်လစ်ဝါဒဆိုတဲ့ ဒီနိုင်ငံရေးစနစ်တို့ ကျုပ်တို့လူမျိုးနှစ်စုကို ရန်သူဖြစ်အောင် ဖန်တီးခဲ့ကြတယ်။ ဒီအစိုးရ နှစ်ခုစလုံး ဖျက်စီးလိုက်ရင်တော့ ကျုပ်တို့ လူမျိုးနှစ်ရပ်စလုံး ငြိမ်းချမ်းရေးရကြမှာ'

သည်အဖြစ်တွေက တရွေ့ရွေ့ခြောက်သလို ခြောက်နေလေတော့ ဟစ်တလာ ညညဆို အိပ်လို့ပင်မပျော်။

စတာလင်လည်း သည်အဖြစ်မျိုးနှင့် ကြုံဆုံရမည်မှာ မလွဲ။

ထို့အတွက်ကြောင့်ပင် ၁၉၃၆-ခုနှစ်၌ ဟစ်တလာသည် ဂျာမန်စစ်တပ် မိမိအပေါ် ခြွင်းချက်မရှိ သစ္စာစောင့်သိစေဖို့ ယတိပြတ် ဆုံးဖြတ်လိုက်၏။

စတာလင်ကိုယ်တိုင်ကလည်း မိမိစစ်ဗိုလ်ချုပ်ကြီးများအပေါ် မကျေနပ်

ရုရှားကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ဒုတိယကာကွယ်ရေး ဦးစီးချုပ် မာရှယ်တူ ချာချေးဗကီး *(Tuchachewski)* က ၁၉၃၆-ခု၊ ဖေဖော်ဝါရီလတွင် ဗြိတိန်ဘုရင် ပဉ္စမဂျော် ဂျော့ဘုရင်၏ နတ်ရွာစံ အခမ်းအနားသို့ ရုရှားနိုင်ငံကို ကိုယ်စားပြု၍ တက်ရောက်ခဲ့

မာရှယ်တူချာချေးဗကီးသည် လန်ဒန်မြို့တော်ရှိ ရုရှားစစ်သံမှူး ဗိုလ်ချုပ်ကြီး ပွတ်နား *(Gen. Putna)* နှင့်အတူ ဗိုလ်ချုပ်ကြီး မီလာ *(Gen. Miller)* နှင့် ပဲရစ် တစ်ခေါင့် ခိုလှုံလာကြသည့် ရုရှား ဘုရင့်ဆွေတော်မျိုးတော်များ၏ ကိုယ်စားလှယ်များ တိတ်တဆိတ် တွေ့ဆုံခဲ့ကြသည်။

သည်သို့ တွေ့ကြသည်ကို စတာလင်က မိမိ သူလျှိုတမန်များမှတစ်ဆင့် သိခဲ့ပြီးပြီ။

မော်စကိုသို့ အပြန်ခရီးတွင် မာရှယ်တူချာချေးဗကီးသည် ဂျာမနီနိုင်ငံ ဘာလင် မြို့တွင် ခေတ္တခဏဝင်၍ ရုရှားစစ်သံမှူးနှင့် တွေ့ဆုံခဲ့သည်။

သည်အခိုက် ဘာလင်ရှိ ဂျာမန် ကွန်မြူနစ်ကိုယ်စားလှယ် 'ဘလူးမဲလ်' *(Blumeil)*က ဘာလင်ရှိ ရုရှားနိုင်ငံမှ ထွက်ပြေးခိုလှုံလာသူတစ်စုနှင့် တိတ်တဆိတ် တွေ့ဆုံရန် စီစဉ်ပေးပြန်သည်။

သည်သို့ တိတ်တဆိတ် တွေ့ခဲ့ပုံကို နောက်တစ်နေ့မနက်တွင် ဘလူးမဲလ် ကိုယ်တိုင် ဘာလင်ရှိ ရုရှားသံမှူးရုံးသို့ သတင်းပေးပို့ခဲ့၏။

သို့ကြောင့်ပင် မာရှယ်တူချာချေးဗကီး တစ်ယောက် မော်စကိုပြန်ရောက် သောအခါ မသင်္ကာမှုဖြင့် နောက်မှအရိပ်ပမာ အလိုက်ခံနေရရှာ၏။

စင်စစ် မာရှယ်တူချာချေးဗကီးသည် မေလတွင် လန်ဒန်မြို့သို့သွား၍ ဆဋ္ဌ ဂျော့ဘုရင်၏ ဘိသိက်မြှောက် အခမ်းအနားတွင် တက်ရောက်ရန် စီစဉ် ဖြစ်၏။ သို့ရာတွင် မာရှယ်သည် အအေးမိ၍ လန်ဒန်မြို့သို့ မသွားနိုင်တော့ကြော





ကြညာလိုက်၏။

မာရှယ်တူချာချေးဗကီးအား ကာကွယ်ရေးဦးစီးချုပ်တွင် တာဝန်ထမ်းဆောင် နေရာမှ ဗော်လဂါဒေသ ကွပ်ကဲမှုဌာနချုပ်သို့ ပြောင်းရွှေ့လိုက်၏။ လပေါင်းများစွာ ကြာသည်အထိ အရိပ်တကြည့်ကြည့်ဖြင့် စောင့်ကြည့်ခံရပြီး နောက်ဆုံးတွင် အဖမ်းခံ ရသည်။

၁၉၃၆-ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလတွင် 'ဟေးဒရစ်ချ်'တစ်ယောက် တာပစ် လမ်းရှိ ထောက်လှမ်းရေးရုံးချုပ်သို့ ရောက်လာသည်။ သက်တမ်းကုန်ဆုံး သွားပြီ ဖြစ်သော ဂျာမန်၊ ရုရှား စစ်လေ့ကျင့်ရေး သဘောတူစာချုပ်၏ မိတ္တူမှန်ကို ကနားရစ် ထံမှ တောင်းခံယူရန်ဖြစ်၏။

စာချုပ်တွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များဖြစ်သော တူချာချေးဗကီး၊ စကက်နှင့် ဟမ်မားစတိန်း *(Hammerstain)*တို့၏ လက်မှတ်များ ပါရှိသည်။

သည်မျှမကသေး။

နှစ်နိုင်ငံကိုယ်စားလှယ် ဗိုလ်ချုပ်ကြီးများ၏ လက်မှတ်တူထိုးနိုင်သော လက်ရေး ကျွမ်းသူများကိုပါ ခေတ္တခဏပေးရန်ပါ ကနားရစ်သို့ တောင်းခံပြန်သည်။

ဟစ်တလာကိုယ်တိုင်က ထိပ်တန်း လျှို့ဝှက်လုပ်ငန်းတစ်ရပ်ကို မိမိတစ်ဦး တည်းဆောင်ရွက်ရန် တာဝန်ပေးထားသည်ဟု ဟေးဒရစ်ချ်က ဆိုသည်။

သည် လျှို့ဝှက်လုပ်ငန်းအတွက် သည်စာချုပ် မိတ္တူမှန်လိုသည် ဆို၏။

ရုရှားတို့အား မဟုတ်မမှန် သတင်းပေးရန် လုပ်ကြံဖို့ ကြံရွယ်သည်။

အက်ဘ်ရာဂျင်၏အဆိုအရ သည်စဉ်က ကနားရစ်သည် ဟေးဒရစ်ချ်ပြော သော လုပ်ငန်းကို 'အစ်'ထုတ်ရန် ပထမသော် တင်းခံနေသေးသည်တဲ့ . . . ။

ဂက်စတာပိုက မိမိလုပ်ပိုင်ခွင့်များ၏ အပတွင်ရှိနေသော လုပ်ငန်းများအား ဝင်ရောက်ဆောင်ရွက်နေသည်ကို ယခုမှ ကနားရစ် သိရ၏။

သည်ကိစ္စတွင် မိမိ၏ ထောက်လှမ်းရေးအဖွဲ့က ပူးပေါင်းကူညီဆောင်ရွက်ရန် ကနားရစ်က ခါးခါးသီးသီး ငြင်းခဲ့၏။ သည့်အတွက် ဟေးဒရစ်ချ်နှင့် ကနားရစ်တို့ ဆိုးမာန်ဆိုး ဖြစ်ခဲ့ရသည်။

၁၉၃၇-ခု၊ ဇွန်လ ၊ ၁၂ ရက်နေ့။

မော်စကိုမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ နိုင်ငံသစ္စာဖောက်မှုနှင့် နိုင်ငံခြား တိုင်းပြည်တစ်ပြည်အတွက် သူလျှိုလုပ်ခြင်းကြောင့် တူချာချေးဗကီးနှင့် ပေါင်းပါ ဗိုလ်ချုပ်ကြီး ၇ ဦးအား ပစ်သတ်ခဲ့သည်တဲ့ . . . ။

ရုရှားစစ်တပ်၏ အရာရှိလောကတွင် သွေးချောင်းစီးရသည်ထိ အပြောင်ပွဲကို ၁၉၃၇-ခုနှစ် ကျန်ကာလအတွင်း ဆက်လက်ဆောင်ရွက်ခဲ့၏။ ထောင်ပေါင်းများစွာ သော ရုရှားအရာရှိများ အသက်ဆုံးရှုံးခဲ့ရသည်။ အများစုမှာ အပြစ်မဲ့သူများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၈–ခု နွေရာသီတွင် အထွေထွေ စစ်ရေးအခြေအနေများနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီးဘက် *(Gen. Beck)*က သုံးသပ်ချက်ရေးရာ၌ ရုရှားစစ်တပ်ကို ဂရုစိုက် အလေးထားရန် မလိုအပ်ကြောင်း အခိုက်အတန့်တွင် သွေးထွက်သံယိုမှုများ ပေါ်သည်။ အပုပ်ချပွဲများ လုပ်နေခြင်းကြောင့် ခေတ္တခဏမျှ စိတ်ဓါတ်ကျဆင်းနေကြကြောင်း ဖြေဆိုထား၏။

ဟေးဒရစ်ချ်တစ်ယောက် တာပစ်ဖူဟာလမ်းရှိ ထောက်လှမ်းရေးအဖွဲ့ရုံးချုပ်သို့ ရောက်လာပြန်သည်။ ဂျာမန်–ရုရှား စစ်လေ့ကျင့်ရေးစာချုပ်မှ ဂျာမန်စစ်တပ် အရာရှိကြီးများနှင့် တူချာချူးစကီးတို့၏ အပြန်အလှန်ပေးစာ အတုများရေးရန် နောက်တစ်နည်း တွေ့ထားပြီးဖြစ်ကြောင်းဖြင့် ကျေကျေနပ်နပ်ကြီး ပြောပြနေသည်။

ဆိုဗီယက် အစိုးရအဖွဲ့အား ဖြိုဖျက်ချရန် ရည်ရွယ်ရင်းရှိကြောင်း ဟေးဒရစ်ချ်က အရိပ်အမြွက်ပြခဲ့၏။

သည်ရည်ရွယ်ချက်မှာ ဟစ်တလာ၏ အကြံအစည်ဖြစ်သည်ဟု ဟေးဒရစ်ချ်က ဆိုသည်။ သည်လုပ်ဇာတ်ကို ဦးစွာပထမချက် ကာကွယ်ရေးဦးစီးချုပ်ရုံးတွင် ဖန်တီးလိုက်ပြီးမှ မော်စကိုသို့ သတင်းပြန့်စေခဲ့၏။

ဟေးဒရစ်ချ်က သည်သို့လျှင် ဉာဏ်နီဉာဏ်နက်ဆင် အကွက်ထွင်ခဲ့ခြင်းကြောင့် ရုရှားတွင် အလောင်းချင်း ထပ်ကုန်တော့သည်။ သွေးချောင်းစီးအောင် အပုပ်ချခဲ့ရခြင်းကြောင့် ရုရှားတပ်နီတော်သည် နောင်လာမည့်နှစ်များတွင် အားအင်ချိနဲ့နေဦးတော့မည်။

အထောက်အထား အတုအယောင်တွေက မာရှယ်တူချာချူးစကီးအား မည်မျှ နစ်နာ ထိခိုက်စေခဲ့သည်ကို သိကောင်းမှ သိပေလိမ့်မည်။ အသေးစိတ်ကို ဂျာမန် ထောက်လှမ်းရေး အရာရှိများက ဂျာမန်စာနယ်ဇင်းများတွင် ရေးခဲ့သော ဆောင်းပါးများ နှင့် 'ကြိုးတိုက်ကိုမှ ငါရွေးချယ်' *(I Chose The Gallows)*အမည်ရှိ စာအုပ်တွင် ဖော်ပြခဲ့၏။

ဆောင်းပါးအသီးသီးတွင် ဂျာမနီမှ စာရွက်စာတမ်းများသည် ဦးစွာပထမ ချက်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ်မှ ဖြတ်သန်းခဲ့ရသည်ချည်းဖြစ်ကြောင်း အတိအလင်း ဖော်ပြခဲ့ကြသည်။ ချက်နိုင်ငံသမ္မတ ဘနီး *(Benes)* ကိုယ်တိုင် အဟုတ်အမှန် ထင်မှတ်ကာ စတာလင်သို့ ဆက်လက်တင်ပြရန်ကိုပင် သဘောတူခွင့်ပြုခဲ့၏။

ဟစ်တလာနှင့် ဟေးဒရစ်ချ်တို့က မိမိတို့ အကွက်ထွင်လိုက်သည်၏ နောက် ကွယ်တွင် အစစ်အမှန်ဖြစ်ရပ် ကျန်ရှိနေသေးသည်ဟုသာ စိတ်စွဲလန်းနေကြ၏။

၁၉၃၇–ခု၊ မတ်လ ၂၂ ရက်နေ့။

ဟေးဒရစ်ချ်က ဗိုလ်ချုပ်ကြီး ဗွန်စကက်၏ မိတ်ဆွေရင်း 'အာနက်နီကစ်ချ်' *(Ernst Niekisch)*ကို ဖမ်းချုပ်လိုက်သည်။ နီကစ်ချ်သည် ၁၉၂၆–ခုနှစ်က ဂျာမန်–





ရုရှား စစ်လေ့ကျင့်ရေးစာချုပ် ချုပ်ဆိုခဲ့ရာတွင် ဂျာမနီနိုင်ငံကို ကိုယ်စားပြု ဆွေးနွေးခဲ့သူ ဖြစ်၏။

'နီကစ်ချ်'သည် ရုရှားသတင်းစာဆရာ 'ကားလ်ရေဒက်' *(Karl Radek)*၏ မိတ်ဆွေရင်းလည်း ဖြစ်ပြန်သည်။

'ကားလ်ရေဒက်'ကို စတာလင်က မျက်နှာသာမပေး။ ရာဇဝတ်ရုံးရှေ့ ခံနေရသူ ဖြစ်သည်။ သေဒဏ် ပေးခံထားရသူ . . . ။

နီကစ်ချ်နှင့်အတူ ကျန်ပုဂ္ဂိုလ် ၁၉–ဦးကိုပါ ဟေးဒရစ်ချ်က ဖမ်းဆီးခဲ့၏။ အဖမ်းခံရသူအချို့မှာ ရုရှားနှင့် ဂျာမန်စစ်တပ်တို့အကြား ဆက်သွယ်ရေးတာဝန် ယူခဲ့သူ များဖြစ်၏။

ဘယ်သို့သောအချိန်တွင် စွန့်စွန့်စားစား သတ္တိပြောင်ပြောင် လုပ်ရမည်ကို ကနားရစ်က ကောင်းကောင်းသိရ၏။

ကနားရစ်က သူ့လက်အောက်ငယ်သား တပည့်များအပေါ် အထူးဂရုစိုက် တတ်သည်။ စင်စစ် သည်သို့သော စိတ်ထားများက ရှိခဲပါဘိခြင်း . . . ။

တရားရုံးတွင် စွဲချက်တင် စစ်ဆေးခြင်းမပြုမီ၊ အချိန်ကာလ်၌ ကနားရစ်၏ လူယုံတော်တစ်ဦးက ဗြိတိသျှ သတင်းစာများသို့ သတင်းပေါက်ကြားစေခဲ့၏။ တရားခံ များအား သေဒဏ်ပေးလိမ့်မည်ဟုပင် ထင်မြင်ချက်ပေးခဲ့သေးသည်။

သည်လုပ်ရပ်ကလည်း အကျိုးသက်ရောက်မှုရှိသည်။

ရှိပုံရှိနည်းကို နီကစ်ချ်က နောင်သောအခါတွင်မှ ကျွန်တော့်ကို ပြောပြဖူး၏။

ပြည်သူ့တရားရုံး၏ တတိယဆီးနိတ်မှ ဥက္ကဋ္ဌက တရားခံအား ငါးကြိမ်း ကြိမ်းတော့သည်။

'ပြည်ပစာနယ်ဇင်းတွေက သေဒဏ်ပေးလိမ့်မယ်လို့ ကြိုတင်ဟောကိန်း ထုတ်နေပြီ၊ ထုံးစံအတိုင်း လိမ်ညာတာပါပဲ၊ တရားရုံးက အကျဉ်းချ အပြစ်ဒဏ်သာ ချမှာပါ' . . .

ဂက်စတာပိုက လျှို့ဝှက်စစ်တပ်ဝါဒကို တိတ်တိတ်ပုန်း ဆက်လက်ကျင့်သုံး နေပြီ။ နှစ်ဘက်စလုံးမှ ယခုကဲ့သို့ သရော်တော်တော်၊ ပြောင်ချော်ချော် တရားစွဲဆို စွဲချက်တင်ခဲ့ခြင်းကို လူသိရှင်ကြားဖြစ်ရလေအောင် မလုပ်ကြသေး။၊ တရားခံများကို အရေးတကြီး ကယ်ရမည့်အရေးမှလွဲ၍ ဘယ်ကိစ္စတွင်မှ လူသိရှင်ကြား ဖြစ်စေလိမ့်မည် မဟုတ် . . . ။

ဖြစ်ရပ်များ ရှေ့နောက် အချိတ်အဆက်မှန်ရလေအောင် ထောက်လှမ်းရေး အရာရှိဟောင်းများက မှတ်မိသမျှ ပြောဆိုခြင်း၊ သည်စဥ်က သတင်းထောက်ဘဝဖြင့် ကိုယ်တိုင်ရေးခဲ့သော မှတ်စုမှတ်တမ်းများကို ရည်ညွှန်းခြင်း၊ ထိုစဥ်က ဝီစီပင်ဟန့်တား ခြင်းမရှိ ထွက်ခဲ့သော သတင်းအပါအဝင် သတင်းဖြတ်ပိုင်းများကို ကိုးကားခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ်တစ်ခုလုံးကို ကျွန်တော်ပင် ပြန်လည်စီစဉ်ခဲ့ရသေးသည်။

အဲ . . . သည်ဇာတ်လမ်းတွင် ကျွန်တော်ကိုယ်တိုင် ထပ်လောင်းဖြည့်စွက်ရေးသားထားသော စာများလည်း ပါရှိသေးသည်။

'နီကာစ်ချ်'အား တရားခွင်တွင် စစ်ဆေးခဲ့ပုံများကို သတင်းပေးပို့ခဲ့ခြင်းကြောင့် ၁၉၃၈–ခု၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ဘာလင်မြို့ရှိ ကျွန်တော့်အခန်းတွင် အနီးကပ် စောင့်ကြည့် ခံရပြန်သည်။

ကျွန်တော့်ထံ သတင်းပေးသူတစ်ဦးလည်း၊ နောက်ယောင်ခံလိုက်နေသူ အနီးရှိ ရုပ်ရှင်ရုံမှ ထွက်လာသော လူအုပ်ကြီးထဲသို့ တိုးဝင်ခဲ့ပြီး ကိုယ်ယောင်ဖျောက် ခဲ့ရ၏။

နောင်သောအခါ စုံစမ်းစစ်ဆေးလာရာတွင် ကျွန်တော့်အခန်းနှင့် အခန်းချင်း ကပ်နေသော ရုရှားနိုင်ငံမှ ခိုလှုံလာသူ ဇာဘုရင်ဂိုဏ်းသားတစ်ဦးက ကျွန်တော့်အား တကယ်သတင်းလာပေးသူ၏ နောက်သို့ နောက်ယောင်ခံ တကောက်ကောက်လိုက်နေ သော ဂက်စတာပိုကို လမ်းလွှဲသွားစေခဲ့သည်။

နောက် ၉ နှစ်ခန့်ကြာ ၁၉၄၆–ခုနှစ်တွင် ကျွန်တော်ကိုယ်တိုင် 'နီကာစ်ချ်' ကို ဘာလင်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးအဖြစ် ပြန်လည် တွေ့ရပြန်သည်။ ယခုအခါ တွင် 'နီကာစ်ချ်'မှာ ပုပုကွကွ၊ ဂင်တိုတိုနှင့် . . . ။ ယဉ်ယဉ်ကျေးကျေး ဖြစ်နေလေပြီ။

ထောင်ထဲတွင် အညှဉ်းခံရမှုကြောင့် မျက်စိ မှုန်မွှားမွှားဖြစ်နေဆဲ . . . သည်အချိန် သည်အခါထိ နီကာစ်ချ်က နောက် ၇ နှစ်အကြာ ၁၉၅၃–ခုနှစ်တွင် ဘရန်ဒန်ဘာက် အကျဉ်းစခန်းမှ ကယ်ကင်ခဲ့သော ရုရှားစစ်ဗိုလ်များနှင့် ရင်းရင်းနှီးနှီး ရှိနေဆဲ။

'နီကာစ်ချ်'သည် ဘရန်ဒန်ဘာက် အကျဉ်းစခန်းတွင် မာရှယ်တူချာချူးစကား နောက်သို့ နောက်ယောင်ခံလိုက်နေသူ ကွန်မြူနစ်သူလျှို ဘလူးမဲလ်နှင့် အခန်းချင်း ကပ်လျက် နေခဲ့ရ၏။

'ဘလူးမဲလ်'အား စစ်ကြီးကာလအတွင်းက ဘာလင်ရှိ ခဲယမ်းမီးကျောက် စက်ရုံမှ လျှို့ဝှက်စာရင်းတွင်ပါသော ယမ်းထိပ်ဖူးကို မိမိအိမ်သို့ ယူသွားမှုဖြင့် ဖမ်းဆီးခဲ့၏။ ယမ်းထိပ်ဖူးကို 'ဘလူးမဲလ်'က ထမင်းဗူးတွင်ထည့်ကာ ခိုးထုတ်ခဲ့ပြီး စစ်ဆေးသော အခန်းကျယ်ကြီးကိုဖြတ်၍ ခိုးထုတ်ခဲ့၏။

ဘလူးမဲလ်က သည်သို့သော ယမ်းထိပ်ဖူးနှစ်ခုကို ဘာလင်မြို့ရှိ ရုရှားသံရုံးသို့ ပို့ပေးခဲ့ဖူး၏။ သို့ရာတွင် ဖမ်းမိချိန်၌ 'ဘလူးမဲလ်'က ယမ်းထိပ်ဖူးကို စက္ကူဖိအဖြစ် အသုံးပြုရန် အမှတ်တမဲ့ ယူခဲ့ခြင်းဖြစ်သည်ဟု ခုခံကာကွယ် ထွက်ဆိုခဲ့သည်။ တစ်သက် တစ်ကျွန်း ပြစ်ဒဏ်သာ အစီရင်ခံရခဲ့၏။

➡ ◆ ⬅





'နီကာစ်ချ်'အမှုမှာ တရားရုံးတွင် စွဲချက်တင် စစ်ဆေးနေခြင်းမှာ နေ့ကြွေး ချန်လှုသည်ဟု 'ဟေးဒရစ်ချ်'က ထင်နေသည်။ ဂျာမန်စစ်တပ်တစ်ခုလုံးကို တုန်လှုပ် သွားစေမည့် အချက်များလည်း မပေါ်ထွက်လာခဲ့။ စစ်ဦးစီးဌာနချုပ်၏ အာဏာကို ချိုးရန် 'ဟင်းမလား'နှင့် 'ဟေးဒရစ်ချ်'က ထင်နေသည်။ ဂျာမန်စစ်တပ်တစ်ခုလုံးကို တုန်လှုပ်သွားစေမည့် အချက်များလည်း မပေါ်ထွက်လာခဲ့။ စစ်ဦးစီးဌာနချုပ်၏ အာဏာ ကို ဖြိုခွင်းရန် 'ဟင်းမလား'နှင့် 'ဟေးဒရစ်ချ်'တို့ အောင့်အည်းစောင့်မနေနိုင်တော့။ စစ်ဦးစီးဌာနချုပ်က လက်ဦးမှုရယူပြီး မိမိတို့ကိုဖြိုခွင်းသော နာဇီအုပ်ချုပ်ရေး ယန္တရားကြီး အား အကျပ်အတည်းပေါ်စေလိမ့်မည်ကိုသာ တွေး၍ ပူပန်နေကြသည်။

'ဟေးဒရစ်ချ်'နှင့် 'ဟင်းမလား'တို့ ပူးပေါင်း၍ ဂျာမန်စစ်ဦးစီးချုပ် 'ဗိုလ်ချုပ်ကြီး ဖရစ်ချ်'အား အကျင့်ပျက်သူအဖြစ် မဟုတ်မမှန် စွပ်စွဲကာ ဖြုတ်ချရန် အကွက်ဆင်လာ ကြသည်။

အသက်ထင်ရှားရှိနေသော ပုဂ္ဂိုလ်တစ်ဦးအား ဗွန်ဖရစ်ချ်ကို မဟုတ်မမှန် စွပ်စွဲစေပြီး လုပ်ကြံထားသော သက်သေခံအထောက်အထားများဖြင့် ပံ့ပိုးပေးခဲ့သည်။ သည်နည်းဖြင့် ဖြောင့်ဖြောင့်မတ်မတ်လုပ်တတ်သော ဗိုလ်ချုပ်ကြီးတစ်ဦးကို အရေးကြီးသော ရာထူးမှ ဖယ်ရှားနိုင်ခဲ့သည်။

အဲ . . . ဗိုလ်ချုပ်ကြီး ဗွန်ဖရစ်ချ်အား မဟုတ်မမှန် စွပ်စွဲခဲ့သော ပုဂ္ဂိုလ် သည်လည်း အစဖျောက်လိုက်သည်။

နာမည်ပျက်ရှိသော အမျိုးသမီးတစ်ဦးနှင့် လက်ထပ်မိ၍ ကာကွယ်ရေးဝန်ကြီး ဘလွန်ဘတ်'လည်း ကံမကောင်းရှာ . . . ။ တစ်ချိန်တည်းမှာပင် ကာကွယ်ရေးဝန်ကြီး ရာထူးမှ အငြိမ်းစားယူလိုက်ရ၏။

၁၉၃၈–ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့။

ကာကွယ်ရေးဦးစီးချုပ်ရုံးသည်လည်း အရေးကြီးသော အာဏာအရှိန်အဝါ များကို လက်လွှတ်ခဲ့ရသည်။ ဟစ်တလာကိုယ်တိုင် ကွပ်ကဲသည့် ဦးစီးချုပ်ရုံးသို့ ပြောင်းပေးခဲ့ရ၏။

'ဒီအချိန်အခါမှာ ကနားရစ်လည်း ဟစ်တလာက လမ်းခွဲစပြုခဲ့ပြီပေါ့။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖရစ်ချ်ဟာ လိင်တူခြင်း ဆက်ဆံခဲ့တယ်ရယ်လို့ ဟေးဒရစ်ချ်က လုပ်ကြံစွပ်စွဲခဲ့တာနဲ့ ပတ်သက်ပြီး ကနားရစ်က ကျုပ်တို့ထက် ပိုပြီး သိခဲ့တယ်။ ဟေးဒရစ်ချ်က 'စမစ်' *(Schmidt)*ဆိုတဲ့ ဆိုးသွမ်းလူငယ်တစ်ဦးအား ဗိုလ်ချုပ်ကြီးဗွန်ဖရစ်ချ်နဲ့ လိင်တူခြင်း ဆက်ဆံခဲ့ဖူးကြောင်း ကျမ်းကျိန်ထွက်ဆိုဖို့ စီစဉ်ပေးခဲ့တယ် ဆိုတာကို လူတိုင်းအသိပါပဲ။ ဝင်စစ် စမစ်နဲ့ လိင်တူခြင်း ဆက်ဆံသူက ဗိုလ်ကြီးဗွန်ဖရစ်ချ်သာဖြစ်တယ်။

လျှို့ဝှက်ရဲအဖွဲ့က အဖြစ်မှန်ကို လူတွေသိမှာစိုးလို့ ဗိုလ်ကြီးဗွန်ဖရစ်ချ်ကို



www.burmeseclassic.com

နေအိမ်က တိတ်တဆိတ် ခိုးထုတ်သွားတာကို ဓာတ်ပုံရိုက်ဖို့ ကနားရစ်က တစ်နာရီ လောက်သာ ကြိုပြောခဲ့တယ်။ ကျုပ်ကလည်း လျှို့ဝှက်ရဲအဖွဲ့က မသိစေရဘဲ တိတ်တဆိတ် ဓာတ်ပုံရိုက် ရယူခဲ့တယ်။ ဒီဓာတ်ပုံကို တရားခံဘက်မှ ရုံးတော်မှာ တင်ပြခဲ့တယ်။ ဒါကြောင့် ဒီအမှုဟာ တရားရုံးမှာ အရေးနိမ့်ခဲ့တယ်။ ဒါပေမယ့် ဟစ်တလာက 'ဗိုလ်ချုပ်ကြီးဗွန်ဖရစ်ချ်'ကို မှုလနေရာမှာ ပြန်မခန့်ခဲ့တော့ဘူး။ အကယ်၍ တစ်ဦးဦးက ကနားရစ်နဲ့ ဟစ်တလာတို့နှစ်ဦးကြား ဆက်ဆံရေး မပြေမပြစ် ဖြစ်ခဲ့ဖူးတယ်လို့များ ဆိုခဲ့ရင် အခု ကျုပ်ပြောတာကိုပဲ ပြောတာဖြစ်လိမ့်မယ်'

ရစ်ချတ်ပရော့ဇီက သို့ကလိုပြောပြခဲ့၏။

သို့ရာတွင် ဗိုလ်ချုပ်ကြီး ဗွန်ဖရစ်ချ်အား ဖယ်ရှားခဲ့ရခြင်းနှင့် ပတ်သက်၍ မိမိသဘောထားကို ဟစ်တလာက ၁၉၃၈–ခု၊ နွေရာသီတွင် 'ဂရော့စ်ဘွန်'ရှိ တပ်စခန်းသို့ စစ်ဆေးရေးခရီးသွားရင်းက စစ်လေ့ကျင့်ရေး အခမ်းအနားတွင် ထုတ်ဖော်ပြောခဲ့သည်။

'အကယ်၍ အရာရှိများက ငါ့ရဲ့စိတ်ဆန္ဒကို ဆန့်ကျင်ပြီး အတိုက်အခံပြုမယ် ဆိုရင်တော့ အရာရှိပေါင်း ထောင်ချီပြီး ဖျက်သိမ်းရဖို့ ငါလည်း ဝန်မလေးပါဘူး။ လူဦးရေ သန်းရှစ်ဆယ်ရှိတဲ့နိုင်ငံမှာ ဒါတွေက ဘာသဘောလဲ။ ဉာဏ်အမြော်အမြင် ကြီးတယ်ဆိုတဲ့လူမျိုး ငါမလိုချင်ဘူး။ အဲ . . . ရက်စက်ကြမ်းကြုတ်တဲ့ ပုဂ္ဂိုလ်မျိုးကိုမှ လိုချင် တယ်'

ဟစ်တလာက ရုရှားနိုင်ငံတွင် အရာရှိများအား သုတ်သင်ခဲ့ခြင်းကို ရည်ညွှန်း၍ သို့ကလိုဆိုခဲ့၏။

သည်ဖြစ်ရပ်များအလယ်တွင် ရှိနေရသော ကနားရစ်အဖို့ အနေရအထိုင်း ကြပ်ပေလိမ့်မည်။ သူ့ကိုမှ ပစ်မှတ်ပြု၍ မလိုမုန်းထားကာ သံသယ ရှိနေကြလေရော့ သလား။

ကနားရစ်က မိမိကိုယ်ကိုမိမိ လျှို့ဝှက်လက်နက်များကို ပိုင်သသော အရှင် သခင်အဖြစ် ထင်မှတ်ခဲ့၏။ ကာကွယ်ရေးဦးစီးချုပ်ရုံးသည် အမျိုးသားတော်လှန်ရေး ကာလကို မြန်သထက်မြန်အောင် ဆောင်ရွက်နိုင်သော အဖွဲ့အစည်းဟု ကနားရစ် သတ်မှတ်ခဲ့၏။

ယခုမူ ထိုသို့မဟုတ်တော့။

မော်စကိုမြို့တွင် ရုံးတင်စစ်ဆေးခဲ့သော အမှုများကိုလည်း ကြားရ၊ ဘာလင်မြို့ တွင် ကလိမ်ဉာဏ်ဆင်ခဲ့သည်များကိုလည်း တွေ့ရပြန်သောအခါ နှစ်ဆယ်ရာစု ဗိုလ်ချုပ်ကြီးများသည် ယူနီဖောင်းဝတ်စုံ ဝတ်ထားသော ရုပ်သေးများ။ ခေတ်သစ်နိုင်ငံ တစ်ခု၏ တရားဥပဒေကို မဟုတ်မမှန် တလွဲအသုံးချခြင်းနှင့် ရက်ရက်စက်စက် အုပ်ချုပ် ရေးစနစ်ကို ပက်ပင်းပါ ကြုံရပြန်သောအခါ မည်သို့မျှ အသုံးမကျသည့် ပုဂ္ဂိုလ်ကြီး များအဖြစ် မြင်တွေ့လာရတော့သည်။





၁၉၃၉–ခု နှစ်ဦးပိုင်းကာလတွင် ဟစ်တလာ၏ နောက်ဆုံး ကန့်သတ် ချုပ်ချယ်မှုတစ်ခု တိုးလာပြန်သည်။

ဟစ်တလာက လျှို့ဝှက်ရဲအဖွဲ့အား စစ်တပ်၏ တပ်မများအတိုင်း ဖွဲ့စည်းပြီး လက်နက်များ အပြည့် တပ်ဆင်ပေးခဲ့သည်။

ဤသို့ဖြင့် ဟစ်တလာက သူမျှော်မှန်းခဲ့သည့်အတိုင်း မိမိပိုင် ခါးပိုက်ဆောင် တပ်ကို အောင်အောင်မြင်မြင် မွေးဖွားပေးနိုင်ခဲ့သည်။

လျှို့ဝှက်ရဲအဖွဲ့အား စစ်တပ်အသွင် ဖွဲ့စည်းပေးဖို့ရန်အတွက် စစ်ဦးစီးဌာနချုပ် က အရာရှိအချို့ကို ရွေးချယ်၍ တာဝန်ပေးခဲ့သည်။ ကြိုးကြိုးကျယ်ကျယ် စကားများ မဖြစ်ခဲ့ရပြီးမှ အောင်မြင်စွာ ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။

သို့တိုင်အောင် အမြဲတမ်းစစ်တပ်က မိမိတို့အမြင်ကို ကာကွယ်ခုခံဖို့ ပြတ်ပြတ် သားသား လုပ်၍မရ။ လျှို့ဝှက်ရဲအဖွဲ့အား လက်နက်တပ်ဆင်ပေးသည်ကို အများစုက ထင်မှန်းထားကြသည်မှာ အမှန်။ သို့ရာတွင် အချို့သောပုဂ္ဂိုလ်များက စစ်တပ်အသွင် ဖွဲ့စည်းထားသော လျှို့ဝှက်ရဲအဖွဲ့သည် မိမိတို့နှင့်အတူ စစ်မြေပြင်တွင် နေရာယူကာ တိုက်ခိုက်မည်ဟု ထင်မှတ်ခဲ့ကြသည်။

အကယ်၍ လျှို့ဝှက်ရဲအဖွဲ့၏ တောင်းဆိုမှုအားလုံးလိုလိုကို မှုအားဖြင့် ခံနိုင်ထားနိုင်စေဦးတော့၊ ပြောင်ပြောင်တင်းတင်း မဆန့်ကျင်သည်ကို တစ်နည်းနည်း ဖြင့် လုံလုံလောက်လောက် အကြောင်းပြနိုင်စရာတော့ ရှိပေလိမ့်မည်။

လျှို့ဝှက်ရဲအဖွဲ့က လက်နက်တပ်ဆင်ရေးကို လုံးပမ်းနေချိန်တွင် လုံခြုံရေး တပ်ဖွဲ့က တန်ပြန်ထောက်လှမ်းရေးလုပ်ငန်း ဆောင်ရွက်ဖို့ လမ်းထွင်ခဲ့လေပြီ။

စစ်တပ်နှင့် ပါတီတို့၏ ဘီယာသောက်ပါတီပွဲများတွင် လုံခြုံရေးတပ်ဖွဲ့ဝင် များက စစ်ဖက်ထောက်လှမ်းရေးအရာရှိများနှင့် မှန်မှန်တွေ့ဆုံကာ အစဉ်မှားစွင့်နေခဲ့ကြ သည်။

ဗိုလ်မှူးကြီး ဘမ်လားက အလွန်မှ အရေးကြီးသော ၁၉၃၄– ၈ အချိန်ကာလ တွင် 'ဌာနခွဲ – ၃' (စစ်ဖက်လုံခြုံရေး)၏ ဌာနကြီးမှူးဖြစ်သည်။ ဗိုလ်မှူးကြီးဘမ်လား သည် စပိန်နိုင်ငံရေးကို လေ့လာခဲ့သူဖြစ်၏။ ၁၉၄၅–ခုနှစ်တွင် ရုရှားနိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ကာ ခိုလှုံခဲ့သည်။

တန်ပြန်ထောက်လှမ်းရေးလုပ်ရန် စိတ်ဆန္ဒပြင်းသူဖြစ်သည်။ ဗိုလ်မှူးကြီး ဘမ်လားက ကချေသည်မိန်းကလေး ၁၅ ဦးကို စည်းရုံးသိမ်းသွင်းပြီး ဘာသာစကား အမျိုးမျိုးပြောသော 'ရိုင်အိုရီတာ' (Rio Rita) ခေါ် အရက်ဆိုင်များတွင် နိုင်ငံခြားသံရုံး များနှင့် နိုင်ငံခြားမှ အလည်အပတ်လာသူများကြားတွင် သတင်းထောက်လှမ်းခဲ့၏။ ဘမ်လား'ကမူ ထောက်လှမ်းရေးဌာန ကုန်ကျစရိတ်ဖြင့် အနီးအနားရှိ စားပွဲထိုးထိုင်ကာ ရက်သောက်ရင်း ဂိုဏ်းခေါင်းဆောင်ကြီးကိုက်မျိုး ဖမ်းနေတတ်သည်။ သည့်ထက်ပင်

www.burmeseclassic.com



ဝိုင်ရှိုးလျှင် ဆိုးမည်သာ . . . ။

ဗိုလ်မှူးကြီးဘမ်လား၏ ကချေသည်များက နိုင်ငံခြားသံမှူးများထဲမှ တစ်ခုခု များ သိလေမည်လားဟု ကျွန်တော်သံသယရှိနေသည်။

'နိုင်အိုရိတာ'အရက်ဆိုင်တွင် 'ဗိုလ်မှူးကြီးဘမ်လား' ငြိမ့်နေစဉ်မှာ ပေါအရစ်၏ နှင့် သူ့သစ္စာရှိ လူယုံများက စစ်ဖက် တန်ပြန်ထောက်လှမ်းရေး ဇာတ်ရှုပ်များကို အတွင်းကျကျ စုံစမ်းစစ်ဆေးကာ ဖော်ထုတ်လျက်ရှိနေသည်။

➡ ◆ ⬅ ◆ ➡



( ၅ )

## 'အောဂတို' စစ်ဆင်ရေး

၁၉၃၇–ခု၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသည့် လျှို့ဝှက်စည်းဝေးပွဲတွင်ဖြစ်သည်။ ဟစ်တလာက အနေးနှင့်အမြန်ဆိုသလို မိမိက စတင်စစ်တိုက်ရန် ရည်ရွယ်ကြောင်း အမှတ်မထင် ထုတ်ပြောသည်။

လက်ရှိ စစ်ဦးစီးချုပ်ဖြစ်သော ဗိုလ်ချုပ်ကြီး 'ဘက်'လက်ဝယ်ရှိ တရွတ်တတမ်းများတွင် သည်စည်းဝေးပွဲနှင့်ပတ်သက်၍ အချို့အား ဖော်ပြထားသည်ကို တွေ့ရှိရ၏။

သည်စဉ်က ၁၉၄၃–ခုနှစ်တွင် လက်နက်ပစ္စည်း၌ မိမိဘက်မှ အသာစီးရတော့မည်မဟုတ်ဟု ဟစ်တလာကိုယ်တိုင် ထုတ်ဖော်ပြောလာသည်။

သည်အခိုက် အင်္ဂလန်မှ လော့ဒ်ဟယ်လီဖက်စ် *(Lord Halifax)* အား ဘာလင်နှင့် ဘာချက်ဂါဒင်တို့ကို စေလွှတ်လိုက်၏။

ဂျာမနီနိုင်ငံ အမဲလိုက်မုဆိုးကျော် *(Reich Huntsmaster)* 'ဂိုရင်း'ကိုယ်တိုင် ဘာမကာထပြု ကျင်းပသည့် အမဲလိုက်ပစ္စည်းပြပွဲသို့ တက်ရောက်ရန် အလည်အပတ် သွားခြင်းဖြစ်သည်ဟု အယောင်ပြခဲ့၏။

စင်စစ် လော့ဒ်ဟယ်လီဖက်စ်၏ ခရီးမှာ ဟစ်တလာနှင့်ပတ်သက်၍ ၁၉၃၈–ခုနှစ်က 'ဆတ္တုန်ဆိုင်းမှုန်' နှင့် 'မစ္စတာအီဒင်'တို့ ပြောဆိုအစီရင်ခံခဲ့သည်ကို စုံစမ်းမေးမြန်းရန်သာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား နားလည်မှုများ ရနိုင်မည်လား။

ဂျာမနီနိုင်ငံက မိမိနိုင်ငံ၏ နယ်နိမိတ် ပြန်လည်သတ်မှတ်ချက်ကို ငြိမ်းချမ်းသော နည်းလမ်းဖြင့်သာ ရယူလိုကြောင်း ဟစ်တလာက လော့ဒ်ဟယ်လီဖက်စ်ကို အာမခံချက်ပင် ပေးခဲ့သေးသည်။

ဩစတြီးယားနိုင်ငံအား ဂျာမနီနိုင်ငံနှင့် စစ်မဖြစ်ဘဲ ပူးပေါင်းစေရမည်ဟု ဟစ်တလာရော ဂိုရင်းပါ အတိအလင်း ကြေငြာခဲ့သည်။ ဗြိတိန်မှာ 'လော့ဒ်ဟယ်လီဖက်စ်'က သည်ကိစ္စတွင် အနောက်နိုင်ငံများက စွက်ဖက်ရန် ခက်ခဲပေလိမ့်မည်ဟုပင် ဝန်ခံခဲ့သေးသည်။ လော့ဒ်ဟယ်လီဖက်စ်က ဟစ်တလာနှင့် ဂိုရင်းတို့ပြောစကားကို လှန်နိုင်စွမ်းမရှိတော့ ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးမှုနည်းပြီး စိတ်ပျော့ညံ့သူဖြစ်၏။

အမေရိကန်သံအမတ်ကြီး 'ဝီလျံဘူးလစ်'လည်း ၁၉၃၇–ခုနှစ်၊ နိုဝင်ဘာလတွင် ဘာလင်သို့ရောက်နေသည့် ဂိုရင်းနှင့် တွေ့ဆုံခဲ့ပါ၏။

ဝီလျံဘူးလစ်က အမေရိကန် နိုင်ငံခြားဝန်ကြီးဌာနသို့ အကြောင်းကြားစာတွင် သည်သို့ရေးခဲ့၏။

'ဂျာမနီနိုင်ငံက ဩစတြီးယားနိုင်ငံအား သိမ်းယူဖို့ စိတ်ဆုံးဖြတ်ပြီးပြီကို ဆိုလိုတာလားလို့ ကျွန်တော်ကိုယ်တိုင် ဂိုရင်းကို မေးခဲ့ပါတယ်။ ဒါဟာ ဂျာမန်အစိုးရအဖွဲ့ရဲ့ ယတိပြတ်ဆုံးဖြတ်ချက်ပဲ ဖြစ်တယ်လို့ သူက ပြန်ဖြေပါတယ်။ အီတလီနဲ့ ဂျာမနီဆက်ဆံရေးကဲ့သို့သော အခါအားလျော်စွာ ပေါ်လာတဲ့ နိုင်ငံရေးအရ ထည့်သွင်းစဉ်းစားစရာများကြောင့် ဒီကိစ္စမှာ ဂိုရင်းက ဖိအားမပေးခဲ့ပါဘူး။ ဩစတြီးယား၊ ဟန်ဂေရီနဲ့ ချက်နိုင်ငံတို့ ပူးပေါင်းခြင်းဟာ ဂျာမနီအဖို့ လက်ခံနိုင်စရာမဟုတ်ဘူး။ အကယ်၍ ဒီသုံးနိုင်ငံ ပူးပေါင်းရေးအတွက် သဘောတူစာချုပ် ချုပ်ပါက စစ်ဖြစ်ဖို့ တွန်းအားပေးတဲ့ အပြုအမူမျိုး ဖြစ်ပေလိမ့်မယ်။ 'ဟတ်စ်ဘတ်'ဘုရင်စနစ် *(Habsburg)*ကို ပြန်လည်နေရာပေးမှုကိုသာ နာဇီတို့က အကြောက်ဆုံး၊ အစိုးရိမ်ဆုံး ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်'

၁၉၃၇–၈ ခုနှစ် ဆောင်းကာလမှာ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်ဟာ တိတ်တဆိတ် ပုံစံပြောင်းလာတာကို အက်ဘ်ရှာဂျင်က သတိပြုမိခဲ့၏။

အကယ်၍ ဟစ်တလာကသာ စစ်တိုက်ရေးဝါဒကို စွဲစွဲမြဲမြဲ ဆက်လက်ကျင့်သုံးခဲ့လျှင် ရှေ့လာမည့်ကာလတွင် ဥရောပ၌ မည်သို့သော ပဋိပက္ခများ ပေါ်လာမည်ကို ကနားရစ်သည် အခြားပုဂ္ဂိုလ်များထက် ပို၍ သိနိုင်စွမ်းရှိ၏။

ဟစ်တလာ၏ ထောက်လှမ်းရေးဌာနခွဲ (၁)၏ အကြီးအကဲ 'ဗိုလ်မှူးကြီး ပိုင်ကန်တရော့'က မဟာမိတ်နိုင်ငံများတွင် ပြန်လည် လက်နက်တပ်ဆင်လာကြပုံများနှင့် ပတ်သက်သော အစီရင်ခံစာများကို ဟစ်တလာဆီသို့ ယူလာ၏။ မဟာမိတ်နိုင်ငံများ၏





ပြန်လည် လက်နက်တပ်ဆင်မှုသည် နှေးနှေးကွေးကွေးပင်၊ သို့ရာတွင် ဂျာမနီနိုင်ငံက လွှမ်းမိုးနိုင်သည့် အခြေခံထက် မဟာမိတ်နိုင်ငံများက ပို၍ ကြီးကျယ်သော အခြေခံ ရှိနေသည်မှာ သေချာသည်။

'ရစ်ဗန်ထရော့' *(Ribben Trop)* ကမူ 'ဆာအော့စဝဲလ်မော့စလေ' ဦးဆောင်သော 'ဗြိတိသျှဖက်ဆစ်များက ဗြိတိန်နိုင်ငံတွင် အမျိုးသားထောက်လှမ်းရေးကြီး ဆင်နွှဲလိမ့်မည်ဟုသာ တွေးပြီး စိတ်သက်သာမှုကို ရှာနေဆဲ။

သည်စဉ်မှာ ကနားရစ်က ဘာလင်မြို့သို့ အလည်အပတ်ရောက်လာသော ဗြိတိသျှလူမျိုးတစ်ဦးအား 'ဗြိတိသျှဖက်ဆစ်များကို ဘယ်လိုမျှော်လင့်ထားသလဲ'ဟု တိတ်တဆိတ် မေးမြန်းခဲ့၏။

'သူတို့ကို ကျုပ်တို့က ရယ်စရာလို့ပဲ သဘောထားတယ်'ဟု အင်္ဂလိပ်လူမျိုးက ပြန်ဖြေသည်။

အစပထမသော် ကနားရစ်က မဟုတ်မမှန်ဟု အကြောက်အကန် ငြင်းပါသေးသည်။ သို့ရာတွင် ဗြိတိသျှစည့်သည်၏ ထင်မြင်ချက်ကို လက်ခံရ၏။

စစ်ဦးစီးချုပ် 'ဗိုလ်ချုပ်ကြီးလူးဝစ်ဘက်'က ဩစတြီးယားနိုင်ငံအား သိမ်းပိုက်ရမည့်အရေးကို တွေးပြီး စိတ်ညစ်နေသည်။

စင်စစ် ဩစတြီးယားနိုင်ငံကို သိမ်းပိုက်ရုံနှင့်ပင် ရပ်နေမည်မဟုတ် . .

ဩစတြီးယားနိုင်ငံအား သိမ်းပိုက်ခြင်းသည် ဘော်လ်ကန်ကျွန်းဆွယ်သို့ ချီတက်ရာ ဖွင့်လိုက်သည့်သဘောရှိ၏။ အရှေ့တောင်အရပ်သို့ ထိုးဖောက်သည့် တံခါး၏ ဝါဒပင်ဖြစ်သည်။ နိုင်ငံခြားသားများကို သိမ်းသွင်းခြင်း၊ ချက်၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယားလူမျိုးများကို အုပ်ချုပ်လွှမ်းမိုးပြီး တူရကီနှင့် အချင်းများရမည့် ခြေလှမ်းပင်ဖြစ်သည်။

အရှေ့တောင်ဒေသကို တိုးချဲ့သိမ်းပိုက်ခြင်းသည် မိမိတို့တွေးတောထားသည့် မူဝါဒရေးနှင့် ဆန့်ကျင်သည်ဟု ကနားရစ်နှင့် မိမိလက်အောက်ခံ ထောက်လှမ်းရေး အရာရှိများက တညီတညွတ်တည်း သဘောရကြသည်။

သို့ရာတွင် ဩစတြီးယားနိုင်ငံအား တိုက်ခိုက်သိမ်းပိုက်ခြင်းကို ဟန့်တားနိုင်လိမ့်မည်ဟု ကနားရစ်မထင်၊ မည်သို့ဆိုစေ အခြားစီမံကိန်းများကို အကောင်အထည် မဖော်ရလေအောင် ဟစ်တလာအား ဟန့်တားနိုင်စွမ်းရှိသော ပုဂ္ဂိုလ်များကို ကနားရစ်က တိတ်တဆိတ် စည်းရုံးသိမ်းသွင်းခဲ့၏။

သည်အချိန်မှာပင် ကနားရစ်၏ သီးခြား သံခင်းတမန်ခင်း နည်းလမ်းများကို ပထမဆုံးအကြိမ် ရိုးတိုးရိပ်တိတ် မြင်ခဲ့ရသည်။ သူ့အမည်အား တိတ်တဆိတ် ပြောသံခဲ့သဲ့သဲ့သည်း ပထမဆုံး ကြားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်၏ လက်အောက်အရာရှိ 'ဗဟိုဌာနစိပ်'၏ ဌာနစိပ်မှူး 'ဗိုလ်မှူးကြီး ဟန်းစ်အော့စတာ'ကမူ အရာရာတွင် ကနားရစ်ထက်ပင် ပို၍ သတ္တိပြောင်၏။

ရေးအစဉ်အလာ အယူအဆရှိသော မြင်းစီးတပ်မှ ခပ်ဖြောင့်ဖြောင့် အရာရှိ တစ်ဦးဖြစ်၏။ ချောသည်။ အမျိုးသမီးများနှင့်ဆိုလျှင် အလွန်ရဲတင်းသည်။ အမျိုးသား ဆိုရှယ်လစ်ခေါင်းဆောင်များကို အထင်အမြင်သေးသည်။ အချိန်ရှိခိုက် လှံ့လစိုက် တတ်သူ။

'ကနားရစ်'ကမူ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေသည်။

တဖြည်းဖြည်းနှင့် ကနားရစ်၏ ဌာနခွဲမှူးဖြစ်သော ပိုင်ကန်တရော၊ ဂရိုစခရုပ် တို့က မိမိတို့ဆရာကြီး 'ကနားရစ်'သည် မိမိအလုပ်တွင် တကယ်စိတ်ဝင်စားမှု မရှိတော့ ဟု မြင်တွေ့လာကြသည်။

သည်အထဲတွင် 'ဘမ်လား'လည်း ပါကောင်းပါလိမ့်မည်။

ဂျာမနီနိုင်ငံ ခေါင်းဆောင်ကြီးများအား ပရမ်းပတာ ဝေဖန်ပြစ်တင်ခဲ့ခြင်း၏ နောက်ကွယ်တွင် ပို၍ လေးနက်သော အဓိပ္ပါယ်ရှိပေလိမ့်မည်။

၁၉၃၈–ခု၊ ဖေဖော်ဝါရီလ ၄ ရက်နေ့။

ဟစ်တလာက စစ်ဝန်ကြီးရာထူးကိုပါ ပူးတွဲထမ်းဆောင်ပြီး၊ မိမိ၏ တိုက်ရိုက် ကွပ်ကဲကြီးကြပ်မှုဖြင့် လက်နက်ကိုင် တပ်ပေါင်းစုံ၏ စစ်ဦးစီးဌာနချုပ်ကို တည်ထောင် သည်။

စစ်ဦးစီးဌာနချုပ်၏ စစ်ဦးစီးချုပ်အဖြစ် 'ဗိုလ်ချုပ်ကြီးဝီလ်ဟန်ကေတဲလ်'အား ခန့်အပ်ခဲ့၏။ ဗိုလ်ချုပ်ကြီး ကေတဲလ်သည် ကနားရစ်၏ အထက်အရာရှိ ဖြစ်လာရပြီ သည်။ ကနားရစ်က အရာရာကို ဗိုလ်ချုပ်ကြီးကေတဲလ်အား အစီရင်ခံရပေလိမ့်မည်။

ဗိုလ်ချုပ်ကြီးကေတဲလ်ကမူ ကမ္ဘာတွင် ဘာတွေဖြစ်သည်ကို သူလုံးလုံးမသိ။

ဂျာမန်လက်နက်ကိုင် တပ်ပေါင်းစု စစ်ဦးစီးချုပ် ရုံးသစ်သည် ထောက်လှမ်းရေး သတင်းများကို အဓိပ္ပါယ်ဖော်ထုတ်ခြင်း၊ စစ်ဆင်ရေးများစီစဉ်ရေးဆွဲခြင်းနှင့် ကွပ်ကဲ ညွှန်ကြားခြင်း၊ မဟာဗျူဟာစစ်ဆင်ရေး စသည့် အဓိကတာဝန်များကို ယူရ၏။

ယင်း စစ်ဦးစီးချုပ်ရုံးက လက်နက်ကိုင်တပ်များ စုဆောင်းဖို့ လေ့ကျင့်ဖို့နှင့် တိုးချဲ့ဖို့သာလျှင် မိမိတာဝန်များအဖြစ် ကျန်ရစ်တော့သည်။

ယခုမူ ကနားရစ်က လက်နက်ကိုင်တပ်ပေါင်းစု စစ်ဦးစီးချုပ်ရုံးသစ်သို့သာလျှင် အစီရင်ခံစာများ တင်သွင်းရ၏။

ကနားရစ်တွင် နောက်တာဝန်တစ်ခု ရှိသေးသည်။

ဩစတြီးယားနိုင်ငံအား ခြိမ်းခြောက်ရန်အတွက် အစီအစဉ်များကို ကနားရစ် သာလျှင် ပြင်ဆင်ရ၏။

'ဘူးလစ်'နှင့် 'ဖယ်လီဖတ်'တို့ နှစ်ဦးစလုံးက ဂျာမနီ၏ ရည်ရွယ်ချက်များကို





ခန့်ကျင်ကြသည်။ ဟစ်တလာက 'အန်းစလုးစ်' *(Amschluss)* အား လုံခြုံစိတ်ချရ၍ သတ္တိတန်သော စစ်ဆင်ရေးအဖြစ် မြင်တွေ့လာ၏။

စစ်ဦးစီးချုပ်၏ ဒုတိယစစ်ဦးစီးချုပ် 'ဗိုလ်ချုပ်ကြီးဂျော်လ်' *(Gen. Jodl)* ၏ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီတွင် အပြိုင်ဉာဏ်ကစားသော စပိုင်သူလျှိုများ၏ ပွဲများကို မြင်သည် ထုတ်ဖော်ခဲ့၏။

'နျူးရင်ဘာတ်'စစ်ခုံရုံးရှေ့တွင် ဗိုလ်ချုပ်ကြီးဂျော်လ်က မိမိသည် ၁၉၃၈–ခု ဖေဖော်ဝါရီလတွင် ဂျာမန် စစ်လက်နက်ပစ္စည်း သိုလှောင်ထားသည်များနှင့် ပတ်သက်၍ ကနားရစ်အား သတင်းအတိအကျပေးခဲ့သည်ဟု ထွက်ဆိုခဲ့သည်။ ယင်းကြောင့် ကနားရစ်က 'အော့တိုအမှု' *(Case Otto)* အတွက် လှည့်ကွက်များကို ပြင်ဆင်နိုင်ခဲ့၏။

အကယ်၍ ဂျာမန်စစ်တပ်ကို ဩစတြီးယားနယ်စပ်သို့ ချီစေခဲ့လျှင် ဂျာမန် စစ်တပ်ကို စိတ်ဓာတ်ကျဆင်းစေလိမ့်မည်သာ မကသေး၊ ကမ္ဘာ့အမြင်က ဂျာမနီအပေါ် ယုံမှန်းထားရှိမည်ကို ဂျာမန်အစိုးရက ရိပ်စားမိသည်။

သို့သော် ဟစ်တလာက တစ်ဘက်သို့အရောင်ပြ၍ လှည့်ကွက်ဆင်ရန် ဆုံးဖြတ်လိုက်သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဂျော်လ်က မိမိ နေ့စဉ်မှတ်တမ်း အဆုပ်တွင် ရေးမှတ်ထားသည်။

'ဖေဖော်ဝါရီလ ၁၁ ရက်နှင့် ၁၃ ရက်နေ့ ညနေခင်းတွင် ဗိုလ်ချုပ်ကြီး ကေတဲလ်က ဗိုလ်ချုပ်ကြီး ဗွန်ရစ်ချ်နော *(Von Reichnau)*၊ လေတပ်ဗိုလ်ချုပ်ကြီး စပါရဲလ် *(Sperrle)* နှင့်အတူ အိုဗာဆဲလ်ဘတ် *(Obersalzberg)* တွင် ရှိနေကြသည်။ ရှူချင်နစ် *(Schusehnig)* သည် လည်း 'ဂီတိုစမစ်' *(Gindo Schmidt)* နှင့်အတူ နိုင်ငံရေး၊ စစ်ရေးအရ အကြပ်ကိုင်ခံနေကြရသည်။ ၂၃း၀၀ နာရီတွင် 'ရှူချင်နစ်'က စာချုပ်ကို လက်မှတ်ရေးထိုးရသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နေ့လည်ပိုင်းအချိန်တွင် ဗိုလ်ချုပ်ကြီး 'ကေ' (ကေတဲလ်)က ရေတပ်ဗိုလ်ချုပ်ကြီး'စီ' (ကနားရစ်)နဲ့ ကျွန်တော်တို့ သုံးဦး သူ့အခန်းသို့လာကြရန် ဆင့်ခေါ်လိုက်သည်။ ဗိုလ်ချုပ်ကြီးကေတဲလ် က စစ်ဆင်ရေး ပြုလုပ်တော့မည့်ဟန်ပြပြီး ၁၅ ရက်နေ့အထိ စစ်ရေးအရ ဖိအားပေးရန် ဟစ်တလာက အမိန့်ရှိကြောင်း၊ ဒီလှည့်ကွက်အတွက် စီမံကိန်း ကို ရေးဆွဲပြီး ဟစ်တလာသို့ တယ်လီဖုန်းဖြင့် တင်ပြကာ အတည်ပြုချက်ရယူ ထားကြောင်း ပြောပြ၏။

ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ၂၁း၄၀ တွင် ဟစ်တလာက သဘောတူ ကြောင်း သတင်းရောက်လာသည်။ ကနားရစ်က ထောက်လှမ်းရေးတပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



(၇) ရှိရာ မြူးနစ်သို့ ထွက်သွားသည်။ အခြားကိစ္စတစ်ခုကို စတင် ဆောင်ရွက်တော့သည်။ အကျိုးသက်ရောက်မှုကလည်း မြန်သည်။ ဩစတြီးယားနိုင်ငံတွင် ဂျာမနီနိုင်ငံက အကြီးအကျယ် စစ်ဆင်ရေးများ ပြုလုပ်ရန် ပြင်ဆင်နေကြောင်း သဘောပေါက်နားလည်စေဖို့ အခြေအနေကို ဖန်တီးလိုက်သည်'

ဗိုလ်ချုပ်ကြီး 'ကေတဲလ်'က စာတမ်းတစ်စောင်ကို တင်သွင်းသည်။ ကေတဲလ်သည် 'ဘာချက်ဂါဒင်'အရပ်၌ အယောင်ပြစစ်ဆင်ရေး လှည့်ကွက်ဆင်ခဲ့ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူဖြစ်၏။ ဩစတြီးယားနိုင်ငံ ခေါင်းဆောင်များအား အတုအယောင် စစ်ဆင်ရေးများဖြင့် အသံဗလံများ ပေးခဲ့၏။ သည်စာတမ်းအရ ကနားရစ် တင်သွင်းခဲ့သော အဆိုများကို ဟစ်တလာက အတည်ပြုခဲ့ကြောင်း သိရ၏။

(၁) ကြည်းတပ်နှင့် လေတပ်အတွင်း တကယ် တပ်လှုပ်ရှားမှုများ အတွက် ပြင်ဆင်မှုများ မလုပ်ရန်။ စစ်တပ်လှုပ်ရှားမှုများနှင့် အပြောင်းအရွှေ့များ မပြုရန်။

(၂) ဂျာမနီက ဩစတြီးယားအား တိုက်ရန် စစ်ရေးအရပြင်ဆင်မှုများ လုပ်နေကြောင်း ထင်မြင်မှတ်ယူရလေအောင် မဟုတ်မမှန် လုပ်ကြံသတင်းများကို ယုံမှတ်ရလေအောင် အောက်ပါတို့မှတစ်ဆင့် ဖြန့်ရန်။

(က) သူလျှိုတမန်များမှ တစ်ဆင့်။

(ခ) နယ်စပ်ရှိ ဂျာမန်အကောက်ဌာန ဝန်ထမ်းများမှတစ်ဆင့်။

(ဂ) ခရီးသွားလာနေသောသူများမှ တစ်ဆင့်။

(၃) သည်သို့သော ကောလာဟလသတင်းများကို အောက်ပါအတိုင်း ဖြန့်နိုင်သည်။

(က) အမှတ် (၈) တပ်မကြီးနယ်မြေတွင် စစ်မှုထမ်းများ ခွင့်ယူခြင်းကို ပိတ်ပင်ထားရှိခြင်း။

(ခ) မြူးနစ်၊ အော်စဘတ်နှင့် ရီဂျင်ဘတ်မြို့များတွင် ရထားတွဲများ စုစည်းထားရှိခြင်း။

(ဂ) ဗီယင်နာမြို့တော်ရှိ ဂျာမန်စစ်သံမှူး ဗိုလ်ချုပ်မတ်ဖ်အား တိုင်ပင်ဆွေးနွေးစရာရှိသည်ဟုဆိုကာ ဘာလင်သို့ ပြန်လည်ခေါ်ယူခြင်း (တကယ်လည်း ခေါ်ယူခဲ့၏။)

(ဃ) ဩစတြီးယားနယ်စပ်တွင် ရဲအဖွဲ့ဝင်များ တပ်ကူ ပို့ပေး ထားခြင်း။

(င) အကောက်ခွန်ဌာန ဝန်ထမ်းများမှတစ်ဆင့် အယ်လ်ပိုင် တောင်တန်းထိပ်များက 'ဖရေးလက်စင်၊ ရီချင်ဟောလ်နှင့် ဘာချက်ဂါဒင်'အရပ်များ၌ လှုပ်ရှားနေကြောင်း သတင်းလွှင့်ခြင်း။

ဗိုလ်ချုပ်ကြီးလဟိုစင်နှင့် ကနားရစ် အဖွဲ့ပူတို့ကို ပထမဦးဆုံး ပြုစုခဲ့သူ





အက်ဘ်ရှာဂျင်တို့က ပြောပြ၏။ ဩစတြီးယားအစိုးရမှာ အလှည့်စားမခံရ၊ မြူးနစ်ရှိ ထောက်လှမ်းရေးဌာနမှာ မဟုတ်မမှန်သတင်းများလွှင့်ကာ ခြိမ်းခြောက်ခြင်းကြောင့် ကြောက်ရွံ့တုန်လှုပ်ပုံမပေါ်။

သို့ရာတွင် ဩစတြီးယားနိုင်ငံ သမ္မတ'မစ်ခ်လာ' *(Miklas)*က ဘာချက်ဂါဒင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုလိုက်၏။ သည်သို့ဖြင့် အမျိုးသား ဆိုရှယ်လစ်ပါတီက ဩစတြီးယားနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီ ဖြစ်လာပြန်သည်။ အမျိုးသားဆိုရှယ်လစ်ပါတီဝင်များက ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်လျက် လမ်းပေါ်တွင် စီတန်းလမ်းလျှောက်နိုင်ခွင့် ရခဲ့ပြန်သည်။

ကနားရစ်ကမူ အငြိမ်မနေတတ်သည့် သူ့ဝသီအတိုင်း လှည့်ကွက်ဆင်ရေး စီမံကိန်းကို သူ့လက်အောက်ခံအရာရှိ ဗိုလ်မှူးကြီးဂရိုစခရှယ်နှင့် မထားရစ်ခဲ့၊ ဘာဘေးရီးယားနယ်မှ ကိုယ်စားလှယ်မင်းသားကြီး မာရေ့နာရက်ဝစ်အား ကိုယ်တိုင်ရှင်းပြရန် မြူးနစ်သို့ ကိုယ်တိုင်ကိုယ်ကျ လေယာဉ်ဖြင့် ပြန်သွားခဲ့၏။

မကြာပါ။

တစ်ဘက်က လိမ်လည်လှည့်ဖျားပြီး ခြိမ်းခြောက်ခံရခြင်းအား အဟုတ်အမှန် မှတ်ထင်၍ မိမိအလျှော့ပေးခဲ့ခြင်းဖြစ်သည်ကို ဩစတြီးယားနိုင်ငံက သိလာတော့၏။

သို့ရာတွင် တစ်စခန်းထလာသော နာဇီတို့အား နှိမ်နင်းပြီး တရားဥပဒေ စိုးမိုးရေးကို ကြိုးစားပြန်သောအခါ ပဋိပက္ခများပေါ်၍ သွေးထွက်သံယိုမှုများ ပေါ်လိမ့်မည်မှာမလွဲ ဆိုသည်ကိုပါ သိရပြန်သည်။

မတ်လ ၉ ရက်နေ့။

'စချူနစ်'က ဩစတြီးယားနိုင်ငံ လွတ်လပ်ရေးနှင့်ပတ်သက်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ လုပ်မည်ဖြစ်ကြောင်း ကြေညာသည်။

ဩစတြီးယားနိုင်ငံက ချက်နိုင်ငံနှင့် အကောက်ခွန်ကိစ္စဖြင့် ပူးပေါင်းခြင်းပဲ ဖြစ်ဖြစ်၊ ဘုရင်စနစ်ပြန်လည်အသက်သွင်းခြင်းလို့ပဲဖြစ်ဖြစ် မပြုလုပ်ရန် ဟစ်တလာက 'စချူနစ်'အား သတိပေးထားပြီးဖြစ်၏။

အကယ်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသာ ကျင်းပခဲ့လျှင် ဘုရင်စနစ် ပြန်လည် အသက်သွင်းလိုသူများဘက်က အသာစီးရပေလိမ့်မည်။ သို့ရာတွင် ဟစ်တလာက လည်း သည်းမခံရန် စိတ်ဆုံးဖြတ်ပြီးဖြစ်သည်။

ဗိုလ်ချုပ်ကြီးဂျော်လ်က နေ့စဉ်မှတ်တမ်းတွင် သို့ကလို ရေးခြင်းထား၏။

ဟစ်တလာက စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များကို ဆင့်ခေါ်လိုက်သည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့တွင် ဩစတြီးယားနိုင်ငံသို့ စစ်ချီရန် အမိန့် ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မူဆိုလိုနီ'ကိုလည်း ကြိုတင်သတင်းပေးရန် ဟစ်တလာက မိမိကိုယ်တိုင် စာရေးသည်။

'ရိဗန်ထရော့'အားလည်း လန်ဒန်တွင်ပင် ဆက်နေရန် ညွှန်ကြားလိုက်သည်။

ဂျာမန်စစ်တပ်က ဩစတြီးယားနိုင်ငံအား ကျူးကျော်ဝင်တိုက်နေချိန်တွင် 'ရိဗန်ထရော့'က လန်ဒန်ရှိ စံအိမ်ညှော်ခန်းတွင် အကျအနား ထိုင်လျက်ရှိ၏။ အိမ်ရှင် ဝန်ကြီးချုပ် 'နီဗေးလ်ချိန်ဘာလိမ်' *(Neville Chamberlain)*အား အစစအရာရာ အဆင်ပြေမည်ဖြစ်ကြောင်းသာ ပြောဆိုနှစ်သိမ့်နေသည်။

ရိဗန်ထရော့ပြောသမျှကို ဗြိတိန်ဝန်ကြီးချုပ်က လက်ခံရတော့သည်။

မတ်လ ၁၁ ရက်နေ့။

ဗိုလ်ချုပ်ကြီးကေတဲလ်က ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်ကြောင်း ကနားရစ်အား ဖွင့်ပြောပြသည်။ ယခုအခါတွင် ဩစတြီးယားနိုင်ငံအား ခြိမ်းခြောက်ရန် အယောင်ဆောင် စစ်ဆင်ရေးများ လုပ်နေရန် မလိုအပ်တော့။

တပ်များကို စုဆောင်းထားရှိပြီးပြီ။ ရထားတွဲများလည်း ဘီးလိမ့်လို့ လိုရာသို့ ခရီးထွက်နေကြပြီ။ ရဲအဖွဲ့ကိုလည်း အင်အားတိုးထားပြီး ဖြစ်၏။

သို့ရာတွင် ယခုအခါ၌ ဩစတြီးယားအစိုးရက မိမိထောက်လှမ်းရေးအဖွဲ့က အစီရင်ခံစာများကိုပင် မယုံချင်တော့။

'ဗစ်ချနစ်'က ဂျာမန်တပ်များသည် တကယ်စစ်ဆင်မည်မဟုတ်ဘဲ ခြိမ်းခြောက်ရန်မျှသာ အယောင်ဆောင် ဟန်ပြလုပ်နေခြင်းသာဖြစ်သည်ဟု အထင်ရှိနေဆဲ။

ဩစတြီးယားစစ်တပ်ကိုပင် တပ်လှန့်၍ ပြန်လည်ခုခံရန် အချိန်နှောင်းလေပြီ သည့်အချိန်ထိ အယောင်ဆောင်စစ်ဆင်ရေးဟု ထင်မြဲထင်ဆဲ။

ပထမဦးဆုံး ဂျာမန်တင့်ကားက ဩစတြီးယားပိုင်နက်အတွင်း ချီတက်ဝင်သွား သည့် အချိန်မှာပင် ကနားရစ်လည်း ဗီယင်နာမြို့သို့ ရောက်လာသည်။ မည်သို့သော ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များအား မိမိ၏လူများက သိမ်းပိုက်ထားသည်ကို ကြည့်ရှုစစ်ဆေးရန်ဖြစ်၏။

ဩစတြီးယား ထောက်လှမ်းရေးအဖွဲ့မှ လေ့လာစရာ အမှုတွဲများလည်းရှိ၏။

မိမိနှင့်ပတ်သက်သော စာရွက်စာတမ်းမှန်သမျှအား ဩစတြီးယား နာဇီနှင့် ဂျာမန်တို့ လျှို့ဝှက်ရဲအဖွဲ့ (ဂက်စတာပို)က မရယူမီ ကိုယ်က လက်ဦးမှုရယူရန် ကနားရစ်က အဖွဲ့တစ်ဖွဲ့ကို စေလွှတ်နှင့်ပြီးဖြစ်၏။ ယင်းအဖွဲ့ကို 'ဇက်အယ်လ်' *(ZL)* ဟုခေါ်၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ ရရှိထားသည့် ပစ်မှတ်တစ်ခုကို ကနားရစ်က လေ့လာကြည့်ရှုခဲ့ပြီး ကျေနပ်နေမိသည်။ ဩစတြီးယား ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲ ဗိုလ်မှူးကြီးအာဝင်လဟိုစင်သည် မိမိပိုင်ပစ္စည်းသဖွယ် ဖြစ်လာပြီ။





ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ဩစတြီးယားထောက်လှမ်းရေးအဖွဲ့ကို လွှမ်းမိုး ပါးပြီးခဲ့၏။

အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ဩစတြီးယား ထောက်လှမ်းရေး မှူးချုပ် 'လဟိုစင်'က လာရောက်သတင်းပို့စဉ် အရပ်ပုပု ကနားရစ်က မော့ကြည့်နေရ သည်။ ပြီး မျက်မှောင်ကြုတ်လျက် ဗိုလ်မှူးကြီးလဟိုစင်အား ကနားရစ်က မေးခွန်း ထုတ်သည်။

'ခင်ဗျားတို့က ဘာကြောင့် ခုခံ မပစ်တာလဲ။ ခင်ဗျားတို့ကိုသာ အရာရာ အတွက် အပြစ်တင်ရပေလိမ့်မယ်'တဲ့။

လဟိုစင်သည် ဩစတြီးယား ဘုရင့်စစ်တက္ကသိုလ် ကျောင်းထွက်ဖြစ်၏။ အမိန့်နာခံခြင်းမှာ သူ့စရိုက်၊ သူ့အကျင့်ဖြစ်၏။

'ဂျာမန်အစိုးရအဖွဲ့မှ ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ မိမိဌာနအတွက် ဩစတြီးယား လူမျိုးများကို သိမ်းသွင်းစည်းရုံးနေသည်။ ဟင်းမလားက ဩစတြီးယား နာဇီပါတီများကို သိမ်းသွင်းစည်းရုံးနေစဉ်မှာပင် ကနားရစ်ကလည်း ဂရုတစိုက်ဖြင့် အခြားဩစတြီးယား လူမျိုးများကို စုစည်း သိမ်းသွင်းလျက်ရှိနေသည်။

လဟိုစင်က ကနားရစ်အား သစ္စာရှိရှိဖြင့် အမှုထမ်း၏။ ဂျာမန်တို့လက်အောက် တွင် အမှုထမ်းရန် ဩစတြီးယားထောက်လှမ်းရေးအဖွဲ့ဝင်များကို ရွေးချယ်ရန် ပထမဦးဆုံး အကြိမ် ဆွေးနွေးကြစဉ် ကနားရစ်က လဟိုစင်ကို စူးစူးရဲရဲကြည့်ပြီး ပြတ်ပြတ်သားသား အမိန့်ရှိခဲ့၏။

'ဒီမှာ ကျုပ်ဆီကို ဩစတြီးယားလူမျိုး စစ်စစ်ကိုသာခေါ်ခဲ့ ကြားလား၊ ဩစတြီးယား နာဇီပါတီဝင်ဆို မလိုချင်ဘူး . . . 'တဲ့။

ချက်နိုင်ငံ နယ်စပ်တစ်လျှောက် ခံတပ်ကတုတ်များနှင့် တပ်စခန်းများကို ထောက်လှမ်းရန်၊ ကနားရစ်က လဟိုစင်အား တာဝန်ပေးလိုက်၏။ လဟိုစင်ကလည်း စိတ်ပါလက်ပါ ဆောင်ရွက်၏။

'ခင်ဗျားက ကျုပ်ရဲ့အပြုအမူကို သက်ာမကင်းဖြစ်ပြီး၊ မေးခွန်းထုတ်မှာကို ကျုပ်သဘောပေါက် နားလည်ပါတယ်။ ကျုပ်က ဩစတြီးယား ဘုရင့်တပ်မတော်မှာ အရာရှိတစ်ဦးဆိုတော့လည်း၊ ဒီလိုတာဝန်မျိုးကို ယူရတာပေါ့လေ။ ချက်လူမျိုးများဟာ ရက္ခပေးတတ်သူတွေရယ်လို့လည်း ကျုပ်က အမြဲသဘောထားတာလား . . . '

'လဟိုစင်'က နောင်နှစ်ပေါင်းများစွာ ကြာသောအခါ၊ ကျွန်တော်နဲ့အတူ ဂီယာလေးသောက်ရင်း၊ ဇာတ်ကြောင်းပြန်လှန်ခဲ့သည်။

သည်အချိန်တွင် ကနားရစ်၏စိတ်မှာ မကြည်လင်တော့။ အရာရာကို သင်္ကာ မကင်းဖြစ်ကာ၊ စိတ်အနှောင့်အယှက်ဖြစ်နေချိန် . . . ။

ကနားရစ်၏ အတွေးအခေါ် အယူအဆများအပေါ် သည်စဉ်က လဟိုစင်၏



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်ချက်မှာ စိတ်ဝင်စားဖွယ် ကောင်းလှပါဘိ။

လဟိုစင်က ကျွန်တော့်ကို ပြောပြဖူးသည်။

ကနားရစ်က ဂျာမနီနှင့် ချက်နိုင်ငံတို့ ပူးပေါင်းခြင်းကို လိုလား၏။ သို့ရာတွင် အမျိုးသားဆိုရှယ်လစ်တို့က အသာစီးရပြီး၊ ကျူးကျော်တိုက်ခိုက်ခြင်းဖြင့် ပူးပေါင်းခြင်းကိုမူ မလိုလား . . . ။

မိမိ၏ အယောင်ဆောင် စစ်ဆင်ရေးများကို အလေးအနက်ထားပြီး၊ ဩစတြီးယားတို့က စစ်ရေးအရ ပြင်ဆင်မှုများ လုပ်လာလိမ့်မည်ဟု ထင်မှတ်ခဲ့သည်။

ဖေဖော်ဝါရီလအတွင်းက အယောင်ဆောင်စစ်ဆင်ရေးကို ဗဟုတ်မမှန်လုပ်ရပ်ဟု သဘောထားခဲ့ခြင်းကြောင့် အယောင်ဆောင်လျက် ခြိမ်းခြောက်ခြင်းဖြစ်သည်ဟုသာ ပေါ့ပေါ့တန်တန် သဘောထားခဲ့သည်အထိပါပင်။

ကနားရစ်က ဩစတြီးယား ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်အကြွင်းအကျန်များကို စည်းရုံးသိမ်းသွင်းရန် အစီအစဉ်များကို စီစဉ်ပြီးလျှင် ဘာလင်သို့ပြန်ခဲ့၏။

➡ ◆ ⬅ ◆ ➡



( ၆ )

## ပူးပေါင်းကြံစည်မှုများ စပါပြီ

ဘာမဆို ဟစ်တလာနှင့် သူ့နာဇီပါတီမှ ချပေးလာသည်ချည်း . . . ။

ဟစ်တလာနှင့် နာဇီပါတီသည် ဂျာမနီနိုင်ငံတွင် တန်ခိုးအရှိန်အဝါ အကြီးဆုံး။

ကနားရစ်တစ်ယောက် ဘာမျှမတတ်နိုင်တော့။ လက်ပိုက်၍ ကြည့်နေရန်သာ ရှိတော့၏။ ကနားရစ်က မိမိလက်ရာကို ထင်သာမြင်သာအောင် မပြဘဲ၊ မိမိအရှင်သခင်ကို ဟန့်တားပိတ်ပင်နိုင်မည့် နည်းလမ်းကိုသာ ရှာဖွေကြံဆနေဆဲ။

သို့မို့ကြောင့်လည်း မိမိအမှုထမ်းဘဝမှာ ပကတိ အနှောင့်အယှက် မရှိသေး။ သတင်းတစ်ပတ်လျှင် ၇ ရက်လုံးလုံး ရုံးခန်းအတွင်း အလုပ်လုပ်မြဲ။ နေ့စဉ် နံနက်တိုင်း တိုင်ယာဂါဒင်ပန်းခြံတွင် ကားစီးနေကျအတိုင်း ယခုလည်း စီးမြဲစီးဆဲ။ သူ့နေအိမ်တွင်လည်း မကြာခဏ ပါတီပွဲကလေးများ ပေးလေ့ပေးထရှိ၏။ သို့သော် ညသည်က နှစ်ဦးထက်မပိုတတ်။

အလုပ်ချိန်များတွင် ကနားရစ်နှင့် သူ့လက်ထောက်အရာရှိ ဟန်းစ်အော့စတာ *(Hans Oster)* တို့က လူတစ်စုနှင့် အစဉ်ထိတွေ့နေကြရသည်။ အမှုထမ်းအချို့မှာ စစ်ကြီးစတင်ဖြစ်သောအခါမှ ခန့်အပ်တာဝန်ပေးခဲ့သူများ ဖြစ်၏။

ကနားရစ်က သူ့အမှုထမ်းဘဝ အဖြစ်အပျက်များအား မှန်မှန် မှတ်တမ်းတင်နေဆဲ။ နေ့စဉ်မှတ်တမ်းရေးရန် အထူးဂရုစိုက်၏။ နေ့စဉ်မှတ်တမ်းရေးရာတွင် တစပထမ၌ ကိုယ်တိုင်ရေးခဲ့၏။ နောင်သောအခါတွင် နှုတ်မှတာချပေးသည်ကို ကိုယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးက လက်နှိပ်စက်ဖြင့် နှစ်စောင်ရိုက်ပေးရသည်။ တစ်စောင်ကို မိမိတွင် သိမ်းဆည်းထား၏။ ကျန်တစ်စောင်ကို ရုံးခန်းရှိ မီးခံသံဘီရိုအတွင်း သိမ်းဆည်းထားတတ်သည်။

အမျိုးသားဆိုရှယ်လစ်စနစ်က ဂျာမန်အရာရှိအချင်းချင်း သတင်းဖလှယ်သည်ကို တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားသည်။ စကားပေး စကားယူခြင်းကို အလျှင်းအားမပေး . . . ။

ဒဟားအရစ်ချ်က လျှို့ဝှက်ရဲအဖွဲ့ (ဂက်စတာပို)နှင့်ပတ်သက်သော ဝါဒရေးရာကိစ္စရပ်များတွင် ကနားရစ်နှင့်သာ ဆက်သွယ်လေ့ရှိ၏။ နိုင်ငံခြားထောက်လှမ်းရေးဌာနစိတ်က နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်သာ ဆက်သွယ်သည်။ သီးသန့်ဆက်သွယ်ရသည်များကို တင်းတင်းကျပ်ကျပ် ဖွဲ့စည်းပေးထား၏။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်း ဒုတိယအတွင်းဝန် ဘေရွန်ဗွန်ဝေဆက်ကာ *(Baron Von Weizsacker)*က နောက်ဆုံးပေါ် အဖြစ်အပျက်များနှင့် နိုင်ငံရေးလျှို့ဝှက်ချက်များကို ကနားရစ်အား တိုးတိုးတိတ်တိတ် ပြောပြသည်။

ကနားရစ်က ဝန်ကြီးချုပ်ရုံးတွင် ဘာတွေဖြစ်နေသည်ကို အားလုံးသိနေသည်။

ဟစ်တလာ၏ အကြီးတန်းဦးစီးအရာရှိ 'ဗိုလ်မှူးကြီးစမန့်' *(Col. Schmundt)*ကလည်း ကနားရစ်နှင့် အဆက်အသွယ်ရှိ၏။ ဗိုလ်မှူးကြီး စမန့်သည် ဗိုလ်မှူးကြီးဟော့စ်ဘတ်ချ် *(Col. Hossbach)* ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် ဟစ်တလာ၏ အကြီးတန်းဦးစီးအရာရှိ ဖြစ်လာခဲ့သည်။

ဗိုလ်မှူးကြီးစမန့်က ယဉ်ကျေးသိမ်မွေ့သည်။ စကားပြောရာတွင် ကျင်လည်ပါးနပ်သည်။ အမိန့်ဆို မြေဝယ်မကျ နာခံတတ်သည့် စစ်သားကောင်းဖြစ်၏။ ဗိုလ်မှူးကြီးစမန့်က ဝန်ကြီးချုပ်ရုံးသို့ မည်သူတွေ အဝင်အထွက်ရှိပုံ၊ မည်သို့သော စည်းဝေးပွဲများကျင်းပပုံ၊ မည်သို့သော အလှည့်အပဲ့ အကွက်ဆင်ကြံပုံများကို ကနားရစ်သို့ ဖောက်သည်ချတတ်သည်။ အဲ . . . ချက်ချင်း ပြောချင်မှ ပြောဖြစ်သည်။

၁၉၃၈–ခုနှစ်က ဝန်ကြီးချုပ်ရုံးမှ အဖြစ်အပျက်များကို ထောက်လှမ်းရေးအဖွဲ့က ဗိုလ်မှူးကြီးစမန့်မှတစ်ဆင့် အတွင်းကျကျ အသေးစိတ်ကြားသိခဲ့ရသည်ကို ကျွန်တော်ကိုယ်တိုင် မှတ်မိနေပါသေး၏။

သည်နည်းအတိုင်းပင် လျှို့ဝှက်ရဲအဖွဲ့ (ဂက်စတာပို)အား ထိုးဖောက်နိုင်သည့် နည်းလမ်းလည်း ရှိနေပြန်သည်။ အကြီးတန်း အဖွဲ့ခေါင်းဆောင် 'အာသာနီဗီ' *(Arthur Nebe)*မှတစ်ဆင့် သိရခြင်းဖြစ်သည်။ အာသာနီဗီသည် ပြစ်မှုဆိုင်ရာ ဘာလင်ရဲအဖွဲ့မှ လျှို့ဝှက်ရဲအဖွဲ့ (ဂက်စတာပို)သို့ ပြောင်းရွှေ့တာဝန်ယူခဲ့ရသည်။ 'အာသာနီဗီ'က ဂက်စတာပိုကို မုန်းသမှ သိပ်မုန်း . . ။

ရာထူးဌာန လက်ကိုင်မရှိသူများလည်း ရှိသေးသည်။ သို့ရာတွင် သူ့အခြေ





အနေ အဆက်အသွယ်များကြောင့် သတင်းများကို စုဆောင်းရရှိနိုင်ကြသည်။ ဖြန့်ဖြူးနိုင်ကြသည်။ ပြီး . . . သူတို့သဘောကိုပင် တင်ပြနိုင်ကြသေးသည်။ နောက်ကွယ်မှ လှုပ်ရှားနေသည့် နိုင်ငံရေးသမား လက်ဟောင်းကြီးများလည်း ရှိသေးသည်။ အတိုက်အခံလုပ်နိုင်ခွင့် မကြုံပြန်သောအခါ တစ်မျိုး လှုပ်ရှားကြပြန်သည်။

သည်ပုဂ္ဂိုလ်များထဲတွင် 'ဒေါက်တာကားလ်ဂေါ်ဒီလာ' *(Dr. Karl Gordeler)*လို ပုဂ္ဂိုလ်ကြီးလည်း ပါသေးသည်။ တစ်ချိန်က 'လိဗ်ဇစ်မြို့' *(Leipiz)* ၏ မြို့တော်ဝန်ကြီး ဝန်ကြီးချုပ်ဟောင်း 'ဗရူးနင်း' *(Brunning)*ကဆိုလျှင် မိမိအရိုက်အရာကို ဆက်ခံရန် သင့်သူဟူ၍ပင် ဒေါက်တာကားလ်ဂေါ်ဒီလာအား အဆိုပြုခဲ့ဖူး၏။ ဩဇာတိက္ကမရှိသည်။ အမေရိကန်တွင် သူ့ဆိုလျှင် အထင်ကြီးကြသည်။ သို့သော် ၁၉၃၀–ခုနှစ်များက ပုဂ္ဂိုလ်ကျော်ကြီးများနည်းတူ ဒေါက်တာကားလ်ဂေါ်ဒီလာ၏ အမည်သည်လည်း မေ့ပျောက်ခံခဲ့ရလေပြီ။

ကနားရစ်၏ နောက် အပေါင်းအသင်းတစ်ယောက် ရှိသေးသည်။ ရှေ့နေမင်းသားကြီး ဟဲလ်မွန့်ဗွန်မော့လ်ကဲ *(Count. Hdmut Von Molike)*ဖြစ်၏။ ဉာဏ်ပညာ အမြော်အမြင်ကြီးသည်။ ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း။ သူ့မှုနှင့် ကွဲလွဲလျှင် အလျှော့မပေးတတ်။ သူ့အမြင်မှာ ရဲရဲဝံ့ဝံ့ ရပ်တတ်သူဖြစ်၏။

'ဒေါက်တာဂျိုးဇက်မူးလာ'ဆိုသူ အာပေးရီးယားနယ်မှ ရှေ့နေကြီးတစ်ဦးလည်း ရှိသေးသည်။ 'ဂျိုးဇက်'အတိုကောက် 'စပ်'ဟူသောအမည်တွင် 'အော့စန်ဖပ်' *(Ochsenfurt)*ကို အစွဲပြု၍ 'အော့စန်စပ်'ဟု တွင်ခဲ့သည်။

'မူးလာ'မှာ ပုပ်ရဟန်းမင်းကြီး၏ လူယုံတော်ဖြစ်သည်။ ဖရုပ်ရှားတွင် သာသနာပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယုံကြည်စွာ တာဝန်အပ်နှင်းခံရသူဖြစ်၏။

နောက်ရှေ့နေတစ်ဦးရှိ၏။ သူ့အမည်က 'နီကိုးလပ်စ်ဗွန်ဟာလမ်' *(Nicholas Von Halem)* 'နီကိုးလပ်စ်'သည် ဗြိတိသျှသတင်းစာလောကနှင့် အဆက်အသွယ်ရှိသူဖြစ်၏။

'ဖရစ်ချ်'၏အမှုတွင် ဥပဒေအရှုပ်အထွေးများကို ဖြေရှင်းထုတ်ရာ၌ ကနားရစ်တွေ့ခဲ့ရသူ တစ်ဦးလည်းရှိ၏။ သူ့အမည်မှာ 'ဟန့်စ်ဗွန်ဒိုနန်ယီ' *(Hans Von Dohmanyi)* ဖြစ်၏။

'ဒိုနန်ယီ'၏ယောက်ဖ 'ဗွန်ဟော့ဖား' *(Bonhoffers)* မှာ ပရိုတက်စတင့်သာသနာပြုအဖွဲ့များနှင့် ကျယ်ကျယ်ပြန့်ပြန့် အဆက်သွယ်ရှိ၏။ အင်္ဂလိကန် သာသနာပြုအဖွဲ့နှင့်လည်း အနည်းအကျဉ်း အဆက်အသွယ်ရှိပြန်၏။

'အီဝဲလ်ဗွန်ကလိဒ်စ်စပ်မင်ဇင်' *(Ewald Von Kleist Sohmenzin)* သည် တစ်ချိန်က 'ကွန်ဆာဗေးတစ်လက်ဟောင်း'ဂိုဏ်းကြီး၏ ခေါင်းဆောင်ကြီးဖြစ်ခဲ့၏။ ၎င်းအဖွဲ့ကို ၁၉၃၄–ခုနှစ်က ဖျက်သိမ်းခဲ့ရသော်လည်း ပရပ်ရှားနယ်မှ ဩဇာတိက္ကမကြီးသော



www.burmeseclassic.com

www.burmeseclassic.com



မြေပိုင်ရှင်ကြီးများကို ကိုယ်စားပြုနေဆဲ။

'ကလိဖ်'နှင့် ရေတပ်ဗိုလ်ချုပ်ကြီးတို့က ရှေ့ဖြစ်လာမည့်အရေးနှင့် ပတ်သက်၍ အမြင်တူကြ၏။

ကနားရစ်ကလည်း 'ကလိဖ်'ကို လေးစားချစ်ခင်သည်။ အထူးသဖြင့် 'ကလိဖ်'၏ သန္ဓေပါ နိုင်ငံရေးအမြင်ကြွယ်မှုကို အထင်ကြီးသည်။

သို့ရာတွင် 'ကလိဖ်'က နာဇီအစိုးရအဖွဲ့ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ရှုတ်ချခြင်းကြောင့် အပေါင်းအသင်းများက သူ့အနား မနေရဲကြ။ သူ့ကိုဆိုလျှင် အဝေးက ရှောင်ကြရှားကြသည်။

'ကလိဖ်'က ဘာလင်မြို့တော်သို့ အရောက်အပေါက်နည်း၏။ သို့သော် 'ကလိဖ်'တစ်ယောက် ဘာလင်သို့ လာပြီဆိုလျှင်လည်း 'ကလိဖ်'တောနယ်အိမ်မှ အနီးဆုံး ဘဲလ်ဂတ် *(Belgard)* နာဇီခရိုင်အရာရှိက 'ကလိဖ်'ပျောက်သွားကြောင်း သတင်းပေးပို့တတ်၏။ သည်အခါတွင် ဘာလင်ရှိ လျှို့ဝှက်ရဲအဖွဲ့ 'ဂက်စတာပို'၏ လုံခြုံရေးဌာနက 'ကလိဖ်'နောက်သို့ နောက်ယောင်ခံလိုက်ပြီး သူ့လှုပ်ရှားမှုမှန်သမျှကို စောင့်ကြပ်နေတတ်သည်။

ကနားရစ်အဖို့ 'ကလိဖ်'နှင့် တွဲဆောင်ရွက်ရလျှင် အတိုင်းအတာတစ်ခုခုထိ အောင်မြင်မည်မှာ မလွဲ။ သို့သော် 'ကလိဖ်'တစ်ယောက်ကို မိမိရုံးခန်းသို့ ခဏခဏ အဝင်အထွက် မရှိစေချင် . . . ။

ဂျာမန် ကွန်ဆာဗေးတစ်အဖွဲ့ဝင် 'ဖေဘီယန်ဗွန်စကာလာဘရန်ဒေါ့ဖ်' *(Fabian Von Schlabrendorff)* မှာလည်း ကနားရစ်၏ လူယုံတော်တစ်ဦးဖြစ်၏။ ကနားရစ်အတွက် ပရပ်ရှား ကွန်ဆာဗေးတစ်အဖွဲ့ဝင်များနှင့် အဆက်အသွယ်ရှိနေ၏။

'ဟန်းစ်ဂီစီးဗီးယပ်စ်' *(Hans Gisevius)* ဆိုသူလည်း ရှိ၏။ နိုင်ငံရေးအရ 'ဒေါက်တာချတ်' *(Dr. Schacth)* နှင့် ဆက်သွယ်ရသူဖြစ်သည်။ 'ဂီစီးဗီးယပ်စ်'က မကြာခဏဆိုသလို ဒေါက်တာချတ်နှင့် ကိုယ်တိုင်ကိုယ်ကျ တွေ့လေ့ရှိ၏။

ကနားရစ်က အတွင်းကျကျ ပေါင်းသင်းဆက်ဆံ၍ မိမိကပါ မိမိအမြင်ကို မကွယ်မဝှက်၊ မချွင်းမချန် ထုတ်ဖော်ပြောနိုင်လောက်အောင် လက်ပွန်းတတီး ရင်းနှီးသူများမှာလည်း ဒုနှင့်ဒေး . . . ။

ကနားရစ်နှင့် ပူးပေါင်းဆောင်ရွက်နေကြသူ အချင်းချင်းပင်လျှင် သူတို့အား နည်းအမျိုးမျိုးဖြင့် အသုံးချနေခြင်းသဘောကို တိတိပပ သိကြသည်မဟုတ်။ သို့ရာတွင် အလုပ်အားလပ်ခွင့်ရတိုင်း မိမိတို့ ဆောင်ရွက်သမျှနှင့်ပတ်သက်၍ 'တာပစ်ဖူဟာလမ်းမကြီး'ရှိ အဆောက်အအုံတွင် စည်းဝေးပွဲကလေးများ ကျင်းပကာ ဆွေးနွေးညှိနှိုင်းကြစမြဲ။

'မရှမ့်နဲ့နော်'

'စကာလာဘရန်ဒေါ့ဖ်'က ကနားရစ်ပြောသည့် ဟန်အမူအရာအတိုင်း အတုခိုး





၍ ကျွန်တော့်ကို ပြောပြသည်။ ကနားရစ်သည် မိမိအပေါင်းအသင်း ရင်းနှီးသူများနှင့် စကားအခြေအတင် ပြောကြဆိုကြ၍ပြီးလျှင် အသံကိုနိမ့်ကာ လေသံကလေးဖြင့် ပြောလေ့ရှိသည်ဆို၏။

'အဲ . . . နိုင်ငံ ပုန်ကန်သစ္စာဖောက်ဆို ဘယ်သောအခါကမှ မပြောခဲ့ကြဖူးဘူး။ ဂျာမန်နိုင်ငံ လုံခြုံရေးကိုသာ ဆွေးနွေးကြတာပေါ့ . . . '

'စကာလာဘရန်ဒေါ့ဖ်'က ဆိုသည်။

ကနားရစ်နှင့် သူ့လူယုံတော် အပေါင်းအသင်းများသည် ဟစ်တလာအား ဆန့်ကျင်ရန် အားအင်သစ်တစ်ရပ် ထူထောင်နေကြသည့်ဟု ထင်ရ၏။

ပြည်သူ့ဝန်ထမ်းများကလည်း အသက်ပျောက်နေကြပြီ။ ဘယ်သို့မျှ မလှုပ်မရှားနိုင်တော့ . . . ။

နာဇီပါတီဝင်တို့အား လက်နက်မတပ်ဆင်ပါ ဟူသော ဟစ်တလာ့ထံမှ ကတိကို ရယူပြီး ဂျာမန်စစ်တပ်က ၁၉၃၄–ခုနှစ်တွင် နားလည်မှုဖြင့် ငြိမ်းချမ်းရေးလုပ်နေကြ၏။

'ပရိုတက်စတင့်'နှင့် ကက်သလစ် ခရစ်ယာန်ဂိုဏ်းများလည်း ပြည်သူ့ဘဝနှင့် မနီးစပ်ရလေအောင် လည်ညှစ်ခံနေကြရပြီ။

ဂျာမန် စက်မှုလုပ်ငန်းကြီးများကလည်း လက်မြှောက်အရှုံးပေးနေကြရသည်။

ဂျာမန်ဘဏ္ဍာရေးလောကသည်လည်း နာဇီစီးပွားရေးပညာရှင်များ၏ လွှမ်းမိုးချယ်လှယ်မှုကို ခံနေရသည်။

'အကယ်၍ စစ်ကိုရှောင်လိုလျှင် နိုင်ငံခြားမဟာမိတ်နိုင်ငံများနဲ့ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု စတဲ့ အင်အားကြီးနိုင်ငံအစိုးရအများက ဂျာမနီကို အကူအညီပေးရလိမ့်မယ်'

၁၉၃၈–ခုနှစ် နွေဦးကာလ ဘာလင်မြို့တွင် ကွန်ဆာဗေးတစ် ပါတီဝင်နှစ်ဦးဖြစ်သည့် 'အဲဝဲလ်ဗွန်ကလိဖ်' 'ဟားဗတ်ဗွန်ဗစ်စမတ်'တို့နှင့် အချိန်ကြာကြာ ဆွေးနွေးခဲ့စဉ်က သူတို့နှစ်ဦးက သို့ကလို ပြောခဲ့ခြင်းကို ကျွန်တော်ဖြင့် အံ့ဩမကုန်နိုင်တော့။

သူတို့နှစ်ဦးအမြင်က ပရပ်ရှားမြေပိုင်ရှင်ကြီးများ ကိုယ်စားပြု၏။ ရံဖန်ရံခါ မြေပိုင်ရှင်ကြီးများအမြင်က ဟစ်တလာ၏ ရည်မှန်းချက်များနှင့်ပင် တူသယောင်ယောင်။

ဧပြီလတစ်နေ့တွင် ဖြစ်သည်။ ဘာလင်မြို့ရှိ 'ကာစီနိုကလပ်'တွင် ဆုံခဲ့ကြသည်။ သည်စဉ်မှာပင် သူတို့နှစ်ဦးက မိမိအား အကာအကွယ်ပေးခဲ့ပြီး မိမိတို့အားထုတ်မှုများကို အကျိုးပြုခဲ့သူ ပုဂ္ဂိုလ်ကြီးတစ်ဦးအမည်အား လေသံတိုးတိုးဖြင့် ဖွင့်ဟပြောပြသည်ကို ပထမဦးဆုံး ကြားခဲ့ရ၏။

'ကနားရစ် . . . 'တဲ့။

'ကလိဖ်'က ဗြိတိသျှသံရုံးမှတစ်ဆင့် လုပ်ကိုင်ရသည့် အခက်အခဲများကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အား ပြောပြသည်။

ဗြိတိသျှသံရုံးက ဂျာမန်နိုင်ငံအစိုးရသို့ ဆက်သွယ်ထားရှိရသည့် အဖွဲ့အစည်းက ဖြစ်ပြီး၊ ပြီး နာဇီတို့အပေါ် ထင်သလောက် ဝေဖန်ရှုတ်ချခြင်း မရှိကြ . . . ။

ပြီး . . . တွေ့ရှိသွားမည့် အန္တရာယ်ကလည်း ရှိပြန်၏။ သံတမန်များက စကားဝှက်ဖြင့် သတင်းများပေးပို့ကြသည်။ သို့ရာတွင် စကားဝှက်ကိုပင် ကြားဖြတ်နားထောင်၍ အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်များလည်း ရှိပြန်သေး . . . ။

သည်ပုဂ္ဂိုလ်များက သံတမန်လောကနှင့် ထောက်လှမ်းရေးအဖွဲ့တို့အပမှ ပုဂ္ဂိုလ်များနှင့်သာ နိုင်ငံရေးသဘောအရ အဆက်အသွယ်များ လိုချင်သည်။

'စကာလာဘရန်ဖေါ်ဖ်'က မိမိနှင့် ကနားရစ်တို့သည် ဟစ်တလာ ဆန့်ကျင်ရေးအတွက် ဗြိတိသျှထောက်လှမ်းရေးနှင့် လက်တွဲဆောင်ရွက်နိုင်သည့် အလားအလာ ရှိသည်ကိုပင် ဆွေးနွေးကြဖူးသည်ဟု ကျွန်တော့်အား ပြောဖူး၏။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ဟစ်တလာ ဆန့်ကျင်ရေးအတွက်ဆိုလျှင် ဗြိတိသျှအစိုးရပါ ဟစ်တလာဆန့်ကျင်ရေးကို မလိုလားသေးဦးတော့ ပူးတွဲဆောင်ရွက်လိမ့်မည်ဟု သူတို့အထဲမှ တစ်ဦးဦးက အကြံပေးလာပြန်သည်။

သည်စဉ်က ကနားရစ်ပေးခဲ့သည့်အဖြေကို ကျွန်တော် အာဂုံရှုတ်ကာ အလွတ်ကျက်ခဲ့၏။ ယခု ကနားရစ်ပြောခဲ့သည့် စကားအတိုင်း မချွင်းမချန် ပကတိအတိုင်း ပြောရခြင်းဖြစ်သည်။

'ဗြိတိသျှထောက်လှမ်းရေးနဲ့ ပူးပေါင်းမယ်ဆိုရင် သတိပေးရလိမ့်မယ်။ အကြောင်းအမျိုးမျိုးရှိသပေါ့။ အကယ်၍ ခင်ဗျားတို့က ဗြိတိသျှထောက်လှမ်းရေးအတွက်သာ ဆောင်ရွက်ခဲ့ရင် ကျုပ်က သိပြီးသာမှတ်။ ကျုပ်က ဗြိတိသျှထောက်လှမ်းရေးကို ဟိုနေရာဒီနေရာမှာ ထိုးဖောက်ထားခဲ့တယ်မဟုတ်လား။ ဗြိတိသျှထောက်လှမ်းရေးက ခင်ဗျားတို့အကြောင်း စကားဝှက်နဲ့ သတင်းပို့ချင်ပေလိမ့်မယ်။ ဒီအခါမှာတော့ ကျွန်တော်တို့က ဒီဖို့ဝှက်စကားကို ဖမ်းယူပြီး အဓိပ္ပါယ်ဖွင့်နိုင်မှာဗျ။ ခင်ဗျားတို့အမည်တွေဟာ ဖိုင်တွဲတွေနဲ့ မှတ်တမ်းတင်ထားမှာ အဲဒါလည်း မဟန်သေးဘူး။ ရေရှည်ကြတော့ ဒီလိုလှုပ်ရှားမှုတွေကို လျစ်လျူရှုထားလို့ မဖြစ်တော့ဘူး။ ဗြိတိသျှထောက်လှမ်းရေးက ခင်ဗျားတို့ ဆိုးဆိုးရွားရွား ပြန်အကျိုးပြုလိမ့်မယ်။ အဲဒါ ကျုပ်အတွေ့အကြုံပဲ။ တကယ်လို့ ငွေရေးကြေးရေး လိုချင်တာသက်သက်ကြောင့် ဗြိတိသျှထောက်လှမ်းရေးနဲ့ ခင်ဗျားတို့ ပူးပေါင်းဆောင်ရွက်ချင်တယ်ဆိုရင်တော့ ခင်ဗျားတို့ကို ကျုပ်မြော်ပါရစေတော့။ ဗြိတိသျှထောက်လှမ်းရေးဟာ ဘယ်သောအခါမှ ထိုက်ထိုက်တန်တန် ပြန်လည် ကျေးဇူးတုံ့ပြန်တတ်လေ့မရှိဘူး။ အဲ . . . ခင်ဗျားတို့အပေါ်မှာ သံသယ နည်းနည်းများ ဝင်လာပြီဆိုရင်တော့ ခင်ဗျားတို့ကို သစ္စာဖောက်ရမှာလည်း ဝန်လေးတတ်တာ မဟုတ်ဘူး။ ကျုပ်တို့ပဲ ဖြစ်ဖြစ်၊ ဂျာမန်လုံခြုံရေးဌာနက ကျုပ်အပေါင်းအပါတွေကိုပဲဖြစ်ဖြစ် ခင်ဗျားတို့အကြောင်း





သစ္စာဖောက် ပြောချင်ပြောမှာ . . . '

နိုင်ငံရေးအဆက်အသွယ် ကောင်းကောင်းရှိပြီး အားကိုးအားထားရမည့် ပုဂ္ဂိုလ်များကို ရှာရသည်မှာလည်း အလုပ်ကြီးတစ်ခုပင်။ နာဇီတို့ကလည်း လုံးဝမသိ၊ သံသယလည်း မဖြစ်သည့် ပုဂ္ဂိုလ်မျိုးလည်း ဖြစ်ရန်လို၏။

'ဂိုးဖက်မူးလာ'က ပုပ်ရဟန်းမင်းကြီး ဗာတီကန်နှင့် အဆက်အသွယ်ကောင်း ရှိ၏။ သည်သို့သော အဆက်အသွယ်ကပင်လျှင် သံတမန်အဆက်အသွယ်မျိုး သဘော ရှိ၏။

'ကာလိဇ်'ကလည်း လန်ဒန်ရှိ နိုင်ငံရေးသမားများနှင့် တိုက်ရိုက်ဆက်သွယ်ပေးနိုင်စွမ်းရှိသူ အပေါင်းအသင်း မိတ်ဆွေတစ်ဦး ရှိသည်ဆို၏။

'ကားလ်ဂေါ်ဒီလာ'က 'ဗရူနင်း'အား ချက်ချင်းသတိရ၏။ ဂျာမနီက မည်သို့သောအခက်အခဲနှင့် တွေ့နေရသည်ကို ဗြိတိသျှထောက်လှမ်းရေးအား ရှင်းပြနိုင်စွမ်းရှိသည်ဟု ထင်နေရသည်။

'ကဲ . . အခုပဲ ချက်နိုင်ငံအရေးအခင်းက ရှိလာပြန်ပြီ။ အကယ်၍ ဟစ်တလာကသာ ဂျာမန်စစ်တပ်ကို ချက်နိုင်ငံတွင်း ချီစေမယ်ဆိုရင် ဗြိတိသျှနိုင်ငံက စစ်မတိုက်ဘူးလို့ ကျုပ် တတ်အပ်ပြောဖို့ အခက်သား'

ကနားရစ်က မေလတွင် 'ကာလိဇ်'အား သို့ကလိုပြောပြ၏။

သူတို့အားလုံးက သည်လောက်ထိ ကျယ်ကျယ်ပြန့်ပြန့် သိမထားကြောင်း ဝန်ခံကြရသည်။ ဗြိတိသျှတို့က မသိကျိုးကျွံ ဘာသာလဝံ နေတတ်သေးသည်။ ပြတ်ပြတ်သားသား မသိရဘဲ ယောင်ဝါးဝါးဖြစ်နေသော ပြဿနာများနှင့် ပတ်သက်လာလျှင် ဗြိတိသျှတို့၏ သဘောထားကို တီးခေါက်ရသည်မှာ အခက်သား။ တကယ့်ဖြစ်ရပ်မှန်ဖြင့် မေးခွန်းထုတ်ရမည်မှာလည်း အလွန်ခက်သော ပြဿနာတစ်ရပ်ပင်။

'ရီဗန်ထရော့စ်'က သံတမန်နှင့် နိုင်ငံခြားပါတီများမှတစ်ဆင့် အင်္ဂလိပ်လူမျိုးတို့၏ ကိုယ်ပိုင်သဘောက မည်သို့ရှိသည်ကို အဖန်တလဲလဲ မေးနေခဲ့သည်။

'ဆူဒီတန်ဂျာမန်တို့က ဂျာမန်သမ္မတနိုင်ငံနှင့် ပူးပေါင်းတာကို အင်္ဂလိပ်တို့က ဟန့်တားရန် တိုက်လေမည်လား'

'ရီဗန်ထရော့စ်'က သို့ကလိုမေးပြန်သည်။

သို့သော် စစ်ဦးစီးဌာနချုပ်က မေးခွန်းထုတ်လိုသည်မှာ သည်သို့မဟုတ်။

၁၉၃၈-ခု၊ မေလဆန်းပိုင်းတွင် ကနားရစ်နှင့် အော့စတာတို့က 'ကာလိဇ်'အား ခေါ်သွားသို့ဆွဲထုတ်ပြီး လျှို့ဝှက်ဝါဒ၏ တကယ့်ဖြစ်ရပ်မှန် အခြေအနေကို ပြောပြသည်။ နာရီအနည်းငယ်အကြာတွင် 'ကာလိဇ်'က ကျွန်တော့်အား ပြန်ပြောပြသည်။ သို့ရာတွင် ကနားရစ်က ကန့်ကွက်မည့် အခြေအနေမျိုးရောက်သည်ထိ ဖွင့်ဟပြောသည်တော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ချက်နိုင်ငံတွင်းသို့ ချိုတက်တိုက်ခိုက်ရေး အစီအစဉ်တွင် အလုည့်အပဲ့ အကွက် ဆင်ခြင်မှုး လုံးဝမရှိ။ တပ်လှုပ်ရှားမှုများနှင့် ပတ်သက်၍ မဟုတ်မမှန် သတင်းလွှင့်သည် များလည်း မရှိ။ ယုတ်စွအဆုံး နယ်စပ်ဒေသတွင် နာဇီပါတီက ပြောင်ပြောင်တင်းတင်း မဟုတ်မမှန်ပြောသည်များလည်း မရှိ။ အဖြီးအဖျန်းဆို ဘာမှမရှိ။

၁၉၃၈–ခုနှစ်ကာလက ပြင်သစ်စစ်အင်အားသည် ဂျာမန်စစ်အင်အားထက် နှစ်ဆမျှပင် သာစေဦးတော့ အနောက်ဘက်နယ်စပ်တွင် အနာဂတ်ကာလ၌ အနောက် နိုင်ငံများက စိမ်ခေါ်ခြင်းမျိုးကို လက်ခံနိုင်စရာမရှိဟု ဂျာမန် စစ်ဦးစီးဌာနချုပ်က ဟစ်တလာ အား သံတော်ဦးတင်ထားကြသည်။

ချက်နိုင်ငံအရေးတွင် အကယ်၍ တိုက်ခိုက်လာပါက ဟစ်တလာတွင် ခုခံကာကွယ်ရန် ဘာမှမရှိသေး။ အကယ်၍ မဟာမိတ်နိုင်ငံများကသာ ဟစ်တလာကို ကျူးကျော်တိုက်ခိုက်ခြင်းနဲ့ ပျက်စီးရာပျက်စီးကြောင်း အပြုအမူတွေနဲ့ ပတ်သက်ပြီး သတိပေးခဲ့ရင် ဟစ်တလာက ဒီလိုသတိပေးခြင်းကို လက်ခံရပြီး ရပ်တန်းက ရပ်မှာပဲ။ သံတမန် အဆက်အသွယ်နဲ့ပဲ လုပ်ရလုပ်ရ ဟစ်တလာက ရုတ်ခြည်းရပ်မှာပါ။

သည်အချိန်အတန့်ကြားကာလတွင် ဟစ်တလာက စဉ်းစားခန်းဝင်နေသည်။ စင်စစ် ဂျာမန်နိုင်ငံက စစ် စတင် တိုက်ရလောက်အောင် အင်အားတောင့်တင်းသေး သည်မဟုတ်။

သို့သော်လည်း အတင်းအကြပ် တိုက်တွန်းခြင်းမရှိသေးပါက ငြိမ်းချမ်းရေး အတွက်ဆိုပြီး လက်ရှိအနေအထားမှ နောက်ကြောင်းမပြန်လိုလှသေး။

'အတာယ်မှာလျှင် နောက်ကြောင်း ပြန်လှည့်ရအုံးနည်း'

နည်းတစ်ခု တွေ့မြင်ထားသည်ဟု ဟစ်တလာက ထင်သည်။

ကနားရစ်အား 'ကလိဇ်'က ဂျာမန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး 'ဘတ်' ဆီသို့ ခေါ်သွားသည်။ ဗိုလ်ချုပ်ကြီး'ဘတ်'ကိုယ်တိုင်က ဟစ်တလာကို လွှမ်းမိုးအနိုင်ရဖို့ နိုင်ငံခြားမဟာမိတ် အကူအညီလိုသည်ဟုပင် ဖွင့်ဟဝန်ခံခဲ့သည်ကို ကြားခဲ့ရ၏။ ဒဿန ပညာရှင် စာရေးဆရာ ပုဂ္ဂိုလ်ကြီး 'ကလိဇ်'ကို အလေးထားကာ ဗိုလ်ချုပ်ကြီး 'ဘတ်'က ပြောပြ၏။

သို့ရာတွင် ဗိုလ်ချုပ်ကြီး 'ဘတ်'၏ ပြောစကားအရ ၎င်းသည် ဟစ်တလာ ဆန့်ကျင်ရေးအတွက် လက်တလောမလုပ်ရန် ဒေါသတကြီး ပြောနေခြင်းမဟုတ်သည်မှာ ထင်ရှားသည်။ ယတိပြတ် အဆုံးအဖြတ်ပေးရန်အတွက် စစ်သေနာပတိချုပ်ကို စောင့်ကြည့်ရပေလိမ့်ဦးမည်။

မည်သို့ဆိုစေ၊ အကျဉ်းအကျပ် အခြေအနေမျိုးနှင့် ကြုံတွေ့ရလျှင်မူ မိမိ သဘောဖြင့် လွတ်လွတ်လပ်လပ် လုပ်မည်ဟူ၍တော့ ပြောပြသည်။

ဒီမှန်တိုင်းကို ကျော်ဖြတ်မယ်ဆိုရင်တော့ အင်္ဂလန်နိုင်ငံက၊ ကျုပ်တို့ကို





ကျောက်ဆူး ငှားမှဖြစ်မယ်'

(ဗိုလ်ချုပ်ကြီးကနားရစ်က ရေတပ်မှလာသော ပုဂ္ဂိုလ်ကြီးပီပီ၊ ဟစ်တလာ ဆန့်ကျင်ရေးတိုက်ပွဲကို မုန်တိုင်းနှင့် နှိုင်းယှဉ်ဖော်ပြပြီး၊ သည်တိုက်ပွဲပြီးက အင်္ဂလန်နိုင်ငံ က ဂျာမနီနိုင်ငံ တည်ငြိမ်စေရေးအတွက် အကူအညီပေးရမည်ကို ကျောက်ဆူးနှင့် နှိုင်းယှဉ်ဖော်ပြဟန်ရှိ၏)

နိုင်ငံငယ်ကလေးများက ပူးပေါင်းညီညွတ်ပြီး တက်တက်ကြွကြွ လှုပ်ရှားရ မည့်အစား၊ နိုင်ငံငယ်ကလေးများအား တွယ်ရာမဲ့ဘဝ ရှိနေစေသည်။ မည်သည့် မလောက်လေး မလောက်စားနိုင်ငံများကမှ ဂျာမနီ၏ အကြီးဆုံးရန်သူကို ဟန့်တားနိုင် မည်မဟုတ်ဟု၊ ကနားရစ်က ထင်မြင်ယူဆနေဆဲ၊ မှားသည်ပဲဆိုဆို ကနားရစ်က သည်သို့ပင် ထင်၏။

သို့ရာတွင် အင်္ဂလန်နိုင်ငံ အစိုးရအဖွဲ့တွင် ဗျူရိုကရက် အုပ်ချုပ်ရေးယန္တရား ကြောင့်၊ မည်မျှ နှောင့်နှေးကြန့်ကြာလိမ့်မည်ကို ကနားရစ်က တွက်မိပုံမပေါ် . . ။

လန်ဒန်ရှိ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနကမူ၊ သည်အကြောင်းကို ကောင်းစွာနားလည်ပြီး ဂျာမနီနိုင်ငံ၏ ဆုပ်လည်းစူး စားလည်းရူးရတော့မည့် အခြေအနေ အကျပ်အတည်းကို သဘောပေါက်လိမ့်မည်ဟု ကနားရစ်က တွေးမိသည်။

အကယ်၍ ဗြိတိသျှ အစိုးရကသာ မိမိမသိရသော အကြောင်းအချက်များ ကြောင့်သာ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် နေခဲ့လျှင်၊ လိမ္မာပါးနပ်၍ ရှုပ်ထွေးပွေလီသော မူဝါဒကြောင့်သာ ဖြစ်ဟန်ရှိ၏ဟု ထင်သည်။

နှစ်ပေါင်းများစွာအကြာက၊ မိမိ၏ 'ဒရစ်ဒင်' ကျွဲသဘောကို ရှာဖွေခဲ့သော အင်္ဂလန်နိုင်ငံရေတပ်၏ အစဉ်အလာနှင့် စွမ်းအားကို ကနားရစ်သိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း လူမှုရေး၊ နိုင်ငံရေး အုံကြွမှုများက ဂျာမန်နှင့် ရုရှားတို့အား တုန်လှုပ်စေခဲ့သော်လည်း၊ ယင်းကြောင့် ဗြိတိန်နိုင်ငံမှ အဓိအား နည်းသွားဟန်မတူ . . . ။

ဗြိတိသျှတို့က မိမိတို့၏ မူဝါဒများကို လွှမ်းမိုးသွားစေမည့် ကြီးကျယ်သော အမှားကို ကျူးလွန်လိမ့်မည်မဟုတ်ဟု ကနားရစ်ထင်သည်။ မတော်တဆ ပေါ်လာမည် ကိုပင် ခွင့်ပြုနိုင်အုံမထင် . . . ။

သို့ရာတွင် သည်စဉ်က 'ဆာရောဘတ်ဗန်စစ်တတ်' သည် မည်သည့် အတိုင်းအတာထိ ဝန်ကြီးချုပ်ချိန်ဘာလိန်၏ လွှမ်းမိုးခံနေရသည်ကို သူမသိ။ ဆာဟိုရေ့စ် ဝီလ်ဆင်၏ အလှည့်အပဲ့ကိုလည်း မည်သည့်အတိုင်းအတာထိ ခံနေရသည် သူမသိ။

ကျွန်တော်ကလည်း ရက်အတန်ကြာသည်ထိ 'ကလိဇ်'နှင့် ပြောဆိုခဲ့သည်များ ကို ပြောမပြခဲ့။ စင်စစ် 'ကလိဇ်'နှင့် ပြောဆိုခဲ့ရစဉ်က သူ့ပြောစကားများကို အလွတ် ရအောင် ကျက်မှတ်ခဲ့သော်လည်း၊ ပြည့်ပြည့်ဝဝ နားမလည်၍ မပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုနေ့က အဖြစ်အပျက်များကြောင့်၊ အရာရာကို ကွင်းကွင်း ကွက်ကွက် သိရှိလာရသည်။

ကျွန်တော်ကိုယ်တိုင် ဗြိတိသျှသံရုံးမှ အကြံပေးအရာရှိ 'ဆာရော့ဘတ်ကိုရီးဒေါ့ဖ်' နှင့် သွားတွေ့သည်။ ဆာရော့ကမူ ပွင့်ပွင့်လင်းလင်းရှိသည်။ လက်ခံနားထောင်လိုစိတ် ရှိသည်။ ဗြိတိသျှသံရုံးမှ သူ့အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များက သူနှင့်မတူကြ။ သံအမတ်ကြီး 'ဆာနီဗိုင်းလ်ဟန်ဒါဆင်'က ဂျာမနီနိုင်ငံနှင့် အလိုလိုက် အကြိုက်ဆောင် သောဝါဒ တက်တက်ကြွကြွ ကျင့်သုံးနေခြင်းကို ဆာရော့က မနှစ်မြို့ . . . ။

'ကလိဗ်'နှင့် ပြောခဲ့သည့်စကားများကို ဆာရော့အား ထပ်တလဲလဲ ပြောပြနေမိသည်။ အခြေအနေ ဘယ်သို့ရှိကြောင်း 'ကလိဗ်' ပြောသည်ကိုလည်း မခြွင်းမချန်ခဲ့။ စူဒီတန် ဂျာမန်တို့အတွင်း နာဇီပါတီက အလျင်စလို ဆောင်ရွက်ခြင်းကို ဂျာမန်စစ်တပ်က လစ်ချက်လွတ်အမိန့်ဖြင့် ဖယ်ချခဲ့သည်မှာ အမှန်။ အဘယ်ကြောင့်ဆိုသော် ဂျာမနီနိုင်ငံပင်လျှင် မိမိအားတိုက်ခိုက်လာပါက ခုခံကာကွယ်နိုင်စွမ်း မရှိ။

မည်သို့သော အခြေအနေတွင်ပဲဖြစ်ဖြစ်၊ ဟစ်တလာကလည်း ကျူးကျူး လွန်လွန် မဆောင်ရွက်သေး။ သည်အချိန်တွင် မိမိ၌ ဖက်စွက်ရန် အင်အား မတောင့် တင်းသဲလျက်၊ ဖြစ်သမျှကို လက်ပိုက်ကြည့်နေခြင်းကြောင့် မိမိ သိက္ခာကျမည့်အရေး ကိုလည်း စိုးရိမ်ကြောက်ရွံ့နေဟန်ရှိ၏။

ဆာရော့ကလည်း ကျွန်တော့်အား နိုက်နိုက်ချွတ်ချွတ် မေးခွန်းထုတ်သည်။ ပြီးလျှင် ကျွန်တော်ပြောသမျှကို လန်ဒန်သို့ သတင်းပို့ပေးရန် စာစီတော့၏။

သတင်းတစ်ပတ်အတွင်းမှာပင် ရှုးထူးဆန်းဆန်း ဖြစ်ပေါ်လာ၏။ မေလ တတိယသတင်းပတ်တွင် ချက်နိုင်ငံ နယ်စပ်အနီး အမျိုးသားဆိုရှယ်လစ် မော်တော် ယာဉ်တပ်မကြီးက စစ်ရေးလေ့ကျင့်မှုနှင့် ဒေသအနီး၊ တပ်များလှုပ်ရှားမှုကို ရေကြီး ခွင်ကျယ်လုပ်ကာ ဂျာမန်နှင့် ချက်တို့မှ ကောလာဟလသတင်းများ တမုဟုတ်ခြင်း ပျံ့လာသည်။

မေလ ၂၀ ရက်နေ့တွင် ပရပ်မြို့(ချက်နိုင်ငံ)နှင့် အခြားတစ်နေရာရာမှ အသေးစိတ်အစီရင်ခံစာကို ရလျှင်ရခြင်း ကျွန်တော်သည် ဒုတိယအတွင်းဝန် 'ဗေရှိမ် ဝေဇက်ကာ'ထံသို့ သွားရောက်တွေ့ဆုံပြီး အစီရင်ခံစာပါ သတင်းများ မှန်မမှန် ပြောပြ၍ တောင်းဆိုခဲ့၏။

ဘာလင်မြို့ရှိ ဗြိတိသျှသံအမတ်ကြီး ဆာနီဗိုင်းလ်ဟန်ဒါဆင်က သို့ကာ၏ မှတ်တမ်းတင်ထားခဲ့သည်။

ဗြိတိသျှဝန်ကြီးချုပ်ရုံးက ယခုအခါမှ ဟစ်တလာ၏ ယာယီခေတ္တခဏမျှ အားနည်းနေသည်ကို သိတော့သည်။

သည်အခိုက်အတန့်တွင် ဗြိတိသျှနှင့် ဂျာမန်ထောက်လှမ်းရေးတို့က တစ်။





တည်းသော ရည်မှန်းချက်အတွက် ပူးပေါင်းဆောင်ရွက်နေကြဟန် ရှိသည်။ တခြား မဟုတ်၊ ဟစ်တလာအား ချုပ်ပြီး ဘေးဖယ်လာရန်ဖြစ်သည်။

ဂျာမန်ဒုတိယအတွင်းဝန် 'ဝေဇက်ကာ'က သတင်းပါ အကြောင်းများမှာ မဟုတ်မမှန်ကြောင်း တရားဝင်ငြင်းဆိုသည်။ သို့ရာတွင် လန်ဒန်မြို့တွင် 'လော့ဒ် ဟယ်လီဖက်စ်'က သူ့အနီးအနားတွင် 'ဗန်စစ်တတ်'ရှိနေပြီဖြစ်၍ သည်အချိန် သည်သာ ဟစ်တလာအား ပြင်းပြင်းထန်ထန် ဖိအားပေးအကြပ်ကိုင်ရန် သင့်သည်ဟု တထစ်ချ ယုံမှတ်တော့သည်။ လန်ဒန်နှင့် ဘာလင်တို့ ကြေးနန်းဖြင့် ဆက်သွယ်၍ သတိပေးရန်ကို ပင် လွှတ်လွှတ်လပ်လပ် ပြောင်ပြောင်တင်းတင်း ပြောဆိုလာကြသည်။

မေ ၂၁ ရက် တစ်နေ့လုံးလုံး ကျွန်တော်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရှိနေပြီး ကန့်ကွက်စာများကို စာရင်းသွင်းနေခဲ့ရသည်။

'ဆာနီဗိုင်းလ်ဟန်ဒါဆင်'က ယင်းသို့ မှတ်တမ်းတင်ခဲ့၏။

၁၉၃၈–ခု၊ မေလ ဒုတိယလဝက်ကာလတွင် ဟစ်တလာက ချက်နိုင်ငံအတွင်းရှိ အဓိကရုဏ်းများ ပေါ်ပေါက်အောင် ဖန်တီးရန် ရည်ရွယ်ရင်း ရှိဟန်မတူ။

အခိုက်အတန့်တွင် မိမိ၌ အင်အားမရှိသေးသည်ကို ဟစ်တလာသိသည်။

နောင်သောတစ်ချိန်ချိန်တွင် အန္တရာယ်များမည့် လုပ်ရပ်တစ်ခုခုကို ဆောင် ရွက်ရန် ပြင်ဆင်ထားကောင်း ထားပေလိမ့်မည်။

မှန်သည်၊ ၁၉၃၈–ခုနှစ်တွင် ဟစ်တလာက ချက်နိုင်ငံကို သိမ်းပိုက်လိုသည်။ သို့ရာတွင် တိုက်ခိုက်သိမ်းပိုက်ရန်အတွက် တပ်လှုပ်ရှားမှုများကိုမူ မလုပ်လို . . ။

မိမိရည်မှန်းချက် အောင်မြင်မှုရရှိရေးအတွက် 'စူဒီတန်'ဒေသ၌ တော်လှန် ပုန်ကန်မှုများ ပေါ်လိမ့်မည် ဆိုသည်ကိုသာ တွေးနေဆဲ . . . ။

သို့ရာတွင် မေလ ၂၀ ရက်နေ့တွင် ရရှိသော သတိပေးချက်များကြောင့် ယခုကလို စိတ်ကူးယဉ်အတွေးများလည်း ပျောက်ပျက်ကုန်၏။

ဗြိတိန်သံအမတ်ကြီး 'ဆာနီဗိုင်းလ်ဟန်ဒါဆင်'၏ နိုင်ငံရေးခြေလှမ်းနှင့် ဟစ်တလာ ကေတဲလ်တို့၏ ဒေါသတကြီး ငြင်းကွယ်မှုအပြီးမှာပင် ဥရောပသတင်းစာများ က ဟစ်တလာသည် အကြပ်ကိုင်ခံရ၍ ငုံ့လျှိုးခဲ့ရသည်ဟု ထင်မြင်ယူဆရလေအောင် သတင်းများ ထုတ်ပြန်ကြ၏။ ဟစ်တလာအပေါ် အကျိုးသက်ရောက်မှုကလည်း မြန်ဆန် လှပါပေ၏။

၁၉၃၈–ခု၊ မေလ ၂၁ ရက်နေ့က ဟစ်တလာ တစ်ယောက် ကြမ်းပြင်ပေါ်တွင် လူးလှိမ့်နေသည်။ ကော်ဇောစကို ကြိတ်မနိုင်ခဲမရ ကိုက်ကာ ပါးစပ်မှလည်း 'အင်္ဂလိပ် တွေ သတိသာထား၊ ခင်းကို ငါမကျေဘူး'ဟူ၍ ကယောင်ကတမ်း ပြောခဲ့သည်ဟူသော သတင်းများကိုလည်း ဖော်ပြခဲ့၏။

မေ ၂၈ ရက်နေ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာက သူ့စစ်သေနာပတိချုပ် 'ဗိုလ်ချုပ်ကြီး ဗွန်ဗရောချစ်တစ်ရှ်' *(Gen. Von Brauchitsch)*ကို ဆင့်ခေါ်လိုက်၏။ ပြီး . . . ဂျာမနီနိုင်ငံ အနောက်ဖက် တံတိုင်းကြီးကို ချက်ချင်းတည်ဆောက်ရန် အမိန့်ပေးလိုက်သည်။ ငြိမ်းချမ်းရေးကာလတွင် ထားရှိရမည့် လက်နက်ကိုင် စစ်သားဦးရေကိုပါ ထိထိရောက်ရောက်တိုးရန် ညွှန်ကြား လိုက်သည်။

'သိက္ခာကျတဲ့ ပြယုဂ်ပဲ'

မေလ ၂၁ ရက်နေ့က သံတမန်ရေးရာအရ ဟစ်တလာအား ဖိအားပေး အကြပ်ကိုင်ခဲ့ခြင်းနှင့် သတင်းစာများတွင် သတင်းများ ပုံနှိပ်ခဲ့သည်များနှင့်ပတ်သက်၍ ဗြိတိသျှသံအမတ်ကြီး ဆာနီဗိုင်းလ်ဟန်ဒါဆင်က ကျွန်တော့်အား နှစ်ကိုယ်ကြား ပြောပြ ခဲ့သည်။

၎င်းအကြောင်းကို ပြန်တွေးပြီး သည်စဉ်က အဖြစ်အပျက်ကို မိမိတဝမှတ်တမ်း တွင် 'ကံမကောင်း အကြောင်းမလှ'ဟု ဖော်ပြခဲ့သည်။

မှတ်သားဖွယ်ရာကောင်းသော ထို မေ ၂၁ ရက် အဖြစ်အပျက်နှင့် ပတ်သက် ပြီး ကျွန်တော် ရှာဖွေစုဆောင်းရသမျှ အချက်အလက်များမှာ သည်မျှသာဖြစ်၏။

မေ ၂၁ ရက်နေ့ အဖြစ်အပျက်များသည် ဟစ်တလာအတွက် အနည်းငယ်မျှ အကျိုးယုတ်ခဲ့သည်မှာ အမှန်။ သည်အဖြစ်က သူ့ကိုယ်ကျိုးနည်းဖို့ ဖန်တီးလာသည်မှာ လည်း အမှန်။

သည်အဖြစ်အပျက်များကို စေ့စေ့ငငှ တွေးတောဆင်ခြင်ပြီးမှ ဟစ်တလာက သူ့ကိုယ်ရေးအရာရှိ ဗိုလ်ကြီးဖရစ်ဝေဒီမန်းအား လန်ဒန်သို့ စေလွှတ်လိုက်သည်။ ဝန်ကြီးချုပ် လော့ဒ်ဟယ်လီဖက်စ်က ဘာချက်ဂါဒင်သို့ အလည်အပတ်လာခဲ့သည့် အချိန်မှစ၍ သူ့အယူအဆ၊ သူ့နည်းသူ့ဟန်များ မည်သို့ပြောင်းလဲသွားသည်ကို လေ့လာ ရန်ဖြစ်သည်။

ဂျာမနီနိုင်ငံက မိမိကာကွယ်ရေးအတွက် ခုခံနိုင်စွမ်းမရှိသော ထိုအခိုက်အတန့် ကြားကာလ၌ ဟစ်တလာအား အလဲထိုးခဲ့သော အဆိုပါအဖြစ်အပျက်၏ နောက်ကွယ် တွင် ကနားရစ်၏ ပယောဂ ပါ,မပါကို ကျွန်တော် တိတိပပ ပြောနိုင်စွမ်းမရှိပါ။

သည်စဉ်က 'ကာလိဖ်'တစ်ယောက်သာလျှင် ကနားရစ်နှင့် တပူးတွဲတွဲ အနား ကပ် ပေါင်းသင်းခဲ့သည်။ 'ကာလိဖ်'က သူ့ဇနီးကို သတိပေးထားခဲ့ဖူးသည်။ ယခု 'ကာလိဖ်'ဇနီးက ကျွန်တော့်ကို သိသမျှ ဖောက်သည်ချပြန်သည်။

'ငါက ဘယ်သောအခါကမှ ကနားရစ်ဆိုတဲ့အမည်၊ အော့စတာဆိုတဲ့ အမည် တို့ကို ပြောပြဖူးတာကို လုံးဝ မကြားခဲ့ဘူးပါလို့ဆိုတာ မြဲမြဲမှတ်ထားနော်'တဲ့။

'ကာလိဖ်'သည် နှုတ်လုံသူ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် မည်သည့်အသိုင်း အဝန်းတွင်ပဲဖြစ်ဖြစ်၊ နာဇီတို့အပေါ် မလိုမုန်းထားသည်ကိုမူ 'ကာလိဖ်'က ဖုံးဖုံးဖိဖိ





မလုပ်သည်မှာ သူ့ဝသီဖြစ်၏။ သို့ကြောင့်လည်း စစ်ကြီးဖြစ်လာသောအခါ သူ့ထက် မကျေမနပ် ဖြစ်နေသူ သူ့အပေါင်းအသင်းများကိုပင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့က တာဝန်ပေးခဲ့သော်လည်း သူ့ကိုမူ လျစ်လျူရှုထားခဲ့သည်။

ဘာလင်မြို့ရှိ ကာစီနိုကလပ် အဆောက်အအုံကြီးအတွင်း ငြိမ်သက်အေးဆေး သော ထောင့်တစ်ထောင့်တွင် အတူထိုင်ရင်း သူ့အသံနေ အသံထားနှင့် သူပြောရာတွင် အလေးအနက်ထားသည်များမှ ရံဖန်ရံခါ ကျွန်တော်က မှန်းဆရသည်များလည်း ရှိ၏။ ယခုအခါမှာ သုတေသနပြု ရှာဖွေရသော်လည်း 'ကာလိဖ်'နှင့် ဟစ်တလာတို့ကြားတွင် ဘာတွေဖြစ်ခဲ့သည်ကို ဖော်ထုတ်နိုင်မည် မဟုတ်တော့ . . .။

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်သည် မိမိအာဏာအရှိန်အဝါအတွင်းမှ ထင်ယောင်ထင်မှားဖြစ်စေမည့် နည်းပရိယာယ်များကိုသုံးလျက် ဆင်ခြင်စဉ်းစားခြင်း ကင်း၍ လှုပ်ရှားမှုအကြိုက်လိုက်သော၊ ထင်ပေါ်လိုသော ခေါင်းဆောင်တစ်ဦးအား ဒေါသကြွပ်နှံကြွပ်ဖြစ်စေကာ ဖြုတ်ချဖို့ကြိုးစားခဲ့သည်ဟု ကျွန်တော်ထင်သည်။

ဂျာမနီနိုင်ငံတွင် သည်သို့သော ပုဂ္ဂိုလ်ကြီးတစ်ဦးမှာ ဟစ်တလာ၏ လျှို့ဝှက် ရန်သူပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## ( ၇ )

## သူ့အကြောင်းတစေ့တစောင်း

'ဗီလ်ဟမ်စ်ထရပ်စီ' လမ်းမကြီးရှိ စစ်ဝန်ကြီးရုံးတွင် စစ်ဖက်ခေါင်းဆောင်ကြီးများ စိတ်ဂယောက်ဂယက် ဖြစ်ခဲ့ရသည်ကို ကနားရစ် ကြားသိရသည်။

ဟစ်တလာက မူလအစီအစဉ်အတိုင်း ချက်နိုင်ငံအား သိမ်းပိုက်ရေး အစီအစဉ်ကို ဆက်လက်ဖော်ထုတ်ရန် စိတ်ဆုံးဖြတ်လိုက်ပြီ ဆိုသည်ကိုလည်း ကနားရစ် ကြားသည်။

ကနားရစ်က ထိုသတင်းစကားများ မှန်မမှန်ကို စုံစမ်းသည်။ ကြားသမျှကို နားစွင့်လျက်ရှိ၏။ ပြီး . . . သူ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ကေတဲလ်နှင့် စကားပြော သည်။

တဖန်၊ ဗိုလ်ချုပ်ကြီးဗွန်ဗရောချစ်၊ ဗိုလ်ချုပ်ကြီးဘာတ်၊ ဒုတိယအတွင်းဝန် ဗွန်ဝေဇက်ကာ တို့နှင့်အတူ ရှေ့တိုးမြဲတိုးလျက် လုပ်နေဆဲ၊ စွန့်စွန့်စားစား လုပ်မြဲ လုပ်နေဆဲ။

လက်ထောက်အရာရှိ 'စမန့်'က ပြောမှ ဇာတ်လမ်းမှာ ပြီးပြည့်စုံတော့သည်။

အုပ်ချုပ်မင်းလုပ်သူအနီးတွင် ပုဂ္ဂိုလ်တစ်ဦးဦးကို ထားရှိရန် ကြိုးစားသည်မှာ ထောက်လှမ်းရေးအဖွဲ့အစည်းတိုင်း၏ ဓမ္မတာသာဖြစ်၏။

သို့ရာတွင် ဟစ်တလာ ဘာတွေး၍ ဘာလုပ်သည်ဆိုခြင်းအား သေသေချာချာ သိရှိရန် အခက်အခဲများရှိသည်မှာ အမှန်။ သည်အခက်အခဲများကို လျှော့တွက်၍





မဖြစ်။

အခြေအနေ ငြိမ်သက်အေးဆေးပြန်သောအခါ ကလိဗ်သည် 'ပိုမာရေးနီးယန်း' နေအိမ်မှထွက်ပြီး ဘာလင်မြို့တော်သို့ ရောက်လာပြန်သည်။ ကနားရစ်ဆီသို့ ဝင်ခဲ့ပြန်သည်။

'လက်ရှိအခြေအနေက ပြောင်းသွားပြီ၊ အကယ်၍ ဗြိတိန်နိုင်ငံက သူ့ကို ကျူးကျော်သူရယ်လို့ ဘယ်လိုပဲ စွပ်စွဲခံရခံရ၊ ချက်နိုင်ငံကို အကူအညီပေးမယ်လို့ ပြောင်ပြောင်တင်းတင်း ကတိမပေးရင်တော့ ဒီနှစ်အတွင်းမှာ တစ်နည်းနည်းနဲ့ ချက်နိုင်ငံကို တိုက်ဖြစ်လိမ့်မယ်။ ဗလွန်ရဲ့ နိုင်ငံခြားဝန်ကြီး ယွန်ဒဲလ်ဘိုးစ် *(Yvon Delbos)* ကလည်း ဒီလိုပဲပြောခဲ့တယ်။ ဒါပေမယ့် ဒဲလ်ဘိုးစ်ဟာ ပြေလကစပြီး အာဏာလက်လွှတ်ဖြစ်နေပြီ။ ပြင်သစ်တို့က ဒီအခြေအနေကို ထိန်းချုပ်နိုင်လိမ့်မယ်လို့တော့ မျှော်လင့်လို့ မဖြစ်ဘူး'

'ကလိဗ်'က သို့ကလို ကျွန်တော့်အား ပြောပြသည်။

သတင်းပတ် အတော်ကြာသည့်ထိ စောင့်ကြည့်နေကြသည်။ သို့ရာတွင် ဗြိတိသျှတို့ထံမှ နောက်ထပ်တုန့်ပြန်မှု ပေါ်မလာခဲ့။ ဗြိတိသျှပါလီမန် 'ဝက်စ်မင်တာ' *(Westminster)* တွင်လည်း ဝါဒရေးရာ အပြောင်းအလဲမပေါ်ခဲ့။ မတ်လ ၂၄ နေ့တွင် ဝန်ကြီးချုပ် 'ချိန်ဘာလိန်'က အောက်လွှတ်တော်၌ မိန့်ခွန်းပြောခဲ့စဉ်က ပြောစကားအတိုင်း အပြောင်းအလဲမရှိ၊ သည်အတိုင်းပင် ရှိမြဲရှိနေဆဲ။ အကယ်၍ ရန်ဘက်ပြုသနာ ပေါ်လာပါက ချက်နိုင်ငံနှင့် စာချုပ်အရ တာဝန်ဝတ္တရားရှိနေသော နိုင်ငံများနှင့် အကျုံးဝင်လိမ့်မည်မှာ မလွဲပဲ ဟု ဆိုခဲ့၏။

လန်ဒန်တွင် ဂျာမန်သကင်းစာဆရာ တစ်ဦးရှိနေသည်။ သူ့အမည်က 'ဒေါက်တာကားယိန်းအက်ဘ်ရှာဂျင်' အက်ဘ်ရှာဂျင်က နိုင်ငံရေးအခြေအနေများနှင့် ပတ်သက်၍ အစီရင်ခံစာများကို 'ဖော့စတား' ထံ ပို့ပေးသည်။ 'ဖော့စတား' မှတစ်ဆင့် 'ကနားရစ်'ကို ပြပြန်သည်။

အကယ်၍ ချက်နိုင်ငံတွင် အထွေထွေပဋိပက္ခပေါ်ခဲ့လျှင် ဗြိတိန်နိုင်ငံက ဝင်တိုက်မှာ သေချာသည်ဟု 'အက်ဘ်ရှာဂျင်' ပြောမြဲသည်။

'ရိဗန်ထရော့စ်'အစီရင်ခံစာကမူ ထိုသို့မဟုတ်။ ချိန်ဘာလိန်၏ ဗြိတိသျှအစိုးရက မိမိကိုယ်တိုင် ဝင်မတိုက်မည်သာမက၊ ပြင်သစ်နိုင်ငံကိုပင် တစ်ပြားသားမျှမရွေ့နေခဲ့မြင်းမျိုး မပြုရန်ကိုပင် ဖျောင်းဖျမည်ဟု သူက အစီရင်ခံထားသည်။

'ဂျိုးဇက်ဂိုဘဲလ်' *(Josef Goebbels)* မှာ ဂဏှာမငြိမ်ဖြစ်နေသည်။ 'အက်ဘ်ရှာဂျင်'၏ အစီရင်ခံစာများကိုဖတ်ပြီး သူ့အယ်ဒီတာကို ပြောပြသည်။

'အက်ဘ်ရှာဂျင်က သူ့အစီရင်ခံစာများဟာ လန်ဒန်ဂျာမန် သံရုံးကပေးပို့တဲ့ အစီရင်ခံစာများနဲ့ တစ်သဘောတည်း ရှိမရှိဆိုတာကိုပါ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ပြသင့်တယ်။ ဒါပေမယ့် သူ့အရေးအသားမှာ စော်စော်ကားကား ဖြစ်စေမယ့် အသုံးအနှုန်းတွေ မပါဖို့ ဂရုတစိုက်ရှိဖို့တော့ သူ့ကိုပြောထားဗျ။ ဟစ်တလာကိုယ်တိုင် အစီရင်ခံစာမူရင်းကို ဖတ်မှာ မဟုတ်လား'

'ဂိုးရင်း'က သူ့ဘဝ၏ ချိုမြိန်ဖွယ်ရာများကို မြိန်ရေယှက်ရေပင် ဖြစ်နေပြီ။ ဂျာမန်အစိုးရကသာ ချက်နိုင်ငံနှင့် ပတ်သက်၍ ချွတ်ချွတ်ချော်ချော် ဖြစ်ခဲ့ပါက သူ့ဖိမ်ခံအိမ်၊ သူ့ကချေသည်မကာလေးများနှင့် သူ့မော်တော်ကားမှာ လွင့်စင်ပျောက်ကွယ်သွားပေလိမ့်မည်။

အစီရင်ခံစာများကို ကနားရစ်၏ နိုင်ငံခြားဌာနစိတ်တွင် အသေးစိတ် လေ့လာသုံးသပ်ရပေမည်။ ၁၉၃၈–ခု၊ ဇူလိုင်လက ဗိုလ်ချုပ်ကြီးဘတ်နှင့် စစ်သေနာပတိချုပ်တို့အား ဦးနှောက်ခြောက်စေခဲ့သည့် ပြဿနာအတွက် အဖြေရှိအံ့ မထင်။

'ကျုပ်တို့က ချက်နိုင်ငံကိုတိုက်ရင် အင်္ဂလန်က ကျုပ်တို့ကို တိုက်လိမ့်မယ်ဆိုတာ ခင်ဗျားယုံသလား'

'ကလိဖ်'က ကျွန်တော့်ကို မေးခွန်းထုတ်သည်။

'ကျုပ်တော့ယုံတယ်။ ဒါပေမယ့် အစပထမတော့ ပိတ်ဆို့ရုံနဲ့ပဲ စကောင်းစလိမ့်မယ်'

ကျွန်တော်က ပြန်ဖြေသည်။

'ဒါ မှန်တယ်။ ကျုပ်ပြောရဲပါတယ်။ ဗြိတိသျှတို့က ဝင်တိုက်မယ်ဆိုတာ ကျုပ်ယုံကြည်တယ်'

ကလိဖ်က ပြောပြန်သည်။

ပြီး . . . 'ကလိဖ်'က အသံနိမ့်၍ လေသံတိုးတိုးဖြင့် ဆက်ပြောသည်။

'ကနားရစ်က ဟုတ်မဟုတ်ကို လန်ဒန်သို့ လူလွှတ်ပြီး စုံစမ်းချင်တယ်။ ဗြိတိသျှတို့ကို ကြိုတင်သတင်းပေးဖို့နဲ့ လူလွှတ်ဖို့ ကမ်းလှမ်းထားပြီးသား မဟုတ်လား'

ဆောင်းဦးကာလတွင် အတွေ့တွေ့လှုပ်ရှားမှုများအတွက် အသင့်ပြင်ထားရန် ဟစ်တလာက စစ်ဦးစီးဌာနချုပ်သို့ အမိန့်ပေးထားပြီးဖြစ်သည်။ သို့ရာတွင် ကနားရစ်နှင့် သူ့နိုင်ငံရေး မိတ်ဆွေများကြားတွင် သည်သတင်းကို လျှို့ဝှက်ထားဟန်မရှိ။

ကျွန်တော်တို့တစ်စုက ဗြိတိသျှအစိုးရသဘောထား၏ ပဟေဠိဆန်ဆန်ကို ဆွေးနွေးတိုင်ပင်နေကြခိုက်မှာ စစ်ဦးစီးရုံးချုပ်တွင် 'ဂရွန့်အမှု' *(Case Grun)* ခေါ် ချက်နိုင်ငံအတွင်းသို့ ထိုးစစ်ဆင် တိုက်ခိုက်ရေးအတွက် အပတ်တကုတ် စီစဉ်ရေးဆွဲနေကြ၏။

အတွေ့တွေ့ လှုပ်ရှားပြင်ဆင်မှုအား စက်တင်ဘာလ ၂၈ ရက်နေ့ကို နောက်ဆုံးသတ်မှတ်ပြီး ပြင်ဆင်ထားရန် ဇူလိုင်လကုန် ရက်ပိုင်းတွင် ဟစ်တလာက ဗိုလ်ချုပ်ကြီးဗွန်ဗရောချစ်အား သတိပေးထားပြီး ဖြစ်၏။





ဩဂုတ်လ လဆန်းပိုင်းသို့ ချဉ်းနင်းဝင်ခဲ့လေပြီ။

သည်ပြင်ဆင်မှု အရပ်ရပ်အား အကာအကွယ်ပေးရန်အတွက် ဂျာမန်ထောက်လှမ်းရေးအဖွဲ့တွင် လှည့်ကွက်အစီအစဉ်များ ရှိနှင့်ပြီးဖြစ်၏။ မီးရထားကုန်တွဲများကို စုဆောင်းခြင်း၊ ရှေ့တန်းစခန်းများသို့ ရိက္ခာများပို့ရန် ကန်ထရိုက်များကို ကြိုတင်သတ်မှတ်ခဲ့ပြီး ဖြစ်၏။

ထောက်လှမ်းရေးအဖွဲ့ကလည်း စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းစတော့သည်။

ကနားရစ်၏ လူယုံတော်တစ်ဦးအား ဗြိတိသျှသံရုံးသို့ စေလွှတ်၍ ဗြိတိသျှစစ်သံမှူးထံ အကြောင်းကြားစေသည်။ နောက်ဆုံးသတ်မှတ်သည့်ရက်မှာ ဩဂုတ်လ ၁၅ ရက်ဟု ပြောစေခဲ့သည်။

ဗြိတိသျှတို့၏ တုန့်ပြန်မှု မည်သို့ရှိသည်ကို စမ်းသပ်လို၍ အတိအကျမပြောဘဲ လိုးလွှဲပြောခဲ့ဟန်ရှိ၏။

သို့မဟုတ် အစရပြီဖြစ်၍ ဗြိတိသျှတို့က မိမိတို့ကိုယ်တိုင် ဆက်လိုက်ရန် အနံ့ပေးလိုက်ခြင်းလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်၏ အစိုးရသည် မနှစ်မြို့ဖွယ်ရာ သတင်းများကို မလိုလား။ ရတတ်သမျှ သတင်းကိုလည်း ကျေကျေညက်ညက် သဘောပေါက်နားလည်ဖို့လည်း မလွယ်။

'ဗိုလ်မှူးကြီးအက်ဖ်၊ အန်၊ မေဆင်မက်ဖာလိန်'အား ဝန်ကြီးအဖွဲ့က ခေါ်ယူပြီး တာဝန်ပေးသည်။ 'ဆာဂျွန်ဆိုင်းမွန်'က 'ဗိုလ်မှူးကြီး မေဆင်မက်ဖာလိန်'အား အမြန်အလှန် မေးခွန်းထုတ်သည်။

ဩဂုတ်လ ၁၅ ရက်နေ့သို့ ရောက်ခဲ့ပြီ။ ထိုတစ်နေ့ ကုန်ခဲ့ပြန်ပြီ။ သို့ရာတွင် မည်သို့သော အနှောင့်အယှက်မှ မတွေ့ရ။ ဂျာမန်တပ်များ လှုပ်ရှားသည့် အရိပ်အယောင်ကိုမျှ မတွေ့ရ။

'ဒီအတိုင်း ပြည်သူတွေကို ရှင်းပြဖို့တော့ အခက်သား။ မနေ့က ဖြစ်ပေါ်လိမ့်မယ်လို့ မျှော်လင့်ခဲ့တာဟာ မဖြစ်ပေါ်တတ်ဘဲ နောက်သတင်း နှစ်ပတ်ကြာမှ ဖြစ်ချင်ဖြစ်တတ်တာကလား'

နောင်သောတစ်ချိန်တွင် ဗိုလ်မှူးကြီး မေဆင်မက်ဖာလိန်က မကျေမနပ်နှင့် ပြောခဲ့၏။

ကောလာဟလသတင်းများကို ဗြိတိသျှအစိုးရအဖွဲ့က မယုံချင်တော့။ ဗြိတိသျှသံအမတ်ကြီး 'နီဗိုင်းလ်ဟန်ဒါဆင်'က အေးအေးဆေးဆေးနေ၍ ငြိမ်းချမ်းစွာ ဖြေရှင်းရေးကိုသာ ဆောင်ရွက်ရန် တိုက်တွန်းသည်ကိုပင် ဗြိတိသျှဝန်ကြီးအဖွဲ့က ယုံနေ၏။

သတ်မှတ်သည့်ရက်ကို မမှန်မကန် ပြောခဲ့ခြင်းကြောင့် အကျိုးဆက်ရောက်မှု



www.burmeseclassic.com

www.burmeseclassic.com



များလည်းရှိ၏။

'ဗိုလ်ချုပ်ကြီးဘာတ်'၏ စိတ်နေစိတ်ထားက ကနားရစ်နှင့်မတူ တမူထူးခြားပြန်သည်။ ဒဿနပညာရှင်များကဲ့သို့သော ကျယ်ပြန့်သည့် နဖူးရှိ၏။ စဉ်းစားတွေးတောတတ်သည့်အလား ပညာရှင်ကြီးများဖြစ်သည့် 'ကလောဇဝစ်' *(Clausewitz)*၊ 'စလျှီဖန်' *(Schlieffen)*တို့၏ အဆိုအမိန့်များကို အာဂုံ ရွတ်နိုင် ဆိုနိုင်သူဖြစ်၏။

သို့သော် ဗဟုသုတရှာမှီးလိုသော သူ့စိတ်ဆန္ဒများက စစ်ဖက်ရေးရာလောက်မျှနှင့် မတင်းတိမ်နိုင်။ သည်အချိန်တွင် 'ဗိုလ်ချုပ်ကြီးဘာတ်'က အင်္ဂလိပ်စာကို သင်ကြားနေပြီ။ အင်္ဂလိပ်သမိုင်းပညာရှင်များ၏ စာပေကျမ်းဂန်များကို လေ့လာဖတ်ရှုနေလေပြီ။

စစ်ဦးစီးဌာနချုပ်၏ ထိပ်တန်းအရာရှိကြီးလည်း ဖြစ်ပြန်သောကြောင့်၊ စစ်ရေးကိစ္စများနှင့်ပတ်သက်၍ သူ့သင်ကြားပို့ချချက်များက တရားဟောနေသယောင်ယောင် ထင်ရ၏။ မဟာဗျူဟာ အခြေအနေနှင့် ပတ်သက်၍ သူ့သုံးသပ်ချက်များတွင် နိုင်ငံရေးနှင့် ကိုယ်ကျင့်တရားရေးရာ အတွေးအခေါ်များက ရောယှက်ပါစမြဲ။

ဟစ်တလာ၏ လက်ထောက်အရာရှိဖြစ်သော ဗိုလ်ကြီး ဝိုင်ဒီမန်ခေါင်းဆောင်သော စစ်မစ်ရှင်အဖွဲ့တစ်ဖွဲ့ လန်ဒန်သို့သွားသည့်သတင်းကို ဗိုလ်ချုပ်ကြီးဘာတ် ကြားရသည်။ ဗိုလ်ကြီးဝိုင်ဒီမန်သည် ပထမကမ္ဘာစစ်ကြီးအတွင်းက ဟစ်တလာ၏ လက်အောက်တွင် တပ်ရင်းမှူးတစ်ဦးဖြစ်၏။

ချက်နိုင်ငံအရေးနှင့်ပတ်သက်၍ လော့ဒ်ဟယ်လီဖက်စ်၏ သဘောထားကို တီးခေါက်ကြည့်ရန် ဟစ်တလာက ဗိုလ်ကြီးဝိုင်ဒီမန်ကို စေလွှတ်ခြင်းဖြစ်သည်။

ဗိုလ်ကြီးဝိုင်ဒီမန်အပြန်တွင် ယူလာသော သတင်းစကားကြောင့် ဟစ်တလာ တစ်ယောက် ကျေနပ်အားရနေပုံရသည်။

ဗိုလ်ကြီးဘာတ်က နေ့စဉ်မှတ်တမ်းစာအုပ်တွင် ရေးခြစ်ထားလိုက်သည်။

'ဗြိတိန်နိုင်ငံ ရေရှည် စစ်ဆင်နွှဲနိုင်စွမ်းမရှိဟု ယုံကြည်စိတ်ချခြင်းသည် အန္တရာယ်များသောအမှားဟု ထင်မိသည်။ ဗြိတိန်နိုင်ငံ၏ စစ်ရေးအစီအစဉ်များမှာ အမြဲတစေ ရေရှည်မှန်းချက်ရှိ၏။ ဗြိတိန်နိုင်ငံ၏ အင်အားသည် အပြောကျယ်၍ အတိုင်းအဆမရှိသော အင်ပါယာ၏ အင်အားများတွင် တည်ရှိသောကြောင့်ဖြစ်၏။

အကယ်၍ ဂျာမနီနိုင်ငံတွင် ချက်နိုင်ငံအရေးကို အတင်းအဓမ္မ ဆောင်ရွက်လာပါက ဗြိတိန်နိုင်ငံက ပြင်သစ်နိုင်ငံနှင့်အတူ စစ်ထဲသို့ဝင်ရန် ဆုံးဖြတ်လိမ့်မည်ဟု တထစ်ချ ယုံကြည်မိသည်။ ဗြိတိန်နိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် အေးအတူပူအမျှ ရပ်တည်ရပေလိမ့်မည်။ အကယ်၍ ဗြိတိန်နိုင်ငံက စစ်တိုက်လာပြီဆိုပါလျှင် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးတွင် မိမိက စံအဖြစ်





သတ်မှတ်ထားသော မူဝါဒများကို အန္တရာယ်ပြု ခြိမ်းခြောက်ပြီး ငြိမ်းချမ်းရေးကို နှောင့်ယှက်လာသော ဂျာမနီနိုင်ငံသစ်အား အောင်မြင်ရန်အတွက် လိုအပ်နေချိန်တွင် ချက်နိုင်ငံအား ကူညီရုံမျှပင် ဖြစ်လိမ့်မည်မဟုတ်။

ရုရှားနှင့်ပတ်သက်၍မူ ဗိုလ်ကြီးဘာတ်က ၁၉၃၈–ခုနှစ်၊ နွေရာသီတွင် ဖြစ်ပေါ်နေသော အခြေအနေကို ကောင်းစွာသုံးသပ်ပြီး စကားလုံးအသုံးအနှုန်းမှအစ ချိန်ဆပြီး သတိကြီးစွာဖြင့် မှတ်တမ်းတင်ခဲ့သည်။

အရာရှိများကို ပစ်သတ်ခဲ့ခြင်းကြောင့် ဆိုဗီယက် ရုရှား တပ်မတော် ၏စွမ်းအင်မှာ များစွာ အဟန့်အတားဖြစ်ခဲ့သည်။ ရုရှားတပ်မတော်က ဝင်စွက်လိမ့်မည်ဟု မျှော်လင့်စရာမရှိ။ သို့ရာတွင် ဆိုဗီယက် လေတပ်က ချက်ချင်းလှုပ်ရှားလာမည်ကိုမူ ထည့်သွင်းစဉ်းစားရပေလိမ့်မည်။ အကယ်၍ ရေရှည်စစ်ပွဲ ဆင်နွှဲလာပါက ရုရှားတပ်နှင့် ထိပ်တိုက်တွေ့သည့် အရေးပါ အရာရောက်မည်မှာ အမှန် . . .

အကျဉ်းအကျပ်ကာလတွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဖွန်ဗရောချစ်တစ်က မိမိနှင့် တပ်မတော်တပ်မကြီး တပ်မှူးများက စစ်ကြီးဆင်နွှဲရန် တာဝန်ယူဖို့ ပြင်ဆင်ထားခြင်းမရှိကြောင်း အစုလိုက် အပြုံလိုက် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း၊ ဟစ်တလာအား အတိအလင်းပြောသင့်သည်ဟုလည်း 'ဗိုလ်ချုပ်ကြီးဘာတ်'က စိတ်ကူးထား၏။

သို့ရာတွင် ဩဂုတ်လဆန်းတွင် တပ်မှူး ဗိုလ်ချုပ်ကြီးများ၏ စည်းဝေးပွဲ၌ ဗိုလ်ချုပ်ကြီးဘာတ်က ယင်းအဆိုကို တင်ပြဆွေးနွေးသည်။ ဗိုလ်ချုပ်ကြီး ဗရောချစ်တစ်၏ စိတ်က မတင်မကျဖြစ်နေသည်ကို တွေ့ရှိရသည်။ မိမိတပ်မကြီး၏ တပ်မှူးများလောက် တိကျပြတ်သားသူ မဟုတ်ကြောင်း ပြက်ပြက်ထင်ထင် တွေ့ရသည်။

သည်စဉ်က မျှော်လင့်ချက်မဲ့ပြီး အကြံအိုက်နေသော ဗိုလ်ချုပ်ကြီး ဗရော်ချီတစ်က မိမိအား တစ်စိတ်တစ်ဒေသ သစ္စာခံရလေအောင် ဟစ်တလာက ငွေနှင့်ခဲ့သည်ဟု စွပ်စွဲကြသည်။

'ဗိုလ်ချုပ်ကြီးဘာတ်'တွင် မည်သို့အတွေးရှိသည်ကို ဟစ်တလာ သိ၏။

ဟစ်တလာက မိမိအား တိတ်တဆိတ် အသိပေးခဲ့စဉ်က ပြောစကားများကို ဗိုလ်ချုပ်ကြီးဘာတ်က ကြားယောင်နေဆဲ . . . ။

ငါ့ရဲ့လက်စွဲတော် ဗိုလ်ချုပ်ကြီးတွေနဲ့ ချက်နိုင်ငံကို စစ်တိုက်မယ်။ အဲ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံများကို တိုက်တဲ့အခါမှာတော့ တပ်မှူးသစ်တွေကို ပွဲထုတ်မယ်တဲ့။

အကယ်၍သာ ဗိုလ်ချုပ်ကြီး ဗရောချစ်တစ်ကသာ ဦးမဆောင်ခဲ့လျှင်၊ အကျဉ်းအကြပ်ကာလတွင် မိမိကသာ ဦးဆောင်ရလိမ့်မည်ဟု ဗိုလ်ချုပ်ကြီးဘာတ် တွေးပြီးသား။

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်ကမူ မိမိနည်း မိမိဟန်ဖြင့် ဗြိတိန်နိုင်ငံအား



www.burmeseclassic.com

www.burmeseclassic.com



မလိမ်မညာရန် ရည်ရွယ်ရင်းရှိ၏။

ဗိုလ်ချုပ်ကြီးဘတ်က ကလိဖ် အား သိသည်။ ကလိဖ်ဆိုလျှင် ယုံကြည်စိတ်ချပြီးသား ဗိုလ်ချုပ်ကြီး ကနားရစ်၊ ဗိုလ်ချုပ်ကြီးဘတ်နှင့် ကလိဖ်တို့က စစ်ဦးစီးချုပ်ရုံးတွင် တစ်ခဏမျှ တွေ့ရချိန်၌ အကျိုးရှိရှိ စကားပြောခွင့်ကြုံခဲ့၏။

'ဟစ်တလာကို အညှံခံ အရှုံးပေးရင်တော့ ဗြိတိန်နိုင်ငံက ဒီနိုင်ငံမှာ သူ့မဟာမိတ်တွေကို လက်လွှတ်ဆုံးရှုံးပြီသာ မှတ်ပေတော့။ ဂျာမန် စစ်ဦးစီးချုပ်ရုံးနဲ့ ဂျာမန်ပြည်သူတို့က ဗြိတိန်အပေါ် သံယောဇဉ်ရှိနေကြဆဲပါ။ အကယ်၍ ကျုပ်တို့က ချက်နိုင်ငံကို ကျူးကျော်ဝင်တိုက်လို့ ဗြိတိန်နိုင်ငံကသာ ကျုပ်တို့ကို တိုက်မယ်လို့ တစ်ဦးဦးက အထောက်အထား ခိုင်ခိုင်လုံလုံသာပြခဲ့ရင် နာဇီအစိုးရအဖွဲ့ကို ဆုံးခန်းတိုင်စေရမယ်'

ဗိုလ်ချုပ်ကြီးဘတ်က နိဂုံးချုပ်ပြောခဲ့၏။

ဘယ်သို့သော အရာကိုမှ အထောက်အထား ခိုင်ခိုင်လုံလုံရယ်လို့ ဗိုလ်ချုပ်ကြီးဘတ်က သတ်မှတ်မည်နည်းဟု သည့်စဉ်က 'ကလိဖ်'က မေးခဲ့၏။

'စစ်ဖြစ်တဲ့အခါ ချက်နိုင်ငံကို အကူအညီ အထောက်အပံ့ပေးမယ်လို့ ပြောင်ပြောင်တင်းတင်း ကတိပေးခဲ့ရင်ပေါ့'

'ဗိုလ်ချုပ်ကြီးဘတ်'က ပြန်ဖြေသည်။ ပြီး စကားဆက်ပြန်သည်။ ဗြိတိသျှအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးဦးထံမှ မိမိအစိုးရအဖွဲ့၏ သဘောထားကို တိတိပပ အစိုးပါ့ယ်ဖွင့်ဆိုထားသည့် စာတစ်စောင်ရခဲ့လျှင်၊ မိမိက တပ်မှူး ဗိုလ်ချုပ်ကြီးများနှင့် ဆက်ဆံရာတွင် လက်ရဲဇက်ရဲဖြစ်မည်ဟု ဆို၏။

သည်သို့သော အခြေခံထားရှိခဲ့သည်ဟု 'ကလိဖ်'က 'ဗိုလ်ချုပ်ကြီးဘတ်'နှင့် ကနားရစ်အတွက် အင်္ဂလန်နိုင်ငံသို့ တိုက်တဆိတ်သွားခဲ့ပြီး အပြန်တွင် ထုတ်ဖော်ပြောပြခဲ့၏။

'ကလိဖ်'က နာဇီအစိုးရကို ဆန့်ကျင်သော ရန်သူတစ်ယောက်ရယ်လို့ ဂက်စတာပိုက သိထားပြီးသား။ တစ်ဖန်၊ အင်္ဂလိပ်ထောက်လှမ်းရေးအဖွဲ့က 'ကလိဖ်'ကို ဂျာမန်သူလျှိုရယ်လို့ သတ်မှတ်ကာ ဖမ်းမည့်အန္တရာယ်ကလွတ်ပြီး ချောချောမောမော သွားစေ၊ ပြန်စေနိုင်ဖို့အတွက် ကနားရစ်က ခေါင်းရှုပ်ရပြန်သည်။

အခြေအနေက ရှုပ်ထွေးသည်ထက် ရှုပ်ထွေးခဲ့ပြန်၏။ 'ကလိဖ်'အား ဂက်စတာပိုက ဖမ်းဆီးမည့်အန္တရာယ်မှ အကာအကွယ်ပေးရန်မှာ သူ့အား ဗြိတိသျှတို့ ပြုသမျှ နုရတော့မည့်အဖြစ်ကို ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားရပေတော့မည်။

'ကလိဖ်'က ပတ်စပို့အတု ထုတ်ပေးရန် တောင်းဆိုသည်။ သူတစ်ပါးအား အတုအယောင်တစ်ခုခုဖြင့် အဟုတ်အမှန် အစစ်ရယ်လို့ ထင်ရအောင် လှည့်စားရမည် ဆိုလျှင် ကနားရစ်က ပျော်မြဲပျော်ဆဲ။ ပတ်စပို့စနစ်တွင် ထောက်ထားရမည့် သဘောထား





မျိုး သူ့တွင်မရှိ။ ဘာဆိုဘာမျှ အလေးထား ဂရုမစိုက်တတ်။

ကနားရစ်က ယခုအခါမှာ ဣန္ဒြေရရနှင့် ထိပ်တန်းပုဂ္ဂိုလ်ကြီး ဖြစ်သော်လည်း အထောက်အထား စာရွက်စာတမ်းအမျိုးမျိုးကိုင်လျက် ခရီးထွက်နေဆဲပင်ရှိသေး၏။ ပထမ ကမ္ဘာစစ်ကြီးအတွင်းက ချီလီနိုင်ငံမှ ပတ်စပို့အတုဖြင့် ထွက်ခဲ့ရသည့် အချိန်မှစ၍ သည်အလေ့အထ ရှိခဲ့၏။

ပတ်စပို့တစ်ခုကို ပြင်ဆင်ပေးသည်။ သို့ရာတွင် ပတ်စပို့နှစ်ခု ဖြစ်ကောင်း ဖြစ်ပေမည်။ ပြီး စတာလင်ပေါင် စက္ကူငွေများကိုပါ 'ကလိဖ်'သို့ ထုတ်ပေးခဲ့၏။

'ကလိဖ်'က 'ကဲလ်ဗရီကလပ်အသင်း' အဆောက်အအုံအတွင်းသို့ ဝင်လာခဲ့ပြီး မိမိခရီးအတွက် ပြင်ဆင်မှုများအကြောင်း၊ ကျွန်တော်နှင့် ဆွေးနွေးညှိနှိုင်းသည်။

'ကျုပ်က နာဇီသူလျှိုအဖြစ်နဲ့တော့ အထင်မှား မခံနိုင်ဘူး'

'ကလိဖ်'က ရှင်းပြ၏။ သည်စဉ်က သူ့မျက်လုံးများမှာ ဝင်းပတောက်ပြောင်လျက် ရှိနေသည်။ ပြီး စကားဆက်ပြန်သည်။

'အကယ်၍ ဗြိတိန်ကသာ ကျုပ်ကို ပြည်နှင်ဒဏ်ခတ်ရင်တော့ ဂျာမန်အကောက်ခွန်ဌာန နိုင်ငံခြား ငွေကြေးကွပ်ကဲရေးဌာနနဲ့ ဂျာမနီ ဂက်စတာပိုတို့က ကျုပ်ဟာ ခွင့်ပြုချက်မပါဘဲ ပြည်ပထွက်ခဲ့တယ်ဆိုတာ သိတော့မှာပေါ့။ ဒီတော့ ကနားရစ်က ရင်ကြားစေ့ ဖြေရှင်းပေးပါလိမ့်မယ်။ ကျုပ်က ဒီနာဇီအစိုးရရဲ့ ရန်သူရယ်လို့ သူသိများတယ်မဟုတ်လား။ ဒီတော့လည်း ပြည်ပထွက်ဖို့ ဘယ်မှာ ခွင့်ပြုချက်ရနိုင်မှာလဲ။ ဆိုစမ်းပါဦး'

ဩဂုတ်လ ၁၃ ရက်နေ့။

'ဟန်စာလေကြောင်းဌာန'ပိုင် ဂျန်ကာ ၅၂ လေယာဉ်သည် တန်ပဲလ်ဖော့ လေယာဉ်ကွင်းတွင် ရပ်ထားသည်။ လိုက်ပါမည့် ခရီးသည်များက အကောက်ခွန်ဌာနနှင့် နိုင်ငံခြားငွေကြေး လဲလှယ်ရေးဌာနများတွင် အလှည့်ကျစစ်ဆေးခံပြီး အစီအရီ ထွက်နေကြသည်။ ပြင်ပသွားမည့် ဂျာမန်ခရီးသည် တစ်ဦးချင်းအလိုက် ဝန်ကြီးဌာန တစ်ခုခုကပဲဖြစ်ဖြစ်၊ အစိုးရအဖွဲ့အစည်း တစ်ခုခုကပဲဖြစ်ဖြစ် တာဝန်ယူရသည်။ ခရီးသည်တိုင်းတွင် ပါသည့် နိုင်ငံခြားငွေကို အစိုးရဘက်မှ ထုတ်ပေးသည့်သူတို့ ကိုင်ဆောင်သော ပတ်စပို့တွင် တံဆိပ်နှိပ်ခတ်ထားသည်။ တရားမဝင်သွားသည့် ခရီးသည်ဟူ၍ မရှိ။ ပြည်ပသွားမည့် ခရီးသည်တိုင်းက ပြည်ပတွင်နေခိုက် အသုံးစရိတ်ကို ကျခံရမည့် မိတ်ဆွေတစ်ဦးဦး၏ လိပ်စာကိုပြရသည်။ ခရီးသည်တိုင်း၏ နိုင်ငံခြားတွင် ရှိသော မိတ်ဆွေရင်းချာ၏ အမည်များကို လျှို့ဝှက်ရဲအဖွဲ့က မှတ်ပုံတင်စာအုပ်တွင် ရေးမှတ်ထားသည်။ ခရီးသွားမည့်သူသည် အန္တရာယ်မရှိ၊ သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသည်ဆိုခြင်းကိုပါ မှတ်တမ်းတင်ထားသည်။ နိုင်ငံခြားတွင် အကျိုးတစ်ခုခုအတွက် ဝန်ကြီးဌာနတစ်ခုခုက ထောက်ခံထားသည်များကိုပါ မှတ်သားထားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ထွက်လုဆဲဆဲတွင် လေယာဉ်ပြေးလမ်းပေါ်သို့ စစ်မော်တော်ယာဉ် တစ်စင်း ထိုးဆိုက်လာသည်။ ဂျာမန် အကောက်ခွန်ဌာနနှင့် နိုင်ငံခြားငွေ စစ်ဆေးရေးဌာနသို့ ထုံးစံအတိုင်း အစစ်ဆေးမခံတော့ဘဲ ထွက်မည့်လေယာဉ်သို့ တိုက်ရိုက်သွားခြင်း ဖြစ်၏။

စစ်မော်တော်ယာဉ်ပေါ်မှာ ဗိုလ်ချုပ်ကြီးအဆင့်ရှိ အရာရှိကြီးတစ်ဦးက ဆင်းပြီး အရပ်ဝတ်နှင့် ပုဂ္ဂိုလ်တစ်ဦးအား လေယာဉ်ဆီသို့ ဦးဆောင်စောင့်ရှောက် ခေါ်သွားသည်။

အကောက်ခွန်ဌာနကပဲဖြစ်ဖြစ်၊ ရဲအဖွဲ့ကပဲဖြစ်ဖြစ်၊ အနှောင့်အယှက်ပေးမည့် ပြဿနာမပေါ်။ အရပ်ဝတ်နှင့် သေးသေးကွေးကွေး ပုဂ္ဂိုလ်မှာ မီးခိုးရောင်ဝတ်စုံ ဝတ်ထား၏။ လေယာဉ်ထွက်သည်ထိ ဂနာမငြိမ် ဖြစ်နေပုံရသည်။ အတန်ကြာမှ သက်သာရာရပြီး မိမိကုလားထိုင်တွင် စိတ်ဖုံးဖုံးချလျက် ခြေပစ်လက်ပစ် ထိုင်လိုက်၏။

ဂျန်ကာ ၅၂ လေယာဉ်သည် မြေပြင်မှထွက်ခွာပြီး ဂျာမနီနိုင်ငံ၏ တောတောင် ရေအိုင်များပေါ်မှဖြတ်လျက် ပျံသန်းခဲ့၏။

'ကာလိဖ်'၏ လှုပ်ရှားမှုမှန်သမျှကို စိတ်ဝင်စားစွာ ကြည့်ရှုလိုက်ပါလာသော နောက်ခုံတန်းတည့်တည့်မှ အင်္ဂလိပ်လူမျိုး ခရီးသည်လည်း ဖိမ်ကျကျ ထိုင်ချလိုက်၏။

သူကား ကျွန်တော့်မိတ်ဆွေ အိပ်ချ်ဒီ၊ ဟယ်ရီစ် ဖြစ်၏။ ဟယ်ရီစ်က လမ်းခရီးတစ်လျှောက်တွင် 'ကာလိဖ်'အား ကြည့်ရှုစောင့်ရှောက်သွားပါမည်ဟု ကတိပေး ၏။

စစ်ဝတ်စုံနှင့် စောင့်ရှောက်လိုက်ပို့သူ ဆွေမျိုးတော်စပ်သည့် 'ဗိုလ်ချုပ်ကြီး ဗွန်ကာလိဖ်'က လာစဉ်က စီးလာသည့် ကားထဲဝင်၍ လေယာဉ်ကွင်းမှ စစ်ဝန်ကြီးဌာန သို့ ပြန်မောင်းထွက်သွား၏။

'တဖန် ဂျန်ကာ ၅၂ လေယာဉ်က 'ကာရေဒန်'လေယာဉ်ကွင်းသို့ ထိုးဆိုက် ပြန်သောအခါတွင်လည်း၊ ဂျာမနီလေယာဉ်ကွင်းမှ ထွက်မည့်ဆဲဆဲတွင် ဖြစ်ခဲ့သည့်အတိုင်း ဂနာမငြိမ် ဖြစ်နေရပြန်သည်။

သို့ရာတွင် ဗြိတိန်အကောက်ခွန်ဌာနကလည်း ဘယ်သူ့အထုပ်အပိုးကိုမှ စိတ်မဝင်စား။ ပတ်စပို့စစ်ဆေးသူကလည်း သူ့ပတ်စပို့ကို လှည့်၍ပင်မကြည့်၊ လန်ဒန် မြို့ရထားလုံးက ထွက်ပင်မထွက်ရသေး။ ဗြိတိသျှထောက်လှမ်းရေးဌာနသို့ တယ်လီဖုန်း ဖြင့် ဆက်ကြသည်။ ၎င်းတို့စိတ်ဝင်စားမည့် ဂျာမန်တစ်ဦးသည် နေ့လည်ခင်းက ဆိုက်လာသည့် လေယာဉ်ပျံဖြင့် ရောက်ရှိလာသည်ဟု အကြောင်းကြားသည်။

'နိုင်ငံခြားက အလည်အပတ်ရောက်လာသူတစ်ဦးတော့ ရောက်နေပြီ'

'ကျေးဇူးပဲ။ သူ့ကို ကျွန်တော်တို့သိပါတယ်'

၁၉၃၈–ခုနှစ်၊ ဩဂုတ်လ။

လန်ဒန်မြို့တော်တွင် မကြာခင် ချက်နိုင်ငံအရေးအခင်း ပေါ်လာတော့မည်ကို





နည်းနည်းမှ မရိပ်စားမိ။ ပါလီမန်လည်း ခေတ္တခဏမျှ ပိတ်ထားချိန်ဖြစ်သည်။

'လော့ဒ်ရန်စီယန်'က ချစ်ကြည်ရေးအဖွဲ့နှင့်အတူ ချက်နိုင်ငံ ပရပ်မြို့တော်သို့ ရောက်နေသည်။ အရေးကြီးပုဂ္ဂိုလ်ကြီးများကမူ ငှက်ပစ်မထွက်ကြ။

'ကာလိဖ်'ကမူ ဆူညံညံ စည်စည်ကားကားနှင့် မြို့တော်ကြီးကို ကြည့်နေမိ သည်။ လန်ဒန်မြို့တော်သည် စီးပွားရေး၊ ကုန်သွယ်ရေး၊ လုပ်ထုံးလုပ်နည်းနှင့် နိုင်ငံရေး အလှည့်ပြောင်းတို့၏ အစဉ်အလာကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၇၀ အတွင်း၌ ဂျာမန်တို့၏ တိုးချဲ့မှုကိုပင် ကြံ့ကြံ့ခံနိုင်ခဲ့ဖူး၏။

'ပန်းခြံလမ်းဟော်တယ်'သို့ ရောက်ပြီး ကြာကြာပင် မနေရသေး၊ 'ဒိုလိုဗရန့်'မှ 'လော့ဒ်လွိုက်'က ညနေစာအတူစားရန် တိတ်တဆိတ် ခေါ်ထုတ်သွားသည်။ 'ကလာရိတ်' အဆောက်အအုံ၏ သီးသန့်အခန်းတစ်ခန်းတွင် စားသုံးရန် ပြင်ဆင် ထား၏။

သည်ပုဂ္ဂိုလ်ကြီးနှစ်ဦးတွင် တစ်ဦးနှင့်တစ်ဦး တူသည့်အချက်များရှိ၏။ 'ကာလိဖ်' သည် ဂျာမန် ကွန်ဆာဗေးတစ် ရှေးရိုးအစဉ်အလာ အယူရှိသူများတွင် အစွန်းတစ်ဖက်သို့ ပင် ရောက်သူဖြစ်၏။ ညှိညှိနှိုင်းနှိုင်းနှင့် အပေးအယူမလုပ်တတ်။ ဘေးဖယ်ခံထားရသူ ဖြစ်သည်။

လော့ဒ်လွိုက်လည်း ဝန်ကြီးချုပ် ချိန်ဘာလိန်က ဝိုင်းပယ်ခံထားရသူဖြစ်သည်။ သို့ရာတွင် လော့ဒ်လွိုက်ပြောသမျှ ဆိုသမျှကိုမူ သူ့ဆွေမျိုးရင်းချာ 'အက်ဒွပ်ဟဲလီဖက်' က နားမထောင်ချင်ပါဘဲလျက် ဇွတ်နားထောင်ရတတ်သည်။

'လော့ဒ်ဟယ်လီဖက်စ်'ကမူ လော့ဒ်လွိုက်၏ အကြံပေးချက်များကို အန္တရာယ် များလှသည့် 'ဆာဟိုရေ့စ်ဝီလ်ဆင်'နှင့် 'ဆာနီဗိုင်းလ်ဟန်ဒါဆင်'တို့၏ အကြံပေးချက် များကို ဆန့်ကျင်ဖြေရှင်းပေးရသော ဖြေဆေးအဖြစ်သာ အသုံးချလေ့ရှိ၏။

လော့ဒ်လွိုက်ကလည်း ဂျာမန်စကားမတတ်။ 'ကာလိဖ်'ကလည်း အင်္ဂလိပ် စကား မပြောတတ်။ နှစ်ဦးစလုံး ပြင်သစ်လို ပြောဆို၍ ဆက်ဆံကြရသည်။

'အားလုံး ဆုံးဖြတ်ပြီးသားပါပဲ လော့ဒ်လွိုက်။ တပ်များကို လှုပ်ရှားဖို့ အစီအစဉ် လည်း ပြည့်စုံနေပြီ၊ အဆင်သင့်ပဲ။ နောက်ဆုံးရက်ကိုပါ သတ်မှတ်ပြီးပြီ။ တပ်မတော် တပ်မှူး ဗိုလ်ချုပ်ကြီးများထံမှာ အမိန့်စာများ ရနှင့်ပြီးဖြစ်တယ်။ စက်တင်ဘာလကုန်မှာ အားလုံးအစီအစဉ်အတိုင်း တသွေမတိမ်း အကောင်အထည်ဖော်သွားလိမ့်မယ်။ ဗြိတိန် နိုင်ငံကမှ ဟစ်တလာကို ပြောင်ပြောင်တင်းတင်း သတိမပေးဘူးဆိုရင် အခုအစီအစဉ်ကို ဘယ်သူမှ ဟန့်တားပိတ်ပင်နိုင်မယ် မထင်ဘူး'

'ကာလိဖ်'က ရှင်းပြသည်။ ပြီး . . . စကားဆက်ပြန်သည်။

'အကယ်၍ ဗြိတိန်နိုင်ငံကသာ ပြင်သစ်၊ ရုရှားတို့နဲ့ ပူးပေါင်းဆောင်ရွက်ရင် ပိုအကျိုးများမယ်'

www.burmeseclassic.com



ပြီးလျှင် 'ကာလိဖ်'က ဂျာမနီနိုင်ငံ၏ အခြေအနေအရပ်ရပ်ကို အကုန်အစင် ဖောက်သည်ချထားသည်။

ဂျာမန် ဗိုလ်ချုပ်ကြီးများကလည်း စိတ်မပါတပါ ဖြစ်နေပုံ။ အရင်ဘက် စီမံခန့်ခွဲရေးမှာလည်း အစွမ်းမရှိတော့ပုံ။ စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗရောချစ်တစ် ကလည်း ဗိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေပုံ။ ဂျာမန် ပြည်သူများအတွင်း စစ်ကိုကြောက်ရွံ့ပြီး အုံ့ဩတွေဝေနေပုံ၊ လက်နက်ကိုင်တပ်ဖွဲ့များကလည်း ပြင်ဆင်မှု မဲ့နေပုံ စသည်များ။

ဂျာမန်စစ်တပ်၏ လက်နက်တပ်ဆင်ရေး အစီအစဉ်သည် ၁၉၄၃–ခုနှစ်ထိ ပြီးပြည့်စုံသေးမည် မဟုတ် . . . ။

အကယ်၍ ဗြိတိန်နိုင်ငံကသာ ပြင်သစ်၊ ရုရှားတို့နှင့် ပူးပေါင်းပြီး ဟစ်တလာ ၌သာ တာဝန်လုံးဝရှိမည်ဖြစ်ကြောင်း အတိအလင်းကြေငြာပါက ဟစ်တလာက စစ်တိုက်ရန်ဝါဒကို ဆက်လက်ဖွတ်ကျင့်မည်ဆိုလျှင် တပ်မှူးဗိုလ်ချုပ်ကြီးများက ဟစ်တလာအား ဖမ်းချုပ်၍ နာဇီအစိုးရကိုပါ ဖိဝိနှိပ်ချုပ်စေမည်မှာ မလွဲ။

'ကာလိဖ်'နှင့် ဆွေးနွေးကြပြီး လော့ဒ်လွိုက်ဇ က နိုင်ငံခြားရေးဝန်ကြီး လော့ဒ် ဟယ်လီဖက်စ်နှင့် သွားတွေ့သည်။ 'ကာလိဖ်'အား ဆာရောဘတ်ဗန်စစ်တပ်နှင့် တွေ့ဆုံ ရန် အချိန်းအချက် လုပ်ပေးခဲ့၏။ ဆာရောဘတ်သည် ယခင်က နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း ဒုတိယအတွင်းဝန်ဖြစ်သည်။ ယခုအခါ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အကြံပေး အရာရှိအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်လျက် ရှိ၏။

ဆာရောဘတ်နှင့် တွေ့ဆုံရာတွင်လည်း ကာလိဖ်က လော့ဒ်လွိုက်နှင့် တွေ့ဆုံ စဉ်က ပြောခဲ့သည့်အတိုင်းပင် ပြောပြန်၏။

သူတို့နှစ်ဦးအမြင်က တစ်သဘောတည်းရှိ၏။ သို့ရာတွင် ဗန်စစ်တပ်က 'ကာလိဖ်'ကို မယုံ။ 'ကာလိဖ်'က တစ်ခုခု အပေးအယူလုပ်ရန်အတွက် လာသည်ဟု သံသယရှိ၏။

'ကျုပ်တွေ့ဖူးသမျှ ဂျာမန်လူမျိုးတွေထဲမှာ ကာလိဖ်ဟာ ဟစ်တလာကို ဆန့်ကျင်တော်လှန်လိုတဲ့ စိတ်ဆန္ဒ ရှိတယ်။ ဒါပေမယ့် သူက ပိုလန်ကမ်းမြောင်ဒေသကို လိုချင်လို့ အပေးအယူလုပ်သွားပေါ့'

နောင်သောအခါတွင် 'ဗန်စစ်တာပ်'က ပြောပြ၍ သိခဲ့ရသည်။

သမိုင်းကြောင်းတစ်လျှောက်တွင် ချက်နိုင်ငံအား မိမိပိုင်ပါသည်ဟု ဂျာမနီနိုင်ငံ က ဘယ်သောအခါမှ မတောင်းဆိုခဲ့ဘူးခဲ့။ သို့ရာတွင် ဂျာမနီနိုင်ငံ၏ ပိုလန်နိုင်ငံနှင့် နယ်နိမိတ်ကိုမူ ပြန်လည်ပြင်ဆင်လိုသည်။ ဤသည်မှာ ကာလိဖ်၏ ဝါဒဖြစ်၏။ ကာလိဖ် ကိုယ်တိုင် ရုံဖန်ရံခါ သည်ပြဿနာကို အလေးထားပေးကာ ပြောပြခဲ့ဖူး၏။

(စစ်ကြီးအပြီး ဗြိတိသျှအစိုးရက ထုတ်ပြန်သော စာချုပ်စာတမ်းများတွင်





ယခင်စဉ်က 'ကာလိဖ်'၏ လာရင်းအကြောင်း၌ ပိုလန်နိုင်ငံနှင့်ပတ်သက်၍ ဆွေးနွေးဖူး ကြောင်း ဖော်ပြခဲ့သည်ကို အလျဉ်းမတွေ့ခဲ့ရ၊ ကာလိဖ်ကိုယ်တိုင်လည်း ကျွန်တော့်အား ပြောမပြဘူးခဲ့။ လော့ဒ်ဗန်စစ်တပ်၏ မှတ်ချက်သည် အဓိကပြဿနာကို ပြန်ပြောသည် ဟုလည်း မထင်။)

လော့ဗန်စစ်တပ်က ကာလိဖ်အား ဗြိတိန်နိုင်ငံက မားမားမတ်မတ် ရပ်ပါမည် ဟူသော မျှော်လင့်ချက်ကိုပေးခဲ့၏။ ဗန်စစ်တပ်၏ ဝါဒက သည့်အတိုင်းပင်ဖြစ်၏။ ဗြိတိသျှနှင့် ပြင်သစ်တို့က မြေထဲပင်လယ်တွင် ရေတပ်အင်အားပြ၍ ခြိမ်းခြောက်မည်ဟု ဆိုသည်။ သို့ဆိုလျှင် 'မူဆိုလိုနီ'က ကြားလူအောင်သွယ်အဖြစ် စေ့စပ်ပေးလိမ့်မည်။

'ကာလိဖ်'က ကိုယ်စားပြုပြောနေသော ဟစ်တလာအား လျို့ဝှက်စွာ ဆန့်ကျင် နေခြင်း၏ သဘောထားကို ဗန်စစ်တပ်က မေးမြန်းသည်။

ဗြိတိသျှအစိုးရက ဂျာမန်စစ်ဦးစီးဌာနချုပ်သို့ ကြေငြာချက်တစ်စောင်စောင် ဖြစ်ဖြစ်၊ စာတစ်စောင်စောင်ဖြစ်ဖြစ် ပေးပို့ရန်သာ အကြံပ်ကိုင် တောင်းဆိုလျက်ရှိ၏။

ကာလိဖ်က လန်ဒန်မှနေ၍ ချာချီရှိရာ ချတ်ဝဲလ်မင်နိုးသို့ ခရီးဆက်ခဲ့ပြန်သည်။ ချာချီက ကာလိဖ်အား သတိကြီးစွာထား၍ လက်ခံတွေ့ဆုံခဲ့သည်။ လော့ဗန်စစ်တပ်နှင့် ဆွေးနွေးစဉ်ကအတိုင်း အခြေအတင် ဆွေးနွေးပြန်၏။

သည်စဉ်က ချာချီသည် အစိုးရအဖွဲ့တွင် မပါဝင်သော်လည်း၊ လော့ဒ်ဟယ်လီ ဖက်စ်နှင့်မူ အဆက်အသွယ်ရှိနေဟန်တူသည်။ သူတို့နှစ်ဦး အမြင်မတူသည်ကို မြက်မြက်ထင်ထင် တွေ့ရသည်။

အကယ်၍ ဖျောင်းဖျောင်းဖျဖျနှင့် ပြော၍ ရလျှင်ရ၊ မရက ချာချီလိုပုဂ္ဂိုလ်ကြီး က ခြိမ်းခြောက်တော့ မလိုလို . . . ။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အထူးသဖြင့် အစိုးရအဖွဲ့တစ်ခုလုံးက အသိအမှတ်ပြုထားသော ဂျာမန်နိုင်ငံ အစိုးရအဖွဲ့ဝင်တစ်ဦး မဟုတ်သော မည်သည့် ပုဂ္ဂိုလ်ကိုမှ စာရေးပေးပို့ရန် မလိုလားကြ။

သို့ရာတွင် လော့ဒ်ဟယ်လီဖက်စ်က ချာချီကသာ စာရေးပေးရန် မေတ္တာရပ်ခံ သည်။

ဩဂုတ်လ ၂၄ ရက်နေ့။

'ကာလိဖ်'တစ်ယောက် လန်ဒန်မြို့မှ တိတ်တဆိတ် ထွက်သွားပြန်သည်။ လာစဉ်အခါကလည်း တိတ်တဆိတ် ရောက်လာသလို ယခုလည်း တိတ်တဆိတ်ပင် ထွက်သွားပြန်သည်။

နှစ်ရက်အကြာတွင် ဗြိတိသျှအစိုးရက ကြောက်စရာ ကြေငြာချက်တစ်စောင် ကို ထုတ်ပြန်ခဲ့သည်။ 'ဥရောပအလယ်ပိုင်းဒေသမှ အရေးကြီးသော အ[illegible]ကြောင့် ဂျာမနီရှိ ဗြိတိသျှသံအမတ်ကြီး ဆာနီဗိုင်းလ်ဟန်ဒါဆင်အား လန်ဒန်သို့ ပြန်လည်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ယူသည်ဟု ဆို၏။

ဝန်ကြီးချုပ် ချိန်ဘာလိန်၊ လော့ဒ်ဟယ်လီဖက်စ်၊ ဆာဂျွန်ဆိုင်းမွန်၊ ဆာရောဘတ်ဗန်စစ်တာ၊ ဆာဟိုရေ့စ်ဝီလ်ဆင်နှင့် ဆာနီဗိုင်းလ်ဟန်ဒါဆင်တို့က နောင်တစ်လအကြာတွင် ပေါ်လာတော့မည့် အကျဉ်းအကြပ်ကို ဆွေးနွေးကြသည်။

သံအမတ်ကြီး ဆာနီဗိုင်းလ်ဟန်ဒါဆင်ကမူ ဟစ်တလာဆန္ဒကျင်ရေးကို မျှော်မှန်းရာ၌ မည်သို့မျှ အသုံးဝင်မည်မဟုတ်ဟူ၍သာ ပြောနေခဲ့၏။

နျူရင်ဘာတ်မြို့၌ နာဇီပါတီညီလာခံ ကျင်းပအံ့ဆဲဆဲတွင် ဟစ်တလာက မစဉ်းစား မဆင်ခြင်ဘဲ လုပ်စေမည့် မည်သို့သောလမ်းစဉ်ကိုမှ မချမှတ်ဘဲ သတိရှိရှိတောက ကျင့်သုံးသင့်ကြောင်း အကြံပေးသည်။

အကယ်၍ စစ် စတင်ဖြစ်လျှင်ဖြစ်ခြင်း ပြန့်လာမည့် စစ်မီးအန္တရာယ်အကြောင်း ဆာဂျွန်ဆိုင်းမွန်က မိန့်ခွန်းပြောရန်သာ ဗြိတိသျှအစိုးရက ဆုံးဖြတ်ချက်ချသည်။

➡ ◆ ⬅

ဗြိတိသျှအစိုးရက 'ဥရောပတိုက် အလယ်ပိုင်းဒေသမှ အရေးကြီးသော အစီရင်ခံစာ၏ သဘောထား'အကြောင်း ကြေငြာချိန်တွင် 'ကာလိဖ်'က ဘာလင်မြို့ရှိ ကာစီနိုကလပ်အသင်းတွင် နေ့လည်စာစားနေချိန်ဖြစ်သည်။

ညနေပိုင်းထုတ် သတင်းစာကိုဖတ်ရင်း 'ကာလိဖ်'က ရှုံ့မဲ့နေသည်။ ပြီး သတင်းခေါင်းစီးကို ကျွန်တော့်အား လက်ညှိုးထိုးပြသည်။

'ကာလိဖ်'က ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်၏ ရုံးခန်းတွင်းသို့ ဝင်သွားသော အခါ ကနားရစ်၏ ရုံးခန်းတွင်၌ ထိပ်တန်းအရာရှိကြီးများ စုဝေးလျက် 'ကာလိဖ်'ပြောမည့်ကို စောင့်စားနေကြသည်။ သူဘာလိုသည်ကို 'ကာလိဖ်'က ထုံးစံအတိုင်းသိသည်။ ရလည်းရတတ်၏။

'ဗိုလ်ချုပ်ကြီးတစ်ယောက်ကိုပဲ ကျွန်တော် အစီရင်ခံနိုင်မယ်'

ခရီးရောက်မဆိုက်မှာပင် 'ကာလိဖ်'က သို့ကလို ပြောလိုက်၏။ တစ်ခန်းလုံး ရှင်းသွားသည်။ ပြီးလျှင် 'ကာလိဖ်'က အသက်ကို ပြင်းပြင်းရှူလိုက်သည်။

'ဒီအခွင့်အရေးကို အခွင့်ကောင်းယူပြီး ဟန့်တားလိုတဲ့စစ်ကို ဆင်နွှဲဖို့သန္နိ ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်လေကိုမှ လန်ဒန်မှာ မတွေ့ဆုံခဲ့ရဘူး။ ဒီနှစ်မှာတော့ စစ်ကို ဖြစ်တဲ့နည်းနဲ့ ရှောင်ချင်တဲ့ဆန္ဒ ရှိနေကြတယ်လို့ ကျွန်တော်သဘောပေါက်ခဲ့တယ်။ ဒါပေမယ့် ဆန္ဒမရှိပါဘဲလျက် စစ်ထဲတော့ ဝင်လာမှာအမှန်ဘဲ။ တကယ်တမ်း ပေါ်မလာသေးတဲ့ အခြေအနေမှာ ခြေလွန်လက်လွန်မဖြစ်ရလေအောင် ဗြိတိသျှမူဝါဒမှ အခြေခံဥပဒေက ခွင့်ပြုမထားဘူးလို့သာ တွင်တွင်ပြောတော့တာပဲ'





'ကာလိဖ်'က ရှင်းပြသည်။

ရက်အနည်းငယ်အကြာတွင် 'ကာလိဖ်'က ကနားရစ် စားပွဲပေါ်တွင် ချာချီက မိမိအလည်အပတ်သွားပြီး ပေးလိုက်သောစာကို ဖြန့်ပြသည်။

ချက်နိုင်ငံနှင့်ပတ်သက်၍ စစ်ဖြစ်လာခဲ့လျှင် ဗြိတိန်နိုင်ငံက ပါဝင်ပတ်သက်လာမည်ဖြစ်ကြောင်း၊ သို့သော် တစ်ခုတော့ သေချာမလွဲ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ အကယ်၍ ဂျာမနီနိုင်ငံကသာ ချက်နိုင်ငံ သိမ်းပိုက်ရေးကို ဖွတ်လုပ်ခဲ့လျှင် အနေးနှင့် အမြန် ဆိုသလို စစ်ဖြစ်လာမည်ဖြစ်ကြောင်း၊ သည့်စစ်ပွဲတွင် ဂျာမနီနိုင်ငံက အချိန်ကြာကြာ ပြင်းပြင်းထန်ထန် ရုန်းကန်ပြီးမှ စစ်ရှုံးနိမ့်မည်မှာ မလွဲမသွေဖြစ်လာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ 'ကာလိဖ်'က မိမိကိုယ်စားပြုသော မျိုးချစ်ဂျာမနီလူမျိုးများနှင့်အတူ သည်စကားများကို စဉ်းစားချင့်ချိန်လိမ့်မည်ဖြစ်၏။

မည်သို့ဆိုစေ ဂျာမန်လူမျိုးများ နားလည်သဘောပေါက်နိုင်စေအောင် ပြောနိုင်သူ အင်္ဂလိပ်လူမျိုးတစ်ဦးတော့ ရှိသေးသည်တကား။

ထိုအခိုက်

ရီဗန်ထရော့စ်က ဟန်ဂေရီလူမျိုးများအရေး ပိုလန်လူမျိုးများအရေးအတွက် အလုပ်ရှုပ်နေသည်။

စလိုဗားကီးယား (ချက်နိုင်ငံ)နယ်ရှိ တိုင်းရင်းသားလူနည်းစုကို ကိုယ်စားပြု၍ ဟန်ဂေရီနိုင်ငံ အစိုးရကသာ ချက်နိုင်ငံအား မိမိပိုင်ခွင့်ကို ရုတ်တရက် တောင်းဆိုလာပါက အင်္ဂလိပ်တို့အား မည်သို့လျှင် ရှုပ်ထွေးစေလိမ့်မည်နည်း။

ကနားရစ်ကမူ သည်အရှုပ်အထွေးမှ လုည့်ပဲ့ထွက်နိုင်စွမ်းရှိ၏။ ဘူဒါပက်မြို့တော် (ဟန်ဂေရီနိုင်ငံ)သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားတော့သည်။

သည်အကြောင်းကို အက်ဘ်ရှာဂျင်က ပြန်ပြောပြ၍ သိခဲ့ရ၏။

ဟန်ဂေရီနိုင်ငံမှ ရင်ခွင်ပိုက်ခေါင်းဆောင် *(Regent)* ရေတပ်ဗိုလ်ချုပ်ကြီး ဟော်သီ *(Adm: Horthy)* မှာ သူ့မိတ်ဆွေကြီးဖြစ်၏။

'ဘူဒါပက်ကို ရောက်လာတဲ့အခါတိုင်း ကနားရစ်က ကျုပ်ကို လာတွေ့တတ်တယ်'

ဗိုလ်ချုပ်ကြီးဟော်သီက ၁၉၅၀-ခုနှစ်တွင် ကျွန်တော်တို့ကို ပြောပြခဲ့၏။ ယခုအခါ အငြိမ်းစားယူပြီး အက်စ်တိုရေးလ်အရပ်တွင် ငြိမ်းချမ်းစွာ နေလျက်ရှိနေသည်။

'ကျုပ်တို့နှစ်ဦးစလုံးက ရေတပ်အရာရှိတွေ မဟုတ်လား။ အဲဒါ့ထားဦး ကျုပ်တို့နှစ်ဦးရဲ့ အမြင်ကိုကလည်း ထပ်တူထပ်မျှပဲ။ သူကိုယ်တိုင်ကျတော့ ကျုပ်ကို အကြံပေးလုမရှိဘူး။ ဒါပေမယ့် ၁၉၃၉-ခုနှစ်မှာ ကျုပ်တို့နှစ်ဦးက အကယ်၍ စစ်ဖြစ်လာလို့ မဲလ်ထဲကို အမေရိကန်ဝင်လာပြီဆိုရင်တော့ ဂျာမနီနိုင်ငံအဖို့ သွားပြီဆိုတာ သဘောရကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဟစ်တလာက မိမိမျှော်မှန်းချက်ကို လက်မလွှတ်ဘဲ ဖွတ်လုပ်ခဲ့လျှင် ဂျာမနီနိုင်ငံက ဗြိတိန်နိုင်ငံသို့ မလွဲမသွေ စစ်ဖြစ်လာမည်ဟု ၁၉၃၈ ခု စက်တင်ဘာလဆန်းတွင် ကနားရစ်နှင့် သူနှင့်အတူပါလာသူ ဗိုလ်မှူးကြီး ပွန်တစ်ပဲလ်စကတ်၍ တို့က ဟန်ဂေရီအစိုးရအဖွဲ့အား သတိပေးခဲ့၏။

ရိုဒန်ထရော့စ်၏ ဝါဒတွင် ထစ်ထစ်ငေါ့ငေါ့ဖြစ်စေရန် ဖန်တီးခဲ့ပြီးမှ ကနားရစ်က ဘာလင်သို့ လေယာဉ်ဖြင့် ပြန်ခဲ့၏။ ချက်နိုင်ငံ၏ ကာကွယ်ရေးများနှင့်ပတ်သက်၍ 'လဟိုစင်' အကြောင်း၊ တစ်ခုတစ်လေ ပြောပြနိုင်လေမည်လားဟူသော အချက်ကြောင့် ဘာလင်သို့ပြန်လာခြင်း ဖြစ်ကောင်းဖြစ်လေမည်။

မိမိဆန္ဒသဘောအရ ကနားရစ်က စစ်ကြီးဖြစ်လာမည်ကို ဟန့်တားပိတ်ပင်ရန် လိုလားသော်လည်း၊ တစ်ဖက်တွင် တာဝန်အရ ယုံကြည်အပ်နှံထားသော အလုပ်ကိုမူ ကျေပွန်ရမည် မဟုတ်ပါလား။

ဂက်စတာပိုက ထောက်လှမ်းရေးအဖွဲ့ (၃) သို့မဟုတ် စစ်ဖက်လုံခြုံရေးအဖွဲ့ (အက်စ်အက်စ်)နှင့် အဆက်အသွယ်ရှိနေသောကြောင့် 'ကလိဖ်'၏ အစီရင်ခံစာအား အကောင်းဆုံး အကျိုးဖြစ်ထွန်းရလေအောင် မည်သို့မည်ပုံ တင်ပြရမည်ကို ကနားရစ်က စဉ်းစား တွေးတောနေဆဲ . . . ။

'လန်ဒန်မှာ တို့အထဲကတစ်ဦးဦးတော့ ပုန်ကန်သစ္စာဖောက်ဖို့ စကားပြောခဲ့တယ်။ ဘယ်သူဘယ်ဝါဆိုတာ ဖော်ထုတ်ပေတော့။ ကျုပ်တို့ကတော့ လုပ်ငန်းစပြီ'

'ကလိဖ်'က ကာစီနိုကလပ်အသင်း အဆောက်အအုံတွင်း၌ ထိုင်နေရင်း သည့်စဉ်က မိမိ လန်ဒန်တွင်မရှိဟု အကြောက်အကန် ငြင်းဆိုရန် စဉ်းစားနေမိသည်။ 'ကလိဖ်'တစ်ယောက် အကြီးအကျယ် သောကဗျာပါဒပွားနေသည်မှာအမှန်၊ လန်ဒန်မြို့သို့ 'ကလိဖ်'သွားရန်အတွက် အစစအရာရာ ပြင်ဆင်စီစဉ်ပေးခဲ့ရသော အရာရှိကို ကနားရစ်က ဆင့်ခေါ်လိုက်သည်။

'ဒီကိစ္စ စုံစမ်းစစ်ဆေးဖို့ မင်းတာဝန်ယူရလိမ့်မယ်။ ဖြစ်နိုင်မယ့်အရာမှန်သမျှ မခြွင်းမချန် စုံစမ်းပေတော့။ ဒီကိစ္စမှာ ငါတို့အထဲက ကိုယ့်လူတွေ ပါဝင်ပတ်သက်တာ မရှိလို့ ငါကျေနပ်အားရတယ်။ အဲ သူ့ကိုတော့ လက်ညှိုးမထိုးနဲ့၊ တစ်ယောက်ယောက်ကို တရားခံရှာပေတော့'

စက်တင်ဘာလ ဒုတိယ သတင်းပတ်အတွင်း၌ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး လစ်ဗီနော့ (*Litvinov*)က စုပေါင်းလုံခြုံရေးအတွက် မည်သို့ကာကွယ်ရမည်ကို အဖြေရှာရန် ဂျီနီဗာမြို့သို့ အပြေးအလွှား ရောက်လာသည်။

စက်တင်ဘာ ၁၁ ရက်နေ့၊ ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျော့ဘွန်နက်နှင့် တွေ့သည်။ သို့ရာတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဂျီနီဗာတွင် တစ်ရက်တည်းသာနေ၍ အားရစရာမရှိတော့။ ဗြိတိသျှ





နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟယ်လီဖက်စ်ကမူ ဂျီနီဗာသို့ပင် ရောက်မလာခဲ့။

သည့်မျှ ရှုပ်ထွေးခက်ခဲသော အခြေအနေတွင်းတွင် ရုရှားနိုင်ငံက ပါဝင်ပတ်သက်လာမည်ကို ဗြိတိသျှနှင့် ပြင်သစ်အစိုးရများက မလိုလားကြ။

သည်အခိုက် . . .

နျူရင်းဘတ်တွင် နာဇီပါတီ ညီလာခံကို ခြိမ့်ခြိမ့်သဲသဲမျှ ကျင်းပလျက်ရှိ၏။ ရုပ်အင်္ကျီ တူညီဝတ်စုံများဖြင့် နာဇီပါတီဝင်များက ချီတက်လျက်၊ ပါတီလိုလားသူများကလည်း ကြွေးကြော်သံများ ဟစ်ကြွေးလျက်၊ အသံချဲ့စက်များမှ 'ဂိုရင်း'၏ မိန့်ခွန်းကို အသံကုန်လွှင့်လျက်၊ စစ်တပ်များက ညီညီညာညာ ချီတက်လျက်။

နိုင်ငံခြားသည့်သည်များတွင် အင်္ဂလန်ရှိ စိတ်ရောဂါကု ဆေးရုံကြီးတစ်ခုမှ စိတ်ပညာရှင် နှစ်ဦးလည်းပါ၏။ ဟစ်တလာ၏ အပြုအမူကိုလေ့လာရန် ဗြိတိသျှအစိုးရက စေလွှတ်ခဲ့ခြင်းဖြစ်၏။ ပညာရှင်နှစ်ဦးက ပရိသတ်များအတွင်းထိုင်လျက် ဟစ်တလာ၏ ထူးထူးခြားခြား အပြုအမူကို လေ့လာစူးစမ်းနေကြသည်။

စက်တင်ဘာ ၇ ရက်နေ့တွင် လန်ဒန်မှ 'တိုင်းမ်'သတင်းစာက အထိတ်တလန့်သတင်းတစ်ခုကို ဖော်ပြခဲ့၏။ ချက်နိုင်ငံက ဟစ်တလာအား နယ်မြေစိုးမိုးပိုင်ခွင့်ကို လိုက်လျောလျှင် အကောင်းဆုံးဖြစ်မည်ဟု အကြံပြုထားသည်။

စင်စစ် သည်သတင်းထုတ်ပြန်ခြင်းမှာ ယုတ်ယုတ်မာမာ စလာခြင်းဖြစ်သည်။ သို့ရာတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်။ သည်သတင်းကြောင့် ဟစ်တလာက ညီးနည်းမျှ မတွန့်ခဲ့။ ပို၍ပင် လက်ရဲဇက်ရဲ ဖြစ်စေသည်မှာ အမှန်။

ဟစ်တလာက 'လော့ဒ်ရန်စီမန်'၏ တိုင်းနယ်တစ်ခုခု လွှဲပြောင်းပေးခြင်းဖြင့် ပြဿနာကိုဖြေရှင်းရန် အသုံးပြုလာသည်ကိုပင် လက်မခံ၊ ပယ်ချခဲ့သည် မဟုတ်ပါလား။

လန်ဒန်မှ 'ကလိဖ်'ပြန်ရောက်လာပြီး နောက်တစ်နေ့မှာပင် 'ဗိုလ်ချုပ်ကြီး တတ်'က မိမိ၏ အလုပ်တာဝန်များကို မိမိ၏လက်ထောက် ဗိုလ်ချုပ်ကြီး ဖရန့်ဟော်လ်ဒါ ထံ လွှဲပြောင်းပေးသည်။

ဩဂုတ်လလယ်တွင် ဟစ်တလာက ဂျူတာဗော့အရပ်၌ ဗိုလ်ချုပ်ကြီးများအား မိန့်ခွန်းခြွေရာ ချက်နိုင်ငံအရေးကို ထိုနှစ်ဆောင်းဦးတွင် လက်နက်အင်အားဖြင့် အဓမ္မနည်းကိုသုံးလျက် ဖြေရှင်းရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောပြသည်။

သည်မိန့်ခွန်းအပြီးတွင် စစ်ဦးစီးချုပ် 'ဗိုလ်ချုပ်ကြီးဘတ်'က ရာထူးမှ နုတ်ထွက်စာကို တင်ခဲ့၏။

ယခုအချိန်တွင် ကနားရစ်က တစ်စခန်းထဖို့ လိုလာတော့၏။ အကယ်၍ ဂျာမနီက ချက်နိုင်ငံကို စစ်ပြုလျှင် ဗြိတိန်တို့က ဂျာမနီကိုစစ်တိုက်မည်မှာ သေချာကြောင်း ထောက်အထား ခိုင်ခိုင်လုံလုံပြရပေတော့မည်။

'ကလိဖ်'ကလည်း ဗိုလ်ချုပ်ကြီးတစ်ဦးစီမှ တစ်ဦးစီသို့ကူးလျက် သည်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထလုပ်ကြရန် တိုက်တွန်း၏။ ကနားရစ်က ချာချီရေးပေးသောစာပါ အကြောင်းအရာကို ဗိုလ်ချုပ်ကြီးများသို့ ကောက်နုတ်ဖတ်ပြသည်။ အချို့ကလည်း စိတ်ဝင်စားကြ၏။ အချို့ကမူ ဟုတ်မှ ဟုတ်ပါလေစဟု သံသယရှိပုံရသည်။

စက်တင်ဘာလ ၁၄ ရက်နေ့။

ဟစ်တလာအား ဘာချက်ဂါဒင်မှ ဘာလင်မြို့တော်သို့ ပြန်လာရာတွင် ဖမ်းဆီးချုပ်နှောင်ရန် ဘာလင်မြို့စောင့်တပ်မှူး၊ ဗိုလ်ချုပ်ကြီး ပွန်ဝစ်ဇ်လီဘင်က ဗိုလ်ချုပ်ကြီးဖရန့်ဟော်လ်ဒါနှင့် ပူးပေါင်းစီစဉ်ထားသည်။

သည်အချိန်မှာပင် ဘာလင်မြို့ ရဲအဖွဲ့အကြီးအကဲ မင်းသားကြီး ဟဲဒ်ဒေါ်ဖ်က နာဇီပါတီခေါင်းဆောင်များကို ဖမ်းချုပ်ရန် စီစဉ်ထားပြီးဖြစ်၏။

ဘာလင်မြို့တောင်ဘက်တွင် တပ်စွဲထားသော အမှတ် (၃)တင့်ကားတပ်မှူး ဗိုလ်ချုပ်ကြီး ဟော့ပ်နာက ဗိုလ်ချုပ်ကြီး ဝစ်ဇ်လီဘင်ထံမှ အချက်ပြသည်ကို ရလျှင်ချခြင်း ဘာလင်မြို့တော်သို့ ချီတက်ပေလိမ့်မည်။ အသင့်ပြင်ထားပြီးဖြစ်သည်။

'ဗိုလ်ချုပ်ကြီးဘတ်'ကလည်း မိမိရုံးခန်းသို့သွား၍ တာဝန်များကို ဆက်လက် ထမ်းဆောင်ပေလိမ့်မည်။

သည်စဉ်က အဖြစ်အပျက်က နှောင်နှစ်ပေါင်း အတန်ကြာသောအခါ ချာချီက 'မိုးမိုးရေးသော *(The Gathering Storms)* ဟူသော' စာအုပ်တွင် ရေးခဲ့ဖူး၏။

'သည်အချိန်မှာ လုပ်ကြံမှုတစ်ခုကို ကြီးကြီးကျယ်ကျယ်နှင့် ထိထိ ရောက် ရောက်လုပ်ရန် ရှိနေသည်မှာ ယုံမှားဖွယ်မရှိ'တဲ့။

ထိုနေ့ နေ့လည်က စစ်ဦးစီးချုပ်ရုံးတွင် အုံ့ပြဲရလောက်အောင် တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေသည်။

ဟစ်တလာ၊ ဟင်းမလားနှင့် ဂေါ့အရင်ချ်တို့က အန္တရာယ်ကျရောက်လာမည့် အနံ့ကိုပင် ရများရလေသည်လား။

ထိုနေ့ နေ့လည်ခင်းတွင် ဘာမျှမဖြစ်ခဲ့ဘဲ လွန်မြောက်ခဲ့၏။

ညနေထမင်းစားချိန်၌ ဘာကြောင့် သည်သို့ဖြစ်ရသည်ကို ကနားရစ် သိတော့ ၏။

ထိုနေ့ ညနေခင်းတွင် ကနားရစ်က ဗိုလ်ချုပ်ကြီး လယ်ဟိုစင်၊ ဗိုင်ကန်ထရော့ ဂရိုစခရုပ်သ်တို့နှင့်အတူ ရှိနေစဉ်မှာ စစ်ဝန်ကြီးဌာနမှ သတင်းရောက်လာ၏။

ချက်နိုင်ငံအရေးအခင်းအတွက် ဖြေရှင်းရန် ဆွေးနွေးတိုင်ပင်ဖို့ ဗြိတိန် ဝန်ကြီးချုပ်ချိန်ဘာလိန်က ဘာချက်ဂါဒင်သို့ ဟစ်တလာနှင့်တွေ့ရန် လာမည်တဲ့။

သည်စဉ်က သတင်းစကားကို ကြားသည်နှင့် ကနားရစ်က ခက်ရင်းနှင့် ဓါးအား မည်သို့မည်ပုံ ချလိုက်သည်ကို ဗိုလ်ချုပ်ကြီးလယ်ဟိုစင်က မှတ်မိနေဆဲ။

'ဘာ . . . ဘာ ဗြိတိန်ဝန်ကြီးချုပ်က ဒီလိုပုဂ္ဂိုလ်နဲ့များ လာတွေ့သတဲ့လား'





အစ ပထမတွင်မူ နားမလည်သယောင်ယောင်နှင့် ယင်းစကားလုံးများကို အဓိပ္ပါယ်မရှိ သူ့နှုတ်မှ ရွတ်ဆိုနေမိသည်။

ဗိုလ်ချုပ်ကြီး လယ်ဟိုစင်က အဆိုပါစကားများကို ထပ်တလဲလဲ ရွတ်ဆိုနေရင်းက စားပွဲမှထလျက် အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်လျက်ရှိ၏။ အကြီးအကျယ် စိတ်ပျက်အားကုန်သွားဟန်ရှိ၏။ စားလက်စ ညစာထမင်းကိုပင် ဆက်မစားတော့။

ညသန်းခေါင်ယံအချိန်၌မူ အခြေအနေ တင်းမာမှုမှာလည်း အားပျော့လာပြီ။ ကမ္ဘာတစ်ခြမ်းက စိတ်သက်သာရာ ရသွားခဲ့လေပြီ။ ကျန်ကမ္ဘာတစ်ခြမ်းကမူ သုန်သုန် မှုန်မှုန်ဖြစ်မြဲ ဖြစ်နေဆဲ။

သုန်သုန်မှုန်မှုန် ဖြစ်နေကြသူများတွင် ဟစ်တလာ၏ ထောက်လှမ်းရေး အကြီးအကဲလည်း တစ်ယောက်အပါအဝင်၊ ဗိုလ်ချုပ်ကြီးကနားရစ် ဌာနအကြီးအကဲများ အား တိုးလျှိုးတောင်းပန်လျက် အိပ်ယာစောစော ဝင်ခဲ့သည်။

ဗြိတိသျှတို့အား အားကိုးတကြီးဖြင့် လက်ကမ်းကြိုဆိုကြခြင်းမှာ မိမိအမှား များလား။

လန်ဒန်မြို့တွင် လူလွှတ်ပြောစေသော စကားများက ဗြိတိသျှဝန်ကြီးချုပ် ကိုယ်တိုင် ဟစ်တလာအား လာတွေ့စေရန်အထိ ခြောက်လှန့်သလို ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ဗြိတိသျှခေါင်းဆောင်များက မိမိအကြံပေးခြင်းကိုပင် လိမ်လည်လှည့်ဖျား အကောက်ကြံခြင်းဖြစ်သည်ဟု ယုံကြည်မိကောင်း ယုံကြည်မိကြသောကြောင့်လည်း ဖြစ်တန်ရာ၏။

➡ ◆ ⬅ ◆ ➡



www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

## အချော့တော် ချိန်ဘာလိန်

ဗြိတိသျှတို့က စစ်တိုက်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်ဟု အစီရင်ခံကာ မိမိတို့အား တလွဲတချော် ဖြစ်စေရပါမည်လားဟု အချို့သော ထိပ်တန်းဗိုလ်ချုပ်ကြီးများက ကနားရစ်ကို ဒေါပွကြသည်။

ထောက်လှမ်းရေးဌာနကို ရေတပ်အရာရှိတစ်ဦး၏ လက်သို့ ယုံယုံကြည်ကြည်နှင့် ဝကွက်အပ်မထားသင့်ဟူ၍ပင် ပြောလာသည်။

ဂျာမန် ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးကဆိုလျှင် ကနားရစ်နှင့် သူ့အပေါင်းအသင်းများအား ဟစ်တလာကိုဆန့်ကျင်ကာ စစ်ဦးစီးချုပ်ရုံး၏ ဩဇာတိက္ကမကို အထင်သေး အမြင်သေးဖြစ်စေကြောင်း၊ ဖော်ပြခဲ့သည်ကို မိမိနားနှင့် ဆတ်ဆတ်ကြားခဲ့ရကြောင်း၊ နောင်သောအခါတွင် ဗိုလ်ချုပ်ကြီးလဟိုစင်က ကျွန်တော့်အား ပြောပြသည်။

သည့်အမြင် အယူအဆက တစ်မျိုး . . . ။

စက်တင်ဘာလ ၂၅ ရက်နေ့၊ ပတ်ဝန်းကျင်တွင် ဗိုလ်ချုပ် ဗွန်ရန်းစတော့သည် မိမိသူငယ်ချင်း ကလိဖ်နှင့် တွေ့ဆုံကြပြီး၊ ကလိဖ်က ဟစ်တလာအား ဆန့်ကျင်တိုက်ခိုက်ရန် ပြောသောအခါ ဒေါသအမျက်ချောင်းချောင်း ထွက်ခဲ့ရသည်။ ကလိဖ်အား ရူးစူးဝါးဝါးကြည့်နေသည်မှာ မျက်လုံးများမှ မီးထတောက်မတတ်။

ဗိုလ်ချုပ်ကြီးများမှာ မဟုတ်မမှန် အလှည့်စားခံခဲ့ရပြီး ဟစ်တလာ၏ အပြုအမူမှာ မှန်ကန်သယောင်ယောင် ထင်မှတ်စေ၏။





'ဒီအကြပ်အတည်းကတော့ လွန်မြောက်မသွားသေးဘူး။ ဒါပေမယ့် တို့တွေမှာတော့ ခုထိ အဖြေမရှိသေးဘူး'

ကနားရစ်က သည်သို့ပင် ထောက်ပြခဲ့၏။

သို့ရာတွင် ပြဿနာအတွက် အဖြေလက်ဝယ်ရှိနေသည် ဆိုခြင်းကိုလည်း အများတကာက စိုးစဉ်းမျှ သံသယမရှိတော့။

စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗရောချစ်တစ်ရှိလည်း ပုန်ကန်ခြားနားမည် ဆိုခြင်းပင် မကြားရတော့။

ကေတဲလ်ကိုမူ ပုန်ကန်ရန် စိတ်အထက်သန်ဆုံး ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်ကြီး မှုတ်ဘဲလ်ဗန်ဖြစ်၏၊ အကယ်၍ ချက်နိုင်ငံအရေးနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဖြေရှင်းရန် ဗြိတိန်ဝန်ကြီးချုပ်ထံမှ အဖြေများထွက်ခဲ့လျှင် စစ်ပြုရန်ပင် လိုတော့မည်မထင်ကြောင်း ဗိုလ်ချုပ်ကြီးဟော်လ်ဒါက သူ့အား ကြိုပြောပြထားရသည်။

ကလိဖ်ကမူ စိတ်ပျက်အားလျော့ကာ ဝိုမာရေးနီးယားဒေသသို့ ပြန်နေတော့၏။

'အော် . . . ဟစ်တလာ၏ အုပ်စိုးမှုသည် ဘယ်သောအခါမှ ဆုံးခန်းရောက်တော့မည် မဟုတ်တော့ပါလား'

လန်ဒန်သို့သွားစဉ်က ကလိဖ်အား လေဆိပ်ထိလိုက်ပို့ခဲ့သော ခွေမျိုးသားချင်းတော်စပ်သူ ဗိုလ်ချုပ်ကြီးဗွန်ကလိဖ်က မှန်သားလောက်ဖွယ် မှတ်ချက်ချခဲ့၏။

'ဟစ်တလာက လူယုတ်မာ ဖြစ်ကောင်းဖြစ်မယ်။ ဒါပေမယ့် ဒီလူယုတ်လူမာကတော့ ကံကောင်းမြဲ ကောင်းလျက်ပဲ' တဲ့။

အခြားအခြားသော ကံကောင်းသူများနည်းတူ ဟစ်တလာသည်လည်း ဤမျှနှင့် ကျေနပ်မနေနိုင် . . . ။

ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်က ဘာချက်ဂါဒင်သို့လာ၍ ဟစ်တလာနှင့် တွေ့ဆုံခဲ့၏။ ဆူဒီတန် ဂျာမန်နယ်မြေပြဿနာကို ဖြေရှင်းရန် စီမံကိန်းကို အကြမ်းဖျဉ်းရေးဆွဲ၍ ဗြိတိသျှအစိုးရနှင့် ဂျာမနီနိုင်ငံသမ္မတကြီး ဘန်းအား အတည်ပြုရန် တင်ပြထားခိုက် . . . . ။

သည်အချိန်မှာပင် ရိဗန်ထရော့စ်က၊ ဟန်ဂေရီအား ဤနည်းနှင့် သိမ်းပိုက်ရန် အလျင်စလို အလုပ်လုပ်နေလေပြီ။

'အခုမှ စမလုပ်ဘူးဆိုရင် နယ်မြေပိုင်ဆိုင်ခွင့်ကို တောင်းဆိုတဲ့အခါမှာ နောက်ကျနေမယ်ဆိုတာ မသိလေရော့သလား'

ရိဗန်ထရော့စ်က ဘူဒါပက်မြို့တွင် သို့ကလို ဆိုခဲ့၏။

ဆူဒီတန် ဂျာမန်နယ်မြေပြဿနာ ဖြေရှင်းရန် စီမံကိန်းမူကြမ်းကို ဗြိတိသျှနှင့် ပြင်သစ်အစိုးရက အတည်ပြုပြီး ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်က ဟစ်တလာနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရန် 'ဘတ်ကင်ဟမ်ဘတ်'သို့ ရောက်လာခိုက်။

သည်အချိန်တွင် ဟစ်တလာ ဒေါသတကြီးဖြစ်နေသည်။ ဗြိတိသျှခေါင်းဆောင်သက်ကြီးရွယ်အိုကိုပင်၊ ယဉ်ယဉ်ကျေးကျေး လက်ခံတွေ့ဆုံရန်ပင် မပြုချင်တော့။

'ကျွန်တော် ဝမ်းနည်းပါတယ်။ ဒီအစီအစဉ်က အသုံးမဝင်တော့ပါဘူး'

သည်စကားများကို ဟစ်တလာက ချိန်ဘာလိန်အားပြောစဉ်က၊ အော်ကြီးဟစ်ကျယ် ပြောခဲ့သည်။

ဟန်ဂေရီနိုင်ငံက ညွှင်းညွှင်းသာသာဖြင့် ဘေးဖယ်နေရန် ကနားရစ်ကဟန့်တားပိတ်ပင်ခဲ့သော်လည်း နောက်ဆုံးတွင်မူ မရတော့။ ချက်ကိုနိုင်ငံ၏ ကျဉ်းမြောင်းသော ပြည်နယ်အား မိမိတို့ပိုင်ဆိုင်ကြောင်း တောင်းဆိုခြင်းကိုပင် ဟစ်တလာနှင့် အပေးအယူလုပ်ကာ ဖျန်ဖြေဖို့ ကမ်းလှမ်းလာကြသည်။

ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်နှင့် ကိုယ်စားလှယ်အဖွဲ့တို့ ထိုင်နေကြရာ ဗီတာစဗတ်ဟိုတယ်ရှေ့တွင် ဂျာမန်တပ်များ တင်ထားသော ရထားများက ရှေ့နောက်တွင် အပေါ်စားနှင့် လေယာဉ်ပစ်အမြောက်များ တပ်လျက် တစ်စင်းပြီးတစ်စင်း သွားနေသည်ကို တွေ့ရသည်။

ဟော်တယ် ဧည့်ကားထဲတွင် ချိန်ဘာလိန်အတွက် ဟစ်တလာက အစောင့်အရှောက်ပေးထားသော လုံခြုံရေးတပ်ဖွဲ့ (အက်စ်အက်စ်)မှ ရဲဘော်တပ်သားများကလည်း ဆောင်းဦးပေါက် ဇန္နလည်ခင်းတွင် အရက်သောက်ကာ သီချင်းတကြော်ကြော် ဟစ်အော်လျက် ရှိနေကြသည်။

ကိုယ်ရံတော်အစောင့်တပ်သားများက တာဝန်ကျနေချိန်မှာပင် ဗြိတိသျှကိုယ်စားလှယ်အဖွဲ့အား လေးလေးစားစား မဆက်ဆံကြ။ လုံခြုံရေးကို ပုံကြီးချဲ့ အကြောင်းပြကာ ရိုင်းရိုင်းပြပြ ပြုနေကြသည်။ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ကို ဟန့်တားနေသယောင်ယောင် ရှိနေသည်။

ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ တည်းခိုရာဟော်တယ်မှ ရိုင်းမြစ်ခြားလျက် တစ်ဖက်ကမ်းရှိ ဒရီးဆန်းဟော်တယ်တွင် ဟစ်တလာရှိနေသည်။ ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်၏ စက်တင်ဘာလ ၂၃ ရက် နေ့စွဲပါစာတွင် ဂျာမန်ဝန်ကြီးချုပ် ဟစ်တလာက စည်းကမ်းတကျ ငြိမ်းချမ်းစွာဖြေရှင်းရန် ရည်ရွယ်သည်ကို ဆက်လက်လိုက်နာကျင့်သုံးရန် ဆန္ဒရှိ မရှိ မေးမြန်းချက်ကို အဖြေပေးရန် တစ်စီပေးနေသည်။

ဘာသာပြန်ဆိုသူ 'စမစ်'က စာကိုယူလိုက်၏။ နာရီတွေ ကျော်လွန်လာခဲ့ပြီ။ ဟစ်တလာက သူ့ကိုယ်ရံတော်တပ်မှ တပ်မှူးကို လှမ်းပြောလိုက်သည်။ ထိုစဉ်က ဟစ်တလာ၏ ပြောစကားကို ကျွန်တော်ကိုယ်တိုင် နားနှင့်ဆတ်ဆတ် ကြားခဲ့ရ၏။ မှတ်တမ်းတင်ထားသည်များကိုမူ လုံးဝ ရှာဖွေမတွေ့ခဲ့ရ . . . ။

ဟစ်တလာက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။ ညနေ ၄ နာရီပင်





ထိုးလေပြီ။

'ချိန်ဘာလိန်အကြောင်း ငါကောင်းကောင်းသိပါတယ်။ နောက်ဆုံးမတော့သူ အလျှော့ပေးရမှာပါ။ ကြည့်လေ ၆ နာရီထိုးလို့မှ သူ့ဆီက ရာဇဝံမရဘူးဆိုရင် ဇီကိုစွပြီးပြီ။ ချိန်ဘာလိန်လိုချင်တာ ဘာမှ မရစေရဘူးသာမှတ်'တဲ့။

ညနေ ၅း၄၀ အချိန် . . . ။

ဆာဟိုရေ့စ်ဝီလ်ဆင်နှင့် ဗြိတိသျှသံအမတ်ကြီး နီဗိုင်းလ်ဟန်ဒါဆင်တို့က၊ ကူတို့ဖြင့် ရိုင်းမြစ်ကို ဖြတ်ကူး၍ ဟစ်တလာဆီသို့ လာခဲ့ကြ၏။ ထိုည ၁၀း၃၀ တွင် ဒုတိယအကြိမ် နှစ်နိုင်ငံခေါင်းဆောင်ကြီးများ တွေ့ဆုံဆွေးနွေးမှု အစီအစဉ် ပြင်ဆင်ရန် ရောက်လာကြခြင်းဖြစ်သည်။

သည်တစ်ကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ ချက်နိုင်ငံအား ခွဲခြမ်းစိတ်ဖြာရန် အဆိုများကို ရေးဆွဲကြသည်။

သည်အခိုက်တွင် 'မာရှယ်ဂိုရင်း'၏ သုတေသနရုံးခန်းက 'ဂိုဒန်စ်ဘတ်'မှ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့က လန်ဒန်၊ ပဲရစ်နှင့် ပရပ်(ချက်နိုင်ငံ)မြို့တော်များရှိ သက်ဆိုင်ရာများသို့ တယ်လီဖုန်းနှင့် ဆက်သွယ်ပြောသည်ကို ကြားမှ ဖြတ်တောက်ဖမ်းယူ နားထောင်ခဲ့သည်။ ဗြိတိသျှကိုယ်စားလှယ်အဖွဲ့ဝင်တို့ တယ်လီဖုန်းပြောစကားများကို ဟစ်တလာအား အစီရင်ခံခဲ့သည်။ ယင်းကြောင့်ပင် ဟစ်တလာအား ပိုမို လက်ရဲဇက်ရဲ ဖြစ်စေပြန်သည်။

စက်တင်ဘာလ ၂၆ ရက်နေ့။

ဘာလင်မြို့၊ အားကစားနန်းတော် အဆောက်အအုံကြီးတွင် ဟစ်တလာက ဝင့်ဝင့်ကြွားကြွား မိန့်ခွန်းခြွေတော့၏။

သို့ရာတွင်၊ သူ့အသံက မမှန်၊ ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ တုန့်ဆိုင်းတုန့်ဆိုင်း ဖြစ်နေသည်ကို တွေ့ရသည်။ အကျဉ်းအကျပ် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရ၍ [illegible]နောက်ကျနေပုံ ရသည်။

ထိုညနေမှာပင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက သတင်းကြေငြာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့၏။

အကယ်၍ အမျိုးမျိုးအဖုံဖုံ အားထုတ်ကြိုးပမ်း ဟန့်တားသည့်ကြားက၊ ဂျာမနီက ချက်နိုင်ငံအား စစ်တိုက်လျှင်၊ ပြင်သစ်နိုင်ငံက ချက်နိုင်ငံဘက်မှ ရပ်တည်မှာ သေချာသည်။ သို့ဆိုလျှင် ဗြိတိန်နှင့် ရုရှားနိုင်ငံများကလည်း ပြင်သစ်နိုင်ငံဘက်မှ ရပ်တည်ရပေလိမ့်မည်။

ဗြိတိသျှတို့၏ ထုတ်ပြန်ကြေငြာချက်မှာ ပထမဦးဆုံးအကြိမ် သို့ကလို ခြိမ်းခြောက်သယောင်ယောင် ရှိပါ၏။

နောက်တစ်နေ့ နံနက် . . . ။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့က မိမိ၏ရေတပ်ကို တပ်လှန့်မည်ဟု ဆက်လက်ကြေငြာချက် ထုတ်ပြန်၏။

ဤသို့ သတင်းထုတ်ပြန်ခြင်းက ဂျာမနီနိုင်ငံသို့လာ၍ ယခုတိုင် ပြောဆိုနေသည့် စကားများထက် ပို၍ထိရောက်၏။

သို့ရာတွင် ဟစ်တလာကမူ လေသံမပြောင်း၊ မောက်မောက်မာမာ ပြောမြဲပြောဆဲ ချက်နိုင်ငံကို တိုက်ခိုက်သိမ်းပိုက်မည်ဟု ကြိမ်းဝါးနေဆဲ။

မူဆိုလိုနီ၏ကိုယ်စား အီတလီသံအမတ်ကြီး 'အက်တိုလီကို'က တယ်လီဖုန်းဆက်၍ ပြောသည်အထိ ဟစ်တလာက မပျော့သေး။ နောက်အခါမှ မြူးနစ်မြို့တွင် အပေးအယူလုပ်ကာ၊ ပြဿနာကို ဖြေရှင်းခဲ့ရသည့်အချိန်ထိ ဟစ်တလာက မောက်မာဆဲ . . . ။

သည်အရေးအခင်း တစ်လျှောက်လုံးတွင် ဗိုလ်ချုပ်ကြီးဖရန်ကို (စပိန်နိုင်ငံ)က မည်သို့နေခဲ့သနည်း။

ချက်နိုင်ငံ အရေးအခင်းအတွက် အစ ပထမ အလုပ်စချိန်တွင်၊ ဗိုလ်ချုပ်ကြီးဖရန်ကို၏ အမူအကျင့်ကိုပင် ဖော်ပြခဲ့ခြင်း အလျဉ်းမရှိခဲ့။

စပိန်ပြည်တွင် စစ်နှင့် ပတ်သက်၍ ဂျာမန်တို့၏ မှတ်တမ်းမှတ်စုများကို ၁၉၅၀-ခုနှစ်တွင် ထုတ်ပြန်သည့် မှတ်တမ်းများအရ အကျဉ်းအကျပ်တွေ့နေရသည့် ၁၉၃၈-ခု၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင်၊ စပိန်နိုင်ငံခြားဝန်ကြီး မင်းသားကြီးဂျော်ဒါနား *(Count. Jordana)*က စပိန်နိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီးကို တွေ့ဆုံခွင့်ပေးပြီး အကယ်၍ ဂျာမနီက ချက်နိုင်ငံအား စစ်တိုက်လာလျှင်၊ စပိန်နိုင်ငံက ဘက်မလိုက် ကြားနေမည်ဟု အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့အား အကြောင်းကြားထားပြီးပြီဟု ဆို၏။

ပြီး၊ သတင်းတစ်ခုပါ ကြားရသည်။ ရီဗန်ထရော့စ်နှင့် ဟစ်တလာတို့အဖို့ နည်းနည်းမျှ မလိုလား။ မနစ်မြို့သည့် သတင်းကွန်ဒါတပ်ဖွဲ့ကြီးအား စပိန်နိုင်ငံမှာပင် ထိန်းချုပ်ထားပေးမည်ဟုပင် ဆိုလာသည်။

သည်သို့လျှင်၊ မရေမရာ မသေမချာ ဖြစ်ခဲ့ရသည်မှာ၊ သည်အခိုက်အတန့်တွင် မူဆိုလိုနီက စစ်ကို ဟန့်တားပိတ်ပင် အားထုတ်နေခြင်းပင် ဖြစ်သည်ဟု ယူဆရန်သာ ရှိတော့၏။

နောက်ဆုံးဖြစ်ပေါ်လာသော အဖြစ်အပျက်များက၊ ကနားရစ်အား ကံကောင်းစေရန် ဖန်တီးပေးသကဲ့သို့ ရှိ၏။

ဗြိတိသျှတို့အား ပြင်းပြင်းထန်ထန် တုန့်ပြန်ရန် ကနားရစ်ကပင် အကြံပေးခဲ့၏။

ကာလီဖ်ကလည်း ဗြိတိသျှရေတပ်ကြီးက မြေထဲပင်လယ်တွင် အင်အားပြ ခြိမ်းခြောက်ရန် အသင့်ပြင်ထားမည်ဆိုသည့် လော့ဒ်ဖန်စစ်တာ၏ ပြောစကား သတင်း





ကိုလည်း ယူခဲ့၏။

သည်အချိန် သည်အခိုက်တွင် ကနားရစ်က ဖရန်ကိုကိုဒါနာတို့နှင့် ရင်းရင်းနှီးနှီးရှိခဲ့ခြင်းကြောင့် သူတို့အပြုအမူတွင် ပေါ်လွင်သည်။

သူတို့အသီးသီး၏ ဖြေရှင်းချက်တွင် ဂျာမန်နိုင်ငံ၏ မူဝါဒ အကျဉ်းအကျပ်တွေ့ရပြီး အခက်အခဲနှင့် ရင်ဆိုင်နေရသည့်အဖြစ်ကို မိမိတို့အား အသိမပေးခဲ့ဟုဆိုကာ ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနကို အပြစ်ဖို့ထားသည်။

ကနားရစ်က ဖရန်ကိုအား ဘာဆို ဘာမျှပင်မပြော။ ဖရန်ကိုအား မှောင်ချထားသည်ဟု မဆိုလို။ ဖရန်ကိုက သတိရှိရှိဖြင့်ဆောင်ရွက်ရန် ကနားရစ်က အကြံပေးထားသည်ဟုလည်း မဆိုလို . . ။

ကနားရစ်ကမူ၊ ဗြိတိန်နိုင်ငံသည် အသင့်မဖြစ်သော်လည်း စစ်ထဲသို့ဝင်လာစေ ဖို့ ဖြစ်လာလိမ့်မည်ဆိုသော မိမိအစီရင်ခံစာများ မှန်ကန်ကြောင်းကိုသာ စုံကာကွယ် လျက်ရှိ၏။

မည်သို့ပင် ဖြစ်ခဲ့ဖြစ်ခဲ့ ၁၉၃၈-ခုတွင် ဗြိတိန်နိုင်ငံအား စစ်ကြီးတွင် မပါဝင်ရန်မှာ ဝန်ကြီးချုပ် ချိန်ဘာလိန်၏ ရည်ရွယ်ချက်ပင် ဖြစ်သည်ဟု အချို့ကပြောကြ၏။ နောင် နှစ်ပေါင်းများစွာ ကြာသည်ထိ သည်သို့ပင် ပြောကြဆိုကြမည်သာ . . . ။

မြူးနစ်မြို့တွင် ဆွေးနွေးပွဲပြီး၍ ဗြိတိသျှပါလီမန်က ချိန်ဘာလိန် ဟစ်တလာ သဘောတူညီချက်ကို အခြေအတင် ဆွေးနွေးကြသောအခါတွင်မှ ဗူးပေါ်သလို ပေါ်လာမှုရ၏။

လော့ဒ်လွိုက်က အစိုးရအဖွဲ့အား ပြစ်တင်ဝေဖန်ရာတွင်၊ သည်စဉ်က မိမိတို့ မည်သို့သော အကျဉ်းအကျပ် အခက်အခဲနှင့်တွေ့ရသည်ကို လုံးဝမသိခဲ့ရ ဟူသော နိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟယ်လီဖက်စ်၏ အပြုအမူကြောင့် စိတ်မချမ်းမသာ ဖြစ်ရပါသည်ဟု ဆို၏။

ဒီအခါတုန်းက ကျုပ်တို့ရဲ့မိတ်ဆွေကြီး နိုင်ငံခြားရေးဝန်ကြီးဟာ သူ့နေရာမှာ မှ ရှိမနေဘူးဆိုတဲ့အတွက် ကျုပ်ဖြင့် ဝမ်းနည်းမိတယ်။ ဒါပေမယ့် ပြဿနာက်လဆန်းပိုင်းမှာ ကနေ့ ဖြစ်ပျက်လာတဲ့အတိုင်း၊ ဂျာမန်တို့မှာ အစီအစဉ်ရှိနေကြောင်း ကျုပ်တော်ပြောပြ ခဲ့တယ်ဆိုတာတော့ မိတ်ဆွေကြီး လော့ဒ်ဟယ်လီဖက်စ် သိနေပါတယ်။ ကောင်းကောင်း သိနေပါတယ်။ ဘယ်ကလာတဲ့ အကြံပေးချက်ဆိုတာလည်း သူသိပါတယ်။ ဗြိတိန်နိုင်ငံက ပြင်သစ်၊ ရုရှားတို့နဲ့ စည်းလုံးညီညွတ်၍ လက်တွဲမည်ဖြစ်ကြောင်း ချက်ချင်း ကြေငြာသင့်တယ်လို့လဲ၊ အကြံပေးခဲ့တယ်ဆိုတာ လော့ဒ်ဟယ်လီဖက်စ် သိနေပါတယ်။

လော့ဒ်လွိုက်က သို့ကလို ဆိုခဲ့၏။

သည်သို့လျှင် ဗြိတိသျှပါလီမန်၌ ပွင့်ပွင့်လင်းလင်း ဝေဖန်ခဲ့ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်ပင် စိုးရိမ်ပူပန်မိမည်မှာ အမှန်။ သို့ရာတွင် သူ့အတွက် ချခံကာကွယ်ရန် အသင့်ရှိ၏။ ဗြိတိသျှပါလီမန်တွင် ဝေဖန်စကားများကြောင့် ကနားရစ်အား အထူးတလည် အန္တရာယ်ဖြစ်မည် မဟုတ် . . . ။

စင်စစ်၊ ကနားရစ်သည် အလွန်လျင်သူတည်း။ သတင်းတစ်ခုကို မူလ ရည်ရွယ်ချင်း ပျောက်စေအောင်၊ မဟုတ်မမှန် ဖြည့်စွက်တန်ဆာဆင်ရာတွင် ကျွမ်းကျင် သူ ဖြစ်၏။

လော့ဒ်လွိုက်၏ လျှင်မြန်ထက်မြက်မှုများကိုပင်၊ ဗြိတိသျှထောက်လှမ်းရေးမှ မိမိ၏ ရန်သူဟောင်းကြီးများအား ကနားရစ်က ဟန်ဆောင်ချီးကျူးစကား ပြောခဲ့မည်မှာ မလွဲ . . . ။

အောက်တိုဘာ ၅ ရက်နေ့တွင်ဖြစ်သည်။

မြူးနစ်သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်မှာ မှင်မခြောက် တန်သေး။

သည်အချိန်တွင် ရိုဗန်ထရော့စ်က ကာလိမ်ဥာဏ်သစ်ဖြင့် အကောက်ကြံလေပြီ။

စက်တင်ဘာ ၂၆ ရက်နေ့စွဲဖြင့် ရုရှားက ဥရောပစစ်အတွက် ပိုမိုနိုင်ငံမှ လက်နက်ကိုင်တပ်များ စေလွှတ်မည်မဟုတ်ဟု ဗြိတိန်နှင့် ပြင်သစ်တို့အား အကြောင်း ကြားမှာဆိုကာ လန်ဒန်မှရသော သတင်းကို 'ရိုဗန်ထရော့စ်'က ဟစ်တလာကို ထုတ်ပြ သည်။

သည်တွင် ဟစ်တလာက မိမိပတ်ဝန်းကျင်တွင် အူရဲသောကြောင်သူများနှင့် အစွမ်းမရှိသောသူများမှာ ပတ်ပတ်လည်ရှိနေပါကလားဟု စိတ်ဆိုးမာန်ဆိုး ဖြစ်ခဲ့ကြောင်း မကြာခင်မှာပင် ကနားရစ်၏ လူများဆီမှ သတင်းကြားရ၏။

'ဒီသတင်းကို ရုရှားက လန်ဒန်နဲ့ ပဲရစ်ကို ပို့ပြီခြင်း ငါသာသိခဲ့ရရင် ချိန်ဘာလိန် ကိုတောင် မြူးနစ်ကိုလာခဲ့ဖို့ ဖိတ်ခေါ်မနေတော့ဘူး။ အခုချိန်ဆို တို့ဂျာမန်တပ်တွင် ဘော်လ်ကန်ကျွန်းဆွယ် (ဂရိ)တောင် ရောက်နေရော့မယ်'

ဟစ်တလာက ဒေါကြီးမောကြီးနှင့် ဝင့်ဝင့်ကြွားကြွားပြောခဲ့၏။

မြူးနစ်သဘောတူစာချုပ် အတည်ဖြစ်ခဲ့ပြီး ၁၁ ရက်အကြာ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဂျာမန်တပ်များကို စုစည်းပြီး လေကြောင်းမှ ရုတ်တရက် ဝင်တိုက်ရန် 'မီမဲလ်'နှင့် ချက်နိုင်ငံကျန် အစိတ်အပိုင်းများကို သိမ်းပိုက်ရန်အတွက် အနီးကပ်အမိန့်ပေး သည်၊ အသင့်ဖြစ်နေစေဖို့၊ စီမံကိန်းကို အသေးစိတ်ရေးဆွဲရန် ဟစ်တလာက 'ဗိုလ်ချုပ်ကြီးကေတဲလ်'အား စေခိုင်းလိုက်၏။

သည်အခိုက်အတန့်တွင် ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က အဆင့်မြင့်မြင့် နိုင်ငံရေးရာများကို ဝေးဝေးကရှောင်နေသည်။ သို့မှသာ အခြေအနေ အနယ်ထိုင်သွား မည် မဟုတ်ပါလား။





မြူးနစ်သဘောတူညီချက်ကို ရရှိခဲ့ပြီးဖြစ်၍ မည်သို့သော နည်းလမ်းမျှ အသုံးပြုရန် ဖြစ်နိုင်တော့မည်မဟုတ်။

စစ်ကြီးအတွက် ထောက်လှမ်းရေးဌာနကို ပြုပြင်မွမ်းမံရန် ကနားရစ်တွင် လက်ထောက်အရာရှိများကို လွှဲပေးလေ့ရှိသော်လည်း အသေးစိတ်ကိုမူ မိမိကိုယ်တိုင် ကိုယ်ကျ လုပ်လေ့လုပ်ထရှိ၏။

သတင်းများကို ရှာဖွေစုဆောင်းပြီး တစ်ဖန် ဖြန့်ချိရသည့်နည်းများကို ကနားရစ် စိတ်အဝင်စားဆုံး။

မိမိရာထူးကို အသုံးပြုပြီး ဟစ်တလာအား လျှို့ဝှက်လုပ်ကြံနေခြင်းကို ကနားရစ်က စိတ်အဝင်စားဆုံး ဖြစ်လိမ့်မည်ဟူ၍တော့ အထင်မလွဲစေချင်။

'သတင်းများကို စုဆောင်းပြီး ဖြန့်ချိကာ ထာဝရလှုပ်ရှားနေသူပါ'

'စကာလာဗရန်ဒေါ့ဖ်'က ကနားရစ်၏ စရိုက်ကို သို့ကလို ဖော်ပြခဲ့ဖူး၏။

"သူတို့တွေ ဘာကိုမှ ကြားချင်ကြတယ်။ ဘာကိုမှ ထင်တလဲလဲ ပြောချင် ကြတယ်ဆိုတာကို ခင်ဗျားကို ကျုပ်ပြောပြမယ်'

'စကာလာဗရန်ဒေါ့ဖ်'က စာရေးသူအား ပြောပြသည်။

ရံဖန်ရံခါတွင် ကနားရစ်က ထောက်လှမ်းရေးယန္တရားများအကြောင်း မိမိ အပေါင်းအသင်း လုပ်ဖော်ကိုင်ဖက်များဖြင့် ဆွေးနွေးတိုင်ပင်လေ့ ရှိပါသည်။

'တယ်လီဖုန်း ခိုးနားထောင်တာလောက်ကတော့ သူတို့အဖို့ တန်ဖိုးမရှိလှဘူး။ ဒီအခါတုန်းက ဂျာမနီနိုင်ငံမှာ ဘယ်သူကမှ တယ်လီဖုန်းနဲ့ ပြောင်ပြောင်တင်းတင်း ပြောဝံ့ကြတာမှ မဟုတ်ဘဲ။ အဲဒီတော့ ဟိုမှတ်တမ်းတွေကို တစ်နေကုန် ထိုင်ဖတ်နိုင် တယ်'

စကာလာဗရန်ဒေါ့ဖ်က သုတေသနရုံးဌာနမှတစ်ဆင့် နေ့စဉ် သူ့ထံရောက် လာသော တယ်လီဖုန်းပြောစကားများမှ ကြားဖြတ်ဖမ်းယူ မှတ်တမ်းတင်ထားသော စာရွက်စာတမ်းအပုံကြီးကို လက်ညှိုးထိုးလျက် ပြောပြ၏။

'ဒါပေမယ့် ကျုပ်တို့ရဲ့ ဗိုလ်ချုပ်ကြီးလည်း ဒီနည်းနဲ့ လေ့လာရာ မှန်တယ်လို့ လဲ ဆိုသာဘူး။ အမှန်မှာတော့ သူ့ဖုန်းကိုပါ ခိုးယူဖမ်းနားထောင်ဖို့ သုတေသနရုံး ဌာနကို အမိန့်ပေးထားတာကလား။ သို့သော်လည်း ထောက်လှမ်းရေးဌာနကို ပေးထားတဲ့ စက်ပစ္စည်းထဲမှ ဗိုလ်ချုပ်ကြီးရဲ့ တယ်လီဖုန်းက ပြောစကားတွေ မှတ်တမ်းတင်ထား ဘာကိုမှ တိတ်တဆိတ် ခိုးယူခဲ့တယ်။ ဂက်စတာပိုက ကနားရစ်ရဲ့ဖုန်းကိုပါ ဖမ်းယူ နားထောင်ရာမှာ အသုံးဝင်တယ်လို့ ထင်မြင်ပုံရတယ်'

ရစ်ချတ်ပရော့ဇ်က သို့ကလို ဝေဖန်ချက်ပေးခဲ့၏။

ဂက်စတာပိုက ဗြိတိသျှသံရုံးနှင့် နံရံခြင်းကပ်လျက်ရှိသော 'ဒက်လွန် ဟော်တယ်'၏ နံရံတွင် မိုက်ကရိုဖုန်းများကို တပ်ဆင်ခဲ့သည်။ သို့ရာတွင် အဆိုပါ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကရိုဖုန်းများမှ အရေးပါ စိတ်ဝင်စားဖွယ်ရာများကို ကြားခဲ့ရသည်ဟု မဆိုလို။ ဗြိတိသျှသံအရာရှိတစ်ဦးက မင်းသမီးတစ်ဦးအား နေ့လည်စာ ဖိတ်ကျွေးလေ့ ကျွေးထရှိသည်ကို တွေ့ရှိရန် ဂက်စတာပိုက လုပ်ခဲ့ခြင်းဖြစ်၏။

သို့သော် သည်သို့သော ထောက်လှမ်းရေးမှာ အချိန်အလွန်ကုန်၏။ အဆုံးနိဂုံးတွင်လည်း အကျိုးမများတတ်၊ မကြာပါ။ အင်္ဂလိပ်အင်ဂျင်နီယာများ လန်ဒန်မှရောက်ရှိလာကာ မိုက်ကရိုဖုန်းများ မြှုပ်နှံထားသည်ကို တွေ့ရှိရပြီး ဖယ်ရှားနိုင်ခဲ့၏။

စကားဝှက်နှင့်ပတ်သက်၍ ဖော်ထုတ်ရန် ထောက်လှမ်းရေးဌာနတွင် သာမက ဂက်စတာပိုတွင် သီးခြားဌာနစိတ်များ ထားရှိ၏။ စကားဝှက်များကို အဓိပ္ပါယ်ဖော်ထုတ်ခြင်းမှာလည်း ပေါ့သေးသေးမဟုတ်၊ အဆင့်မြင့် အတတ်ပညာတစ်ရပ်ဖြစ်၏။

ရံဖန်ရံခါ သတင်းပတ်ကုန်ဆုံးရက်၊ လုပ်ငန်းများလျော့ပါးနေချိန်တွင် နိုင်ငံခြားရေးဌာနမှ နိုင်ငံခြားရှိ သံရုံးများသို့ အရေးကြီးစာများကို ပေးပို့တတ်သည်။

သည်သို့သောအခါများတွင် စကားဝှက်ကို အဓိပ္ပါယ်ဖွင့်ဆိုမည့် အဖွဲ့က စောင့်နေသည်။ ချက်ချင်းအဓိပ္ပါယ်ဖွင့်ဆိုကာ နိုင်ငံတော်စာတိုက်ဌာနသို့ လွှဲပြောင်းပေးရသည်။ ရံဖန်ရံခါ ဝန်ထမ်းတစ်ဦးဦးက ကတိုက်ကရိုက်နှင့် စကားဝှက်ကို အချောမရေးတော့ဘဲ သည်အတိုင်း ပို့သည့်အခါလည်း ရှိတတ်သည်။ ထောက်လှမ်းရေးအဖွဲ့က မိမိတို့လက်ဝယ်တွင် မူရင်းရှိနေ၍ ချက်ချင်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်ခွင့် ကြုံတတ်သည်။

ဗြိတိသျှသုံးစကားဝှက်မှာ အဓိပ္ပါယ်ဖွင့်ဆိုရန်အတွက် အခက်ခဲဆုံးဖြစ်သည်ကို ဂျာမန်ထောက်လှမ်းရေးက သိခဲ့ရ၏။

သံရုံးများ၊ စီးပွားရေးလုပ်ငန်းများတွင် သူလျှိုအေးဂျင့်များကို မှန်မှန်ထည့်ပေးသည့် စနစ်ကိုသာ ကနားရစ်က ကျင့်သုံးခဲ့သည်မဟုတ်သေး။ လူယုံတော်များကိုပါ တသီးတခြား စေလွှတ်ခဲ့၏။ လူယုံတော်များ၏ တာဝန်မှာ မဟာဗျူဟာ၊ နည်းဗျူဟာ သတင်းများကို ထောက်လှမ်းစစ်ဆေးပြီး ပို့ပေးရန်ဖြစ်သည်။

ကနားရစ်က ဆွဲ့အနားမကြားသူများ၏ အကျိုးပြုသတင်းပေးသည်ကိုပင် ပို၍ သဘောကျ၏။ ပို၍ ငွေထောက်ပံ့ချင်သည့်ဆန္ဒရှိ၏။ လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ ပိုမိုစိတ်ချရသောကြောင့်မဟုတ် နှုတ်ခမ်းလှုပ်ရုံမျှနှင့်ပင်၊ ဘာပြောသည်ကို သိသည့် ထူးခြားသော ပါရမီကြောင့်ဖြစ်၏။

လက်ရေးတို့,တတ်သော ဆွံ့အနားမကြားသူတစ်ဦးက လက်ရေးတို မှတ်စုစာအုပ်ကို ပေါင်ပေါ်တင်လျက် စားသောက်ဆိုင်၏တစ်ဖက်တွင်ထိုင်ကာ ခပ်လှမ်းလှမ်းမှ ဗြိတိသျှသံမှူးတစ်ဦးက ညစာစားရင်း မိမိမိတ်ဆွေအား ပြောနေသည်များကို ရေးမှတ်ခြင်း ကပင်လျှင် ပိုမိုပြည့်စုံသည့် သတင်းကိုပင် ရတတ်သေး၏။

အင်္ဂလန်တွင် ဂျာမန်တို့၏ ထောက်လှမ်းရေး အသိုက်အမြုံမှာ မကြီးကျယ်လှ အင်္ဂလန်မှ ဂျာမန်ထောက်လှမ်းရေး သူလျှိုအဖွဲ့ကို ဒါဗလင် (အိုင်ယာလန်)၊ လစ္စဘွန်





(ပေါ်တူဂီ)၊ အော့စလို (နော်ဝေ)နှင့် ဟမ်ဘတ် (ဂျာမနီ)ရှိ ဂျာမန်သံရုံးများက ညွှန်ကြား၏။ သို့ရာတွင် ဗြိတိသျှတို့၏ လျှို့ဝှက်ချက်များကို လန်ဒန်နိုင်ငံခြားသံရုံးများမှ မြစ်ဖြစ်၊ ဓနသဟာယနိုင်ငံများ၏ ရုံးများမှတစ်ဆင့် သိရှိနိုင်စရာ အကြောင်းရှိ၏။

မြူးနစ် သဘောတူညီချက်ရရှိပြီး နောက်တစ်နေ့တွင် ဗိုလ်ချုပ်ကြီး ကနားရစ်က၊ သဘောတူညီချက် မရမီ သတင်းတစ်ပတ်အကျော်တွင် ဘာလင်ရှိ ဗြိတိသျှသံရုံးမှ လန်ဒန်သို့ပို့ပေးသော လျှို့ဝှက်အစီရင်ခံစာ၏ မိတ္တူကူးထားသည်ကို အလည်အပတ် ရောက်လာသူတစ်ဦးအား ထုတ်ပြသည်။

အဆိုပါ အစီရင်ခံစာတွင် ဂျာမနီ မီးရထားလုပ်ငန်းကြီး တစ်ခုလုံး၏ စွမ်းဆောင်အားကို ဖော်ပြထားသည်။ အထူးသဖြင့် စစ်ဖြစ်လာချိန်တွင်၊ ဂျာမန်မီးရထားလုပ်ငန်း၏ စွမ်းဆောင်နိုင်ပုံ အင်အားကို ခန့်မှန်းဖော်ပြထားသည်။

ကနားရစ်သည် စကားပြောရာတွင် စည်းမရှိတတ် မိမိသိသမျှကို အာချောင်တတ်သည်။ မကြာပါ။ ဗြိတိသျှအစိုးရ စာရွက်စာတမ်းများကို တစ်ဦးဦးက ဂျာမန်တို့အတွက် ခိုး၍ ဓာတ်ပုံရိုက်ပေးနေကြောင်း ဗြိတိသျှတို့က ရိပ်စားမိတော့သည်။

ကျွန်တော်က ရစ်ချတ်ပရော့ဇီအား ပြောပြသည်။

အဘိုးကြီး (ရစ်ချတ်ပရော့ဇီ)က ဟုတ်မှန်ကြောင်း ဆွတ်ဆွတ်ဖြူနေသည့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြ၏။

နေရာတကာမှာ ဒီလိုချည်းပဲတော့ ဖြစ်ကောင်းမှ ဖြစ်လိမ့်မယ်။ ဒါပေမယ့် ခင်များထင်တာထက်တောင် ပိုလွယ်ကူချင်လဲ လွယ်ကူလိမ့်မယ်။ တချို့ကိစ္စတွေမှာဆို သိပ်လွယ်တာပေါ့။ စစ်ကြီးမတိုင်ခင်က ကျုပ်တို့လည်း ဘော်လ်ကန်ကျွန်းဆွယ်ရှိ နိုင်ငံများနဲ့ စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးဌာနရုံးများမှာ ကျုပ်တို့ရဲ့ အေးဂျင့်သူလျှိုကို ထည့်ထားချင်တယ်လို့ ပြောရုံပဲ။ ဒီလိုနည်းနဲ့ စစ်ကြီးဖြစ်စကာလ၊ ဟိဂ်မြို့ (နယ်သာလန်နိုင်ငံ)မှာ ကျုပ်လည်း ငွေကြေးနည်းနည်းသာ ပေးရတဲ့ ဗြိတိသျှသူလျှိုတစ်ဦးဆီက ဗြိတိသျှထောက်လှမ်းရေးဌာနတွင်းက အဖြစ်အပျက်များကို နေ့စဉ်သတင်းရခဲ့တာပေါ့။ ဝါမျိုးက ဖြစ်တောင့်ဖြစ်ခဲပဲ။

ရစ်ချတ်ပရော့ဇီက ပြောပြ၏။

ဟစ်တလာ၏ ညွှန်ကြားချက်ကြောင့် ဗြိတိန်နိုင်ငံရှိ ဂျာမန်ထောက်လှမ်းရေး သူလျှိုလုပ်ငန်းကို တိုးချဲ့ရန် ကနားရစ်၏ အစီအစဉ်မှာ အနည်းငယ် ဟန့်တားခံနေရ၏။ ဗြိတိန်တွင် ထိတ်တိတ်ပုန်း သူလျှိုလုပ်ငန်းတွင် မပါဝင်ရန် လန်ဒန်မြို့ရှိ ဂျာမန်သံရုံးမှ စစ်သံမှူးအား တင်းတင်းကြပ်ကြပ် အမိန့်ထုတ်ထားသည်။

သည်ကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်ကြီး ဂေးဗွန်စပ်ဝပ်ပန်ဘတ် *(Gen. Geyr Von Schweppenburg)*က ကနားရစ်နှင့် ရန်ဖြစ်ခဲ့သည်ဟု ကိုယ်တိုင်ရေး ဘဝမှတ်တမ်းစာအုပ်မှ သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဗိုလ်ချုပ်ကြီးကေးက ဂျာမန်ထောက်လှမ်းရေးအတွက် တာဝန်ကျေကျေ ထမ်းဆောင်လိုသောဆန္ဒ ပြင်းပြ၏။

စစ်ကြီးပြီးသည်အထိ ဗြိတိန်နိုင်ငံရှိ ဂျာမန်သူလျှိုဦးရေမှာ မများလှ။ သူတို့ပေးသော သတင်းများမှာလည်း ထောက်ထောက်ထားထား မိုင်နိုင်လှလုံမရှိ။ သူတို့ဆက်သွယ်ရေးလုပ်ငန်းများမှာလည်း ဗြိတိသျှ တန်ပြန်ထောက်လှမ်းရေးမှ အမြဲမပြတ်စောင့်ကြည့် ခံနေရပြန်သည်။

ဗြိတိန်နိုင်ငံ တန်ပြန်ထောက်လှမ်းရေးဌာန *(MI 5)*၏ လုပ်ငန်းကလည်း အဆင့်မြင့်၏။ ရုံဖန်ရံခါ ဒါဗလင်မြို့ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့က မိမိတို့ ရရှိထားသော သတင်းမှာ မဟုတ်မမှန် အတုအယောင်ဖြစ်နေကြောင်း တွေ့ရှိရ၍ အံ့ဩမကုန်နိုင်ဖြစ်ရသည်။ သတင်းအတုအယောင်များဖြင့် ကိုယ့်အစိုးရ ကိုယ်လှည့်စားမိခဲ့သည့် အကြိမ်များလည်း မနည်းတော့။

ဘာလင်သို့ ပြန်ရောက်လာသော ဂျာမန်သူလျှိုအေးဂျင့်များကို ကနားရစ်က ကိုယ်တိုင်ကိုယ်ကျ တွေ့ရမှ ကျေနပ်၏။ သူတို့ကိုယ်တိုင် နှုတ်မှပြောသော သတင်းများကို နားထောင်တတ်သည်။ သူတို့ပြောသမျှ သတင်းမှာ သူသိထားပြီးသားပင်ဖြစ်ဖြစ် ရှည်လျားသည်ပဲဖြစ်ဖြစ် စိတ်ဝင်စားစွာ ခေါင်းတညိတ်ညိတ်နှင့် . . . .

'မင်းတို့ပြောသမျှ အားလုံးဟာ ငါ့အတွက် စိတ်ဝင်စားစရာ အကောင်းဆုံးပဲ'

ကနားရစ်က သို့ကလို ချီးကျူးစကားပင် ဆိုတတ်သည်။

ဂျာမနီတွင် နိုင်ငံခြားထောက်လှမ်းရေး သတင်းစုဆောင်းခြင်းလုပ်ငန်းနှင့်ပတ်သက်သော အဓိက ထောက်လှမ်းရေးစခန်း (၄)ခု ရှိ၏။

ကိုနစ်ဘတ်မြို့ရှိ ထောက်လှမ်းရေးဌာနခွဲက ရုရှားပြည်ကို တာဝန်ယူရသည်။

မြူးနစ်မြို့ရှိ ထောက်လှမ်းရေးဌာနခွဲက ဘော်လကန်ကျွန်းဆွယ်နှင့် မြေထဲပင်လယ် ဒေသတစ်ဝိုက်ရှိ နိုင်ငံများကို တာဝန်ယူသည်။

ကိုလုံးမြို့ရှိ ထောက်လှမ်းရေးဌာနခွဲက ပြင်သစ်နိုင်ငံကို တာဝန်ယူရသည်။

ဟမ်းဘတ်မြို့ရှိ ထောက်လှမ်းရေးဌာနခွဲက ဗြိတိသျှကျွန်း တောင်မြောက်အမေရိကနှင့် စကင်ဒီနေးဗီးယား (နော်ဝေ၊ ဆွီဒင်)နိုင်ငံများကို တာဝန်ယူရသည်။

နောင်အခါ ပေါ်ပေါက်လာသည့် အဖြစ်အပျက်များမှ ကနားရစ်သည် မြို့တော် ၆ ခုတွင်သာ မိမိ၏ ထောက်လှမ်းရေးစခန်းများကို တိုးချဲ့ဖွံ့ဖြိုးစေချင်သည့် ဆန္ဒရှိကြောင်း ပေါ်လွင်သည်။ မဒရစ်၊ ဘန်း (ဆွစ်နိုင်ငံ) အင်ကာရား (တူရကီ) အော့စလို၊ ဘူဒါပတ်၊ (ဟန်ဂေရီ)မြို့တော်များဖြစ်သည်။

သည်မြို့တော် ၆ ခုတွင် ထောက်လှမ်းရေးစခန်းများအား တိုးချဲ့ဖွင့်သည့်ရေရှည်တွင် တန်ဖိုးရှိလာနိုင်သည်။ ယင်း ၆ မြို့ကို မည်သည့်ဘက်ကမှ သိမ်းပိုက်လိမ့်မည် မဟုတ်။ သို့မှသာ သတင်းသယ်ယူသူ၊ သံတမန်ဝန်ထမ်းများနှင့် ကုန်သည်များ





က ဝင်ချည်ထွက်ချည် လုပ်နိုင်သည်။ ကနားရစ်က မြို့တော် ၆ ခုတွင် ပုပ်ရဟန်းမင်းကြီးအုပ်စိုးရာ ဗာတီကန်ကို ထည့်သွင်းသတ်မှတ်ခဲ့၏။ 'ဗာတီကန်'က သီးခြား အချက်အခြာအုပ်ချုပ်မှုအာဏာရှိသည်။ ဗာတီကန်တွင်လည်း စကားဝှက်နှင့်၊ ကမ္ဘာအနှံ့ သံတမန်ကိုယ်စားလှယ်များနှင့်။

ခေတ္တခဏ ရေတိုစီမံကိန်းအဖြစ် ဘရပ်ဆဲလ် (ဟော်လန်)၊ ဝါဆော (ပိုလန်)၊ ဆိုဖီယာ (ဘူလ်ဂေးရီးယား)၊ ဘူခါရက်စ် (ရူမေးနီးယား)၊ ဟိဂ် (နယ်သာလန်)နှင့် ပဲရစ်မြို့များ၌ပါ ထောက်လှမ်းရေးစခန်းများ ထားရှိရန် ကနားရစ်က ထည့်သွင်းသတ်မှတ်ထား၏။

အကယ်၍ ဂျာမနီက စစ်တိုက်ခိုက်လျှင် အဆိုပါမြို့တော် ၅ ခု မှာ အသီးအခြား အဆက်အသွယ်ပြတ်နေသော မြို့များဘဝသို့ ရောက်ကောင်းရောက်ပေလိမ့်မည်။ သို့မဟုတ် ဂျာမန်တပ်များက သိမ်းပိုက်ခြင်းခံရကောင်း ခံရပေလိမ့်မည်။ သို့ဆိုလျှင် အဆိုပါမြို့များမှာ ကနားရစ်အတွက် လုံးဝအသုံးဝင်တော့မည်မဟုတ်။ အင်း သူ့အဖို့ မမျှော်မမှန်းဘဲ ပြန်ခြောက်မည့်အဖြစ်သို့ပင် ရောက်ကောင်း ရောက်သွားနိုင်၏။

သည်မြို့ ၅ မြို့တွင် ထောက်လှမ်းရေးစခန်းများ ထားရှိရန်မှာ အန္တရာယ်များသည်ဟုပင်ဆိုဆို ကနားရစ်ကမူ အကယ်၍ ဂျာမနီနိုင်ငံက စစ်တိုက်ခိုက်ခဲ့လျှင် ရည်မှန်းဟာလုပ်ငန်းအတွက် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရန် မြို့တိုင်းတွင် အင်အားတောင့်တင်းထားစေခဲ့၏။

၁၉၃၉–ခု၊ ၁၉၄၀–ခုနှစ်များက ပိုလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများတွင် လှုပ်ရှားမှုနှိမ်သမျှကို ဂျာမန်တို့က အားလုံးသိရှိပြီးသား။

ထောက်လှမ်းရေးသူလျှိုများအတွက် ကနားရစ်က ဂျာမန်အရန်တပ်မှ အရာရှိများ ပညာတတ်အသိုင်းအဝန်းမှ ဂရုတစိုက်ဖြင့် စုဆောင်းစည်းရုံး သိမ်းသွင်းခဲ့၏။ စင်စစ် သည်လုပ်ငန်းသည်လည်း လွယ်ကူလှသည်တော့ မဟုတ်။ စည်းရုံးသိမ်းသွင်းမှု တစ်ဦးချင်းကို ဂက်စတာပိုက အသေအချာ စစ်ဆေး၏။ နာဇီဆန့်ကျင်ရေးသူများကို သွင်းမိသည့်အတွက် မိမိအား အပြစ်တင်မည်ကိုမူ ကနားရစ်က မခံချင်။

၁၉၃၇–ခုနှစ်တွင်၊ ကနားရစ်၏ ထောက်လှမ်းရေးအဖွဲ့အစည်းသည် အင်အား ၃၀,၀၀၀ မျှ ရှိခဲ့သည်။ ထိုအထဲတွင် အရာရှိဦးရေမှာ ၈၀၀ ရှိ၏။ ထောက်လှမ်းရေးအဖွဲ့အတွက် အဆိုပါနှစ်က ရသုံးငွေသတ်မှတ်ချက်မှာ မတ်ငွေ ၃၁ သိန်း (ဒေါ်လာလင်ပေါင် ၂,၆၀၀,၀၀၀) ရှိခဲ့၏။

သည်အခိုက်တွင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကလည်း ဂျာမန်တို့နည်းတူ ယုံကြည်လောက်သည့်သူတန်းစား အလွှာများကိုသာ စည်းရုံးသိမ်းသွင်းခဲ့၏။ ကုန်သည်များ၊ အလုပ်မလုပ်သော လူကုံထံများ၊ ဘဏ်လုပ်ငန်းရှင်များ၊ ငွေကုန်သည်ပွဲစားများ သူကောင်းမျိုးနွယ်ဆက်များ၊ သည်အလွှာဝင် ပုဂ္ဂိုလ်ကြီးများက တောနယ်တွင် သီးခြားစံအိမ်ကြီးများနှင့် အခမ်းအနား နေနိုင်ကြ၏။ ရန်သူ၏ပုံးအန္တရာယ်မှ ကင်းကင်းရှင်းရှင်း အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေကြသူများဖြစ်၏။

သည်သို့သော လုပ်ငန်းများအတွက် ဂျာမန်တို့တွင်လည်း လုံခြုံရေးစိတ်ချရသော ရဲတိုက်ကောင်းကြီးများရှိ၏။

ဂျာမန်ထောက်လှမ်းရေး စခန်းတွင်ပဲဖြစ်ဖြစ်၊ ဗြိတိသျှထောက်လှမ်းရေးစခန်းတွင်ပဲဖြစ်ဖြစ်၊ ထောက်လှမ်းရေးအရာရှိတစ်ဦးချင်း၏ တာဝန်ဝတ္တရားများ ထပ်နေသည်များ ရှိနေတတ်သည်။ အချင်းချင်း မနာလိုဝန်တိုစိတ် ပွားသည်များလည်း ရှိမည်မှာအမှန်။

သည်စဉ်က ထောက်လှမ်းရေးတာဝန်ယူနေသော အင်္ဂလန်နိုင်ငံ မြေရှင်ပဒေသရာဇ် မိသားစုအချင်းချင်း ရန်များနေကြသည်မှာ 'နှင်းဆီစစ်ပွဲ' *(War of Roses)* ခေတ်တစ်ခါက နှစ်ပင်မခြား။ ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ရန်သူဂျာမန်ကို စစ်တိုက်နေသည်နှင့်ပင် မတူတော့။ အချင်းချင်း ရန်စောင်နေတတ်ကြ၏။ ရံဖန်ရံခါ ပြင်းပြင်းထန်ထန် ဖြစ်တတ်သေးသည်။

စစ်ကြီးအပြီး ဂျာမန်ထောက်လှမ်းရေးမှ မသေမပျောက် အသက်ရှင်လွတ်မြောက်ခဲ့သူများထဲမှ ထိပ်တန်းအရာရှိကြီးများဖြစ်သူ 'ဗိုလ်ချုပ်ကြီး လဟိုဆင်'က ဂျာမန်ထောက်လှမ်းရေးအဖွဲ့တွင်လည်း အလားတူ အချင်းချင်း ဆော်ကြနက်ကြသည်များ ရှိခဲ့ကြသည်ဆို၏။ ဂျာမန်ထောက်လှမ်းရေးအဖွဲ့နှင့် ဂက်စတာပိုမှာ အစဉ်ထာဝရ ရန်ဘက်များ ဖြစ်ခဲ့ကြ၏။

စစ်ကြီးမှာ စတင်တိုက်ရမည်မကြသေး၊ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့တို့က တစ်ဦးနှင့်တစ်ဦး အပြိုင်ဉာဏ်ကစားနေသော အကြီးအကဲများအပြင် လိုလေသေးမရှိအောင် ထောက်ပံ့ပေးသောငွေများ လက်ဝယ်တွင်ရှိနေကြသောကြောင့် တစ်ဘက်နှင့်တစ်ဘက် အပြိုင်အဆိုင် သတင်းနှိုက်နေကြလေပြီ။

သည်သို့သောလုပ်ငန်းမှာ အချို့အတွက် သမာအာဇီဝဖြစ်သော အလုပ်ဖြစ်ကောင်းမှ ဖြစ်ပေလိမ့်မည်။

သည်လုပ်ငန်းတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ရသူများသည်လည်း သာမန်အလုပ်ဖြင့် အသက်မွေးမြူလုပ်ကိုင်ရန် ခက်ခဲရလောက်အောင် ဘဝပျက်ခဲ့သူများသာ ဖြစ်ကျန်ရစ်တော့၏။

စင်စစ် စပိုင်သူလျှိုတမန်တို့ အပြိုင်ဉာဏ်ကစားကြပြီဆိုပါက ဝတ္ထုထဲတွင် စိတ်ကူးယဉ်ယဉ် ဖော်ပြသည်ထက်ပင် ပိုမို ထူးထွေဆန်းကျယ်၏။

"စိတ်ကူးယဉ်ဝတ္ထုတွေထဲမှာ ခင်ဗျားတို့ ဖတ်ဖူးတာမှန်သမျှဟာ ဘယ်သောအခါမှ တကယ့်အဖြစ်အပျက်နဲ့ နှိုင်းယှဉ်နိုင်လိမ့်မယ် မထင်ဘူး"

အင်ကာရာမြို့မှ ဗြိတိသျှသံမှူးတစ်ဦးက နောင်သောအခါတွင်မှ ကျွန်တော်အား ပြောပြဖူးသည်။

"စစ်ကြီးကာလအတွင်းမှာ ကျုပ်တို့ ဗြိတိသျှသံရုံးတိုင်းမှာ ဂျာမန်သူလျှိုတစ်ဦးစီ ရှိနေမှာသေချာတယ်။ အဲ ဂျာမန်သံရုံးတိုင်းမှာလည်း ကျုပ်တို့ဘက်တော်သားတစ်ဦးစီ ရှိတယ်ဆိုတာ ကျုပ်ပြောရဲတယ်"

မှန်သည်။

ဗြိတိသျှသံမှူးက 'စီဆာရိုစစ်ဆင်ရေး *(Operation Cicero)*'ကို ရည်ညွှန်း၍ ပြောလိုဟန်တူ၏။

➡ ◆ ⬅ ◆ ➡







www.burmeseclassic.com

www.burmeseclassic.com

# ( ၉ )

၁၉၃၉–ခု၊ မတ်လ။

ချက်နိုင်ငံ၏ ပရပ်မြို့တော်ကို ဂျာမန်တို့က သိမ်းပိုက်လိုက်၏။

စစ်ကြီးဖြစ်လာတော့မည်မှာ အနေးနှင့်အမြန်သာ။

သည်စဉ်က ကနားရစ်တစ်ယောက် စိတ်ပျက်လက်မှိုင်ချနေသည်ကို 'လဟိုစင်'က မှတ်မိနေသေး၏။

ဂျာမန်စစ်တပ်များက 'ဘိုဟီးမီးယား' *(Bohemia)*နယ်တွင်းသို့ လှိမ့်ဝင်သွားချိန်တွင် ကနားရစ်က ဗိုလ်မှူးကြီးလွန်ဂျင်။ တပ်ရေးဗိုလ်ကြီးတို့ လိုက်ပါလျက် ထောက်လှမ်းရေးအတွက် အကျိုးကျေးဇူးတစ်ခုခုကို ရလိုရငြား နောက်ပါးမှ ထပ်ကြပ်မကွာ လိုက်ခဲ့၏။

ခရီးသွားရင်း ကနားရစ်က မိမိအထင်အတွေးကို အတူပါသူများအား ထုတ်ဖော်ပြောပြ၏။

ချက်နိုင်ငံသားတွေက ဒီအဖြစ်ကို အသာတကြည် လက်ခံမှာမဟုတ်ဘူး။ ပြန်တိုက်မှာ . . . ။

သို့ရာတွင် ချက်နိုင်ငံက ပြန်လည်ပစ်ခတ်တိုက်ခိုက်မည့် နေ့ရက်က ကျော်လွန်ခဲ့လေပြီ။ ၁၉၃၈–ခုနှစ်တွင် ဩစတြီးယားနိုင်ငံကို သိမ်းပိုက်ပြီးသည့်အချိန်မှစ၍ တောင်ဘက်ခြမ်းမှာ အဆီးအတားမရှိ လမ်းပွင့်ခဲ့လေပြီ။ ဆူဒီတန်လန် ဂျာမန်ဒေသ





အား နာဇီဂျာမနီတို့သို့ ပဋ္ဌာဆက်ခဲ့ပြီးသည့်အချိန်မှစ၍ ချက်နိုင်ငံအတွက် သဘာဝ ခံရန်အတားတစ်ခု လက်လွှတ်ဆုံးရှုံးခဲ့၏။

ချက်နိုင်ငံအဖို့ အဘယ်သို့ ပြန်လည်ပစ်ခတ် တိုက်ခိုက်နိုင်ပါ အံ့တော့နည်း။

အဘယ်မှာလျှင် ကြံကြံခံ ရပ်နိုင်ပါတော့အံ့နည်း။

မကြာပါ။

မီမဲလ် *(Memel)* ဒေသကိုပါ ဂျာမန်တို့က သိမ်းပိုက်လိုက်ပြန်သည်။

သည်တွင် ဘော်လ်တစ်ပင်လယ်ကမ်းခြေ ဒေသနိုင်ငံများ၏ တည်တံ့ရေးသည်ပင်လျှင် ဗြိတိန်၊ ပိုလန်နှင့် ရုရှားနိုင်ငံများအဖို့ သောကပွား၊ ဗျာများစေသည်မှာ အမှန်။ သို့ရာတွင် အဆိုပါနိုင်ငံများက သည်အရေးတွင် မည်သို့သော အကျိုးစီးပွား ရှိခြင်းကြောင့်၊ ဤသို့စိုးရိမ်ရသည်ကို ဗိုတိပပ မသိခဲ့ရ။ တစ်နိုင်ငံက၊ ကျန်နှစ်နိုင်ငံ၏ အကျိုးစီးပွားနှင့် ထပ်တူထပ်မျှ တူနိုင်မည်တော့မဟုတ်။

၁၉၃၉–ခု၊ ဧပြီ ၃၀ ရက်နေ့။

ဗြိတိန်နိုင်ငံက ပိုလန်နိုင်ငံအား အာမခံချက်ပေးခဲ့၏။ သို့ကြောင့် ဥရောပအဖို့ အခိုက်အတန့်တွင် အသက်ရှူချောင်ခွင့်ရခဲ့၏။

မည်သို့ဆိုစေ ပိုလန်နိုင်ငံသည် နောက်တစ်ချိန်တွင် ဂျာမန်ကို သိမ်းပိုက်ခံရမည့် အန္တရာယ်မှ မလွတ်နိုင်။ အသိမ်းခံရမည့်မှာ သေချာ၏။ နိုင်ငံအများက ပိုလန်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးရေးဝါဒကို စွန့်လွှတ်ခဲ့ကြလေပြီ။

ဂျာမန်တို့က ပိုလန် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးကြီးဂျိုးဇက်ဘက်ကို မိမိတို့က ငွေပေးလာဘ်ထိုးခဲ့သည်ဟူသော ကောလာဟလသတင်းကို ဖြန့်ခဲ့ကြ၏။

လုပ်ငန်းစဆောင်ရွက်ပြီးသည်နှင့် ဗြိတိန်ဝန်ကြီးချုပ် ချိန်ဘာလိန်နှင့် နိုင်ငံခြားဝန်ကြီး လော့ဒ်ဟယ်လီဖက်စ်တို့က တွန့်ဆုတ်ဆုတ်ဖြစ်နေကြသည်။ မတ်လ ၃၁ ရက်မှစ၍ ဩဂုတ်လ ၂၆ ရက်နေ့အထိ ဗြိတိန်နိုင်ငံက ပိုလန်နိုင်ငံအား အာမခံချက်ပေးခဲ့ခြင်းမှာ အတည်ပြုရမည့် အဆင့်တွင်သာ ရှိနေခဲ့။

ဇွန်လ . . . ။

ကနားရစ်က လန်ဒန်သို့ နောက်တစ်ဖန် သူလျှိုအမန်တစ်ဦးကို စေလွှတ်ရန် စီစဉ်ကြံရပြန်သည်။ သည်တစ်ကြိမ်တွင်လည်း ဒေါ်စကာရော၊ ကနားရစ်ပါ ကလိဗ်ကိုပင် မြင်ပြန်သည်။ ဒုတိယမို့ သွားလိုသည့်ဆန္ဒ ရှိမရှိ ကလိဗ်ကို မေးကြသည်။

သို့ရာတွင် သည့်တစ်ခေါက် သွားရသော်လည်း မည်သို့မှ အကျိုးထူးလိမ့်မည် မဟုတ်ဟု ကလိဗ်က ကြိုတင်သိပြီးသား . . . ။

'ကျုပ်တို့ဘက်က ဘာများ အကျိုးပြုစရာရှိသလဲ။ ဒီတစ်ကြိမ်တော့ လာ ပြည်းသက်သက်နဲ့ ကျုပ်မသွားနိုင်ဘူး''

'ကလိဗ်'က သို့ကာလို ပြန်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စစ်ဦးစီးအရာရှိတစ်ဦးဖြစ်သူ ဘွမ်းတပ်တဲလ်ဘက်ချ်အား ကလိဒ်အစား ရွေးချယ်ခဲ့၏။ ပြောင်းလဲနေသော အခြေအနေမှာပင် ဘွမ်းအား ဗြိတိသျှအာဏာပိုင်များနှင့် တိတ်တဆိတ် သွားတွေ့စေပြန်သည်။ ဘွမ်းသည် စကားပြောရာတွင် ညင်ညင်သာရှိ၏။ ယဉ်ကျေးသိမ်မွေ့၏။ သို့ရာတွင် သူ့ခရီး၏အဖြစ်မှန်ကို ကောင်းကောင်း သိသူ မဟုတ်။

'ဘွမ်း'သည်လည်း ဗြိတိသျှထောက်လှမ်းရေးအကြီးအကဲများ အင်္ဂလိပ်လွှတ်တော်အမတ်များနှင့် တိတ်တဆိတ်တွေ့ခဲ့ရ၏။ ဗြိတိန်နိုင်ငံက ပိုလန်နိုင်ငံဘက်မှ မားမားမတ်မတ်ရပ်မည်ကို အမြွက်မျှပြရန် မေတ္တာရပ်ခံသည်။ တာဝန်ရှိပုဂ္ဂိုလ်များကလည်း ဗြိတိန်နိုင်ငံက သည်အတိုင်း ကျင့်သုံးပါမည်ဟု ရိုးရိုးစင်းစင်း ဖွင့်ပြောခဲ့ကြပါ၏။ သို့ရာတွင် သူတို့ခံစားရသည်ကိုမူ ပြက်ပြက်ထင်ထင် မပြနိုင်ခဲ့ကြ။

ဗြိတိန်နိုင်ငံ အာဏာပိုင်များထံမှ ရေရေရာရာ အဖြေမရခဲ့ဟူ၍သာ 'ဘွမ်း'က သဘောပေါက်ထား၏။

ဗြိတိန်နိုင်ငံက ရုရှားနိုင်ငံနှင့် သဘောတူညီချက်ရရန် ပျက်ကွက်ခဲ့သည် ဆိုပြီးအံ့။

(ဗြိတိန်၊ ရုရှား နှစ်နိုင်ငံ ကိုယ်စားလှယ်တို့ ဆွေးနွေးနေကြသည်မှာ အဘော မသတ်နိုင်ပေ။ တရွေ့ရွေ့နှင့် အချိန်ဆွဲနေဆဲ။)

အကယ်၍ ကမ္ဘာပေါ်တွင် စစ်အင်အား အကြီးဆုံးနှစ်နိုင်ငံဖြစ်သော ဂျာမနီနှင့် ရုရှားနိုင်ငံတို့က ပူးပေါင်း၍ ပိုလန်နိုင်ငံအား ခွဲဝေယူရန် ဆုံးဖြတ်ထားပြီးဖြစ်ပါက ဗြိတိန်နိုင်ငံသည် ပိုလန်နိုင်ငံအတွက် မိုက်မိုက်ကန်းကန်း တိုက်လိမ့်မည်ဟု ဆိုနိုင်ပါမည်လော။

'ဘွမ်း'သည် ဘာမျှ ရေရေရာရာ အောင်မြင်မှုမရှိဘဲလျက် ဂျာမနီသို့ တစ်ခေါက် ပြန်ခဲ့ရချေပြီ။

၁၉၄၅–ခုနှစ်တွင် 'ရိုင်း'တပ်တော်ကြီးက ဂျာမနီနိုင်ငံအတွင်းသို့ ဝင်ခဲ့သောအခါ 'ဒူဆာလ်ဒေါ့ဖ်'ဝန်းကျင် အပျက်အစီးများကြားတွင် ဂျာမန်အရာရှိ အများအပြားနှင့်အတူ ဗိုလ်မှူးကြီး 'ဘွမ်း'ကိုပါ အရှင်ဖမ်းမိရရှိခဲ့၏။

'ဘွမ်း'က အကယ်၍ ဗြိတိသျှတို့ဘက်ကသာ ပိုလန်နိုင်ငံဘက်မှ မားမား မတ်မတ်ရပ်ရန် ဆန္ဒပြင်းပြခဲ့လျှင်၊ ၁၉၃၉–ခုနှစ်၊ ဩဂုတ်လတွင် ဗိုလ်ချုပ်ကြီး ဟောလ်ဒါက ဟစ်တလာအား ဖမ်းချုပ်ရန် အသင့်ရှိနေကြောင်း ပြည်သူ့ဆက်ဆံရေးဌာနခွဲမှ ဗြိတိသျှဗိုလ်မှူးကြီးတစ်ဦးအား ပြောပြသည်။

သို့ရာတွင် ဗြိတိသျှဗိုလ်မှူးကမူ မယုံတစ်ဝက် ယုံတစ်ဝက် . . . ။

ဟစ်တလာအား ဖမ်းချုပ်ပြီး စစ်ကြီးကို တားဆီးရန် ရည်ရွယ်ချက်ရှိသည်မှာ အမှန်။ ဂျာမန် ဗိုလ်ချုပ်ကြီးများက လက်တွေ့ကျင့်သုံးနိုင်ရန် ဗြိတိသျှတို့ဘက်က





ယခင့်ယခင် အခါများထက် ထင်ထင်ရှားရှားသိစေဖို့ လိုအပ်ပေမည်။

ဗြိတိသျှနှင့် ဂျာမန်၏ စိတ်နေစိတ်ထား မတူခဲ့ကြ။

အကယ်၍ ပိုလန်နိုင်ငံအား ဂျာမန်တပ်များက တိုက်ခိုက်လျှင် ဗြိတိသျှကလည်း ဝင်တိုက်လိမ့်မည်ဟု အင်္ဂလန်တွင် မည်သူကမျှ သံသယမရှိ။

ထို့အတူပင် ဗြိတိန်နိုင်ငံက ပိုလန်တို့ဘက်မှ ဝင်တိုက်လိမ့်မည်ဟု ဂျာမနီနိုင်ငံတွင်လည်း ဘယ်သူကမျှ မထင်ကြ။

ဂျာမနီရှိ ဗြိတိန်နိုင်ငံအား လိုလားသူ မိတ်ဆွေများကပင်လျှင် ဗြိတိသျှတို့၏ အပြုအမူ သဘောထားကို မယုံတော့။

ကနားရစ်က သည်အချိန်တွင်မှ စိတ်ကူးပေါ်ခဲ့သည်။ စစ်အတွက် ပြင်ဆင်မှုများပြီး၍ ဩဂုတ်လ ၂၆ ရက်နေ့အား နောက်ဆုံး စစ်ဆင်မည့်နေ့အဖြစ် သတ်မှတ်ကြောင်းသိလျှင် သည်အကြိမ်တွင် ဗြိတိန်နိုင်ငံက သေချာပေါက် တိုက်လိမ့်မည်ဖြစ်ကြောင်း စစ်ဦးစီးဌာနချုပ်သို့ အစီရင်ခံ၏။

မြူးနစ် အရေးအခင်း ဖြစ်စဉ်ကလည်း ကနားရစ်၏ ခန့်မှန်းချက်များမှာ ပါဝင်အောင်လွဲခဲ့၍ ယခုတဖန် တင်ပြချက်ကိုပါ ဗိုလ်ချုပ်ကြီးများက လက်မခံနိုင်ခဲ့။ ကနားရစ် တင်ပြချက်ကို ပယ်ချခဲ့ကြသည်။

မည်သို့ဆိုစေ ကနားရစ်ကမူ မိမိအယူအဆ ထင်မြင်ချက်မှ တစ်ပြားသားမှ အလျှော့မပေး။

ဩဂုတ်လဆန်းပိုင်းတွင် ကနားရစ် အထင်မှာ မှန်တော့မည့်ယောင်ယောင်။

အကယ်၍ ဗြိတိသျှတို့ကသာ ပိုလန်နိုင်ငံအား အာမခံချက်ပေးခဲ့ခြင်းကို အတည်ပြုခဲ့လျှင်၊ ဗြိတိသျှတို့က ရုရှားနှင့် နားလည်မှုရခဲ့လျှင် ငြိမ်းချမ်းရေးကို ကယ်တင်နိုင်မည်အမှန်။

ထိပ်တန်း လျှို့ဝှက်ချက်များနှင့် ပတ်သက်၍ ဗြိတိသျှတို့ထံမှ တီးခေါက်ရနိုင်ကောင်း၏။ သို့တည်းမဟုတ် ယုတ်စွအဆုံး ဗြိတိသျှတို့နှင့် သဘောထား မတိုက်ဆိုင်ဟု ဆိုနိုင်ကောင်း၏။ ချက်နိုင်ငံအရေးအခင်းက ကနားရစ်ကို ကောင်းကောင်း ပညာပေးခဲ့သည် မဟုတ်ပါလား။

၁၉၃၉–ခု၊ ဇွန်လလယ်ခန့်တွင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့သို့ ပို့ခဲ့သော လျှို့ဝှက်အဆက်အသွယ် လုပ်ရပ်နှစ်ခုနှင့်ပတ်သက်၍ ကနားရစ်နှင့် သူ့လက်ထောက် 'ဓာဂုစတာ'ကိုပါ အသိမပေးချေ။

တစ်ခုမှာ 'ရီဗန်ထရော့ပ်'က ရုရှားနှင့် လျှို့ဝှက်စွာ အဆက်အသွယ်လုပ်ဆွေးနွေးနေသည်ဆိုသော သတင်း။ နောက်တစ်ခုမှာ ဟစ်တလာက ဩဂုတ် ၂၆ ရက်နေ့ နောက်ပိုင်း မကြာမတင်မှာပင် ပိုလန်နိုင်ငံအား တိုက်ခိုက်မည်ဆိုသော သတင်း။



www.burmeseclassic.com

www.burmeseclassic.com



သည်သတင်းများကို ယူဆောင်ခဲ့သူ ဂျာမန်တစ်ဦးနှင့် စကားပြောခွင့် ကြုံခဲ့ရသည်။ အဆိုပါ ဂျာမန်သည် ကနားရစ်၏ မိတ်ဆွေရင်းချာတစ်ဦး ဖြစ်သည်ဟု ဝန်ခံခဲ့ခြင်းကို စိတ်ဝင်စားစရာ ဖြစ်ခဲ့၏။

ရုရှားနှင့် တိတ်တဆိတ် ဆွေးနွေးကြသော ဂျာမန်ကိုယ်စားလှယ်အဖွဲ့မှ 'ဗေရွန်ဝေဇက်စကာ'က လန်ဒန်မြို့ရှိ ဂျာမန်သံမှူး 'အီရစ်ကော့ဒ်'မှတစ်ဆင့် 'ဆာရောဘတ်ဗန်စစ်တတ်'သို့ သတင်းပေးခဲ့၏။

သည်အကြောင်းများကို မဟာမိတ်တို့က 'ဗေရွန်ဝေဇက်စကာ'အား ရုံးတင်စစ်ဆေးစဉ်က ထုတ်ဖော်ခဲ့၏။

ဂျာမန်စစ်ဦးစီးဌာနချုပ်က 'ဗိုလ်ချုပ်ကြီးကောင်စက်ချ်ဝီရင်'အား လန်ဒန်မြို့သို့ စေလွှတ်ခဲ့ပြန်သည်။ 'တွမ်း'ထက်ပို၍ အရေးပါသော ပုဂ္ဂိုလ်ကြီးဖြစ်သည်မှာ မှန်၏။ သို့ရာတွင် တိတိပပ မြွာန်းပေးထားသော အဆိုများမပါခဲ့၍ သူ့ပင်လျှင် အချည်းနှီး တစ်ခေါက်သွားရပြန်သည်။

ရုရှား ဂျာမန် အကြိုဆွေးနွေးညှိနှိုင်းပွဲမှာ ဖွန်လလယ်မှ ဩဂုတ်လ ၁၅ ရက်ထိ အချိန်ကြာခဲ့၏။ နောက်ဆုံးအကြိမ်မှ အပြီးသတ်ဆွေးနွေးရန် 'ရိဗန်ထရော့ဗ်'က မိမိကိုယ်တိုင် မော်စကိုသို့သွားမှ ဖြစ်မည်ဟု ဆိုခဲ့၏။

ဂျာမန်က သည်ကိစ္စပြီးလျှင်ပြီးချင်း ရုရှားနိုင်ငံအား မတိုက်မခိုက်ပါဟူသော အာမခံချက်ကိုလည်း ရယူလိုသည်။

သို့ကြောင့်ထင်သည်၊ မိုလိုတော့ဗ်က ဗြိတိသျှနှင့် ပြင်သစ်ကိုယ်စားလှယ်များအား မော်စကိုတွင်ပင် စောင့်နေစေခဲ့၏။

ဩဂုတ်လ တတိယသတင်းပတ်တွင် ဂျာမနီနိုင်ငံက မည်သို့သော အခြေအနေတွင် မည်သည့်မဟာမိတ်နှင့် လက်တွဲ၍ စစ်တိုက်တော့မည်ကို မည်သူ တစ်ဦးတစ်ယောက်မျှ တိတိပပ ပြောနိုင်စွမ်း ရှိအံ့မထင်။

အခြေအနေ အနယ်မထိုင်၊ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေချိန်တွင်မှ အီတလီက ပါဝင်ပတ်သက်လာခြင်းမှာ ရယ်စရာပင် ကောင်းသေးတော့။

အီတလီနိုင်ငံက ဂျာမနီနိုင်ငံနှင့် စစ်မဟာမိတ်ဖွဲ့စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ နောက်ဆုံးနှစ်အတွင်း စစ်ဖြစ်မည် မဟုတ်ဟူသော နားလည်မှုဖြင့် သို့ကလို စစ်မဟာမိတ်စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဇွန်လတွင် မင်းသားကြီးကိုင်နို *(Count. Caino)*က ဂျာမနီနိုင်ငံအတွက် ရုရှားနှင့် ဂျာမနီ မကျူးကျော်ရေးစာချုပ် ချုပ်ဆိုနိုင်ရန် ရုရှားနိုင်ငံအား ချဉ်းကပ်ပေးရန် သဘောတူသည်။

စင်စစ် သည်သို့လျှင် ဂျာမနီအား ရုရှားနှင့် မကျူးကျော်ရေးစာချုပ် ချုပ်ဆိုပေးခြင်းဖြင့် စစ်ကြီးဖြစ်ရန် ပိုမိုမြန်ဆန်စေလိမ့်မည်ဖြစ်ကြောင်း မင်းသားကြီး ကိုင်နို





မသိ၍ မဟုတ်၊ သိပါ၏။

စစ်ကြီးဖြစ်တော့မည်ကို မင်းသားကြီးကိုင်နိုက ဩဂုတ်လ ဒုတိယသတင်းပတ်တွင် ဘာချက်ဂါဒင်သို့ ရေကြီးသုတ်ပျာသွားခဲ့သည့် အချိန်ထိ မသိခဲ့။ စင်စစ် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က မင်းသားကြီးကိုင်နို မသိမီကပင် သိပြီးသား။

ဩဂုတ်လ ၁၀ ရက်နေ့တွင် ကနားရစ်က 'ဆိုဗာဖယ်လ်ဘတ်'တွင် ရောက်နေသည်။ 'ရိဗန်ထရော့ဗ်'နှင့်တွေ့ဖို့ 'ဖွတ်ရှိုရဲတိုက်'ကြီးသို့ သွားရန် ဆုံးဖြတ်ထားပြီးဖြစ်၏။ နိုင်ငံခြားဝန်ကြီး 'ရိဗန်ထရော့ဗ်'က မြေထဲပင်လယ်တွင် ဖြစ်ပေါ်လာမည့် ရေတပ်တိုက်ပွဲကြီးများအကြောင်း ပြောရင်း ဆိုရင်း နေ့လည်စာတည်ခင်းကျွေး ကနားရစ်အား ဧည့်ခံသည်။ အီတလီ ရေငုပ်သင်္ဘောကို ရာဖြင့်ချီ၍ မြေထဲပင်လယ်တွင် လွှတ်ရှားမည်ဖြစ်ပြီး ဗြိတိသျှရေတပ်က မြေထဲပင်လယ်ကို မဝင်ရန် ဝိတ်ဆို့ထားလိမ့်မည်ဟုလည်း ပြောပြသေး၏။

သည်သို့ ပြောဆိုကြသည်ကို ကနားရစ်က ဂရုတစိုက် နားထောင်မည်သာ၊ စိတ်ပါဝင်စားစွာဖြင့် ခေါင်းတညိတ်ညိတ်နှင့် . . . ။

သို့သော် ဖွတ်ရှိုရဲတိုက်ကြီးမှ ကားမောင်းအပြန်တွင် ကနားရစ်က မိမိတပ်ရေးဗိုလ်ကြီးအား သည်သို့လျှင် မှတ်ချက်ချခဲ့လေသည်။

'မြေထဲပင်လယ်မှာ တိုက်ပွဲကြီး စတင်ဖြစ်တဲ့အခါမှာ မင်းနဲ့ငါ နှစ်ယောက်သား ဖောင်ပေါ်တက်ထိုင်ကြပြီး အီတလီလူမျိုးတွေ ခေါင်းရိုက်ခွဲခံရတာကို မိန့်မိန့်ကြီး ကြည့်ကြစို့ရဲ့'တဲ့။

နောက်သတင်း၊ တစ်ပတ်အကြာ ဘာလင်မြို့တွင် (ရုရှား ဂျာမန် မကျူးကျော်ရေး စာချုပ်ကလည်း အပြီးမသတ်ရသေး၊ အခွေအငွေ့တစ်လှန့်မှုကလည်း ၉ ရက်မျှအကြာ ပြီးလုဆဲဆဲရှိချိန်) ကနားရစ်သည် ဗိုလ်ချုပ်ကြီးကေတဲလ်အား မြင်ရ ပြန်သောအခါ မိမိအကြီးအကဲလောက်ပင် ကြောက်စရာမရှိဟု မြင်လာရသည်။

ဖြူဖြူတုတ်တုတ် ရှင်ရှင်ပျပျ မျက်နှာထားတွင် ပြာလဲ့လဲ့မျက်လုံးနှင့် ဖြောင့်ဖြောင့်မတ်မတ်ရှိသော ဗိုလ်ချုပ်ကြီးကေတဲလ်သည် ဘာဆိုဘာကိုမျှ စဉ်းစားဟန်မရှိ။

ဗိုလ်ချုပ်ကြီးကေတဲလ်နှင့် စကားလက်ဆုံကျခဲ့ရသည်ကို ကနားရစ်က မှတ်စုစာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။

(စစ်ကြီးအပြီးတွင် ကြီးလေးကြီးနိုင်ငံများမှ ထောက်လှမ်းရေးအဖွဲ့များက အဆိုပါ မှတ်တမ်းစာအုပ်ကို ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ရ။)

သို့ရာတွင် ၁၉၃၉-ခု ဩဂုတ်လ ၁၇ ရက်နေ့က မှတ်တမ်းစာအုပ်တွင် ကနားရစ် ရေးမှတ်ခဲ့သည်ကို အမှတ်မထင် ကူးယူထားခဲ့ပြီး ဗိုလ်ချုပ်ကြီး လက်စင်က သိမ်းဆည်းထားခဲ့မိ၍သာ အပြည့်အစုံ သိခွင့်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



၁၇-၈-၁၉၃၉

ဗိုလ်ချုပ်ကြီးကေတဲလ်နှင့် တွေ့ဆုံဆွေးနွေးရခြင်း . . .

လျှို့ဝှက်ရဲအဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ ဂျော့စ်နှင့် စကားပြောဆိုခဲ့ရသည်များကို ဗိုလ်ချုပ်ကြီးကေတဲလ်အား သတင်းပို့ခဲ့သည်။ ကေတဲလ်က (ဟင်းမလား)သည် စစ်ဆင်ရေးစီမံကိန်းတွင် မိမိ မပါဝင် မပတ်သက်လိုကြောင်း၊ ဟစ်တလာကိုယ်တိုင်က ပေးအရစ်ချ်အတွက် ပိုလန်စစ်တပ်စစ်ဝတ်စုံ ယူနီဖောင်းများ ရှာပေးရန် ညွှန်ကြားခဲ့ခြင်းမှလွဲ၍ ဘာမျှ အသိမပေးခဲ့ကြောင်းဖြင့် ဆို၏။ ကျွန်တော်က စစ်ဦးစီးအဖွဲ့အား ယခုကဲ့သို့ အသိပေးပြောပြခြင်းကို သဘောတူလက်ခံသည်ဟု ဆို၏။ သည့် စစ်ဆင်ရေးကိုလည်း မိမိက အထင်မကြီးကြောင်း၊ အကယ်၍ ဟစ်တလာကိုယ်တိုင် အသိနဲ့ ပေးခဲ့ပြီးဖြစ်လျှင်လည်း မိမိအနေဖြင့် မေးမြန်းရန်လည်း မမြင်ကြောင်း၊ သည်သို့သော စစ်ဆင်ရေးအား မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်မည်ကို မိမိအနေဖြင့် ဟစ်တလာအား မေးရန်လည်း မဖြစ်နိုင်ကြောင်းဖြင့် ပြောပြသည်။

ဂျာမန် အကျဉ်းသားများအား ပိုလန်စစ်တပ် ယူနီဖောင်းဝတ်စုံများကို ဝတ်ဆင်စေ၍ မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးမည်သူများကာပါ အသင့်ရှိစေပြီး ဂျာမန်နိုင်ငံတွင်းသို့ ဝင်တိုက်ရန် 'ဟင်းမလား' ၏အကြံအပေါ် ဗိုလ်ချုပ်ကြီးကေတဲလ်၏ သဘောထားများမှာ သို့ကာလိုပင်ဖြစ်၏။ သို့မှသာ ပိုလန်တို့ဘက်က စိတ်တိုတိုနှင့် လက်ဦးမှုရယူကာ ဦးစွာပထမ ကျူးကျော်တိုက်သူဟု စွပ်စွဲနိုင်မည် မဟုတ်ပါလား။

သည်စဉ်အခါက ဗိုလ်ချုပ်ကြီး ကနားရစ်သည် ဘာလင်မြို့ရှိ အီတလီသံရုံး စစ်သံမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ 'ဗိုလ်ချုပ်ကြီးရုတ်တာ' *(Gen. Roatta)*ထံမှ ကြားသိခဲ့ရသည်မှန်သမျှအား မိမိအကြီးအကဲသို့ အကုန်အစင် ပြန်လည်ပြောပြ အစီရင်ခံခဲ့သည်။

(နောင်တွင် ဗိုလ်ချုပ်ကြီးရုတ်တာသည် အီတလီ စစ်ဘက်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲ ဖြစ်လာသည်)။

အီတလီနိုင်ငံက စစ်ကြီးအတွင်းသို့ မိမိတို့အား ဆွဲသွင်းမည်ကို ပါဝင်ရန် ဆန္ဒမရှိကြောင်း ကနားရစ်က သိခဲ့ရ၏။

ကနားရစ်၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် ဗိုလ်ချုပ်ကြီး ကေတဲလ်က . . .

'အကယ်၍ ဒီစစ်ကို မတိုက်လိုဟု မုဆိုလိုနီက ဟစ်တလာအား ရှင်းရှင်းလင်းလင်းပြောခဲ့လျှင် သိပ်ကောင်းမှာပဲလို့ ငါထင်တယ်'

မည်သို့ဆိုစေ သည်စစ်ကြီးတွင် အီတလီနိုင်ငံကပါ ပါဝင်လာဖွယ်ရာရှိသည်ဟု





ကေတဲလ်က ယုံကြည်နေဆဲ။

ထို့ကြောင့် ကျွန်တော်က သည်ကိစ္စမှာ ပြဿနာမဟုတ်ကြောင်း ပြောပြပြီး မင်းသားကြီး ကိုင်နီနှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ရီဗန်ထရော့စ်တို့ ပြောခဲ့ ဆွေးနွေးခဲ့သည်များ၏ မှတ်စုအပြည့်အစုံကို ကေတဲလ်အား ပြန်ပြောပြ၏။

'ကေတဲလ်'က ဟစ်တလာ ပြောပြသည်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါကလားဟု ပြန်ပြောသည်။

အကယ်၍ မုဆိုလိုနီကသာ အီတလီစစ်တပ်အား အသင့်ဖြစ်ရန် အမိန့်ပေးသည့် ပြန်တမ်းစာကို မိမိအားပြလျှင် မိမိက တရားဝင်လက်မှတ် ရေးထိုးပေးလိမ့်မည် မဟုတ်ဟု အီတလီဘုရင်က စပိန်နိုင်ငံဘုရင် 'အဲလ်ဖွန်ဆိုး'သို့ပြောခဲ့သည်ကို မင်းသားကြီး မာရော့ဇ်နာ *(Marozna)*ထံမှ သိခဲ့ရကြောင်း ကျွန်တော်က ပြောပြပြန်သည်။

အာဏာရှင်တစ်ဦး အုပ်ချုပ်သည့် နိုင်ငံတစ်နိုင်ငံပင်လျှင် စစ်နှင့် ရင်ဆိုင်ရချိန်၌ အပြောင်းအလဲနှင့် အချိုးသတ်သည်ကို မြင်ရ၍ စိတ်ဝင်စားဖွယ်ကောင်းကြောင်း ကေတဲလ်က ပြန်ပြောသည်။

'အကယ်၍ ဒီမိုကရေစီနိုင်ငံများတွင် သည်ကဲ့သို့သော ပြဿနာများနှင့် ရင်ဆိုင်ရပါက မည်မျှခက်ခဲလိမ့်မည်နည်း။ စစ်ကြီးဖြစ်လာသော် ဗြိတိသျှတို့က ပါဝင်တိုက်ခိုက်မည်မဟုတ်ဟုသာ' ကေတဲလ်က တထစ်ချ ယုံကြည်နေသည်။

'သည်အယူအဆ မမှန်ကြောင်း ကျွန်တော်က ငြင်းဆိုဆို ပြောပြသည်။ ဗြိတိသျှတို့က ကျွန်တော်တို့ကို ဝိုင်းဝန်းပိတ်ဆို့ပြီး ကျွန်တော်တို့၏ ကုန်တင်သင်္ဘောများကိုပါ ဖျက်ဆီးလိမ့်မည်'ဟု ကေတဲလ်အား ပြောပြသည်။

'ကေတဲလ်က ဂျာမနီနိုင်ငံသည် ရုရှားထံမှ လောင်စာဆီ ရနိုင်၍ ဗြိတိသျှတို့က ပိတ်ဆို့ကာ ကုန်တင်သင်္ဘောများကို ဖျက်ဆီးစေဦးတော့ အရေးမကြီး' ဟု ဆိုပြန်သည်။

'ကျွန်တော်ကလည်း ရုရှားထံမှ လောင်စာဆီရခြင်းသည် အဆုံးအဖြတ်ပေးနိုင်သော အကြောင်းအရာမဟုတ်။ ရေရှည်တွင် ဂျာမနီနိုင်ငံက ဗြိတိသျှတို့၏ ပိတ်ဆို့မှုကို ကြံ့ကြံ့ခံနိုင်လိမ့်မည်မဟုတ်။ အကယ်၍ ဂျာမနီနိုင်ငံက အင်အားသုံးပြီး ပိုလန်နိုင်ငံအား အနိုင်ကျင့်ခဲ့လို့ သွေးထွက်သံယိုမှုများပေါ်ခဲ့လျှင် ဗြိတိန်နိုင်ငံက မိမိတွင်ရှိသမျှ စွမ်းအားကိုသုံး၍ ဂျာမနီနိုင်ငံအား အပြတ်တိုက်လိမ့်မည်ဖြစ်ကြောင်း ပြောပြသည်။

အကယ်၍ ဂျာမန်စစ်တပ်များက ချက်နိုင်ငံတွင်းသို့ ဝင်ခဲ့ပြီး တစ်ဖန် သွေးထွက်သံယိုမှုများ ပေါ်ပြန်လျှင်လည်း ဗြိတိသျှတို့က အလားတူပင် ဝင်တိုက်မည်မှာ သေချာကြောင်း ကေတဲလ်အား ကျွန်တော်ပြောပြသည်။

'ဂျာမနီနိုင်ငံအပေါ် စီးပွားရေးအရ စစ်ဆင်လာခဲ့လျှင် ဖေါ်ပေါက်လာမည့် အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ ကျွန်တော်က ကေတဲလ်အား ရှင်းပြသည်။ ကျွန်တော်တို့တွင်လည်း တုန့်ပြန်ခိုက်ရန် အင်အားက များများစားစား မရှိကြောင်း'



www.burmeseclassic.com

www.burmeseclassic.com



ပါပြောပြသည်။

'ပိုလန်နိုင်ငံအား အနိုင်ရ သိမ်းပိုက်ခဲ့သောအခါ ဂျာမနီနိုင်ငံကို လောင်စာဆီပေးရန် ရုမေးနီးယားနိုင်ငံအား အကြပ်ကိုင်ဖို့ လွယ်ကူပေလိမ့်မည်'ဟု ကေတဲလ်က ဆိုသည်။

'ဘော်လ်ကန် ကျွန်းဆွယ်ဒေသတွင် ဗြိတိသျှတို့က ကြိုးဆင်ဖြင်ဆင်မှုများပြုလုပ်ထားကြောင်းကို ကေတဲလ်အား ပြောပြီး ခုနပြောပြသည့်အတိုင်း အရေးပေါ်လာကလည်း အဆင်သင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားမည်မှာ သေချာကြောင်း ပြောပြ၏။

ဟစ်တလာက ဂျာမန်–ဆိုဗီယက်–ရုရှား သဘောတူစာချုပ်အား လက်မှတ်ရေးထိုးပြီးကြောင်း အတိအလင်းမကြေငြာမီ ဩဂုတ်လ ၂၆ ရက်နေ့ သို့မဟုတ် ရှင်းရက်နောက်ပိုင်းတွင် စစ်စတင်တိုက်မည်ဟူသော သတင်းကို တပ်မှူးများအား ထုတ်ဖော်ပြောပြနိုင်လိမ့်မည်ဟု တွက်ထားပြီးဖြစ်၏။

အဆိုးတကာ့အဆိုးဆုံး သတင်းကို ဦးစွာပထမ ကြေငြာပြီးမှ ဒုတိယ ထုတ်ပြန်သောသတင်းဖြင့် ပထမ သတင်းမှ ဖြစ်ပေါ်မည့် ဆိုးကျိုးကို ပျောက်စေလိမ့်မည်။ တပ်မှူးကြီးများ၏ နှာခံမှုကိုပါ ရယူနိုင်လိမ့်မည်ဟု ဟစ်တလာက ကြိုတင်တွက်ဆထားပြီးသော။

ဩဂုတ်လ ၂၂ ရက်နေ့။

ဟစ်တလာက ဂျာမန်စစ်တပ်မှ ဗိုလ်ချုပ်ကြီးများအား 'ဘာချက်ဂါဒင်'သို့ ကြွခဲ့ကြရန် ဆင့်ခေါ်ခဲ့သည်။ ခန်းမတစ်ခုတွင် စုရုံးစေကာ လက်ထောက်အရာရှိများက ပြောသမျှကို မှတ်စု မမှတ်ကြရန် သတိပေးသည်။ ပြီး . . . ဟစ်တလာက စစ်တိုက်မည့်မိန့်ခွန်းကို အာဘောင်အာရင်းသန်သန်နှင့် ပြောတော့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် စစ်ကြီးကို စတင်တိုက်မည်ဖြစ်ကြောင်း ဟစ်တလာက အတိအလင်း ကြေငြာသည်။

အစကနဦးထဲကပင် ဂျာမနီနိုင်ငံက အနောက်အုပ်စုနိုင်ငံကြီးများအား စစ်တိုက်ရန် သန္နိဋ္ဌာန်ချထားပြီး ဖြစ်သည်ကို အားလုံးက သိထားသင့်သည်ဟု ဟစ်တလာကဆိုသည်။

ပထမခြေလှမ်းအဖြစ် ပိုလန်နိုင်ငံကို ဖျက်ဆီးရပေမည်။ ပိုလန်နိုင်ငံ၏ စွမ်းအင်အားကိုပါ သုဉ်းစေရပေမည်။ နယ်မြေအပိုင်စီးရသည်နှင့် ဂျာမနီက ကျေနပ်နေမှာ မဖြစ်တဲ့ . . . ။

'ဒီစစ်ကို စတင်တိုက်ရတဲ့အတွက် ဘာကြောင့် လိုအပ်တယ်ဆိုတာကို ငါဖြေရှင်း ဆင်ခြေပေးဖို့လည်း အသင့်ပဲ။ အဲ . . . ယုတ္တိတန်ချင်မှ တန်ပေမယ့် အောင်ပွဲခံပြီးတဲ့နောက်မှာတော့ အောင်နိုင်သူဟာ အမှန်ကို ပြောမပြော ဘယ်သူကမှ စောကြောနေကြမှာလဲ မဟုတ်ဘူး'





ဟစ်တလာက လေထွားထွားဖြင့် ပြောနေတော့သည်။ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်ကမူ နောက်ပါးမှ ခပ်ရိုရိုရပ်နေရင်းက မှတ်စုစာအုပ်ဖြင့် မှတ်ချက်ရာမှတ်နေလျက် . . .

'တို့နိုင်ငံကို ပိတ်ဆို့မှာကိုလည်း ကြောက်စရာမလိုဘူး။ အရှေ့ဘက်နိုင်ငံများက ဂျုံ၊ အသား၊ ငါး၊ ခဲနဲ့ သံဖြင်တို့ကို ရနိုင်တယ်။ တို့အကြံကလည်း ကြီးပေါ့။ အစွမ်းကုန် ကြိုးစားအားထုတ်ဖို့လည်း လိုမယ်။ အဲ . . . နိုင်ငံအချို့က ဖြန့်ဖြေပေးဖို့ ကမ်းလှမ်းလာမှာကိုပဲ ကျုပ် စိုးရိမ်မိတယ်'

နောက်တစ်နေ့မှာပင် ဂျာမန် ဆိုဗီယက် မကျူးကျော်ရေးစာချုပ်ကို ချုပ်ဆိုသည်။ ဝမ်းသာလွန်း၍ ဟစ်တလာက မော်စကိုရောက် သူ၏ နိုင်ငံခြားဝန်ကြီး'ရိဗန်ထရော့စ်'ထံ ဖုန်းဆက်ကာ ဒုတိယမြောက် ဗစ်စမတ် *(Bismark)* ဟူ၍ တင်စားပြီး ချီးကျူးစကား ဆိုလေသည်။

သို့ရာတွင် သည်သို့ကြေငြာလိုက်ခြင်းဖြင့် ဗြိတိသျှတို့အပေါ် မိမိမျှော်လင့်ထားသကဲ့သို့ အကျိုးသက်ရောက်မှုမရှိခဲ့။ ဗြိတိသျှက ပိုလန်နိုင်ငံကို အကာအကွယ်ပေးပါမည်ဟူသော အာမခံချက်အား တရားဝင် အတည်မပြုရသေးသည်ကို သည်အတိုင်းထားရှိပြီး လျစ်လျူရှုထားရမည့်အစား ဩဂုတ်လ ၂၅ ရက်နေ့တွင် ဆိုင်းမပါဘဲ တရားဝင် အတည်ပြုလိုက်၏။

ဂျာမန်စစ်တပ်များအား အထွေထွေ တပ်လှန့်လှုပ်ရှားစေမည့် အစီအစဉ်ကို မူလသတ်မှတ်ထားသည်ထက် ရက်အနည်းငယ် နောက်ကျပြီးမှ ဆောင်ရွက်ရန် ရွှေ့ဆိုင်းထားမည်ဟု ဟစ်တလာက ဂိုရင်းအား ပြောပြသည်။ သည်အခိုက်တွင် ဂိုရင်းက ဆွီဒင်လူမျိုး အောင်သွယ် 'ဘာဂျာဒါလီရုစ်'မှတစ်ဆင့် ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်အား ချဉ်းကပ်စေသည်။ ဗြိတိသျှတို့က ပိုလန်နိုင်ငံအား ကတိအာမခံချက် ပေးထားသည့်အတိုင်း တကယ်တမ်း မဆောင်ရွက်ဘဲနေဖို့ ချိန်ဘာလိန်အား ဖျောင်းဖျရန်ဖြစ်၏။

အထွေထွေ တပ်လှန့်လှုပ်ရှားမှုအား တစ်ရက်၊ နှစ်ရက်ကြာမျှ ဆိုင်းငံ့ရုံမျှဆိုလျှင် သယ်ယူပို့ဆောင်ရေး တာဝန်ခံအရာရှိများကပင် ဝမ်းပန်းတသာ ကြိုဆိုမည်မှာ အမှန်။ သို့ရာတွင် ယခုကဲ့သို့သော အထွေထွေတပ်လှန့် လှုပ်ရှားမှုများကို အသင့်စီမံပြီးပါမှ အချိန်ဆွဲကာ ဆိုင်းငံ့ထား၍ မဖြစ်နိုင်။

အီတလီအာဏာရှင် မူဆိုလိုနီက အီတလီနိုင်ငံသည် စစ်ကြီးထဲသို့ ဝင်မည်မဟုတ်ကြောင်း ဟစ်တလာထံ အကြောင်းကြားစာ ပို့သော်လည်း ဟစ်တလာကမူ စိတ်မပျက် အားမလျော့ . . . ။

ဩဂုတ်လ ၂၃ ရက်နေ့။

ဟစ်တလာက နောက်ဆုံးအမိန့်ပေးသည်။

'ဟင်းမလား'၏ ပိုလန်စစ်ယူနီဖောင်းဝတ်စုံဝတ် ဂျာမန် အကျဉ်းသားများ



www.burmeseclassic.com

www.burmeseclassic.com



က ပိုလန်ပိုင်နက်အတွင်းမှ 'ဂလေဝစ်'အသံလွှင့်ဌာနသို့ ဟန်ဆောင်တိုက်သော်လည်း အကျိုးမများ။ ဂျာမန်အကျဉ်းသားများမှာ ပစ်သတ်ခံရပြီး သူတို့အလောင်းများကို ပိုလန်တို့က တတ်ပုံရိုက် မှတ်တမ်းတင်လာခဲ့ကြသည်။

ဒန်တစ်အရပ်တွင် ဂျာမန်စစ်သားများက ကုန်တင်သင်္ဘောကြီးများအတွင်းမှ ရုတ်ခြည်းပေါ်လာခဲ့သော်လည်း သတင်းတစ်ပတ်ကြာမျှ မလှုပ်မရှားဘဲ ပုန်းကွယ်နေရသည်။ ပြီးမှ 'စက်စတာပလိပ်'ခံတပ်ကို တိုက်ခိုက်သိမ်းပိုက်လိုက်၏။ ဂျာမန် တင့်ကားတပ်များကလည်း ပိုလန်ကမ်းမြောင်ဒေသသို့ပင် ထိုးဖောက်နိုင်ခဲ့လေပြီ။

စက်တင်ဘာလ ၃ ရက်နေ့ . . . ။

ဗြိတိသျှ သံအမတ်ကြီး ဆာနီဗိုင်းလ်ဟန်ဒါဆင်က ဂျာမန်နိုင်ငံခြားရေးဝန်ကြီး 'ရီဗန်ထရော့စ်'မှတစ်ဆင့် ဗြိတိသျှအစိုးရ၏ ရာဇသံကို ပေးခဲ့၏။ အကယ်၍ နောက်တစ်နေ့တွင် ဂျာမန်နိုင်ငံက ပိုလန်နိုင်ငံအား ရန်စကျူးကျော်ခြင်းကို ရပ်တန့်ကာမရပ်လျှင် ဗြိတိသျှနှင့် ဂျာမနီတို့ စစ်တိုက်ရပေလိမ့်မည်ဟု ရာဇသံတွင် ဖော်ပြပါရှိ၏။

ဂိုရင်းက သည်သတင်းကို ကြားရချိန်၌ ပြင်ပခန်းမဆောင်တွင် ရှိနေ၏။ သူ့မျက်နှာမှာ ဆီးရွက်တမျှ သေးငယ်သွားသည် ထင်ရ၏။

'ကျုပ်တို့လို ပထမကမ္ဘာစစ်ကြီးတုန်းက ပါဝင်ခဲ့ဖူးတဲ့ စစ်သားတွေအဖို့တော့ ခေါင်းကို တင်းပုတ်နဲ့ အရိုက်ခံရသလိုပဲ . . .

စစ်ဦးစီးဌာနချုပ်ကို ဒုတိယဦးစီးမှူး ဗိုလ်ချုပ်ကြီးဂျော်လ်က သို့ကလို မှတ်ချက်ချခဲ့၏။

သူတို့တတွေက ဘာကိုများ မျှော်မှန်းခဲ့ကြပါလိမ့် . . . ။

သည်အခိုက်တွင် ကနားရစ်က စတော့ဟုမ်း (ဆွီဒင်နိုင်ငံ)သို့ သူ့လူယုံကို စေလွှတ်ပြန်သည်။

သည်ပုဂ္ဂိုလ်အား အောင်သွယ်လုပ်စေခြင်းဖြင့် မိမိနှင့် ဗြိတိသျှတို့၏ အလွမ်းသင့်နေသော အဆက်အသွယ်အား ဆက်လက်ထိန်းသိမ်းနိုင်လိမ့်မည်ဟု ယုံကြည်နေဆဲ . . . ။

သို့သော် သည်တစ်ကြိမ်တွင်လည်း 'ကလိဇ်'က စတော့ဟုမ်းမြို့ ပန်းခြံဟော်တယ်တွင် ရက်အနည်းငယ်ကြာ အချိန်ဖြုန်းနေခဲ့ရပေမယ့် ဘာမျှ မအောင်မြင်ခဲ့။

'ကလိဇ်'ထံမှ နောက်ဆုံးပေးပို့သောစာကို လက်ခံရရှိခဲ့၏။ သို့ရာတွင် ထောက်လှမ်းရေးရာတွင် မိမိနှင့် ပြိုင်ဖော်ပြိုင်ဘက်ကို ဂျာမန်ထောက်လှမ်းရေးအဖွဲ့က နောက်ဆုံးတစ်ကြိမ် အကြွင်နာတရားပြရန် အားထုတ်ပြန်၏။

စက်တင်ဘာလ ၂ ရက်နေ့တွင်ပင် အရာရှိငယ်တစ်ဦးအား ဗြိတိသျှစစ်သံမှူး ဗိုလ်မှူးကြီး ဒင်းနစ်ဒဲလေးထံ စေလွှတ်သည်။ နောက်တစ်နေ့မနက် ၁၁ နာရီတွင် ဂျာမန်တပ်များက လျှပ်တစ်ပြက် ထိုးစစ်ဆင်ရန် ရည်ရွယ်ထားပြီးဖြစ်ကြောင်း သတိပေး





စကားပြောရန်ဖြစ်၏။

'ဒီကိစ္စမှာ ကျုပ်တို့ကို လိမ်ညာလှည့်ဖြားဖို့ ရွယ်ရွယ်ရင်းမရှိဘူးဆိုတာ ကျုပ်တကယ် ယုံကြည်တယ်။ ဒီသတင်းစကားပြောဖို့ ကျုပ်ဆီလာခဲ့တဲ့သူဟာ စင်စစ် အရဲစွန့်ပြီးလာခဲ့ရတာ . . .'

ဗိုလ်မှူးကြီး ဒင်းနစ်ဒဲလေးက စစ်ကြီးအပြီးတွင် ပြောပြခဲ့၏။

➡ ◆ ⬅

ဗိုလ်ချုပ်ကြီးဟော့လ်ဒါက ဟစ်တလာအား ယခုကဲ့သို့ တသီးတခြား စစ်ဆင်ခြင်းမျိုး မပြုလုပ်ရန် နောက်ဆုံးအချိန်ကျမှ နားဝင်အောင် ပြောနိုင်ခဲ့၏။ သည်သို့သော စစ်ဆင်ရေးသည် စစ်ရေးအရ အကျိုးမများဟု အကြောင်းပြခဲ့၏။

သို့ရာတွင် သည်အချိန်ကျမှ စစ်ဆင်ရေးအစီအစဉ် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဗြိတိသျှတို့အား ပြောရန် မဖြစ်နိုင်တော့။

လန်ဒန်မြို့၌ ဝန်ကြီးချုပ် ချိန်ဘာလိန်က လွှတ်တော်တွင် မိန့်ခွန်းပြောပြီးသည်နှင့် တစ်မြို့လုံးတွင် ၁၁း၁၅ ၌ အချက်ပေးဥဩများဆွဲလျက် ဆူညံနေ၏။ သိမ်းမြစ် အောက်ပိုင်းသို့ ပြင်သစ်လေယာဉ်ပျံတစ်စင်းက လမ်းမှားဝင်လာသည်ကို ကြောက်လန့်ပြီး ယခုကဲ့သို့ ဥဩများဆွဲကာ အချက်ပေးခဲ့မိခြင်းဖြစ်ကြောင်း နောက်မှ စုံစမ်းသိရှိရ၏။

ဗြိတိသျှ အစိုးရလက်အောက်ခံ ဌာနပေါင်းစုံကလည်း စစ်ကြီးအတွင်းနေရမည့် နေရာဒေသ ရွေးချယ်နေရသည်နှင့် အလုပ်ရှုပ်နေကြ၏။ မကြာမီ ပေါ်ပေါက်လာတော့မည့် စစ်ကြီးသည် သနားညှာတာမှုမရှိဟု ဗြိတိသျှတို့က သဘောပေါက်နေကြ၏။ သည်အချိန် သည်အခါမှစ၍ ရေတပ်ဗိုလ်ချုပ်ကြီးကနားရစ်ထံမှ မည်သို့သော အကူအညီမှ ရလိမ့်မည်ဟု ဗြိတိသျှတို့က မမျှော်လင့်တော့ . . . ။

ထိုအခိုက် . . . ။

'တာပစ်ဖွဲ့ဖာလမ်းမကြီး'ရှိ ထောက်လှမ်းရေးအဖွဲ့ အဆောက်အအုံကြီးတွင် ကနားရစ်က မိမိရုံးအဖွဲ့သားများအား ဩဂုတ်လ ၂၂ ရက်နေ့တွင် ဟစ်တလာ မိန့်ကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်များကို ဖော်ပြနေသည်။

အကယ်၍ သည်စစ်ကြီးတွင် ဂျာမနီနိုင်ငံ ရှုံးနိမ့်ပါက ကြောက်ခမန်းလိလိ ဖြစ်လိမ့်မည်ဟု ကနားရစ်က ပြောသေး၏။

အဲ . . . ဟစ်တလာကသာ အောင်ပွဲခံခဲ့လျှင်လည်း ပို၍ပင် ကြောက်ခမန်းလိလိ . . . ။

သည်စစ်ကြီးကို ကျူးကျော်နှင့် အဆုံးသတ်ရန် ဘာဆိုဘာကိုမျှ ချန်လှပ်မထားသင့်ဟု ကနားရစ်က တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မနက်က လမ်းလျှောက်ထွက်နေကျအတိုင်း တိုင်းယားဂါဒင်သို့အသွား လမ်းခုလပ်တွင် စပိန်စစ်သံမှူးက ကားဖြင့် ကျော်မောင်းသွားပြီးမှ ကနားရစ်အား ရပ်ရန်လက်ပြကာ ခေါ်ခင်းလာသည်။

'ဒီစစ်ကြီးမှာ ဂျာမနီက နောက်ဆုံး အောင်ပွဲရတဲ့အထိ အသေးစိတ်တွက်ချက်ထားမှာတော့ သဘာဝပဲပေါ့နော် . . .'

စပိန်စစ်သံမှူးက ဆိုသည်။

'ဘာဆိုဘာမှ တွက်ချက်တာ မဟုတ်ဘူးဗျ'

ကနားရစ်အဖြေက ဤမျှသာ . . . ။

➡ ◆ ⬅ ◆ ➡



( ၁၀ )

## ဘဝအကြောင်း သိကောင်းစရာများ

ဂျာမန်စစ်တပ်တို့၏ ထိုးစစ်အောင်မြင်မှုများကြောင့် ဟစ်တလာက ပျော်တပြုံးပြုံး။

ဘော်လ်တစ်ပင်လယ်ကမ်းခြေမှသည် ပိုလန်ကမ်းမြောင်ဒေသထိ ပေါ်စ်နန်၊ ဆိုင်လီသျှားဒေသများတွင် ဂျာမန်ခြေမြန်တပ်မပေါင်း ၅၆ ခုအား ယန္တရားတင့်ကားတပ် ၉ ခုက ဦးဆောင်လျက် ပိုလန်စစ်တပ်၏ ခြေမြန်တပ်မ ၃၀ မျှနှင့် ရင်ဆိုင်တိုက်စေရာတွင် အောင်အောင်မြင်မြင် ထိုးဖောက်လျက်ရှိ၏။ ပိုလန်နိုင်ငံက မိမိစစ်တပ်ကို တစ်စိတ်တစ်ဒေသမျှသာ ထပ်လှန့်လှုပ်ရှားထား၍ ယခု ဂျာမန်တပ်များနှင့် ရင်ဆိုင်ရသောအခါ စနစ်တကျပင် မဆုတ်ခွာနိုင်တော့။

ဂျာမန်လေတပ် လေယာဉ်ပျံများက ဆက်သွယ်ရေးလမ်းကြောင်းများကို အဆက်မပြတ် ဗုံးကြဲလျက်ပင်ရှိ၏။ ပိုလန်နိုင်ငံရှိ ဂျာမန်လူမျိုးတစ်စုက ကနားရစ်၏ စစ်အဖွဲ့အစည်း သို့မဟုတ် ပေးအရစ်ချ်၏ လျှို့ဝှက်ရဲအဖွဲ့မှ လမ်းညွှန်မှုကိုယူကာ အဖျက်လုပ်ငန်းများလုပ်လျက် ဂျာမနီမှ ထိုးစစ်ကို ကြိုဆိုလျက်ရှိကြ၏။

စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဆိုင်လီသျှားဒေသ၊ အဲလ်နောင်ရွာ၌ အလွှမ်းမိုးရထားဖြင့် ရောက်နေသော ဟစ်တလာနှင့်အဖွဲ့ကို ကနားရစ် သွားရောက်တွေ့၏။ သည်စဉ်က ဟစ်တလာနှင့်အတူ ဗိုလ်ချုပ်ကြီးကေတဲလ်၊ ဗိုလ်ချုပ်ကြီးဂျော်လ် အပြင် နိုင်ငံခြားရေးဝန်ကြီး ရီဗင်ထရော့စ်တို့ ရှိနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်တွင် ဝိုင်းဝန်းပိတ်ဆို့ခံရခြင်း၊ သို့မဟုတ် ဖျက်ဆီးခံရခြင်း မရှိသည့် ပိုလန်စစ်တပ်များသည် ဝါဆောမြို့တော်ဝန်းကျင် ဗစ်တူလာ ချိုင့်ဝှမ်းဒေသသို့ ဆုတ်ခွာကာ၊ လော့ဇ်အရပ် မြောက်ဘက်အနီးနှင့် ရဒန်းဒေသတွင် ဝိုင်းဝန်းပိတ်ဆို့ခံရပြန်သည်။ အချို့ကို စန်းမြစ်မှသည် ရူမေးနီးယားနိုင်ငံနယ်စပ်အထိ လိုက်တိုက်ခံရပြန်သည်။

ယခုသော် . . .

မြို့တော်ဝါဆောအား ဗုံးကြဲတိုက်ခိုက်ရလေမည်လား။

သို့မဟုတ် . . .

ဝိုင်းပိတ်ဆို့ ခံရလေမည်လား။

ဟစ်တလာသည် ဝင့်ဝင့်ကြွားကြွား ရှိနေသည်။ ဖျက်လိုဖျက်ဆီး လုပ်လိုသည့် စိတ်က သူ့ကို လွှမ်းမိုးနေသည်။ သို့ကြောင့်လည်း ဝါဆောမြို့အား ဗုံးကြဲတိုက်ရန် အမိန့်ပေးလိုက်သည်။

ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ဗ်ကလည်း ဝါဆောမြို့ရှိ ပိုလန် သံအမတ်ကြီးနှင့် တွေ့ဆုံပြီး ပိုလန်နိုင်ငံရှိ မိမိ သွေးမျိုးသားချင်းများအား အကာအကွယ် ပေးရန်အတွက် ရုရှားနိုင်ငံက ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အကြောင်းကြားပေ လိမ့်မည်။

အကယ်၍ ဟစ်တလာက မိမိနှင့် မကျူးကျော်ရေးစာချုပ် လက်မှတ်ရေးထိုးခဲ့ သူ ရုရှားနိုင်ငံ၏ အကူအညီမယူဘဲလျက် အကြီးအကျယ် ဖျက်ဆီးရေးလုပ်ငန်းကို လုပ်ပြီး ဂုဏ်ရောင်ထွန်းပြောင်သည်ကို အလိုရှိငြားအံ့၊ ဟစ်တလာသည် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးလိမ့်မည်။

'ဆား' (Saar) ဒေသတွင် ဂျာမန်တို့၏ ခံစစ်များအတွက် ပြင်ဆင်ထားခြင်းများကို ထောက်လှမ်းနေသော ပြင်သစ်စစ်တပ်၏ လှုပ်ရှားမှုများနှင့်ပတ်သက်သည့် သတင်းများကို ပိုက်လျက် ကနားရစ် ရောက်လာ၏။

အကယ်၍ ပြင်သစ်က 'ဆား'ဒေသကို သိမ်းလိုက်ပါက . . .

ဂျာမန်နိုင်ငံ၏ စစ်ဆင်ရေးမှာ အကြီးအကျယ် ပျက်စီးဖွယ်ရာသာရှိ၏။

ကနားရစ် စီးနင်းလိုက်ပါလာသော မီးရထားပေါ်တွင် မြေပုံခန်းလည်း ပါ၏။ ကနားရစ်က မိမိနှင့်အတူ 'လဟိုစင်'ကိုပါခေါ်၍ ဦးစွာပထမ နိုင်ငံခြားရေးဝန်ကြီး 'ရိဗန်ထရော့ဗ်'ပြောသမျှကိုသာ နားထောင်လျက်ရှိ၏။

ကနားရစ်က အောက်ပါအတိုင်း မှတ်တမ်းတင်ထားလိုက်၏။

အခန်းအတွင်းသို့ ကျွပ်တို့ဝင်ပြီးသည်နှင့် ချက်ချင်းပင် နိုင်ငံခြားရေးဝန်ကြီး ရိဗန်ထရော့ဗ်က ဂျာမန် ပိုလန်စစ်အား နိုင်ငံရေးအရ မည်သို့ ဆုံးခန်းတိုင် သွားလိမ့်မည် ဆိုခြင်းနှင့် ပတ်သက်၍ မိမိအယူအဆကို ကျွပ်အားပြောပြ၏။

'ကေတဲလ် စီးနင်းလိုက်ပါသော ရထားတွဲတွင် ဆက်လက်ဆွေးနွေးညှိနှိုင်း





ပြီးနောက် အောက်ပါအတိုင်း ဖြေရှင်းချက်သုံးရပ်ကို အကျဉ်းချုံးလျက် လက်ခံခဲ့ကြ သည်။

ဖြေရှင်းချက် (၁) ပိုလန်နိုင်ငံအား စတုတ္ထအကြိမ်မြောက် ခွဲခြမ်းခြင်းကို ပြုခဲ့ပြီ။ ဆိုဗီယက်နိုင်ငံကို လိုက်လျောသောအားဖြင့် နာရာဗစ်တူလာစန်မျဉ်းကြောင်း(Narer. Vistula San Line)၏ အရှေ့ဘက်ဒေသအား ဂျာမနီနိုင်ငံက စိတ်မဝင်စားကြောင်း အတိအလင်း ကြေငြာသည်။

ဖြေရှင်းချက် (၂) ပိုလန်နိုင်ငံ၏ ကျန်ဒေသကို လွတ်လပ်သောနိုင်ငံအဖြစ် ဖွဲ့စည်းမည်။ သည်ဖြေရှင်းချက်သည် ဟစ်တလာအား ကျေနပ်နှစ်သိမ့်စေပေမည်။ သို့မှသာ အရှေ့ဘက်ခြမ်းတွင် ငြိမ်းချမ်းရေး ရရှိရန်အတွက် ပိုလန်အစိုးရနှင့် ဆွေးနွေးညှိနှိုင်းခွင့်ရပေမည်။

ဖြေရှင်းချက် (၃) ပိုလန်နိုင်ငံ၏ ကျန်ဒေသများကို အောက်ပါအတိုင်း ခွဲခြမ်းပေးမည်။

(က) လစ်သူးနီးယား (Lithumia) အား ဗီလ်နာဒေသ (Vilna) ပေးမည်။

(ခ) ဂါလီသျှားနှင့် ပိုလန်ပိုင် ယူကရိန်းနယ်များအား လွတ်လပ်ရေးပေးမည်။ (ဆိုဗီယက်ယူနီယံက သဘောတူမှသာ ဖြစ်မည်)

ယူကရိန်းဒေသတွင် ဂျူးလူမျိုးနှင့် ပိုလန်လူမျိုးများအား မီလီနှစ် (Melynk) ၏ ယူကရိန်းလွတ်လပ်ရေးအဖွဲ့ (Independent Ukrain Movement) မှ သုတ်သင်သတ်ဖြတ်မည်ဖြစ်၍ ကျွန်တော်က ဖြေရှင်းချက် (၃) (ခ) အတွက် ပြင်ဆင်ရပေမည်။ ယင်းအဖွဲ့အစည်း၏ လှုပ်ရှားမှုများအား ရုရှားပိုင် ယူကရိန်းဒေသသို့ ပျံ့နှံ့သွားစေရန် အကာအကွယ် ပေးရပေလိမ့်မည်။

'ဂက်စတာပို'က ပိုလန်နိုင်ငံ၏ ပညာတတ်လူတန်းစား ဘုန်းတော်ကြီးများ၊ သာသနာ့ခေါင်းဆောင်များနှင့် သူကောင်းမျိုးနွယ်များအား သုတ်သင်ကွပ်မျက်နေရိုက် ပိုလန်အလုပ်သမား လူတန်းစားအား 'မွမ်းမံ ပညာပေးရေး'တွင် ဝါဒဖြန့်ဌာနများက ဆောင်ရွက်ရမည့် အခန်းကဏ္ဍကို ဆွေးနွေးညှိနှိုင်းခဲ့၏။ ပြီး ကနားရစ်က ရက်စက် ကြမ်းကြုတ်မှုများနှင့်ပတ်သက်၍ ပြဿနာအရပ်ရပ်ကို ကေတဲလ်နှင့် ဖြေရှင်းပေးပြန် သည်။

ကနားရစ်က ဗိုလ်ချုပ်ကြီးများအား ပို့ချချက်များ ဆက်တိုက်ပေးရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ပထမဆုံးအကြိမ် ဖြစ်၏။ ကနားရစ်က ဗိုလ်ချုပ်ကြီးလဟိုစင်အား သည်ကိစ္စနှင့်ပတ်သက်၍ 'ဘဝအကြောင်းသိကောင်းစရာနှင့် ပတ်သက်သည့် ပို့ချချက်များ' ဟု ကင်ပွန်းတပ်ခဲ့၏။

ပိုလန်နိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် သုတ်သင်ရှင်းလင်းကွပ်မျက်ရန် စီမံထားသည်ကို ကျွန်ုပ်သိထားပြီးဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးကေတဲလ်အား ပြောပြ၏။ ပိုလန်နိုင်ငံ၏ သူကောင်းမျိုးနွယ်များနှင့် ဘုန်းတော်ကြီးများမှာ အထူးသဖြင့် ကွပ်မျက်ခံရမည့်သူများဖြစ်၏။ နောက်ဆုံးတွင် ကျုပ်တို့ မျက်မှောက်၌ ပြုလုပ်ခဲ့သော ရက်စက်ကြမ်းကြုတ်မှုများအတွက် ကမ္ဘာက ဂျာမန်ကြည်းတပ်တွင် လုံးဝတာဝန်ရှိသည်ဟု မှတ်ယူကြပေလိမ့်မည်။

သည်ကိစ္စကို ပြတ်ပြတ်သားသား ဆောင်ရွက်ရန် ဟစ်တလာက ယတိပြတ်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ကေတဲလ်က ကျုပ်ကို ပြန်ပြောသည်။ အကယ်၍ သည်ကိစ္စကို ဂျာမန်ကြည်းတပ်က အကောင်အထည်ဖော်ရန် အသင့်မဖြစ်ပါက လျှို့ဝှက်ရဲအဖွဲ့နှင့် ဂက်စတာပိုတို့ ကြီးကြပ်ဆောင်ရွက်သွားစေရမည်ဟု စစ်သေနာပတိချုပ်အား ရှင်းရှင်းလင်းလင်း ပြောထားပြီးဖြစ်သည်ဆို၏။ ခရိုင်တိုင်းတွင် အရပ်ဘက်မှ အုပ်ချုပ်ရေးမှူးတစ်ဦးနှင့် စစ်ဘက်မှ အုပ်ချုပ်ရေးမှူးတစ်ဦးအား ခန့်ထားရန် ရည်ရွယ်သည်။ အရပ်ဘက်မှ အုပ်ချုပ်ရေးမှူးက လူမျိုးကွပ်မျက်မှုများအား ဆောင်ရွက်ရန် တာဝန်အပ်နှင်းရမည်။

ထိုနေ့ည ညီလာခံအတွေ့အကြုံများကို မိမိအမြင်မှ မှတ်တမ်းတင်ထားသည်များကို ဖတ်ပြီး ကနားရစ်က စာရွက်ဘေး 'မာဂျင်' တွင် ကောက်နုတ်ချက်များကို ခဲတံဖြင့် မှတ်သားရေးခြစ်ထား၏။

'နိုင်ငံရေးအရ ခါထုတ်တာပါ' တဲ့။

ဝါဆောမြို့တော်အား ဗုံးကြဲတိုက်ခိုက်လျှင် ကမ္ဘာ့အလယ်တွင် ဂျာမနီနိုင်ငံ သိက္ခာကျလိမ့်မည်ဟု အကြောင်းပြ၍ ကနားရစ်က ကန့်ကွက်၏။

သည်သို့သောကိစ္စများကို ဟစ်တလာနှင့် ဂိုရင်းတို့က ဆုံးဖြတ်ပြီးဖြစ်သည်ဟု ကေတဲလ်က ပြန်ပြောသည်။ ဟစ်တလာက ဂိုရင်းထံ မကြာခဏ ဖုန်းဆက်ပြီး ညွှန်ကြားချက်ပေးနေသည်။

'ရံဖန်ရံခါတော့လည်း ကျုပ်ကိုပါ အကြောင်းကြား ပြောတတ်သား။ အမြဲတော့လည်း မ...ုတ်ဘူးပေါ့'

ဗိုလ်ချုပ်ကြီးကေတဲလ်က ပြောပြသည်။

ချက်ချင်းပင် ဟစ်တလာက ရထားတွဲအတွင်း ဝင်လာသည်။ အနောက်ဘက်စစ်မျက်နှာမှ ကနားရစ်က အဘယ်သို့သော သတင်းစကားများ ယူလာသည်ကို မေးမြန်း၏။

'လက်ဝယ်ရရှိထားသော သတင်းအရဆိုလျှင် ဆားဒေသတွင် စနစ်တကျ





တိုးစစ်ဆင်ရန်အတွက် ပြင်သစ်တို့က ခြေလျင်တပ်များနှင့် အမြောက်တပ်များကို စုစည်းနေသည်ဟု သိရကြောင်း ပြန်ဖြေသည်။ ချက်ချင်းပင် ဟစ်တလာအား ပြင်သစ်တို့က မည်သည့်အရပ်နှင့် မည်သည့်ဒေသသို့ ဦးတည်၍ တိုးစစ်ဆင်လိမ့်မည်ကို အတိအကျပြောရန် စီစဉ်ထားပြီးဖြစ်သည်။

'ဆားဒေသကို ပြင်သစ်တို့က တိုက်လိမ့်မည်လို့ ငါဖြင့် စိုးစဉ်းမှ မစဉ်းစားမိပါဘူးကွ။ အဲဒီနေရာမှာဆို ငါတို့ရဲ့ ခံစစ်ကြောင်းတွေက အခိုင်အမာပဲ။ အဲ ပြင်သစ်တို့ကတော့ တစ်ခုထက်တစ်ခု ပိုပြီး ခိုင်မာတောင့်တင်းတဲ့ ခံစစ်ကြောင်းတွေနဲ့ ရင်ဆိုင်ရမယ်သာ မှတ်ကရော။ အင်း ဒါပေမယ့် ဘီအင်းသစ်တောကြိုးဝိုင်းနဲ့ ပါလာ ဆီးနိုတ် သစ်တောကြိုးဝိုင်း အရပ်တွေမှာတော့ ငါတို့ရဲ့ ခံစစ်ကြောင်းဟာ အားအနည်းဆုံးပဲ။ တစ်ဘက်ရန်သူက သစ်တောထူထပ်တဲ့အရပ်မှာ တိုက်ခိုက်တာဟာ အသုံးမကျဆိုပြီး ငြင်းခဲ့ရင် ငါငြင်းမယ်။ ငါ့အမြင်ကတော့ အဲဒါ ဆန့်ကျင်ဘက်ပဲဟ'

ဟု ဟစ်တလာက မှတ်ချက်ချသည်။

တဖန် . . .

'အဲ . . . ငါတို့က ရိုင်းမြစ်ရိုးတစ်လျှောက်မှာ အခိုင်အမာခံစစ်ကြောင်းတွေနဲ့ အသင့်ပြင်ထားပြီး ဖြစ်ပေမယ့်၊ ရန်သူက ရိုင်းမြစ်ကိုမှ စွန့်စွန့်စားစား ဖြတ်လို့ပေမယ့် ဟော်လန်နဲ့ ဘယ်လ်ဂျီယံကတစ်ဆင့် ဖြတ်ပြီး တိုးစစ်ဆင်လာလိမ့်မယ်လို့တော့ ငါ မထင်ဘူး။ အဲ တိုက်ခဲ့ရင်တော့ ကြားနေခြင်းကို ဖျောက်ဖျက်ရာကျမှာပေါ့။ ဘာပဲဖြစ်ဖြစ် အနောက်ဘက်ခြမ်း လုံခြုံရေးတံတိုင်းကြီးကို ရန်သူက အကြီးအကျယ် ထိုးစစ်မဆင်နွဲခင်တော့ အချိန်ယူ ပြင်ဆင်ကြရလိမ့်မယ်' တဲ့။

'ကေတဲလ်နှင့် ဗိုလ်ချုပ်ကြီးဂျော်လ်တို့က ဟစ်တလာနှင့် တစ်သဘောတည်း ရှိကြသည်။ ကြီးကြီးကျယ်ကျယ် ထိုးစစ်မဆင်မီ အမြောက်နဲ့ထုဖို့ ပြင်ဆင်တဲ့အခါမှာ ပြင်သစ်တို့အတွက် သတင်း ၃-၄ ပတ်တော့ ကြာဦးမှာမလွဲ။ မည်သို့ဆိုစေ အောက်တိုဘာလ မတိုင်မီမှာ ပြင်ဆစ်တို့က မည်သည့်နည်းနှင့်မျှ ထိုးစစ်ဆင်နိုင်မည် မဟုတ်'

'အင်း . . . အောက်တိုဘာလဆိုပဲ အတော်အေးနေပြီ။ ကျုပ်တို့လူတွေကတော့ အင်္ဂတေ ကတုတ်တွေထဲမှာ အကာအကွယ်နဲ့ နေကြရမယ်။ ပြင်သစ်တို့က လွင်တီးခေါင်ပြင်ထဲမှာ တိုက်နေကြရလိမ့်မယ်။ အဲ ပြင်သစ်တို့က အနောက်ဘက်ခြမ်း လုံခြုံရေးတံတိုင်းရဲ့ အားအနည်းဆုံးဒေသကို ထိုးဖောက်ဝင်ရောက်နိုင်စေဦးတော့၊ အဲဒီ အချိန်မှာ ငါတို့က ပြင်သစ်တို့ မျက်စိကန်း၊ နားပင်းသွားအောင် တစ်ခုခုတော့ လုပ်နိုင်မှာပါ'

'ဒီတော့ . . . ဟော်လန်နဲ့ဘယ်လ်ဂျီယံကိုဖြတ်ပြီး ထိုးစစ်ဆင်ရမယ့် တစ်နည်းပဲ ကျန်တော့တယ်။ ဒီလို တိုက်လိမ့်မယ်လို့တော့ ငါမယုံဘူး။ ဒါပေမယ့် မဖြစ်နိုင်ရာတော့



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ဖြစ်နိုင်တယ်။ ဒီတော့ ကိုယ်တွေ သတိရှိရမယ်'

ဟစ်တလာ၏ အတွေးအခေါ် အယူအဆများ၊ မှားယွင်းတတ်သည်များကို ယခင်က ကျုပ်တို့ သရော်ခဲ့ကြသော်လည်း ၁၉၃၉-ခုနှစ်၊ စစ်ဆင်ရေးကာလတွင်မူ ဟစ်တလာ၏ အတွေးအခေါ် အယူအဆများသည် မှားယွင်းချွတ်ချော်သော လမ်းညွှန်ချက်များ မဟုတ်တော့။

သည့်စဉ်က ကာနားရစ်သည် သတိကြီးလွန်းသည့် အဆိုးမြင်တတ်သူအဖြစ် ဟစ်တလာနှင့် ဗိုလ်ချုပ်ကြီး ကေထဲလ်တို့က မှတ်ယူခဲ့ကြ၏။ သည့်ထက်ပို၍တော့ သံသယမရှိကြ။

ဖြေရှင်းချက် (၃) အရ ပိုလန်ပိုင် ယူကရိန်းဒေသအား လွတ်လပ်ရေးပေးရန် အတွက် ညီလာခံကို ပြင်ဆင်ရာမှာနှင့် ရိဗန်ထရော့စ် အတည်ပြုထားပြီးဖြစ်သည့် ယူကရိန်းဘာသာနှင့် အသံလွှင့်ချက်များက 'ဂျာမန်ကြည်းတပ်သည် ယူကရိန်း ပြည်သူများနှင့် ရန်များနေခြင်းမဟုတ်' ဆိုခြင်းကို အသားပေး ဖော်ပြမည်ဖြစ်၏။

သည်အသံလွှင့်ချက်များကို မော်စကိုမှာလည်း ကြားရ၏။ စက်တင်ဘာလ ၂၆ ရက်နေ့တွင် ရိဗန်ထရော့စ်က လသားမျှရှိသေးသော ဂျာမန်-ရုရှား မကျူးကျော်ရေး စာချုပ်ကို ခိုင်မြဲစေရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ်ကို လက်မှတ်ရေးထိုးရန်။

မော်စကိုသို့ ရောက်သောအခါ၌ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ဗ်က ဖြေရှင်းချက် (၁)အရ ပိုလန်နိုင်ငံအား ခွဲခြမ်းရေးကိုသာဆောင်ရွက်ဖို့ အကြံကိုင် တိုက်တွန်းနေခြင်းမှာ အံ့ဩစရာမရှိ။ ရုရှားက ပိုလန်နိုင်ငံပိုင် ခုသားဝယ်သော ယူကရိန်း ဒေသကို မလိုချင်တော့။

ဟစ်တလာက ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ကြားနေနိုင်ငံများကို သတိကြီးစွာနှင့် စောင့်ကြည့်ရန် ကာနားရစ်အား ညွှန်ကြား၏။ သည့်နောက်တွင် ကာနားရစ်က သရဲသဘက် လူစုကို အဲလ်နောမြို့တွင် ထားရစ်ခဲ့ပြီး မိမိကမူ ဘာလင်သို့ ပြန်လာခဲ့၏။

သည့်စဉ်က ကာနားရစ်သည် ပိုလန်နိုင်ငံတွင် ကြောက်ခမန်းလိလိ ရက်စက် ကြမ်းကြုတ်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပြီး စိတ်ပျက်လက်ပျက်ဖြစ်ကာ အားအင်ချိနဲ့နေသည်ဟု ဗွန်ဟာတ်စဲလ် *(Von Hassel)*က မိမိ မှတ်တမ်းစာအုပ်တွင် ရေးမှတ်ခဲ့သည်။

(ဗွန်ဟာတ်စဲလ်သည် အီတလီနိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီးဖြစ်ခဲ့၍ ၁၉၃၈ ခုနှစ်တွင် ဝင်ရိုးစွန်းဝါဒနှင့်ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီး ရိဗန်ထရော့စ်နှင့် စကားများ ရန်ဖြစ်ခဲ့သောအခါ ရာထူးမှနုတ်ထွက်ခဲ့၏)

တဖန် . . . ကာနားရစ်သည် ခရီးထွက်သွားပြန်၏။ သည်တစ်ကြိမ်တွင် အထူးရထားဖြင့် မိမိတစ်ဦးတည်းလိုက်ပါလျက် ပေါ့စ်နန် *(Posnan)* သို့ ထွက်ခဲ့ပြန် သည်။ ပိုလန်နိုင်ငံမှ ပေးပို့သော သတင်း၊ အစီရင်ခံစာများကို ကြားနာရန်နှင့် ထောက်





လှမ်းရေးပစ်မှတ်များအဖြစ် ရရှိထားသည်များနှင့် ပတ်သက်၍ ပိုမိုစိတ်ဝင်စားဖွယ်ရာ များကို စစ်ဆေးရန် ခရီးထွက်ခဲ့ခြင်းဖြစ်၏။

ယခုအချိန်တွင် ဂျာမနီနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ လျှို့ဝှက်စွာ အဆက်အသွယ် ပြုခဲ့သည်များလည်း၊ ဖြတ်တောက်ကုန်ကြလေပြီဟု ယူဆရသည်။ မည်သို့သော အဆက်အသွယ်မှ မကျန်ရစ်တော့။

ပိုလန်လူမျိုး သံတမန်ဝန်ထမ်းတစ်ဦးနှင့် ကျွန်တော်တို့ ဆုံစည်းခဲ့၏။ ဘာလင် တွင် တာဝန်ဖြင့် နေခဲ့ရစဉ်က သိကျွမ်းခဲ့သော မိတ်ဟောင်းဆွေဟောင်း တစ်ဦးဖြစ်သည်။ သူ့ကို တိုင်ပင် ဆွေးနွေးကြည့်သည်။

'ခင်ဗျားအတွက် ဒီကိစ္စမှာ အဖြေရှာနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ မစ္စစ်ဂျေဆိုသူ အမျိုးသမီးကြီးနဲ့ တွေ့လိုပါသလား။ ဒီအချိန်တုန်းက မစ္စစ်ဂျေက ကာနားရစ်နဲ့ သိကျွမ်းရင်းနှီးသူပဲပေါ့။ သူကောင်းကောင်းသိပါတယ်'

ဟု သူကဆို၏။

'ဆာရေး' *(Surrey)* ဒေသရှိ ပိုလန်လူမျိုး မိသားစုတစ်စုနေထိုင်ရာ အိမ်ငယ် ကလေးဆီသို့ ကျွန်တော်တို့နှစ်ဦး ကားမောင်း၍ ရောက်ရှိလာကြသည်။ စစ်ကြီးအပြီးတွင် သည်နေရာ၌ လာရောက်အခြေစိုက်နေကြသူများ ဖြစ်၏။

ကျွန်တော်၏မိတ်ဆွေ ပိုလန်လူမျိုးသံမှူးက အိမ်ရှင်အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေးသည်။ မျက်နှာထား တည်တည်ခန့်ခန့်၊ မျက်လုံးနက်နက်နှင့် တည်ငြိမ်သူ ဖြစ်၏။ မိမိ၏ဇာတ်လမ်းကို ပြောပြရန်အတွက် အခိုက်အတန့်တွင် များမြောင်လှသော အိမ်မှုကိစ္စ အဝဝကို ဘေးဖယ်ထား၏။

အမျိုးသမီးက ဦးစွာပထမ လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံ၏။ ကျွန်တော် က အမျိုးသမီးကြီးအား ကာနားရစ်ဆိုသူကို သိပါသေးလားဟု မေးသောအခါ အမျိုးသမီး ကြီးက မမှတ်မိတော့ . . . ။

အင်း . . . ကျွန်မ နာမည်ကိုလည်း မဖော်ပြဘူး။ ကျွန်မပါရယ်လို့ တစ်နည်းနည်းနဲ့ မဖော်ထုတ်ဘူးဆိုရင်တော့ ပြောပြချင်သားပဲ။ ဘာကြောင့်လဲဆိုတော့ ဇာတ်လမ်းကိုလည်း ကျွန်မကိုယ်တိုင် ခဏခဏ ပြောနေတာလည်းမဟုတ်ဘူး။ ပြီး တစ်ကြိမ်သာ ပြောပြပြီး၊ ဒီအကြောင်းကို ဖျောက်ဖျက်လိုချင်တဲ့ ဆန္ဒကြောင့်ပါပဲ။ စစ်ကြီးမဖြစ်မီက ကျွန်မနဲ့ ကျွန်မခင်ပွန်းတို့ဟာ ဘာလင်မှာ အတူနေခဲ့ကြတယ်။ ဘာလင်မှာနေတဲ့ ပိုလန်လူမျိုး အသိုင်းအဝန်းကိုလည်းသိတယ်။ ဂျာမန်လူမျိုး တချို့နဲ့ လည်း အဆက်အသွယ်ရှိခဲ့တယ်။ ကျွန်မတို့ရဲ့ ပိုလန်စစ်သံမှူးအိမ်မှာ ဂျာမန်စစ်ဗိုလ်ချုပ် ကြီးများနဲ့ တွေ့ရတာကို မှတ်မိသေးတယ်၊ ဂျာမန်လေတပ်က ဗိုလ်ချုပ်ကြီးများနဲ့ လည်းတွေ့ခဲ့တယ်။ ရေတပ်ဗိုလ်ချုပ်ကြီး ကာနားရစ်ကို ကျွန်မ မှတ်မိသေးတယ်။ သူက တခြားပုဂ္ဂိုလ်များလို တောင့်တောင့် တင်းတင်း အသံမာမာနဲ့ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူက တခြားသူတွေနဲ့တော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တယ်။ သူ့အသံက ညင်ညင်သာသာနဲ့ ရင်းရင်းနှီးနှီး ပေါင်းတတ်တယ်။ အဲဒီတုန်းကတော့ သူဟာ ဘယ်သူဆိုတာ ကျွန်မ မတွေးခဲ့ပါဘူး။ တခြားတခြားသူတွေလည်း တွေးလိမ့်မယ်လို့ ကျွန်မ မထင်ပါဘူး။

စစ်ကြီးဖြစ်လာတဲ့အခါမှာ၊ ကျွန်မဟာ ခလေးတွေနဲ့ အတူတူ၊ ပိုလန်နိုင်ငံ တောင်ပိုင်း ကျွန်မတို့ မိသားစုအိမ်မှာ ရောက်နေကြတယ်။ ယူကရိန်းလူမျိုးတွေ သောင်းကျန်းလာကြတယ်။ ကျွန်မရဲ့ မှတ်ပုံတင်ကတ်နဲ့ ငွေတွေ ထည့်ထားတဲ့ လက်ပွေ့အိတ်ကို ခိုးယူကြတယ်။ မကြာပါဘူး၊ ရုရှားတပ်တွေ ချီတက်လာပြီဆိုတဲ့ သတင်းစကားတွေ ကြားရတော့တာပါပဲ။ ဒီတော့ ကျွန်မကပဲ ကျွန်မမိသားစုကို ဒီနေရာမှာပဲနေပြီး အသတ်ခံရမှာထက် အနောက်ဘက် ဂျာမနီနယ်စပ်ကို ထွက်ပြေးရရင် ကောင်းမယ်လို့ အကြံပေးခဲ့တယ်။ ကျမတို့နဲ့ ပထမဦးဆုံး တွေ့ရတဲ့ ဂျာမန်စစ်တပ် အရာရှိများက၊ ကျွန်မတို့ ဘယ်သူတယ်ဝါတွေ ဖြစ်တယ်ဆိုတာ သိလိုကြတယ်။ ကျွန်မက သံမှူးများအတွက် လွတ်ငြိမ်းချမ်းသာခွင့်ရှိကြောင်း တောင်းဆိုတဲ့အခါမှာ၊ ဂျာမန်ပုဂ္ဂိုလ်ကြီးအချို့ရဲ့ အမည်တွေကို သိမသိ ထုတ်ပြတယ်။ ဘာလင်မှာ နေစဉ်က သိကျွမ်းတွေ့ဆုံဖူးခဲ့တဲ့ ဂျာမန်ကြည်းတပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦးနဲ့ လေတပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦးရဲ့ အမည်များကို ထောက်ပြခဲ့တယ်။ ပြီး ဘာလင်မှာ တွေ့ခဲ့ရတဲ့ ဂျာမန်အရာရှိတွေထဲမှာ ဖော်ဖော်ရွေရွေနေတတ်တဲ့ ဂျာမန်ရေတပ်က အရာရှိတစ်ဦးပါ မှတ်မိပြီ၊ အဲ . . အဲ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်ကိုပါ သိပါတယ်လို့ ပြောခဲ့တယ်။

ကနားရစ်ရဲ့ အမည်ကိုလည်း ကျွန်မက ပြောလိုက်တော့ ဂျာမန်အရာရှိက အံ့ဩသွားတာကို ကျွန်မတွေ့လိုက်ရတယ်ရှင့်။ သူ့လေသံလည်း တစ်ခါတည်း ပြောင်းသွားတော့တာပါပဲ။ ဂျာမန်အရာရှိက ကျွန်မတို့ကို အနောက်ဘက်သို့ ဆက်လက်ခရီးသွားခွင့်မပြုနိုင်ဘူးလို့ ဆိုပါတယ်။ ဒါပေမယ့် စစ်ကားတစ်စင်းနဲ့ ပေါ့စ်နန်သို့ ပို့ပေးသည်။

ပေါ့စ်နန်ရောက်သော် မည်သူမည်ဝါဖြစ်ကြောင်း မှတ်တမ်းတင်ရန် စောင့်နေကြသော လူအုပ်ကြီးနှင့် တွေ့ရပြန်သည်။ သို့ရာတွင် မစွက်ဂျေကမူ ကြာကြာမစောင့်လိုက်ရ . . .။ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်၏ ဦးစီးအရာရှိတစ်ဦးက မစွစ်ဂျေအား တသီးတခြား ခွဲထုတ်သွားပြီး မီးရထားတွဲဆီသို့ ခေါ်သွားသည်။

'ဒီနေရာမှာ ကျွန်မကို ဘယ်သူဘယ်ဝါဆိုတာ မှတ်တမ်းမတင်နိုင်ဘူးလား'

ဂျာမန် မီးရထားတွဲထဲသို့ မဝင်လို၍ မစွက်ဂျေက ဝင့်ဝင့်ကြွားကြွားနှင့် စကားဆို၏။

ဒီလူတွေကြားထဲမှာ ခင်ဗျားကို သူစကားပြောဖို့ အခက်အခဲ တွေ့ရလိမ့်မယ်။

ကနားရစ်၏ ရထားတွဲပေါ်သို့ တက်လိုက်သောအခါမှသာလျှင်၊ ကနားရစ်သည် တစ်နည်းနည်းဖြင့် အရိုန်အဝါကြီးနေသူ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ကြောင်း သိပ်စားမိသည်။ သည်အချိန်ထိ အမျိုးသမီးကြီးက ဟန်မပျက်ဘဲ ရှိနေဆဲ။ သို့ရာတွင် ပြောင်းလဲ





နေသော အခြေအနေသစ်၌ ကနားရစ်ကို တွေ့လိုက်ရသောအခါ အမျိုးသမီးကြီးက ငိုချမိတော့၏။ ပိုလန်စစ်တပ်များ၏ ကြမ္မာက သူ့စိတ်ထဲဝယ် လွှမ်းမိုးနေရာယူနေသောကြောင့်ဖြစ်၏။

'ကျွန်မတို့ တပ်တွေတော့ တပြေးထဲ ပြေးနေရပြီ။ ရပ်ပြီး ပြန်ခုခံမတိုက်တော့ဘူးထင်တယ်'

မစွစ်ဂျေက ရှင်းပြသည်။

'စိတ်ပျက်မနေနဲ့လေ။ တကယ်တော့ ပိုလန်စစ်တပ်ကလည်း သတ္တိပြောင်ပြောင်နဲ့ စနစ်တကျ ခုခံတိုက်တာပါပဲ။ တို့ဂျာမန်တပ်တွေလိုတော့ ယန္တရားအရာမှာ မမီဘူးပေါ့။ ဒီတော့လည်း ဒီဒဏ်ကို ဘယ်ခံနိုင်ပါ့မလဲ။ အရှေ့တောင်အရပ်ဒေသမှာ ဆုတ်ခွာနေကြတဲ့ မသေ ကြွင်းကျန်တဲ့လူတွေကို တွေ့မှာပေါ့။ မြောက်ပိုင်း အနောက်ပိုင်းဒေသမှာ ပိုလန်စစ်တပ်ရဲ့ အခြေအနေကြောင့် ရှက်စရာမရှိပါဘူး . . .'

ကနားရစ်က ညင်ညင်သာသာနှင့် ရှင်းပြပါ၏။

မစွစ်ဂျေက၊ မိမိအား ကနားရစ်က မည်သို့များ အကူအညီပေးနိုင်မည်နည်းဟုလည်း မေးသေးသည်။ မိမိနှင့် ကလေးများအား မိမိ မိဘများရှိရာ ဝါဆောမြို့သို့ ပြန်ပို့ပေးရန် ကနားရစ်အား မေတ္တာရပ်ခံသည်။

ကနားရစ်က မျက်မှောင်ကုတ်နေသည်။ ခေါင်းယမ်းနေသည်။

'ကျုပ် ဝါဆောမသွားနိုင်ဘူး'

သို့သော် . . . ကနားရစ်သည် မစွစ်ဂျေတို့အတွက် အဖြေရှာနေသည်။ မြေပုံကိုကြည့်ပြီး ခေါင်းကိုတယမ်းယမ်းနှင့် လှုပ်ခါနေတော့၏။

'ဆွစ်နိုင်ငံ၊ ဒီနိုင်ငံကတော့ သွားဖို့အကောင်းဆုံးပဲ'

ကနားရစ် အဖြေရှာ၍ ရပါပြီ။

မစွစ်ဂျေနှင့် ကလေးများအား ဆွစ်နိုင်ငံသို့သွားစေရန် ခွင့်ပြုချက်ရဖို့မှာ သတင်းတစ်ပတ်နှစ်ပတ်မျှ ကြာပေဦးမည်။ ဒီ မစွစ်ဂျေတို့ မိသားစုအား ဆွစ်နိုင်ငံသွား ရထားပေါ်သို့ တင်လွှတ်လိုက်သည်။ ဆွစ်နိုင်ငံ၊ ဘန်းမြို့တွင် အခန်းငှား၍ နေကြသည်။

မစွစ်ဂျေက အတူတကွ ပူးပေါင်းနေချင်ပါသည်ဆိုသော မိဘများမှာမူ ဝါဆောမြို့တွင်ပင် ရှိနေကြသည်။ သို့ရာတွင် မစွစ်ဂျေက မိဘများထံ ပို့စရာရှိသောစာများကို မိဘများလက်ရောက် ပို့ပေးရန်နှင့် မိဘများက မစွစ်ဂျေသို့ ပေးပို့စရာရှိသည့် စာများကိုလည်း လက်ထိလက်ရောက် ပို့ပေးမည်ဖြစ်ကြောင်း ကနားရစ်က တာဝန်ယူသည်။

သည်နည်းဖြင့် ကနားရစ်က မိတ်ဟောင်းဆွေဟောင်းတစ်ဦးအား၊ ဟစ်တလာ၏ "အရှေ့ဘက်ဒေသဆိုင်ရာဝါဒ" *(Eastern Policy)* အန္တရာယ်မှ ကာယ်တင်နိုင်ခဲ့၏။ မစွစ်ဂျေ၏မိဘများကိုပါ အကာအကွယ် ပေးနိုင်စွမ်းခဲ့၏။ ကနားရစ်က မစွစ်ဂျေ၏ မိဘများကို ချုပ်ကိုင်ထားနိုင်သကဲ့သို့ မစွစ်ဂျေအပေါ်တွင်လည်း ဩဇာတိက္ကမ ရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုနိုင်ပေပြီ။

မစ္စစ်ဂျေက အနောက်ဘက်ရောက် ပြည်ပြေး ပိုလန်အစိုးရနှင့် ပူးပေါင်းသွားနိုင်စေဦးတော့၊ ပြည်ပရောက်ချိန်တွင် ဝါဆောမြို့၌ ကျန်ရစ်ခဲ့သည့် မိဘနှစ်ပါးမှာ အန္တရာယ်ကင်းကင်းနှင့် နေနိုင်ပေမည် မဟုတ်ပါလား။

ဆွစ်နိုင်ငံသို့ရောက်သောအခါ မစ္စစ်ဂျေက ဘန်းမြို့ရှိ ပိုလန်သံရုံးသို့ သတင်းပို့သည်။ "လွတ်လပ်သော ပိုလန်အဖွဲ့" *(Free Poland Movement)* ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် မှတ်ပုံတင်စာရင်းသွင်းသည်။

မစ္စစ်ဂျေက ဘာလင်မြို့တွင်နေစဉ်က သိကျွမ်းရင်းနှီးခဲ့သော ရေတပ်ဗိုလ်ချုပ်ကြီးကာနားရစ်၏ ကူညီမစမှုဖြင့် ဟစ်တလာလက်မှ လွတ်မြောက်ရသည့် မိမိဇာတ်လမ်းကို ပြန်ပြောပြသည်။ ကာနားရစ်အမည်ကို ပြောပြရုံနှင့်ပင် ပိုလန်လူမျိုးများက အထူးတလည် စိတ်ဝင်စားကြဟန် ပြလာကြသည်။ ဗြိတိသျှလူမျိုးများကလည်း စိတ်ဝင်စားကြဟန် ရှိသည်။ ကာနားရစ်အကြောင်း သည့်ထက်ပို၍ သိချင်ကြသည်။

မစ္စစ်ဂျေက ဆွစ်နိုင်ငံတွင်ပင် ဆက်လက်နေထိုင်၏။

'သူလျှိုတစ်ဦး ကိုယ့်ဘက်ပါလာဖို့လုပ်ရာမှာ ဒီနည်းဟာ လူသိအများဆုံးနည်းပဲ'

ကျွန်တော်က ကာနားရစ်၏ ကလိမ်ဉာဏ်ကစားပုံကို ဗြိတိသျှ သံအရာရှိတစ်ဦးအား ပြောပြသောအခါတွင် သူက ယို့ကလို မှတ်ချက်ချခဲ့သည်။

ကာနားရစ်က မိမိကိုယ်ပိုင် အထူးထောက်လှမ်းရေးအဖွဲ့ ထားရှိခဲ့ကြောင်း 'ဘမ်လား'အား ဝင့်ဝင့်ကြွားကြွား ပြောခဲ့ခြင်းမှာ ယုတ္တိတန်သည်ဟု ဆိုရပေလိမ့်မည်။

ပထမ ကမ္ဘာစစ်ကြီးအတွင်းက ပဲရစ်မြို့တွင် စပိန်နိုင်ငံရောက် ကာနားရစ်က သူလျှိုမယ် 'မာတာဟာရီ'ကို အသုံးချခဲ့ဖူးကြောင်း နိုင်နိုင်လုံလုံမသိရသော အဖြစ်အပျက်များကိုပင် ကျွန်တော်က ပြန်ပြောမိသေးသည်။

သို့သော် . . . ကာနားရစ်က မစ္စစ်ဂျေအား သူလျှိုလုပ်ငန်းအတွင်းသို့ ဝင်စေရန် အားထုတ်ခဲ့ပါသလားဟု ကျွန်တော်က သူမကိုမေးသည်။ မစ္စစ်ဂျေက ခေါင်းကို တွင်တွင်ခါ၍ ငြင်းသည်။

မစ္စစ်ဂျေက သူမကပင် ဆက်ပြောပြန်သည်။

'ဘန်းမြို့မှာ ကျွန်မက ကျွန်မရဲ့လူမျိုးများနဲ့လည်း တွေ့ရမယ်။ အဲ .. ကျွန်မလူမျိုးတွေကမှတစ်ဆင့် ဗြိတိသျှလူမျိုးတွေနဲ့လည်း သိကျွမ်းကြမယ်။ ဒါကို ကာနားရစ်က သိပေမယ့် မဟာမိတ်တို့အကြောင်း စုံစမ်းထောက်လှမ်းပေးဖို့ ကျွန်မကို မတောင်းဆိုခဲ့ဘူး။

ဆွစ်နိုင်ငံကို ကျွန်မရောက်လာခဲ့ပြီး မကြာခင်မှာပင် ကာနားရစ်ကိုယ်တိုင် ဘန်းမြို့ကို ရောက်လာတယ်။ ကျွန်မဆီ အလည်ရောက်လာတယ်။ ၁၉၃၉-ခုနှစ်





ဆောင်းရာသီကပေါ့။ ကျွန်မတို့မိသားစု အခြေတကျဖြစ်ကြရဲ့လား ဆိုတာကို ကြုံရင်းလာကြည့်တာပါပဲ။ နောက်ပြီး ဝါဆောက ကျွန်မမိဘတွေကို သူက ဘာများဆောင်ရွက်ပေးရမှာလဲ ဆိုတာကိုပါ မေးဖို့ပါ။ ဂျာမနီနိုင်ငံရဲ့ စစ်ဆင်ရေးအခြေအနေကို စိတ်ပျက်နေတဲ့ သူ့ရဲ့ ဒုတိယသမီးကိုပါ ဆွစ်နိုင်ငံ ပို့ပေးဦးမယ်လို့တောင် ကာနားရစ်က ပြောပြသေးတယ်။ ပထမဆုံးအကြိမ် ကာနားရစ်တစ်ယောက် ဆွစ်နိုင်ငံရောက်လာတုန်းက ဂျာမနီနိုင်ငံက နောက်တစ်ဆင့် ဆွစ်နိုင်ငံသို့ ဝင်တိုက်သိမ်းပိုက်မယ်မဟုတ်ဘူး ဆိုတာတောင် မသေချာဘူးလို့ ထင်ခဲ့မိတယ်။ ဒါကြောင့်လည်း ကျွန်မ ပြင်သစ်နိုင်ငံသို့ တိမ်းရှောင်ရင် ကောင်းမလားလို့တောင် ကာနားရစ်ကို မေးမိတယ်'

'အဲ . . . မဖြစ်ဘူး . . . မဖြစ်ဘူး။ ပြင်သစ်နိုင်ငံကမှ တကယ့်ကို မသေချာတဲ့ ဒေသပဲ'

'အီတလီနိုင်ငံကရော ပိုပြီးဘေးကင်း ရန်ကင်း မဖြစ်နိုင်ဘူးလားလို့ မေးမိပြန်တယ်'

'အင်း . . . အီတလီဆိုရင်တော့ နောင်နှစ်နွေဦးအထိ ဘေးကင်းရန်ကင်းဖြစ်လိမ့်မယ်လို့တော့ ထင်ရတာပဲ။ ဒါပေမယ့် ဆွစ်နိုင်ငံက ပိုပြီးလုံခြုံမှာပါ' တဲ့။

'ကာနားရစ်ဟာ မယိမ်းမယိုင် သတိကြီးတဲ့သူရယ်လို့ပဲဖြစ်ဖြစ်၊ ကာနားရစ်က ဂျာမနီနိုင်ငံရဲ့ ဒီလောက်ကြီးတဲ့ရာထူးမှာ ကြာကြာမြဲမယ် မဟုတ်ရယ်လို့ ရှင်တို့ဆိုမယ် မထင်ပါဘူး။ ကာနားရစ်ကတော့ အာ အချောင်သား။ ပွင့်ပွင့်လင်းလင်း တွင်းတွင်းရှင်းရှင်း ပြောတတ်တယ်။ ဂျာမနီနိုင်ငံဟာ အနေးနဲ့အမြန်ဆိုသလို မကျူးကျော်ရေးစာချုပ်ချုပ်ဆိုခဲ့တဲ့ ရုရှားနိုင်ငံကို စစ်တိုက်လိမ့်မယ်လို့ ၁၉၄၀-ခုနှစ်၊ ဆောင်းရာသီမှာ ကာနားရစ်က ကျွန်မကို ပြောပြတယ်။ နောက်တစ်နှစ် နွေဦးကာလမှာ ကာနားရစ်ဟာ ဘန်းမြို့ကို ရောက်လာပြန်တယ်။ ဘော်လ်ကန်ကျွန်းဆွယ်ဒေသမှာ ဂျာမန်တပ်တွေရဲ့ လှုပ်ရှားမှုဟာ တူရကီနိုင်ငံကို တိုက်ဖို့များ ပြင်ဆင်တာလားလို့ ကျွန်မက ကာနားရစ်ကို မေးခဲ့တယ်။

'ဟာ . . . မဖြစ်နိုင်ဘူး။ ရုရှားနိုင်ငံကို ရည်ရွယ်တာ ဖြစ်နိုင်တယ်'လို့ ကာနားရစ်က ပြန်ဖြေခဲ့တယ်။

'ရုရှားစစ်ဆင်ရေး ပဌမပိုင်းကာလမှာ ကာနားရစ်ဟာ ကျွန်မဆီ အလည်ရောက်လာပြန်တယ်။ အင်း . . ၁၉၄၁-ခုနှစ်၊ အောက်တိုဘာလလောက်မှာ ထင်တယ်။ ဂျာမန်တို့ ရှေ့တန်းစစ်မျက်နှာမှာ ရှေ့မတိုးနိုင်ဘဲရှိနေပြီး ရည်မှန်းချက်အတိုင်း ဖြစ်လိမ့်မယ်မထင်ဘူးလို့ ကာနားရစ်က ပြောပြတယ်။ ဒါပေမယ့် ဂျာမနီနိုင်ငံအတွင်းမှာ အခြေအနေတွေ တင်းမာနေပြီး ဟစ်တလာကို ဆန့်ကျင်ကြဖို့ ကြံစည်နေတာကို ပြောပြတဲ့အခါမှာ ကာနားရစ်က အထူးစိတ်ဝင်စားနေပုံရတယ်။ ကျွန်မနဲ့ ကာနားရစ်တို့ အပြန်အလှန် ပြောခဲ့တာတွေကို ဗြိတိသျှတို့ကိုသာပြောပြဖို့ ကျွန်မကိုမှာခဲ့တယ်။ တစ်နိုင်လုံးလျှို့ဝှက်ထားနိုင်လိမ့်မယ်လို့ မထင်ခဲ့ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မစ္စစ်ဂျေက ဗြိတိသျှတို့နဲ့ အဆက်အသွယ်ရှိနေတယ်ဆိုတာကို ကနားရစ်က သိနေတယ်လို့ ဆိုချင်ပါသလား'

'တကယ်တော့ ကနားရစ် မသိတာ ခပ်ရှားရှားပဲ။ ဒါပေမယ့် သူဟာ မသိဟန်ဆောင်ပြီး ပြောလား ပြောတတ်ရဲ့။ သူပြောသမျှဟာ နိုင်ငံရေးတောင် အင်မတန်အဆင့်မြင့်တဲ့ နိုင်ငံရေးပဲ။ သူပြောသမျှတွေထဲကလည်း ဘာတော့ဖြစ်လာလိမ့်မယ်ဆိုတာကို နားထောင်ရသူက ရိပ်စားမိနိုင်တယ်။ သူလျှိုတစ်ဦးစ နှစ်ဦးစ ပါဝင်ပတ်သက်တဲ့ အသေးအဖွဲ့ နိုင်ငံတော်ပုန်ကန်မှု စတဲ့ စစ်ရေးစစ်ရာသက်သက်ကို ပြောပြလေ့မရှိပါဘူး။ သူပြောရင် ဂျာမနီ၊ ဗြိတိန်၊ ရုရှားနဲ့ အမေရိကန်အကြောင်းတွေပါပဲ။ တစ်ခါတစ်ခါ သူတို့က ဟစ်တလာကို ဘယ်လိုဆန့်ကျင်မယ်ဆိုတဲ့ အကြံကို ပြောပြတဲ့အခါမှာ သူ့ခံစားချက်တွေဟာ ကျွန်မကိုပါ ကူးစက်လာတတ်တယ်'

'လုပ်သာ လုပ်ပါ'

'ကျွန်မ ကနားရစ်ကို အဲဒီလို ပြောလိုက်ရမလားလို့ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ကိုတောင် ကျွန်မ မေးမိသေးတယ်'

'ဒီကိစ္စမျိုးမှာ ဗြိတိသျှတွေရဲ့ အယူအဆဟာ မှန်တယ်။ ဗြိတိသျှအရာရှိတွေက တစ်ခွန်းမှ မဟခဲ့ဘူး။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က အင်မတန် ပိပိရိရိ လျှို့ဝှက်နိုင်ခဲ့တယ်။ စစ်ကြီးကာလတစ်လျှောက်မှာ ဒီအဆက်အသွယ်ဟာ မပေါ်ခဲ့ဘူး'

ကနားရစ်၏ မိတ်ဟောင်းဆွေဟောင်းများ။ လုပ်ဖော်ကိုင်ဘက် အရာရှိများနှင့် တွေ့ဆုံမေးမြန်းခဲ့၏။ အချို့သောပုဂ္ဂိုလ်များက မစ္စစ်ဂျေကိုလည်း သိကြသည်။ လအတန်ကြာပြီးနောက် ကျွန်တော်က မစ္စစ်ဂျေထံ တစ်ပတ်ကျော့ပြီး ရောက်လာခဲ့ပြန်သည်။ ကနားရစ်သည် စကားပြောဆိုရာတွင် အထူးသတိထားတတ်သည်ဆိုသော သူ့ဉာဉ်နှင့် အလွန်ပင် ဆီလျော်၏။

'ကျွန်မမှတစ်ဆင့် မဟာမိတ်တွေအကြောင်း ကနားရစ် တစ်ခါဘူးမှ မစုံစမ်းခဲ့ဘူး'

မစ္စစ်ဂျေက တဖန် ပြောပြပြန်သည်။

ခဏမျှ ရပ်နားနေပြီး မစ္စစ်ဂျေက စကားဆက်ပြန်သည်။

'အဲ . . . ကနားရစ်ဟာ သာမန် စစ်လျှို့ဝှက်သတင်းတောင်မှ ထုတ်ဖော်မပြောတတ်ဘူးဆိုတာလဲ သိထားဖို့လိုမယ်။ နို့မဟုတ်ရင် ဂျာမနီတို့က သူ့ကို ဗြိတိသျှ သူလျှိုလို့ စွပ်စွဲကြမှာပေါ့'တဲ့။

➡ ◆ ⬅ ◆ ➡



( ၁၁ )

## နှစ်ပေါက်ချွန် ဒတ်ချ်သူလျှို

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်အား သည်မျှ စိတ်သောကရောက်စေခဲ့ရသော ဒတ်ချ် မြေပြန့်နိုင်ငံတွင် ဘာများဖြစ်သောကြောင့်နည်း။

ဟစ်တလာအား ပူးပေါင်းဆန့်ကျင်ကာ လုပ်ကြံရန် ကြံစည်နေကြသော အပေါင်းအသင်းရင်းချာတစ်စုအား ကနားရစ်က ဟော်လန်နိုင်ငံအတွင်းသို့ အရဲစွန့် မသွားသင့်ဟု သတိပေးစကား ပြောနေ၏။

'ကျူပ်က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ထဲကို ထိုးဖောက်နိုင်ခဲ့ပြီ။ အင်္ဂလိပ်တို့ဆီက အံ့ဩစရာနိုက်ပ်စေမယ့် သတင်းအစီရင်ခံစာတွေ လက်ခံရပေလိမ့်မယ်လို့ ထင်တာပဲ'

ကနားရစ်က သို့ကလို ပြောပြသည်။

'ဟော်လန် မဟုတ်စေရပါဘူး'

၁၉၃၈-ခုနှစ်တွင် ပြည်ပစုရပ်အဖြစ် သတ်မှတ်နိုင်သည်ကို ပြောပြစဉ်က အထက်ပါအတိုင်း ပြောပြသည်။ ဘယ့်အတွက် သည်မျှ စိုးရိမ်ပူပန်နေရသည်ကိုမူ တိတိပပ ပြောမပြနိုင်ကြ။

နှစ်အတန်ကြာလာသောအခါမှသာ ဘာကြောင့်ဖြစ်သည် ဆိုသည်မှာ ပေါ်လွင် လာတော့၏။ သူလျှိုဂျေင့်ပေါင်းစုံက ဟော်လန်၊ ဘယ်လ်ဂျီယံနိုင်ငံများတွင် သွားချည် လာချည်နှင့် ခြေရှုပ်နေကြသည်။ သူလျှိုဂျေင့်တစ်ဦးသည် ၁၉၃၀-ခုနှစ်များ

www.burmeseclassic.com

www.burmeseclassic.com



နှောင်းကာလတွင် အခြားအခြားသော သူလျှိုဂျေဂ့်များ၏ လှုပ်ရှားမှုများကို စောင့်ကြည့်နိုင်သော နေရာသို့ တိတ်တဆိတ်ရောက်လာသည်။

သူ့နာမည်က 'ဝဲလ်ဘတ်ချ်' *(Walbach)* ဒတ်ချ်လူမျိုး။

နွေရာသီ တစ်ခုသော ညနေခင်း။

ပုဂ္ဂိုလ်တစ်ဦးက ဟိတ်ဂ်မြို့တော်၏ ဆင်ခြေဖုံးအရပ်မှ လူသူတိတ်ဆိတ်သော လမ်းကျဉ်းကလေးတစ်ခုရှိ အဆောက်အအုံ ဝရန်တာတွင်ထိုင်ကာ လမ်းကို ကျောပေးဆောက်ထားသော တိုက်ပုကလေးဆီသို့ မျက်တောင်မခတ် ကြည့်နေမိသည်။

နောက်တစ်နေ့။

ထိုပုဂ္ဂိုလ်သည် မနေ့က နေရာတွင်ပင် ရှိနေပြန်သည်။ သူ့ရှေ့လျားပုံက လေးလံသည်။ သူ့လှုပ်ရှားမှုကို တခြားသူ မမြင်မတွေ့စေရန် အကာအကွယ်ယူထားခြင်း မရှိ။

တိုက်ပုကလေးထဲတွင် ပုဂ္ဂိုလ်နှစ်ဦး။ သူတို့က လမ်းတစ်ဘက် ဝရန်တာမှ ပုဂ္ဂိုလ်သို့ စူးစူးစိုက်စိုက် ကြည့်နေကြသည်။ မကြာမကြာ ပြတင်းပေါက်မှလာ၍ ကြည့်တတ်သေးသည်။ လမ်းတစ်ဘက်ရှိ အဆောက်အအုံ ဝရန်တာမှ ပုဂ္ဂိုလ်ကြီးကမူ ရှိမြဲ ရှိနေဆဲ။

တတိယမြောက်နေ့။

တိုက်ပုကလေးထဲမှ ပုဂ္ဂိုလ်တစ်ဦးထွက်လာသည်။ လမ်းတစ်ဘက်ရှိ အဆောက်အအုံမှ ပုဂ္ဂိုလ်ကြီးဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

'ကဲ . . . ဒီမှာကိုယ့်လူ ဒီနေရာက ခင်ဗျားထွက်မသွားဘူးဆိုရင် ဒီနေရာမှာ လှည့်လည် အနှောင့်အယှက်ပေးနေသူအဖြစ် ကျုပ်က ခင်ဗျားကို ရဲလက်အပ်လိုက်မှာ'

'ကျုပ်ကလည်း ဒီနေရာမှာ လှည့်လည်မနေချင်ပါဘူး'

ဝဲလ်ဘတ်ချ်က မျက်နှာစိမ်းအား စကားတုန့်ပြန်ရင်း စူးစူးစိုက်စိုက် ကြည့်နေသည်။ ပြီး စကားကြောဆက်ရှည်နေပြန်သည်။

'ဒီနေရာထိုင်နေရတာ စာဘတ်ပေးတဲ့ငွေနဲ့ဆို မတန်ဘူး။ ကျုပ်မှာလည်း မိသားစုနဲ့ ကြည့်ရှုရဦးမှာဗျ'

'အင်း . . . ကျုပ်တိုက်ထဲ ဝင်ခဲ့'

မကြာပါ ဝဲလ်ဘတ်ချ်သည် အရပ်ပုပြတ်ပြတ်၊ ထိပ်ပြောင်ပြောင် ပုဂ္ဂိုလ်တစ်ဦးရှေ့တွင် အသင့်ရောက်နေလေပြီ။ ယင်းပုဂ္ဂိုလ်က သူ့အား စူးစူးဝါးဝါး ကြည့်နေသည်။

ဟော်လန်နိုင်ငံရှိ ဂျာမန် တန်ပြန်ထောက်လှမ်းရေးအဖွဲ့ ခေါင်းဆောင် ရစ်ချတ်ပရော့ဇီက ဝဲလ်ဘတ်ချ်အား လက်ညှိုး တငေါက်ငေါက်နှင့် ဟောက်နေသည်။

'ဒီမှာ ကိုယ့်လူ ကျုပ်တို့အလုပ်မှာ အနှောင့်အယှက်မပေးနဲ့။ ခင်ဗျားအတွက် ကောင်းကျိုးဖြစ်မှာ မဟုတ်ဘူး။ ခင်ဗျားအတွက် ဆိုးကျိုးသာရှိမယ်။ ခင်ဗျားကို သူတို့က





ဘယ်လောက် ထောက်ပံ့သလဲ'

'တစ်လ ခုနှစ်ရာ'

'အင်း . . . ခင်ဗျားက ကျုပ်တို့အတွက် အကျိုးရှိအောင် လုပ်ပေးရင်တော့ ကျုပ်တို့က ခင်ဗျားကို တစ်လ ရှစ်ရာပေးမယ်။ ပိုတောင်ပေးဦးမယ်။ ခင်ဗျားအလုပ်က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ကို 'ထိုးဖောက်သတင်းနှိုက်ဖို့ပဲ'

ဝဲလ်ဘတ်ချ်သည် ဟိတ်ဂ်မြို့တစ်ခွင် ပြုံးပြုံးစင်အောင် သွားနေတော့သည်။ ပို၍ များပြားထူးကဲသော အကျိုးကို ခံစားရန်အတွက် သူ့လက်ထဲတွင် လျှို့ဝှက်သတင်း ရှိနေသည်။ သည်သတင်းကို ငါးစာအဖြစ် ဖန်တီး၍ ငါးကြီးကြီးရရန် မျှားရပေဦးတော့မည်။

ဂျာမနီနိုင်ငံတွင်းမှ မဟာမိတ် ထောက်လှမ်းရေးလုပ်ငန်းများက ချွတ်ချွတ်ချော်ချော်ဖြစ်နေသည်။ လျှို့ဝှက်သတင်းများကလည်း ရနိုင်သလို ပေါက်ကြားလိုပေါက်ကြား ဂျာမနီမှ မဟာမိတ်ထောက်လှမ်းရေး သူလျှိုဂျေဂ့်တို့က ဖြိုနိုင်ပေါ်မလော။

ငြိမ်းချမ်းရေးကာလနှောင်းပိုင်းနှင့် စစ်ကြီးဖြစ်စ ရှေ့ပိုင်းကာလများတွင် ဝဲလ်ဘတ်ချ်၏ လှုပ်ရှားမှုများကြောင့် ဟော်လန်၊ ဘယ်လ်ဂျီယံနိုင်ငံများတွင် မြေရှစ်နေသော မဟာမိတ် ထောက်လှမ်းရေးသူလျှို ဂျေဂ့်အတွက် ရင်တမမ ဖြစ်နေကြရသည်။

သူလျှို ဝဲလ်ဘတ်ချ်က၊ ဟော်လန်၊ ဘယ်လ်ဂျီယံနိုင်ငံတစ်ခွင် ပြုံးပြုံးစင်အောင် သွားနေသည်။ သူ့ကိုမသိမီမှာပင် သူ့ကို နောက်ယောင်ခံလိုက်နေသူများမှာ ထောင်နန်းစံ သွားကြရသည်။

၁၉၃၉–ခုနှစ်၊ စစ်ဖြစ်နေသည့်ကာလတွင် အနောက်နိုင်ငံများ၌ အရာရာသည် အေးဆေးတည်ငြိမ်လျက်ပင်၊ လေယာဉ်ဖြင့် ရန်သူ့နယ်မြေများကို ထောက်လှမ်းခဲ့ခြင်းမှတပ ဗြိတိသျှနှင့် ပြင်သစ်တပ်များက 'မဂျီနိုတ်ခံစစ်ကြောင်း' နောက်တွင်ပင် အေးအေးဆေးဆေး ရှိနေကြသည်။

လော်ရက်ချ်မြို့သာ အမြောက်နှင့် ထုခံရခြင်းကလွဲ၍ မြို့ကြီးပြကြီးများမှာ ဖမြောက်ရန်နှင့် ဝေးနေဆဲ။ လေကြောင်းတိုက်ပွဲများ မဆင်နွှဲရသေး။ ပင်လယ်သမုဒ္ဒရာ ရေပြင်၌သာလျှင် ဂျာမန်ယူဘုတ်နှင့် ကရူဇာသင်္ဘောများက ဗြိတိသျှကုန်တင်သင်္ဘောများကို အနှောင့်အယှက် ပေးနေကြသည်။

နှစ်ဦးနှစ်ဖက်စလုံး၏ လှုပ်ရှားမှုများကို မြင်တွေ့ကြရသော အမေရိကန်သတင်းထောက်များက 'အယောင်ဆောင်စစ်ပွဲ' ဟုပင် သမုတ်ခဲ့ကြသည်။

စင်စစ် တချို့တချို့သော စစ်ရေးစစ်ရာများကို ဘေးမှ လက်ပိုက်ကြည့်နေသော ပရိသတ်အား ရှင်းပြဖို့အခက်သား။

စုစုစည်းစည်း မလုပ်ရသေးသော အင်အားကို မဆင်မခြင် အသုံးပြုမှာမို့ ဗြိတိသျှတို့က ဂရုတစိုက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီစစ်ဦးစီးဌာနချုပ်တွင် အနောက်ဘက်ဒေသသို့ ထိုးစစ်ဆင်ရန်အတွက် ပြင်ဆင်မှုများလုပ်ရန် ဟစ်တလာက အတင်းအကြပ် စေခိုင်းနေသည်။ ရာသီဥတု ခန့်မှန်းချက်များ၊ ဂြိုဟ်နက္ခတ်များနှင့် ပတ်သက်သော အစီရင်ခံစာများကိုသာ မပြတ် တောင်းလျက်ရှိနေသည်။ ဂျာမန် ဗိုလ်ချုပ်ကြီးများက ထိုးစစ်ဆင်ခြင်းကို နောက်နှစ်နွေဦး အထိ ရွှေ့ဆိုင်းရန် တင်ပြလျက်ရှိသည်။

သည့်အခိုက် ဂျာမန်နိုင်ငံအတွင်း အာဏာချိန်ခွင်လျှာ မညီမျှမှုကြောင့် ဟေးဒရစ်ချ်က မရေမရာဖြစ်နေသည်။ ဖရစ်ချ်အမှုတွင် ဟေးဒရစ်ချ်တစ်ယောက် မျက်နှာပျက်ခဲ့ရသည်။ ဂိုရင်းက ဂျာမန်စစ်သူကြီး ယူနီဖောင်းဝတ်စုံ ဝတ်လျက် လျှပ်လျှပ်တောက်နေချိန် ဖြစ်သည်။

စစ်ကြီး စတင်ဖြစ်ပွားသည့်ကာလတွင် ဟစ်တလာက မိမိကိုယ်ကို 'ဂျာမနီ နိုင်ငံ၏ နံပါတ်တစ် မင်းသားကြီး' ဟု ထင်ရှားခေါ်ခဲ့၏။

ဟစ်တလာက မိမိ၏ ကိုယ်ရံတော်တစ်အဖြစ် ဗိုလ်ချုပ်ရွှန်းမဲလ် ကွပ်ကဲသည့် ဂျာမန်ကြည်းတပ်မှ တပ်ရင်းကိုသာ စိတ်ချယုံကြည်၏။ ပါတီနှင့် နိုင်ငံအစိုးရတို့ အားပြိုင်နေကြစဉ် ကာလက မိမိအား အသက်ပေးစောင့်ရှောက်ခဲ့သော လျှို့ဝှက် ရဲ အဖွဲ့ကိုပင် အားမကိုးတော့။

ဗိုလ်ချုပ်ကြီးဗွန်ဖရစ်ချ် တစ်ယောက် ဝါဆောမြို့တော်နှင့် မလှမ်းမကမ်း လယ်ကွင်းထဲတွင် လက်သည်မပေါ် ထူးထူးဆန်းဆန်း သေဆုံးခဲ့သောအခါမှ ဟစ်တလာက လျှို့ဝှက်ရဲအဖွဲ့အား သက်တော်စောင့် ကိုယ်ရံတော်အဖြစ် ပြန်လည်အသုံးချရန် စဉ်းစားလာ၏။

၁၉၃၈-ခုနှစ်အတွင်းက လန်ဒန်တွင် ကြည်းတပ်၏ သံရုံးမှ၊ တလိမ်ဉာဏ်ဆင်မှုများကြောင့် ဟေးဒရစ်ချ်တစ်ယောက် ဘယ်သောအခါမှ သိက္ခာမကျခဲ့။

ဟစ်တလာအစိုးရကို ဆန့်ကျင်ကြသော ဂျာမန်စစ်တပ်အတွင်းမှ အချို့အစိတ် အပိုင်းများက ဗြိတိသျှအစိုးရအား ဟစ်တလာဆန့်ကျင်ရေးအကြောင်း သတင်းပေး ခဲ့ကြသည်ကို ဟေးဒရစ်ချ်က သိနေသည်။

သည်အချိန်မှစ၍ ဟေးဒရစ်ချ်က ပြည်ပတွင် ပါနေရသော လုပ်ငန်းကို တိုးချဲ့ထားရှိခဲ့၏။ သို့ရာတွင် ဂျာမနီနိုင်ငံအား ပူးပေါင်းကြံစည်ဆန့်ကျင်နေကြခြင်းကိုမူ မတွေ့မြင်ခဲ့ရ။

ဟေးဒရစ်ချ်၏ လက်ထောက်အရာရှိ 'ရှဲလင်ဘာ့ဂ်' *(Schellewberg)*က အကယ်၍ ဟစ်တလာအား လုပ်ကြံရန် ပူးပေါင်းကြံစည်ခြင်းရှိခဲ့၍ စုံစမ်းမသိရှိလျှင်လည်း ဟစ်တလာကမူ ဖန်တီးလာသော ကြံစည်မှုတစ်ခုခုကိုပင် အဟုတ်ထင်မှတ်လိမ့်မည်ဟု အကြံပေးလာသည်။

အကယ်၍ ဂျာမန်ဗိုလ်ချုပ်ကြီးများက ဟစ်တလာအား ဆန့်ကျင်နေခြင်းကို





အခြားတစ်နည်းနည်းဖြင့် အကောင်အထည်ပေါ်လာစေဦးတော့ ဟန့်တားပိတ်ပင်နိုင်စွမ်း ရှိ၏။

သည့်တွင် စစ်ဆင်ရေးနှစ်ရပ်ကို 'ပရင့်အဲလ်ဘရက်ချ်စထရီ' လမ်းတွင် အကြမ်းဖျင်း ရေးဆွဲသည့်အတိုင်း အကောင်အထည်ဖော်လာရသည်။ စစ်ဆင်ရေးနှစ်ရပ်မှာ အစပထမတွင် တစ်ခုနှင့်တစ်ခု တိုက်ရိုက်ဆက်စပ်မှုမရှိခဲ့။ သို့ရာတွင် နှစ်ခုစလုံးအား တစ်ပြိုင်နက်တည်းလိုလို ချမှတ်ခဲ့ရ၏။

စစ်ဆင်ရေးတစ်ရပ်က ၁၉၃၉-ခု နိုဝင်ဘာလတွင် မြူးနစ်မြို့ရှိ 'ဗာဂါဘော' ဘီယာဆိုင်၌ နာဇီပါတီကို စတင်တည်ထောင်သူများ ပြန်လည်ဆုံစည်းကြသည့်ပွဲတွင် ဟစ်တလာအားလုပ်ကြံရန် အယောင်ဆောင် ကြံစည်မှုတစ်ရပ်ကို ဖန်တီးသည်။

နောက်စစ်ဆင်ရေးတစ်ရပ်မှာ အနောက်ဥရောပရှိ ဗြိတိသျှထောက်လှမ်းရေး အဖွဲ့မှ အမိက သူလျှိုတမန်နှစ်ဦးအား ပြန်ပေးဆွဲရန်ဖြစ်သည်။

ပထမစစ်ဆင်ရေးကို အကျဉ်းကျ ထောင်သားတစ်ဦးအား အသုံးချ၍ လွယ်လွယ်ကူကူပင် စီစဉ်ဆောင်ရွက်သည်။

ဂျာမန်အကျဉ်းကျ ထောင်သားများအား ပိုလန်စစ်တပ် ယူနီဖောင်းဝတ်စုံများ ကိုဝတ်စေလျက် ဂျာမန်နယ်မြေကို တိုက်ခိုက်စေခဲ့သည့် တလိမ်ဉာဏ်ဆင်ခဲ့သည့်နည်း အတိုင်း အသုံးချခြင်းမျိုး။ ပိုလန်စစ်တပ် အယောင်ဆောင်ခဲ့သော ဂျာမန်အကျဉ်းကျ ထောင်သားများမှာ ထိုနေရာတွင် ကျည်ဆံ ကျဆုံးခဲ့ကြရသည်။ သရုပ်ဆောင်သဖွယ် တူစေရမည့် မဟုတ်ပါလား။ အဲ မသေကြွင်းကျန်သူများကိုပါ လက်ရဖမ်းပြီး လက်စ ဖျောက် သတ်ခဲ့ပြန်သည်။

'ဒါချောအကျဉ်းစခန်း' *(Dachau)*တွင် နှစ်ကြာအကျဉ်းကျ ကွန်မြူနစ်ပါတီဝင် 'ဂျော့အဲလ်ဆာ'အား အကျဉ်းမှ လွတ်ပေးမည်ဟူသော ကတိပေးလျက် လျှို့ဝှက်ရဲအဖွဲ့က ဘီယာဆိုင်ခန်းအတွင်း၌ ချိန်ကိုက်ဗုံးဝှက်ရန် တိတ်တဆိတ် ဆောက်လုပ်စေသည်။ ချိန်ကိုက်ဗုံးကို အရည်စည်များထားရာ အခန်းတွင်း သစ်သားတိုင်တစ်တိုင်ကို ထွင်း၍ ထားရှိရန်ဖြစ်သည်။

ဘီယာခန်းအုပ်ချုပ်သူများအား အခန်းတွင်း၌ မိုက်ကရိုဖုန်းတပ်ဆင်ရန်ဟု အကြောင်းကြားကာ 'လိမ့်'ရပေလိမ့်မည်။ လွယ်ပါသည်။

သည်လုပ်ငန်းအားလုံးကို ဂျော့အဲလ်ဆာက လုပ်ပေးမည်။ 'ဗန်ဒါလုဗေ' *(Von Det Lubbe)* ကဲ့သို့ စိတ်မနှံ့သူအဖြစ် မှတ်တမ်းတင် ခံရရုံသာ ရှိမည်။

(ဗန်ဒါလုဗေသည် ဘာလင်မြို့တော်ရှိ အစိုးရရုံးတိုင်ရာ အဆောက်အအုံကြီး များအား မီးတင်ရှို့သူအဖြစ် ၁၉၃၃-ခုနှစ်တွင် နာဇီတို့က ကွပ်မျက်လိုက်သည်)

(အကျဉ်းစခန်းတစ်ခုတွင် ဂျော့အဲလ်ဆာနှင့် တွေ့ဆုံမေးမြန်းခဲ့သော ကာပွတ်ထိန် ဗိန်းဘတ်စ်က သူ့ဇာတ်လမ်းစုံကို *(The Venloo Incident)* ဟူသော အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ထုတ်ခဲ့၏။)

သည်ကိစ္စအားလုံး ပြီးသည်နှင့် ဂျော့အဲလ်စာအား နိုင်ငံခြားငွေများ ပုံအော ပေးပြီး ပြည်ပသို့ ထွက်ပြေးနိုင်ရန် လမ်းဖွင့်ပေးသည်။

နာဇီပါတီ တည်ထောင်ဖွဲ့စည်းခဲ့သူများ ပြန်လည်ဆုံစည်းသည့်ပွဲမှ ဟစ်တလာ ထွက်သွားပြီး ၁၀ မိနစ်အကြာတွင် ဗုံးပေါက်ကွဲသွားသည်။ စားပွဲတွင် ဘီယာသောက် ရင်း ကျန်ခဲ့ကြသော ပါတီခေါင်းဆောင် အများအပြား သေကုန်ကြ၏။

သည်အဖြစ်ကို တကယ့်ဖြစ်ရပ်နှင့် ပိုမိုတူရလေအောင် ဖြည့်စွက်ခဲ့ပြန်သည်။

နောက်တစ်နေ့တွင် ဂျော့အဲလ်စာအား နယ်စပ် အကောက်ခွန်ဌာနရှေ့တွင် ပြည်ပသို့ထွက်ရန် အားထုတ်နေစဉ် ဖမ်းဆီးမိသည်ဟုဆို၏။

ဒုတိယစစ်ဆင်ရေး ဗြိတိသျှသူလျှိုဂျေင့်များအား ဖမ်းဆီးမိသည်ဟုဆို၏။

ဒုတိယစစ်ဆင်ရေး ဗြိတိသျှသူလျှိုဂျေင့်များအား ဖမ်းဆီး ပြန်ပေးဆွဲရန်မှာ ပို၍ ခက်ခဲသေး၏။ ဂျာမနီနိုင်ငံကို ဦးတည်ထောက်လှမ်းနေသည့် အဓိက ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့မှာ ဟိဂ်မြို့တွင်ရှိနေသည်ဟု ဟေးဒရစ်ချ်က စွပ်စွဲနေသည်။

ဒတ်ချ်လူမျိုး ဝဲလ်တာတ်ချ်က ယခုအခါတွင် ဗြိတိသျှထောက်လှမ်းရေး အဖွဲ့အတွင်းသို့ အောင်မြင်မြင် ထိုးဖောက်နိုင်ခဲ့ပြီ။ ဟိဂ်မြို့ရှိ ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲမှာ ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် တွဲဖက်ထားရှိသော ဗိုလ်မှူးစတီဗင်ပင် ဖြစ်ကြောင်း သိရ၏။ ဟေးဒရစ်ချ်က စတီဗင်သည် ဂျာမနီ မြောက်ပိုင်း ဒေသအတွက် တာဝန်ယူရသော ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲဖြစ် သည်ဟု မှတ်ယူခဲ့၏။

ပိုလန်နိုင်ငံ စစ်ဆင်ရေးအပြီး ဂျာမနီနိုင်ငံနှင့် ဟိဂ်မြို့သို့ ကူးချည်သန်းချည် လုပ်နေသော ဖရန့်ဆိုသူ သူလျှိုဂျေင့်အား လျှို့ဝှက်အဖွဲ့ ရဲအရာရှိ 'ရှဲလင်ဘာတ်'က ခေါ်တွေ့သည်။ ပြီး . . . ဟစ်တလာအား လုပ်ကြံလိုသော ဂျာမန်တပ်အရာရှိ တစ်စုက ဗြိတိသျှထောက်လှမ်းရေးအဖွဲ့နှင့် အဆက်အသွယ်လုပ်လိုကြောင်း သတင်းကို ဗိုလ်မှူးကြီးစတီဗင်နှင့် ဗိုလ်ကြီးပိန်းဘာတ် နားသို့ပေါက်အောင် သတင်းပို့စေသည်။

သည်သတင်းကြောင့် လန်ဒန်ရှိ နိုင်ငံခြားရေးရုံး ထိပ်ပိုင်းအရာရှိကြီးများအတွင်း တွင် စိတ်လှုပ်ရှားလျက် ရှိနေကြ၏။

ဂျာမန်တို့က ကမ်းလှမ်းလာခြင်းကို စုံစမ်းရန်အတွက် ဗိုလ်မှူးကြီး စတီဗင်နှင့် ဗိုလ်ကြီး ပိန်းဘာတ်တို့အား အထက်မှ အမိန့်ပေးသည်။

ဂျာမန် ဟော်လန် နယ်စပ် အနီးဟမ်းနှင့် ဗန်လူးကျေးရွာနှစ်ရွာကြား ပြန့်ပြူးသော လွင်ပြင်တွင် ကြောင်နှင့်ကြွက်တို့ လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ ဗြိတိသျှ ထောက်လှမ်းရေးသမားများက ပိုမိုရဲတင်းလာကြသည်။ သတိလက်လွတ်ပင် ဖြစ်လာကြ သည်။





ရှဲလင်ဘာတ်အား စကားပြောကြေးနန်းစက်နှင့် စကားဝှက်များကိုပင် ပေးခဲ့ သည်။ ရှဲလင်ဘာတ်က စကော်မဲလ် အမည်ခံယူလျက် ဂျာမန်စစ်တပ်မှ အရာရှိငယ်တစ်ဦး အဖြစ် အယောင်ဆောင်နေသည့်သူက ဗိုလ်ချုပ်ကြီး ဖွန်ရန်စတက်၏ လူယုံဖြစ်သည်ဟု ဗိုက်ကာ လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း အာမခံချက်ပင် ပေးလိုက်သေးသည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟယ်လီဖက်စ်အား တိုးတက်မှုအရပ်ရပ်ကို အကြောင်းကြား အစီရင်ခံနေရသည်။ ဗြိတိသျှထောက်လှမ်းရေးသမားများအား မိမိတို့ ဘက်မှ စာရေး၍ ခြေလွန်လက်လွန်မဖြစ်စေဘဲ တစ်ဘက်မှ တင်ပြလာသည်ကိုသာ မှတ်သားရန် ညွှန်ကြားထားသည်။

ဂျာမန်ကုန်သည်များက နေ့စဉ်နေ့တိုင်း ဟိဂ်မြို့ အမ်စတာဒမ်မြို့များသို့ ဆက်ချည်ဆင်းလှည့် ကူးသန်းသွားလာနေကြ၏။

သို့ရာတွင် ဂျာမန်တမန်များ အယောင်ဆောင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ ပုဂ္ဂိုလ်နှစ်ဦးက နယ်စပ်ဒေသမှ ကျော်လွန်၍ တာဝန်မဲ့သွားရမည်ကို ဆန္ဒမရှိကြ။

နိုဝင်ဘာလ ၉ ရက်နေ့ . . . ။

ကောင်းသောနိမိတ် 'ပေါ်သည့်နေ့ . . . . ။

ဂျာမန် ထောက်လှမ်းရေးမှူးနှစ်ဦးက ဗြိတိသျှထောက်လှမ်းရေးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆွေးနွေးရန် ဗန်လူးသို့ပင် ရောက်လာကြ၏။ ဂျာမန် ထောက်လှမ်းရေးမှူးများက မိမိတို့၏ ဗိုလ်ချုပ်ကြီးသည် ဗန်လူးအနီးရှိ 'ဘဲကု'ကဖီးသို့ လာနေပြီဖြစ်ကြောင်း ပြောပြသည်။

ပြီး ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဝင်နှစ်ဦး အချိန်လင့်သည့်အထိ စောင့်ကာ အချိန်ဆွဲထားသည်။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဝင်များက မိမိတို့အား သက်သေ တောင်အဖြစ် လိုက်ပါမည့် စက်သေနတ်ကိုင် စက်ဘီးစီး ရဲတပ်သားများကို မစောင့်တော့ ဘဲ 'ဘဲကု'ကဖီးရှိရာသို့ ထွက်ခွာလာကြသည်။

'ဘဲကု' ကဖီးရောက်သောအခါ . . . .

ဂျာမန်ဗိုလ်ချုပ်ကြီး ဆိုသူကိုလည်း မတွေ့ရ။ ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်း တင်ပြလာသည်ကိုလည်း မတွေ့ရ။

ဂျာမန်ဗိုလ်ချုပ်ကြီး ပေါ်လာမည့်အစား အရပ်ဝတ်နှင့် လက်နက်ကိုင် ဂျာမန် စစ်သားများအပြည့်နှင့် မော်တော်ကားတစ်စင်း ထိုးဆိုက်လာသည်။ ဗြိတိသျှ ထောက်လှမ်းရေး အဖွဲ့ဝင်နှစ်ဦးအား ကားထဲသို့ အတင်းအဓမ္မ ဆွဲသွင်းကြသည်။

အတင်းမောင်းပြေးတော့မည့်ကားကို မပြေးနိုင်ရန် ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ဝင်များနှင့်အတူ လိုက်ပါလာသူ ဒတ်ချ်လူမျိုး ဗိုလ်ကြီးဒတ်ကလော့ပ်က သူ့ခြေ ပြောင်ပြောင်ဖြင့် ပစ္စတိုကို ဆွဲထုတ်သည်။ ဂျာမန်တို့က သူ့အား ပစ်လိုက်သည် တွက်ခိုင်းအတွင်းမှာ စတီဗင်နှင့် ပိန်းတို့အား အစောင့်အကြပ်များ တင်းတင်းကြပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်လိုက်ပါလျက် ဘာလင်သို့ ခေါ်ဆောင်သွားတော့၏။

'ဒီကိစ္စမှာတုန်းက ခင်ဗျား ပါဝင်ပတ်သက်ခဲ့သေးလား။ ဗိုလ်မှူးကြီး စတီဗင် ဘယ်မှာလဲ'

ကနားရစ်က ရစ်ချတ်ပရော့ဖီအား မေးသည်။ ဒါဆာဒေါ့လ်တွင် မိမိအား ကိုယ်တိုင်သတင်းပို့ အစီရင်ခံရန် ညွှန်ကြားထားသည်။

'စတီဗင်က ဟော်လန်မှာလေ'

'မဟုတ်ဘူး။ စတီဗင်တစ်ယောက် အခု ဂျာမနီရောက်နေပြီကွ။ ဒီကိစ္စမှာ မင်းပါရင်တော့ သိမယ်'

ကနားရစ်က ဒေါသတကြီးနှင့် အော်ဟစ်ပြောသည်။

'ကျွန်တော် ဒီကိစ္စကို ဘာဆိုဘာမှ မသိရပါလား . . . '

ရစ်ချတ်ပရော့ဖီက ပြန်ဖြေသည်။

'အမှတ် (၂) ထောက်လှမ်းရေးကို မေးစမ်း . . . '

ကနားရစ်က စေခိုင်းပြန်သည်။ ဝဲလ်ဘတ်ချ်မှတစ်ဆင့် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က အဖြေရသည်။

'စတီဗင် ဘယ်ရောက်လို့ ဘယ်ပေါက်နေတယ်ဆိုတာ ကျုပ်တို့ထက် ဂျာမန်တွေက ပိုသိမှာပေါ့ . . . ' တဲ့။

'ဗန်လူးမှာ ဟေးဒရစ်ချ်ရဲ့ အဖွဲ့သားတွေက ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ဝင် နှစ်ဦးကို ပြန်ပေးဆွဲမယ်ဆိုတာ ကနားရစ်ကို ကြိုတင် အကြောင်းမကြားခဲ့ဘူး။ စစ်ဦးစီး ချုပ်များကို အသိမပေးခဲ့ဘူး။ သူတို့တွေကတော့ စိတ်အနည်းငယ် အနှောင့်အယှက် ဖြစ်ရုံပါပဲ။ ဟေးဒရစ်ချ်ရဲ့ ဂက်စတာပို အဖွဲ့ဝင်များက စတီဗင်ဆီက ဂျာမနီနိုင်ငံအတွင်းက ဟစ်တလာ ဆန့်ကျင်ရေးကို အတင်းအဓမ္မ အစ်ထုတ်မှာပဲ ကနားရစ်က ကြောက်လန့်နေတယ် . . .

သည်အကြောင်းများကို ဗိုလ်ချုပ်ကြီး လဟိုစင်က ကျွန်တော့်အား ပြောပြခဲ့၏။

သည်အရေးအခင်းတွင် ဂျာမန်ထောက်လှမ်းရေး အရာရှိထဲမှ တစ်ဦးတစ်လေ များ ပါဝင်ပတ်သက်ခြင်း ရှိမရှိကို ကနားရစ်က ဟေးဒရစ်ချ်ထံမှ တီးခေါက်ကြည့်သည်။

ဟေးဒရစ်ချ်က သည်အရေးတွင် ဂျာမန်ထောက်လှမ်းရေးက တစ်ဦး တစ်ယောက်မှ ပါဝင်ပတ်သက်ခြင်းမရှိဟု ဆိုသည်။ သို့ရာတွင် အချို့သော ထိပ်တန်း ဗိုလ်ချုပ်ကြီးများ၏ သစ္စာစောင့်သိခြင်းမှာ သံသယဖြစ်ဖွယ် ရှိသည်ဟုလည်း ဖွင့်ပြော သည်။

ဗန်လူးဒေသတွင် ဗြိတိသျှထောက်လှမ်းရေး အရာရှိနှစ်ဦးအား ပြန်ပေးဆွဲ ခဲ့ပြီး နောက်တစ်နေ့တွင်ပင် ဂျာမန်သတင်းစာများက မြူးနစ်မြို့ ဘီယာဆိုင်ခန်းအတွင်း ဗုံးပေါက်ကွဲမှုသတင်းကို အသေးစိတ် အကျယ်တဝင့် ဖော်ပြသည်။





စကာမ်မဲလ်အမည်ခံ ရှဲလင်ဘာက်က ဗြိတိသျှ ကြိုးမဲ့ကြေးနန်းစက်မှ နေ၍ လှောင်စရာအဖြစ် ပြောခဲ့သည်။ သက်သေခံ အထောက်အထားအဖြစ် ဝါဒဖြန့် ဝန်ကြီး ဂျာနက်ကိုပင် ဓာတ်ပုံရိုက်ကူးစေသည်။

လျှို့ဝှက်ရဲအဖွဲ့မှ ဆရာဝန် ပါမောက္ခဒီကရိုင်းနစ်က ဗန်လူး ပြန်ပေးဆွဲ အရေးအခင်းနှင့် မြူးနစ်မြို့ ဘီယာခန်းဗုံးပေါက်ကွဲမှုကို ဆက်စပ်ဖို့ ထူးထူးဆန်းဆန်း အကြံရလာသည်။ ဖြစ်ရပ်နှစ်ခုကို ဆက်စပ်ပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းမည်ဟုလည်း ဟေးဒရစ်ချ်သို့ အကြံဉာဏ်ကောင်းများ ပေးသည်။

(ပါမောက္ခ ဒီကရိုင်းနစ်သည် ဘာလင်ရှိ ချာရိုက်ဆေးရုံကြီးတွင် နာမည်ကျော် စိတ်ပညာရှင် ဆရာဝန်ကြီးဖြစ်လာသည်။)

စတီဗင်နှင့် ပိန်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ နှစ်ဦးအား 'ဂျော့အဲလ်စာ' မြင်တွေ့ရသည့် နေရာမှာ စီတန်း လမ်းလျှောက်ကြသည်။ ဂျော့အဲလ်စာ ကလည်း မထိုင်းမတွ မှတ်မိသည်။

ဂျော့အဲလ်စာကို ဒုတိယအကြိမ်မြောက် လှည့်စားနိုင်ပြန်သည်။ ဂျာမန် သတင်းစာများက ဟစ်တလာအား လုပ်ကြံရာမှာ ဗြိတိသျှထောက်လှမ်းရေးသမားများ၏ လက်ချက်ဖြစ်သည်ဟုသာ တွင်တွင်ဖော်ပြလျက်ရှိသည်။ သို့သော် ဖြစ်ရပ်နှစ်ခု၏ အသေးစိတ် အကြောင်းအရာများကိုမူ လွယ်လွယ်ကူကူနှင့် ဆက်စပ်၍ပင် မရနိုင်ခဲ့။ ထို့ကြောင့်လည်း နိုင်ငံတော်လုပ်ကြံမှုကြီးအဖြစ် လူ့ပုံအလယ်တွင် တရားစွဲဆို စစ်ဆေးရ မည့် အစီအစဉ်ကို သိမ်းခဲ့ရသည်။

သို့သော် . . . သို့သော် . . .

ဟေးဒရစ်ချ်ကမူ မိမိအကွက်ဆင်သော ဇာတ်လမ်းနှစ်ခုစလုံးမှာ အောင်မြင်ခဲ့ သည်ဟု ဆိုရပေလိမ့်မည်။ ဟေးဒရစ်ချ် အားထုတ်မှုဖြင့် ဟစ်တလာအား ဟိတ်တစ်လုံး ဟန်တစ်လုံးဖြင့် ဝင့်ဝင့်ကြွားကြွား နေထိုင်ခဲ့စေလေပြီ။

သို့ရာတွင် သာမန်လူများ၏ ကြင်နာမှုမှာ အောက်ခြေသို့ဆင်းနေပြီဟု ဆိုရ ပေမည်။ ဂျာမနီနိုင်ငံတွင် သစ္စာဖောက် လောက်ကောင်တွေ ရှိနေပုံရပြီး ဗြိတိသျှ ထောက်လှမ်းရေးက သစ္စာဖောက်လောက်ကောင်များနှင့် အဆက်အသွယ်လုပ်ရန် အားထုတ်နေကြောင်း ဟေးဒရစ်ချ်က ပြနိုင်ခဲ့လေပြီ။

ဟေးဒရစ်ချ်၏ အကွက်ဆင်ကောင်းခြင်းကြောင့် ဟစ်တလာက ဂျာမန်စစ်တပ် အပေါ် အယုံအကြည်ကင်းလာသည်။ မိမိသံက်တော်စောင့်အဖြစ် လျှို့ဝှက်ရဲအဖွဲ့များ ကိုသာ အားထားစေခဲ့၏။

သည်အခိုက်တွင် ကနားရစ်က နိုင်ငံရေး ထောက်လှမ်းရေးကို ပို၍ စိတ်ချ လိုသည်ဟု ယူဆရသော ပုပ်ရဟန်းမင်းကြီးအုပ်စိုးရာ ဗာတီကန်နယ်မြေသို့ စားကျက် ပြောင်းခဲ့သည်။ စင်စစ် သည်ဒေသနှင့် မပတ်သက်ရန် ကနားရစ်အား တားမြစ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်တွင် ဒေါက်တာဂျိုးဇက် မူးလာဆိုသူ မိတ်ဆွေရင်းချာတစ်ဦးရှိသည်။ ကက်သလစ်ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်သည်။ ကဇလိမ်ဉာဏ်များသည်။ အရပ်ပုပု ပြတ်ပြတ် ဗိုက်ရွဲရွဲ၊ သူ့မျက်နှာထားက ယဉ်ကျေးဖော်ရွေပုံမျိုး။ အရန်တပ်တွင်း ဗိုလ်အဆင့် ရရှိထားသူဖြစ်၏။

အင်္ဂလန်နှင့် အချိတ်အဆက်လုပ်နေခြင်းကို ပေါးအရစ်ချကာ နောက်ယောင်ခံ လိုက်နေချိန်တွင် မူးလာကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်ပုန်ကန်မှုကိုစွပ် သည်မျှ ဆွေးနွေးညှိနှိုင်းစွမ်းသည့် အရည်အချင်းရှိမည်ဟု တစ်ဦးတစ်ယောက်မျှ ထင်မည် မဟုတ်။

မူးလာကို မြူးနစ်မြို့ရှိ ထောက်လှမ်းရေးအဖွဲ့ဝင်နှင့် တွဲဖက်ထားရှိသည်။ မြူးနစ်မြို့ရှိ ထောက်လှမ်းရေးအဖွဲ့က ဗြိတိသျှနိုင်ငံကို တာဝန်ယူရသည်။

အီတလီ ရောမမြို့ရှိ ပုပ်ရဟန်းမင်းကြီးအုပ်စိုးသော ဗာတီကန်တွင် ဂျိုးဇက် မူးလား၏ မိတ်ဆွေရင်းချာတစ်ဦးရှိ၏။ ဖာသာလေဗာ ဟူ၏။ ဂျာမန် ဂျက်စူး ဘုန်းတော်ကြီးဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးမြောက် ဗီးယက်စ် ပုပ်ရဟန်းမင်းကြီး၏ *(Pope Pius XII)* အတွင်းစန်အဖြစ် အမှုထမ်းနေသည်။

၁၉၃၉–ခု၊ မတ်လတွင် စိန့်ပီတာ ဘုရားကျောင်း၏ အရှင်သခင်အဖြစ် အရွေးမခံရမီ ကာဒီနယ်ပီဇာလီ *(Cardinal Pacelli)* ဘဝကပင်လျှင် ဂျာမန်နိုင်ငံ အကြောင်း ခရေစေ့တွင်းကျ လေ့လာခဲ့သည်။ ဘာလင်မြို့တော်တွင် နှစ်ပေါင်းများစွာ သတင်းသုံးခဲ့ဖူး၏။ မိစ္ဆာဒိဋ္ဌိ နာဇီပါတီနှင့် ကက်သလစ်ခရစ်ယာန်သာသနာတို့ အကြား အနယ် အားပြိုင်ရင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်ကို နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ဖူး၏။ ဂျာမန်အတိုက်အခံပါတီမှ ခေါင်းဆောင်များနှင့်ပင် တွေ့ဆုံဆွေးနွေးခဲ့သည်။

မူးလာအတွက် ပတ်စပို့ကို ကနားရစ် ရုံးမှ ထုတ်ပေးခဲ့သည်။ အီတလီနိုင်ငံ ရောမမြို့တော်သို့ နိုဝင်ဘာလလယ်တွင် ထွက်ခွာသွားသည်။ မကြာပါ ဗာတီကန်တွင် တိုးတက်အောင်မြင်မှုများ ရနေသည်။

ညွှန်ကြားချက်များ နာယူရန်အတွက် လန်ဒန်မြို့သို့ ပြန်ခေါ်ထားသော ဗြိတိသျှသံအမတ်ကြီးနှင့် ဗြိတိန်၊ ဂျာမန်နှစ်နိုင်ငံစလုံးအတွက် နှစ်ဦးနှစ်ဖက် လက်ခံနိုင် ဖွယ်ရာရှိသည်။ ငြိမ်းချမ်းရေးအတွက် အခြေခံအဆင့်ကို ဆွေးနွေးရန် ကြိုတင်ခွင့်ပြုချက် ရယူထားပြီးဖြစ်၏။

မူးလာ၏ အဓိကရည်မှန်းချက်မှာ မဟာမိတ်တို့နှင့် သင့်မြတ်သော ငြိမ်းချမ်း ရေး ဆွေးနွေးရရှိနိုင်ဖွယ်ရာ ရှိသည်ဟု ဂျာမန်ဗိုလ်ချုပ်ကြီးများစိတ်ဝယ် မှတ်ထင်လာ မည့် ငြိမ်းချမ်းရေး သဘောတူအချက်အလက်များကို အကြမ်းဖျဉ်းရေးဆွဲရန် ဖြစ်၏။

သည်မျှ ဆွေးနွေးညှိနှိုင်းခဲ့ရုံမျှဖြင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ရောမ မြို့တော်သို့ လေကြောင်းဖြင့် အမြန်သွားပြီး ဗာတီကန်ရှိ ပုပ်ရဟန်းမင်းကြီးနှင့် တွေ့ဆုံရန် အကြောင်းလှမ်းလောက်ပြီဟု မူးလာက စွဲစွဲမြဲမြဲ ယုံကြည်ခဲ့၏။ သည်သို့သော အချိန်မျိုးတွင် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ရောမမြို့သို့ အလည်အပတ်သွားရန် ဆိုခြင်းမှာ မဖြစ်နိုင်ဟု ဗြိတိသျှသံအမတ်ကြီးက ပြောပြခဲ့၏။





သည်အချိန်တွင် ဗြိတိသျှအစိုးရအတွက် အတတ်နိုင်ဆုံးမှာ သည်ကိစ္စတွင် တတ်သိကျွမ်းကျင်သူတစ်ဦးအား အတူးတလည် အစီရင်ခံရန် စေလွှတ်နိုင်ရုံမျှသာ ဖြစ်နိုင်စရာရှိ၏။ သို့ရာတွင် သည်စဉ်က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟယ်လီဖက်စ် ၏ မိန့်ခွန်းစကားများအရ မိမိအား ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ပတ်သက်ပြီး အမြဲ အကြောင်းကြား အသိပေးနေကြောင်း သိသာ၏။

စင်စစ် မူးလာအဖို့ သည်ကိစ္စမှာ အကြီးအကျယ်ဆုံး စွန့်စားခန်းများဖြစ်မည်မှ မလွဲ။ ရောမမြို့သို့ အချိန်အတန်ကြာ အလည်အပတ်ရောက်နေပြီးမှ ဆွေးနွေးညှိနှိုင်းရေး အတွက် အခြေခံများကို ရေးဆွဲရန် သဘောတူကြသည့် ဗာတီကန်မှ မူကြမ်းကို ရေးဆွဲပေးရန် သဘောတူထား၏။

'ကျုပ်ကိုယ်တိုင် စေ့စပ်ဆွေးနွေးရာမှာလဲ အခက်အခဲ တော်တော်များများနှင့် ကြုံခဲ့ရတယ်။ ဗြိတိသျှတို့က ပြောစကားအတိုင်း ကတိတည်တယ်။ နောင်တစ်ချိန်မှာ လက်ခံနိုင်ဖွယ်ရာ မရှိရင် ဘာကိုမှ လွယ်လွယ်ကူကူနဲ့ ကတိမပေးတတ်ကြဘူး'

မူးလာကိုယ်တိုင် ကျွန်တော့်အား ဖွင့်ပြောပြသည်။

စာမူကြမ်းကို ဗာတီကန်မှ မှတ်စုစာရွက်ပေါ်တွင် ရေးခဲ့သည်။ မိတ္တူတစ်စောင် ကို လန်ဒန်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပို့ပေးသည်။ ဘာလင်မြို့သို့ အပြန်တွင် မူးလာ ပြန်ယူလာသော မိတ္တူတစ်စောင်၌ ပုပ်ရဟန်းမင်းကြီး အတွင်းဝန်က ဗိတ်ကြား သော ဗိတ်စာကိုပါ ပူးတွဲထားရှိသည်။

ဤတင်ပြချက်ကို ယူဆောင်လာသော ဒေါက်တာဂျိုးဇက်မူးလာသည် ပုပ်ရဟန်းမင်းကြီး၏ အကြွင်းမဲ့ယုံကြည်မှုကို ရရှိထားသည်။

ဘာလင်မြို့သို့ ပြန်ရောက်လာသောအခါ ဒေါက်တာဂျိုးဇက်မူးလာက မိမိ ယူဆောင်လာသော စာကို ကနားရစ်၏ရုံးမှ ဒိုနန်ယီဆိုသူ၏ လက်ထဲသို့ အပ်နှံခဲ့၏။

'အိပ်စ်–အစီရင်ခံစာ' *(X-Report)* ဟု တွင်ခဲ့သည်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဟော်လ်ဒါလက်သို့ မကာမီတွင် ကနားရစ်က တစ်ချက်မျှ ယူကြည့်လိုက်ခြင်းဖြစ်၏။

မူးလာ၏ ဆွေးနွေးညှိနှိုင်းမှုကိုမှတည်၍ 'အိပ်စ်–အစီရင်ခံစာ'ကို ရေးဆွဲခဲ့၏။ ယင်းအစီရင်ခံစာကို စစ်ဝန်ကြီးဌာန၊ စီးပွားရေးရာ ဌာနကြီးမှူး ဗိုလ်မှူးကြီးသောမတ်စ် က ရေးဆွဲခဲ့သည်။

သည်စဉ်က ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ချမှတ်ခဲ့သော အခြေခံအကြောင်း အရာများကို ဒေါက်တာမူးလာ မှတ်မိနေသေးသည်။

(၁) ဂျာမနီနိုင်ငံက အစိုးရအဖွဲ့တွင်းမှ နာဇီပါတီဝင်များအား ရှင်းလင်းရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး နာဇီတို့၏ နိုင်ငံရေးစနစ်ကိုပါ နိဂုံးချုပ်စေရမည်။

(၂) မိမိတို့ တာဝန်ဝတ္တရားအတိုင်း ထမ်းဆောင်နိုင်စွမ်းရှိ၍ ထမ်းဆောင်လိုသော ဆန္ဒရှိသည့် ဂျာမန်အစိုးရအဖွဲ့က အာဏာလွှဲပြောင်းယူရမည်။

(၃) ဩစတြီးယားနှင့် ဆူဒီတန်ဒေသများကို ဂျာမန်တို့အား ပိုင်ဆိုင်ခွင့်ပေးစေမည့် ငြိမ်းချမ်းရေးအရ ဖြေရှင်းမှုတစ်ရပ်ကို ဆောင်ရွက်ရမည်။

၁၉၄၀–ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး လော့ဒ်ဟယ်လီဖက်စ်က မိန့်ခွန်းပြောရာတွင် သည်အယူအဆများကို အလေးပေးခဲ့၏။

လောလောဆယ် ငြိမ်းချမ်းရေးမရနိုင်သေးတဲ့ အကြောင်းရင်းကတော့ ဂျာမန်အစိုးရဟာ မိမိတို့အိမ်နီးချင်းနိုင်ငံများကို ဖျက်ဆီးခဲ့တဲ့အတွက် ပြန်လည်ပြုပြင်ပေးဖို့ အသင့်မရှိသေးတာနဲ့ သူတို့ပြသမှု ကတိစကားဟာ စာရွက်ပေါ်မှာ ရေးထားတာထက် မိုပြီး မှန်ကန်ကြောင်း လက်တွေ့သာဓက ထူနိုင်စွမ်းမရှိသေးတာကြောင့်ဘဲ ဖြစ်တယ်'

ဂျာမန်စစ်ဦးစီးချုပ်က မိမိလက်ဝယ် ရရှိထားသော လျှို့ဝှက်အစီရင်ခံစာပါ အကြောင်းအရာများကို နှိုင်းယှဉ်နိုင်ရန် သည်မိန့်ခွန်းမှ သဲလွန်စ ရခဲ့လေပြီ။

ဗိုလ်ချုပ်ကြီးပေါ်လ်ဒါက ငြိမ်းချမ်းရေးအရ ဖြေရှင်းမှုအတွက် အခြေခံအချက်အလက်များကို ဗိုလ်ချုပ်ကြီးဘတ်နှင့်အတူ စစ်ဆေးကြည့်ရှု၏။ ဗိုလ်ချုပ်ကြီးဘတ်က တပ်မှ အနားယူသွားပြီဖြစ်သော်လည်း တစ်ချိန်က မိမိလက်အောက် ဆရာရှိဖြစ်ခဲ့သူ ဗိုလ်ကြီးပေါ်လ်ဒါနှင့် အဆက်အသွယ်ရှိမြဲရှိနေခဲ၏။

ဗာတီကန်မှတစ်ဆင့် ရရှိထားသော စာရွက်စာတမ်းများကို ဇိုဆန် *(Zossen)* ရှိ ဂျာမန်စစ်ဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီး ဇခါရာဒါ၏ ရုံးခန်း မီးခံသေတ္တာထဲတွင် သိမ်းဆည်းထားသည်။

စစ်ဝန်ကြီးဌာန၊ စီးပွားရေးဌာန၊ ဌာနကြီးမှူး ဗိုလ်ကြီးသောမတ်စ်ကမှ မူလာယူလာသော စာရွက်စာတမ်းများမှ နိုင်ငံရေးသုံးသပ်ချက်ပေါ် အခြေခံ၍ ဂျာမနီ နိုင်ငံသည် စစ်ကို ရေရှည်တိုက်စွမ်းရှိမည်မဟုတ်ဟု ယုံကြည်သည်။ ပြီး ဂျာမနီနိုင်ငံက အမြန်ဆုံး ငြိမ်းချမ်းရေးရရန် ဆောင်ရွက်ရပေလိမ့်မည်ဟု ကောက်ချက်ချခဲ့၏။

'အိပ်စ်အစီရင်ခံစာ'ကို စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗွန်ဘရောချစ်တစ်ရှ်အား ပြသောအခါ သူက ဟစ်တလာသည် ပိုလန်နိုင်ငံတွင် အောင်ပွဲအဆက်ဆက်ရရှိခဲ့၍ ဂုဏ်တက်နေသည်။ ဟစ်တလာဆန့်ကျင်ရေးအတွက် အရာရှိငယ်များနှင့် စစ်တပ်တစ်ခုလုံးကို အားမကိုးနိုင်ဟု ဆို၏။ ဂျာမနီနိုင်ငံသည် ဝါဒရေးရာ တိုက်ပွဲတွင် ပါဝင်ပတ်သက်နေပြီဖြစ်၍ နောက်ဆုံးအချိန် အဆုံးသတ်နိဂုံးချုပ်သည်အထိ တိုက်ရပေလိမ့်မည်ဟု ဆိုသည်။

ရောမမြို့ကို သွားသောအခါများတွင် ဒေါက်တာမူးလာက ဗာတီကန်၏





သံခင်းတမန်ခင်း ဆောင်ရွက်လုပ်ကိုင်ပုံများ၊ ဆွေးနွေးညှိနှိုင်းခြင်းနှင့်ပတ်သက်၍ လုံခြုံရေးကိစ္စများကို ဘုန်းတော်ကြီးလေဗာနှင့် အပြည့်အစုံဆွေးနွေးသည်။ စကားဝှက်နှင့်ပတ်သက်၍ ကနားရစ်က စိုးရိမ်ပူပန်နေခြင်းကို ဆွေးနွေးကြသည်။

ကနားရစ်က မဟာမိတ်အဖွဲ့ဝင်နိုင်ငံကြီးများနှင့် ကြားနေနိုင်ငံများက စကားဝှက် အမြန်အလှန် သတင်းပေးပို့ရာတွင် မိမိအမည်အား ထည့်သွင်းဖော်ပြမည်ကို အချိန်ရှိသရွေ့ တွေးကြောက်နေသည်။

'ဗာတီကန် စကားဝှက်က အင်မတန် လုံခြုံစိတ်ချရတယ်'

ဘုန်းတော်ကြီး လေဗာက အပြည့်အဝ အာမခံချက်ပေးသည်။

ဒေါက်တာမူးလာက ပြုံး၍သာ နားထောင်နေသည်။ သတိ ပိရိယတ္တာရန်သာ အကြံပေးသည်။

'ဘုန်းတော်ကြီးက ဗာတီကန် လျှို့ဝှက်စကားက လုံခြုံစိတ်ချရတယ်တဲ့လား'

ဒေါက်တာမူးလာက ရောမမြို့တွင် ပြောခဲ့ရသည်များကို ကနားရစ်အား ပြန်လည်အစီရင်ခံစဉ်က ကနားရစ်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး သို့ကလို မှတ်ချက်ချလိုက်သည်။

'ကဲ ဘုန်းကြီးကို ဒါပြလိုက်'

ဗာတီကန်မှ ပေါ်တူဂီနိုင်ငံရှိ ရဟန်းတော်ကြီးဆီသို့ ကြိုးမဲ့ကြေးနန်းစက်ဖြင့် ပေးပို့ခဲ့သော သတင်းကို ဖမ်းယူရရှိပြီး အဓိပ္ပါယ်ဖွင့်ဆိုထားသည့် မိတ္တူတစ်စောင်ကို တစ်ပေးလိုက်၏။

ဒေါက်တာမူးလာသည် ၁၉၃၉–၄၂ ခုနှစ်များအတွင်းက ရောမမြို့ကို အကြိမ်ကြိမ်ရောက်လာသည်။ တစ်ကြိမ်တွင် ကံချော်ခဲ့ရာမှ ဗြိတိသျှတို့နှင့် အဆက်အသွယ်လုပ်ခဲ့ခြင်းလည်း ရပ်သွားခဲ့၏။ ဗာတီကန်ဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးနှင့် မိမိတို့နှစ်ဦး စီစဉ်ရေးဆွဲခဲ့သည့် ငြိမ်းချမ်းရေး သဘောတူညီချက်အတွက် အခြေခံဆွေးနွေးပွဲ အချက်အလက်ပါ စာတမ်းနှစ်စောင်အနက် တစ်စောင်ကို ဗြိတိသျှတို့က ဖျက်ဆီးလိုက်၏။

'အခုလို ကြိုကြိုတင်တင် လုပ်ထားဖို့ ၁၉၄၀–ခုနှစ်လောက်မှာ ကျုပ်တို့က ဗြိတိသျှအစိုးရကို မေတ္တာရပ်ခံထားတယ်။ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက မိမိမှာရှိတဲ့ စာရွက်စာတမ်းတွေကို ဖျက်ချိန်မရမီမှာဘဲ ဗြိတိန်နိုင်ငံဟာ ကျူးကျော်တိုက်ခိုက်ခံရမယ့်ဟန် ရှိနေတယ်မဟုတ်လား'

ဒေါက်တာမူးလာက ရှင်းလင်းပြောပြသည်။

ဂျာမန် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး ဗရောချစ်တစ်ရှ်က ဟစ်တလာသည် မိမိကို မည်သူမျှ တွန်းမချနိုင်ခင်မှာဘဲ မဂ်ဂီနော့တ်ခံစစ်ကြောင်း ရှိနေတယ်ဆိုတာကို ကောင်းကောင်း ရိပ်စားမိလိမ့်မည်လို့သာ ထင်မှတ်နေ၏။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လ်ဒါကမူ ဗိုလ်ချုပ်ကြီး ကနားရစ်က ဟစ်တလာ၏ အသက်ကို လုပ်ကြံလိမ့်မည်ဟု သာ၍ စွဲမှတ်နေကာ သည်ပြဿနာအတွက် ဖြေရှင်းချက်ကို ပေးလာသည်။

ဗိုလ်ချုပ်ကြီး ပေါ်လ်ဒါ၏ လက်ဝယ်တွင် တစ်ရင်းကြီးတစ်ရင်း ရှိနေသည်။ အထူးထောက်လှမ်းရေး ပစ်မှတ်များအတွက် တိုက်ခိုက်သိမ်းပိုက်ဖို့ ထားရှိသော ကွန်မန်ဒို တပ်ရင်းကြီးဖြစ်၏။ ဗြိတိသျှရေတပ်ဗိုလ်ချုပ်ကြီး လော့ဒ်ကိန်းစ် လက်အောက်တွင် အထူးတာဝန်အတွက် မိမိ တိုက်ရိုက်ကွပ်ကဲသည့် ကွန်မန်ဒို အပ်ဖွဲ့ငယ်တစ်ခု ရှိသကဲ့သို့ ယခု ဘရင်ဒင်ဗတ် တပ်ရင်းကြီးသည်လည်း ဗိုလ်ချုပ်ကြီးကနားရစ် တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ရှိသည်။ သို့ရာတွင် ဟစ်တလာအား လုပ်ကြံရာတွင် ဘရင်ဒင်ဗတ် တပ်ရင်းကြီးအား နိုင်ငံရေးအရ အားကိုးအားထား မပြုနိုင်။

ဤ တစ်ဘက်မှလည်း အနှောင့်အယှက်ပေးမည့် အသံများက ထွက်နေသည်။ စစ်ကြီး စတင်ဖြစ်စတွင် ဘီဘီစီ ဗြိတိသျှအသံလွှင့်ဌာနက နာဇီပါတီ ခေါင်းဆောင်ကြီးများအား တိုက်ရိုက်ပုတ်ခတ်သော သတင်းများကို လွှင့်ရာတွင် . . .

'သူတို့အထဲမှာ ဒေါသအရှိဆုံးကတော့ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်ပဲ' ဟု ဆိုခဲ့၏။

သည်သို့ အသံလွှင့်ခဲ့ခြင်းကို ကြားရစဉ်က ကနားရစ်တစ်ယောက် တုန်လှုပ်ချောက်ချားခဲ့သည်ကို သူ့အပေါင်းအသင်း မိတ်ဆွေများက ကောင်းကောင်းကြီး မှတ်မိနေကြသည်။

ဗို့ရှိဆိုးသည်က အမေရိကန် မဂ္ဂဇင်းတစ်စောင်၏ 'ခုဝံမေသုတံ' အခန်းကဏ္ဍ၌ ဗိုလ်ချုပ်ကြီးကနားရစ်အား 'ဟစ်တလာဆန့်ကျင်ရေး တော်လှန်ပုန်ကန်မှုကို ဦးဆောင်မည့်သူ' ဟု ဖော်ပြခဲ့ခြင်းပင် ဖြစ်သည်။

ဝေးလံသော ဘုန်းကြီးကျောင်းတစ်ကျောင်း၏ ကျောင်းထိုင်ဆရာတော် တစ်ဦးထံမှ အမှတ်မထင် စာတစ်စောင်ကို ရရှိခဲ့သည်။ အဆိုပါစာက ယခုကဲ့သို့ မဆင်မခြင်သတင်းများ ပေးပို့ရာတွင် ကလိမ်ဉာဏ်ဆင်ခဲ့မှုများရှိကြောင်း အတိအလင်း ထောက်ခံခဲ့သည်။

ရက်စ်တော်လ် ဘုရားကျောင်း၏ ကျောင်းထိုင်ဆရာတော် သိက္ခာရ ဘုန်းတော်ကြီးဘာရစ်က အခြားအခြားသော စာစောင်များတွင်လည်း အလားတူ မဟုတ်မမှန် လုပ်ကြံသည့်သတင်းများကြောင့် သည်စဉ်က ကနားရစ် စိတ်သောက များခဲ့ရသည်ကို မှတ်မိနေသေးသည်ဟု ပြောပြဖူးသည်။

'စစ်ကြီးအတောအတွင်းက ဆမ္မားဆက်ကျေးရွာမှာ ရောက်နေတုန်း ကနားရစ်ဟာ ဘာလင်မှာနေပြီး ဟစ်တလာဆန့်ကျင်ရေးများ လုပ်နေတယ်လို့ သတင်းစာတစ်စောင်မှာ တွေ့ခဲ့ရလို့ ရင်ဖိုမိသေးတယ်' တဲ့။

၅ နှစ်ကာလမျှ စစ်မှုထမ်းခဲ့သည့် အချိန်အတွင်း သူ့နာမည် ကပ်ပါလာသော





သတင်း နှစ်ကြိမ်ထက်မနည်း ပေါ်ခဲ့ဖူး၏။

ကနားရစ်က ဟင်းမလား၊ ပေးဒရစ်ချ်တို့နှစ်ဦးနှင့် တွေ့ရစဉ်က 'နိုင်ငံခြားသတင်းစာများ အဆိုအရ ဂျာမနီနိုင်ငံမှာ ကျုပ်သာ တော်လှန်ရေးကို စတင် ဆောင်ရွက်ရမယ်လို့ ထင်ရတယ်' ဟု ပြောခဲ့၏။

သို့ရာတွင် ဟင်းမလားက စိမ်းစိမ်းကားကား စူးစိုက်ကြည့်ခဲ့ခြင်းနှင့် ဟင်းမလားနှင့် ပေးဒရစ်ချ်တို့ အပြန်အလှန် မျက်စောင်းထိုးကြခြင်းမှာ ကနားရစ်ကို သူတို့နှစ်ဦး သံသယဖြစ်နေခြင်းကြောင့် မျက်နှာပြောင်တိုက်ခဲ့ခြင်းရယ်ပါဟု အဘယ်သူ တစ်ဦးတစ်ယောက်က တိတိပပ ပြောနိုင်ပါအံ့နည်း။

၁၉၄၀-ခုနှစ် စွန်းထွက်လာချိန်တွင် ၆ လ အတွင်း ပေါ်ပေါက်ခဲ့သော အဖြစ်အပျက်များက ငြိမ်သက်အေးဆေးနေသည်ဟု ထင်ယောင်ထင်မှား ဖြစ်ခဲ့ရသော ကာလအတွင်း ဖြစ်လိုက်ပျက်လိုက်နှင့် မြန်ဆန်လွန်းပါဘိ။ အချို့သော ဖြစ်ရပ်များက မမေ့ပျောက်နိုင်သော်လည်း အခိုက်အတန့်တွင် ငုပ်လျှိုးသွားခဲ့သည်များလည်း ရှိ၏။

အမဲရောင် ယူနီဖောင်းဝတ်စုံ ဝတ်ရသူများ (နာဇီပါတီဝင်များ)နှင့် အစိမ်းရောင် စစ်ယူနီဖောင်းဝတ်စုံ ဝတ်ရသူများက အပြန်အလှန် သံသယရှိနေကြသော်လည်း ပူးတွဲ တာဝန်ထမ်းဆောင်လျက်ပင် ရှိနေဆဲ။

အနောက်ဘက် စစ်မျက်နှာမှ စစ်ရေးအခြေအနေများကို အားလုံးက အာရုံစိုက်နေကြသည်။ ထိုနှစ် ဆောင်းကာလနှင့် နွေဦးကာလတွင် ဖော်လန်နိုင်ငံသည် မဟာမိတ်နှင့် ဂျာမန်နှစ်ဦးနှစ်ဘက်စလုံးတွင် အရေးကြီးသထက် ကြီးလာ၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (၁)နှင့် (၃) တို့က ပေါ်လန်၊ ဘယ်လ်ဂျီယံ မြေနိမ့်ပိုင်းဒေသများတွင် မဟာမိတ်တို့၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ သတင်းများကို စုဆောင်းနေ၏။

ယင်းဒေသတွင် စူးစူးစိုက်စိုက် ထောက်လှမ်းရန် ဟစ်တလာက ညွှန်ကြားထား၏။

ထောက်လှမ်းရေးအဖွဲ့မှ စုဆောင်းရရှိသော သတင်းများအား နိုင်ငံခြားရေးဌာနက စိစစ်ရွေးချယ်ပြီး စာအုပ်ဖြူတွင် ထည့်သွင်းကာ မဟာမိတ်တို့က ပေါ်လန်နှင့် ဘယ်လ်ဂျီယံနိုင်ငံများ၏ ကြားနေခြင်းကို ဖောက်ဖျက်ကျူးလွန်သည်ဟု စွပ်စွဲလိုက်၏။

နိုင်ငံခြားရေးဝန်ကြီးဌာနမှ စာအုပ်ဖြူကို မထုတ်ယူမီ စာမူကြမ်းများကို စစ်ဆေးပြီးသောအခါ ဗိုလ်ချုပ်ကြီး ကေတဲလ်နှင့် ကနားရစ်တို့က သဘောတူကြောင်း လက်မှတ်မထိုးရန် တစ်ဦးနှင့်တစ်ဦး သဘောတူကြ၏။

အထူးသဖြင့် ကနားရစ်ထံမှ ရရှိသော ထောက်လှမ်းရေး အစီရင်ခံစာများက ဘယ်လ်ဂျီယံနှင့် ပေါ်လန် ကြားနေဝါဒကို မဟာမိတ်တို့က ဖောက်ဖျက်ကျူးလွန်သည်ဟု တိတိပပ မစွပ်စွဲထား၍ အနည်းငယ်ပြင်ဆင်ပေးရလိမ့်မည်ဟု နိုင်ငံခြားရေးဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဌာနက ဝေဖန်တောင်းဆိုလာသောအခါတွင် သူတို့နှစ်ဦးက သဘောတူလက်မှတ် မထိုး လိုကြတော့။

အဖျက်လုပ်ငန်း တာဝန်ယူရသော ထောက်လှမ်းရေးအဖွဲ့ (၂)အား ဘယ်လ်ဂျီယံနှင့် ဒတ်ချ် အကောက်ခွန်နှင့် လက်နက်ကိုင်ရဲတို့ တပ်ဆင်သော ယူနီဖောင်းဝတ်စုံများကို ရယူရန် ညွှန်ကြားခဲ့၍ စိတ်အနှောင့်အယှက် ဖြစ်ကြပြန်သည်။

သည်ယူနီဖောင်း ဝတ်စုံများကို ဂျာမန်စစ်တပ်မှ အသေခံတပ်များက အသုံးပြုလို၍ စုဆောင်းခိုင်းခြင်းဖြစ်၏။ သည့်အတွက် ဂျာမန်ထိပ်တန်း ချုပ်လုပ်သူအား ဘယ်လ်ဂျီယံ၊ ဟော်လန်နိုင်ငံသို့ စေလွှတ်ပြီး ယူနီဖောင်းဝတ်စုံ ညှပ်ပုံညှပ်နည်းနှင့် အရောင်အသွေးကို လေ့လာစေခြင်းက ပို၍ သဘာဝကြပေလိမ့်မည်။

စင်စစ် ယူနီဖောင်းဝတ်စုံအစစ်နှင့် ထပ်တူထပ်မျှတူရန် လိုမည်မဟုတ်။ သည်ယူနီဖောင်းဝတ်စုံများ ဝတ်လျက် တစ်ပွဲတစ်လမ်းအတွက် အသုံးချလို၍သာ လိုချင်၏။ မားစ် *(Maas)* နှင့် မော်ဆီ *(Meuse)* တံတားများကို အငိုက်ဖမ်း၍ တိုက်ခိုက်ရာတွင် အသုံးချလိုက်၏။

ထိုအချိန်တွင် ဘယ်လ်ဂျီယံနှင့် ဒတ်ချ်သတင်းစာများက ခိုးမှုများကို တွင်တွင် ဖော်ပြနေ၏။ ဂိုရင်းအား ဒတ်ချ် ဓာတ်ရထားမောင်းဆရာ ဝတ်စုံဝတ်လျက် ရုပ်ပြောင် ဆွဲထားသည့်ပုံကိုလည်း ဖော်ပြသည်။

ဂျိနီဗာမြို့တွင် ဆွစ်စစ်တပ်သုံး ယူနီဖောင်းဝတ်စုံများတင်လျက် ကားတစ်စီးကို ဆွစ်အာဏာပိုင်များက ဖမ်းဆီးခဲ့၏။ ဆွစ်ယူနီဖောင်း ဝတ်စုံများကိုပါ အလားတူ အသုံးချရန်အတွက် ဂျာမနီနိုင်ငံတွင်းသို့ ခိုးသွင်းရန် ကြံစည်ခြင်းဖြစ်သည်ဟု ယူဆရသည်။

အနောက်ဘက် စစ်မျက်နှာတွင် အောင်ပွဲခံရသောနေ့၌ တက်တက်ကြွကြွ မရှိသော ထောက်လှမ်းရေးသူလျှိုများအား အထူးတာဝန်ဖြင့်အသုံးချရန် ထောက်လှမ်းရေးအဖွဲ့ (၂)က အစီအစဉ် ချမှတ်ထားသည်။

'အယောင်ဆောင်တိုက်နေရသည့်စစ်ပွဲ' ကာလ ဆုံးခန်းတိုင်၍ ဂျာမန် စစ်တပ်ကြီး အနောက်ဥရောပသို့ ချဉ်းနင်းဝင်ရောက်လာသောအခါ စုံစမ်း၍မရနိုင်ခဲ့သော ဖြစ်ရပ်ဆန်းများမှာ အလိုလို အဖြေပေါ်လာခဲ့သည်။

အရပ်ဝတ်နှင့် မှုဂိုလ်များ။ မဟာမိတ်တပ် ယူနီဖောင်းဝတ်စုံနှင့် လက်နက်ကိုင်များက အချက်အချာကျသော တံတား၊ လမ်းဆုံ လမ်းခွများကို သိမ်းပိုက်ထားခြင်း၊ ခံစစ်ကြောင်းများ၊ ရိက္ခာလမ်းကြောင်းများ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများတွင် အဖျက်လုပ်ငန်းများ ပေါ်ပေါက်ခြင်း အားလုံးသော ဖြစ်ရပ်ဆန်းများမှာ အဖြေပေါ်လာခဲ့၏။

စင်စစ် အခြေအနေ အေးဆေးငြိမ်သက်နေချိန်တွင် မိမိ၏ ထောက်လှမ်းရေး





သူလျှိုများအား ဘယ်နေရာ ဘယ်ဒေသတွင်ပင် တာဝန်ချထား စုံစမ်းစေပြီး အကြောင်းကြားထားရမည်မှာ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ တာဝန်ပင်ဖြစ်၏။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ဂျာမန်ထောက်လှမ်းရေးနှင့် ဒတ်ချ်နာဇီတို့၏ လှုပ်ရှားမှုများကို စောင့်ကြည့်နေသည်။ တစ်ဘက်တစ်လက်နှင့် လုပ်သည်ကို ကျန်တစ်ဘက်က ခြေနှင့်ဖျက်ရန် နေ့မအား ညမအား ကြိုးစားနေကြသော အပြိုင်ကျဲကြရသည့် ပွဲကလေး အစပြုခဲ့၏။

ဒတ်ချ်လူမျိုး ဝဲလ်ဘတ်ချ်က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ အတွင်းရေးသတင်းများကို နှိုက်ယူပြီး ဟိဂ်နှင့် အမ်စတာဒမ်မြို့များရှိ ဂျာမန်ထောက်လှမ်းရေးဌာနများတွင် ဝင်လိုက်ထွက်လိုက်နှင့် အလုပ်ရှုပ်နေ၏။

'ကလီးမား' *(Klemmer)* သည် ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ဝင် ဖြစ်သည်။ 'စခရမ်း' *(Schramm)*သည် ဂျာမန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ဖြစ်၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့က အန္တရာယ်မပေးနိုင်ဟု ယူဆရသော ကုန်သည်ပွဲစား နယ်စပ်မှ လယ်သမားတစ်ဦးဦးကို ဖမ်းမှတ်ထား၍ စည်းရုံးသိမ်းသွင်း၏။ ဝဲလ်ဘတ်ချ်က အမည်အမျိုးမျိုးဖြင့် ဟိုနေရာ သည်နေရာတို့တွင် ပေါ်လာစမြဲ။

ဂျာမနီအတွက် ထောက်လှမ်းရေးသူလျှိုအဖြစ် ဆောင်ရွက်နေသူများကို ဗြိတိသျှတို့က သိ၏။ ထိုသူများအမည်ကို ဝဲလ်ဘတ်ချ်က ဒုတိယဗိုလ်မှူးကြီး ပရော့ဇ်သို့ သတင်းပေးပို့လေ့ရှိ၏။ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ အမည်များ တစ်ဦးပြီးတစ်ဦး ပေါ်လာခဲ့သည်။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့က မိမိလုပ်ငန်းများကို မည်ရွေ့မည်မျှ မြန်မြန်ဆန်ဆန်လုပ်လုပ် ဗြိတိသျှတို့ကလည်း သိကြသည်သာ။ သည်သို့သော အခါများတွင် ပရော့ဇ်မှာ အကြောအချဉ်များက ထောင်တင်းလာတတ်သည်။

'ဗိုလ်ချုပ်ကြီး ကနားရစ် ဟော်လန်ရောက်လာခဲ့တယ်ဆိုတာလည်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က သိသားပဲ'

ဟု ဝဲလ်ဘတ်ချ်က ပြောသည်။

ဟိုဟိုဒီဒီမှ ဗြိတိသျှထောက်လှမ်းရေးနှင့် အဆက်အသွယ်ပြုကြသော ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ အမည်များကိုပါ ဝဲလ်ဘတ်ချ်က ဖော်ထုတ်နေ၏။

ပရော့ဇ်သည် ညအိပ်လို့ပင် မပျော်နိုင်ခဲ့။ ဖုံးကွယ်ထားသော ဂျာမနီထောက်လှမ်းရေးအဖွဲ့ဝင် သစ္စာဖောက်များ၏ အမည်များက ထမင်းလုံးတစ္ဆေခြောက်သလို ခံစားနေရ၏။

ပြင်သစ်နိုင်ငံရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များက ဟော်လန်၊ ဆွစ်နိုင်ငံများကို ဖြတ်သန်း၍ ဂျာမနီနိုင်ငံသို့ လာနေကြရသည်။ ဆွစ်နိုင်ငံတွင် မိမိတို့အား စောင့်ကြည့်နေဖို့ရန်ပင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ရှိသည်ကို ဂျာမန်ထောက်လှမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်များက မြင်တွေ့ရ၍ အံ့ဩခဲ့ကြရသည်။

သို့ရာတွင် ပေါ်လန်နိုင်ငံမှ ဖြတ်သန်း၍ ဂျာမနီနိုင်ငံတွင်းသို့ လာကြသော ဂျာမန်ထောက်လှမ်းရေးအဖွဲ့က သိနေပုံရသည်ဟု ဝဲလ်ဘတ်ချ်က သတင်းပေး၏။

ပရော့ဇီက ခေါင်းအေးအေးရှိရန် ထိုင်ချပြီး အနားယူနေလိုက်သည်။ ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ဆုံးဖြတ်လိုက်သည်။

မဟာမိတ်တို့၏ ထိပ်တန်းသူလျှိုတစ်ဦးဦး ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အတွင်းတွင် ရှိကိုရှိနေရမည်ဟူ၍။

'ပြင်သစ်မှ ပေါ်လန်သို့ရောက်လာပြီး နောက်တစ်နေ့နံနက် ကိုလုံးမြို့ကို ဆိုက်မယ့် ညရထားနဲ့စီးရန် ကြံနေတဲ့ ခြေထောက်နဲ့ထော့နဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဗြိတိသျှတို့က စောင့်ကြည့်နေတယ်'

ဝဲလ်ဘတ်ချ်ဆီမှ ကံဆိုးမိုးမှောင်ကျမည့် သတင်းများက တစ်ခုပြီးတစ်ခု ရောက်လာသည်။

မကြာပါ အကြီးကျယ်ဆုံး ပြဿနာကြီး ရောက်လာခဲ့လေပြီ . . . ။

'ဟိဂ်မြို့ရှိ ဂျာမန်သံရုံးတွင် မဟာမိတ်တို့၏ ထိပ်တန်းသူလျှိုတစ်ဦး ရှိနေသည် . . . 'တဲ့။

ရစ်ချတ်ပရော့ဇီက ဒေါပွလွန်း၍ ထခုန်မိသည်။

တစ်နာရီအတွင်း ပရော့ဇီသည် ဂျာမန်ဝန်ကြီးအဖွဲ့ဝင် မင်းသားကြီးချက် *(Count Czech)* အခန်းတွင်းသို့ ရောက်လာသည်။ မိမိရရှိထားသော သတင်းကို ပရော့ဇီက ချက်သို့ သတင်းပေးလိုက်၏။

'မင်း ဘယ်သူ့ကို သံသယရှိသလဲ'

'ချက်'က ကိုယ့်ဘက်မှ အလွန်မကျရန် သတိကြီးစွာဖြင့် ပြန်ပေးလိုက်သည်။

ပရော့ဇီက အမည်တစ်ခုကို ထုတ်ဖော်ပြောသည်။

ပထမ အတွင်းဝန်၏အမည်။

'မဖြစ်နိုင်ဘူး။ သူ့ကို ငါကောင်းကောင်းသိတာပဲ၊ ဗွန်ပူးလ်လစ် မဟုတ်လား။ မိကောင်းဖခင် သားသမီးပါ။ ဆွေကြီးမျိုးကြီးထဲကပဲ'

သံအမတ်ကြီးက စားပွဲအံဆွဲထဲမှ လုံခြုံရေးအတွက် စိတ်မချ သံသယဖြစ်ဖွယ် ရှိသော ပုဂ္ဂိုလ်များစာရင်းကို ဆွဲထုတ်သည်။

'ဒီစာရင်းထဲမှ ဗြိတိသျှသူလျှိုအချို့ရဲ့ အမည်တွေ ပါတယ်လို့ ထင်တယ်။ ကဲ . . . အဲဒီအထဲက တစ်ဦးဦးက မင်းရဲ့အဖွဲ့ထဲကို ထိုးဖောက် ဝင်နှောက်နိုင်မနိုင် စောင့်ကြည့်ရအောင်လား'

သံအမတ်ကြီး 'ချက်'က ဆို၏။

သို့သော် ပရော့ဇီကမူ မည်သူမည်ဝါဖြစ်သည်ကို သူသိပြီးဖြစ်သည်ဟု





ထင်၏။ လက်ဆုပ်လက်ကိုင် ဖမ်းမိရန်သာ စောင့်ရပေလိမ့်မည်ထင်သည်။ စကားပြော ဆိုအပြီးတွင် ပရော့ဇီက သည်ကိစ္စကို လျှို့ဝှက်ထားရန် သံအမတ်ကြီး 'ချက်'အား ကတိပေးပြီး မိမိကမူ သားကောင်ကို အနံ့ခံရန် အားထုတ်တော့သည်။

အမ်စတာဒမ်မြို့ရှိ ဂျာမန်ထောက်လှမ်းရေး သူလျှိုများ၏ လုံခြုံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့တက်ရန် သံအမတ်ကြီးကို မေတ္တာရပ်ခံသည်။ သံအမတ်ကြီးက ဟိဂ်မြို့သို့ ပြန်အရောက်တွင် သည်ကိစ္စနှင့်ပတ်သက်၍ သူ့အတွင်းဝန် တစ်ဦးဦးအား ပြောပြသည်။

'ငါ့ရဲ့သံရုံးထဲမှာ မဟာမိတ်သူလျှိုတစ်ဦး ရှိနေတယ်လို့ သူတို့က ပြောကြတာပဲ'တဲ့။

သံအမတ်ကြီး ဖွင့်ပြောသောအခါ အတွင်းဝန်က နားထောင်နေသည်။ ပြုံးလျက် ခေါင်းတညိတ်ညိတ်နှင့်။

သို့ရာတွင် ၂၄ နာရီအတွင်း ထိုအတွင်းဝန် ပျောက်သွားသည်။

သံအမတ်ကြီးက ဒတ်ချ် ရဲအဖွဲ့နှင့် ကိုလုံးရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေး စုံစမ်းစေသည်။ မည်သူကမျှ အကူအညီ မပေးနိုင်ခဲ့။

'အင်း . . . သူ့တပ်ရင်းနဲ့ သွားပေါင်းတာ ဖြစ်ကောင်းဖြစ်မယ်။ အမြဲလိုလို နားပူနားဆာ လုပ်ခဲ့ဖူးတယ်'

သံအမတ်ကြီးက ဆိုသည်။

ရစ်ချတ်ပရော့ဇီက ဝမ်းနည်းပက်လက်နှင့် သံအမတ်ကြီးရုံးခန်းသို့ ရောက်လာ ပြန်သည်။

'သံအမတ်ကြီး . . . ကျွန်တော်တို့လူတော့ ထွက်ပြေးပြီ။ အခု သူ လန်ဒန် ရောက်နေပြီ။ သူနဲ့များ သံအမတ်ကြီး စကားပြောခဲ့သေးသလား'

သည်ဖြစ်ရပ်တစ်ခုလုံးကို ဘာလင်ရှိ ရုံးခန်းအတွင်းမှ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ် ကြားရသောအခါ အေးဆေးတည်ငြိမ်လျက်ပင် ရှိနေ၏။

ရစ်ချတ်ပရော့ဇီက ငူငူကြီးထိုင်နေသည်။

သံအမတ်ကြီး 'ချက်'တစ်ယောက် ရောက်မလာ။ သို့ရာတွင် နိုင်ငံတော် လျှို့ဝှက်ချက် ပေါက်ကြားမှုဖြင့် စွဲချက်တင်ခံရတော့မည်။

ထူးဆန်းသည်က သည်ကိစ္စတွင် အခြားအခြားကိစ္စများကဲ့သို့ပင် ကနားရစ်က သံအမတ်ကြီးကို ဆန့်ကျင်ရာမှာပဲဖြစ်ဖြစ်၊ ပျောက်ဆုံးသွားသူတစ်ဦး၏ ကြီးကျယ်သော သစ္စာဖောက်မှုကြောင့်ပဲဖြစ်ဖြစ် တုန်လှုပ်မှုမရှိခြင်းပင်။

သည်အမှုအခင်းတစ်ခုလုံးကို ကနားရစ်က ပြည့်ဖုံးကားချရန် အားထုတ်ခဲ့ ခြင်းကိုပင် ရစ်ချတ်ပရော့ဇီက အံ့ဩ၍မဆုံး။

နောက်နှစ်ပေါင်း အတန်ကြာသောအခါ သည်စဉ်က ထွက်ပြေးသွားမိးရှောင်



www.burmeseclassic.com

www.burmeseclassic.com



သွားသော အတွင်းဝန်ဗွန်ပူးလ်လစ်အား ကွန်မြူနစ်များအတွက် အလုပ်လုပ်ရန် အရှေ့ဂျာမနီသို့ မသွားမီ လန်ဒန်မြို့တွင် ကျွန်တော် တွေ့ခဲ့သေးသည်။

'တကယ်လို့ ကနားရစ်ကသာ ကျူပ်ကိုဖမ်းမိရင် ကြိုးပေးမှာဗျ'

ဗွန်ပူးလ်လစ်က မချိပြုံးပြုံးလျက် ပြောသည်။

သည်ကိစ္စတွင် တကယ်ပြုသူမှာ ပေါ့အရစ်ချ် ဖြစ်ခဲ့ခြင်းကလွဲ၍ သည်စဉ်က ဗွန်ပူးလ်လစ်က အမှန်အတိုင်း ပြောခဲ့သည်ဟု ကျွန်တော် ထင်သည်။

၁၉၄၀-ခု၊ မတ်လ ၁၀ ရက်နေ့။

ဂျာမန်စစ်တပ်ကြီးက အနောက်ဘက် စစ်မျက်နှာတွင် ထိုးစစ်ဆင်သောအခါ သစ္စာဖောက်လောက်ကောင် အတွင်းဝန်၏ ဇာတ်လမ်းမှာလည်း စုန်းစုန်းမြုပ်စ ပြုလာတော့သည်။

ဝဲလ်ဘတ်ချ်တစ်ယောက်ကိုမူ ဗြိတိသျှတို့က သံသယမရှိခဲ့။ ဟော်လန်မှ အခြားသော စစ်ပြေးဒုက္ခသည်များနှင့်အတူ လှေတစ်စင်းဖြင့် အင်္ဂလန်သို့ စွန့်စွန့်စားစား တိမ်းရှောင်နေခဲ့၏။ စစ်ပြေးဒုက္ခသည်များအုပ်စုထဲတွင် ဝဲလ်ဘတ်ချ်လည်း တိမ်မြုပ် သဥ ပျောက်ကွယ်သွားခဲ့၏။

➡ ◆ ⬅ ◆ ➡



( ၁၂ )

## ဝေဇာလေ့ကျင့်ရေးထိုးစစ်

သည်အချိန်ထိ ဟစ်တလာက ဩစတြီးယားနိုင်ငံအား သိမ်းပိုက်ခဲ့ပြီးနောက် ကျူးကျော်တိုက်ခိုက်ရန် ကြံစည်လေတိုင်း ဂျာမန်ထောက်လှမ်းရေးအဖွဲ့အတွင်းမှ ဟစ်တလာ၏ အတိုက်အခံများက ဗြိတိန်နိုင်ငံအား အမြဲတစေ သတင်းပေးသည်သာ။

သည်အရေးတွင် ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က မည်သည့်အတိုင်းအတာ အထိ ပါဝင်ပတ်သက် ရှုပ်ထွေးခဲ့သနည်း . . . ။

ချက်နိုင်ငံနှင့် ပိုလန်နိုင်ငံတို့အား တိုက်ခိုက်သိမ်းပိုက်ရန် စီမံကိန်းတွင် ဟစ်တလာက တပ်များစုစည်းကာ အသင့်ပြင်ခဲ့ပုံ၊ နေ့စွဲသတ်မှတ်၍ ရံဖန်ရံခါ မူလ သတ်မှတ်ခဲ့သည်ထက် နှစ်လစောကာ အချိန်ပြောင်း၍ ဆောင်ရွက်ခဲ့သည်များကို ကိုယ်တိုင်ကိုယ်ကျ မြင်ခဲ့ဖူးပါ၏။

ချက်နိုင်ငံ ပရပ်မြို့သို့ ချီတက်သိမ်းပိုက်စဉ်ကဆိုလျှင် အချိန်နီးကပ်ပြီးမှ အမိန့်ပေးစေခဲ့၏။ သည်စဉ်က ဟစ်တလာအတွက် တပ်မအနည်းငယ်သာ အသုံးပြုနိုင်၏။ သို့ကြောင့်လည်း ဗိုလ်ချုပ်ကြီးကေတဲလ်အား နယ်စပ်ရှိ ဂျာမန်တပ်များအား နောက်မှတပ်ကူများ မဝင်မီ ၂၄ နာရီ ကြို၍ အမိန့်ပေးရန် ညွှန်ကြားထား၏။

စစ်ကြီးကာလအတွင်း ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ အကြီးအကဲများက ဗြိတိသျှတို့နှင့် ဆက်လက်ပြီး တစ်သဘောတည်း ရှိမရှိကို စောင့်ကြည့်ရပေလိမ့်မည်။

ကိုယ့်အမျိုးသားများ ထောင်ပေါင်းများစွာ၏ အသက်ကို စတေး၍ ရှိသူအား



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေါက်ကြားစေလိမ့်မည်လား။

ကျူးကျော်စစ်၏ ပုံစံကိုပင် ပျက်လျှင်ပျက်စေတော့ဟု သဘောထားကာ ရန်သူအား သတင်းခွဲ့လေမည်လား။

'ဒီအချိန်မှာ ခင်ဗျားမိတ်ဆွေတွေဟာ ကိုယ့်တိုင်းပြည်အတွက် အစတောခံကြရတော့မယ်'

စစ်ကြီးဖြစ်အံ့ဆဲဆဲတွင် ဂျာမန်ထောက်လှမ်းရေး အရာရှိတစ်ဦးက ကျွန်တော့်အား ပြောပြသည်။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကလည်း သည်အချိန်တွင် ဟစ်တလာ၏ အတိုက်အခံ ဆန့်ကျင်သူများနှင့် အဆက်အသွယ်လုပ်ခြင်းကိုပင် လက်လွှတ်ရန် အသင့်ရှိနေကြလေပြီ။

စင်စစ် ကနားရစ်နှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ သိထားပြီဟု မဆိုနိုင်။ မည်သို့ဆိုစေ ဂျာမန်ကြည်းတပ် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့၏ ရည်မှန်းချက်များနှင့်မူ သူသည် တစ်သဘောတည်း၊ တစ်ထပ်တည်း။

စစ်ကြီးမဖြစ်မီက စာနယ်ဇင်းအလုပ်ကို လက်လွှတ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းရန် ကျွန်တော့်အား တိုက်တွန်းကြ၏။ သည်စဉ်က ကျွန်တော်ထင်ခဲ့သလို ကျွန်တော့်တွင် ရှိနေပြီးသော အဆက်အသွယ်များကို အကျိုးရှိရှိ အသုံးချလို၍ မဟုတ်တန်ရာ။

လွန်ခဲ့သော ၂ နှစ် ကာလအတွင်းက ဘာလင်မြို့၊ တာပစ်ဇ်ဖာလမ်းရှိ ဂျာမန် ထောက်လှမ်းရေးအဖွဲ့မှ ရရှိသော သတင်းများနှင့် ပတ်သက်၍ အစီရင်ခံစာများက ဂျာမန်တို့၏ ရည်မှန်းချက် တစ်ခုတည်းရှိသည့်ဟူသော ဗြိတိသျှတို့၏ အယူအဆကိုပင် အနှောင့်အယှက်ပေးတတ်၏။ သည့်အတွက်ကြောင့်လည်း ၁၉၃၉–ခု၊ မတ်လက ပိုလန်တို့အား အာမခံချက်ပေးရန် ယတိပြတ် စိတ်ဆုံးဖြတ်စေရန် လမ်းခင်းပေးခဲ့၏။

သတင်းပတ် အတန်ကြာသောအခါ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အချေအချေ ဆွေးနွေးပြီး ယင်းဌာနတွင် စစ်ကြီးဖြစ်လာသည်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ရ၏။

သတင်းပတ်အနည်းငယ်ကြာပြီး နောက်မှ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျွန်တော်၏ လုပ်ရှားမှုနှင့်ပတ်သက်၍ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြနှင့် သည်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ရန် ကျွန်တော့်ကို လက်ကမ်းလာသည်။ စစ်ကြီးဖြစ်ပွားချိန်ထိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းခဲ့ရ၏။

နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အမှုထမ်းပါမှ ကနားရစ် သူ့အပေါင်းအသင်းများနှင့် မျက်ခြေပြတ်ခဲ့ရ၏။ သူတို့တတွေ အခြားအဆက်အသွယ်များ ရနေပြီလား ဟုလည်း တွေးမိသည်။

ဝန်ထမ်းဘဝ ကာလများတွင် အစိုးရဌာနကြီးများမှာ ရှေ့ယခင်ကပင် ကြိုတင်





ရှုမှတ်ထားသော အမျိုးသားရေးဝါဒကို နွေးနွေးထွေးထွေး၊ ဖင့်ဖင့်နွဲ့နွဲ့ အကောင်အထည်ဖော်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့ရ၏။

ရံဖန်ရံခါ အဆင့်မြင့် ထောက်လှမ်းရေးသည်ပင် အသုံးမဝင်လှ၊ အထူးသဖြင့် ကျွန်တော့်ဘက်မှ အားအင်ချိနဲ့၍ပဲဖြစ်ဖြစ်၊ အရေးကြီးသော အကျိုးစီးပွားများမှာလည်း အန္တရာယ်မများသည့်ကြောင့်ပဲဖြစ်ဖြစ်၊ အဆင့်မြင့်ထောက်လှမ်းရေးသည်ပင် ယတိပြတ် အသုံးအဖြတ် ပေးနိုင်စရာဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ကြည်းတပ်အင်အားမှာ နှစ်ဦးနှစ်ဘက်စလုံး သူ့မသာ ကိုယ့်မသာ ဂျာမန်တို့က လေတပ်အင်အားတွင် အသာစီးရနေသော်လည်း ဗြိတိသျှတို့က ရေတပ်တွင် အင်အားသာပြန်သည်။

အရာရာတွင် ရုတ်တရက် အငိုက်ဖမ်းတိုက်နိုင်ခြင်း၊ လျှပ်တစ်ပြက် ထိုးစစ်ဆင်နွှဲနိုင်ခြင်း၊ ချက်ချင်းလက်ငင်း အောင်ပွဲခံနိုင်ခြင်း၊ စစ်၏ အကျယ်အပြန့်၊ အချိန်ကာလ အတိုအရှည်၊ ရန်ဘက်နိုင်ငံများနှင့် ဥရောပတိုက်၏ ကံကြမ္မာပေါ်တွင် တည်မှီ၏။

ဟစ်တလာက ရေတပ်ဗိုလ်ချုပ်ကြီး ရေးဒါးနှင့် တွေ့ဆုံစဉ်က နော်ဝေနိုင်ငံကိုပင် တိုက်ခိုက်ရန် စကား စလာသည်။ အောက်တိုဘာလ ၁၀ ရက်နေ့၊ ရုရှားနိုင်ငံက ဖင်လန်နိုင်ငံအား စစ်မတိုက်မီ ရက် ၅၀ အလိုတွင် ဟစ်တလာက သည့်စကားပြောခဲ့ခြင်း ဖြစ်၏။

'နာဗစ်' *(Narvik)*ကိုသိမ်းပိုက်ဦးတော့၊ သည်စဉ်က ဗြိတိသျှနှင့် ပြင်သစ်တို့က ဖင်လန်နိုင်ငံအား စစ်ရေးအကူအညီပေးမည့် အန္တရာယ်မရှိ၊ နိုဝင်ဘာလလယ်တွင် ဗိုလ်ချုပ်ကြီးဂျော်လ်အား သည်လျှို့ဝှက် စီမံကိန်းတွင်းသို့ ဝင်လာစေခဲ့သည်။

ဒီဇင်ဘာလ ၁၄ ရက်၊ ဟစ်တလာက စစ်ဆင်ရေးစ,ရန် ယတိပြတ် ဆုံးဖြတ်လိုက်၏။ 'ဝေဇာလေ့ကျင့်ရေး' *(Weser Excercise)*ဟု အမည်ပေးထား၏။ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စစ်ဆင်ရေးအတွက် ဗိုလ်ချုပ်ကြီး ဗွန်ဖော်လ်ကန်ဟော့စ်အား တာဝန်ပေးသည်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဗိုလ်မှူးကြီးဗီးလစ်ဗီန်း ကွပ်ကဲသော *(HMS Cossack)* အမည်ရှိ ဗြိတိသျှစစ်သင်္ဘောက ဂျာမန်ရေတပ်မှ *(Altmark)* စစ်သင်္ဘောကို ဖမ်းမိသွား၏။

တဖန် ဂျာမန်ရေတပ်မှ အယောင်ဆောင် စစ်သင်္ဘော *(Fraf Spea)*က အတ္တလန္တိတ်သမုဒ္ဒရာ တောင်ဘက်ခြမ်းတွင် ဗြိတိသျှရေတပ်သား ၃၀၀ ခန့်အား ဖမ်းတင်ခဲ့သည့်အဖြစ်ကို ကြားသိရ၍ အထိတ်တလန့် မျက်ပြူးဆန်ပြာဖြစ်ကာ ဓါးသတ္တက်ခဲ့ရပြီးမှ ဟစ်တလာက စစ်ဆင်ရေးအတွက် ဗိုလ်ချုပ်ကြီး ဗွန်ဖော်လ်ကန်ဟော့စ်အား တာဝန်ပေးခြင်းဖြစ်၏။

ဒီဇင်ဘာလတွင် 'ဝေဇာလေ့ကျင့်ရေး' ထိုးစစ်ဆင်ရေးစီမံကိန်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်သည်လည်း မျက်နှာပွင့်နေမည်မှာ မလွဲ။ ဗြိတိသျှ အုရင့်ရေတပ်မတော်မှ စစ်သင်္ဘောများ၏ အနေအထားနှင့် ပတ်သက်၍ ကနားရစ်၏ အစီရင်ခံစာမှာ အထူး လိုအပ်သည် မဟုတ်ပါလား။

နော်ဝေကမ်းခြေတစ်လျှောက် လှို့ဝှက်တပ်ဆင်ထားမည့် အမြောက်ကြီးများ၏ အနေအထား၊ သင်္ဘောဆိပ်ကမ်းများ၏ အနေအထားကို ထောက်လှမ်းရေးအဖွဲ့မှ လေ့လာစုဆောင်းထားသည့် အချက်များလည်း လိုအပ်၏။ စစ်ဆင်ရေးပုံစံအရ ကနားရစ် ၏ စစ်ဆင်ရေးအဖွဲ့က အောင်ပွဲခံသည့်နေ့တွင် အထူးပစ်မှတ်များ ဖြိုခွင်းရန် တာဝန်ရှိ၏။ စင်စစ် ထိပ်တန်းလှို့ဝှက်ချက်များက ကနားရစ်၏ လက်ဝယ်ရှိနေ၏။

'နော်ဝေနိုင်ငံကို သိမ်းပိုက်ဖို့ စိတ်ဆုံးဖြတ်ရတာဟာ တကယ်တော့ စိတ်လေး စရာပဲ။ အချုပ်ပြောရမယ်ဆိုရင်တော့ ဒီစစ်ဆင်ရေးမှာ ဂျာမန်ရေတပ်တစ်ခုလုံးကို ပုံအောပြီး အသုံးချရမှာ ဒီအခါတုန်းက ဟစ်တလာပြောခဲ့ဖူးတဲ့ စကားရှိတယ်'

'အခုလို ဆုံးဖြတ်ချက်မျိုးမချခင်မှာ ဒီလိုဆုံးဖြတ်တာ တရားတယ်။ လိုအပ် တယ်ဆိုတာကို ကမ္ဘာကသိအောင် ထောက်ထောက်ထားထား ပြနိုင်ဖို့ ယုံကြည် အားထားရမယ့် သတင်းစကား ရှိမှဖြစ်မယ်။ ဒီလိုကြားရလို့ ဟိုလိုကြားရလို့ဆိုပြီး ယောင်ဝါးဝါးပြောလို့ မဖြစ်ဘူးတဲ့။ ဒါကြောင့်လဲ ဟစ်တလာက အခုလို အချိန်အခါမျိုးမှာ တိကျမှန်ကန်တဲ့ သတင်းရဖို့ ထောက်လှမ်းရေးအဖွဲ့ကို မအားမလပ်ရလေအောင် တာဝန်ပေးခိုင်းခဲ့တယ်'

ဗိုလ်ချုပ်ကြီးရော်လ်က သို့ကလို ရှင်းလင်းပြခဲ့ပါ၏။

မတ်လလယ်လောက်တွင် ကနားရစ်က ဂျာမန်ရေတပ်သည် နော်ဝေကမ်းခြေ နှင့် အနီးကပ်ဆုံးဖြစ်သော 'စကာပါဖလိုး'သို့ အနောက်ဘက် ချဉ်းကပ်လမ်းကြောင်းမှ ချီတက်စေခဲ့ကြောင်းဖြင့် သတင်းပို့သည်။

'ဟစ်တလာက ဧပြီ ၂ ရက်နေ့တွင် ဆုံးဖြတ်ချက် ချလိုက်တယ်။ နော်ဝေနဲ့ ဒိန်းမတ် ရေပိုင်နက်အတွင်းမှာ ဂျာမန်ကုန်တင်သင်္ဘောများ အပစ်ခံနေရတယ်ဆိုတဲ့ သတင်းရပြီးမှ ဆုံးဖြတ်ချက်ချခဲ့တယ်။ ဒုတိယအကြောင်းကတော့ ဗြိတိသျှ လက်နက် ကိုင် တပ်များနဲ့ သယ်ယူပို့ဆောင်ရေးယာဉ်များက အင်္ဂလန် အရှေ့မြောက်ကမ်းခြေမှ အသင့်စောင့်နေတယ်လို့ ကနားရစ်က အစီရင်ခံတာကြောင့်ပဲ ဆုံးဖြတ်ချက်ချခဲ့တာ'ဟု ဗိုလ်ချုပ်ကြီးရော်လ်က ဆိုသည်။

မတ်လ ၁၂ ရက်နေ့ . . .

ဗြိတိသျှအစိုးရအဖွဲ့သည် ယခင်အခါက နာဗစ်၊ ထွန်ဒရှိန်ဟိမ်၊ ပြီး တစ်ဖန် 'စတာဗန်ဂျာ'နှင့် 'ဘာဂျင်'တို့အား သိမ်းပိုက်ရန် စီမံကိန်းကို ပြန်လည်ဖော်ထုတ်ရန် စည်းဝေးတိုင်ပင်နေကြသည်။

ဖင်လန်နိုင်ငံအား အကူအညီပေးဟန်ပြုလျက် ဗြိတိသျှတို့၏ ရိက္ခာ





လမ်းကြောင်းများကို ဖင်လန်သို့ လွှဲပြောင်းပေးခဲ့လျှင် ဂျာမန်တို့က နာဗစ်အား သိမ်းပိုက် ရန် အကြံကို ကြိုတင်ဟန့်တားနိုင်လိမ့်မည် ဖြစ်၏။ ဂျာမနီနိုင်ငံ၏ မြောက်ပိုင်း ချဉ်းကပ်ရန် လမ်းကြောင်းများကို ပိတ်ဆို့နိုင်ပေလိမ့်မည်။

ဟမ်ဘာတ်နှင့် ဘရီမင်၊ စတက်တင်နှင့် ဒန်ဇစ်အရပ်တို့တွင် ဂျာမန် ဗိုလ်ချုပ်ကြီး ဖော်လ်ကန်ဟော့စ်၏ စစ်တပ်များက အခင်းအားစောင့်တင်းလှပါဘိ။ ရှုလက်စ်ဝစ်တောင်ပိုင်းရှိ ဂျာမန်တပ်မများကလည်း ဒိန်းမတ်နိုင်ငံသို့ ချီတက်ရန်အသင့်၊ တပ်များ သယ်ယူပို့ဆောင်ရေးနှင့် ရန်သူ့ကမ်းခြေအား အမြောက်နှင့်ရှုရန် တာဝန်ယူ ထားရသော သာမန်ရေတပ်ကြီးတစ်ခုလုံးကိုလည်း စုရုံးထားပြီးဖြစ်၏။

နာဗစ်သို့ တိုက်ရန်သွားမည့် သင်္ဘောများ ဝမ်းပိုက်အတွင်းမှ ဂျာမန်လမ်းများ နှင့် ဂျာမန်ကုန်သည်များလည်း အတူလိုက်ပါလာ၏။

လွန်ခဲ့သောတစ်နှစ်က 'ဂက်စတာပလက်'အား ထိုးစစ်ဆင်စဉ်က တိုက်ခိုက် ရေးတပ်များ၏ နည်းပရိယာယ်အတိုင်း ဂျာမန်ကုန်သည်များက လိုအပ်သလို လိမ်ညာ ဖြီးဖြန်းရပေလိမ့်မည်။

ရှုးရှုးမိုက်မိုက်နှင့် လုပ်တော့မည့် သည့်စစ်ဆင်ရေးကြီး အကောင်အထည် မပေါ်ရလေအောင် ဟန့်တားနိုင်ရန် ကနားရစ်အတွက် ၆ ရက်မျှသာ အချိန်ရှိတော့သည်။ ဗြိတိသျှတပ်များက နော်ဝေကမ်းပေါ်ကိုတက်ရန် ရည်ရွယ်သည်ဟု ကနားရစ် မယုံ ကြည်။ အကယ်၍ ဟစ်တလာက အစီအစဉ်အတိုင်း ဖွတ်တရွတ်လုပ်ခဲ့ပါက ဗြိတိသျှ တို့ကလည်း နော်ဝေကမ်းခြေပေါ်တက်မည်မှာ သေချာသည်ထင်၏။

ပထမကမ္ဘာစစ်ကြီးအတွင်း ကနားရစ်တစ်ယောက် ဖရပ်စ်ဒင် သင်္ဘောတွင် အမှုထမ်းနေချိန်ကထက် ဗြိတိသျှရေတပ်အင်အားက ဂျာမန်ရေတပ်အင်အားနှင့် နှိုင်းယှဉ် လျှင် သာမြဲသာဆဲ။

အကယ်၍ ဗြိတိသျှတို့နှင့် 'စကာဂါရက်' (Skgerrak) အရပ်တွင် ရင်ဆိုင် တွေ့ရပါက 'ဂျူလန်ရေကြောင်းတိုက်ပွဲကြီး' (Battle of Jutland) ကဲ့သို့သော တိုက်ပွဲ ကြီးကို ယခင်က ဆင်နွှဲခဲ့ပြီး နှစ်ပေါင်း ၂၄ နှစ်ကြာမှ ထပ်မံ ဆင်နွှဲရပေဦးတော့မည်။

သည့်စဉ်က ပြင်သစ်ရေတပ်ကြီး ပျက်စီးခဲ့ရသလို 'ထရာဖာလ်ဂါရေကြောင်း တိုက်ပွဲ' (Battle of Trafalgar) တွင် စပိန်တို့ မရှုမလှခံရသလို ဂျာမန်ရေတပ်ကြီးလည်း ပျက်စီးရတော့မည်မှာ မလွဲ။

ယခင် အချိန်အခါများထက် လက်နက်အင်အားကြီးမားသည့် ယခုလို အချိန် အခါမျိုးတွင် ဂျာမန်စစ်သား ထောင်ပေါင်းများစွာတို့၏ အလောင်းများစွာတို့သည် ကမ်းခြေသောင်စပ်တွင် ပြန့်ကျဲနေမည်မှာ မလွဲတော့။

ပို၍ဆိုးရွားစရာက ဟစ်တလာကိုယ်တိုင် သိက္ခာကျမည့် အရေးပင်ဖြစ်၏။ ဟစ်တလာကိုပင်လျှင် အပြတ်ရှင်းဖို့ ဂျာမန်တပ်မတော်ကို လှုံ့ဆော်နိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မြိမ်းချမ်းရေးကို စည်းကမ်းသတ်မှတ်ချက်များဖြင့် ယူပေလိမ့်မည်။

အကယ်၍ ကနားရစ်က ပုပ်ရဟန်းမင်းကြီး၏ ကြားဝင် ရှင်ကြားပေးမှုဖြင့် ရောမမြို့တွင် ရေးဆွဲခဲ့သော ငြိမ်းချမ်းရေးအတွက် စည်းကမ်းချက်များအား ဗိုဆန်ရှိ မီးခံသေတ္တာထဲတွင် မသိမ်းဆည်းခဲ့လျှင် . . . ။

ပိုလန်လူမျိုးများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း။ အကျဉ်းစခန်းများတွင် ညစဉ်ညတိုင်း သတ်မှုများ။ တစ်ချိန်က လျှမ်းလျှမ်းတောက်သော နိုင်ငံတစ်နိုင်ငံက ယခုအခါ အင်အားရှိနေသူ အရူးတစ်ယောက်အား ဦးညွှတ်နေရသည့်အဖြစ် အားလုံးကို အဆုံးသတ်စေလိမ့်မည်သာ။

သည်သို့လျှင် ဒွိဟသံသယစိတ်များ၊ ကြောက်ရွံ့ထိတ်လန့်စရာများအကြောင်းကို ဧပြီလ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အော်စတာနှင့် ဆွေးနွေးခဲ့၏။ သည်အချက်သည်ပင်လျှင် စစ်ကြီးအား တစ်မျိုးတစ်ဖုံ အသွင်ပြောင်းလဲစေတော့ မယောင်ယောင်။

နောက်တစ်နေ့ ဗိုလ်ချုပ်ကြီး အော်စတာက ဒတ်ချ်စစ်သံမှူး ဗိုလ်မှူးကြီး ဂျေဆားနှင့် တွေ့သွားသည်၊ ပြီး . . . နော်ဝေနိုင်ငံကို ဂျာမန်တပ်များ ဝင်တိုက်မည်မှာ မလွဲတော့ ဆိုသည်ကိုပါ ဖွင့်ပြော၏။ ဒတ်ချ်စစ်သံမှူးက ဘာလင်ရှိ နော်ဝေသံရုံးသို့ သည်သတင်းကို လက်ဆင့်ကမ်း ပေးပို့ခဲ့သည်။ သို့ရာတွင် သတင်းကို လက်ခံရရှိသူက သည်သတင်းမှာ အခြေအမြစ်မရှိ၊ ယုံမှတ်စရာမလိုဟု ဆိုကာ ဆက်လက်မတင်ပြတော့။

ကနားရစ်က အကျပ်အတည်းအား မိမိလိုသော ပုံစံအတိုင်း ဖြစ်လာစေရန် သည်အခွင့်အရေးကို လက်လွှတ်စေမည်မဟုတ်ဟု ကျွန်တော် ယုံကြည်၏။

'စစ်ကြီးမှာ အချိန်အတိုဆုံးနဲ့ အောင်ပွဲခံနိုင်ဖို့က အတတ်နိုင်ဆုံး သနားကြင်နာဖို့ပဲ'

လွန်ခဲ့သောနှစ်က ကနားရစ်၏ မိတ်ဆွေကြီးကလိဗ်က ကျွန်တော့်အား ပြောပြသည်။

'ဝေဇာလေ့ကျင့်ရေး ထိုးစစ်မစမီ ရက်အနည်းငယ်အလိုမှာ ကနားရစ်က စကင်ဒီနေးဗီးယား (နော်ဝေ၊ ဆွီဒင်)နိုင်ငံ အစိုးရများကို အတန်တန် သတိပေးခဲ့ရာမှာ အကြောင်းပြချက်များက တကယ်တော့ လုံးဝမမှန်ဘူး'ဟု အက်ဘ်ရှာဂျင်က ဆိုသည်။

'ဧပြီလဆန်းပိုင်းက ဂျာမန်ထောက်လှမ်းရေးရုံးချုပ်မှာ ကျင်းပခဲ့တဲ့ ညီလာခံများမှာ မဟာမိတ်အုပ်စုကိုရော၊ ခြိမ်းခြောက်ခံရမယ့် နိုင်ငံများကိုပါ ကြိုတင်သတိပေးရမယ်ဆိုတဲ့သဘော ပြောဆိုသံကို မကြားမိဘူး' . . .

ထောက်လှမ်းရေး အရာရှိတစ်ဦးဦးက ပြောခဲ့သည်ကို အခြေပြုပြီး အက်ဘ်ရှာဂျင်က သို့ကလို ပြောခြင်းဖြစ်၏။

ထောက်လှမ်းရေးအရာရှိ တစ်ဦးဦးဟုဆိုခြင်းမှာ 'လဟိုစင်' သို့မဟုတ် 'လိုင်ဒစ်' *(Lieding)* ဖြစ်ကောင်းဖြစ်မည်။





စင်စစ် ကနားရစ်သည် သူ တကယ်ဆောင်ရွက်ရန် ရည်ရွယ်ရင်းရှိလျှင် လဟိုစင်ကို မဆိုထားနှင့် သူ့ရုံးတွင်ပင် အလျင်စလို မဆွေးနွေးတတ်။

'လဟိုစင်'သည် နှစ်ပေါင်းများစွာကြာ ကနားရစ်၏ လက်ထောက်အရာရှိလည်း ဖြစ်၏။ ထောက်လှမ်းရေးအဖွဲ့ (၂)၏ အကြီးအကဲလည်းဖြစ်၏။ သို့ရာတွင် ၁၉၃၈-ခုနှစ်၊ လန်ဒန်တွင် လျှို့ဝှက်ဆွေးနွေးခဲ့သည်များ ကြားပင်မကြားဘူးခဲ့ကြောင်း သိရသောအခါ ကျွန်တော်ပင် စိတ်ဝင်စားမိ၏။

'ဂျစ်စီးဗီးယပ်စ်' *(Giseviuc)* အဆိုအရ ဟစ်တလာ သိက္ခာကျလေအောင် ပိုလန်တွင် ရက်စက်မှုများ ဖြစ်ခဲ့သည်ဟု ထောက်လှမ်းရေးဌာနအတွင်း၌ သတင်းဖြစ်စေခဲ့သည့် အဖြစ်မျိုးမှာ ယခင်ကလည်း အလားတူ အစဉ်အလာများ ရှိခဲ့ဖူးသည်။

'ဝေဇာလေ့ကျင့်ရေး' ထိုးစစ်ဆင်နွှဲရန် ဂျာမန်တပ်များက ဘော်လ်တစ်ပင်လယ်ကမ်းခြေ ဆိပ်ကမ်းများပေါ်သို့ မတက်မီတွင် ဆွီဒင်ထုတ် သတင်းစာများက ထိုးစစ်ဆင်မည့် သတင်းများကို အကျယ်တဝင့် ဖော်ပြခဲ့ကြ၏။

ကနားရစ်သည် ဘာလင်ရှိ ဆွီဒင်သံရုံးနှင့် အထူးအဆက်အသွယ် ရှိကောင်းရှိမည်။ ယင်းသံရုံးသည် ကနားရစ်က မဟာမိတ်အုပ်စုအား သတိပေးရာတွင် အသုံးချခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်။ အက်ဘ်ရှာဂျင်က သို့ကလို ထောက်ပြရန် လိုမည်ထင်သည်။ သို့ရာတွင် သူကပင်လျှင် မဖြစ်နိုင်ဟုလည်း ဆိုပြန်သည်။

ဖြိုင်ဘာက်က အင်အားသာသည်ဟု တွေးမိလျက်ပဲဖြစ်ဖြစ်၊ ဗြိတိသျှရေတပ်က နော်ဝေပိုင်နက်ရေပြင်တွင် အယောင်ပြခဲ့လျက်ပဲဖြစ်ဖြစ်၊ ဟစ်တလာက နောက်ပြန်ဆုတ်၍ ရှိနေတတ်ကြောင်း ကနားရစ်က ပြောခဲ့ဖူးသည်ကို ဗိုလ်ကြီးလိုင်ဒစ်က မှတ်မိနေသေး၏။

ဗိုလ်ကြီးလိုင်ဒစ်မှာ ကနားရစ်က အမှတ် (၂၁) တပ်မတော်နှင့် တွဲဖက်ထားရှိသည့် ထောက်လှမ်းရေးအရာရှိ ဖြစ်သည်။ 'ဝေဇာလေ့ကျင့်မှု စစ်ဆင်ရေး'ကို အသေးစိတ် ရေးဆွဲခဲ့သူဖြစ်၏။

ဂျာမန်စစ်သင်္ဘောများအား စစ်ဆင်ရေးအတွက် စုစည်းထားရှိခြင်းသည် ဗြိတိသျှ ထောက်လှမ်းရေးစက်ကွင်းမှ လွတ်နိုင်ဖွယ်ရာမရှိဟု လိုင်ဒစ်က တထစ်ချ ယုံကြည်ထားသည်။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ဆွီဒင်နိုင်ငံတွင် လှုပ်ရှားနေသည် မဟုတ်ပါလား . . . ။

'ဝေဇာလေ့ကျင့်မှုစစ်ဆင်ရေး'နဲ့ ပတ်သက်လို့ မဟာမိတ်တို့က အနည်းဆုံး ၂၄ နာရီ ကြိုတင်သိထားတယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ သေချာတယ်။ နိုင်ငံခြားသံတမန်များက ဂျာမန်သင်္ဘောများရဲ့ လှုပ်ရှားမှုကို အစီရင်ခံ သတင်းပေးကြမယ်လေ။ သံတမန်တွေ ဖုန်းနဲ့ဆက်ပြောပြတာကို ဂျာမန်ထောက်လှမ်းရေးက ကြားဖြတ်နားထောင်



www.burmeseclassic.com

www.burmeseclassic.com



ရရှိခဲ့တယ်'

'လဟိုစင်'က ကျွန်တော့်အား သို့ကလိုပြောပြ၏။

'မှန်တယ်။ ရက်အတော်လိုလိုမှာပဲ ကျုပ်တို့က သတင်းအပြည့်အစုံ ရထားတယ်လေ။ ဂျာမန်သင်္ဘောတွေ လှုပ်ရှားတာနဲ့ ကျုပ်တို့လည်း သတင်းရတာပဲ။ ဒါပေမယ့် လန်ဒန်မှာ သူတို့တွေဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိဖြစ်ကြရတယ်'ဟု ဗြိတိသျှထောက်လှမ်းရေး အရာရှိတစ်ဦးက ပြောပြ၏။

ဂျာမန်တို့က နော်ဝေနိုင်ငံကို ထိုးစစ်ဆင်သောနေ့တွင် ဆွီဒင်နိုင်ငံ စတော့ဟုမ်းရှိ ဗြိတိသျှထောက်လှမ်းရေးမှ ပုဂ္ဂိုလ်များက အင်္ဂလန်သို့ သတင်းအတိအကျ ပေးနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူသောအနေဖြင့် တစ်စုတဝေး ပျော်ပျော်ပါးပါး အရက်သောက်ပွဲကျင်းပကြကြောင်းဖြင့် ကျွန်တော်တို့ကို ပြောပြကြသည်။

မှန်သည်။ အဆိုပါ ထောက်လှမ်းရေးအဖွဲ့ဝင်များထဲမှ တစ်ဦးက မိမိတို့သည် ကနားရစ်၏လူများ အကူအညီဖြင့် ဗြိတိသျှအစိုးရထံသို့ နော်ဝေစစ်ဆင်ရေးတွင် ပါဝင်မည့် သင်္ဘောအမည်၊ သင်္ဘောပေါ်မှ ပစ္စည်းတင် ကုန်တင်ဆဲ သို့မဟုတ် ရွေ့ပြောင်းလှုပ်ရှားသွားသည်တို့မှအစ အပြည့်အစုံ အတိအကျ ပေးနိုင်ခဲ့သည်ဆို၏။

သို့ရာတွင် ထိုနေ့ နေ့ကုန်ချိန်တွင် ဂျာမန်စစ်သင်္ဘောတန်းကြီးအား တန်ပြန်စစ်ဆင်ရန် မဟာမိတ်တို့ဘက်မှ ဘာမျှမလုပ်ဘဲ မိမိတို့ပေးပို့သော သတင်းအတိအကျကိုပင် ရေတပ်ဝန်ကြီးရုံးက တိုက်ဆိုင်စစ်ဆေးခြင်းမရှိ၊ သုံးသပ်ခြင်းမရှိကြောင်း တွေ့ရပြန်သောအခါ အံ့ဩမကုန်နိုင်ဖွယ် ဖြစ်ကြရပြန်သည်။

ဧပြီလ ၇ ရက်နေ့တွင် ဂျာမန်တို့က ထိုးစစ်ဆင်မည်ဟု အော်စလိုမြို့ (နော်ဝေ)ရှိ ဗြိတိသျှရေတပ် အရာရှိတစ်ဦးက သတင်းရရှိထား၏။ သည်သတင်းကို ဦးစွာပထမ လန်ဒန်သို့ ဆက်လက်ပေးပို့ခဲ့၏။ သို့ရာတွင် အော်စလိုမြို့ရှိ ဗြိတိသျှရေတပ်ဆိုင်ရာ စစ်သံမှူးကိုမူ အကြောင်းမကြားခဲ့။ ထိုသို့ အကြောင်းမကြားခြင်းမှာလည်း နော်ဝေရေတပ်က အသင့်ပြင်ဆင်မထားခြင်းက အကြောင်းတစ်ရပ်ဖြစ်၏။

နောက်တစ်နေ့ ဗြိတိသျှတို့က နာဗစ်တောင်ဘက် နော်ဝေနိုင်ငံ ရေပိုင်နက်အတွင်း မိုင်းဝုံများ ချထားသည့်နေ့တွင် ပင်လယ်ရေကြောင်း ကင်းလှည့်ရာမှ ဂျာမန်စစ်သင်္ဘောများနှင့် သယ်ယူပို့ဆောင်ရေးသင်္ဘောများက နော်ဝေကမ်းခြေအနီး ခုတ်မောင်းနေကြသည်ကို အထင်အရှားတွေ့ရသည်။ ဂျာမန်စစ်သင်္ဘောထဲမှ 'ရိုင်အိုဒီရှိနီးရိုး' အမည်ရှိသင်္ဘောကြီးအား ဗြိတိသျှဘုရင့်ရေတပ်မှ 'ထရင်းဒင့်'အမည်ရှိ ရေငုပ်သင်္ဘောက တိုက်ခိုက် နှစ်မြှုပ်လိုက်၏။

ဧပြီလ ၈ ရက်နေ့ နေ့လည်ခင်းတွင် နစ်မြုပ်သွားသော ဂျာမန်စစ်သင်္ဘောမှ မသေမပျောက် ကျန်ရစ်သူ စစ်သား ၃၀၀ ခန့်အား တိုက်ပွဲဝင်ပစ္စည်း အပြည့်အစုံနှင့် တွေ့ရ၍ စစ်ကြောမေးမြန်းရာမှ ဂျာမန်တို့က ထိုးစစ်ဆင်တော့မည်ကို နော်ဝေအစိုးရက





သိရတော့သည်။

ဂျာမန်တို့က နော်ဝေတောင်ပိုင်းရှိ နာဗစ်ကိုသာ သိမ်းပိုက်ရန် ရည်ရွယ်သည်ဟူသော အယူအဆမှာ ဗြိတိသျှအစိုးရအဖွဲ့ ရုံးချုပ်တွင် လွှမ်းမိုးလျက်ရှိသည်။

ဧပြီလ ၉ ရက်နေ့တွင် ဂျာမန်တို့က နော်ဝေတစ်နိုင်ငံလုံးအား သိမ်းပိုက်ရန် ရည်ရွယ်သည်ဆိုခြင်းမှာ မပေါ်လွင်သေး။ ဂျာမန်တို့၏ ရည်ရွယ်ရင်းအမှန်ကို တစ်ဌာန မဟုတ် တစ်ဌာနက အတိအကျ သတင်းပေးပို့မည်ကို ကျွန်တော် သံသယမရှိ။

မတ်လ ဒုတိယလဝက်တွင် နော်ဝေအစိုးရက အော်စလိုမြို့ကမ်းခြေရှိ အမြောက်လက်နက်ကြီးများနှင့် လေကြောင်းကာကွယ်ရေးများကို အချိန်အတန်ကြာသည်ထိ တပ်လှန့်ထားရှိခဲ့၏။ သို့ရာတွင် ထောက်လှမ်းရေးသတင်းများကို လက်ခံရယူသော၊ ပေးပို့သော၊ သုံးသပ်သော အဖွဲ့အစည်းများက အများအပြား ရှိနေခြင်းကြောင့် မှန်ကန်တိကျစွာ သုံးသပ်နိုင်ခြင်းက လွှမ်းမိုးနေရာယူရန် အလွန် ခက်ခဲလှပါသိတော့။

ဗြိတိသျှဝန်ကြီးချုပ် ချိန်ဘာလိန်ကိုယ်တိုင် ရရှိသော သတင်းများမှာ အတွေ့အကြုံ အပြားပြားဖြစ်နေ၍ ဦးနှောက်ချောက်ရသည်ဟုပင် အပြစ်ပြောခဲ့၏။ သည်စဉ်က ရေတပ်ဝန်ကြီးဖြစ်သော ချာချီက ဗြိတိသျှ အိမ်စောင့်ရေတပ်သည် ရန်သူစစ်သင်္ဘောများ သွားလာရာ ရေလမ်းကြောင်းနှင့် နီးကပ်၍ ရာသီမရွေး သွားလာမနေနိုင်ဟု အကြောင်းတက် အကန်ပြောသည်။ ထိုသို့ သွားလာခဲ့လျှင်လည်း ဂျာမန်ယူဘုတ်တို့၏ ပစ်မှတ်သဖွယ်ဖြစ်တော့မည်မှာ မလွဲ။

အကယ်၍ 'ဝေဇာလေ့ကျင့်မှု စစ်ဆင်ရေး'မတိုင်မီ ရက်များစွာအလိုတွင် ဗြိတိသျှတို့က ရေတပ်အင်အားပြရန် ဗိုလ်ချုပ်ကြီးကနားရစ်က တောင်းခံခဲ့လျှင် မိမိသည် ရန်သူ၏ တွေးခေါ်မျှော်မြင်မှုကို ၁၁လွှတ်အထင်ကြီးကာ မိမိ ထောက်လှမ်းရေးအဖွဲ့၏ ထောက်လှမ်းမှုများ၊ လှည့်စားမှုများကိုပင် သက်သက် အထင်အမြင်သေးရာ ကျပေလိမ့်မည်။ ဗြိတိသျှတို့က ရေတပ်အင်အားပြရန် ကနားရစ်က တောင်းခံလိမ့်မည်ကိုလည်း ကျွန်တော် သံသယမရှိ။

ဂျာမန်ပြည်သူတို့က ဟစ်တလာအား ဆန့်ကျင်ရာသို့ မြားဦးလှည့်စေရန်အတွက် နော်ဝေစစ်ဆင်ရေးတွင် ဂျာမန်ဘက်မှ အကြီးအကျယ် ရှုံးနိမ့်စေရန် ကနားရစ်က လိုလားသည်ဟု နောင်သောအခါတွင် ဂျာမန်ထောက်လှမ်းရေး အရာရှိများက ပြောကြဖို့ကြသည်မှာလည်း မှားအံ့မထင်။

တကယ့်ဖြစ်ရပ်အမှန်မှာ အော်စလိုရှိ ကနားရစ်၏ အဖွဲ့အစည်းကပင် ဂျာမန်စစ်သင်္ဘောများနှင့် ဂျာမန်စစ်သံမှူးများအား ဦးဆောင်မှု ပေးခဲ့သည်။

နော်ဝေနိုင်ငံရေတပ် သတ္တိပြောင်ပြောင်နှင့် ဂျာမန်စစ်သင်္ဘောများ၏ တိုက်စစ်ကို ပျက်ပြယ်ချွတ်ချော်စေခဲ့၏။ အော်စလိုမြို့တော်ကို သိမ်းပိုက်ရန် ဂျာမန် လေထီးတပ်များ ဆင်းသက်ရန် လိုအပ်သည်မှာလည်း အမှန်။ မည်သို့ဆိုစေ နော်ဝေနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဂျာမန်တို့ အောင်ပွဲခံနိုင်ခြင်းအတွက် ကနားရစ်ကို ဂုဏ်ပြုချီးကျူးရပေလိမ့်မည်။ သို့ကြောင့်လည်း ဒု–ဗိုလ်ချုပ်ကြီး *(Vice-Admiral)*မှ ဗိုလ်ချုပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ကာ ချီးမြှင့်ခံရ၏။

ကနားရစ်သည် ဟစ်တလာအား ဖြုတ်ချရန် အားမထုတ်တော့ဘဲ လက်ရှောင်လျက် အနေအထိုင်မှန်မှန် ရှိခဲ့သည် ဆိုကြားအံ့။

ဧပြီလ ၁ ရက်နေ့မှ မေလ ၁ ရက်နေ့သို့ ရာသီစက်ဝန်းကို တမုဟုတ်ချင်း လှည့်လိုက်ကြပါစို့။ ဒတ်ချ်နှင့် ဘယ်လ်ဂျီယံနိုင်ငံများ၏ ကြားနေခြင်းကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက် ယင်းနိုင်ငံများနှင့် ပြင်သစ်နိုင်ငံသို့ အကြီးအကျယ် ထိုးစစ်ဆင်မည့် 'ဂဲလ်ဗ်စစ်ဆင်ရေး' *(Operation-Gelb)*လည်း မကြာမတင်မှာပင် စတင်ပေတော့မည်။

စင်စစ် မြေနိမ့်ဒေသနိုင်ငံများအား စစ်ဆင်ခြင်းသည် နော်ဝေနိုင်ငံအား တိုက်ခိုက်ခြင်းထက် ပို၍ စည်းဖောက်ရာကျမည် မဟုတ်။ သို့ရာတွင် ဗိုလ်ချုပ်ကြီးအော်စတာက စတင်ခဲ့သော ကြိုတင်ပြင်ဆင်မှုမှာ နှစ်မျိုးနှစ်စားရှိ၏။

နော်ဝေနိုင်ငံ၏ဖြစ်ရပ်မှာ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ သတင်းများသုံးသပ်ရာတွင် မည်မျှ တိမ်းပါး ချွတ်ချော်ခဲ့ကြောင်း အထင်အရှားပြခဲ့၏။ (ဂျာမနီနိုင်ငံအခြေအနေ ဆိုးရွားလာချိန်တွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့က အလားတူ မှားယွင်းခဲ့၏)

နားပူနားဆာလုပ်သော ဒေါက်တာဂျိုးဇက်မူးလာအား နောက်တစ်ကြိမ် ပတ်စပို့ ထုတ်ပေးခဲ့ပြန်၏။ ဂျာမန်ထောက်လှမ်းရေးတာဝန်ဟု အယောင်ပြကာ ဧပြီလ ကုန်ရက်များတွင် ရောမမြို့သို့ စေလွှတ်ခဲ့ပြန်၏။

သည်အချိန်သည်အခါတွင် ဗြိတိသျှ အိမ်စောင့်ရေတပ်နှင့် ရေငုပ်သင်္ဘောများက ဂျာမန်စစ်သင်္ဘောများအား တစ်စင်းချင်း မြှုပ်လျက်ရှိနေသည်။

သို့ရာတွင် ကနားရစ် မျှော်မှန်းသကဲ့သို့ ဂျာမန်ကပ်များမှာ တပ်မလန်သေး။

ဂျာမန်စစ်ဦးစီးဌာနချုပ်မှ ထုတ်ပြန်သော သတင်းပြန်တမ်းများတွင် ဂျာမန်ရေတပ်မှ အရေးနိမ့်နေသည်များကို ဖုံးဖိ၍ ကြည်းတပ်မှ အောင်ပွဲခံရသည်များကိုသာ အသားပေး ဖော်ပြလျက်ရှိ၏။

ယခုအခါ ဗိုလ်ချုပ်ကြီးဘတ်က မူးလာအား အနောက်ဘက်စစ်မျက်နှာတွင် မည်သို့ဖြစ်လာလိမ့်မည်ကို မဟာမိတ်တို့အား ပွင့်ပွင့်လင်းလင်းထုတ်ပြောရန် ခယတောင်းပန်နေရသည်။

ဂျာမန် အမှတ် (၂၁) တပ်တော်သည် နော်ဝေနိုင်ငံတွင် မည်သို့သောကြမ္မာနှင့် တွေ့ရ တွေ့ရ၊ အနောက်ဘက်ခြမ်းသို့ မေလ ၁၀ ရက်နေ့တွင် ထိုးစစ်ဆင်မည်ဖြစ်ကြောင်း သတ်မှတ်လိုက်ကြောင်း ပြောပြစေသည်။





အကယ်၍ ဂျာမနီစစ်ရှုံးခဲ့၍ မဟာမိတ်တို့က မဖျက်ဆီးစေလိုလျှင် ယခုကဲ့သို့ တိတ်တခိုး ကြိုတ်ဆက်သွယ်ခြင်းများ ရှိသင့်သည်ဟု ဗိုလ်ချုပ်ကြီးဘတ်က ဆို၏။ ဥရောပတွင် အန္တရာယ်ကြီးကျမည့်ဘေးမှ ကယ်တင်လိုသော စိတ်ကောင်းရှိသည့် အင်အားစုများလည်း ဂျာမနီနိုင်ငံအတွင်း၌ ရှိနေသောကြောင့် ဂျာမနီနိုင်ငံက သာဓကပြသင့်သည် မဟုတ်ပါလား။

မူးလာက ရောမမြို့တွင် ကြာကြာရပ်နား၍ မနေ၊ သို့ရာတွင် ဘယ်လ်ဂျီယံ ဗိဇ်တန်း သံတမန်တစ်ဦးနှင့် တွေ့ဆုံပြီး ဂျာမနီနိုင်ငံက မေလ ၁၀ ရက်နေ့ခန့်တွင် ဒတ်ချ်၊ ဘယ်လ်ဂျီယံနိုင်ငံများ၏ ကြားနေခြင်းကို ဖျောက်ဖျက်လျက် အနောက်ဘက်သို့ ထိုးစစ်ဆင် တိုက်ခိုက်မည်ဖြစ်ကြောင်း သတင်းပေး၏။

သည်တစ်ကြိမ်တွင်မူ ရည်ရွယ်သည့်အတိုင်း သတင်းစကားသည် ဒတ်ချ်၊ ဘယ်လ်ဂျီယံ နိုင်ငံများသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသည်။ သို့ရာတွင် ကြားဖြတ်သုံးကာ ကြေးနန်းဖြင့် ပေးပို့ခြင်းတည်း။ ဗိုလ်ချုပ်ကြီးကနားရစ်က သည်နည်းဖြင့် သတင်းပေးပို့ခြင်းကို အလွန် ရွံမုန်းသည်။

မူးလာလည်း ဘာလင်သို့ သုတ်ခြေတင် ပြန်ခဲ့၏။ အီတလီနိုင်ငံက မထွက်ခွာမီတွင် နယ်စပ်အရာရှိများအား မိမိ ပြည်ဝင်ခွင့်စာရွက်၌ ပြည်ဝင်ကြောင်းတံဆိပ် ရိုက်နှိပ်ရန် ချန်လှပ်ခဲ့ခြင်းကို ရိုက်နှိပ်ပေးရန် မေတ္တာရပ်ခံချိန် ရသေးသည်။ အီတလီနိုင်ငံသို့ ရောက်သည့်နေ့ရက်က မေ ၁ ရက်ဟု ဖော်ပြ၍ အီတလီနိုင်ငံသို့ ဝင်ရာနေရာကို ...နစ်မြို့ဟု ဖော်ပြထားသည်။ မူးလာသည် ဦးစွာပထမ ဗီးနစ်မြို့၊ လေဆိပ်သို့ လေယာဉ်ဖြင့် ရောက်ရှိခဲ့၏။

စိတ်ကောင်းရှိသော အီတလီ နယ်ခြားအရာရှိများကလည်း မိမိပြောသည့် နေ့စွဲကို တံဆိပ်တုံးရိုက်ပေးဖို့ ဝန်မလေးကြဟု မူးလာက ကျွန်တော့်ကို ပြောပြ၏။

စင်စစ် ပတ်စပို့တွင်ပါရှိသော နေ့စွဲမှာ တိကျသည့်နေ့စွဲဟု ထင်သော ထောက်လှမ်းရေးအရာရှိ သို့မဟုတ် ရဲအရာရှိလောက် မိုက်မဲသူ ရှိအံ့မထင်။

သို့ရာတွင် မူးလာကိစ္စတွင်မူ ပတ်စပို့၌ ရာဘာတံဆိပ်တုံးဖြင့် နေ့စွဲမဟုတ်မမှန် ဖော်ပြခဲ့ခြင်းပင်လျှင် သူ့အား ကယ်တင်နိုင်ခဲ့၏။

ဘာလင်ကိုပြန်ရောက်၍ တာပစ်ဇ်ဗတ်လမ်းရုံးတွင် သတင်းပို့သောအခါ ကနားရစ်က ဤသို့ဆို၏။

'ဒီမှာကြည့်စမ်း၊ ဟစ်တလာတော့ အကြီးအကျယ် ဒေါဖောင်းနေလေရဲ့'

ကနားရစ်က လှို့ဝှက်ရဲအဖွဲ့မှ ထောက်လှမ်းရေးအဖွဲ့သို့ စုံစမ်းပေးရန် မေတ္တာ ...ခံထားသည့် အဓိပ္ပါယ်ဖွင့်ပြီး ကြေးနန်းစာမိတ္တူပါစာရွက်ကို ကမ်းပြသည်။ သက်ဆိုင်ရာ အရာရှိအမည်ကိုပါ စုံစမ်းပေးရန် ပါရှိသည်။

မိမိအား သေစေညွှန်းမည့် အဆိုပါကြေးနန်းစာကို မူးလာက ... လွှတ်ရနေ



www.burmeseclassic.com

www.burmeseclassic.com



အောင် တမုဟုတ်ချင်း မှတ်ယူလိုက်၏။ ကြေးနန်းစာပါ စကားရပ်မှာ အောက်ပါအတိုင်း အဓိပ္ပါယ်ဆောင်သည်။

ပုပ်ရဟန်းမင်းကြီး နယ်မြေပါတီကန်ဆိုင်ရာ ဘယ်လ်ဂျီယံ သံအမတ်ကြီးမှ ဘရပ်ဆဲလ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ . . .

'၁၉၄၀–ခု၊ မေလ ၁ ရက်နေ့၊ ရောမမြို့သို့ ယနေ့ အလည်အပတ်ရောက်လာသော ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိတစ်ဦးက မေလ ၁၀ ရက်နေ့၊ သို့မဟုတ် ၎င်းနေ့ရက်နောက်ပိုင်းတွင် ဘယ်လ်ဂျီယံနှင့် ဟော်လန်နိုင်ငံများသို့ သေချာပေါက်ထိုးစစ်ဆင်လိမ့်မည်ဟု သတင်းပေးခဲ့ကြောင်း'

သံကြိုးစာမိတ္တူကို လက်တွင်ကိုင်လိုက်သော အခါတွင်မူ၊ မိမိတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများပင် ထသွားတော့သည်။

ဂက်စတာပိုက ဘယ်လ်ဂျီယံ သံတမန်များ အသုံးပြုသည့် စကားဝှက်၏ အဓိပ္ပါယ်ကို ဖော်ထုတ်နိုင်လေပြီတကား။

➡ ◆ ⬅ ◆ ➡



( ၁၃ )

## ပင်လယ်ဖျံကြီးစစ်ဆင်ရေး

မေလ ၁ ရက်နေ့မှ ၇ ရက်နေ့အတွင်း ဆွစ်နိုင်ငံသို့ 'ဗိုက်ကင်းဆက်သွယ်ရေးလမ်းကြောင်း' *(Viking Line)* မှတစ်ဆင့် လျှို့ဝှက်သတင်းတစ်ရပ် ပေါက်သွားခဲ့၏။

'ဗိုက်ကင်းဆက်သွယ်ရေးလမ်းကြောင်း' မှာ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က ဆွစ်နိုင်ငံ စစ်ဦးစီးဌာနချုပ်သို့ ဆက်သွယ်ခဲ့ရာ၌ အသုံးပြုခဲ့သည့် လျှို့ဝှက်ဆက်သွယ်ရေးလမ်းကြောင်း ဖြစ်၏။

အဆိုပါ လျှို့ဝှက်သတင်းက ဆွစ်နိုင်ငံသို့ ကျူးကျော်တိုက်ခိုက်မည့် အန္တရာယ်အတွက် တပ်များ အသင့်ပြင်ထားရန် ကြိုတင်သတိပေးထား၏။

ဆွစ်နိုင်ငံကလည်း ကြိုတင်သတိပေးသည့်အတိုင်း ရင်ဆိုင်ရန် အသင့်ပြင်ထားပါ၏။ သို့သော် 'မုန်တိုင်း' အန္တရာယ်က အနောက်တက်ဆီသို့ မြားဦးလှည့်သွားချေပြီ။

ဟစ်တလာက ဘယ်လ်ဂျီယံနိုင်ငံကို မဖောက်ထွင်းနိုင်လျှင် ဘယ်တောင်ပံဖြစ်သော ဆွစ်နိုင်ငံနှင့် ဘယ်လ်ဖိုဒေသသို့ ဖောက်ထွင်းလိမ့်မည်ဟု ကနားရစ် သံသယရှိလေသလား . . . ။

သို့မဟုတ် . . .

အခြားတစ်နေရာရာတွင် အသုံးပြုရန် လိုအပ်နေသော ပြင်သစ်တပ်များအား ဘယ်လ်ဖိုဒေသမှ မထွက်ခွာရလေအောင် ကနားရစ်က ပြင်သစ်တို့အား အယောင်ပြကာ ကလိမ်ဉာဏ်ဆင်ခြင်းများ ဖြစ်လေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



သည်အချိန်မှစ၍ ဖြစ်ရပ်အထွေထွေကို ဆွစ်တို့က နားမလည် သဘော မပေါက်နိုင်ခဲ့။ သို့ရာတွင် အကယ်၍ ပြင်သစ်တို့က မင်္ဂီနွတ်ခံစစ်ကြောင်းမှ ကြံ့ကြံ့ခံ ခုခံနိုင်ခဲ့လျှင် ဂျာမန်တို့က ဆွစ်နိုင်ငံသို့ မြားဦးလှည့်မည်မှာ မလွဲဟုသာ ဆွစ်တို့က မှတ်ယူခဲ့ရ၏။

တကယ့်အန္တရာယ်က မေလ ၇ ရက်နေ့ နောက်ပိုင်းမှ ပေါ်လာခဲ့၏။ ဟော်လန်နှင့် ဘယ်လ်ဂျီယံတို့အား အပြတ်နှိမ်ခဲ့ပြီး တဖန် မင်္ဂီနွတ် ခံစစ်ကြောင်းကို တိုးဖောက်နိုင်လိမ့်မည်ဟု ဂျာမန်တို့က သေချာပေါက် မပြောနိုင်ချိန်တွင် အန္တရာယ်က ဆွစ်နိုင်ငံသို့ ဦးလှည့်လာချေပြီ။

မေလတွင် ၉ ရက်လုံးလုံးမှာ မလှုပ်မယှက် ပကတိငြိမ်သက်လျက်၊ ဘယ်လ်ဂျီယံ သံအမတ်ကြီးက ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်မှ သတင်းပို့ခဲ့သည့် အချိန်မှစ၍ ကောလာဟလသတင်းများ ပျံ့နှံ့လာခဲ့၏။

ဗြိတိသျှနှင့် ပြင်သစ်တို့က ဘယ်လ်ဂျီယံနိုင်ငံအား မိမိတို့ မဟာမိတ်အဖြစ် ဝမ်းမြောက်ဝမ်းသာ လက်တွဲလိုသည်။ 'မီးရှုးစ်ခံစစ်ကြောင်း *(Meuse)*ကိုပါ' မင်္ဂီနွတ် ခံစစ်ကြောင်းနှင့် ဆက်သွယ်စေလိုကြသည်။

သို့ရာတွင် ဘယ်လ်ဂျီယံဘုရင် လီယိုပိုလ်က ခေါင်းမာနေသည်။ ဘယ်လ်ဂျီယံ နိုင်ငံသည် အတိုက်အခံ မခံရသမျှ ကြားနေနိုင်ငံအဖြစ် ရှိနေမည်ဟု ဘုရင်က ဆိုမြဲ ဆိုနေဆဲ။

ဂျာမန်တို့က အနောက်ဘက်သို့ ထိုးစစ်ဆင်ရန် ပြင်ဆင်နေကြောင်း အရိပ် နိမိတ်များက ပို၍ပို၍ ပေါ်လွင်လာ၏။

'ဖော်ကန်ဗိုစ်'၏ တပ်များက ထရွန်ဟိမ်း အရပ်မှ မြောက်ပိုင်းသို့ ချီတက်နေ ကြသည်။ မဟာမိတ်တပ်များက 'နမ်ဆော့' *(Namsos)* အရပ်တွင် တဖန် ကမ်းပေါ် တက်ခဲ့ကြပြန်သည်။ နောက်တစ်နေ့တွင် မဟာမိတ်တို့က ပိုလန်တပ်များကို နာဗစ်အရပ် တွင် ကမ်းပေါ်တက်စေခဲ့၏။

မေလ ၇ ရက်နှင့် ၈ ရက်နေ့များတွင် ဗြိတိသျှအောက်လွှတ်တော်၌ အကြိတ်အနယ် ဆွေးနွေးကြသည်။ ဝန်ကြီးချုပ် ချိန်ဘာလိန်၏ သြဇာအာဏာမှာလည်း မှေးမှိန်လာ၏။

ဒတ်ချ်တို့က နယ်စပ်ဒေသတွင် ကြိုတင်ပြင်ဆင်မှုများကို တိုး၍ ဆောင်ရွက် သည်မှာ အမှန်။

ဘယ်လ်ဂျီယံတို့ကလည်း အယ်လ်ဘတ် တူးမြောင်းအတွင်း အသွားအလာ များကို ရပ်ဆိုင်းလိုက်၏။

သည်အချိန် သည်အခါထိ ဘာမျှ မသေချာ မရေရာသေး။

သို့ရာတွင် အနောက်နိုင်ငံများနှင့် ကြားနေနိုင်ငံများကမူ ရှိုင်းမြစ်တစ်ဘက်ကမ်း





၌ မလှုပ်မယှက် ငြိမ်သက်နေခြင်းမှာ တစ်ခုခုတော့ ထူးခြားလိမ့်မည်ဟု အနံ့ခံမိခဲ့ကြ သည်။

မေလ ၉ ရက်နေ့ ညနေခင်း ဗိုလ်ချုပ်ကြီးအော်စတာသည် တာပစ်ဇ်ဟာ လမ်းရှိ ထောက်လှမ်းရေးဌာနချုပ်မှ ထွက်ခွာခဲ့သည်။ မိတ်ဟောင်းဆွေဟောင်းဖြစ်သော ဒတ်ချ်စစ်သံမှူး ဗိုလ်မှူးကြီး ဂျီ၊ ဂျေဆာက ညစာစားရန် ဖိတ်ကြားထားသည်ကြောင့် ထွက်လာခဲ့ခြင်းဖြစ်၏။

သည်တစ်ကြိမ် သူတို့နှစ်ဦး ချိန်းတွေ့ကြပြီး ညစာ အတူစားရန်ဆိုခြင်းမှာ သံသယဖြစ်ဖွယ်မရှိ။

သို့ရာတွင် ဗိုလ်ချုပ်ကြီးအော်စတာ၏ နောက်တစ်နေ့ လင်းအားကြီးအချိန်တွင် ဂျာမန်တပ်များက ဘယ်လ်ဂျီယံနှင့် နယ်သာလန် နိုင်ငံများအား ထိုးစစ်ဆင်မည်ကို မျှော်ပေတော့ဟု ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောလိုက်၏။

ဒတ်ချ်စစ်သံမှူးကြီးဆားက ညဉ့်သန်းခေါင်မတိုင်မီကပင် ဟိဂ်မြို့နှင့် အဆက် အသွယ်ရယူကာ တာဝန်ကျအရာရှိအား သတင်းပေးပို့ မှတ်ယူစေခဲ့၏။

'ခွဲစိပ်က ဆရာဝန်က နောက်တစ်နေ့မနက် ၄ နာရီမှ ခွဲစိပ်ဖို့ စိတ်ဆုံးဖြတ် လိုက်ပြီ' တဲ့။

နာရီအနည်းငယ်အကြာတွင် ဘာတွေဖြစ်ကုန်ကြမည်ကို ကြိုတင်သိနှင့် နေရ၍ ဗိုလ်မှူးကြီးဆားမှာ ကြောက်ရွံ့ထိတ်လန့်နေသည်။ ဘာလုပ်၍ ဘာကိုင်ရမည်ကို မသိတော့။ ယောင်တိယောင်ကန်း ဖြစ်နေသည်။ မလွဲမသွေဖြစ်လာမည့် အန္တရာယ်ကို စောင့်ကြည့်နေရ၏။

သန်းခေါင်ယံတိတိအချိန်တွင် တယ်လီဖုန်းမှ အသံမြည်လာပြန်သည်။ ဟိဂ်မြို့ ထိပ်တန်းအရာရှိကြီးထံမှ ဖြစ်၏။ မေလ ၁၀ ရက်နေ့တွင် ဂျာမန်တို့ ထိုးစစ်ဆင်မည်မှာ တကယ်ပင် သေချာရဲ့လားဟု သိလို၍ ဆက်ခြင်းဖြစ်၏။

သည်အချိန်တွင် ဂက်စတာပိုက ပြည်ပနှင့် တယ်လီဖုန်း အဆက်အသွယ်များ ကို ခိုးယူနားထောင်ကြမည်ကို ဗိုလ်မှူးကြီးဆား သိ၏။

ဂျာမန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က ဆက်သွယ်ရေးလမ်းကြောင်းအား မဖောက်ထွင်းနိုင်ရလေအောင် တိကျသောအဖြေကို ညွှန်ပြနိုင်အံ့သောသတင်း ပြန်နိုင်ရန် အတွက် စဉ်းစားရလွန်း၍ ဖောချွေးပင် ပြန်နေသည်။

ဗိုလ်မှူးကြီးဆား အောင်မြင်ခဲ့ပါ၏။ သို့ရာတွင် ဆားအား ကြိုတင်သတင်းပေး သည်ကို ဂျာမန်တို့က သိရှိသွားခဲ့လေပြီ။

ဒတ်ချ်အစိုးရအဖွဲ့က နောက်တစ်နေ့မနက် လင်းအားကြီးအချိန်တွင် ဗိုလ်မှူးကြီးဆားနှင့် အဆက်အသွယ်ရရန် ကြိုးစားအားထုတ်ပါသေးသည်။

သည်အချိန်တွင် ပြည်ပတယ်လီဖုန်း အဆက်အသွယ်မှန်သမျှအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်တို့က ဖြတ်တောက်ခဲ့လေပြီ။ မကြာမတင်မှာပင် ကျူးကျော်ထိုးစစ် ဆင်ပေတော့မည်။

ပြင်သစ်နှင့် မြေနိမ့်ဒေသနိုင်ငံများရှိ ဂျာမန်တို့၏ သူလျှိုများလည်း လှုပ်ရှားလာကြလေပြီ။ မဟာမိတ်တပ် ယူနီဖောင်းဝတ်စုံနှင့် ဂျာမန်တို့က တံတားများနှင့် အချက်အချာနေရာများကို သိမ်းပိုက်ကြ၏။

မေ ၁၃ ရက်နေ့တွင် ရွှန်းမဲလ်၏ တင့်ကားတပ်မက ဘယ်လ်ဂျီယံတို့၏ 'မီးရှူးစ်ခံစစ်ကြောင်း'ကို ဖိတိုက်သည်။ ဂျာမန်အမှတ် (၄)တပ်တော်က နောက်မှ ထပ်ကြပ်မကွာ ပါလာသည်။

အကယ်၍ ဂျာမန်တို့ကသာ မဟာမိတ် ထောက်လှမ်းရေးအဖွဲ့များအား နည်းဗျူဟာနှင့်ပတ်သက်၍ အငိုက်ဖမ်းရာတွင် မအောင်မြင်ပါက စစ်မြေပြင်တွင် ထူးထူးခြားခြား ကံကြမ္မာကောင်းခဲ့လိမ့်မည် မဟုတ်။

စတင် ထိုးစစ်ဆင်သည့်နေ့တွင်ပင် ဂျာမန်တပ်များက ဟော်လန်ရှိ 'မားစ်' အရပ်ကို ဖြတ်ကျော်နိုင်ခဲ့၏။ မေလ ၁၅ ရက်နေ့တွင် မဟာမိတ်တို့နှင့် အဆက်အသွယ်ပြတ်သွားပြီဖြစ်သော ဒတ်ချ်တပ်များ လက်နက်ချ အညံ့ခံကြရ၏။

မေလ ၂၇ ရက်နေ့တွင်မှ ဘုရင် လီယိုပိုက လက်နက်ချ၏။

ဇွန်လ ၅ ရက်နေ့တွင် ဂျာမန်တပ်များလည်း 'ဒန်းကပ်'သို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီး 'ဆုမ်း'အရပ်ကို ဖြတ်ကျော်ခဲ့ပြန်သည်။ ၄ ရက်ခန့်အကြာတွင် နော်ဝေနိုင်ငံတွင်း၌ ရန်ဘက်ပြုခြင်း အားလုံး ချုပ်ငြိမ်းခဲ့လေပြီ။

ဇွန်လ ၁၀ ရက်နေ့ . . . ။

စတင် ထိုးစစ်ဆင်ခဲ့ပြီး တစ်လနီးပါးအကြာတွင် အီတလီနိုင်ငံက စစ်ထဲသို့ ဝင်လာပြန်သည်။

အောင်ပွဲဆင်နိုင်ခဲ့ပြီးဖြစ်၍ ဟစ်တလာတစ်ယောက် ပီတိဖြာနေသည်။ မကြာမတင်မှာပင် ကွန်ပီန်းမြို့တွင် မိမိ၏ရထားတွဲ၌ ပြင်သစ်နိုင်ငံက လက်နက်ချသည်ကို လက်ခံရတော့မည်။ သည်အချိန်အတန့်တွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့က မိမိအကြံအစည်များအပေါ် သစ္စာဖောက်ခဲ့သည်များကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။

သို့သော် ဂက်စတာပိုအဖွဲ့ကမူ သည်သို့မဟုတ်။ ဂျာမန်တို့ ထိုးစစ်ဆင်သည့်နေ့က ဟိဂ်နှင့် တယ်လီဖုန်း အဆက်အသွယ်ရှိခဲ့ခြင်းနှင့် ပတ်သက်သော အစီရင်ခံစာကို ကနားရစ်က ရရှိထားပြီးဖြစ်၏။

ဘာလင်မြို့တော်မှ သံရုံးတစ်ရုံး၏ ညစာစားပွဲတစ်ခုတွင် ပုဂ္ဂိုလ်တစ်ဦးက ဗိုလ်ချုပ်ကြီးအော်စတာနှင့် ဒတ်ချ်စစ်သံမှူးတို့ ခင်မင်ရင်းနှီးကြကြောင်း အမှတ်မထင် ထုတ်ဖော်ပြောလိုက်သည်။

သည်ဖြစ်ရပ်အမှန်ကို မကြာမတင်မှာပင် ဂက်စတာပိုက စုံစမ်းတော့မည့်





ဆဲဆဲ ဖြစ်ဟန်တူ၏။

'ရောမမြို့မှာ ဒီသတင်းပေါက်ကြားတာကို ခင်ဗျား စုံစမ်းစစ်ဆေးရင် ကောင်းမယ်'

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က ဂျိုးဇက်မူးလာအား တိုးတိုးတိတ်တိတ် ပြောလိုက်၏။

ဂျိုးဇက်မူးလာကလည်း သည်ကိစ္စတွင် မိမိအကြီးအကဲက မိမိအား အကာအကွယ်ပေးလိမ့်မည်ဟု တထစ်ချ ယုံကြည်စိတ်ချပြီးသား။ ချက်ချင်းပင် အီတလီနိုင်ငံသို့ ထွက်ခွာသွားခဲ့၏။

မူးလာက တာဝန်ထမ်းဆောင်ရာတွင် အံ့ဩလောက်ပါဘိ။ ဦးစွာပထမ အီတလီ ထောက်လှမ်းရေးအဖွဲ့နှင့် ဂျာမန်ဆက်သွယ်ရေး အရာရှိဖြင့် တာဝန်ယူရအောင် ဗိုလ်မှူးကြီးဟဲလ်ဖဲရစ်ချ်ကို ဆင့်ခေါ်သည်။

မူးလာက မိမိသည် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ တာဝန်ခံအရာရှိတစ်ဦးမဟုတ်ဘဲ အရန်တပ်မှ ဗိုလ်အဆင့်ရှိသူတစ်ဦးသာဖြစ်ကြောင်း ထုတ်ဖော်ပြောပြသည်။

ကြားဖြတ်ဖမ်းယူရရှိထားသော သတင်းက 'ဂျာမန်စစ်ဦးစီးဌာနမှ အရာရှိ' တစ်ဦးဟူ၍ ဖွင့်ဆိုထားသည်။ မူးလာကိုယ်တိုင် မေ (၁)ရက်နေ့က ဗီးနစ်မြို့သို့ ရောက်နေကြောင်း သူ့ပတ်စပို့တွင် အထင်အရှားဖော်ပြထား၏။ သည်နေ့သည်ရက်တွင် ရောမမြို့သို့ ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိတစ်ဦးဦး ရောက်နေသည်ဟု သူ မသိခဲ့ရ။

စင်စစ် ဗိုလ်မှူးကြီး ဟဲလ်ဖဲရစ်ချ်သည်ပင်လျှင် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိတစ်ဦးဖြစ်၏။ သို့သော် ဟဲလ်ဖဲရစ်ချ်အား သံသယရှိရန် မလို။

အခြားတစ်ခုခုမှ ပေါက်ကြားခြင်း ဖြစ်လိမ့်မည်ဟူ၍ မတွေးမိလေရော့သလား။

အီတလီနိုင်ငံ၏ အိမ်ရှေ့မင်းသမီးသည် ဘယ်လ်ဂျီယံနိုင်ငံမှ မင်းသမီးတစ်ပါး ဖြစ်ခဲ့၏။ မင်းသားကြီးကိုင်နီသည် အိမ်ရှေ့မင်းသား၊ အိမ်ရှေ့မင်းသမီးတို့နှင့် အကျွမ်းတဝင် ရင်းနှီးသူဖြစ်၏။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် မင်းသားကြီးကိုင်နီနှင့် အဆက်အသွယ်ရှိနေသည်။ သည်အဆက်အသွယ်များမှ သတင်းပေါက်ကြားခြင်း မဖြစ်နိုင်ပေဘူးလား။

ရက်အနည်းငယ်အတွင်း မူးလာက ခရေစေ့တွင်းကျ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့၏။ သို့ကြောင့်လည်း ဘာလင်သို့ ကပြန်တွင် ဗိုလ်ချုပ်ကြီးအော်စတာက ပြုံးလျက် မှတ်ချက်ချခဲ့၏။

'ခင်ဗျားက ရောမမှာ စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးခဲ့တာကြောင့် သူတို့တဖော က ဒီကိစ္စကို ပိတ်ပင်လိုက်ပြီဗျ။ အဲ ဒီဘက်ကသာ စုံစမ်းစစ်ဆေးမှု လုပ်နေပြန်ပြီ'

သို့ရာတွင် ဗိုလ်ချုပ်ကြီး ကနားရစ်ကိုယ်တိုင်က ဗိုလ်ချုပ်ကြီး အော်စတာ၏ လုပ်ရပ်များကို အကာအကွယ်ပေး ဖုံးဖိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြီး ပြီးသောအခါ ဗိုလ်ချုပ်အဆင့်ဖြင့် ဝါရှင်တန်မြို့ရှိ ဒုတ်ချ်သံရုံးတွင် စစ်သံမှူးဖြစ်နေသော ဟဲလ်ဖဲရစ်ချ်က ဒုတ်ချ်အစိုးရမှ ပြုလုပ်သည့် စုံစမ်းစစ်ဆေးရေး ကော်မရှင် ရှေ့မှောက်တွင် ထုတ်ဖော်ပြောသောအခါမှ အကြောင်းစုံ သိခဲ့ရခြင်းတည်း။

ဗိုလ်ချုပ်ကြီးအော်စတာက မိမိသိသျှင်သိချင်း ထိုးစစ်ဆင်မည့်နေ့ရက်နှင့် အချိန်နာရီများကို တိတိကျကျမပြောဘဲ သစ္စာဖောက်ခဲ့သည်မှာ ထင်ရှား၏။ ကနားရစ်ကလည်း အော်စတာကို အကာအကွယ်ပေးထားသည် မဟုတ်ပါလား။

မူးလာကမူ အီတလီနိုင်ငံတွင်း၌ လွတ်လွတ်လပ်လပ် ဝင်ခွင့်ထွက်ခွင့်ရမြဲ ရနေဆဲ။ သို့ရာတွင် ဗိုလ်မှူးကြီး ဟဲလ်ဖဲရစ်ချ်က လျှို့ဝှက်သတင်းများကို မူးလာကိုယ်တိုင် တစ်ဘက်သို့ ပေးပို့ခဲ့သည်ဟုသာ စိတ်ထဲတွင် တေးမှတ်ထား၏။

ယခုအခါ၌မူ ဗြိတိသျှတို့က မူးလာ၏ သဘောထားကို ပို၍ လက်ခံလိုဟန် ရှိကြ၏။

ဖွန်လ ၁၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံမှ နောက်ဆုံး ဗြိတိသျှတပ်ကို ရုပ်သိမ်းခဲ့ပြီးဖြစ်၏။ ၂၇ ရက်နေ့တွင်မူ ဂျာမန်တပ်များ စပိန်နိုင်ငံနယ်စပ် အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေ 'ဟန်ဒါယေ' *(Handaye)* အရပ်သို့ပင် ရောက်ခဲ့ပြန်သည်။ ဗြိတိသျှတို့က အင်္ဂလိပ်ရေလက်ကြားအတွင်းရှိ ကျွန်းများကပါ မိမိတပ်များကို ရုပ်သိမ်းလျက်ရှိ၏။

ဟစ်တလာက ဗြိတိသျှကျွန်းစုအား တိုက်ရိုက်ထိုးစစ်ဆင်ရန်ကိုပင် စဉ်းစား နေသည်။

ဗြိတိသျှတို့ဘက်မှ ကာလိမ်ဥာဏ်ကစားနိုင်ရန် အခွင့်အလမ်းများက တပန်း သာလျက်ရှိ၏။

သို့ရာတွင် နှစ်နိုင်ငံလေတပ်အင်အား ချိန်ခွင်လျှာ ညီနေခြင်းပေါ်တွင်သာ သည်ပြဿနာတစ်ခုလုံး တည်မှီနေသည်။ လအတန်ကြာသည်အထိ နှစ်ဖက်စလုံးက အသာစီးရရန် မစွမ်းနိုင်သေး။

ဗြိတိသျှတို့က မိမိတို့သည် အချိန်အကန့်အသတ်မရှိ၊ ရန်းကန်တိုက်ခိုက် နေမည် မဟုတ်ကြောင်းကို သံတမန်များမှတစ်ဆင့် မထင်မရှား အမြွက်ပြခဲ့၏။

ဟစ်တလာကိုယ်တိုင်ကလည်း သည်သို့သော သဘောထားကို လိုချင်သည်။ စင်စစ် သူက 'ပင်လယ်ဖျံစစ်ဆင်ရေး' *(Operation Sealion)*ကိုပင် စိတ်ဝင်စားခြင်း မရှိလှ။

၁၉၄၁–ခုနှစ်၊ နွေရာသီ နေ့တစ်နေ့။ မြူးနစ်မြို့ရှိ ဟော်တယ်ဆိုင်တစ်ဆိုင်တွင် ကနားရစ်နှင့်အတူ နေ့လည်စာစားရင်း ဗြိတိသျှတို့သည် အင်အားမညီမျှသော တိုက်ပွဲ တစ်ခုကို ယှဉ်ပြိုင်နေခြင်းမှ လက်လွှတ်အရှုံးပေးလိမ့်မည်ဟု မိမိထင်မြင်ကြောင်း ထုတ်ဖော်ပြောသည်။

ဂျာမန် တတိယနိုင်ငံ၏ ကံက အထွတ်အထိပ်သို့ တက်နေချိန်။





'ဗြိတိသျှတို့က ဆက်လက်ခုခံ ယှဉ်ပြိုင်လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်တော် ထင်မိတယ်'

မူးလာက မိမိ၏ အကြံအကဲကို အကဲစမ်းလို၍ သို့ကလိုပြောခြင်း ဖြစ်၏။

သည်အခိုက်အတန့်လေးတွင် ရွှင်ရွှင်ပျပျ နေတတ်သော ကနားရစ်၏ မျက်နှာမှာ ရုတ်ခြည်း မှေးမှိန်ပျောက်လွင့်သွား၏။ စားနေသည့် ပန်းကန်ကိုပင် ရှေ့သို့ တွန်း ထုတ်လိုက်၏။

'အင်း . . . ဗြိတိသျှတို့က ဆက်လက်ယှဉ်ပြိုင်မှာပါ'

ကနားရစ်က စိတ်ဆိုးမာန်ဆိုးဖြင့် အော်ကြီးဟစ်ကျယ် ပြောလိုက်၏။ မိမိ စိတ်ရင်းဆွေရင်းကပင်လျှင် မိမိအား စော်ကားမော်ကား ပြုသယောင်ယောင်ထင်ကာ အော်ဟစ်လိုက်မိ၏။

မူးလာက ကနားရစ်ကိုပင် စိတ်အေးသွားရလေအောင် မနည်းကြိုးစား အားထုတ်ရ၏။

အလွယ်တကူနှင့် အောင်ပွဲ အလီလီခံခဲ့ရခြင်းကို ကနားရစ်အား ဂျာမန် စစ်ဗိုလ်များက ပြောပြသောအခါများတွင် ကနားရစ်မှာ နဝေတိမ်တောင်နှင့် ရွှင်ရွှင်ပျပျ မရှိသည်ကို တွေ့ကြရ၏။

'တို့ထောက်လှမ်းရေး အကြီးအကဲကတော့ တကယ့် လူထူးလူဆန်းပဲဟေ့'

အရာရှိများက သို့ကလိုပင် မှတ်ချက်ချခဲ့ကြ၏။

ဇူလိုင်လ ၂ ရက်နေ့။

ဟစ်တလာက 'ပင်လယ်ဖျံကြီးစစ်ဆေးရေး'အား အသေးစိတ်စီမံကိန်း ရေးဆွဲနိုင်ရန် ဆက်လက်တင်ပြဖို့ စစ်ဆင်ရေး၏ အကြမ်းဖျင်းကိုတင်ပြရန် ကေတဲလ်အား အမိန့်ပေးလိုက်၏။ ဩဂုတ်လလယ်တွင် ကြိုတင်ပြင်ဆင်မှု အရပ်ရပ်အားလုံးကို ပြီးစီး စေရပေသည်။

မူးလာက ရောမမြို့သို့ တိတိတဆိတ်ထွက်ခဲ့၍ သည်သတင်းကိုပင် ဗြိတိသျှ တို့သို့ လက်ကမ်းခဲ့ပြန်သည်။ အကယ်၍ ဂျာမန်တို့၏ ထိုးစစ်ဆင်ခြင်းက အောင်မြင် ခဲ့၍ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာန၏ စာရွက်စာတမ်းများ သိမ်းပိုက်ခံရမည့် အန္တရာယ် ရှိနေပါက ငြိမ်းချမ်းရေးသဘောတူစာချုပ် အကြမ်းကိုပါ ဖျက်စီးပစ်ရန် မူးလာက တောင်းဆိုသည်။

စင်စစ် ဟစ်တလာ အမိန့်မရှိမီကပင် ရေတပ်ဗိုလ်ချုပ်ကြီး ရေးဒါးက ဗြိတိသျှ ကျွန်းစုသို့ ထိုးစစ်ဆင် သိမ်းပိုက်ရေးအတွက် စီမံကိန်းကို ၁၉၃၉–ခုနှစ်၊ နိုဝင်ဘာလ ကပင် ရေးဆွဲခဲ့ပြီးဖြစ်၏။ နော်ဝေနိုင်ငံအား သိမ်းပိုက်ရေးအတွက် ထိုးစစ်ဆင်ရန် စီမံကိန်းရေးဆွဲရာတွင် ဗိုလ်ချုပ်ကြီးရေးဒါးပင် ကွပ်ကဲခဲ့၏။

၁၉၄၀–ခုနှစ်၊ ဖွန်လ ၂၀ ရက်နေ့က ဝုလ်ချက် *(Wolf Schacht)*၌ ကျင်းပ

www.burmeseclassic.com



သော အစည်းအဝေးတွင် ဟစ်တလာက ဗြိတိသျှကျွန်းစုသို့ စစ်ဆင်ရေးအတွက် အတ္တလန္တိတ် သမုဒ္ဒရာကမ်းခြေတစ်လျှောက်ရှိ စစ်စခန်းများအား ဂျာမနီ ရေတပ်လက်ဝယ် ရှိစေရမည်ဟု အတိအလင်း ကြေငြာသည်။

ရေတပ်ဗိုလ်ချုပ်ကြီး ရေးဒါးကလည်း ရနိုင်သော သင်္ဘောအမျိုးအစားနှင့် တွဲသမ္ဗန်များ မည်သည့်ဒေသတွင် ကြည်းတပ်များအား ကုန်းပေါ်တက်စေမည် စသည်များကို အစီရင်ခံသည်။

သည့်စစ်ဆင်ရေးတွင် မိမိဘက်မှ လေတပ်အင်အား အသာစီး မရှိမနေ ဖြစ်စေရမည်ဖြစ်ကြောင်း ရေးဒါးက ဆိုသည်။ ကုန်းပေါ်တက် တိုက်ခိုက်မည့် ကြည်းတပ်များတွင် အပေါ့စား ကိရိယာပစ္စည်းများကိုသာ သယ်ပိုးရန် ရေးဒါးက မေတ္တာရပ်ခံသည်။

သည်အချိန် သည်အခါတွင် ဟစ်တလာက ယုံကြည်စိတ်ချခြင်းကြောင့် တပ်များအား အနားပေးရန် တွင်တွင်ပြောနေ၏။ ဥရောပတစ်ခွင်တွင် ရေတပ်ကိုသာ လျှင် စစ်ဆင်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်စေ၏။

'ဖွန်လုလောက်မှာ ကျုပ် တစ်စွန်းတစ်စ သိနေရပြီးဖြစ်တဲ့ ဂျာမန်ရေတပ် စီမံကိန်းဟာ . . .

ဗြိတိသျှဝန်ကြီးချုပ် ချာချီက ၎င်းရေးသော *(The Fines Hour)* စာအုပ်တွင် သို့ကလို ဖော်ပြခဲ့သည်။

ချာချီက ဂျာမန်စစ်ဆင်ရေးစီမံကိန်းကို အသေးစိတ် စီမံကိန်းရေးဆွဲပြီး၍ စစ်သေနာပတိချုပ်သို့ မတင်ပြမီကပင် မိမိ သိရှိထားနှင့်ပြီးဖြစ်ကြောင်း ဆိုလိုသည်။

'ကျုပ်တို့ရဲ့ ထောက်လှမ်းရေးအဖွဲ့က စစ်ဆင်ရေးကို ဟစ်တလာ ကိုယ်တိုင် အမိန့်ပေးခဲ့ပြီး အပြင်းအထန် ပြင်ဆင်မှုများ ပြုလုပ်နေကြောင်းကို တိတိပပ ပြောဆိုနိုင်ခဲ့တယ်'

နောက်စာမျက်နှာ အနည်းငယ်အလွန်တွင် ဇူလိုင်လ ဒုတိယ လဝက်ပိုင်း အခြေအနေနှင့် ပတ်သက်၍ ချာချီက အောက်ပါအတိုင်း ရေးသားဖော်ပြပြန်၏။

'ဂျာမန်တို့ စစ်မျက်နှာဖွင့်လိမ့်မယ်လို့ မျှော်မှန်းရတဲ့နေရာကတော့ အရှေ့ဘက်ခြမ်းအပြင် ယင်းဒေသနဲ့ ကွဲပြားခြားနားမယ့်အရပ် ဖြစ်ပေလိမ့်မယ်။ အရှေ့ဘက်ခြမ်းအရပ်ကိုတော့ စစ်ဦးစီးချုပ်၊ ကျုပ်နဲ့ ရေတပ်ဝန်ကြီးတို့ကပါ အလေးထားတဲ့ နေရာပဲပေါ့'

စင်စစ် ဗြိတိသျှထောက်လှမ်းရေးက ရရှိသည့်သတင်းမှာ ကောင်းကင်ယံမှ ထောက်လှမ်း၍ပဲဖြစ်ဖြစ်၊ မြေပြင်တွင်ပင် ထောက်လှမ်းရေးလုပ်၍ပဲဖြစ်ဖြစ် ရရှိခြင်း မဟုတ်သည်မှာ ထင်ရှား၏။ သည်အချိန်မှာ ဂျာမန်တပ်များက အောင်ပွဲခံပြီးစသာ ရှိနေသေး၏။

သည်သတင်းကို ဂျာမန်ရေတပ် ဦးစီးဌာနနှင့်ပဲဖြစ်ဖြစ် သို့မဟုတ် စစ်ဆင်ရေး





ဌာနချုပ် ကွပ်ကဲရေးမှူးနှင့်ပဲဖြစ်ဖြစ် နီးနီးစပ်စပ်ရှိသော ပုဂ္ဂိုလ်တစ်ဦးထံမှ ရရှိပေလိမ့်မည်။

ဖွန်လတွင် သည်သတင်းကို ချာချီသိနေချိန်၌ ဂျာမန်စစ်ဖက် ထိပ်တန်းအရာရှိ အနည်းငယ်မှအပ ဂျာမနီ၌ပင် တစ်ဦးတစ်ယောက်မျှ မသိကြသေး။

ဇူလိုင်လတွင်ရေးဆွဲသော 'ပင်လယ်ဖျံကြီးစစ်ဆင်ရေး' က ကုန်းတက်တပ်များ ဖြင့် စစ်ဆင်ရေးသည် တစ်ဖက်သူအား အင်္ဂလန်ဘက်ကမ်းဖက်ကာ ရမ်းစ်ဂိတ် *(Rames gates)*မှ ဝိုက်ကျွန်း၏ အနောက်ဘက် သတ်မှတ်နေရာအထိ ကျယ်ကျယ်ပြန့်ပြန့် ကမ်းတက်ရန် ပြင်ဆင်စီစဉ်ထား၏။

ဟစ်တလာ၏ လူယုံအသိုင်းအဝန်းအတွင်းမှ ထိပ်တန်းအတွင်းရေးများကို သိရှိထားသူတစ်ဦးက သည့်တစ်ကြိမ်တွင် ချာချီအား ကြိုးဆွဲလျက် ရှိနေချေပြီ။

'ဒါကြောင့် ကျုပ်တို့တတွေ စည်းရုံးကြစို့ရဲ့။ အကယ်၍ ဗြိတိသျှ ဓနသဟာယနဲ့ အင်ပါယာနိုင်ငံကြီး နှစ်ပေါင်းတစ်ထောင်မျှ အဓွန့်ရှည်နိုင်ပါလျှင် လူအပေါင်းက ဒီလိုပြောကြလိမ့်မယ်'၊ 'ဒီအချိန်ဟာ သူတို့ရဲ့ အကောင်းဆုံးအချိန်ကာလပဲ'လို့ . . . ။

ချာချီက ဒိုဗာရေလက်ကြားကို ဖြတ်ကျော်ကာ သို့ကလို အသံလွှင့်၍ မိန့်ခွန်းများချွေတတ်၏။ ကနားရစ်က တားမြစ်ပိတ်ပင်ထားသော အဆိုပါ မိန့်ခွန်း သတင်းများ အပြည့်အစုံပါသော စာရွက်စာတမ်းများကို အိမ်သို့သယ်ခဲ့ပြီး ညနေခင်း အချိန်များတွင် ချစ်ဇနီးအား အမြဲဖတ်ပြလေ့ရှိ၏။

နောက်ဆုံးတွင်မူ မိမိသည် အချိန်ကြာမြင့်စွာကပင် အင်္ဂလန်နိုင်ငံအား မျှော်မှန်းတမ်းတခဲ့မိသည်ကို ကနားရစ် သိရှိရတော့သည်။ သို့ရာတွင် အချိန်နှောင်းပါမှ သိရှိရ၍လည်း မပျော်ပိုက်နိုင်တော့။

ချာချီ၏ မိန့်ခွန်းများပါ အစီရင်ခံစာကို ပစ်ချရင်း ကနားရစ်က ဇနီးအား ဤသို့ပြောလိုက်၏။

'အင်္ဂလိပ်တွေမှာက သူတို့ကိုဦးဆောင်မယ့် ခေါင်းဆောင်ကြီးတစ်ယောက် ရှိနေလို့သာ ကံကောင်းထောက်မနေတာကွ။ ငါတို့ဆီမှာက စုတ်စုတ်ပဲ့ပဲ့နဲ့ ကလေးသာသာရှိတဲ့ ပုဂ္ဂိုလ်က ခြံဝင်းအတွင်းက ကလော်တုတ်နေတာကလား'တဲ့။

'ကနားရစ်ဟာ ချာချီရဲ့ မိန့်ခွန်းတွေကို အသံဖမ်းကူးယူထားတဲ့ စာရွက်စာတမ်းတွေ အိမ်သယ်တယ်ဆိုတာတော့ ကျုပ်မယုံနိုင်ဘူး'

ကနားရစ်၏ လက်ထောက်အရာရှိ ဗိုလ်ဂျန်ကီအား သည်အကြောင်းကို ကျွန်တော် ပြောပြသောအခါ သို့ကလို ဆိုခဲ့၏။

'ဘာကြောင့်လဲဗျ'

'လုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်လို့ မင်းတို့မိန်းမတွေနဲ့ ဘယ်တော့မှ မဆွေးနွေးနဲ့လို့ ဗိုလ်ချုပ်ကြီးက ကျုပ်ကို တဖွဖွ သတိပေးခဲ့တာပဲ'

သည်အခါမှာ ကျွန်တော်က ကနားရစ်သည် ညနေခင်းအချိန်များတွင်



www.burmeseclassic.com

www.burmeseclassic.com



သတင်းများကို ဖတ်ပြလေ့ရှိကြောင်း ပါရှိသည့် ကနားရစ်၏ဖနီးက ကျွန်တော့်ထံရေးသောစာကို ဂျန်ကီအား ထုတ်ပြ၏။ သည်အခါတွင်မှ 'ဂျန်ကီ'မှာ မျက်လုံးပင် မြူးမတတ် အံ့ဩခဲ့ရကြောင်းကို တွေ့ရသည်မှာ စိတ်ဝင်စားစရာပင် ကောင်းသေးတော့။

လူတိုင်းလူတိုင်းတွင် ကနားရစ်နှင့် ပတ်သက်၍ မိမိတို့ မျက်မြင်ဖြစ်ရပ်များ အသီးသီး ရှိကြ၏။ သို့ရာတွင် မိမိတို့ကဲ့သို့သော ပုဂ္ဂိုလ်များလည်း အနတ္တမ ရှိသည်ကို တွေ့ရပြန်တော့လည်း အံ့ဩခြင်း ဖြစ်ကြရပြန်သည်။

'ကနားရစ်က ခင်များတို့ရဲ့ခေါင်းဆောင်ကြီး ချာချီကို တယ်ကြည်ညိုတာက လား'

ရစ်ချတ်ပရော့ဗီက သို့ကလို ကျွန်တော့်အား ပြောပြ၏။

➡ ◆ ⬅

သည့်အခိုက်တွင် ဂျာမန် ကြည်း၊ ရေ၊ လေ စစ်ဦးစီးဗိုလ်ချုပ်ကြီးများက မိမိတို့စစ်ဆင်ရေး၏ ပစ်မှတ်ဖြစ်သော အင်္ဂလန်နိုင်ငံနှင့် ပတ်သက်သည့် သတင်းများကို ထောက်လှမ်းရေးအဖွဲ့မှ တောင်းခံနေသည်။

ဂျာမန်ရေတပ်က အင်္ဂလန်ကျွန်းစု ကမ်းခြေဆိပ်ကမ်းများမှာ ကမ်းခြေကာကွယ်ရေး စစ်အင်အားများကို သိရှိလိုသည်။

ဂျာမန်ကြည်းတပ်က ဗြိတိသျှကျွန်းစုတွင် တပ်မပေါင်း မည်၍မည်မျှ ရှိသည်ကို သိလိုသည်။

ဇူလိုင်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးကေတဲလ်က ကြည်း၊ ရေ၊ လေ စစ်ဦးစီးချုပ်များသို့ ထိပ်တန်းလျှို့ဝှက် ညွှန်ကြားစာများ ထုတ်ပြန်ခဲ့၏။

## အင်္ဂလန်စစ်ဆင်ရေး

ခေါင်းဆောင်ကြီးဟစ်တလာက စစ်သေနာပတိချုပ်အဖြစ် အောက်ပါအတိုင်း ဆုံးဖြတ်သည်။

၁။ လေကြောင်းတွင် အသာစီးရနိုင်၍၊ အခြားလိုအပ်ချက်များကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းနိုင်ခဲ့လျှင် အင်္ဂလန်ကမ်းခြေသို့ တက်ရန်မှာ ဖြစ်နိုင်ကြောင်း။ စတင် စစ်ဆင်ရမည့်နေ့ကိုမူ မဆုံးဖြတ်ရသေးပေ။ ပြင်ဆင်မှုအရပ်ရပ် အားလုံးကို ချက်ချင်းဆောင်ရွက်ရမည်။

၂။ ကြည်း–ရေ–လေ တို့က အောက်ပါသတင်းများကို တင်ပြရမည်။

(က) ကြည်းတပ်။

(၁) ဗြိတိသျှအင်အား ဆုံးရှုံးနိုင်ခြေနှင့် ယခုမှစ၍ တစ်လအတွင်း ဗြိတိသျှတို့က ပြန်လည်အင်အားဖြည့်နိုင်သည့် အတိုင်းအတာတို့၏ ခန့်မှန်းခြေ။





(၂) မိမိတို့ဘက်မှ အသုံးပြုနိုင်စွမ်းရှိသော ကမ်းခြေရှိ အမြောက်လက်နက်အင်အားနှင့် မိမိတို့၏ သင်္ဘောများအား ဗြိတိသျှတို့ရန်မှ တိုးချဲ့ကာကွယ်ပေးနိုင်စွမ်း၏ သုံးသပ်ချက်။

(ခ) ရေတပ်။

(၁) တပ်မပေါင်း ၂၅ မှ ၄၀ ထိ ပါဝင်နိုင်သော စစ်ဆင်ရေးတပ်များအတွက် ကမ်းပေါ်တက်နိုင်သော နေရာများနှင့် အင်္ဂလန်ကမ်းခြေ ကာကွယ်ရေးအင်အား ခန့်မှန်းချက်။

(၂) မိမိတပ်များအား အလုံခြုံဆုံး သယ်ယူပို့ဆောင်ပေးရန်အတွက် ပင်လယ်ရေလမ်းကြောင်းများကို ညွှန်ပြရန်၊ ကမ်းတက်ရန် နေရာဒေသရွေးချယ်ရာတွင် ကျယ်ကျယ် ပြန့်ပြန့် နေရာယူခြင်းသည် နောင်အခါ ကုန်းတွင်းသို့ တိုးဖောက်ရာ၌ လွယ်ကူချောမောစေမည်ဟူသော အချက်ကို မှတ်သားထားရန်။

(၃) ရရှိနိုင်မည့် သင်္ဘောအရေအတွက် စာရင်းနှင့် မည်သည့် အခါတွင် အသင့်ရှိမည်ဟူသော နေ့ရက်။

(ဂ) လေတပ်

လေကြောင်းတွင် မိမိဘက်မှ အသာစီးရနိုင်မည့် အခွင့်အလမ်း ခန့်မှန်းခြေနှင့် မိမိလေတပ်အင်အားနှင့် ဗြိတိသျှဘုရင့်လေတပ်အင်အားတို့ နှိုင်းယှဉ်ဖော်ပြသော ကိန်းဂဏန်း။

ကမ်းတက်ရာတွင် လေထီးတပ်များ ချပေး တိုက်ခိုက်စေခြင်းဖြင့် မည်သည့်အတိုင်းအတာအထိ ထောက်ကူနိုင်မည်နည်း။ (သယ်ယူပို့ဆောင်ရေးလေယာဉ်များ ထုတ်လုပ်ခြင်းကို ထိပ်တန်းဦးစားပေး ဆောင်ရွက်ရမည်)။

၃။ ကြည်း–ရေ–လေ တပ်ပေါင်းစုံက တပ်အင်အားအများဆုံးကို သင်္ဘော လေယာဉ် အနည်းဆုံးကို အသုံးပြုလျက် ပို့ဆောင်ပေးရန်အတွက် စီမံကိန်းကို ပူးပေါင်းဆောင်ရွက်ကြရန်။ မိမိဘက်မှ စစ်ဆင်ရေးတွင် ပါမည့်တပ်များကို အပြည့်အစုံ ယန္တရားတပ်ဆင်၍ အတိုက်အခံပြုမည့် တပ်အင်အားထက် မိမိဘက်မှ အသာစီး ရှိနေစေရမည်။

၄။ ပြင်ဆင်မှုအရပ်ရပ်အားလုံးကို ကျူးကျော်စစ်ဆင်ရေးသည် စီမံကိန်းအဆင့်မျှသာရှိနေပြီး ယတိပြတ် မဆုံးဖြတ်ရသေးဟူသော အခြေပေါ် မူတည်ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ရမည်။ ပြင်ဆင်မှုများကိုလည်း ဤကိစ္စတွင် တိုက်ရိုက်ပတ်သက်သူ တစ်စုကိုသာ လျှင် အသိပေးခြင်းဖြင့် ကန့်သတ်ထားရမည်။

(မုံ)
ကေတဲလ်

'ပင်လယ်ဖျံကြီးစစ်ဆင်ရေး' နှင့် ပတ်သက်၍ ဗြိတိသျှတို့က ဘာကြောင့် သည်မျှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနေသနည်း။

သည်အကြောင်းကို ဂျာမန်ထောက်လှမ်းရေးအရာရှိများနှင့် တွေ့ဆုံမေးမြန်းသည်။

ထိပ်ပိုင်းတွင် သစ္စာဖောက်မှုများ ရှိနေသည်လား။

သည်အကြောင်းသက်သက်သာ မဟုတ်သေး။ မာကျီဗိလ်အရပ်တွင် မြေအောက်ဌာနချုပ်စခန်းကို ဖွင့်ပြီး 'ပင်လယ်ဖျံကြီးစစ်ဆင်ရေး'အတွက် အပြည့်အစုံ ကိရိယာများ တပ်ဆင်ထားရှိသည်ဟု ဗိုလ်ချုပ်ကြီးစပိုင်ဒီလ်က ဆို၏။

သည်ကိစ္စများအတွက် မပြောမဆိုဘဲလျက် ပြီးစီးနိုင်မည်မဟုတ်။ ပရားရှန်း ကင်းစောင့်တပ်အဖြစ် အစဉ်အလာအရ တာဝန်ယူခဲ့သော အမှတ် ၉ တပ်ရင်းကြီးက ပေါစတင်အရပ်၌ အင်္ဂလန်ကမ်းပေါ်တက်ရန် တာဝန်သတ်မှတ်ပေးထား၏။ သည်အကြောင်းကို တပ်ရင်းကြီးအတွင်း၌ တစ်ယောက်တစ်ပေါက် အာချောင်ကြပေလိမ့်မည်။

'ပင်လယ်ဖျံကြီးစစ်ဆင်ရေး' နှင့် ပတ်သက်၍ လူတိုင်းလိုလိုက ပြောကြဆိုကြသည်။ စီမံကိန်းကို အကောင်အထည် မဖော်ပြန်သောအခါ သည်အကြောင်းအား ဆက်လက်ပြောနေစေသည်မှာ ဟစ်တလာ၏ ဝါဒပင်ဖြစ်၏။

ဂျာမန်တို့က ဘာတွေစီစဉ်နေသည်ကို ဗြိတိသျှတို့က အကုန်အစင် သိနေကြောင်း၊ ဂျာမန်ရေတပ်က သိရှိထားနှင့်၏။

ဂျာမန်ရေတပ်၏ ဇူလိုင်လ ၃ ရက်နေ့မှ မှတ်တမ်းတွင် ကမ္ဘာ့စာနယ်ဇင်းနှင့် အထူးသဖြင့်၊ အင်္ဂလိပ်စာနယ်ဇင်းများ၌ ဂျာမန်တို့က ထိုးစစ်ဆင်တိုက်ခိုက်မည်ကို မျှော်လင့်ရကြောင်း ဖော်ပြထားသည် ဆို၏။ ကနားရစ်၏ အစီရင်ခံစာတွင် ကြံ့ကြံ့ခံ ခုခံလိမ့်မည်ဟု ညွှန်ပြပါရှိ၏။

ဇူလိုင်လ ကုန်လွန်သည်နှင့် ဂျာမန် ရေတပ်ဗိုလ်ချုပ်ကြီး ရေဒါးက စစ်ဆင်ရေးအား အချိန်ဆွဲထားလိမ့်မည်ဟု ဟစ်တလာအား အစီရင်ခံသည်။

ပြင်ဆင်မှုအရပ်ရပ်မှာ ဩဂုတ်လလယ်ထိ ပြီးပြည့်စုံမည် မဟုတ်သေး။ ဂျာမန်တို့ဘက်မှ လေကြောင်းအင်အား အသာစီးရမည်အထိ ဆိုလျှင်၊ ထိုးစစ်ဆင်ရမည့်





နေ့ရက်ကို သတ်မှတ်၍ရမည် မဟုတ်သေး . . . ။

တဖန် ကမ်းတက်ရာတွင် နေရာဒေသ ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်ခြင်းနှင့် ကျဉ်းကျဉ်းမြောင်းမြောင်း ရွေးချယ်ခြင်းတို့၏ အကျိုးအပြစ်တို့နှင့် ပတ်သက်ပြီး ရေတပ်နှင့် ကြည်းတပ်တို့ စကားများကြပြန်သည်။

သည်လိုနှင့် အချိန်တွေ အလဟဿ ကုန်လွန်ရခဲ့၏။

ဩဂုတ်လ ၁၅ ရက်နေ့တွင် စစ်ဆင်ရေးကို စက်တင်ဘာ ၁၅ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ရပြန်သည်။

ကမ်းတက်ရာတွင်၊ နေရာဒေသ ကျယ်ကျယ်ပြန့်ပြန့် ရယူရန် ကြည်းတပ်၏ အဆိုက နိုင်သွား၏။ သို့ရာတွင် ဂျာမန်ရေတပ်က နောက်ဆုံးအချိန်မှကပ်၍ ဆုံးဖြတ်ချက်ကို ပြောင်းပြန်ဆောင်ရွက်လိမ့်မည်ဟု ထင်မှတ်ရသည်။ ယင်းသို့ဆိုလျှင် ကမ်းတက်ရာတွင် နေရာကျဉ်းမြောင်းစေရန်အတွက် ဗရိုက်တန်အရပ်ကို ရွေးချယ်ပေလိမ့်မည်။

သည်အခိုက်တွင် ဂျာမန်လေတပ်က၊ အင်္ဂလန်ပြည် အရှေ့တောင်ဒေသကို ဗုံးကြဲတိုက်ခိုက်လျက် ရှိနေသည်။

စက်တင်ဘာ ၃ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးကေတဲလ်က စက်တင်ဘာလ ၂၀ ရက်နေ့အား သင်္ဘောများ အစောဆုံး ထွက်ခွာရမည့်ရက်အဖြစ် သတ်မှတ်ကြောင်း ထိပ်တန်းလျှို့ဝှက် ညွှန်ကြားချက်ကို ထုတ်ပြန်သည်။

လေးရက်အကြာတွင် 'ဗိုလ်ချုပ်ကြီးပေဂက်'က ဂျာမန်တို့ ကျူးကျော် စစ်ဆင်ရေးမှာ မကြာမီတွင် စတော့မည်ဖြစ်ကြောင်းကို 'ကရွမ်ဝဲလ်'ဟူသော စကားဝှက်ဖြင့် အိမ်စောင့်တပ်များသို့ အမိန့်ထုတ်လိုက်၏။

ဂျာမန်လေတပ်၏ ဗုံးကြဲတိုက်ခိုက်မှုမှာ တိုး၍တိုး၍ လာခဲ့၏။ ထိခိုက်ဆုံးရှုံးမှုများကလည်း တိုးခဲ့ရ၏။ ဗြိတိသျှ ဘုရင့်လေတပ်က ကြံ့ကြံ့ခံလျက် ပြန်လည်ခုခံနေနိုင်ဆဲ။

အင်္ဂလန်နှင့်ပတ်သက်၍ ကနားရစ်၏ အစီရင်ခံစာများတွင် အဖြစ်မှန်မှ လွဲလွဲကာ အပိုတွေဖြင့် ရောယှက်ပြင်ဆင်ထားဟန်ရှိ၏။ ဗြိတိသျှ ကာကွယ်ရေး အင်အားကို ချဲ့ထက်ပို၍ ညွှန်ပြထား၏။ ဗြိတိသျှတပ်မ ၂၀ မျှသာ လှုပ်ရှားနိုင်ပြီး တိုက်ပွဲဝင်ရန် အသင့်ရှိသော်လည်း ကနားရစ်က တပ်မ ၃၉ ခုရှိသည်ဟု ဖော်ပြထား၏။

စင်စစ် စက်တင်ဘာလ၌ ဂျာမန်တပ်များ ကမ်းခေါက်မည့်နေရာဒေသကို ကာကွယ်ရန်အတွက် ဗြိတိသျှစစ်အင်အားမှာ တပ်မပေါင်း ၁၆ ခုထက် မပို။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ နိုင်ငံခြားထောက်လှမ်းရေးဌာနခွဲမှ ထုတ်ဝေဖြန့်ဝေသော အစီရင်ခံစာတစ်ခုကို ဂျာမန်ရေတပ်သို့ ပေးပို့ခဲ့၏။

နိုင်ငံခြားထောက်လှမ်းရေးဌာန။

ဘာလင်မြို့ (၅-၉-၁၉၄၀)



www.burmeseclassic.com

www.burmeseclassic.com



သို့/-
ထိပ်တန်းကွပ်ကဲရေးမှူး (ရေတပ်)
ရေတပ်စစ်ဆင်ရေးဌာနစိတ် (၃)

ရည်ညွှန်းချက် ။ ။ အင်္ဂလန် တောင်ဘက်ကမ်းခြေရှိ ခံတပ်များ၊ စက်တင်ဘာလ ၂ ရက်နေ့တွင် သူလျှိုတမန်မှ အောက်ပါအတိုင်း အစီရင်ခံအပ်ပါသည်။

တွန်ဗရိုက်ချ်မှ ဘီးချီးဟက်အရပ်ဒေသအထိ (အထူးသဖြင့် ကြီးမားသော သဲတောင်ကုန်းများရှိသည့် ရေးမြို့ငယ်ကလေး)အပြင် စိန့်လီယိုနတ် အရပ်တို့တွင် ခံတပ်များကို အထင်အရှား တွေ့နေရပါသည်။ သို့ရာတွင် အဆိုပါခံတပ်များမှာ လုံလုံခြုံခြုံ ဖုံးကွယ်ထားနိုင်၍ သဲသောင်ပေါ်မှပဲဖြစ်ဖြစ်၊ ရေကူးဆိပ်မှပဲဖြစ်ဖြစ်၊ လွင်တီးခေါင်မြင်မှပဲ ဖြစ်ဖြစ် သာမန်စူးစမ်းသူတစ်ဦးအဖို့ ထူးထူးခြားခြား မြင်နိုင်စွမ်းရှိမည် မဟုတ်ပါ။ သည်ဒေသကို ကြပ်ကြပ်မတ်မတ် ကာကွယ်စောင့်ရှောက်ထား၏။ အထူးခွင့်ပြုလွှာနှင့်မှ လွဲ၍ ဤအရပ်ဒေသသို့ ရောက်ရန်မဖြစ်နိုင်ပါ။

ဓိဟေစတင်အရပ်တွင်မူ ခံတပ်ကတုတ်များကို ထင်ထင်ရှားရှား တွေ့မြင်မှတ်သားနိုင်၏။ မြို့ထဲတွင် တပ်ပေါင်းစုံရှိသည်။ အပေါ့စားနှင့် အကြီးစားတင့်ကား အများအပြား ရှိနေခြင်းမှာ ပို၍ပင် ထူးဆန်းသေးသည်။

စိန့်လီယိုနတ် အရပ်အပြင် နာမည်ကျော် ဝေါက်ကွင်းရှိရာ နေရာများ၌လည်း ယန္တရားကား အများအပြားကို တွေ့ရသည်။ စိန့်ကိုးဇက်အရပ် ဖြစ်ကောင်းဖြစ်နိုင်သည်။

စစ်ဘက်ဆိုင်ရာအဖွဲ့ (သူလျှိုလုပ်ငန်း)မှ ဖြည့်စွက်ချက် . . .

သူလျှိုတမန်က အရပ်ဒေသအသီးသီးတွင် မိမိမြင်တွေ့ခဲ့ရသော ယန္တရားကားများ သို့မဟုတ် တပ်ရင်းကြီးများ အရေအတွက်ကို ကွဲကွဲပြားပြား ပြောပြနိုင်စွမ်း မရှိပါ။

(ဟေစတင်၏ အနောက်ဘက်) ဘီကျီဟက်နှင့် (ဟေစတင်၏အရှေ့ဘက်) ရေးအရပ်ဒေသမှ ရွေးချယ်သတ်မှတ်ထားသော နေရာဒေသမှာ စိန့်လီယိုနတ် အနီးဖြစ်၍ ဟေစတင်၏ မြောက်အစွန်အဖျား ဖြစ်နိုင်ပါသည်။ အစီရင်ခံစာပါ အဓိပ္ပါယ်အရဆိုလျှင် ဟေစတင်မှ လန်ဒန်သွား မီးရထားလမ်းပေါ်တွင်ရှိသော တွန်ဗရိုက်ချ်သည် စိန့်ကိုးဇက်ဒေသကဲ့သို့ ပင်လယ်ကမ်းခြေတွင်သာ တည်ရှိသင့်သည်။ ကျွန်ုပ်တို့လက်ဝယ်ရှိမြေပုံများဖြင့် တိတိပပ ပြောနိုင်စွမ်းမရှိပါ။

အကယ်၍ မိမိအစီရင်ခံစာကို မိမိ အလေးပေး ဂရုတစိုက်ဖတ်မိပါက ထူးထူးဆန်းဆန်း 'အနံ့'ထွက်နေသည်ဟု ကနားရစ်ကိုယ်တိုင် ဝန်ခံကောင်း ဝန်ခံပေလိမ့်





မည်။ သည်အစီရင်ခံစာမှာ အတုအယောင် ဖြစ်ပေလိမ့်မည်။ တွန်ဗရိုက်ဗွဲလ်နှင့် စိန့်လီယိုနတ် ဌာနနေ လူများပင်လျှင် အစီရင်ခံစာ၌ ဖော်ပြထားသော မိမိတို့နယ်မြေ အနေအထားကို သတိထားမိချင်မှ ထားမိပေလိမ့်မည်။

သို့ရာတွင် အစီရင်ခံစာ အစစ်အမှန် မဟုတ်၍ကော ဘာဖြစ်မည်နည်း။

စင်စစ် သည်အစီရင်ခံစာသည် ယခုအခိုက်အတန့်တွင် ဟစ်တလာ၏ စိတ်နေသဘောထားနှင့် ဟပ်မိစေရန် ဖန်တီးထားခြင်းဖြစ်၏။

ဂျာမန်လေတပ်က မိမိအား ပေးထားသော တာဝန်ကို ကျေကျေပွန်ပွန် မထမ်းဆောင်နိုင်ခဲ့။

ဟစ်တလာက ပိုလန်နိုင်ငံမှ နယ်စပ်ကိုဖြတ်ကျော်၍ မျက်စိကစားနေသည်။ တောင်ပိုင်းပရီနီးစ်အရပ်သို့ အဓိပ္ပါယ်ပါပါ စောင်းငဲ့ကြည့်လိုက်၏။ လွယ်လင့်တကူ အောင်ပွဲများခံနိုင်မည်ကို တွေးတောဟန်ရှိ၏။

စစ်ကြီး စတင်ဖြစ်ပွားချိန်၊ စောစောပိုင်းကာလတွင် လန်ဒန်ရှိ အမေရိကန်သံရုံးမှ မရိုးသားသော ကြေးနန်း စာရေးတစ်ဦးကြောင့် ဝန်ကြီးချုပ်ချာချီက အမေရိကန်သမ္မတ ရူးစဘဲ့လ်ထံ ပေးပို့သော ကြေးနန်းသတင်း မိတ္တူများမှာ လန်ဒန်ရှိ အီတလီသံရုံးသို့ ခိုးထုတ်ခံရ၍ ဂျာမန်တို့မှာ ပိုမိုဝင့်ကြွားနိုင်ဖွယ်ရာ ရှိ၏။

စစ်ကြီးပြီးလုခါဆဲဆဲတွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့က လန်ဒန်နှင့် ဝါရှင်တန်သို့ လျှို့ဝှက်ဆက်သွယ်သော ကြေးနန်းသတင်းများမှ စကားဝှက်များကို အဓိပ္ပါယ်ဖော်ထုတ်နိုင်ခဲ့၏။ ချာချီနှင့် ရူးစဘဲ့လ်တို့ ပြောကြသည်များတို့လည်း ကြားဖြတ်ဖမ်းယူဖော်ထုတ်နိုင်ခဲ့၏။ သည့်အတွက် အင်္ဂလန်မြေပေါ်မှ ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှာ မလုံခြုံတော့။

သို့ရာတွင် . . . ။

'အင်္ဂလန်မြေပေါ်မှာ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ မဆိုထားနဲ့ စစ်နဲ့ပတ်သက်တဲ့ အဖွဲ့အစည်း တစ်ခုခုမှ မရှိဘူး။ ဗြိတိသျှကျွန်းစုနဲ့ပတ်သက်လို့ နော်ဝေး၊ ဟော်လန်နဲ့ ပေါ်တူကီနိုင်ငံများမှာရှိတဲ့ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ကသာ ဆောင်ရွက်တာ'ဟု 'လဟိုစင်'က ကျွန်တော့်အား ပြောပြ၍ သိရသည်။

အိုင်ယာလန်ကျွန်းတွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ခြေကုတ်စခန်းတစ်ခု ရထားသည်။ သို့ရာတွင် ဂျာမန်ယူဘုတ်များအား ထိန်းသိမ်း၍ အကူအညီပေးရန်အတွက် ထားရှိခြင်းဖြစ်၏။

ဗြိတိသျှကျွန်းစု၏ တောင်၊ မြောက် အမေရိကန်တို့သို့ ထောက်လှမ်းရေးတာဝန်ယူရသော ဂျာမန်နိုင်ငံ ဟန်းဘတ်ရှိ ကနားရစ်၏ ထောက်လှမ်းရေးအဖွဲ့မှ နောက်ဆုံး အသက်ရှင်ကျန်ရစ်ခဲ့သည့် ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်သော ဒု-ဗိုလ်မှူးကြီး ဟားဗတ်ဝစ်ချ်မင်(ရေ)နှင့် ဗြိတိသျှတို့ ဆက်သွယ်ခဲ့သည်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးမေးမြန်းသည်။

သို့ရာတွင် ယခုတိုင် အဖမ်းမခံရသော သူလျှိုများ၏ လှုံ့ဆော်မှုကို အန္တရာယ်ပြု မှာစိုး၍ အရေးနိမ့်ခဲ့ရသည့် ဖြစ်ရပ်များကို ဒု-ဗိုလ်မှူးကြီး ဟားဗတ်ဝစ်ချ်မင်က ဆွေးနွေးရန် ဆန္ဒမရှိလေ။ သို့ရာတွင် စစ်ကြီးအတွင်းက ချာချီ၏ လှုပ်ရှားမှုအားလုံးကို မိမိ ကောင်းကောင်းသိထားသည်ဟူ၍ ဆို၏။ (ယင်းအကြောင်းကို ဝန်ကြီးချုပ်ချာချီအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားအားထုတ်ခဲ့သည့်ဖြစ်ရပ် အကြောင်းကျမှ အပြည့်အစုံ ဖော်ပြပါမည်။)

ဒု-ဗိုလ်မှူးကြီး ဝစ်ချ်မင်က အာဖရိကမြောက်ပိုင်းတွင် ဗြိတိသျှတို့က ကမ်းတက်မည်ကိုလည်းကောင်း၊ နော်မန်ဒီတွင် မဟာမိတ်တပ်များ တက်မည်ကိုလည်း ကောင်း၊ ၁၉၃၉-၄၁ ခုနှစ်က တူရကီနိုင်ငံ၊ အင်ကာရာမြို့ရှိ ဗြိတိသျှသံရုံး၌ အားကျွယ် ရာထူးကိုင်တွယ်ထားသော 'စီစရို'ကဲ့သို့သော သူလျှိုတစ်ဦး အသုံးချရန် ကြံစည်သည်ကို လည်းကောင်း ကြိုတင်သိရှိခဲ့သည်ဆို၏။

ဂျာမန်ထောက်လှမ်းရေးတွင် ကနားရစ်နှင့် ပြိုင်ဖော်ပြိုင်ဘက်များဖြစ်သည့် ဟေးဒရစ်ချ်၊ ဟင်းမလားနှင့် ရိုဗန်ထရော့စ်တို့အပြင် ၎င်းတို့၏ လက်အောက်ငယ်သား များ၊ ရှဲလင်ဘက် ကာလ် **ဗွန်းနားတို့က ကနားရစ်၏** အဖွဲ့အစည်းမှာ ထိထိရောက်ရောက် မဆောင်ရွက်နိုင်၍ မိမိတို့အဖွဲ့အစည်းများအား အင်အားဖြည့်ရမည်ဟုပင် ပြောစပြုလာ ကြ၏။

လန်ဒန်တွင်လည်း ဂျာမန်ထောက်လှမ်းရေးအဖွဲ့အား လုပ်ငန်းသဘောအရပဲ ဖြစ်ဖြစ်၊ နိုင်ငံရေးထောင့်မှပဲဖြစ်ဖြစ် လေ့လာသည့် အချို့သော ပါရဂူများက ကနားရစ်သည် စင်စစ် မိမိရာထူးနှင့် ထိုက်တန်သည်ဟုပင် မထင်ကြ။

ကနားရစ်သည် ၁၉၄၀-ခုနှစ်က ဗြိတိသျှကျွန်းစုတွင် ကြောက်ခမန်းလိလိ အင်အားချိနဲ့နေသည်ကို အစီရင်ခံရန် ပျက်ကွက်ခဲ့သည်။

သည့်အခါမှစ၍ ပြောစကားများက တောမီးအလား ပျံ့နှံ့သွားတော့သည်။

အချို့ကလည်း၊ အာဘောင်အာရင်းသန်သန်ဖြင့် ဆိုကြသည်။

'ကနားရစ် အနှောင့်အယှက်ဖြစ်စေမှာမှန်သမျှ ဘာမှ မလုပ်ကြနဲ့ဟေ့။ သူ့အခြေအနေက သိပ်ဆိုးရွားနေလေ တို့အတွက် အကျိုးရှိလေပဲ'တဲ့။

အင်္ဂလန်မှ အချို့သော ပုဂ္ဂိုလ်များက ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အကြီး အကဲ ကနားရစ်နှင့် ဆက်သွယ်လိုပင် စိုးရိမ်ပူပန်မိကြသည်။

➡ ◆ ⬅ ◆ ➡



( ၁၄ )

## ချီဘရော်လ်တာသို့ စစ်ဆင်ရေး

**'နီဗာ'ကမ်းခြေ**၏ မြင့်မားမတ်စောက်သော ကမ်းပါးယံ ဖြူဖြူဖွေးဖွေးများ အပေါ်တွင်ပဲဖြစ်ဖြစ်၊ 'အာလ်အလာမိန်း' *(El Alamein)* ရှိ သဲကန္တာရတွင်ပဲဖြစ်ဖြစ်၊ **'စတာလင်ဂရက်'**မြို့အနီး ဗော်လ်ဂါမြစ်ကမ်းကွင်းပဲဖြစ်ဖြစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွင် **အသင်ကာရ** အလှည့်အပြောင်း သုံးခုရှိခဲ့၏။ ယင်းဖြစ်ရပ်များတွင် ဟစ်တလာ၏ **ထိုးစစ်ဆင်ခြင်း**များမှာ နောက်လှည့်ခဲ့ရသည်ချည်း။

ဟစ်တလာသည် ပရနီအရပ်တွင် အဘယ်ကြောင့် ရှေ့မတိုးဘဲ ရပ်နေခဲ့သလဲ။ သမိုင်းဖြစ်ရပ်တစ်လျှောက်လုံးတွင် စပိန်နိုင်ငံက အဘယ်ကြောင့် ကြားနေခဲ့သလဲ။ အကယ်၍ ကျွန်ုပ်တော်တို့၏ မြေအရွယ်ကများ သို့ကလို အမေးရှိခဲ့လျှင် လွယ်လွယ် ကူကူ အဖြေပေးနိုင်အံ့မထင်။ ဒုတိယကမ္ဘာစစ်ကြီးတွင် သိနားလည်ရန် အခက်အခဲဆုံး ဖြစ်သည့် စတုတ္ထမြောက် အလှည့်အပြောင်းကိုမူ မေ့ပျောက်နေကြသည်။

စိန့်ယွန်ဒီလု *(St. Jean-de-Luz)* အရပ်တွင် ရေချိုးနေကြသော အင်္ဂလိပ် လူမျိုးများသည်လည်းကောင်း၊ ဘိုင်ယာရစ် *(Biar-ritz)* အရပ်မှ အမေရိကန်လူမျိုး များသည့်လည်းကောင်း၊ လှိုင်းလုံးကြီးများ တလိပ်လိပ်ထရာ အတ္တလန္တိတ်သမုဒ္ဒရာ ကို မျက်နှာမူလျက် အစဉ်သဖြင့် သံတံခါးပေါက်များကို ပိတ်ထားလေ့ရှိသည့် နန်း ဗကာင်စစ်ဝန်ရုံးရှိရာ 'ဟန်ဒါယေး' *(Hendaye)* အရပ်မှ ဆုန်းဖင်များအောက်တွင် မျှင်းတိပျင်းတွဲနှင့် ထိုင်နေကြသော ပြင်သစ်လူမျိုးများသည်လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၀–ခု၊ အောက်တိုဘာလ ၂၃ ရက်နေ့ သည်နေ့တွင် ပရနီတောင်ခြေရင်း၌ စပိန်နိုင်ငံ ဥသျှောင်နှင့်တွေ့ရန် ဂျာမနီနိုင်ငံခေါင်းဆောင်ကြီး ဟစ်တလာသည် အဆိုပါကမ်းခြေလမ်းမှ သွားခဲ့သည်ကို ယနေ့ ပြန်လည်သတိရတော့မည်ဟု မထင်။

မှေတေ့တေ့ ဖြစ်နေခဲ့သော 'ဟန်ဒါယေးညီလာခံ'အတွက် သမိုင်းတင်ရစ်ရန် ကျောက်တိုက်စိုက်ဖို့ မဆိုထားနှင့်၊ ဘယ်သူ တစ်ဦးတစ်ယောက်မျှ ခဲတစ်လုံးပင် သတ်သတ်မှတ်မှတ် မထားခဲ့။

ပန်းချီဆရာများ၊ ရုက္ခန်းရက်သူများသော သမိုင်းပညာရှင်များဖြစ်ခဲ့လျှင် ပုံပြင်တစ်ခု၏ ဖြစ်ရပ်ပေါင်းစုံ အထွေထွေ အပြားပြားကို ကင်းဘတ်ဖျင်ပေါ်တွင်လည်းကောင်း၊ ယင်းလိပ်အဖြစ် ရက်၍လည်းကောင်း သရုပ်ဖော်ကြပေလိမ့်မည်မှာ မလွဲ။

ယခုမူ ဟန်ဒါယေးနှင့်ပတ်သက်၍ ကျွန်တော် သရုပ်ဖော်ရက်မည့် ကားလိပ်အတွက် ဖြစ်ရပ်များက ဤသို့ . . . ။

အောင်နိုင်သူ ဂျာမန်ကြီးက ယူနီဖောင်းဝတ်စုံအပြည့်၊ ပစ်ကပ်ဦးထုပ်ကို ကြော့ကြော့မော့မော့ ဆောင်းလျက်၊ ဝဝဖိုင့်ဖိုင့် စပိန်ခေါင်းဆောင်ကြီးအား မြွေကြည့်ကြည့်လျက်ရှိ၏။

ခေါင်းဆောင်ကြီးနှစ်ဦးနှင့်အတူ မီးခိုးရောင်၊ ကြက်သွေးရောင် ဝတ်စုံများဖြင့် သူရဲကောင်းကြီးများလည်း ခြံရံလျက် . . . ။

တွေ့ဆုံကြသောနေရာ . . . ။

ပဲရစ်မြို့မှ ဘော်ဒိုးသွား ရထားလမ်း၏ ပရနီတောင်နှင့် အတ္တလန္တိတ်သမုဒ္ဒရာကြားတွင် ရပ်တန့်ထားသော ဟစ်တလာ၏ ကိုယ်ပိုင်မီးရထားတွဲပေါ်တွင် . . . ။

ရီဗန်ထရော့စ်သည် မိမိကိုယ်တိုင် ပုံပေးချုပ်စေသော ယူနီဖောင်းဝတ်စုံကို ဝတ်လျက် ခေါင်းဆောင်ကြီး ဟစ်တလာနှင့်အတူ ရှိနေသည်။ စစ်ဦးစီးချုပ် မာရှယ်ကေတဲလ်၊ ကြည်းတပ်စစ်သေနာပတိ မာရှယ်ဗွန်ဘရောချစ်တစ်ရှ်၊ ကာနယ်ဂျင်နယ်ဒိုးလ်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ဘိုဒင်ရှတ်၊ အရပ်မြင့်မြင့်နှင့် စပိန်နိုင်ငံဆိုင်ရာ ဂျာမန်သံအမတ်ကြီး ဒေါက်တာဗွန်စတိုရာ၊ စကားပြန် ဖမ်းစ်ချ်၊ ဘာလင်ရှိ စပိန်သံအမတ်ကြီး ဗိုလ်ချုပ်ကြီး အက်စ်ပီနိုစာဒီလော့မွန်တီးရိုးစ်၊ စပိန်ခေါင်းဆောင်ကြီး၏ ယောက်ဖ နိုင်ငံခြားရေးဝန်ကြီး ရာမွန်ဆာရန်နိုတို့ကလည်း မိမိတို့အရှင်သခင်အတွက် စကားပြန်များ၊ ကိုယ်ရေးအရာရှိများ၊ ရုံးအဖွဲ့သားများဖြင့် ဝန်းရံလျက်ရှိကြ၏။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ အသီးသီး စီးနင်းလိုက်ပါလာသော 'ဟန်ဒါယေး' စခန်းရှိ ဂျာမန်စစ်ဘင်ခရာအဖွဲ့က စစ်ချီတေးသံများကို တီးမှုတ်ကြ၏။

အပေးအယူလုပ်သည့် ကစားပွဲကို အမေရိကန် သတင်းစာများက လျောက်ပတ်စွာ နာမည်ပေးထားသည်။ 'ဟစ်တလာ၏ ညှိခန်းတွဲ'တွင် ပြုလုပ်သည်။





ဟစ်တလာက စပိန်နိုင်ငံ၏ ကြားနေခြင်းကို အဆုံးသတ် နိဂုံးချုပ်စေလိုသည်။ အာဖရိကရှိ စပိန်ပိုင်နယ်မြေများဖြစ်သော မော်ရိုကို (စပိန်ပိုင်) 'ဂိုင်အိုဒီဆိုဂို'အပြင် ကာနေရီကျွန်းစုမှ စပိန်ပိုင်နယ်မြေများကို ယခုထက်ပို၍ အသုံးချလိုသည်။

မီးရထားတွဲအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးကြသည့် အရေးမှာ ဂျီဘရော်လ်တာ ဖြစ်၏။

(စပိန်နိုင်ငံမှ မြေထဲပင်လယ်အတွင်း ငေါထွက်နေသော ကျောက်သားပကတိကျွန်းဆွယ်တွင် ဗြိတိသျှတို့က ရေတာစခန်း အခိုင်အမာ စွဲထား၏။)

အကယ်၍ ၁၉၄၁–ခုနှစ်တွင် ဂျီဘရော်လ်တာအား ဂျာမန် အမြောက်လက်နက်ကြီးများ၊ စတူကာ တိုက်လေယာဉ်များဖြင့် ပိတ်ဆို့နိုင်ခဲ့ပါက ဗိုလ်ချုပ်ကြီးရွှန်းမဲလ်သည် အဘယ်ရောက် တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်အံ့နည်း။

သည်အကြောင်းများကို ဆွေးနွေးသည်။

စပိန်နိုင်ငံအတွင်းသို့ ဂျာမန်တပ်များ ချီတက်ပြီး ဂျီဘရော်လ်တာအား တိုက်ခိုက်မည့် အစီအစဉ် ရှိနေသည်။

နျူရင်ဘာတ်စစ်ခုံရုံးတွင် အစစ်ခံစဉ် ဗိုလ်ချုပ်ကြီးဂျော်လ်က ယင်းအစီအစဉ်မှာ အရေးပေါ်က ဆောင်ရွက်ရန် ရည်ရွယ်ထားပြီး အသေးစိတ်ပြင်ဆင်မှုများ မရေးဆွဲခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။ နိုင်ငံရေးအခြေအနေက အခွင့်အလမ်းပေးပါမှ အသုံးချရန်ဖြစ်၏။

အောက်တိုဘာလ ၂၃–ရက်နေ့တွင် ထုတ်ပြန်သော သတင်းကြေငြာချက်၌ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ မည်သည့်နေရာ၌ တွေ့ဆုံခဲ့ကြသည်ကို မဖော်ပြခဲ့။ ဟန်ဒါယေး ညီလာခံနှင့်ပတ်သက်၍ အချက်အလက်များကလည်း ရှားပါးလှပါဘိ။

ယခုအခါ နိုင်ငံရေးမှ အနားယူပြီးဖြစ်သော ဆာရန်နိုရှူနာရေးသည့် *"Between The Pyrenees And Gibralter"* စာအုပ်တွင် ဟန်ဒါယေးနှင့် ပတ်သက်သည်ကို ထည့်သွင်းမဖော်ပြရန် စပိန်ခေါင်းဆောင်ကြီး ဖရန်ကိုက တားမြစ်ပိတ်ပင်ခဲ့၏။

၁၉၄၆–ခုနှစ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သော ဂျာမန်စာရွက်စာတမ်းများတွင်လည်း မီးရထားတွဲအတွင်း စပိန်ခေါင်းဆောင်ကြီးနှင့် ဟစ်တလာတို့ ဆွေးနွေးခန်းမှာ ပြည့်ပြည့်စုံစုံ မပါခဲ့၊ အပြန်အလှန် ပြောကြသည့်စကားများကို မှတ်တမ်းတင်ထားခြင်း မပြည့်စုံပါဟူသော မှတ်ချက်ပင် ပါရှိခဲ့၏။

သို့သော် ဟစ်တလာကိုယ်တိုင် ပရနီအထိ ခရီးထွက်ခဲ့ခြင်းကို ကျွန်ုပ်တို့ကောင်းကောင်း သိသိသည်။ ပရနီမှ ကျော်လွှန်၍ ခြေဆန့်ရန်ကိုပင် အားထုတ်ခဲ့ခြင်းကိုလည်း ကျွန်ုပ်တို့သိသည်။ သို့ရာတွင် ဟစ်တလာ ဘာကြောင့် မအောင်မြင်ခဲ့သနည်းဆိုခြင်းကို ကျွန်ုပ်တို့ စူးစမ်းရန်သာ ရှိ၏။

သည်အကြောင်းကို စကားပြန် ဖမ်းစ်ရှ်ပင် ထုတ်ဖော် ပြောမပြ



www.burmeseclassic.com

www.burmeseclassic.com



သည့်စည်းဝေးပွဲကို ဘယ်သူ စီစဉ်ခဲ့သနည်း။

နာဇီတို့ကို လိုလားသော ဆာရန်နီဆူနာ (ဖရန့်ကိုခေါ်ယောက်ဖ)အား အားစည်းဝေးပွဲမတိုင်မီ တစ်လအလိုက ပြည်ထဲရေးဝန်ကြီးအဖြစ် ဘာလင်သို့ စေလွှတ်ခဲ့၏။

ဘာလင်တွင်ရှိနေစဉ် ဟစ်တလာ၊ ရိဗန်ထရော့စ်တို့နှင့် စကားဦးသန်းပြောခဲ့သည်များကို မိမိရေးသားပြုစုသော စာအုပ်တွင် ဖော်ပြခဲ့၏။

ဂျာမန်ခေါင်းဆောင်များနှင့် ဆွေးနွေးရာတွင် ဆာရန်နီဆူနာက မတင်မကျသာ ပြောခဲ့၏။ အကယ်၍ တာဝန်ယူရလျှင် အမြောက်လက်နက်ကြီး လိုလိမ့်မည်ဟု ဖွင့်ပြောခဲ့၏။

သို့ရာတွင် ဂျာမန်တို့ထံမှ ဖမ်းဆီးရမိသော စာရွက်စာတမ်းများအရ ၁၉၄၀ ခုနှစ်၊ ဇွန်လတွင် စပိန်က အထူးလျှို့ဝှက်လျက် စပိန်နိုင်ငံသည် ကြားနေခြင်းမှ ရပ်ဆိုင်းမည်။ ဗြိတိသျှတို့က ပိတ်ဆို့ခြင်းကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ဂျာမနီနိုင်ငံမှ လက်နက်နှင့် ဂျုံရိက္ခာများပေးပို့နိုင်ခဲ့လျှင် ဝင်ရိုးစွန်းနိုင်ငံများ အဖွဲ့ဘက်မှ စစ်ထဲသို့ ဝင်မည်ဆိုခဲ့ခြင်းကို ဆာရန်နီဆူနာက ထပ်လောင်း အတည်ပြုခဲ့၏။

ဂျီဘရော်လ်တာအား တိုက်ခိုက်ရေးနှင့်ပတ်သက်၍ ဂျာမန် စစ်ပါရဂူများနှင့်လည်း ဆွေးနွေးခဲ့ကြောင်း ဆာရန်နီဆူနာက ဆက်ပြောပြန်သည်။ ဂျီဘရော်လ်တာကို ချေမှုန်းတိုက်ခိုက်ရန် စပိန်နိုင်ငံက ၁၅ လက်မအမြောက်ကြီး ၁၀ လက် လိုမည်ဟု ပြောပြခဲ့၏။

စင်စစ် စပိန်နိုင်ငံက စစ်ကြီးထဲသို့ဝင်ရေး ပြဿနာကို ယခုအဆင့်တွင် အသေးစိတ်ဆွေးနွေးရန် ပြည်ထဲရေးဝန်ကြီးအား အာဏာကုန်ပေးထားခြင်းမှာ တကယ်ကို အံ့ဩစရာ။

သို့ရာတွင်၊ နောက်ပိုင်း၌ သည်ပြဿနာအတွက် အဖြေပေါ်လာစရာ အကြောင်းရှိပါ၏။

စပိန်ပြည်ထဲရေးဝန်ကြီးနှင့် ဂျာမန် စစ်ပါရဂူများ မြေပုံများပေါ်ရှိရာ အခန်းတွင်း သို့ဝင်သွားသောအခါ ဟစ်တလာက စတူကာတိုက်လေယာဉ်များသည် မည်သည့်ခံတပ် အကာအကွယ်ကိုမဆို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း တွင်တွင်ပြောနေသည်ဆို၏။ သူတို့ တတွေ စကားပြောကြရာမှ နောင် ဘာတွေဖြစ်ပေါ်လာမည်ကို သိရသည်မှာ စိတ်ဝင်စားစရာပါ။

သို့ရာတွင် စပိန်အခြေစိုက် လေယာဉ်ကွင်းများတွင် ဂျာမန် လေတပ်အရာရှိများကို တာဝန်ချရန် ဟစ်တလာ စိုးရိမ်ပူပန်နေသည်။

အကယ်၍ စပိန်နိုင်ငံကို အမြောက်လက်နက်ကြီးများ ပေးခဲ့ပြီးလျှင်လည်း၊ မိမိက ကွပ်ကဲနိုင်စွမ်း ရှိတော့မည်မဟုတ်ကြောင်းကိုလည်း ဟစ်တလာ ရိပ်စားမိသည်။ စတူကာ တိုက်လေယာဉ်များဖြင့် ဂျီဘရော်လ်တာအား တိုက်ခိုက်သိမ်းပိုက်နိုင်စွမ်းမရှိ





စနိုင်တော့၊ ဂျီဘရော်လ်တာ ရေလက်ကြားတွင် သွားလာနေသော ဗြိတိသျှသင်္ဘောတန်းများကိုမူ တိုက်နိုင်သေးသည်။ ပြီး စတူကာလေယာဉ်သည် ဂျာမန်ပိုင်လက်နက်အဖြစ် ဂျာမန်တို့လက်ထဲတွင်သာ ရှိနေပေလိမ့်မည်။

ဆာရန်နီဆူနာကမူ၊ အမြောက်လက်နက်ကြီးများကိုသာ လိုချင်သည်။ လေယာဉ်ပျံများကို စိတ်မဝင်စားလှ . . . ။

နောက်ဆုံးတွင်မူ ဟစ်တလာက '၁၅ လက်မ အမြောက်ကြီးများကို ပေးကမ်းရန် မဖြစ်နိုင်ကြောင်း'ဖြင့် အပြတ်မပြောချင်ပါဘဲလျက် ပြောလိုက်ရတော့သည်။

သည်အဆို မှန်ဖွယ်ရာရှိ၏။

နောင် ၄ နှစ်မျှကြာသောအခါ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေတွင် ဂျာမန်တို့ဘက်မှ အမြောက်လက်နက်ကြီးများမရှိ၍ အမြောက်သွန်းလုပ်ရာတွင် မရှောင်လွှဲနိုင်သော အကျဉ်းအကြပ်များနှင့် တွေ့နေရသည်ဟူသော ထင်မှတ်ခဲ့ရကြောင်းဖြင့် ဂျာမန်တို့ထံမှရရှိသော စာရွက်စာတမ်းများတွင် ဖော်ပြပါရှိ၏။

ဖရန့်ကိုက၊ ဂျာမန်တို့၏ အားနည်းချက်ကို စမ်းမိခဲ့လေပြီ။

သည်အခါကျမှ ဆာရန်နီဆူနာက မိမိ၏ အလျှော့မပေးသောဖွဲ့ဖြင့်၊ ဂျာမန်တို့အား လှည့်စားနိုင်ခဲ့သည်ဟု ယုံကြည်မိ၏။

'ဟစ်တလာအား ခါးခါးသီးသီး ငြင်းဆိုခြင်းမျိုးကို ကျွန်တော်ရှောင်ရှားခဲ့၏။ သို့မဟုတ်လျှင် ဆန့်ကျင်ငြင်းဆိုခြင်းကိုပင် စပိန်နိုင်ငံက၊ မိမိ၏ ကြားနေဝါဒကို ချိုးဖောက်သည်ဟု ဟစ်တလာက ဆင်ခြေပေးကာ အကြောင်းကိုင်လိမ့်မည်'ဟု ဆာရန်နီဆူနာက မိမိစာအုပ်တွင် ရေးသားဖော်ပြခဲ့၏။

ဖရန့်ကိုအား အမျိုးမျိုးသြဇာပေးကြမည်မှာ ယုံမှားဖွယ် ရှိအံ့မထင်။ ဖရန့်ကိုအား မိမိသဘောထားမှပြောင်းရန် အမျိုးမျိုး အဖုံဖုံ ဖိအားပေးခဲ့ကြသည်မှာ အမှန်။ မကြာပါ၊ ဟစ်တလာကိုယ်တိုင် မိမိနှင့်တွေ့ရန် ဟန်ဒါယေးသို့ လာမည်ဆိုသည်ကို ကြားရပါတော့သည်။

ရော့တာဒန်နှင့် အီဘဲလ်အီမဲလ်တို့ ကြုံတွေ့ရသော ကံကြမ္မာမျိုးကို၊ ဖရန့်ကို တွေးတောမိပါ၏လား။ လွန်ခဲ့သော သုံးလခန့်က အိုရန်အရပ်တွင် ပြင်သစ်ရေတပ်ကြီး ဖျက်ဆီးခံလိုက်ရခြင်းကို ဖရန့်ကိုက အဘယ်မှာလျှင် မမှတ်မိဘဲ ရှိလိမ့်မည်နည်း။

ချာချီ၏ မယိမ်းမယိုင် တည်ကြည်မှုက တဖြည်းဖြည်း သြဇာတိက္ကမ လွှမ်းလာ၏။ အနှောင့်အယှက်ပေးသည်ပဲဖြစ်ဖြစ်၊ ဗြိတိသျှရေတပ်က နိုင်ငံခြား ကုန်တင်သင်္ဘောများကို မိမိတို့သင်္ဘောပါ ကုန်ပစ္စည်းများမှာ ရန်သူ့ရိက္ခာ မဟုတ်ကြောင်း ဖော်ပြသည့်စာရွက်စာတမ်းကို ဆောင်စေသည့်စနစ်ကို ကျင့်သုံး၏။ အမေရိကန်တို့ထံမှ ရိက္ခာအပြစ်ဂျုံနှင့် လောင်စာဆီတို့လည်း အထောက်အပံ့ ရရှိနေလေပြီ။

ဗြိတိသျှနိုင်ငံ တစ်နိုင်ငံတည်းက ဂျာမန်ဗုံးကြဲလေယာဉ်များ၊ ယူဘုတ်များဖြင့်

www.burmeseclassic.com



အပိုင်းခံနေရပြန်၊ 'ပင်လယ်ဖျံကြီးစစ်ဆင်ရေး' ကိုလည်း ယခုတိုင် မဖျက်သိမ်းသေးပြန်၊ ယင်းသို့သောအချိန်တွင် ဂျိဘရော်လ်တာအား တိုက်ခိုက်ရန် အစီအစဉ်ကို ရွှေ့ဆိုင်းရန် လွယ်ကူလိမ့်မည်မဟုတ် . . . ။

စိတ်ကူးယဉ်သမားမဟုတ် လက်တွေ့သမားဖြစ်သည့် ဖရန်ကို ကဲ့သို့သော နိုင်ငံ့ဥသျှောင်တစ်ဦးက၊ မိမိနိုင်ငံအတွက် အလိုအပ်ဆုံးကိုသာ မိမိရရ ကိုင်တွယ်ထား လိမ့်မည်သာ။ ပြည်တွင်းစစ်ကြောင့် အားအင်ကုန်ခမ်း နွမ်းလျနေသော စပိန်နိုင်ငံအဖို့ ကြားနေခြင်းသည်သာလျှင် အသင့်တော်ဆုံးဖြစ်သည်ဟု ဖရန်ကိုက ဆုံးဖြတ်ခဲ့၏။

တဖန်၊ ဂျာမန်တို့၏ ရည်ရွယ်ချက်နှင့် ဟန့်ဒါယေးသွားရာ ပင်လယ်ကမ်းစပ် လမ်းတွင် ဂျာမန်တပ်များ စုပြုံထားခြင်း၏ အဓိပ္ပါယ်ကိုပါသိရှိရန် ဖရန်ကို ကြိုးစား ရပေလိမ့်ဦးမည်။

သည်တွင် မိတ်ဟောင်းဆွေဟောင်းကြီးက၊ ဖရန်ကိုအား အကူအညီပေးလာ သည်။ သူကား ဗိုလ်ချုပ်ကြီး ကနားရစ်။

စက်တင်ဘာလတွင် ဘာလင်၌ ဟစ်တလာနှင့် တွေ့ဆုံပြောရာတွင်၊ ဆာရန် နိုဆူနာက စပိန်ပြဿနာများအပေါ် ကနားရစ်က ရှုပ်ရှုပ်ထွေးထွေး သတင်းဖြန့်ခဲ့ ကြောင်းဖြင့် ထောက်ပြခဲ့၏။

ဆာရန်နိုဆူနာ၏ အမြော်အမြင်ကြီးသော ရည်ရွယ်ရင်းကို ဖြေရှင်းပေး ထုတ်ရန် နှစ်ပေါင်းများစွာ ကုန်လွန်စေခဲ့၏။

ဘာလင်မှ ဆာရန်နိုဆူနာထွက်ခွာကာ ရောမမြို့သို့ သုတ်ခြေတင်သွားသည်။ စပိန်နိုင်ငံအား စစ်ထဲသို့ဆွဲသွင်းရန် ဟစ်တလာက ဆုံးဖြတ်ထားခြင်းကို မင်းသားကြီး ကိုင်နိုက မည်သို့ထင်မြင်သည်ကို စူးစမ်းရန်ဖြစ်၏။

ဆာရန်နိုဆူနာတစ်ယောက် ရောမမြို့သို့အသွား လမ်းခုလပ်တွင်ပင် ရှိနေသော ချိန်၌ ကနားရစ်က ဘာတွေဖြစ်နေသည်ကို တွေ့ရှိသွားတော့သည်။ ဟစ်တလာက ဖြီးဖြန်းပြီး စပိန်နိုင်ငံတွင်းသို့ ဝင်သိမ်းမည်ကို ကနားရစ်က ပူပန်နေမိ၏။

ဟစ်တလာသည် ဟိတ်တစ်လုံး ဟန်တစ်လုံးဖြင့် ဖြီးဖြန်းခြင်းမှလွဲ၍ ဘာမျှ လုပ်နိုင်မည်မဟုတ်။ ဖရန်ကိုသည် ဟစ်တလာအား ကြံ့ကြံ့ခံခုခံမည်ဖြစ်ကြောင်းမြို ကနားရစ်က စပိန်ထောက်လှမ်းရေးအဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ကြီး ဗီဂွန် (*Vigon*)အ သတိပေးလိမ့်မည်ဟု ထင်မှတ်ရသည်။

သည်စဉ်က စပိန်နိုင်ငံတွင်းသို့ ပေးပို့သော ကြေးနန်းသတင်းများတွင် ဂျာမန် စစ်ရေးအရ မဟာမိတ်ဖွဲ့ရေး၊ ဂျိဘရော်လ်တာအား တိုက်ခိုက်ရေး စသည့် ပြင်ဆင်မှုမျ နှင့် ပြည့်နှက်နေ၍ ယင်းကြေးနန်းသတင်းများနှင့် ကွဲပြားသော နိုင်ငံရေးသတင်းကို ဗိုလ်ချုပ်ကြီးဗီဂွန် နားလည်ဟန်မရှိဟု ဗိုလ်ချုပ်ကြီးလပ်ဟိုစင်က ကျွန်တော့်အား ပြော သည်။





အကယ်၍ ကနားရစ်က သုတ်သီးသုတ်ပျာနှင့် မိမိအမြင်ကို စကားဝှက်နှင့် ပို့ခဲ့လျှင်၊ ဗိုလ်ချုပ်ကြီးဗီဂွန်က သဘောပေါက်ကောင်းမှ ပေါက်ပေလိမ့်မည်။

သို့သော် ကနားရစ်က မိမိအမြင်ကို ယင်းပုံစံမျိုးနှင့် ပို့အံ့မထင်။ တစ်ခြား နည်းလမ်း အများအပြားလည်း ရှိသေးသည်။

ဆာရန်နိုဆူနာက ရောမမြို့တွင်နေစဉ်မှာပဲ၊ ရောမရောက်နေသော မှုးလာက ပြောပြခဲ့၏။

'ဒီစစ်ပွဲမှာ စပိန်နိုင်ငံက ဘာပဲဖြစ်ဖြစ် ရှောင်နေရန်၊ ခင်ဗျားက ဖရန်ကိုကို ပြောပြဖို့ ဗိုလ်ချုပ်ကြီးကနားရစ်က ဆန္ဒရှိပါတယ်။ ကျုပ်တို့အခြေအနေဟာ တောင့်တင်း နေတယ်လို့ ခင်ဗျားတို့ထင်နေကြမယ်။ တကယ်တော့ ကျုပ်တို့အခြေအနေက ကြောက် ခမန်းလိလိပဲ။ စစ်ပွဲနိုင်ဖို့ မျှော်လင့်ချက် နည်းနည်းပဲရှိတယ်။ စပိန်ကိုဝင်သိမ်းဖို့ ဟစ်တလာက ဘယ်တော့မှ အင်အားအသုံးချလိမ့်မည် မဟုတ်ဘူးဆိုတာ ဖရန်ကို စိတ်ခုံးခုံးချနေပါ'

သည်သတင်းစကားမှာ ရှေ့သွားနောက်လိုက်မညီဟု ဆာရန်နိုဆူနာက ထင်၏။ စင်စစ်၊ သမိုင်းဖြစ်ရပ်အပေါ် သူ့အမြင်က တစ်မျိုးဖြစ်၏။

မည်သို့ဆိုစေ၊ ဆာရန်နိုဆူနာက မှုးလာပေးသောသတင်းကို ဖရန်ကိုအား ကမ်းလိမ့်မည်ကို သံသယဖြစ်ဖွယ် ရှိအံ့မထင် . . . ။

ကနားရစ်က၊ မိမိတောင်းဆိုသည့်အတိုင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်ပေး မပေး သိနိုင်သော အခြားနည်းလမ်းများလည်း ရှိသေးသည်။

'ဂျိဘရော်လ်တာအား အမြန်တကာ့အမြန်ဆုံး သိမ်းပိုက်ရေးနှင့် ရေလက်ကြား အား ကာကွယ်စောင့်ရှောက်ဖို့ဟာ အဓိကအကြောင်းပဲ'

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဘာလင်မြို့၌ ဟစ်တလာက၊ ဆာရန်နို ဆူနာအား အာဘောင်အာရင်းသန်သန်နှင့် ပြောသည်။

သည်စဉ်က၊ စိတ်ဖဝေဖဝါဖြစ်နေသော ဆာရန်နိုဆူနာသည် ကနားရစ်ထံမှ သဘောထားကို တောင်းခံခဲ့သည်သာ . . . ။

'အမြန်တကာ့ အမြန်ဆုံး' . . . တဲ့။

ဗိုလ်ချုပ်ကြီးကနားရစ်က ဟစ်တလာကဲ့သို့ အောင်ပွဲခံလိမ့်မည်ကို မျှော်လင့် ချက်မထား . . . ။

ဂျိဘရော်လ်တာအား တိုက်ခိုက်သိမ်းပိုက်ရေးအတွက်၊ ဒီ၅ လက်မ အမြောက် ကြီး ၁၀ လက် တောင်းခံစေဖို့ စပိန်ခေါင်းဆောင်ကြီး ဖရန်ကိုအား မည်သူအကြံပေး ခဲ့သနည်း။

ယခုမူ၊ ဟစ်တလာက မပေးနိုင်ဟု အပြတ်ပြောခဲ့ခြင်းကို ခါးခါးသီးသီး ခံခဲ့ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဂျီဘရော်လ်တာအား တိုက်ခိုက်သိမ်းပိုက်ရန်အတွက် စစ်ဆေးကြည့်ရှုသော ဂျာမန် စစ်ကော်မရှင်အဖွဲ့တွင် ဗိုလ်ချုပ်ကြီးကနားရစ်နှင့် ဗိုလ်ချုပ်ကြီးဖွန်ရစ်ချ်တို့၊ ဖရန်ကိုတို့သာလျှင် အဓိကပုဂ္ဂိုလ်များဖြစ်၏။ အမြောက်လက်နက်ကြီးများ မရနိုင်သည်ကို သူတို့တွေ သိသင့်သည်။

'စပိန်တို့နှင့်ဆောင်ရွက်ဖို့ ရှိသမျှအားလုံးဟာ ရှုပ်ထွေးပွေလီနေတာကို ဘာလင်မြို့မှာ ရှိနေတုန်းက ကျွန်တော် တွေ့မြင်ခဲ့ရတယ်'

ဆာရန်နီဆူနာက မိမိဘဝမှတ်တမ်းစာအုပ်တွင် သို့ကလို့ ရေးသားဖော်ပြခဲ့၏။

'အခုလို ရှုပ်ထွေးနေစေရတဲ့ အကြောင်းတွေထဲက အကြောင်းတစ်ခုတော့ ကနားရစ်ရဲ့ တစ်ကိုယ်တော်လှုပ်ရှားတဲ့ အခန်းကဏ္ဍကြောင့်ပဲ၊ ကနားရစ်ဟာ စပိန်နိုင်ငံခြားရေးဌာနကတစ်ဆင့် အပြင်စပိန်တို့နဲ့ တခြား အဆက်အသွယ်တွေရှိနေတဲ့ ပုဂ္ဂိုလ်ပဲ'

ဂျီဘရော်လ်တာခံတပ်မှာ လွယ်လွယ်ကူကူ တိုက်၍ မရနိုင်ကြောင်းဖြင့်၊ စပိန်ရှိ ဂျာမန်ပါရဂူများက အစီရင်ခံစဥ်က မိမိတို့၏ အမြင်ကို သိသာထင်ရှားအောင် မဖော်ပြခဲ့ဟု ဆာရန်နီဆူနာက ဟစ်တလာကိုပြောပြခဲ့၏။ သည်စဥ်က ဟစ်တလာတွင် သံသယ စိုးစဥ်းမျှမရှိသည်မှာ ထူးဆန်းပါဘိ။

'ဂျီဘရော်လ်တာ သိမ်းပိုက်ရေးနဲ့ စပိန်နိုင်ငံကိုသွားကာ ကွင်းဆင်းလေ့လာစုံစမ်းခဲ့တဲ့ ဂျာမန်စစ်ကော်မရှင်အဖွဲ့ရဲ့ အမြင်ပေါ် မူတည်လို့ပဲဖြစ်ဖြစ်၊ ယခင်အခါများက ရရှိခဲ့တဲ့ အချက်အလက်များ သို့မဟုတ်၊ ကနားရစ်ပေးပို့ခဲ့တဲ့ အစီရင်ခံစာပါ အကြောင်းအရာများပေါ် မူတည်လို့ပဲဖြစ်ဖြစ် သူတို့တတွေက သဘောရှိတယ်'ဟု ဟစ်တလာက တွင်တွင်ပြောလျက်ရှိ၏။

ဆာရန်နီဆူနာက ဟစ်တလာ ပြောပြသည်များအား စာဖြင့်ရေး၍ ဖရန်ကိုသို့ ပေးပို့ပါရန် မေတ္တာရပ်ခံသည်။ ဆာရန်နီဆူနာ၏ မေတ္တာရပ်ခံခြင်းက ဖရန်ကိုသည် တစ်မျိုးနားလည်ထားသည်ဟု ဆိုလိုဟန်တူ၏။

သို့ကြောင့်လည်း ဟစ်တလာက ဖရန်ကိုနှင့်ပတ်သက်၍ လေသံပျော့လာခြင်းဖြစ်ပေမည်။ နောင်အနာဂတ်တွင် နားလည်သဘောပေါက်စေရန်အတွက် မိမိကိုယ်တိုင် ဖရန်ကိုနှင့် တွေ့ရန်သွားခဲ့၏။

ဆာရန်နီဆူနာ မေတ္တာရပ်ခံချက်အတိုင်း ဂျီဘရော်လ်တာကို လွယ်လင့်တကူ တိုက်ယူရနိုင်ကြောင်းနှင့်ပတ်သက်၍ မိမိ အမြင်အယူအဆများကို စာရေး၍ ဖော်ပြရန် ဟစ်တလာက လိုက်လျောလိုက်၏။

စပိန်နိုင်ငံကို စစ်ပြန့်လာခဲ့လျှင် ယှက်နွယ်လာမည့် အခြားပြဿနာများအပြင် ဟန်ဒါယေးတွင် ဆက်လက် တွေ့ဆုံဆွေးနွေးကြရန် အကြံပေးချက်ကိုပါ စာတွင်





တစ်ပါတည်း ရေးသားဖော်ပြလိုက်၏။

'ချစ်လှစွာသော ခေါင်းဆောင်ကြီးခင်ဗျား'

ခေါင်းဆောင်ကြီးထံမှ ခေါင်းဆောင်ကြီးရဲ့ သဘောထားအပြင်၊ ဂျာမန်အစိုးရရဲ့သဘောပါ ဖော်ပြခဲ့တဲ့စာကို ကောင်းမွန်စွာ ရရှိခဲ့ပြန်ပါတယ်။ စာပါ အကြောင်းအရာတွေထဲမှာ အသေးစိတ် မပါရှိပေမယ့် ကျွန်တော်နှင့်တကွ ကျွန်တော့် အစိုးရအမြင်နဲ့ ဟပ်မိပါတယ် ခင်ဗျား . . .။

ဟု ဖရန်ကိုက စက်တင်ဘာလ ၂၂ ရက်နေ့တွင် ကျေးဇူးတင်စကားပြောလျက် ပြန်စာရေးခဲ့၏။

ဟစ်တလာရေးသောစာတွင် စပိန်အရေးနှင့် ပတ်သက်၍ အလေးပေး ဖော်ပြပါရှိ၏။ ဟစ်တလာက ပြောင်ပြောင်တင်းတင်း ဖွင့်မပြောသော်လည်း အင်္ဂလန်အား တိုက်ရိုက်တိုက်ခိုက်ခြင်းဖြင့် အနိုင်ရရန် ခဲယဥ်းမည်ကို တွေ့ရှိရသည်။ စပိန်နိုင်ငံက အဓိက အောင်ပွဲမဟုတ်တောင်မှ သာမညအဆင့်အောင်ပွဲ ပေးနိုင်စွမ်းတော့ရှိ၏။

သို့ကြောင့်ထင်သည်၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် ဟန်ဒါယေးအရပ်၌ ဖရန်ကိုနှင့် တွေ့ဆုံသောအခါ ဟစ်တလာက ဂျီဘရော်လ်တာအား တိုက်ခိုက်ရန်အတွက် စပိန်နိုင်ငံက မိမိနယ်မြေအတွင်း ဂျာမန်တပ်များ ဖြတ်သန်းခွင့်ပေးရန် မဆိုင်းမတွ တောင်းဆိုသည်။

နိုဝင်ဘာလတွင် ဆာရန်နီဆူနာက ဘာလင်သို့ရောက်သောအခါ ဟစ်တလာက ဂျီဘရော်လ်တာအား တိုက်ခိုက်မည့်နေ့ရက်ကို အကြမ်းဖျင်းအားဖြင့် ဇန်နဝါရီလ ၁၀ ရက်နေ့ကို သတ်မှတ်ထားကြောင်းဖြင့် ဆိုသည်။

သည့်ဒေသအရေးတွင် ကနားရစ်သည် ကျွမ်းကျင်သူတစ်ဦးဖြစ်၏။ ဟစ်တလာက ဟန်ဒါယေးသို့ လာရာတွင် ကနားရစ်လည်း နောက်ထော်ပါးမှ ပါလိမ့်မည်ဟု မျှော်လင့်ရသည်။ ဟစ်တလာက ဖရန်ကိုအား လက်တွဲကြရအောင် ဖြားယောင်းသွေးဆောင်ရာတွင် ကနားရစ်ကလည်း အကူအညီပြုမည့်သူဖြစ်၏။

ခေါင်းဖြူဖြူ စူးရှသောမျက်လုံးပြာအစုံနှင့် တည်ငြိမ်သော ပုတုတု ကနားရစ်က သည်အရေးတွင် ဝင့်ဝင့်ထယ်ထယ်ရှိနေကြသော ပုဂ္ဂိုလ်များနှင့် တသီးတခြားဖြစ်နေသည်။

'ရိဗန်ထရော့စ်က ကနားရစ်ရဲ့ ဩဇာတိက္ကမ ရှိတာကို မယုံကြည်ကြဘူး။ ဒီနေရာမှာ ကနားရစ် ပါလာမှာကိုလည်း မလိုလားဘူး။ စပိန်ပြဿနာမှာ ကနားရစ် အမြင်က သူတို့နဲ့မတူဘူးဆိုတာ သူတို့တတွေက သိနေကြတယ်လေ'

ဗိုလ်ချုပ်ကြီးလဟိုစင်က ပြောပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာ၏ ညှို့ဓာတ်မှာ စင်စစ် ရှုမှုန်းစရာအတိ၊ ပစ်ကပ်ဦးထုပ်အောက်မှ ပြူးထွက်သော သူ့မျက်လုံးအစုံမှာ ဖရန်ကိုအား လက်ဆွဲနှုတ်ဆက်ချိန်၌ တစ်ဖက်လူ မိန်းမောငိုက်မြည်းသွားစေရန် အားထုတ်နေသော လက္ခဏာများ အထင်းသားပေါ်လွင်နေ၏။ ဟစ်တလာက ဖရန်ကိုအား 'နှိမ်'ရန်သာ ကြိုးစားလျက်ရှိ၏။ ပြီး ၉ နာရီမျှ အချိန်ကြာသည့်အထိ တစ်ဖက်သူအား မိမိသားကောင်သဖွယ် သဘောထားကာ တွေဝေ မှေမှောစေမည့် စကားကြီးစကားကျယ်များသုံးကာ ပြောတော့သည်။ စပါးကြီးမြွေက မိမိသားကောင်အား သတ်ရန် ညှို့နေသည့်နှယ် ဖြစ်၏။

သို့ရာတွင် ဖရန်ကိုကလည်း ထူးထူးခြားခြား တင်းတင်းမာမာပင် ပြန်လည်ခုခံနေသည်ကို တအံ့တသြ တွေ့နေရသည်။ ဖရန်ကိုက အစားအသောက် စားပြီးသည့်အခါများတွင် ထုံးစံအတိုင်း မပျက်မကွက် တရေးတမော မှေးမှိန်းကာ အနားယူနေမြဲပင်။

သည်အဖြစ်ကိုပင် ဟစ်တလာက ကျွဲမြီးတိုချင်သည်။ မိမိအား တစ်နာရီလုံးလုံး စောင့်ဆိုင်းထားရစေသလားဟု အပြစ် ပြောလာသည်။

သို့ရာတွင် ဖရန်ကိုကလည်း နေ့လည်နေ့ခင်းတွင် တရေးတမော မှေးမှိန်းရခြင်းမှာ မိမိအတွက် မလုပ်မဖြစ်ဟု ဆင်ခြေပေးသည်။

ဟစ်တလာက ဖရန်ကိုနှင့် စကားပြောရာတွင် လန်ဒန်ကို ဂျာမန်တို့ ဗုံးကြဲတိုက်ခိုက်နေကြပုံများ၊ အတ္တလန္တိတ်သမုဒ္ဒရာတွင် ဂျာမန်ယူဘုတ်များ စစ်ဆင်မှုများ၊ မိမိတစ်မပေါင်း ၂၃၀ ဖြင့် ပုံအောတိုက်ပုံများကို ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် ကြွားလုံးထုတ် ပြောနေတော့သည်။

သို့ရာတွင် ဖရန်ကိုကမူ မတုန်မလှုပ်၊ တည်တည်နှင့်ပင် ပြေပြေပြစ်ပြစ်ပြောကာ တုန့်ပြန်လျက်ရှိ၏။ ရံဖန်ရံခါ ဟစ်တလာပြောနေသည်ကိုပင် ဂရုမပြုသည့် လက္ခဏာများပင် သိသိသာသာ ပြလာသည်။

ဘီဒါဆိုအားကိုဖြတ်ရန် ပရနီတောင်ပေါ်တက်ရန် မိမိရထားတွဲပေါ်တက်နေသောအခါ ဖရန်ကိုသည် ဟစ်တလာက အကြပ်ကိုင်ပြောနေခြင်းကိုပင် တွင်တွင်ငြင်းလျက် နေခဲ့၏။

'ခင်ဗျားဆီကအဖြေကို အခုရမှ ဖြစ်မယ်'

'ကျုပ် စဉ်းစားပါဦးမယ်။ ခင်ဗျားဆီ စာရေးပါဦးမယ်' တဲ့။

မှန်ပါသည်။ ဝန်ကြီးများအချင်းချင်း၊ သံအမတ်ကြီးများအချင်းချင်း၊ ဗိုလ်ချုပ်ကြီးများအချင်းချင်း အပြန်အလှန် စာရေးခဲ့သည်များရှိ၏။

ဟစ်တလာက မိမိ ဂျီဘရော်လ်တာအား စစ်ဆင်ရေး အကြမ်းဖျင်း သတ်မှတ်ထားခဲ့သောနေ့ရက် ကျော်လွန်မှ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ဖရန်ကိုထံ စာရေးဆက်သွယ်ခဲ့သည်။ ဖရန်ကိုက ဖေဖော်ဝါရီလ ၂၆ ရက်နေ့ကြမှ စာပြန်သည်။

'ဖေဖော်ဝါရီလ ၆ ရက်နေ့ နေ့စွဲနဲ့ ရေးလိုက်တဲ့ ခင်ဗျားထံမှစာကို ရရှိတော့





ကျွန်တော် ချက်ချင်း စာပြန်ချင်စိတ် ပေါ်လာပါတယ်'

ဖရန်ကိုက ပြန်စာတွင် သို့ကလိုပင် ရေး၍ အစချီခဲ့သည်။

ဟစ်တလာ၏ မိမိထက်နိမ့်သော သူများအပေါ် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံကာ အနိုင်ယူတတ်သောနည်းသည် ဟန်ဒါယေးညီလာခံတွင် ပထမဆုံးအကြိမ် အရေးနိမ့်ခဲ့လေပြီ။

ဘာ့ကြောင့်နည်း။ စင်စစ် ဖရန်ကို ခေါင်းမာနိုင်ခြင်းမှာ ဟန်ဒါယေးသို့ မသွားမီကပင် အကြောင်းစုံကို သိနှင့်ပြီးဖြစ်သည် မဟုတ်ပါလား။

စက်တင်ဘာလအတွင်းက ဖရန်ကိုထံရေးသော ဟစ်တလာ၏ စာပါ အကြောင်းအရာများနှင့် ပတ်သက်၍ ဟစ်တလာနှင့် ၎င်း၏ စစ်ဦးစီးဗိုလ်ချုပ်ကြီးများ၏ အမြင်သဘောထားနှင့် ပတ်သက်သော အရေးပါသည့် သတင်းများကို ဖရန်ကိုက ကွက်ကွက်ကွင်းကွင်း သိရှိထားပြီးလေပြီ။

စပိန်နိုင်ငံက စစ်ကြီးထဲဝင်လာခဲ့လျှင် ဟစ်တလာနှင့် ၎င်း၏အပေါင်းပါ ဗိုလ်ချုပ်ကြီးများက ဝမ်းပမ်းတသာ ကြိုဆိုကြမည်ဖြစ်ကြောင်း၊ သို့ရာတွင် မိမိတို့ နောက်ကျော၌ မအောင်နိုင်သေးသော ရုရှားက ရှိနေပြန်၍ စပိန်က ဂျာမန်၏ တောင်းဆိုချက်များကို လက်မခံ ငြင်းဆိုလျှင်လည်း လက်နက်အားကိုးဖြင့် အကြပ်ကိုင်ရန် အကြောင်းမရှိဟု သဘောတူကြကြောင်းကို ကနားရစ်က ဖရန်ကိုအား သဲလွန်စပေး၏။

'ပရနီမှ' ဂျီဘရော်လ်တာသွားရာ မီးရထား၊ ကားလမ်းတစ်လျှောက်တွင် ပြောက်ကျားစစ်ဆင်ရန် ယောင်၍ မတွေးဝံ့။ စင်စစ် သို့ဖြစ်ရသည်မှာလည်း အံ့ဩစရာမရှိ။ တစ်ချိန်ချိန် တစ်ခါခါတွင် အဆိုပါ ရထားလမ်း၊ ကားလမ်းများကိုပင် အကျိုးရှိရှိ အသုံးချရမည်မို့ ပကတိအတိုင်း ရှိနေစေချင်သည်။

တစ်ချိန်ချိန်၌ ပေါ်တူဂီနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ရာတွင်ပဲဖြစ်ဖြစ်၊ အင်္ဂလန်နိုင်ငံကို စပိန်ကျွန်းဆွယ်ဒေသမှ လက်ရှောင်စေရန်ပဲဖြစ်ဖြစ်၊ ရှည်လျားသော ကမ်းခြေတစ်လျှောက်ကို ကာကွယ်ရန်အတွက်ပဲဖြစ်ဖြစ် အဆိုပါ ရထားလမ်း၊ ကားလမ်းသည် အထူးလိုအပ်မည်သာ။

စပိန်နိုင်ငံအတွင်းသို့ ဂျာမန်တပ်များ သယ်ပို့ရန်အတွက် ကမ်းခြေတစ်လျှောက်တွင် သည်ရထားလမ်းနှင့် သည်ကားလမ်းသာ ရှိ၏။

လွန်ခဲ့သော ဩဂုတ်လတွင် ဂျာမန်သံအမတ်ကြီးက သံကြိုးစာဖြင့် အစီရင်ခံခဲ့သေးသည်။

'ဘေယွန်းနှင့် စန်စီတတ်ရှင်းကြား ကျယ်ပြန့်သော သဲသောင်ပြင်မှ ရှိတက်လျှင် ရန်သူဘက်မှ အလွယ်တကူ မြင်တွေ့နိုင်ခဲ့ပြီး ပင်လယ်ဘက်မှပစ်မည့် အန္တရာယ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖန် ပရနီကိုဖြတ်သန်း၍ စိန့်ယွန်ပိုက်ဒီပိုကို ကျော်ဖြတ်သွားသော နောက်တစ်လမ်းလည်း ရှိ၏။ ဂျာမန် ဗိုလ်ချုပ်ကြီးတစ်ဦးက ယင်းလမ်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့၏။ အဆိုပါ လမ်းသည်လည်း မသင့်တော်ကြောင်း တွေ့ရပြန်သည်။

ဟန်ဒါယေးတွင် ပထမဦးဆုံးအကြိမ် မိမိအကြံများ ဖျက်ဆီးခံခဲ့သည်ကို ဟစ်တလာက မူဆိုလိုနီအား ဖလော်ရင့်မြို့တွင် ဖွင့်ပြောသည်။

'နောက်တစ်ခါသွားဖို့ထက် သွားလေးချောင်းလောက် အချိုးခံလိုက်ချင်သေးတယ်'

ဟစ်တလာက ကနားရစ်ကို လွှတ်ပြန်သည်။ စပိန်နိုင်ငံကို စစ်ထဲဝင်ရေးနှင့် ဂျီဘရော်လ်တာအား တိုက်ခိုက်ရန် ဂျာမန်တပ်များအား စပိန်နယ်မြေကို ဖြတ်ခွင့်ပြုရေးအတွက် ကနားရစ်က မဒရစ်မြို့တွင် ဖရန်ကိုနှင့် တွေ့ဆုံပြီး ပြောရန်ဖြစ်၏။

အကြွပ်ကိုင် အနိုင်ကျင့်ခြင်းပဲဖြစ်ဖြစ်၊ ညှို့ဓာတ်နှင့် ဆွဲဆောင်ခြင်းပဲဖြစ်ဖြစ်၊ အရေးနိမ့်ခဲ့လျှင် မိတ်ရင်းဆွေရင်းသဘောဖြင့် အချိုသပ်သွေးဆောင်ခြင်းကပင် အောင်မြင်မှု ရကောင်း ရပေလိမ့်မည်။

ကနားရစ်က ဖရန်ကိုအား တစ်ဦးတည်း သွားတွေ့သည်။ ထိုသို့တွေ့စဉ်က ဖရန်ကိုနှင့်အတူ စပိန်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးမိုင်ဂွန် တစ်ဦးသာ ရှိနေ၏။ ဘာသာပြန်ဆိုသူ တစ်ဦးသာ ... ခေါ်ရန်နီးဆူနာလည်း မရှိခဲ့ . . . ။

'စပိန်နိုင်ငံက စစ်ထဲဝင်ပါရန် ကနားရစ်က ဖရန်ကိုအား အကြိမ်ကြိမ်တိုက်တွန်းခဲ့သည်။ သို့ရာတွင် ဂျာမန်တို့အခြေအနေ ဆိုးရွားသထက် ဆိုးရွားလာနေချိန်တွင် ဖရန်ကိုက အလျှော့ပေးရန် ခက်ခဲလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်၏။'

ကနားရစ် အတ္ထုပ္ပတ္တိကို ပြုစုသော ဒေါက်တာအက်ဘ်ရှာဂျင်က သို့ကလို ဖော်ပြခဲ့၏။

ဂျာမနီနိုင်ငံ၏ အခြေအနေ ဆိုးရွားသထက် ဆိုးရွားနေကြောင်းကို ဘယ်သူသတင်းပေးသနည်း။

ကနားရစ်မှလွဲ၍ မည်သူ သတင်းပေးမည်နည်း။

ကနားရစ်သည် စပိန်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးမိုင်ဂွန်နှင့် ကြိတ်ကြံခဲ့သည် မဟုတ်ပါလား။

'အကယ်၍ ဂျာမနီက စပိန်နိုင်ငံအား တိုက်ခိုက်လျှင် မိမိအရာရှိထဲမှ တစ်ဦးဦးက ဆန့်ကျင်လိမ့်မည်ဟု သည်စဉ်က ဟစ်တလာ တွေးတောမိဟန်မရှိ ... ။

ဒေါက်တာ အက်ဘ်ရှာဂျင်က သို့ကလို ဝေဖန်ခဲ့၏။

ကနားရစ်က စကားပြောရာတွင် အလွန်လိမ္မာပါးနပ်သည်။ အချင်းချင်း တွေ့ဆုံကြသောအခါများတွင် ရယ်ရွှမ်းပတ်ရွှမ်း ပြောရုံမျှဖြင့် မိမိသဘောထား မည်သို့ရှိသည်ကို အထင်းသားသိစေအောင် ပြောနိုင်စွမ်းရှိ၏။





ကနားရစ်က စပိန် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာတီးနက်စ်ကမ်ပို့စ်နှင့် တွေ့ဆုံရာတွင် ဂျာမနီနိုင်ငံ၏ တကယ့်ဖြစ်ရပ်မှန် အခြေအနေနှင့် စပိန်၏ အကျိုးစီးပွားများကို ပြောရန် အခါအခွင့်သင့်ခဲ့သည်ဟု ကနားရစ်၏ လက်ထောက်အရာရှိ ဗိုလ်ဂျန်ကီက ပြောပြ၍ သိခဲ့ရ၏။

'စပိန်နိုင်ငံဟာ ကြားနေနိုင်ငံအဖြစ် ဆက်လက်ရှိနေသင့်ပြီး မိမိရဲ့ ကြားနေဝါဒကို ခုခံကာကွယ်သင့်တယ်'ဟုလည်း ကနားရစ်က ပွင့်ပွင့်လင်းလင်း ပြောခဲ့သေးသည်ဆို၏။

'ကျုပ်တို့ခေါင်းဆောင်ကြီး ဟစ်တလာဆီက ၁၅ ၊ လက်မ အမြောက်တွေပေးဖို့ တောင်းပျာ'

ဂျီဘရော်လ်တာမှာ သွားရည်ကျစရာ အချက်အချာဖြစ်နေချိန်နှင့် ဂျာမန်တို့က အကြွပ်ကိုင် ဖိအားပေးခြင်းကို တုန့်ပြန်ရန် မဖြစ်သောအချိန်တွင် ကနားရစ်က ဗိုလ်ချုပ်ကြီး မိုင်ဂွန် သို့မဟုတ် ဖရန်ကိုအား တိုးတိုးတိတ်တိတ် ပြောလိမ့်မည်ကို စဉ်းစားမိပါ၏။

'တကယ်တော့ သူမပေးနိုင်ပါဘူးပျာ'

အဲလယ်ခေတ်မှ အလေ့အထတိုင်း ကောက်ကျစ်စဉ်းလဲစွာ နားဝင်ချိုသော ပုံပြင်တစ်ခုကို ပြည့်ပြည့်စုံစုံပြောပြ၍ တစ်ဖန် ဖြစ်ရပ်စုံကို မှတ်တမ်းတင် သရုပ်ဖော်ထားသည့် ပိတ်ကားတွင် စစ်နှင့်ငြိမ်းချမ်းရေး အမှတ်အသားများဖြင့် ချယ်မှုန်းပြီးသည့်အခါ ကွာလုမ်းသော နောက်ခံသမိုင်းတွင် အံ့ဩစရာဖြစ်ရပ်တစ်ခု ပေါ်လာခဲ့ပြန်သည်။

လော့ဒ်တင်ပဲလ်ဝုစ်၊ စပိန်နိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး . . . ။

သူက စပိန်နိုင်ငံသို့ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်တစ်ယောက် မကြာခဏရောက်ရှိလာခြင်းအတွက် စိုးရိမ်ပူပန်နေသည်။

သို့ရာတွင် ဂျီဘရော်လ်တာ စခန်းကို လော့ဒ်ဂေါ်ဒ်၏ ကွပ်ကဲမှုမှ လွှဲပြောင်းတာဝန်ယူခဲ့သော ဗိုလ်ချုပ်ကြီး ဆာမေဆွန်မက်ဖာလိန်သည် ဘာလင်မြို့တွင် ဗြိတိသျှစစ်သံမှူးအဖြစ် နေခဲ့ရစဉ်က ကနားရစ်အကြောင်း တစွန်းတစ သိရှိထားသူမို့ သရော်တော်တော် ပြုံးနေလိမ့်မည်ကိုပင် မြင်ယောင်မိသေး၏။

ဟန်ဒါယေးတွင် မှတ်တမ်းတင်သရုပ်ဖော်ခဲ့သော ပန်းချီပိတ်ကား အနားကွပ်တွင် ပြားပန်းခတ်မှု ယောက်ယက်ခတ်နေသော သူလျှိုတမန်တို့ပုံများဖြင့် ပြည့်လျက်ရှိ၏။

ဗြိတိသျှနှင့် ဂျာမန်တို့၏ အချင်းချင်း စောင့်ကြည့်နေကြသည်။

ဂျာမန်တို့က အယ်လ်ဂျီစီးရားနှင့် လားလိုင်နီးယားတို့မှနေ၍ သင်္ဘောလှုပ်ရှားမှုများကို စောင့်ကြည့်နေကြသည်။

ဂျာမန်တို့ကလည်း ပရနီအနီးနှင့် ဂျီဘရော်လ်တာ အနီးကပ် လှုပ်ရှားမှုများအပြင် ဖရန်ကိုတို့၏ဆန္ဒနှင့် စိုးရိမ်ကြောက်ရွံ့မှုများ၏ အဝိုင်းအဝန်းကို ရှာကြွက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကွင်း မြင်တွေ့ရလေအောင် အမြဲ စောင့်ကြည့်နေကြသည်။

စင်စစ် သူတို့တတွေ၏ ဦးခေါင်းထက်တွင်ပင် အဖြစ်မှန်များက မျက်စိလှည့် ကစားသွားနိုင်ခဲ့၏။

စပိန်တို့ ဂျိဘရော်လ်တာသို့ စစ်တပ်များဖြင့် ဦးလှည့်သည့် အရိပ်အယောင်မျှ ဂျာမန်ထောက်လှမ်းရေးက မမြင်မတွေ့ရကြ။ သို့ရာတွင် ပရုနီသို့ စပိန်တပ်များ ရွေ့ပို့ ထားသည်ကိုမူ ဂျာမန်တို့က မြင်တွေ့ရလေသည်။

သို့ဖြင့် လတ်တလောအန္တရာယ်မှာလည်း ကျော်လွန်သွားလေတော့၏။ အကယ်၍ ဟစ်တလာက ရုရှားတပ်နီတော်ကို အရှေ့ဘက်မှ ညှပ်ပိတ်မည့် ဝထာန်း လက်မအဖြစ် လက်ခံလိုပါက မော်ရိုကို ပါရှားတို့မှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသသို့ လှိမ့်ဆင်းမည့် မဟာဗျူဟာစီမံကိန်းမှ ဟစ်တလာ လမ်းကြောင်းပြောင်းခဲ့ရလေပြီ။

အနိုက်အတန့်တွင် ကနားရစ်၏ လျှို့ဝှက်စွာ ဆောင်ရွက်ခဲ့သော သံခင်း တမန်ခင်းကို ဂျာမန်ဝန်ကြီးအဖွဲ့က မြင်တွေ့ဟန်မရှိ။

စပိန်နိုင်ငံက ဂျာမနီဘက်မှနေ၍ စစ်ကြီးထဲသို့ ဝင်လာစေရေးကို မိမိ စိတ်မဝင်စားကြောင်း ကနားရစ်က ဖရန်ကိုအား ဖြားယောင်းပြောခဲ့သည်ဟု ဗိုလ်ချုပ်ကြီး မူနော့ဂရန်ဒီက ထုတ်ဖော်ပြောသည်။ မူနော့ဂရန်ဒီသည် ရုရှားစစ်မျက်နှာတွင် ဟစ်တလာအား တိုက်ခိုက်သော စပိန် အပြာတပ်မကို ဦးစီးကွပ်ကဲခဲ့သူ ဖြစ်၏။

သည့်အကြောင်းအရာ အားလုံးမှာလည်း ဂက်စတာပို နားသို့ ပေါက်သွား၏။ လျှို့ဝှက်ရဲအဖွဲ့၊ ဝန်ကြီးအဖွဲ့၊ လုံခြုံရေးဌာန အဖွဲ့စိတ်ခေါင်းဆောင် ဝဲလ်သာ ဟာပွင်ကိုသန်က ဟင်းမလားထံ ကနားရစ် လုပ်ရပ်များကို အစီရင်ခံစာ အရှည်ကြီး ရေး၍ တင်ပြလိုက်သည်။

သို့ရာတွင် ဖရန်ကို၏ ယဉ်ကျေးဖော်ရွေစွာ နှုတ်ပိတ်နေခြင်းက ဝိုး၍ အလေးသာသွားသည်။ စွပ်စွဲချက်များ အတော်အတန် ဖျက်ပြယ်သွား၏။ သို့သော် ကနားရစ်အပေါ် သံသယရှိမြဲ ရှိနေဆဲ။

ကနားရစ်ကမူ ၁၉၄၃–ခု နှစ်ကုန်ပိုင်းအထိ၊ စပိန်နိုင်ငံတွင်းသို့ စိတ်တိုင်းကျ ဝင်ထွက်မြဲ ထွက်နေဆဲ။ တစ်ကြိမ်တွင် ဗြိတိသျှတို့ဘက်မှ ဗီအားပေး အကြပ်ကိုင်လာ သောအခါမှ ကနားရစ်က စပိန်သို့မသွားတော့။ ဘာကြောင့် ဖြစ်ရသည်ကို တွေးသော်၍ မရနိုင်ခဲ့။

သည့်အချိန်တွင် ရိဗန်ထရော့နှင့် ဟင်းမလားတို့က နိုင်ငံခြားထောက်လှမ်း ရေး အဖွဲ့နှစ်ခုကို တည်ထောင်လိုက်သည်။ အဆိုပါ အဖွဲ့အစည်းနှစ်ခုက ကနားရစ်၏ ထောက်လှမ်းရေးအဖွဲ့ကို လွှမ်းမိုးလျက်ရှိနေပြီး ၎င်း၏ လုပ်ငန်းအချို့ကိုပါ မိမိတို့ အဖွဲ့အစည်းများသို့ သိမ်းသွင်းယူလိုက်၏။

ပြီး . . . မဟာမိတ်တို့အား ဆန့်ကျင်ရေးကို အားစိုက် ခွန်စိုက် ဆောက်ရွ





လုပ်သည်။ မဟာမိတ်တို့က သာမန်ထောက်လှမ်းရေး အဖွဲ့အစည်းသုံးခုတွင် မည်သည့် အဖွဲ့အစည်းက မိမိအား ယှဉ်ပြိုင်တိုက်နေသည်ကို တိတိပပ မသိနိုင်ခဲ့။

ကနားရစ်က ဖရန်ကိုတစ်ဦးတည်းနှင့်သာ မိမိတစ်ဦးတည်း၏ ပုံစံကို ဖြစ် မြောက်စေရန် ဆောင်ရွက်ခဲ့သည် မဟုတ်သေး။ ကနားရစ်တွင် စပိန်ရေတပ်မှ အငြိမ်းစား အရာရှိ ဒွန်ဒယ်နီရယ်ဆိုသူ သဘော်သူဌေးကြီး မိတ်ဆွေတစ်ဦးလည်း ရှိသေး၏။ ဒွန်ဒယ်နီရယ်၏ ဇနီးက အင်္ဂလိပ်ဆန်သူဟု မဒရစ်မြို့တွင် လူသိများ ကျော်ကြားသူဖြစ် ၏။ ကနားရစ်က သည့်မိတ်ဆွေအသိုင်းအဝန်းကိုပင် မိမိ၏ ထောက်လှမ်းရေး အဖွဲ့ အစည်းတစ်ခုအဖြစ် သဘောထားခဲ့၏။

ဒွန်ဒယ်နီရယ် ကိုယ်တိုင်က မဒရစ်မြို့ရှိ ဗြိတိသျှစစ်သံမှူးနှင့်လည်း ခင်မင် ရင်းနှီးသူဖြစ်၏။ ဗြိတိသျှရေတပ်က မိမိကုန်တင်သင်္ဘောများအား ဖမ်းဆီးသည့် အခါ များတွင် ဒွန်ဒယ်နီရယ်က စပိန်ရေတပ်အရာရှိ ယူနီဖောင်းဝတ်စုံကို ရှိုးကျကျဝတ်ဆင်ပြီး မင်းခမ်းမင်းနား အပြည့်အစုံဖြင့် ဗြိတိသျှသံရုံးသို့ ရောက်လာတတ်သည်။

ထူးဆန်းသည်ဟု ထင်မှတ်ရသည်။ ဗြိတိသျှသံရုံးက ဒွန်ဒယ်နီရယ်အား မိမိ ကုန်တင်သင်္ဘောများမှ ကုန်ပစ္စည်းများသည် စစ်နှင့်မပတ်သက်၊ ပိတ်ဆို့ထားမြစ် ထားသော ကုန်ပစ္စည်းများမဟုတ်ကြောင်း သက်သေခံလက်မှတ်ကို လိုသည်ထက်ပင် ပိုပေးခဲ့၏။ ဘဝတူ သင်္ဘောပိုင်ရှင်များကပင် မနာလို၍ အပြစ်ပြောတတ်ကြသေးသည်။

'ဟောဒီမှာ ကြည့်ကြစမ်းပါဦး။ ဂျာမန်သူလျှိုကျော် ကနားရစ်ရဲ့ မိတ်ဆွေကြီး ဒွန်ဒယ်နီရယ်ကို ဗြိတိသျှတို့က မျက်နှာလို မျက်နှာရ ပြုစုကြတယ်လေ။ လူတကာကို ပိတ်ပင်တားမြစ်တဲ့ ပစ္စည်းမဟုတ်ကြောင်း သက်သေခံလက်မှတ်တွေပေးဖို့ တွင်တွင် ငြင်းနေတဲ့အချိန်မှာ ဒွန်ဒယ်နီရယ်ကိုတော့ လိုတာထက်တောင် ပိုပေးသေးသဗျ'

ဂက်စတာပိုအဖို့ မျက်စိလည်ရပြန်လေပြီ။

ကနားရစ်က စပိန်နိုင်ငံတွင်းသို့ ဝင်ချည်ထွက်ချည် လုပ်မြဲလုပ်လျက်ပင်။ ကနားရစ်တစ်ယောက် စပိန်သို့ ရောက်လာပြီဆိုတိုင်း ဗြိတိသျှသံအမတ် ဟင်ပဲလ်ဝုဒ် အား အကြောင်းကြား အသိပေးခဲ့သည်ချည်း။ ထိုသို့သောအခါများတွင် ဗြိတိသျှ သံအမတ်ကြီးမှာ ဖျားချင်သလိုပင် ဖြစ်ရပြန်သည်။

ဂျာမန်သံအမတ်ကြီးကလည်း ကနားရစ် စပိန်သို့ ရောက်လာပြီဟု သိရတိုင်း ညည်းတွားသည်ချည်း။

ဗြိတိသျှသံအမတ်ကြီးက ကနားရစ်အား ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အကြီး အကဲဟု ထင်မှတ်သည်။ ဗြိတိသျှသံရုံးမှ တယ်လီဖုန်းစက်ခုံတွင် မိုက်ကရိုဖုန်း တပ်ဆင် ကာ ကြားဖြတ် နားယူနားထောင်ဖို့ ကြိုးစားရာတွင် အောင်မြင်လုဆဲဆဲဖြစ်ရခြင်း များ၊ မိမိ၏ အစေအပါးများအား အမျိုးသမီးများဖြင့် မြှူဆွယ်ခြင်းများမှာ ကနားရစ်၏ သူလျှိုတမန်များ လက်ချက်ဟု သံအမတ်ကြီးက ထင်မှတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် စပိန်နိုင်ငံတွင် တကယ့်တကယ် အရေးကြီးသော ဖြစ်ရပ်များ ခုနှင့်အေး ဖြစ်ခဲ့သည်ကိုမူ ဗြိတိသျှသံအမတ်ကြီး မသိ။

ကနားရစ်အဖို့မူ မြောက်အရပ်မှ မိုက်ရူးရဲများကို ကျောခိုင်းကာ တောင်ပိုင်းသို့ ခရီးထွက်ရသည်မှာ စိတ်သက်သာရာ ရလိုက်သည့်ဖြစ်ခြင်း။

လန်ဒန်နှင့် အင်ကာရာ(တူရကီ)တို့ကြားတွင် ကနားရစ်၏ စီမံကိန်းမှာ အကြီးအကျယ် ကြိုးစားပမ်းစား လုပ်ခဲ့သလောက် တလွဲတချော် ဖြစ်ခဲ့ရသည်။

သို့ရာတွင် စပိန်၌ မိမိအောင်မြင်မှုမှာ အစွန်ရှည် တည်ခဲ့သည်။ ကနားရစ်သည် စပိန်နိုင်ငံအား ကာလရှည်စွာ အညှဉ်းဆဲခံရမည့် အန္တရာယ်မှ ကယ်တင်နိုင်ခဲ့လေပြီ။

ဂျာမန်စစ်ဖိနပ်တို့အောက်ဝယ် အလူးအလိမ့်ခံနေရသော ပြင်သစ်နိုင်ငံမှ မိမိလေယာဉ် ထွက်ခွာသွားသောအခါများတွင် စပိန်နိုင်ငံက မဆိုတ်မသုန် ယုံကြည်စိတ်ချမှု ရှိခြင်းကို တွေးမိတိုင်း ကနားရစ် ပီတိဖြစ်မိသည်ချည်း။

ပရနီတောင်တန်းမှ ထွက်ပေါ်လာသော ရောင်ခြည်အောက်မှ ကနားရစ်၏ မျက်နှာသည် ပြုံးပန်းပွင့်လျက် . . . ။

➡ ◆ ⬅ ◆ ➡



( ၁၅ )

## ဘာဘာရောဆာ – စစ်ဆင်ရေး

အကယ်၍ ကနားရစ်သည် စပိန်အရေးတွင် ဟစ်တလာ၏အကြံကို ပျက်အောင် ဆောင်ရွက်နိုင်ပါက အခြားနေရာတွင်လည်း ကနားရစ်က သည်နည်းနှင်နှင် လုပ်မည်မှာမလွဲ။

စင်စစ် ဂျီဘရော်လ်တာကိုသာ ဂျာမန်တို့ အုပ်စီးနိုင်ပါလျှင် များစွာ အကျိုးရှိမည်မှာ အမှန်။ မြေထဲပင်လယ်သို့ အတ္တလန္တိတ်သမုဒ္ဒရာဘက်မှ အဝင်အထွက်ကို စီးနိုင်ပေမည် မဟုတ်ပါလား။

ဘော်လ်ကန်ကျွန်းဆွယ်ဒေသတွင်လည်း ကနားရစ်က မည်သို့ဆောင်ရွက်ခဲ့လိမ့်မည်ကို ကျွန်တော် တွေးမိနေ၏။ ဘော်လ်ကန်ကျွန်းဆွယ်ရှိ နိုင်ငံများက ဂျာမန်တို့အား ဟက်ဟက်ပက်ပက် မရှိလှ။ ဟန်ဂေရီ၊ ဘူလ်ဂေးရီးယားစသည့် ဥရောပနိုင်ငံများသို့ ဂျာမန်တပ်များ ဖြတ်သန်းလာရာတွင် ပျော်စရာကောင်းမည်မဟုတ်။

အဆိုပါ နိုင်ငံများအရေးတွင် ကနားရစ်က သီးခြားဝါဒကိုများ ကျင့်သုံးခဲ့လေသည်လား။

ဗိုလ်ချုပ်ကြီးကနားရစ်သည် မိမိတတ်နိုင်သော လက်နက်ဖြင့် မိမိ၏ ထည်ဝါသော ဝါဒကိုပင် စင်စစ် မကျင့်သုံးခဲ့ဟု ကျွန်တော်က ဗိုလ်ချုပ်ကြီး ကနားရစ်အား ကြည်ညိုကြသော သူ့လက်အောက်အရာရှိများကို ပြောင်ပြောင်တင်းတင်း ပြောလိုက်၏။ သည်အခါများတွင် သူတို့တတွေ မျက်နှာတွင် နာကျည်းလျက် အံ့သြနေပုံကို



www.burmeseclassic.com

www.burmeseclassic.com



အထင်းသား တွေ့မြင်ရသည်။

စစ်ကြီးကာလတွင် ကနားရစ်သည် မိမိအစိုးရအဖွဲ့နှင့် သဘောထားကွဲကောင်း ကွဲမည်။ ရံဖန်ရံခါ အထင်မြင်သေးကောင်း သေးကြမည်မှာ မလွဲ။

ဂျာမနီနိုင်ငံတွင်း စင်ချ်ဝိန်ဖတ် *(Schweinfurt)* အရပ်ရှိ သံမဏိ ဘောခဲ့ထုတ်ရုံများအကြောင်း အသေးစိတ် အစီရင်ခံစာတစ်စောင် ဆွစ်နိုင်ငံရှိ ဗြိတိသျှတို့ထံ ရောက်ရှိလာသည်။

ဂျာမနီမှထုတ်လုပ်သော လက်နက်များ၏ တိုးတက်မှုဆိုင်ရာ သိပ္ပံရှုထောင့်မှ အစီရင်ခံစာလည်း အော်စလို (နော်ဝေ)ရှိ ဗြိတိသျှများသို့ ရောက်ရှိလာခဲ့၏။

အာဏာရှင်တစ်ဦး အုပ်စိုးနေသောနိုင်ငံတွင် မည်သည်ကို နိုင်ငံတော် သစ္စာဖောက်မှုဟု ဆိုမည်နည်း။

သည်ခေတ်က ဂျာမနီနိုင်ငံတွင် ကိုယ့်ဖာသာကိုယ် လွတ်လွတ်လပ်လပ် ကျင့်သုံးမှုသည် နိုင်ငံတော်သစ္စာဖောက်မှု မည်သည် မဟုတ်ပါလား။

ကနားရစ်နှင့် ရင်းနှီးသော ဘူလ်ဂေးရီးယားနိုင်ငံ ဘုရင် ဘောရစ်သည်လည်း ဥရောပတိုက်၊ သည်ဘက်အစွန်းတွင် စပိန်နိုင်ငံနှင့် ဖရန်ကိုအလား ကျင့်သုံးဟန်ရှိ၏။

ဟစ်တလာ၏ ဦးနှောက်တွင်မူ ဘော်လ်ကန်ကျွန်းဆွယ် နိုင်ငံများမှ မိမိတို့၏ အန္တရာယ်များလှသော ကြားနေဝါဒ ဖျက်သိမ်းစေကာ ရုရှားအား စစ်ပြုရန် အကြံတို့နှင့် ပြည့်နှက်နေပေသည်။

ဘော်ရီဆော့ဗ်ရှိ ဗဟိုတပ်တော်အား ရုရှားသို့ ဖိုးစစ်ဆင်ရေး စီမံကိန်းကို ရေးဆွဲစေရန် ဟစ်တလာက ဗိုလ်ချုပ်ကြီးကေတဲလ်အား ညွှန်ကြားလိုက်သည်။

ရုရှားသို့ ထိုးစစ်ဆင်ရန် စီမံကိန်းရေးဆွဲဖို့အတွက် ဗဟိုတပ်တော်မှ အရာရှိများကို ရွေးချယ်ခဲ့၏။ အဆိုပါ ဦးစီးအရာရှိများမှာ ဟစ်တလာအား ဆန့်ကျင်သော အတိုက်အခံ ပုဂ္ဂိုလ်များဖြစ်ကြောင်း ထူးထူးဆန်းဆန်း တွေ့ရှိရ၏။

သည်အရာရှိများက ၁၉၄၀–ခုနှစ်၊ နိုဝင်ဘာလတွင် ရုရှား နိုင်ငံခြားရေးဝန်ကြီး မိုလိုတော့ဗ်အား ရုရှား ဂျာမန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် သက်တမ်းတိုးရန် ဘာလင်သို့ စေလွှတ်ခဲ့ခြင်းအတွက် မြူးနေကြသည်။ အံ့သြကြရပြန်သည်။

ဟစ်တလာနှင့် ရိဗန်ထရော့ပ်တို့က ဗြိတိသျှဆန့်ကျင်ရေးအတွက် ပူးပေါင်းတိုက်ပွဲဝင်ကြရန် ပိုင်းပြောကြသည်။ အာရှတိုက်ရှိ သဘော်ဆိပ်များကိုလည်း ရုရှားတို့ အသုံးချခွင့် ရစေရမည်ဟု ကတိပြုကြသည်။

သို့ရာတွင် မိုလိုတော့ဗ်ကလည်း အရှေ့ဥရောပဒေသ၊ ဖင်လန်နိုင်ငံနှင့် ဘော်လ်ကန်ကျွန်းဆွယ်ဒေသများ အကြောင်းကိုသာ ဆွေးနွေးရန် တောင်းဆိုသည်။

ဟစ်တလာနှင့် မိုလိုတော့ဗ်တို့ အကြိတ်အနယ် ဆွေးနွေးကြသည်။ ဗြိတိသျှ ဘုရင့်လေတပ်မှ လေယာဉ်များက ခေါင်းပေါ်ရောက်လာသည်။ ဗုံးခိုကျင်းများသို့





ပြေးဝင်ခဲ့ကြရ၍ အစည်းအဝေးမှာလည်း ခေတ္တခဏမျှ ရပ်သွားခဲ့ရ၏။

မိုလိုတော့ဗ်က ရုရှားသို့ပြန်သွားခဲ့ပြီ။ ဝစ်လကြာသည့်အထိ ဟစ်တလာက စောင့်နေသေးသည်။ ပြီးလျှင်၊ ရုရှားသို့ ထိုးစစ်ဆင်ရန် 'ဘာဘာရော့ဆာ စစ်ဆင်ရေး' *(Operation Barbarossa)*ကို အသေးစိတ် ရေးဆွဲတင်ပြစေသည်။

သည်အချိန်တွင် ဟစ်တလာက ဘူလ်ဂေးရီးယားနိုင်ငံ ဘုရင် ဘောရစ်အား ဆင့်ခေါ်လိုက်၏။ ပြီး ဂျာမန်တပ်များကို ရွမေးနီးယားနိုင်ငံတွင်းသို့ ချီတက်စေ၏။

ဘုရင် ဘောရစ်အား မိတ်ဆွေနှစ်ဦးက တစ်ဖက်တစ်ချက်မှ ဝိုင်းလျက်ရှိ၏။ တစ်ဦးမှာ ကနားရစ်၊ ဘောရစ်၏ မိတ်ဟောင်းဆွေဟောင်းတစ်ဦး ဖြစ်သည်။ ကျန်တစ်ဦးမှာ ဆိုဖီယာမြို့ရှိ အမေရိကန်သံအမတ်ကြီး ဂျော့ခ်အားလ်။ အမေရိကန်သံအမတ်ကြီးမှာ ဘော်လ်ကန် ကျွန်းဆွယ်နိုင်ငံများ အရေးကို စောင့်ကြည့်ရန် စေလွှတ်ထားသော အမေရိကန်သမ္မတ ရူးစဗဲ့လ်၏ ကိုယ်စားလှယ်ဖြစ်၏။

အမေရိကန်သံအမတ်ကြီးသည် ပင်ဆဲလ်ဗေးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး၊ ဒီမိုကရက်ပါတီ၏ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့၏။ သို့ရာတွင် သူငယ်ချင်း ရူးစဗဲ့လ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အားဖယ်ပေးခဲ့သည်။ သည်ကျေးဇူးကို ရူးစဗဲ့လ်က မမေ့ . . . ။

ထို့ကြောင့် မိမိ သမ္မတဖြစ်လာသောအခါ ရူးစဗဲ့လ်က၊ အားလ်ကို ဩစတြီးယားသို့ သံအမတ် ခန့်ခဲ့သည်။ တဖန် ဘုရင် ဘောရစ်နှင့် ရင်းနှီးသူဖြစ်၍ ဘူလ်ဂေးရီးယားနိုင်ငံကို စစ်ကြီးမှ ရှောင်ရှားရန်အတွက် ဘူလ်ဂေးရီးယားသို့ ပြောင်းရွှေ့တာဝန်ပေးခဲ့သည်။

ဟစ်တလာက၊ ဘုရင် ဘောရစ်အား ဘာချက်စ်ဂါဒင်တွင် လက်ခံတွေ့စဉ်၊ ဘူလ်ဂေးရီးယားနိုင်ငံသည် ဂျာမနီနိုင်ငံ၏ မဟာမိတ်ဖြစ်ရမည်ဟု တောင်းဆိုသောအခါ ဟစ်တလာသည် ဘောရစ်၏ အကြံပေးအရာရှိနှစ်ဦးအား ဆန့်ကျင်တိုက်ခိုက်နေသည်နှင့် တူတော့သည်။

သို့ရာတွင် ဟစ်တလာဘက်မှ ဘူလ်ဂေးရီးယား စစ်ဦးစီးအဖွဲ့က ရှိနေသည်။ ဘူလ်ဂေးရီးယား စစ်ဦးစီးအဖွဲ့သည် အစဉ်အလာအားဖြင့် ဂျာမန်ဘက်တော်သားများ ဖြစ်၏။ ရုရှားနှင့် တူရကီတို့အား အမျိုးသားရန်သူများအဖြစ် သဘောထားကြ၏။

ဒင်နူးမြစ်ဝှမ်းဒေသရှိ ရွမေးနီးယားနိုင်ငံမှာ ဟစ်တလာ၏ လက်တွင်းသို့ ကျရောက်ခဲ့လေပြီ။

စက်တင်ဘာလ လဆန်းပိုင်းတွင်၊ ကနားရစ်သည် ရွမေးနီးယား လျှို့ဝှက်ရဲအဖွဲ့ အကြီးအကဲ မာရူဆော့ *(Moruso)* နှင့်တွေ့ရန် ဗီးနစ်မြို့သို့ သွားခဲ့၏။

ရွမေးနီးယားက ပလိုစတီအရပ်ရှိ မိမိရေနံတွင်းများကို ဗြိတိသျှသူလျှိုများ ဖျက်ဆီးမည့်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်အတွက် ဂျာမန်သူလျှိုများ လာ



www.burmeseclassic.com

www.burmeseclassic.com



မည်ကို သဘောတူလက်ခံ၏။

စင်စစ် ရေနံတွင်းများမှ ပေါ်လာမည့် အန္တရာယ်က မကြီးကျယ်လှ။ ရေနံတွင်းများနှင့် ရေနံချက်စက်ရုံများသည် ရှမေးနီးယားနိုင်ငံ၏ ကြွယ်ဝချမ်းသာသည့် ပစ္စည်းများဖြစ်သည်မှာ မှန်၏။ သို့ရာတွင် နိုင်ငံတွင်းသို့ ကျူးကျော်ဝင်လာသူများ အသုံးမပြုရလေအောင်၊ လိုအပ်ပါက ရှမေးနီးယားတို့ကိုယ်တိုင် ရေနံတွင်းများကို ဖျက်ဆီးကြပေလိမ့်မည်။ သို့မဟုတ် ရေနံတွင်းများ လုံခြုံရေးကို လျစ်လျူရှုထားပေးလိမ့်မည်။

သို့ရာတွင် ဟစ်တလာက ရှမေးနီးယားရေနံတွင်းများကိုမျက်စိကျနေသည်။ ရှမေးနီးယားရေနံတွင်းများ လုံခြုံရေးအတွက် ဂျာမန်သူလျှိုတမန်များအား တာဝန်အပ်နှံရန် ကနားရစ်က စီစဉ်ဆောင်ရွက်ရခြင်းဖြစ်သည်။

ဟစ်တလာက ဘူလ်ဂေးရီးယားကိုလည်း သိမ်းပိုက်လိုခြင်းမှာ ဘူလ်ဂေးရီးယားနိုင်ငံ၏ သယံဇာတကြွယ်ဝမှုကို လိုလား၍မဟုတ်၊ ဘူလ်ဂေးရီးယားနိုင်ငံ တည်နေရာ အချက်အချာကျသည်ကို မက်၍ သိမ်းပိုက်လိုခြင်း ဖြစ်၏။

ဘုရင် ဘောရစ်က တွေဝေနေသည်။

ဘူလ်ဂေးရီးယားနိုင်ငံ၏ အစဉ်အလာအရ ရန်သူဖြစ်သော အိမ်နီးချင်း တူရကီနိုင်ငံနှင့် လက်နက်အပြည့်တပ်ဆင်လျက်၊ ကြားနေခြင်းကို တိုင်းပြည်ကလည်း ကြိုက်မည်မဟုတ်၊ တူရကီနိုင်ငံကလည်း လိုလားလိမ့်မည်မဟုတ်။

၁၉၃၈–ခုနှစ်က၊ ဘုရင် ဘောရစ်သည် လန်ဒန်သို့သွား၍၊ ဝန်ကြီးချုပ်ချိန်ဘာလိန်နှင့် တွေ့ခဲ့၏။ သို့ရာတွင်၊ ယခုအချိန်၌ ဗြိတိန်နိုင်ငံက မည်သို့သော အကူအညီများ ပေးနိုင်မည်နည်း။

၁၉၄၁–ခု၊ မတ်လ ၁ ရက်နေ့တွင် ဘူလ်ဂေးရီးယားနိုင်ငံက ဝင်ရိုးစွန်းနိုင်ငံအဖွဲ့သို့ ဝင်ရန် သဘောတူလိုက်၏။

သည့်အပြင်၊ ဥရောပအရှေ့တောင်ပိုင်းနယ်စပ်တွင် ဟစ်တလာက မဟာဗိုလ်ယကလေးတစ်ခုကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့လေပြီ၊ အကယ်၍ တူရကီက ဘော်လ်ကန်ကျွန်းဆွယ်တွင်းသို့ ဝင်လာခဲ့ပါက ဘူလ်ဂေးရီးယားက အတားအဆီး ဖြစ်ပေလိမ့်မည်။

ယူဂိုစလားဗီးယားတွင် မင်းသားပေါလ်၏ ရင်ခွင်ပိုက်အစိုးရကို တော်လှန်ပုန်ကန်မှု ပေါ်လာပြီးနောက် ဗြိတိသျှလိုလားသည့် အစိုးရအဖွဲ့ တက်လာသည်။

သို့ကြောင့် ဟစ်တလာက ဘူလ်ဂေးရီးယားဘုရင် ဘောရစ်အား ဂရိနှင့် ယူဂိုစလားဗီးယားကို တိုက်ခိုက်ရန်၊ ပထမဆုံးအကြိမ် အသုံးချသည်။

ဂျာမန်က၊ ရုရှားအား ထိုးစစ်ဆင်ရန် မတ်လ ၁၅ ရက်ကို သတ်မှတ်ထားရာမှ ဟစ်တလာက စိတ်ဆိုးမာန်ဆိုးဖြင့် ရွှေ့ဆိုင်းလိုက်ရ၏။ ဂျာမန်လေတပ်ကို ဘဲလ်ဂရိတ်မြို့ (ယူဂိုစလားဗီးယား)အား အမျိုးသားတော်လှန်ရေးစပြီး ၁၀ ရက်အတွင်း ဗုံးကြဲတိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်။





ဟစ်တလာက ယူဂိုစလားဗီးယားနိုင်ငံ မြို့တော်ကို စိစိညက်ညက်ကျေအောင် ဗုံးကြဲတိုက်ခိုက်ရန် အမိန့်ပေးသောအခါ ဟစ်တလာ၏ ရည်ရွယ်ချက်ကို သိနှင့်သော ကနားရစ်က ယူဂိုစလပ်အစိုးရအား ကြိုတင်သတိပေးခဲ့သည်ဟု ဂျိုးဖက်လစ်ကီက ပြောပြသည်။

ဧပြီလ ၃ ရက်ခန့်တွင် ယူဂိုစလပ်အစိုးရက ဘဲလ်ဂရိတ်မြို့တော်ကို ဖွင့်မေးလိုက်ပြီဖြစ်ကြောင်း ကြေငြာသည်။

ကြိုတင်သတိပေးသည်ပဲဖြစ်ဖြစ်၊ အတိအလင်းကြေငြာသည်ပဲဖြစ်ဖြစ် အကြောင်းမထူးတော့။

၆ ရက်နေ့ နံနက် ၅း၁၅ ဘဲလ်ဂရိတ်မြို့ပေါ်သို့ ဂျာမန် ဗုံးကြဲလေယာဉ်ပျံများ ရောက်လာသည်။ ရှမေးနီးယားရှိ လေယာဉ်ကွင်းများတွင် တစ်ဆင့်ရပ်နားပြီးမှ ယူဂိုစလပ်မြို့တော်သို့ ပျံသန်းလာကြ၏။

'အိမ်ခေါ်မိုးအမြင့်သာသာမှ ပျံသန်းကာ ပြန်လည်ခုခံမည်ကိုမျှ မကြောက်မရွံ့ဘဲ ဘဲလ်ဂရိတ်မြို့တော်ကို အကြင်နာကင်းမဲ့စွာ ရက်ရက်စက်စက် ဗုံးကြဲတိုက်ခိုက်ကြသည်'

ဝန်ကြီးချုပ်ချာချီ၏ ဒုတိယကမ္ဘာစစ်မှတ်တမ်းစာအုပ်တွင် သည့်ကြောက်ခမန်းလိလိဖြစ်ရပ်ကို သို့ကာလို ဖော်ပြခဲ့၏။

သည့်စစ်ဆင်ရေးကိုပင် 'အပြစ်ပေးစစ်ဆင်ရေး' *(Operation Punishment)* ဟု အမည်ပေးခဲ့၏။

ဧပြီလ ၈ ရက်နေ့ ဂျာမန်တို့ ဗုံးကြဲတိုက်ခိုက်ခြင်း ရပ်စဲသွားသောအခါ ဘဲလ်ဂရိတ် မြို့သူမြို့သား ၁၇,၀၀၀ ခန့် လမ်းမပေါ်နှင့် တိုက်ပျက်များအောက်တွင် သေဆုံးခဲ့ကြရသည်။

ဗုံးကြဲတိုက်ခိုက်စဉ်၊ မီးခိုးလုံးကြီးများဖြင့် ဖုံးနေချိန်၌ တိရစ္ဆာန်ဥယျာဉ်မှ သားရိုင်းတိရစ္ဆာန်များလည်း လှောင်ချိုင့်အတွင်းမှလွတ်၍ ဦးတည်ရာ စွတ်ပြေးနေကြသည်။ ခြေတန်ရှည် ငှက်တစ်ကောင်ဆိုလျှင် ကြောက်လန့်ပြီး မီးတောက်မီးလျှံများတွင်းသို့ တိုးဝင်ခဲ့၏။ ဝက်ဝံ တစ်ကောင်သည် လည်း မူးဝေပြီး အန္တရာယ်ကိုမမြင်တော့ဘဲ၊ မီးတောက်မီးလျှံအတွင်းမှ လေးလေးကန်ကန်ဖြင့် တစ်လှမ်းချင်းလှမ်းကာ ဒင်နူးမြစ်ဆီသို့ ဆင်းသွားခဲ့၏။

ကနားရစ်က မိမိအရှင်သခင်၏ ဖျက်လိုဖျက်ဆီး လုပ်တတ်သောစိတ်ကို ပြောင်းလဲစေရန် မိမိ မည်သို့မျှ မစွမ်းဆောင်နိုင်ခဲ့သည့်အတွက် ယူဂိုစလပ်ကို ချေသည့်သဘောဖြင့် ဘဲလ်ဂရိတ်မြို့သို့ လေယာဉ်ဖြင့် ရောက်ရှိလာခဲ့၏။ ကနားရစ်က ဘဲလ်ဂရိတ်မြို့တွင်း တစ်နေ့တာနေခဲ့စဉ်အတွင်း ဗုံးဒဏ်ခံခဲ့ရ၍ ပျက်စီးနေသော မြို့ကြီးကို ရှုပြီလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုသည်။ ထောက်လှမ်းရေးပစ်မှတ်များကို စုံစမ်းစစ်ဆေးဟန်တူသည်။

ညနေချမ်းအချိန်တွင် မိမိတည်းခိုရန်အတွက် ပေးထားသော မြို့ပြင်မှအိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်း၊ စိတ်ပျက်စရာမြင်ကွင်းကြောင့် ပစ်လှဲလိုက်တော့သည်။

'ဒီလိုမြင်ကွင်းမျိုး နောက်ထပ် မတွေ့ချင်တော့ဘူး။ မနက်ဖြန်ပဲ ဒီနေရာက ထွက်ကြမယ်ကွာ'

ကနားရစ်က အော်တော့သည်။

'မနက်ဖြန်ထွက်မယ် ဟုတ်လား။ ဘယ်ကိုသွားမှာလဲ'

သူ့လက်ထောက် အရာရှိလုပ်သူက မေးသည်။

'စပိန်'

ကနားရစ်သည် မိမိသွားလိုရာသို့ သွားနိုင်ဟန်ရှိ၏။ စစ်ကြီးကာလအတွင်း၊ ကနားရစ်တစ်ယောက် နေရာဒေသအနှံ့ ခရီးထွက်ခဲ့ခြင်းအတွက် အပြစ်မပြောခဲ့ကြ။

'ဂျာမန် အစိုးရအဖွဲ့ထဲမှ ဘယ်သူတစ်ဦးတစ်ယောက်ကမှလည်း ထောက်လှမ်းရေးအဖွဲ့ရဲ့ အလုပ်တွေကို ရေရေရာရာ သိကြတာမဟုတ်ဘူး'

ဒု-ဗိုလ်မှူးကြီး ဗစ်တာဗွန်ဆက်ချ်ဝေနတ်က ကျွန်တော့်ကို ပြောပြ၏။

ကနားရစ်က နိုင်ငံခြားသို့ ခရီးထွက်ရန်အတွက် စစ်ဦးစီးချုပ်ရုံးသို့ ခွင့်ပန်နေစရာမလို၊ မိမိဆန္ဒရှိလျှင် မိမိလေယာဉ်ကို စပိန်သို့ပင်ဖြစ်ဖြစ်၊ ပေါ်တူကီသို့ပင်ဖြစ်ဖြစ် ဦးလှည့်ကာ သွားလိုရာ သွားနိုင်သည်။ ရှေးဟောင်းနိုင်ငံများတွင် နားအေးပါးအေး နေလိုက နေနိုင်သည်။

ကနားရစ်က မိမိလုံခြုံရေးကိုပင် အမှုမထား။ ရာသီမရွေး၊ အချိန်မရွေး၊ လေယာဉ်ဖြင့်သာ ပြည်ပသို့ ခရီးထွက်၏။ မိတ်ဆွေရင်းချာများပင်လျှင် ဥရောပ၊ အာဖရိကနှင့် အာရှတိုက်နိုင်ငံများပေါ်သို့ ပျံသန်းနေသော ကနားရစ်၏ ထူးထူးဆန်းဆန်း လေယာဉ်ပုံစံကို မမှတ်နိုင်ကြ။

ကနားရစ်သည် ဒါနာဒေသအနောက်ဘက် သဲကန္တာရအတွင်းမှ မာရှယ်ရွှန်းမဲလ်၏ စခန်းသို့ အလည်အပတ်သွားခြင်းကို ဗိုလ်ချုပ်ကြီးလဟိုစင်က မှတ်မိနေသေးသည်။

အီရတ်နိုင်ငံတွင် ရာရှစ်အလီက တော်လှန်ပုန်ကန်သည့်ကိစ္စကို စုံစမ်းရန်အတွက် ဖြစ်၏။ ပြင်သစ်ပိုင် ဆီးရီးယားအား ခုတုံးလုပ်၍ ဂျာမန်တို့က ရာရှစ်အလီအား လေယာဉ်များ၊ လက်နက်ပစ္စည်းများဖြင့် ထောက်ပံ့ကူညီရန် ဂျာမန်စစ်ဦးစီးအဖွဲ့၏ ရည်ရွယ်ချက်ကို စုံစမ်းရပေလိမ့်မည်။

ဒေါက်တာပေါ်လီဟာခွန် (အီစတန်ဘူလ်ရှိ ဂျာမန်ထောက်လှမ်းရေးအရာရှိ)က အီရတ်တွင် ဗြိတိသျှ ဗိုလ်ချုပ်ကြီးဝေဗီး၏ နောက်ကျော၌ တော်လှန်ပုန်ကန်နေခြင်းကို အနိုင်ရမှ ရလေမည်လားဟု ကနားရစ်က သံသယရှိနေသည်ဟု ဆို၏။





သည့်စဉ်က ရာရှစ်အလီခေါင်းဆောင်သော ပုန်ကန်မှုပေါ်ပေါက်စေရန် ဘဂ္ဂဒက်မြို့ရှိ ဂျာမန် စစ်သံအမတ်ကြီး ဒေါက်တာဂရိုဘာက လှုံ့ဆော်ပေးခြင်းဖြစ်သည် ဟုလည်း ကျွန်တော့်ကို ပြောပြသည်။

၁၉၄၁-ခုနှစ်၊ မေလတွင် ရာရှစ်အလီဦးဆောင်သော တော်လှန်ပုန်ကန်မှု ပေါ်စဉ်က ဟတ်ဗန်နီယာရှိ ဗြိတိသျှလေတပ်စခန်းကို အပိုင်စီးနိုင်ရန် ရင်ဆိုင်တိုက်ပွဲကြီးများ ဆင်နွှဲခဲ့သည်။ အီရတ်လေတပ် ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆီးရီးယားမှတစ်ဆင့် ဂျာမန် စစ်လက်နက်ပစ္စည်း အကူအညီ ရောက်မလာမီပင် ဗိုလ်ချုပ်ကြီးဝေဗီက ဗိုလ်ချုပ်ကြီးဒန့်ဇ်၏ သူပုန်တပ်များကို အင်အားသုံး၍ဖိတိုက်တော့သည်။ သူပုန်တပ်များလည်း ကြံ့ကြံ့ခံ ခုခံတိုက်ခိုက်ပြီးမှ အားလုံး လက်နက်ချလိုက်ကြရသည်။

အိုအေစစ်တစ်ခုတွင် အနားယူစခန်းချနေသော ကနားရစ်က ဥရောပတွင် ဂျာမန်တို့၏ ရက်စက်မှုများနှင့် ပတ်သက်၍ ဂျာမန်ထောက်လှမ်းရေးမှ ရရှိထားသော ထောက်လှမ်းရေးသတင်းများကို ဗိုလ်ချုပ်ကြီးရွှန်းမဲလ်အား ထုတ်ပြသည်။

'ဒီမှာ ရွှန်းမဲလ် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ခင်ဗျားရဲ့စစ်ကြောင်းနောက်က ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေကြောင့် ခင်ဗျားမှာ တာဝန်ရှိတယ်လို့ အစွပ်စွဲခံရလိမ့်မယ်'

သို့ရာတွင် ဗိုလ်ချုပ်ကြီးရွှန်းမဲလ်က မိမိပြောခဲ့သည်များအပေါ် စိတ်မကောင်းဖြစ်သည်ကို ကနားရစ် တွေ့ရသည်။ ရွှန်းမဲလ်သည် မိမိဆင်နွှဲနေသော သဲကန္တာရစစ်ဆင်ရေးကိုသာ အလေးပေးနေ၍ ကြောက်ရွံ့တုန်လှုပ်ရန်ပင် အချိန်မရ။

'ရက်စက်မှုဖြစ်တာတွေက ကျုပ်စစ်ကြောင်းနောက်ပိုင်းမှာ ဖြစ်တာမှ မဟုတ်ဘဲ။ ဒါတွေက ကျွန်တော်နဲ့ မဆိုင်ပါဘူး။ ကျွန်တော်က စစ်သားပဲ'

ဗိုလ်ချုပ်ကြီးရွှန်းမဲလ် သဘောထားက သို့ကလို ရှိ၏။

စစ်ကြီးအတွင်းတွင် ကနားရစ်က တူရကီနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် ရောက်ခဲ့သည်။ စင်စစ် အာရှမိုင်းနားဒေသ အရေးအခင်းများကို ကနားရစ်က သဘောပေါက်နားလည်ခြင်းမရှိခဲ့။

စစ်ကြီးမဖြစ်မီကလည်း ထောက်လှမ်းရေးအတွက် လိုအပ်ချက်များ စူးစမ်းရန် ဟု အကြောင်းပြကာ ဘဂ္ဂဒက်မြို့တော် (အီရတ်)သို့လည်း ဖစ်ကြိမ်သွားခဲ့သေး၏။ သို့ရာတွင် ကနားရစ်သည် သူလျှိုတစ်ဦးအဖြစ် မကျော်ကြားသည်မှာ ကြေကွဲစရာ။

အီရတ်နိုင်ငံတွင် ဗြိတိသျှနိုင်ငံရေး ဩဇာတိက္ကမ လွှမ်းမိုးနေခြင်းကလည်း အလွန် တောင့်တင်းခိုင်မာလှပါဘိ။ စာချုပ်ပါ အခွင့်အရေးများအရ ဗြိတိသျှတို့သည် အီရတ်တွင် လေတပ်စခန်းများ ထားရှိသည်။ မိမိလက်နက်ကိုင်တပ်များ ဟိုမှသည်မှ သွားလာခြင်းများအတွက် ကြားစခန်းအဖြစ်လည်း အသုံးချ၏။

ကနားရစ်က ပတ်စပို့အတုနှင့် သွားခဲ့သည်။ မိမိနှင့်အတူ ထောက်လှမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



ဒွာနစ္စဲ (၂)မှ အကြီးအကဲ ဗိုလ်မှူးကြီးဂရိုကာသ်ကိုပါ ခေါ်သွားသည်။ ဂရိုကာသ်သည် ရန်သူနယ်မြေနှင့် ပြည်ပနိုင်ငံများတွင် အဖျက်လုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်ရသူ ဖြစ်၏။

သို့ရာတွင် သတိမမူ ကူမမြင် ဖြစ်ခဲ့၍ သူတို့လျှို့ဝှက်ချက်များ ပေါ်ကုန်ကြတော့သည်။

ပထမဆုံးမှားသူမှာ ဂရိုကာသ်။ ဂရိုကာသ်က ဟော်တယ်မှတ်တမ်းစာအုပ်တွင် မိမိအမည်ရင်းကိုပင် မှားယွင်းစွာ ရေးခဲ့မိသည်။ သည့်အတွက် ကနားရစ်က ခေါ်သူပုန်ထကာ လှေပူကြိမ်းမောင်းလိုက်သည်ဖြစ်ခြင်း။

တယန့် ကနားရစ်က မိမိရုပ်အင်္ကျီများကို လျှော်ဖွပ်ဖို့ ပင်းမင်းပေးသည်။ ပြီးလျှင် ရုပ်အင်္ကျီတွင်ပါသော အမည်ဖြင့် ငွေတောင်းခံလွှာတွင် ဒဗလျူကနားရစ်ဟု ပါရှိလာသည်။ ဟော်တယ်အမှုထမ်းများမှာ မတွေးတတ်အောင် ဖြစ်ကုန်ကြရသည်။ မှလက ပေးထားသည့် အမည်များက တစ်မျိုး၊ ယခုသိရသည့် အမည်က တစ်မျိုး ရှုပ်ကုန်သည်။

မကြာပါ။ ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ အမိန့်စာတစ်စောင် ရောက်လာသည်။ ဟိုင်းပြည်မှ ချက်ချင်းထွက်သွားပါဟု . . . ။

အလှည့်အပဲ့တော်၍ ချက်ဆို နားခွက်က မီးထတောက်လောက်အောင် ဖါးနှပ်ပါသည်ဆိုသော သူလျှိုကျော်တစ်ဦးအဖို့ ပင်မင်းအမှတ်အသားအဖြစ် မိမိအမည်ကို ရေးမှတ်ထားခြင်းသည် သတိမမူလွန်းရာ ကျနေခြင်းမှာ ထူးဆန်းလှပါဘိ။ သို့ရာတွင်၊ ရံဖန်ရံခါ ထိပ်တန်းသူလျှိုကျော် ပုဂ္ဂိုလ်ကြီးများပင် အမှတ်တမဲ့ အလွဲပြုတတ်ကြသည်။

၁၉၄၁–ခုနှစ်၊ နွေဦးကာလ စောစောပိုင်းတွင် ကနားရစ်သည် ဆွစ်နိုင်ငံ ဘန်းမြို့သို့ ရောက်ခဲ့၏။ ဂျာမန်စစ်တပ်များက အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းဆီသို့ ချီတက်နေကြ၍ ဥရောပတစ်ခွင်တွင် မငြိမ်မသက် ဖြစ်နေသည်။

သည်အချိန်တွင် ကနားရစ်က မိမိလုံခြုံရေးကိုပါ လျစ်လျူရှုထားသည်အထိ သတိမရှိတော့။

‘ဂျာမနီက တူရကီကို တိုက်ဦးမှာလား’

ဂျာမန်တပ်များက အာရှမိုင်းနားဆီသို့ ဦးတည်သလိုလိုနှင့် အရှေ့တောင်အရပ်သို့ ချီတက်နေကြောင်း မဟာမိတ် ထောက်လှမ်းရေးသတင်းများက ဖော်ပြထားသည့်အတွက် မစ္စစ်ဂျေက သို့ကလို မေးမြန်းစုံစမ်းခြင်း ဖြစ်၏။

‘မဟုတ်ရပါဘူးဗျာ။ တူရကီကို ကျွန်တော်တို့ မတိုက်ဘူး။ တိုက်ချင်းတိုက်ရင် ရုရှားသာ တိုက်မှာ’

ကနားရစ်က ဆိုသည်။

ချာချီကမူ ဟစ်တလာ၏ အကြံအစည် ရည်ရွယ်ချက်များကို ကောင်းကောင်း





သိသည်။ ချာချီက စတင်ဖို့ ကနားရစ်အား ဧပြီလ ၃ ရက်နေ့တွင် မော်စကိုသို့ စေလွှတ်ခဲ့သည်။ စတာလင်သို့ပါးရန် စာတစ်စောင်ပါ ပေးလိုက်သည်။ စာတွင် ဂျာမန်က ယန္တရားတပ်မသုံးခုကို ရှမေးနီးယားမှ ရုရှားနှင့် ကပ်လျက်ရှိသော ပိုလန်နိုင်ငံ တောင်ပိုင်းသို့ ပို့လျက်ရှိကြောင်း သတင်းပါရှိ၏။

စင်စစ် ရုရှားသို့ ထိုးစစ်ဆင်ရန် ဂျာမန်တပ်များကို အမိန့်ပေးထားခဲ့ပြီးဖြစ်၏။ သို့ရာတွင် ယူဂိုစလပ်နိုင်ငံက ဝင်ရိုးစွန်းအာဏာရှင်ကြီးအား ပုန်ကန်သောအခါ ယင်းအမိန့်ကို အခိုက်အတန့်တွင် ရုပ်သိမ်းခဲ့၏။ မည်သို့ဆိုစေ အကြောင်းတော့ရှိ၏။

ဂိုးဖက်မူးလာက ဗာတီကန်သို့ ပေါက်လာပြန်၏။ ပြီး ဂျာမန်တို့က ရုရှားအား စတင် ထိုးစစ်ဆင်ရန် ရည်ရွယ်ထားသော နေ့ရက်ကို ကျွန်တော့်အား ထုတ်ဖော်ပြောပြသည်။

ဂျာမန်တပ်များက တစ်နိုင်ငံပြီး တစ်နိုင်ငံသို့ တိုက်ခိုက်လျက်ရှိနေခြင်းကြောင့် ဘာလင်မြို့တော်ရှိ ကြားနေနိုင်ငံများမှ သံတမန်များမှာ အနေရ အထိုင်ရ ကြပ်လာသည်။

ရုရှားသို့ ထိုးစစ်မဆင်မီကပင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ နီကိုးလပ်စ် ဗွန်ဟာလမ်က ကုန်သည်တစ်ဦးအယောင်ဆောင်ကာ မော်စကိုသို့ သွားနှင့်ပြီးဖြစ်၏။ မော်စကိုတွင် ဗြိတိသျှကိုယ်စားလှယ်တစ်ဦး ရှိနေသည်ကို ဂျာမန်သူလျှိုက သိပါ၏။ သို့ရာတွင် ဗြိတိသျှ ကိုယ်စားလှယ်အား မည်သို့ လုံလုံခြုံခြုံ တွေ့ရမည်ကို သေသေချာချာ မသိရသေး။

မိမိ အယောင်ဆောင်မှုကလည်း ဆန်းဆန်းပြားပြားမဟုတ်။ ဘာလင်မှ ကုန်သည်များက နှစ်နိုင်ငံ စီးပွားကုန်သွယ်ရေးနှင့် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် မော်စကိုသို့ ကူးချည်သန်းချည် သွားနေကြ၏။ ဇွန်လ ၂၁ ရက်နေ့ထိ နှစ်နိုင်ငံ စီးပွားကုန်သွယ်ရေး ဆက်လုပ်မြဲ လုပ်နေဆဲ။

သို့ရာတွင် မိမိက ဗြိတိသျှရုံးနားသီကာ နေခြင်းကို ဆိုဗီယက် ထောက်လှမ်းရေးမှ မြင်တွေ့သွားမည့် အန္တရာယ်ကိုမူ ကြောက်ရသေးသည်။

ဂျာမန်သူလျှို မိမိတည်းခိုနေသော ဟော်တယ်အခန်းတွင်းတွင် ပို့စကတ်ဟောင်းတစ်ခုကို တွေ့ရသည်။ ပို့စကတ်တွင် ‘ဒီနေရာကို ကျွန်တော်ရောက်နေတာ တစ်ရက် နှစ်ရက် ရှိနေပြီ၊ ခင်ဗျားနဲ့တွေ့ဖို့ အခွင့်အလမ်းကိုသာ မျှော်လင့်လျက် ရှိနေပါတယ်’ ဟု ရေးလိုက်သည်။

ပို့စကတ်တွင် ကြက်ခြေခတ်အမှတ်အသား ရေးခြစ်၍ အောက်တွင် ‘ကီးတ်’ ဟု လက်မှတ်ရေးထိုးလိုက်သည်။ စာတိုက်မှ ၎င်းပို့စကတ်ကို တွေ့ရသော်လည်း သံသယ မဖြစ်ခဲ့၊ မိမိလိုရာခရီးသို့ ရောက်သွားတော့၏။

‘ကီးတ်’မှာ မိမိ၏ ငယ်နာမည်ဖြစ်သည်။ ယင်းအမည်က ကောင်းစွာ အကျိုးပြုခဲ့၏။ ကြာကြာမစောင့်လိုက်ရပါ။ နောက်တစ်နေ့မနက်တွင် မိမိအခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာစိမ်းတစ်ဦး ရောက်လာ၏။

ဘာလင်သို့အပြန်တွင် သူလျှိုဟာ လမ်းက သည်အကြောင်းများကို ဘောရစ်ဆော့ တစ်စခန်းတွင် တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေသော ကြည်းတပ်မှ မိတ်ဆွေတစ်ဦးအား ပြန်ပြောပြခဲ့သေးသည်။

ဂျာမနီက ရုရှားတို့အား ထိုးစစ်ဆင်မည်ကို ဂျာမန် တစ်ဦးတစ်ယောက်ကမှ ကြိုတင် သတိမပေးခဲ့ကြ။ မော်စကိုရှိ ဂျာမန်သံအမတ်ကြီး ဗွန်ဒါစကူလန်ဘတ်ကလည်း သတိပေးစကား မပြောခဲ့။ ထိုးစစ်မဆင်မီ သုံးရက်အလိုက ညစ်ခံပွဲတစ်ခုတွင် စတာလင်က ဂျာမန် သံအမတ်ကြီးလက်ကို လှမ်းဆွဲပြီး စူးစမ်းမေးမြန်းလိုက်သေး၏။

'နှစ်နိုင်ငံ ချစ်ကြည်ရေးစာချုပ်ကို လေးစားမြဲ လေးစားနေဦးမှာပဲလို့ ကျုပ်မျှော်လင့်ပါတယ်' တဲ့။

ကနားရစ်ကလည်း မျက်ရိပ်မျက်ကဲ မပြခဲ့။ စင်စစ် ကနားရစ်က ဘိုရှီဗစ်အုပ်ချုပ်ရေးမှာ အဆိုးရွားတကာ့ အဆိုးရွားဆုံးဟု သဘောထားသည်။ သို့ရာတွင် ဂျာမန်တို့က ဆိုဗီယက် ရုရှားကို ထိုးစစ်ဆင်သည် ဆိုသောအခါတွင်မူ မိမိ၏ သဘောတူညီမှုလည်းမရခဲ့၊ စင်စစ် မိမိကိုလည်း စိတ်မထိခိုက်ခဲ့။

ယူကရိန်းပြည်နယ် လွတ်လပ်ရေး ရုရှားပြည်သူတို့နှင့် ပူးပေါင်းပြီး ဘိုရှီဗစ်ခေါင်းဆောင်များအား ဖြုတ်ချရေးဟူသော မိမိနိုင်ငံရေးအမြင်ကို ဟစ်တလာ၊ ရိုဇန်ထရောစ်နှင့် ရှိဆင်ဘတ်တို့က အလေးမထားခဲ့ကြ။

ထိုးစစ်မဆင်ရသေးမီကပင်လျှင် ၎င်းပုဂ္ဂိုလ်များက ရုရှားပြည်သူများအား စနစ်တကျ သုတ်သင်ရေးကိုသာ မိမိတို့ဝါဒအဖြစ် လက်ကိုင်ပြုနေကြဆဲ။ ရုရှားမြေအား ရှုံးနိမ့်သူတို့၏ သွေးဖြင့် မြေဩဇာကြွယ်ဝစေမည်ဟု ကြိမ်းမောင်းနေကြဆဲ။

နိုင်ငံရေး အကြံပေးအရာရှိများအား ဖမ်းမိလျှင် ဖမ်းမိချင်း ပစ်သတ်ရန် အမိန့်ပေးထားသည်။ ဂျာမန် လှို့ဝှက်ရဲအဖွဲ့ဝင်တို့က ဂျူးလူမျိုးများအား သေသေချာချာ သချိုင်းသို့ မောင်းထုတ်ကြရမည်။ မြို့များ၊ ရွာများကို မြေလှန်မီးရှို့ ဖျက်ဆီးရမည်။

ဂျာမန်တို့က ဆိုဗီယက် ရုရှားအား ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ သယံဇာတ ပေါကြွယ်သော အတွင်းပိုင်းဒေသကို အုပ်စီးပြီး၊ ဗြိတိသျှနှင့် ရေရှည် ရင်ဆိုင်တိုက်ပွဲအတွက် အထောက်အကူပြုရန် ဖြစ်သည်။

ဂျာမန်ဗိုလ်ချုပ်ကြီး အများစုက ဘာဘာရောဆာ စစ်ဆင်ရေးကို အားတက်သရော လက်ခံလျက်ရှိခြင်းက အဆိုးရွားတကာ့ အဆိုးရွားဆုံးဖြစ်၏။ ကျယ်ပြန့်သော စစ်မျက်နှာတွင် တပ်ကြီးများကိုဖြန့်၍ တိုက်ရမည်ကို ဝမ်းသာနေသယောင်ယောင်၊ စစ်ဆင်ရေး နည်းပရိယာယ်များနှင့်ပတ်သက်၍ စာတွေ့ကို ယခုအခါ လက်တွေ့ အသုံးချရမည်မို့ ပျော်ကြသည်ထင့်။

၁၉၄၁–ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့။





သန်းခေါင်ယံကျော်ကျော်တွင် ဂျာမနီတို့က ရုရှားတို့အား စတင်ထိုးစစ်ဆင်လေသည်။ ရုရှားတို့၏ ရှေ့တန်းလေတပ်စခန်းမှာ အငိုက်ဖမ်းမိသွားပြီး မြေပြင်တွင် ဖျက်ဆီးခံခဲ့ရ၏။

၁၉၄၁–ခု၊ ဆောင်းဦးပေါက်တွင် ဗြိတိန်နိုင်ငံက ရုရှားတို့အား စစ်ရေးအကူအညီပေးရန် ကြံစည်ထားပြီးဖြစ်၏။ သို့ရာတွင် ဂျာမန်တပ်များ၏ လျှပ်တစ်ပြက်ချီတက်တိုက်ခိုက်ခြင်းက မော်စကိုမြို့တော် အနီးအနားသို့ပင် ချဉ်းကပ်နိုင်ခဲ့၍ လက်နက်များ အကူအညီပေးခဲ့သော်လည်း အချိန်နှောင်းလေပြီဟု သတ်မှတ်ခဲ့သည်။

ဂျာမန်တပ်များက မော်စကိုမြို့သို့ ချဉ်းကပ်လာခြင်းကြောင့် မော်စကိုမြို့တွင်း၌ ယောက်ယက်ခတ်သွားခဲ့၏။ မြို့တော်ကြီးပင် ကျဆုံးတော့မည်ဟု ထင်မှတ်မိကြသည်။ ဆိုဗီယက်အစိုးရနှင့် နိုင်ငံခြားသံရုံးများပင်လျှင် ၄ ရက်ကြာ ခရီးသွားရသော အလယ်ပိုင်းဒေသသို့ ပြောင်းရွှေ့သွားခဲ့ကြလေပြီ။

ဂျာမန်တို့က ရုရှားတို့အား ထိုးစစ်ဆင်စဥ်က ကနားရစ်သည် ရှေ့သို့ရောက်နှင့်နေပြီ။ ဂျာမန်တပ်များက မော်စကိုသို့ ဘယ်သောအခါမျှ မရောက်ဟု မြော်ခဲ့ကြောင်း အချက်အလက်များ ရရှိထားသည်ဟု ဗြိတိသျှထောက်လှမ်းရေးအဖွဲ့မှ ပုဂ္ဂိုလ်များက ကျွန်တော့်အား ပြောပြသည်။

'ဂျာမန်တပ်တွေ မော်စကို့ကို မရောက်နိုင်ပါဘူး'

ကနားရစ်၏ အစီရင်ခံစာမိတ္တူများ လက်ဝယ်တွင်ရှိနေသော ဗြိတိသျှအရာရှိတစ်ဦးက အလွတ်လိုလို ရနေပြီဖြစ်သော စာတမ်းကို ဖဆိုင်းမတွ ရွတ်ပြသည်။

'နောက်တစ်နှစ်ကြာမှ ကော့ကေးဆပ်သို့ စစ်ချီရာလမ်းကြောင်းအတိုင်း ကနားရစ်က သွားခဲ့တယ်။ ဂျာမန်တပ်တွေဟာ မျှော်မှန်းတဲ့နေရာကို ရောက်မှာမဟုတ်ဘူးလို့လည်း ပြောပြတယ်။ ဒါပေမယ့် ရုရှားတွေက ကနားရစ်ပြောစကားကို မယုံကြဘူး'

သည်ပြောစကားများမှာ တခြားဌာနမှ ရရှိသော သတင်းနှင့်လည်း တစ်ထပ်တည်းဖြစ်၏။

ကနားရစ်သည် ၁၉၄၁–ခုနှစ်၊ ဆောင်းဦးပေါက်တွင် ရုရှားစစ်မျက်နှာမှ ဘာလင်သို့ ပြန်ရောက်လာသည်။ ပြီး တဖန် ဆွစ်နိုဝ်င ဘန်းမြို့သို့ ခရီးဆက်ပြန်သည်။ ရုရှားစစ်မျက်နှာတွင် ဂျာမန်တပ်များက အစွမ်းကုန်ဖြန့်၍ ရုရှားတို့ အကြီးအကျယ် ကြောက်ကြောက်လန့်လန့် ဖြစ်နေချိန်တွင် ကနားရစ်က ဆွစ်နိုင်ငံသို့ ရောက်လာသည်။

'အကယ်၍ ရုရှားတပ်များ ဖရိုဖရဲဖြစ်ပြီး အားအင်ကုန်ခမ်းနေချိန်မှာ ကျုပ်တို့တပ်တွေလည်း ဖရိုဖရဲဖြစ်ပြီး၊ အားအင်ကုန်ခမ်းနေပြီသာမှတ်။ ဒီအချိန်မှာ ကျုပ်တို့တပ်တွေ ရိက္ခာပြတ်ကုန်လိမ့်မယ်။ ဒီလောက်ဝေးလံတဲ့ ရှေ့တန်းနေရာမို့မို့ သယ်ယူပို့ဆောင်ရေးယာဉ်များလည်း ကျုပ်တို့မှာ လုံလုံလောက်လောက်မရှိဘူး။ ရုရှားတို့ အခြေအနေဆိုးပြီဆိုရင် ကျုပ်တို့တပ်တွေ အခြေအနေထက်တော့ ပိုမဆိုးနိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်က မစ္စစ်ဂျေအား ပြောပြသည်။

၁၉၄၂–ခုနှစ်တွင် ကော့ကေးဆပ်သို့ ထိုးစစ်ဆင်ရေး ရှုံးနိမ့်သွား၏။ ဆောင်းရာသီတွင် စတာလင်ဂရက်သို့ ထိုးစစ်ဆင်ပြန်သည်။

သည့်သတင်းကိုကြားလျှင် ဘုရင် ဘောရစ် တစ်ယောက် ကြောက်လန့်လိုက်မည့်ဖြစ်ခြင်း။

၁၉၄၃–ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ဟစ်တလာက ဘုရင် ဘောရစ်အား ဘာလင်သို့ ဆင့်ခေါ်ခဲ့၏။ အကယ်၍ မဟာမိတ်တို့က တူရကီမှတစ်ဆင့် ချီတက်လာခဲ့လျှင် ဘူလ်ဂေးရီးယားနိုင်ငံက ခုခံပါမည့်ဟူသော ကတိကို ရယူခဲ့သည်။ ဆိုဖီယာမြို့တော် ပြန်ရောက်လျှင်ရောက်ချင်း ဘုရင်ဘောရစ်က အင်ကာရာရှိ ဂျာမန် သံအမတ်ကြီးမှတစ်ဆင့် တူရကီအစိုးရနှင့် တိတ်တဆိတ် ဆွေးနွေးသည်။

ဘုရင်ဘောရစ်က တူရကီနှင့် ဘူလ်ဂေးရီးယားတို့အကြား လက်နက် အပြည့်အဝ တပ်ဆင်ပြီး ပိုနေမြဲကျားနေမြဲ နေကြရန် သဘောထားရှိ၏။ ဘူလ်ဂေးရီးယားက စစ်ကြီးမှ ချက်ချင်းခွဲထွက်မည်။ အကယ်၍ မဟာမိတ်တို့က အာရှမိုင်းနားကျွန်းဆွယ်မှ ချီတက်လာခဲ့လျှင် ဘူလ်ဂေးရီးယားက ဂျာမန်တို့အား လျော်ကြေးပေး ကျေအေးစေရန် ဖြစ်သည်။

သည့်ဆွေးနွေးပွဲကို ဘူလ်ဂေးရီးယားနိုင်ငံဘက်မှ အင်ကာရာမြို့ရှိ သံအမတ်ကြီးက ဆွေးနွေး၏။ တူရကီဘက်မှ နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးသည်။

သို့ရာတွင် ဘူလ်ဂေးရီးယားသံအမတ်ကြီးက ဆိုဖီယာမြို့တော်သို့ ပြန်၍ တိုးတက်မှု အစီရင်ခံရအံ့ဆဲဆဲတွင် ဒေသဆိုင်ရာ ဂျာမန်ထောက်လှမ်းရေး အရာရှိကြီး လူးယပ်စ်က နိုင်ငံခြားရေးဝန်ကြီးရုံးတွင် တပ်ဆင်ထားသော မိုက်ကရိုဖုန်းများမှ တစ်ဆင့် အပြည့်အစုံ သိရှိထားပြီးလေပြီ။

'ဘာကြောင့် ဒီလိုဖြစ်ခဲ့ရတာလဲ'

တူရကီရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင် ဒေါက်တာလီဗာခွန်အား ကျွန်တော် မေးမိသည်။

'ဘူလ်ဂေးရီးယားဆိုရင်တော့ ဒီလိုဖြစ်နိုင်တာပေါ့။ ဒါပေမယ့် ဒီသတင်းကို အီစတန်ဘူလ်ကလည်း ကျွန်တော်ကြားပြီးသား။ တူရကီဗိုလ်ချုပ်တွေက တူရကီ ဘူလ်ဂေးရီးယား စာချုပ်အကြောင်း ပြောကြတယ်။ သူတို့တွေက ဒါကို အတိုက်အခံပြု ဆန့်ကျင်ကြတယ်။ ဒီအကြောင်းကို ကျွန်တော်က ဗွန်ပေပန်ဆီ အစီရင်ခံခဲ့တယ်။ သူကတစ်ဆင့် ဘာလင်သို့ ထပ်ဆင့်တင်ပြလိုက်တယ်'

ဒေါက်တာလီဗာခွန်က အပြုံးမပျက် ရှင်းပြသည်။

ကနားရစ်နှင့် ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ နိုင်ငံရေးလှုပ်ရှားမှုများကို စစ်ဆေးရသော ဂက်စတာပိုအဖွဲ့မှ ဖါလ်သာဟာပွင်ကိုသန်က ကနားရစ်သည် ဩဂုတ်လ





အတွင်း ဘုရင်ဘောရစ် နတ်ရွာမစံမီ သတင်းတစ်ပတ်အလို၌ သွားတွေ့ခဲ့သည်ဆို၏။ သို့ရာတွင် ကနားရစ်က ဘောရစ်နှင့်တွေ့ဆုံခြင်းကို ဖါလ်သာက နောက်ထပ် ဘာမျှ ထင်မြင်ချက်မပေးခဲ့။

ဩဂုတ်လတွင် ဟစ်တလာက ဘုရင်ဘောရစ်အား ဂျာမနီသို့ နောက်တစ်ခေါက်လာရန် ဆင့်ခေါ်ခဲ့ဟန်တူသည်။ နောက်တစ်ကြိမ် အကြပ်ကိုင်ရန် ခေါ်ခြင်းဖြစ်ပေလိမ့်မည်။ ဘုရင်ဘောရစ်က မသွားလိုကြောင်း ကောလာဟလသတင်းများ ထွက်နေသည့်အထဲမှ ဒုတိယအကြိမ် သွားဖြစ်အောင် သွားခဲ့၏။

ရူမေးနီးယားနိုင်ငံ၏ သဘောထားကိုလည်း ဆွေးနွေးရန် ဟစ်တလာက ဗိုလ်ချုပ်ကြီး အန်တိုနီစကူကိုပါ ဂျာမနီသို့လာရန် ဆင့်ခေါ်လိုက်၏။

ဘုရင်ဘောရစ်နှင့် ဗိုလ်ချုပ်ကြီး အန်တိုနီစကူတို့အား ဆင့်ခေါ်ခြင်းမှာ မမှန်မကန် မဟာမိတ်ဖွဲ့ လက်တွဲခြင်းမှ မိမိတို့ဘာသာ ရှောင်ရှားရန်အတွက် အကြပ်ကိုင်ရန်ဖြစ်၏။

အာချောင်သော အီစတန်ဘူလ်မြို့မှ ရရှိသော သတင်းကို ဒေါက်တာလီဗာခွန်က ထောက်လှမ်းရေး အစီရင်ခံစာ ပို့ခဲ့ခြင်း၏ အကျိုးဆက်လည်းဖြစ်မည်။

ဒေါက်တာလီဗာခွန်က ဂျော့အားလ်နှင့်လည်း နိုင်ငံရေးရာကိစ္စများတွင် အဆက်အသွယ် ရှိနေသည်။ သို့ကြောင့်လည်း အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့မှပုဂ္ဂိုလ်နှင့် အထူးကိုယ်စားလှယ်တို့၏ လှုပ်ရှားမှုများကို တစေ့တစောင်း လှမ်းသိခွင့်ရခဲ့၏။

'ဂျော့အားလ်နှင့် ပတ်သက်လို့ အမေရိကန်ရဲ့ ဗြိတိသျှသံရုံးများမှာ သဘောထား ပြောင်းခဲ့ကြတယ်'

ဒေါက်တာလီဗာခွန်၏ ၁၉၄၃–ခု၊ မေလတွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ မိမိအကြီးအကဲများဖြစ်သော ဗွန်ပေပန်နှင့် ဗိုလ်မှူးကြီးဟာန်စင်တို့ထံ ရေးသော အစီရင်ခံစာတွင် သို့ကလို ဖော်ပြခဲ့၏။

'အမေရိကန်ပြည်ထောင်စုနဲ့ ဘူလ်ဂေးရီးယားတို့ သဘောတူညီမှုရရှိအောင် ဆောင်ရွက်ရာမှာ ဂျော့အားလ် အောင်မြင်ခဲ့တယ်လို့ သတင်းရရှိထားပါတယ်။ ဆွေးနွေးပွဲကို အီစတန်ဘူလ်မြို့မှာ ကျင်းပခဲ့ပါတယ်။ ဒါပေမယ့် ဆိုဖီယာမြို့မှာရှိတဲ့ ဂျော့အားလ်ရဲ့ သူများကတစ်ဆင့် ဆွေးနွေးခြင်းဖြစ်ပါတယ်။

နှစ်နိုင်ငံ သဘောတူညီချက်ရဲ့ အခြေခံကတော့ ဘူလ်ဂေးရီးယားနိုင်ငံရဲ့ လက်ရှိ ကျင့်သုံးနေတဲ့ဝါဒဟာ အကြပ်ကိုင်ဖိအားပေးလို့ ကျင့်သုံးနေရခြင်းဖြစ်တယ်။ တစ်ချိန် အကြပ်ကိုင်ဖိအားပေးခြင်းမရှိတော့တဲ့အခါ ကြားနေဝါဒကို ပြန်လည်ကျင့်သုံးမယ်လို့ ဆိုပါတယ်။

ဘူလ်ဂေးရီးယားနိုင်ငံက မိမိသိမ်းပိုက်ထားသော ဂရိပိုင်နယ်မြေများမှ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည် ရုပ်သိမ်းပေးမယ်။ ဒီသဘောတူညီချက်ဟာ ဂျော့အားလ်ရဲ့ လိမ္မာပါးနပ်မှုကြောင့် ရရှိခဲ့တယ်လို့ အမေရိကန်စစ်သံမှူးက ဆိုတယ်’

အမေရိကန်သမ္မတထံမှ ‘ချစ်လှစွာသော ဂျော့’ဟူသော စာကြောင့် အမေရိကန်သံရုံးတွင် တအံ့တသြ ဖြစ်ကြရကုန်၏။

ဘူလ်ဂေးရီးယား တူရကီ နှစ်နိုင်ငံစာချုပ်အတွက် ဘူလ်ဂေးရီးယားနိုင်ငံကိုယ်စား မည်သူက လက်မှတ်ရေးထိုးရမည်ကို ယတိပြတ် မဆုံးဖြတ်ရသေး။ ဘုရင်ဘောရစ်ရော၊ အစိုးရအဖွဲ့ကပါ တွန့်ဆုတ်ဆုတ်ဖြစ်နေသည်။ အခြား သင့်တော်မည့် ပုဂ္ဂိုလ်ကြီး တစ်ဦးဦးကို ရှာနေဆဲ။

ရူမေးနီးယားနိုင်ငံတွင်လည်း ထိုနည်းနှင်နှင်ပင်ဖြစ်ကြောင်း သတင်းရရှိ၏။

သည်တော့လည်း ဟစ်တလာက ဘုရင်ဘောရစ်နှင့် အန်တိုနီစကူဗိုအား ဆင့်ခေါ်လိုက်သည်ကို အံ့သြစရာမရှိ။

လျှို့ဝှက်ရဲအဖွဲ့မှ ဝါလ်သာဟာပွင်ကိုသန်က ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ လှုပ်ရှားမှုများနှင့်ပတ်သက်၍ အပတ်တကုတ် ကြိုးစားဖော်ထုတ်ခဲ့ရာတွင် ကနားရစ်သည် ဘုရင်ဘောရစ်အား နောက်ဆုံးအကြိမ် မကျန်းမမာ မဖြစ်မီကလေးတွင်ပင် ဆိုဖီယာမြို့တော်သို့ သွားခဲ့ကြောင်း ပြောပြ၏။ ဟာပွင်ကိုသန်က နောက်ထပ် ဘာမျှမပြောတော့၊ ကနားရစ်က ၎င်းအား တားမြစ်ပိတ်ပင်ထားသော နိုင်ငံရေးအကြောင်းကို ပြောဖြစ်အောင် ပြောလေမည်ကို သံသယရှိပုံရသည်။

ကနားရစ်က ဘုရင်ဘောရစ်အား လိုအပ်သောအချိန်တွင် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးအရယူရန် အကြံပေးလိမ့်မည်ကို မယုံကြည်နိုင်စရာ အကြောင်းမရှိ။

သို့ရာတွင် ဩဂုတ်လ၊ တတိယသတင်းပတ်တွင် ဘုရင်ဘောရစ်က ရုတ်တရက် မမာမကျန်း ဖြစ်တော့သည်။

၁၉၄၅–ခုနှစ်၊ စစ်ခုံရုံးတွင် ဘုရင်ဘောရစ်၏ ညီတော် စီရေးလ်က မိမိနောင်တော်အား ဘာလင်မှအပြန်ခရီးတွင် ချို့ယွင်းသောကီရိယာဖြင့် အောက်စီဂျင်ပေးရာ၌ ဂျာမန်လျှို့ဝှက်ရဲက အဆိပ်ငွေ့ထည့်ခဲ့ကြောင်းဖြင့် စွပ်စွဲသည်။ သို့ရာတွင် မင်းသားစီရေးလ်က မိမိစွပ်စွဲချက်ကို ကျောထောက်နောက်ခံပြုသော သက်သေအထောက်အထား မပြနိုင်ခဲ့။

အီစတန်ဘူလ်ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင် ဒေါက်တာလီဗာခွန်က ဘုရင်ဘောရစ်အား လုပ်ကြံသည်ဟူသော စွပ်စွဲချက်ကို မယုံကြည်၊ လက်မခံ။ ဒေါက်တာလီဗာခွန်က ဆိုဖီယာမြို့တော်ရှိ လုပ်ဖော်ကိုင်ဖက် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များနှင့် အကျွမ်းတဝင်ရှိ၏။

ဘုရင်ဘောရစ်အား ဘူလ်ဂေးရီးယားလူမျိုး ဆရာဝန်များပေးသော ဆေး





များက နှလုံးရောဂါ ထ,စေကြောင်းဖြင့် ဆိုသည်။ တစ်နေ့မနက်တွင် ဘုရင်ဘောရစ်သည် ရေချိုးခန်းတွင်း၌ နုတ်ရွှာစံ ကံကုန်နေကြောင်း တွေ့ရ၏။

ဟစ်တလာ၏ ညို့ခတ်ကယင် ပြင်းလေသည်လား။

ဘုရင်ဘောရစ်က မိမိနန်းတော်၏ ဘေးဘက်လေးတန် နံရံများ ဟာလာဟင်းလင်းဖြစ်ရလောက်အောင် မလုံခြုံဟု ထင်မှတ်လေသည်လား။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များက အရိပ်ပမာ လိုက်နေသည်ကြောင့်လား။

နောက်ဆုံး သေခါနီးဆဲဆဲတွင်ပင် ဟစ်တလာသည် အောင်ပွဲခံရလိမ့်မည်ဟု ရွတ်ဆိုခဲ့၏။ သည်သို့ ပြောဆိုခဲ့ကြောင်းကိုလည်း မှတ်တမ်းတင်၍ ဘာလင်သို့ အစီရင်ခံခဲ့သည်။

ဒေါက်တာလီဗာခွန်က သည်စကားများကို အလွတ်လိုလို ရနေဟန်တူသည်။ နောက် (၇)နှစ်ကြာမှ သည်အကြောင်းကို ကျွန်တော့်အား ပြောပြစဉ်က ထစ်ထစ်ငေါ့ငေါ့မရှိ၊ ရွတ်ဆိုပြနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

## ကာနားရစ်ညီကွာကျရေး

ဂျာမန်စစ်ဦးစီးအဖွဲ့နှင့် ဂျာမန်ထောက်လှမ်းရေးတို့က နောက်ဆုံး၌ ဂျာမနီသည် စစ်ကြီးတွင် အနိုင်ရလိမ့်မည်ဟု မထင်ကြ။

လန်ဒန်တွင်လည်း စစ်ဆင်ရေး ညွှန်ကြားရေးမှူး၊ ထောက်လှမ်းရေး ညွှန်ကြားရေးမှူးများကို ကြိုးကိုင်နေသူများကပါ သည်အတိုင်း ထင်မှတ်ကြ၏။

သည်တစ်ပွဲတွင် ဂျာမနီတို့ အပြတ်အသတ် အနိုင်ရလိမ့်မည်မဟုတ်၊ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ရှုံးနိမ့်လိမ့်မည်ဟု ထင်သည်။

အထူးသဖြင့် ကိုယ့်တပ်အကြောင်း ကောင်းကောင်းသိသူ ဂျာမန်တပ်မှူးများက ဂျာမနီအနိုင်ရလိမ့်မည်ဟု ဆိုခြင်းကို ပို၍ပင် သံသယရှိကြ၏။

သည်အကြောင်းကို ဂျာမန်တွင် ထောက်လှမ်းရေးအဖွဲ့က ကောင်းစွာသိပါ၏။

၁၉၄၁-ခုနှစ်က ကျွန်တော်ကိုယ်တိုင် စစ်ဦးစီးရုံးမှ ဂျာမန်ဘာသာဖြင့် ဂျာမနီကြည်းတပ်သို့ ဝါဒဖြန့် အသံလွှင့်သော ဌာနခွဲတွင် ခေတ္တခဏမျှ အမှုထမ်းခဲ့၏။

သည်စဉ်က ဝါဒဖြန့် အသံလွှင့်ရာတွင် ဂျာမန် သာမန်တပ်သားကလေးများအားရည်စူး၍ တော်လှန်ပုန်ကန်ရန်ပဲဖြစ်ဖြစ်၊ မိမိတို့နှင့် ပူးပေါင်းလာရန်ပဲဖြစ်ဖြစ်၊ အသံလွှင့်မည့်အစား ဂျာမန်စစ်တပ်အရာရှိများကို ရည်စူးပြောခြင်းက ပိုမိုထိရောက်လိမ့်မည်ဟု အကြံညာဏ်ပေးခဲ့ဖူးသည်။

ကျွန်တော့် အထက်အရာရှိ ဗိုလ်မှူးချုပ်က မိမိကိုယ်တိုင် သည်သို့တွေး





သော်လည်း မိမိအား ညွှန်ကြားထားချက်များတွင် သည်သို့ဆောင်ရွက်ရမည်ကို မဖော်ပြထားဟုသာ အဖြေပေးခဲ့၏။

၁၉၄၂-ခုနှစ်ကျပါမှ အကယ်၍ ကျွန်တော်တို့ဘက်က အသာစီးရလျက် ရေရှည်ဖိအားမပေးနိုင်ပါက ဟစ်တလာကို လှို့ဝှက်လက်နက်ဖြင့် အလဲထိုးရန်သာ ရှိအံ့မြင်၏။ ဂျာမန်နိုင်ငံတွင်းမှ ဟစ်တလာဆန့်ကျင်ရေး အဖွဲ့သားများအား လှို့ဆော်ပေးခြင်းသည်သာ နောက်ဆုံး အသုံးပြုရမည့် လှို့ဝှက်လက်နက် ဖြစ်တော့သည်။

မိမိတို့လက်ဝယ် ရှိနေပြီဖြစ်သော လက်နက်ကို အကျိုးရှိရှိ အသုံးချနိုင်ဖို့ လိုလားသော အချိန်အခါကြီးသည့် အရာရှိတစ်ဦးဦး လန်ဒန်မြို့ တစ်နေရာရာတွင် ရှိအံ့ထင်သည်။

ညအချိန်ခါများတွင် ဂျာမန်လေတပ်က ဗုံးကြဲလေယာဉ်မှူများက လန်ဒန်မြို့ ကောင်းကင်ယံအပေါ်သို့ ရောက်ရှိလာကာ ဗုံးများကို ဖြုတ်ချတော့သည်။ မီးတဟုန်းဟုန်း တောက်လောင်နေသည်မှာ နေ့ဝင်ချိန်ဆည်းဆာမျှ လင်းလို့။

အရှေ့ဖျားဒေသတွင် ဝင်ရိုးမဟာမိတ် ဂျပန်တို့က စင်ကာပူ၊ မြန်မာနိုင်ငံနှင့် ဂျာဗားကျွန်းတို့ကို သိမ်းပိုက်ခဲ့လေပြီ။

ရွှန်းမဲလ်က အာလာမိန်းအရပ်တွင် ကြံကြံခံ တိုက်နေဆဲ။

စစ်မျက်နှာအနှံ့တွင် ကိုယ့်ဘက်မှ အနိုင်ရလိုက်၊ အရှုံးနှင့် ရင်ဆိုင်ရလိုက်နှင့် အတောမသတ် လှုပ်ရှားနေကြဆဲ။

နောက်ဆုံးတွင်မှ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်အကြောင်း တစေ့တစောင်း ကြားဖူးသော ထောက်လှမ်းရေး အရာရှိနှစ်ဦးနှင့် ပက်ပင်းပါ တွေ့ခဲ့ရ၏။

၁၉၄၂-ခု၊ ဆောင်းဦးပေါက်ကာလ နေ့တစ်နေ့တွင်ဖြစ်သည်။ လန်ဒန်ရှိ အစိုးရအဖွဲ့ ရုံးထိုင်ရာ ဝှိုက်ဟောအဆောက်အအုံကြီးတွင် အသက်အရွယ်ကြီးနေပြီဖြစ်သော ဗိုလ်မှူးကြီးတစ်ဦးနှင့် စကားပြောခဲ့ရသည်ကို မှတ်မိနေသေးသည်။

'အေး . . . ခင်ဗျားမှာမှ အကြံရှိသေးတော့ စစ်ကြီးမတိုင်မီက ခင်ဗျား ဂျာမနီမှာ နေခဲ့တယ်မဟုတ်လား'

ကျွန်တော်က ဂျာမန် ထောက်လှမ်းရေးအဖွဲ့အကြောင်း ပြောလက်စရှိနေသည်ကို အရဲစွန့်ကာ ပြန်ဖောက်ပြန်သည်။

'ဗိုလ်ချုပ်ကြီး ကနားရစ်ရဲ့ စိတ်နေသဘောထားကတော့ တစ်ခုတည်းကိုသာ ရေ့ရှုပါတယ်'

ကျွန်တော်က ဆိုသည်။

'ဒီလူက ဂရိလူမျိုးပါ'

ဗိုလ်မှူးကြီးက အော်ကြီးဟစ်ကျယ် ပြောသည်။ ရုံးခန်းအတွင်းတွင် စကားပြောနေခြင်းဖြစ်၏။ သည်ရုံးအဆောက်အအုံကြီးတွင် ညှီသမျှ ကြားသမျှကို အော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ကျယ် ပြောလေ့ပြောထမရှိ၊ မှေးမှေးမှိန်မှိန်နှင့် အလုပ်များနေကြဟန်ရှိသူများ ကြားတွင် ကုတ်ကုတ်ကလေးနေသည့် မဟုတ်ပါလား။

သည်နေရာ သည်ဌာနမှ ဥရောပနိုင်ငံများ၏ မြို့တော်များအခြေအနေကို စူးစမ်းကြည့်ရှုကာ မှတ်တမ်းတင်နေသည်။

အပြိုင်ဉာဏ်ကစားသည့် ပွဲကိုလည်း ကောင်းကောင်းသိသော ဌာန။

စစ်ကြီးအတွင်း ဂျာမန်ထောက်လှမ်းရေးအကြောင်း သိသည်ဆိုသော ဒုတိယ မြောက် ဗြိတိသျှအရာရှိတစ်ဦးနှင့် တွေ့ခဲ့ရပြန်သည်။

သည်အရာရှိက ကနားရစ်၏ သပွတ်အူ ဘဝဖောက်လမ်းကို ချဉ်းကပ်ရာတွင် ပို၍ စိတ်ကူးစိတ်သန်း ကောင်းပုံရသည်။ ကိုယ်ခန္ဓာသေးသေး၊ တည်တည်ငြိမ်ငြိမ်နှင့် မဲ့ပြုံးလေး ပြုံးတတ်သူ ဖြစ်၏။ ထိုးထွင်းဉာဏ် အထူးကောင်း၏။ ဗဟုသုတကြွယ်ဝ ၏။ လျှို့ဝှက်သိမ်သည်း၏။ စိတ်တည်ငြိမ်၏။ သည်အရည်အချင်းတို့ကြောင့် ထောက်လှမ်းရေး အရာရှိအဆင့်နှင့် အထူးသင့်တော်သည့် ပုဂ္ဂိုလ်ဖြစ်၏။

'ဗိုလ်ချုပ်ကြီး ကနားရစ်က ဘာတွေ တွေးတော စဉ်းစားနေတယ်ဆိုတာကို ကျွန်တော် ကောင်းကောင်း စဉ်းစားသိနိုင်ပါတယ်။ သူ့စိတ်ထဲမှာ ဘာရှိနေတယ်ဆိုတာ အတတ်သိတယ်လို့ ကျွန်တော် ထင်တယ်'

ကျွန်တော်တို့နှစ်ဦး တွေ့စဉ်က ဥရောပနိုင်ငံများအကြောင်း၊ နိုင်ငံအသီးသီး၏ နိုင်ငံရေးရာများအကြောင်း၊ ဂျာမန် သမ္မတနိုင်ငံနှင့် ကြောက်စရာကောင်းသော ရှေ့ အနာဂတ်တို့အကြောင်း ဖောင်ဖွဲ့အောင် စကားပြောခဲ့ကြ၏။

သမိုင်းဖြစ်ရပ်များတွင် ပီပီပြင်ပြင် ရုပ်လုံးပေါ်မလာမီကပင် သည်ပုဂ္ဂိုလ်က သမိုင်းဖြစ်စဉ်ကို ကြိုတင်သိနိုင်စွမ်းရှိ၏။

တစ်ချိန်တွင် သူ့အမေးကြောင့် ကျွန်တော်ပင်လျှင် ရုတ်တရက် အံ့သြ တုန်လှုပ်သွားမိသည်။

'ကနားရစ်ကို ခင်ဗျားတွေ့ချင်သလား'တဲ့ . . . ။

သူ့မေးခွန်းတွင် ကျွန်တော့်အား တကယ် တုန်လှုပ်စေရလောက်အောင် တစ်ခုခုတော့ ရှိရပေမည်။

ကနားရစ်က အချက်ပြခဲ့သည်မှာ ထင်ရှား၏။

သတင်းပတ်များစွာ မကြာမီ ၁၉၄၂–ခု၊ စက်တင်ဘာလတွင် သည်ပုဂ္ဂိုလ်နှင့် ကျွန်တော် တွေ့ပြန်သည်။

အမေရိကန် သတင်းစာတစ်စောင်တွင် ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က ဟစ်တလာကို လုပ်ကြံ၍ နာဇီအစိုးရအဖွဲ့အား ဖြုတ်ချရန် ကြံစည်နေကြောင်း၊ သတင်းဖော်ပြခြင်းကို သည်ပုဂ္ဂိုလ်က ဝမ်းနည်းစိတ်ပျက်နေဟန်တူသည်။

'ကျုပ်တို့က တစ်ခုခုလုပ်ပြီဆိုတိုင်း ဖျက်လိုဖျက်ဆီးလုပ်မည့် အကြောင်း





ကိစ္စ တစ်ခုခုတော့ ပေါ်တတ်တယ်'

သည်ပုဂ္ဂိုလ်က ဆိုသည်။

သည်သတင်းကြောင့် ကနားရစ်၏ အခြေအနေ ယိမ်းယိုင်လိမ့်မည်မဟုတ် ကြောင်း ကျွန်တော်တပင် သူ့အားပြောပြမိသည်။ နာဇီပါတီနှင့် ဂျာမန်စစ်တပ်တို့ကြား အထင်အမြင်လွဲမှားရအောင် မဟုတ်မမှန် လုပ်ကြံခြင်းဖြစ်လိမ့်မည်ဟု အကြောင်းပြ ပြောသည်။

အကယ်၍ ဗြိတိသျှ သတင်းစာတစ်စောင်က ဗိုလ်ချုပ်ကြီး ကနားရစ်အား ပြင်းပြင်းထန်ထန် ပုတ်ခတ်တိုက်ခိုက် ရေးသားခဲ့လျှင် ကနားရစ်က အကျိုးနည်းဖြစ်မည် မှာ အမှန်။ ကျွန်တော်က သည်အကြောင်းကို သူ့အားပြောပြသည်။

သူက ပြုံးစစနှင့် နားထောင်နေသည်။

သည်အကြံကောင်းသည်ဟူသော အတွေးနှင့် ပြုံးသော အပြုံး။

'ဒီကိစ္စကို ကျွန်တော်လုပ်နိုင်ပါတယ်'

ကျွန်တော်က သူ့အား အာမခံချက်ပေး၏။

သို့ရာတွင် သည်အချိန်၌ ကျွန်တော်က ဘုရင့် ကမ်းတက်တပ်တွင် အမှုထမ်း နေဆဲ။ သတင်းစာများနှင့်လည်း အတွေ့အထိ မရှိ။ ထောက်လှမ်းရေးအဖွဲ့မှ ပုဂ္ဂိုလ်များ နှင့်လည်း တွေ့ခဲပါဘိတော့။

ကျွန်တော် အကြံဉာဏ်ပေးခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကြီးအကြောင်းရေးရန် တစ်ဦးဦးကို တိုက်တွန်းကြသည်။ သို့ရာတွင် ကနားရစ်နှင့်ပတ်သက်၍ နောက်ပိုင်းတွင် ရေးသားခဲ့သော ဆောင်းပါးများမှာ လိုအပ်သည်ထက်ပို၍ ပြင်းပြင်းထန်ထန် ပုတ်ခတ် ထားသည်။

သည်အကြောင်းများကို ယခု မှတ်တမ်းတင် ဖော်ပြလိုသည်။ ဖော်ပြရာတွင် အကြောင်းနှစ်ရပ်ရှိ၏။

သတင်းစာများတွင်ပါသော ဗိုလ်ချုပ်ကြီး ကနားရစ်အကြောင်း ဆောင်းပါးကို ဖတ်ရသည့် အင်္ဂလိပ်သတင်းစာဖတ် ပရိသတ်အား ယင်းအကြောင်းအရာတို့မှာ မဟုတ်မမှန် လုပ်ကြံထားခြင်းဖြစ်ကြောင်း ဖော်ထုတ်ရှင်းလင်းရန်။

သည်စဉ်က အင်္ဂလိပ်သတင်းစာများပါ ဆောင်းပါးများကိုဖတ်ပြီး ဒေါသ အမျက်ချောင်းချောင်းထွက်နေကြသော ဂျာမန်ပရိသတ်အား တကယ်တမ်း လက်ဆုပ် လက်ကိုင် မပြနိုင်ပါဘဲလျက် ရိုင်းရိုင်းပျပျ ဆဲရေးတိုင်းထွာခဲ့သော အရေးအသားများ၏ နောက်ကွယ်တွင် ရည်ရွယ်ချက်ကောင်းကြောင်း ဖော်ပြရန်။

၁၉၄၂–ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အင်္ဂလိပ်သတင်းစာများသို့ ပေးပို့ခဲ့သော စာရေးကြော်ငြာ မိတ္တူမှန်မှာ အောက်ပါအတိုင်းတည်း။

ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်။ ဂျာမနီ၏ ထိပ်တန်းသူလျှို



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်နိုင်ငံတော်၏ ကလိမ်ဉာဏ်ကြွယ်သူ

ဗြိတိန်နိုင်ငံနှင့် အစေးမကပ်သော ရန်သူ၊ ဟစ်တလာ အုပ်ချုပ်သော ဂျာမန်နိုင်ငံတွင် ကလိမ်ဉာဏ်များသူ၊ ဂျာမန်နိုင်ငံ၏ ထိပ်တန်းသူလျှို၊ မိမိရှေ့တွင် အဲဟန်အတားပြုရန် လာသူကို သွေးအေးအေးနှင့် လုပ်ကြံတတ်သော လူသတ်ကောင်။ ရေတပ်ဗိုလ်ချုပ်ကြီး ကာနားရစ်အား ထိုက်ထိုက်တန်တန်ပေးနိုင်သော ဘွဲ့ထူး ဂုဏ်ထူးများ ဖြစ်သည်။ ကာနားရစ်သည် ဟစ်တလာ အာဏာရလာရန် ဆောင်ကြဉ်းရာတွင် ထိပ်တန်းမှပါခဲ့သူ။ ရံဖန်ရံခါတွင် ကာနားရစ်က ဟစ်တလာအား မဟာမိတ်အဖြစ် သတ်မှတ်သင့်လေသလော။ ရန်သူအဖြစ် သတ်မှတ်သင့်လေသလောဟုပင် အံ့သြခဲ့ရသည်။

သည်သတင်းကို ဖော်ပြခြင်းကြောင့် ကာနားရစ်အား ဗိုလ်ချုပ်ကြီး ဖွန်စကာလေချာကို လုပ်ကြံသတ်ဖြတ်ခဲ့ခြင်း၊ ဗိုလ်ချုပ်ကြီးဖွန်ဖရစ်ချ် ကျဆုံးခြင်းတို့ဖြင့် အကျိုးပြုခဲ့သည်မှာ အမှန်။

ဗိုလ်ချုပ်ကြီး ဖွန်ဖရစ်ချ်မှာ ကာနားရစ်၏ မိတ်ဟောင်းဆွေဟောင်းဖြစ်သည်။ ဝါဆောမြို့တော်သို့ တက်တိုက်ရာတွင် ကျဆုံးခဲ့သည်။

သည်သတင်း၏ ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင်ရေးသော ဆောင်းပါးများမှာလည်း ကာနားရစ်အား လူသတ်ပညာရပ်နှင့် ပတ်သက်၍ ဟင်းမလားနှင့် ဟေးဒရစ်ချ်တို့ကို သင်တန်းပေးခဲ့သူ၊ အမျိုးသမီးသူလျှိုကျော် မာတာဟာရီအား ကြိုးကိုင်ခဲ့သော အရှင်သခင်နှင့် ချစ်သူဖြစ်ခဲ့သည့် ပုဂ္ဂိုလ်ဟု ဖော်ပြခဲ့၏။

'သည်ကမ္ဘာကြီးတွင် သူလျှိုလူမျိုးမရှိလျှင် ပို၍သန့်ရှင်းစင်ကြယ်မည်'တဲ့။

ကာနားရစ်က ဟစ်တလာအား ဖြုတ်ချရန် လုပ်ကြံနေကြောင်းသတင်းကို ဖော်ပြစဉ်က နိုင်ငံရေးအရ အားတက်သရောဖြစ်ကာ မိမိအား အံ့သြစေလိမ့်မည်ဟု ကျွန်တော်ထင်သည်။

ဂျာမန် စစ်ဦးစီးအဖွဲ့တွင် ဟစ်တလာကို အကြီးအကျယ် ဆန့်ကျင်နေကြောင်း ကောင်းကောင်းသိရလေလေ ဗြိတိန် ဝါဒဖြန့်လုပ်ငန်းမှ အမှုထမ်းများမှာ ပို၍ ဂဏာမငြိမ်ဖြစ်ကြလေလေပင်။

ဂျာမန်စစ်တပ် ထိပ်ပိုင်းမှ ဟစ်တလာအား ဆန့်ကျင်ပုန်ကန်ခဲ့ပါလျှင် အနာဂတ် ဆိုရှယ်လစ်ဥရောပ တည်ထောင်ရေးအကြံအစည်နှင့် မည်သို့မျှ ဟပ်မိမည်မဟုတ်။

သည်အချိန်တွင် အလေးထား စဉ်းစားသော ပုဂ္ဂိုလ်များက ဂျာမန် စစ်ဦးစီးအဖွဲ့၏ ဟစ်တလာနှင့်တွဲကာ ကျူးလွန်ခဲ့သော အပြစ်များအတွက် တာဝန်ရှိနေခြင်းမှ ရှောင်ဖယ်စေ၍မဖြစ်ကြောင်း ပြောခြင်းက ပို၍ တရားမျှတသည်သာ။





စင်စစ် ဟစ်တလာ၏ အကြံအစည်ကို အကောင်အထည်ဖော်ရာတွင် ဂျာမန်စစ်ဦးစီးအဖွဲ့မှာ အဓိက ဇာတ်ကောင်ဖြစ်သည် မဟုတ်ပါလား။

'ဗိုလ်ချုပ် ကာနားရစ်ရဲ့ စိတ်နေသဘောထားကို ခင်ဗျားလည်း ကောင်းကောင်းတီးမိခေါက်မိမှာပါ။ ခင်ဗျားရင်လဲဖြစ်ဖြစ်၊ ကာနားရစ်ရင်လဲဖြစ်ဖြစ် ပျက်စီးမှုနဲ့ စိတ်ဆင်းရဲမှုက လမ်းတိုတိုနဲ့ ထွက်ပေါက်ကို ရှာနိုင်မှာပါ။ ဒါပေမယ့် ခင်ဗျားတို့ရဲ့ အဖွဲ့အတွင်းယန္တရားနဲ့ သူ့အဖွဲ့အစည်းယန္တရားတို့ တစ်ခုခု မပျက်မချင်း သူ့နေရာနဲ့သူ ရှိကြဦးမှာပဲ'

ထိုပုဂ္ဂိုလ်ထံမှ ကျွန်တော်ထွက်လာသောအခါတွင် သို့ကလို ပြောမိသည်။

ဗိုလ်ချုပ်ကြီး ကာနားရစ်မှာ ဘယ်ပုံဘယ်နည်းဖြင့် နာမည်ပျက်ခဲ့သည်ကို ဖော်ထုတ်ရန်အတွက် ၁၉၄၂–ခုနှစ်က ဖြစ်ရပ်များကို ပြန်လည် ပြောပြနေရခြင်း ဖြစ်ပါ၏။

ဂျာမနီက ချွင်းချက်မရှိ လက်နက်ချရမည်ဟု ကာဆာဗလန်ကာတွင် မဆုံးဖြတ်မီကာလကပင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ရေတပ်ဗိုလ်ချုပ်ကြီး ကာနားရစ်နှင့် အဆက်အသွယ်ပြုသင့်ကြောင်း တင်ပြလာခဲ့သည်များပင် ရှိခဲ့၏။

သည်ကိစ္စတွင် ကျွန်တော်က အကူအညီပေးနိုင်ပါမည်လားဟူ၍ပင် အမေးခံရသည်။ သို့ရာတွင် နောက်ဆုံး၌ အခြားတစ်ဖက်မှ အကြံပေးဉာဏ်ပေးခဲ့ခြင်းက လွှမ်းမိုးသွားခဲ့၏။

'ကာနားရစ်နဲ့တွေ့ဖို့ ကျွန်တော်က ခင်ဗျားကို မစေလွှတ်နိုင်ခဲ့တဲ့အတွက် ဝမ်းနည်းမိပါတယ်။ ရုရှားတို့ကို စိတ်အနှောင့်အယှက်မဖြစ်စေဖို့ ကျုပ်တို့ ဂရုစိုက်ရလိမ့်မယ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောလာတယ်'

၁၉၄၂–ခုနှစ်က ကျွန်တော်နှင့် သည်ကိစ္စများကို ဆွေးနွေးခဲ့ဖူးသော ထိပ်တန်း ထောက်လှမ်းရေးအရာရှိကြီးတစ်ဦးက တောင်းပန်စကား ဆိုလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၇ )

## ပေါ့အရစ်ချိုသေပြီ

ကနားရစ်၏ ဂျာမန်ထောက်လှမ်းရေးအဖွဲ့က စစ်ကြီးတွင် အားတက်သရော ဆက်လက်ဆောင်ရွက်နေခြင်းကိုပင် ဟင်းမလားနှင့် ပေါ့ဖရစ်ချိုတို့က မကျေနပ်ကြ။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ရန်သူ ကွန်မန်ဒို အသေခံတပ်များအား ဖမ်းမိလျှင် သာမန်စစ်သုံ့ပန်းများအဖြစ်သာ သဘောထားလိုဟန်ရှိ၏။ ဟစ်တလာကမူ ၎င်းတို့အား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ သတ်ပစ်ရန် အမိန့်ထုတ်ထား၏။

ကနားရစ်က ယခုတိုက်နေသော စစ်ပွဲသည် ယခင်တိုက်ခဲ့ရသော စစ်ပွဲကြီးကဲ့သို့ပင် တန်းတူရည်တူ တိုက်နေကြသည်ဟုပင် သဘောထားသည်။ စစ်ပြီးလျှင် မသေမပျောက် ကျန်ရစ်သူများက တစ်စားပွဲတည်းထိုင်ပြီး ငြိမ်းချမ်းရေးစကား ပြောကြလိမ့်မည်ဟု ယုံကြည်သည်။

လူချင်းတူတူ သူချင်းမျှမျှဖြစ်ပါလျက် လူမျိုးရေးဝါဒကို ကနားရစ် မနှစ်မြို့၊ ကွပ်မျက်ရခြင်း လုပ်ကြံသတ်ဖြတ်ရခြင်းကိုလည်း မကြိုက်။

ခေါင်းဆောင်ကြီး ဟစ်တလာကမူ စစ်ရှုံးသူတို့ တစ်ဦးတစ်ယောက်မှ ကြွင်းကျန်ရစ်သူ မရှိစေရတဲ့။ ဂျာမန်လူမျိုးတိုင်းသည် စစ်ပွဲတွင် ပါဝင်တိုက်ခိုက်စေလို၏။

၁၉၄၁–ခုနှစ်၊ ဩဂုတ်လတွင် ရဲလင်ဘတ်က ဗိုလ်ချုပ်ကြီး ကနားရစ်အား တာပစ်ဇ်ဖာလမ်းရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ရုံးသို့ သွားတွေ့သည်။ ရဲလင်ဘတ်က မိမိနှင့်အတူ လူငယ်ရှေ့နေ ဒေါက်တာ ဝါလ်သာဟာပွင်ကိုသန်အား ခေါ်သွားသည်။





ဝါလ်သာဟာပွင်ကိုသန်သည် ရဲအရေးအခင်းများတွင် အထူးကျွမ်းကျင်သူဖြစ်၏။ ဝန်ကြီးအဖွဲ့ လုံခြုံရေးဌာနတွင် လျှို့ဝှက်ရဲအဖွဲ့ ဌာနကြီးမှူးဖြစ်လာသည်အထိ အဆင့်ဆင့် တိုးတက်လာခဲ့သည်။

ကနားရစ်က တစ်ချိန်တွင် မိမိကံကြမ္မာ အဆုံးသတ် နိဂုံးချုပ်စေမည့် ဟာပွင်ကိုသန်အား လက်ခံတွေ့ဆုံသည်။

ဟာပွင်ကိုသန်က ဗိုလ်ချုပ်ကြီး ကနားရစ်အား စူးစူးဝါးဝါးကြည့်သည်။ ဆံပင်က ဖြူလွှလွှ၊ ပင်ပင်ပန်းပန်း အလုပ်လုပ်ရ၍ နွမ်းနယ်နေပုံရသည်။ အဝတ်အစား သပ်သပ်ရပ်ရပ်မရှိသူဟု မြင်သည်။ ကနားရစ်က လေသံတိုးတိုးညှင်းညှင်း ပြောသည်ကိုပင် မှတ်သားခဲ့သည်။ ပြီး မိမိမှတ်ချက်တွင် ဖော်ပြခဲ့၏။

'ပရားရှန်းအရာရှိ အမျိုးအစားမဟုတ်' တဲ့။

ပြီးလျှင် ပေါ့အရစ်ချိုနှင့် ကနားရစ်တို့ သတင်းနှစ်ပတ်လျှင် တစ်ကြိမ်ကျ နေ့လည်စာ အတူစားသောက်ရာနေရာသို့ အတူတကွသွားကြ၏။ လျှို့ဝှက်ရဲအဖွဲ့မှ အုပ်စုခေါင်းဆောင် မူးလာ (ဂက်စတာပိုမူးလာ)လည်း သူတို့ထံ ရောက်လာခဲ့၏။ ထောက်လှမ်းရေးအဖွဲ့ (၃) (လုံခြုံရေး) အကြီးအကဲ ဗိုလ်မှူးကြီး ဗွန်ဘင်တီဗက်နီ ကနားရစ်၏ လက်ထောက်အရာရှိ ရေတပ်ဗိုလ်ချုပ်ကြီး ဘက်ကနာတို့လည်း အတူရှိနေကြသည်။

စားသောက်ဆိုင်မှ အစားအစာများမှာ အထူးကောင်းမွန်သည်။ ဒိန်းမတ်နိုင်ငံမှ တင်သွင်းခဲ့၏။ မြင်သစ်အရက်များကိုမူ သိမ်းပိုက်ရရှိခဲ့သော ဖရန့်ငွေဖြင့် ကန့်သတ်ရေးအတိုင်း ဝယ်ခဲ့ရ၏။

တစ်ချိန်က ဘာလင်အနောက်ပိုင်းရှိ လူကြိုက်များသော စားသောက်ဆိုင်တွင် စားနေကျဖြစ်ခဲ့၏။ အဆိုပါဆိုင်တွင်ပင် ၁၉၃၇–ခုနှစ်က ဗြိတိသျှနန်းလျာ ဝင်ဆာမြို့စားကြီးအား ဟင်းမလားနှင့် ရီဗန်ထရော့စ်တို့က ကျွေးမွေးပြုစုခဲ့၏။ ယခုမူ ပို၍ လုံခြုံသော ဘာလင်မြို့စွန် ဝင်စီအရပ်ရှိ ကုန်းမြင့်မြင့်တောအုပ်များ ခြံရံလျက်ရှိသော စားသောက်ဆိုင်သို့ ပြောင်း၍ စခန်းချကြမြဲဖြစ်သည်။

စားသောက်ဆိုင်တွင် ဗိုလ်မှူးပိုင်ကန်ဘရော့ခ်က ဗိုလ်ချုပ်ကြီးတို့ လူစုနှင့် လာရောက်ပူးပေါင်းမိသည်။ ပိုင်ကန်ဘရော့ခ်မှာ အမှတ် (၁) စစ်ဘက်ထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်၏။

ဆိုင်မန်နေဂျာကို ကျွန်တော်ပင် မှတ်မိနေသေးတော့။ အချက်အပြုတ်ပညာတွင် ထူးချွန်သူဟု မှတ်မိနေပါ၏။

အရေးပါသော ပုဂ္ဂိုလ်ကြီးများက တစုတဝေးဖြင့် မိမိဆိုင်သို့ လာရောက်အားပေးပြန်သောအခါ ဆိုင်မန်နေဂျာက အရှိအသေပေးလျက် ပြုံးပြီး ခရီးဦးကြိုပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်ဆိုင်၏ ဆိုင်ခွဲကိုပင် စပိန်နိုင်ငံ မဒရစ်မြို့၌ဖွင့်ဖို့ ကနာရစ်က အကူအညီပေးခဲ့သည်။ မဒရစ်မှဆိုင်သို့ လာရောက်စားသောက်ကြသော သံတမန်များ ပြောကြ ဆိုကြသည်ကို ကနာရစ်လူများက နားစွင့်ခွင့် ရနိုင်သည်မဟုတ်ပါလော။ သည့်ဆိုင်၌ လာရောက်အားပေးသူများတွင် ကနာရစ်မှာ ဩဇာတိက္ကမ အကြီးဆုံး၊ ဒုတိယ လာနေကျပုဂ္ဂိုလ်မှာ ဟေးဒရစ်ချ်။

ပုဂ္ဂိုလ်ကြီးများ စကားဝိုင်းတွင် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြနှင့် ရံဖန်ရံခါ သူတို့စကားများမှာ လျှို့ဝှက်ချက်များကို ထိပါးတာတတ်သေးသည်။

ဟာပွင်ကိုသန်က ကနာရစ်နှင့် ဟေးဒရစ်ချ်တို့ ရင်းရင်းနှီးနှီးရှိကြသည်ကို တွေ့ရ၏။ သို့ရာတွင် ဟေးဒရစ်ချ်က မိမိအား သတိပေးခဲ့သည်ကို မှတ်မိနေသေးသည်။

'ကနာရစ်က မြွေခွေးလို ကောက်ကျစ်တတ်တဲ့လူ ဘယ်တော့များမှ မယုံလေနဲ့ ကိုယ့်လူ'

သို့ရာတွင် ဟေးဒရစ်ချ်နှင့် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ရပြီးသည်နှင့် ဟာပွင်ကိုသန်က ဟေးဒရစ်ချ်နှင့် ပတ်သက်၍ မိမိ နေ့စဉ်မှတ်စုစာအုပ်တွင် မှတ်ချက်ပြုထား၏။

'ဟေးဒရစ်ချ်နဲ့အတူ လက်တွဲအလုပ်လုပ်ဖို့ ခဲယဉ်းပေလိမ့်မယ်။ ဒီလူက မိုက်ရူးရဲ တစေက်ကန်းသမားပဲ'

ဝင်စီအရပ်မှ စားသောက်ဆိုင်တွင် စားကြသောက်ကြချိန်တွင်မူ သည်ကဲ့သို့ ခါးခါးသီးသီး မုန်းတီးခြင်း၊ အာဃာတထားခြင်း ရှိဟန်မတူ။

ဟာပွင်ကိုသန်က ဟေးဒရစ်ချ်အား ၎င်း၏အိမ်တွင်တစ်ကြိမ်၊ ကနာရစ်အိမ်တွင် တစ်ကြိမ် ထပ်မံတွေ့ကြပြန်၏။ တစ်ဦးနှင့်တစ်ဦး သင့်မြတ်ကြသည်ဟု ထင်ရ၏။ ဘာလင်မြို့တောင်ဘက် ဇိုစန်အရပ်ရှိ ကြည်းတပ်ဌာနချုပ်မှ ထောက်လှမ်းရေးအဖွဲ့ ရိုင်သာသို့ အတူတကွ သွားရောက်စားသောက်ကြ၏။ တဖန် ဝင်စီမှ စားသောက်ဆိုင်သို့ သွားကြပြန်သည်။

လုပ်ငန်းတာဝန် ခွဲဝေသတ်မှတ်ရာတွင် ကနာရစ်က စစ်မြေပြင်ထောက်လှမ်းရေးနှင့် တန်ပြန်ထောက်လှမ်းရေးကို ကွပ်ကဲရ၏။ စင်စစ် ၎င်းက ဂက်စတာပိုအဖွဲ့၏ လိုအပ်ချက်ကို မဖြည့်စွမ်းခဲ့ကြောင်း ဟာပွင်ကိုသန်က နောင်သောအခါမှ မြင်လည်သုံးသပ်တွေ့ရှိရ၏။

'လက်တွေ့တွင်မူ အညွှန်းပြုရာ၌ ကြိမ်ဖန်များစွာ ဖြုပြင်ပြောင်းလဲ ဖြည့်စွက်နှုတ်ပယ်ရသည်များကို ပြုရသည်မှာ ထင်ရှားသိသာလှ၏။ အထူးသဖြင့် တန်ပြန်ထောက်လှမ်းရေးပြဿနာကို ရှင်းလင်းစေရပေလိမ့်မည်'တဲ့။

ဂျာမန်ကြည်းတပ်က ပြင်သစ်နှင့် ဘယ်လ်ဂျီယံနိုင်ငံ မြောက်ပိုင်းဒေသတွင် လုံခြုံရေးတာဝန်ယူနေခြင်းကို ဟင်းမလားနှင့် ဟေးဒရစ်ချ်တို့က ဘဝင်မကျနိုင်။





၁၉၄၁–ခု နှစ်ကုန်ပိုင်းတွင် ဟေးဒရစ်ချ်က ဗိုလ်ချုပ်ကြီးကျော်လ်ထံ ရေးခဲ့သည်။ ဂျာမန်ကြည်းတပ်၏ ထောက်လှမ်းရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့တို့၏ ဆက်ဆံရေးကို ပြန်လည်ချိန်ဆရန် လိုကြောင်း ရှင်းပြခဲ့သည်။

အမှန်မှာ အဆိုပါစာကို ကနာရစ်သို့ တစ်ဆင့် ကမ်းပေးခြင်းဖြစ်၏။ စည်းဝေးပွဲကလေးတစ်ရ ကျင်းပကာ ဆွေးနွေးညှိနှိုင်းကြသည်။ ကနာရစ်၊ ဟေးဒရစ်ချ်၊ ဂက်စတာပိုမှ မူလာ၊ ဗိုလ်ချုပ်ကြီး ဗွန်ဘင်တီဗက်နီနှင့် ဟာပွင်ကိုသန်တို့ တက်ရောက်ခဲ့ကြ၏။

ဟေးဒရစ်ချ်နှင့် ကနာရစ်တို့က နောင်အချိန်များတွင် မိမိတို့လုပ်ငန်းများနှင့် ပတ်သက်၍ တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း အသိပေးမည်ဖြစ်ကြောင်း ကတိပြုကြ၏။

'သို့ရာတွင် စစ်ရေးအခြေအနေကြောင့် မိမိက ကနာရစ်နှင့် သဘောတူညီချက်ရှိပါက မိမိတစ်ဦးတည်းသာလျှင် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း ဟေးဒရစ်ချ်က ပြောပြန်သည်။ စစ်ကြီးပြီးလျှင် ယခုအခါ စစ်ဘက်ထောက်လှမ်းရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သမျှအား ဂက်စတာပိုအဖွဲ့ လုပ်ပိုင်ခွင့်များအတွင်းမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း အရေးဆိုပေလိမ့်မည်'

ဟာပွင်ကိုသန်က မိမိဘဝမှတ်တမ်းစာအုပ်တွင် သို့ကလို ရေးသားဖော်ပြခဲ့၏။

ကနာရစ်တစ်ယောက် မလှုပ်မယှက် ငြိမ်သက်လျက်ရှိနေသည်။

ဆောင်းကာလတွင် ရောက်နေပြီ၊ ဂျာမန်စစ်တပ်များလည်း မော်စကို ရှေ့တန်းစစ်မျက်နှာ ရေခဲပြင်တွင် တောင့်တင်းလျက် သေမွဲဝင်နေကြရပြီ။

ဟေးဒရစ်ချ်က နောင်အနာဂတ်တွင် ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံခြား၌ လျှို့ဝှက်ရဲအဖွဲ့ကသာ တာဝန်ထမ်းဆောင်ရပေလိမ့်မည်ဟု ကြွေးကြော် ဘောင်းဆိုလာသည်။

ကနာရစ်ကလည်း မိမိလက်အောက်ခံ စစ်ရဲအများစုကို လျှို့ဝှက်ရဲအဖွဲ့၏ ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ပေးရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း အဝတ်အလဲကြေငြာပြန်သည်။

ဟေးဒရစ်ချ်တောင်းဆိုသမျှ ကနာရစ်က လိုက်လျောလျက်ရှိ၏။

သို့ရာတွင် သတင်းပတ်အနည်းငယ်ကြာပြီးနောက် ဗိုလ်မှူးကြီးဘင်တီဗက်နီထံမှရရှိသော သဘောတူညီချက်အကြမ်းတွင် သည်စဉ်က သဘောတူခဲ့သည်နှင့် ပြောင်းပြန်ဖြစ်နေသည်ကို ဟာပွင်ကိုသန် တွေ့ရ၍ ဒေါ်ပွမိသည်။

ကနာရစ်က စစ်မြေပြင်လုံခြုံရေး ရဲအဖွဲ့ဝင်များအား ပြောင်းရွှေ့ပေးရာတွင် မိမိဘက်မှ ချို့ယွင်းချက်မရှိပါဘဲလျက် တုန့်ဆိုင်းဆိုင်းဖြစ်နေရကြောင်း ရှင်းပြသည်။

အကယ်၍ လိုအပ်ခဲ့လျှင် နောင်အခါတွင် အငြင်းမပွားရလေအောင် စက်ရေး



www.burmeseclassic.com

www.burmeseclassic.com



တိုစာရေးအား မှတ်တမ်းတင်စေသင့်ကြောင်းဖြင့် ပေါ့အရစ်ချ်က ဆိုသည်။ ယခု သဘောတူခဲ့ပြီးသော ဆွေးနွေးချက်များမှာ အဓိပ္ပာယ်ဘာမျှမရှိဟု ကနားရစ်ထံ ပေါ့အရစ်ချ်က **စိတ်ဆိုးဆိုးနှင့်** စာရေး၏။

**ပေါ့အရစ်ချ်က မိမိသည်** ကနားရစ်တို့နှင့် ဘယ်သောအခါမှ မဆွေးနွေး နိုင်တော့ဟု ဆိုသည်။ **နောင်ကို** ကနားရစ်တို့က ဆွေးနွေးလိုလျှင် ဗိုလ်ချုပ်ကြီး ကေတဲလ်နှင့် ဆက်သွယ်**စေသင့်ကြောင်း ပေါ့အရစ်ချ်က** ဟင်းမလားသို့ အဆိုပြုခဲ့၏။

ကနားရစ်က ဗိုလ်ချုပ်ကြီး **ဘင်တီဗက်နီနှင့်အတူ** ပေါ့အရစ်ချ်ရုံးသို့ သုတ်ခြေ တင်သွားကြ၏။ ပေါ့အရစ်ချ်က မိမိမရှိကြောင်း **လက်ထောက်အရာရှိတစ်ဦးကို** လွှတ်၍ ပြောသည်။ ကနားရစ်ကမူ ထွက်မသွားဘဲ ဧည့်ခန်းတွင် **အချိန်အတန်ကြာသည်အထိ** စောင့်ခဲ့၏။ သည်းမခံနိုင်တော့သည့်အခုံးကျမှ ထွက်သွားသည်။ ဗိုလ်**မှူးကြီး** ဘင်တီ ဗက်နီကိုမူ ပေါ့အရစ်ချ်နှင့် မတွေ့မချင်း စောင့်နေရန် ညွှန်ကြားခဲ့၏။

ဂက်စတာပိုမှ မှူးလာထွက်လာ၏။ ဗိုလ်မှူးကြီး ဘင်တီဗက်နီအား စောင့် မနေဘဲ ပြန်သွားရန် တိုက်တွန်းခဲ့၍ ထွက်ခဲ့ရ၏။

ကနားရစ်က ဗိုလ်ချုပ်ကြီးကေတဲလ်ထံ သွားပြန်သည်။ ကေတဲလ်က ပေါ့အရစ်ချ်ထံ ဖုန်းဆက်အကြောင်းကြားသည်။ နောက်ဆုံးတွင်မူ ပေါ့အရစ်ချ်က ကနားရစ်တို့နှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းရန် သဘောတူသည်။ စားနေကျ ဝင်စီ အရပ်မှ စားသောက်ဆိုင်တွင် နေ့လည်စာ အတူစားရန်ပင် ဖိတ်ခေါ်လိုက်ပြန်၏။

အေးဆေးတည်ငြိမ်သော သည်အချိန်တွင် ကနားရစ်နှင့် ပေါ့အရစ်ချ်တို့က သဘောတူညီချက်ကို အသစ်တဖန် ပြန်လည်ရေးဆွဲခဲ့သည်။ ပြီး . . . သဘောတူ လက်မှတ်ရေးထိုး ကြပြန်သည်။

ဂက်စတာပိုက ပြင်သစ်ရှိ ထောက်လှမ်းရေးလုပ်ငန်းများကို ကြီးကိုင်တော့မည်။ နောင်နှစ်နှစ်အကြာတွင် ဗြိတိသျှသူလျှို အိုဒက်နှင့် ဗိုလ်ကြီးပီတာချာ့ချ်တို့ အရေးကိုပါ တာဝန်ယူဆောင်ရွက်သည်။ သုံ့ပန်းအကျဉ်းစခန်းများမှ ထွက်ပြေးလွတ်မြောက်သွားသူ များအား လိုက်လံဖမ်းဆီးရာတွင်လည်း တာဝန်ယူသည်။ ဗြိတိသျှ သူလျှိုနှစ်ဦးအား ရက်ရက်စက်စက် ညှဥ်းပန်းပြီး သုတ်သင်လိုက်၏။

ပေါ့အရစ်ချ်တစ်ယောက် မြူးမည်ဆိုလည်း မြူးစရာ။

သို့ရာတွင် သဘောတူညီချက်ကို အသေးစိတ် ဆောင်ရွက်ရန် တစ်နှစ်တာမျှ ကြာပေဦးမည်။

သည်အခိုက်တွင် ဟာပွင်ကိုသန်က ဗိုလ်ချုပ်ကြီး ကနားရစ်အကြောင်း ဖို၍ သိခွင့်ရလာ၏။ ကနားရစ်သည် ဂရိလူမျိုးအနွယ်မှ ဆင်းသက်ခဲ့သူဖြစ်ကြောင်း ဇာတ်လမ်းကို ပြောကြဆိုကြရာတွင် လျှို့ဝှက်ရဲအဖွဲ့က အလှည့်အပြောင်းကလေးများ ဖန်တီးထားသည်။





မြင့်မြတ်ကြီးကျယ်သော ဘိုးဘေးများကို အကြောင်းပြုပြီးသကာလ အခြောက်တိုက် စိတ်နေမြင့်နေသည် ဟူ၍။

ကနားရစ်သည် ၁၈၂၀–ခုနှစ်က ဂရိ ရေတပ်သူရဲကောင်း ဗိုလ်ချုပ်ကြီး ကွန်စတန်တင်နှင့် ဆွေမျိုးတော်စပ်သည်ဟု ဆိုနိုင်ပါ၏။

သို့ရာတွင် ယခုအခါ ဂရိတို့မှာ ဂျာမန်တို့၏ရန်သူ ဖြစ်နေပါချေ၏။ အီတလီ လူမျိုးတို့ပင်လျှင် ဂျာမန်တို့၏မဟာမိတ် ဖြစ်နေလေပြီ။

သည်သို့လျှင် ဆက်ဆံရေးရှုပ်ထွေးနေခြင်းကပင်လျှင် **အရှည်အကျဉ်း** အံ့ဩ စေပေလိမ့်မည်မှာ **အမှန်**။

**တစ်နေ့တွင်** ကနားရစ်က ဟာပွင်ကိုသန်အား မိမိမိသားစု ဆင်းသက်ခဲ့ပုံ **မှတ်တမ်းကို** ထုတ်ပြသည်။ ကနားရစ် မိသားစု၏ မူလဘူတမှာ အီတလီမှဖြစ်ကြောင်း **တွေ့ရ၏**။

'ဒါနဲ့ဆို ခင်ဗျားဆီက ကျုပ်မှတ်တမ်းဖိုင်တွဲ ပြည့်စုံသွားပါပြီနော်'

ကနားရစ်က လေသံတိုးတိုးနှင့် ပြောသည်။

➡ ◆ ⬅

ပေါ့အရစ်ချ်က ဂျာမန်တို့သိမ်းပိုက်ထားသော ဥရောပနယ်မြေတွင် 'သိမ်းပိုက် ထားသော နယ်မြေလုံခြုံရေးအရာရှိ ဗိုလ်ချုပ်ကြီး' ဟူသော ရှည်လျားသည့် ရာထူးဘွဲ့ တံဆိပ်ဖြင့် ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်၏။

'ပစ်သတ်လိုက်'

ပေါ့အရစ်ချ်၏ သေမင်းတမန်အမိန့်က ထိပ်တန်းအရာရှိကြီးများ၊ ပါမောက္ခကြီး များ၊ ကွန်မြူနစ်ပါတီဝင်များ၊ ဂျူးလူမျိုးများ၊ ဘယ်ကဲ့သို့သော လူတန်းစားကိုမျှ မရွေးတော့။

ဘယ်လ်ဂျီယံနိုင်ငံတွင် ကြမ်းတမ်းပါသည်ဆိုသည့် ဗိုလ်ချုပ်ကြီး ဗွန်ဖော်လ် ကန်ပော်စင်၏ အုပ်ချုပ်ရေးကိုပင် ပျော့ညံ့လွန်းသည်ဟု ပေါ့အရစ်ချ်က ထင်သည်။

သွေးချောင်းစီးမှ အလိုပြည့်သော ပေါ့အရစ်ချ်။

သူ့အရှင်သခင်က သူ့ထက်ပင် ဖို၍ သွေးဆာသူပါတကား။

ပြင်သစ်ဗိုလ်ချုပ်ကြီး ဂီရော့ဖ်သည် စက်ဆွန်နီပြည်နယ်ရှိ ကိုနစ်စတိန်းရဲတိုက် တွင်း အကျဉ်းကျနေရာမှ ၁၉၄၂–ခုနှစ်ဦးပိုင်းတွင် ထွက်ပြေး လွတ်မြောက်သွားသည်။ ဂျာမန်တို့လက်မှ လွတ်နေသော ပြင်သစ်နယ်မြေအတွင်းသို့ အလွတ်ပြေးသွားနိုင်ခဲ့၏။

ဟစ်တလာက အီတလီခေါင်းဆောင် မူဆိုလိုနီထံ စာရေးပြီး ၁၉၄၀– ခုနှစ်တွင် အာဖရိကမြောက်ပိုင်းရောက် ဗိုလ်ချုပ်ကြီးဝေဂန်အား သုတ်သင်ပစ်ရန်



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန်ထောက်လှမ်းရေးအဖွဲ့အား အမိန့်ထုတ်ခဲ့၏။

'အာဖရိက မြောက်ပိုင်းဒေသတွင် နေသားတကျရှိစေရန်အတွက် ဗိုလ်ချုပ်ကြီး ဝေဂန်အား ရွေးချယ်ခြင်းကို ကျုပ် မကျေနပ်'

ဟစ်တလာက မှတ်စုလိုနီထံရေးသောစာတွင် ဖော်ပြပါရှိ၏။

ဗိုလ်ချုပ်ကြီးဝေဂန်က မဟာမိတ်တို့နှင့် ပူးပေါင်းသွားမည်ကို ဟစ်တလာက စိုးရိမ်နေဟန်ရှိ၏။

ဗိုလ်ချုပ်ကြီး ပိုင်ကန်ဘရော့ခ်က မှတ်ချက်ချလိုက်၏။

'ဂျာမန်ကြည်းတပ် ထောက်လှမ်းရေးအဖွဲ့ဟာ လျှို့ဝှက်ရဲအဖွဲ့ *(SD)* တို့လို လူသတ်ကောင်များ အဖွဲ့အစည်းမဟုတ်ဘူးဆိုတာ ဟစ်တလာကို အစီရင်ခံဖို့ ကေတဲလ်ကို ရှင်းလင်းပြောပြသင့်ပြီ'

ရဲတပ်ဗိုလ်ချုပ်ကြီး ကနားရစ်က ဗိုလ်ချုပ်ကြီးကေတဲလ်အား တိုးတိုးကလေး ပြော၍ ချော့နေသည်။

ဗိုလ်ချုပ်ကြီးများအား လုပ်ကြံသတ်ဖြတ်နေခြင်းကို မလိုလားသော ကေတဲလ်က သည်အလုပ်တာဝန်ကို လျှို့ဝှက်ရဲအဖွဲ့သို့ လွှဲပြောင်းပေးရန် သဘောတူလိုက်၏။

သည်ကိစ္စနှင့်ပတ်သက်၍ ကနားရစ်က ဘယ်သူ့ကိုမျှ ပြောမပြတော့။

သည်အချိန်တွင် ဟေးဒရစ်ချ်က မှုရင်းရှိရင်းစွဲ တွဲ့တံဆိပ်တွင် 'ဘိုဟီးမီးယား နှင့် မော်ရေးဗီးယားပြည်နယ်များ၏ ကာကွယ်စောင့်ရှောက်သူ' *(Protector of Bohemia & Moravia)*ဟူသော တံဆိပ်ဖြင့် ထပ်လောင်းခံယူပြန်သည်။

ရုရှားစစ်မျက်နှာတွင် ဂျာမန်တပ်များက ရှေ့မတိုးနိုင်ဖြစ်နေခြင်းကြောင့် ချက်နိုင်ငံမှာ အန္တရာယ်နှင့် ရင်ဆိုင်ရတော့မယောင်ယောင်။

ဘောရှန်ဗွန်နျူရက်သ်မှာ အုပ်ချုပ်မင်းလုပ်ရာတွင် ပျော့ညံ့သူဖြစ်၏။

ဟေးဒရစ်ချ်က ဘောရှန်ဗွန်နျူရက်သ်အပေါ် အနိုင်ကျင့်၍ ၁၉၄၁–ခုနှစ် စက်တင်ဘာလတွင် အရေးပေါ်အခြေအနေကို ကြေငြာတော့၏။ ပြီး ဥပဒေများ ကြေငြာချက်များကို ထုတ်ပြန်၏။ အုပ်ချုပ်ရေးအပေါ် မနှစ်မြို့ မလိုလားသည့် အပြစ်မျှ လောက်ကိုပင် သေဒဏ်ပေးသည်အထိ ပြင်းပြင်းထန်ထန် ဒဏ်ခတ်တော်၏။ နှစ်လအတွင်း ဂုဏ်သရေရှိ လူကြီးလူကောင်း ၁,၁၀၀ ကျော်ကို ကွပ်မျက်လိုက်၏။

ဂျာမန်တို့ သိမ်းပိုက်ထားသော အခြားနိုင်ငံများရှိ ဂျာမန် လျှို့ဝှက်ရဲအဖွဲ့ လုပ်ငန်းများကို ဟေးဒရစ်ချ်က စစ်ဆေးမြဲ စစ်ဆေးလျက်ပင် ရှိသေးသည်။

ပိုလန်နိုင်ငံအခြေစိုက် ဂျာမန်လျှို့ဝှက်ရဲအဖွဲ့မှ ဗိုလ်ချုပ်ကြီး အိုဗတ်အား ၁၉၄၂–ခု၊ မေလ ၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့ အမှုထမ်းစေသည်။ ပြင်သစ်နိုင်ငံတွင် တစ်စတစ်စ ကျယ်ပြန့်လာသော မျိုးချစ်တော်လှန်ရေးပုန်ကန်မှုများကို နှိမ်နင်းရန် တာဝန်ပေးထားသည်။





တဖန် ဟေးဒရစ်ချ်က ပဲရစ်မြို့သို့သွား၍ အစုလိုက် အပြုံလိုက် ပစ်သတ်သည်ကို ကြီးကြပ်ကွပ်ကဲသည်။ မေလ တတိယသီတင်းပတ်တွင် ပရပ်မြို့သို့ ပြန်ရောက်လာပြန်သည်။ ပိုလန်လူမျိုး လူငယ်များအား စစ်မှုမထမ်းမနေရအမိန့် ထုတ်ပြန်မည်ဟု ပိုလန် ဘောင်းတော်ညိတ် စိတ်တော်သိ ခေါင်းဆောင်များအား ပြောပြသည်။

ချက်နိုင်ငံ၊ ပရပ်မြို့တော်၏ ဟရဒ်ချင်းနန်းတော်ရင်ပြင် ကျောက်သားပကတိ ခန်းမကြီးများတွင် ဂျာမန်လျှို့ဝှက်ရဲအဖွဲ့၊ မူခင်းရဲအဖွဲ့နှင့် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အရာရှိများ၏ စစ်ဖိနပ်သံများက လျှံထွက်နေသည်။

ထောက်လှမ်းရေး တာဝန်ဝတ္တရားများ အသစ်ခွဲဝေ ထမ်းဆောင်ခြင်းကို အတိအလင်းကြေငြာရန် ဟင်းမလားနှင့် ဟေးဒရစ်ချ်တို့က ညီလာခံတစ်ရပ်ကို ခံယူကာ ပရပ်နန်းတော်တွင်း၌ ကျင်းပစေသည်။

လျှို့ဝှက်ရဲအဖွဲ့က တန်ပြန်ထောက်လှမ်းရေးကို တာဝန်ယူရသည်။ ထောက်လှမ်းရေးအဖွဲ့ (၃) က လက်အောက်ခံ အခန်းကဏ္ဍမှသာ ပါဝင်ရတော့သည်။

သည်အခါတွင် ဟေးဒရစ်ချ် နေဝင်ချိန် ရောက်လာပေတော့မည်။

တစ်ညတွင် ဘိုဟီးမီးယားပြည်နယ် ကောင်းကင်ယံသို့ ဗြိတိသျှ ဘုရင့် လေတပ်မှ လေယာဉ်တစ်စင်း ပျံသန်းလာသည်။ ပရပ်နန်းတော်အတွင်း၌ ထောက်လှမ်း တာဝန်တွဲပေးရေး ညီလာခံ ကျင်းပနေချိန်တွင်ပင် ဖြစ်တန်ရာ၏။ အဆိုပါ လေယာဉ်မှ ချက်တပ်မဟာမှ သုံးဦးက စတင်းဂန်းသေနတ်၊ လက်ပစ်ဗုံးများဆောင်လျက် လေထီးဖြင့် ဆင်းလာခဲ့၏။

မြေပြင်မှ တိတ်တဆိတ် ကြိုဆိုနေသူများက လေဘန်အရပ်အနီးရှိ လမ်းကွေ့ တစ်ခုဆီသို့ ဦးဆောင်ခေါ်သွားကြ၏။ သည်နေရာတွင် ဟေးဒရစ်ချ်က မကြာခဏ ဖြတ်သန်းဖြတ်လာ ပြုတတ်သည်။ 'ဂ'ကွေ့ဖြစ်၍ ဟေးဒရစ်ချ် ကားမှာ သည်နေရာ ရောက်လျှင် အရှိန်လျှော့ရစမြဲ။ လမ်းကွေ့အနီးတွင် စက်ဘီးနှစ်စင်းရပ်လျက် ပုဂ္ဂိုလ် နှစ်ဦးက လမ်းအစွန်းတစ်နေရာတွင် လမ်းသလားနေသည်။

ဟေးဒရစ်ချ် ကားက သည်ကွေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီး အရှိန်လျှော့သည်နှင့် တစ်ဦးသောသူက ကားအတွင်းသို့ လက်ပစ်ဗုံး ပစ်သွင်းလိုက်၏။ ကျန်တစ်ဦးက စတင်းဂန်းနှင့် မွှေတော့သည်။ ကားမောင်းသူနှင့် လျှို့ဝှက်ရဲအဖွဲ့မှ ပင်းစေလုလင်မှာ နေရာတွင်ပင် ပွဲချင်းပြီး ကျဆုံးကြရသည်။

ကားနောက်ခန်းအတွင်းမှ ငွေရောင်ဦးခေါင်းခွံတံဆိပ် တပ်ဆင်ထားသော စစ်မြေပြင်သုံး ဦးထုပ်ဆောင်းထားသူ အရာရှိမှာ သေလောက်အောင် ဒဏ်ရာအကြီး အကျယ်ရလျက် လဲနေသည်။

ချက်လူမျိုးနှစ်ဦးမှာ ထိုနေရာမှ သုတ်ခြေတင် ထွက်ခွာသွားပြီး လိုင်ခစ်ရှိ ဘုရားရှိခိုးကျောင်းအတွင်း၌ ပုန်းခိုနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟေးဒရစ်ချ်၏ အသုဘတွင် ကနားရစ်က ဟပွင်ကိုသန်နှင့် ဆုံဆည်းမိကြ၏။ ကနားရစ်၏ ပြာလဲ့လဲ့မျက်လုံးအစုံမှာ မျက်ရည်များ စီးကျနေသည်။

ကနားရစ်မှာ ပရိယာယ်များ၍ ဟန်ဆောင်ကောင်းသူ ဖြစ်ကောင်းဖြစ်ပေမည်။ သို့မဟုတ်လျှင်လည်း သူ့လှည့်ကွက်ကို အချိန်ကြာမြင့်စွာ မကစားသူလည်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

'ကနားရစ်က မိမိအဖွဲ့နဲ့ မိမိရဲ့ ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေး၍ တယ်'

ဟပွင်ကိုသန်က နောင်အခါတွင် ပြောဖူး၏။

သည့်စဉ်က ကနားရစ်၏ ဝမ်းနည်းစကား ပြောခဲ့သည့်ကို ဟပွင်ကိုသန်ထံမှ သိရ၏။

'ဟေးဒရစ်ချ် သေဆုံးတာ ကျုပ်အတွက် မိတ်ဟောင်းဆွေဟောင်းကြီး တစ်ယောက် ဆုံးရှုံးတာပဲ . . . တဲ့'

'အသန့်ရှင်းဆုံး စရိုက်လက္ခဏာရှိသူ'

ဟင်းမလားက ဟေးဒရစ်ချ်အား သို့ကလို ချီးမွမ်းခန်းထုတ်ပြီး ဟေးဒရစ်၏ ရင်ဘတ်တွင် တံဆိပ်တပ်ဆင်ပေးလိုက်၏။

လျှို့ဝှက်ရဲအဖွဲ့က မသင်္ကာ၍ ဖမ်းဆီးထားသူ လူပေါင်း ၁၅၀ ခန့်ကို ကွပ်မျက်လိုက်၏။ မှတ်ပုံတင်မရှိသော စစ်မှုထမ်းနိုင်သည့်အရွယ်ရှိ ယောကျာ်းကလေးများအား တွေ့ရာနေရာတွင် ပစ်သတ်စေမည်ဟုလည်း အမိန့်ထုတ်ထားသည်။

ချက်လူမျိုးတစ်ဦးက သစ္စာဖောက်ကာ လိုင်ဒစ်ရွာက လူသတ်ကောင်များအား ဝှက်ထားကြောင်းဖြင့် ဂျာမန်တို့အား မျက်နှာလိုမျက်နှာရ ညွှန်ပြခဲ့သည်။

ဂျာမန်တပ်များက လိုင်ဒစ်ရွာကို ဝိုင်းရာသည်။ ဘုရားရှိခိုးကျောင်းကို ဝိုင်း၍ ထားသည်။ လေထီးတပ်သားနှစ်ဦးက ပြန်လည်ခုခံတိုက်ခိုက်ရင်း သေပွဲဝင်ခဲ့ကြ၏။ လိုင်ဒစ် ရွာသူရွာသားအားလုံးကို ဂျာမန်တို့ အမြိုးဖြုတ်လိုက်သည်။ ရွာကိုမီးရှို့ပြီး တစ်ချိန်က သည်နေရာတွင် လိုင်ဒစ်အမည်ရှိ ရွာကလေးရှိခဲ့ပါလားဟူသော သဲလွန်စမျှပင် မရှိရလေအောင် သစ်ပင်ချုံနွယ်တို့ဖြင့် ဖုံးအုပ်လိုက်၏။

အချို့ကလည်း ကနားရစ်ကသာလျှင် ဟေးဒရစ်ချ်အား မိမိလုပ်စေချင်သည်ကို လုပ်နိုင်းပြီး တဖန် ထိန်းထိန်းသိမ်းသိမ်းနှင့် ဇက်ကိုင်နိုင်စွမ်းရှိသူ ဖြစ်သည်ဆို၏။ ဟေးဒရစ်ချ်သည် ဂျူးမျိုးနွယ်မှ ဆင်းသက်လာခဲ့သူဖြစ်ကြောင်း အထောက်အထားများမှာ ကနားရစ် လက်ထဲတွင်သာ ရှိနေ၏။

မကြာပါ ဟစ်တလာက စိတ်ရှုးထလာပြန်သည်။ ဗိုလ်ချုပ်ကြီး ဂျီရော့ဒ်၏ သွေးကို ခြေဆေးချင်ပြန်သတဲ့။

စင်စစ် ဗိုလ်ချုပ်ကြီးဂျီရော့ဒ် ဖာတ်လမ်းကို ယခုမှ ပြန်ကောက်ရသော်





အချိန် အလွန်နှောင်းလေပြီ။ ဂျာမန်ထောက်လှမ်းရေးအဖွဲ့က မိမိတက်မှ မည်သို့ ဆောင်ရွက်ထားသည်ကို အစီရင်ခံရပေလိမ့်မည်။ လျှို့ဝှက်ရဲအဖွဲ့နှင့် မည်သို့စီစဉ်ထားသည်ကိုလည်း အစီရင်ခံရပေလိမ့်မည်။

'ဂူစတပ် စစ်ဆင်ရေးအခြေအနေ ဘယ်လိုလဲ'

ဗိုလ်ချုပ်ကြီးကေတဲလ်က စကားဝှက်ကို အသုံးပြု၍ ဗိုလ်ချုပ်ကြီးဂျီရော့ဒ်အား ကွပ်မျက်ရန် အစီအစဉ်နှင့် ပတ်သက်ပြီး လဟိုစင်အား မေးခွန်းထုတ်လာသည်။ ဗိုလ်ချုပ်ကြီးကနားရစ်က ပြင်သစ်နိုင်ငံသို့ ခရီးလွန်နေ၍ ဌာနကြီးမှူးဖြစ်သူ လဟိုစင်အား မေးရခြင်းဖြစ်မည်။

လဟိုစင်ကလည်း ဆရာကြီးရှိရာ ပဲရစ်သို့ သုတ်ခြေတင် ပြေးလာသည်။ ကေတဲလ်က မေးခွန်းထုတ်သည်ကို တစ်လုံးမကျန် ပြန်လည်တင်ပြနေသည်။

အစပထမတွင် ကနားရစ်က တစ်ခွန်းတစ်ပါဒမျှ ပြန်မပြော။ ပြီးလျှင် အရက်သောက်ရင်း ပြော၏။

'ကဲ . . . ဂျီရော့ဒ် ထွက်ပြေးတဲ့နေ့၊ ဂျီရော့ဒ်ကိုသတ်ဖို့ ငါတို့အမိန့်ပေးတဲ့နေ့၊ ဟေးဒရစ်ချ်သေတဲ့နေ့ကို ငါ့ကို ပြောပြစမ်း။ ဒီမှာ မင်းမမြင်ဘူးလား။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမှုတွဲတစ်ခုလုံးကို ပရပ်မြို့မှာ ဟေးဒရစ်ချ်လက်ထဲ ကိုယ်တိုင်ကိုယ်ကျ အကုန်အစင် လွှဲခဲ့ပြီးပြီလို့သာ ပြောလိုက်ပေတော့။'



www.burmeseclassic.com

www.burmeseclassic.com

( ၁၈ )

## ရှင်းချက်မရှိ လက်နက်ချ

'အားလုံး ပေးအရှစ်ချုံကို လွှဲပြောင်းပေးပြီးသား'

သည်အပြောနှင့်ပင် ၁၉၄၂–ခုနှစ်၊ နွေဦးကာလနှင့် နွေရာသီ ကုန်ဆုံးခဲ့လေပြီ။

ဗိုလ်ချုပ်ကြီးကိုရှော့ဗ်တစ်ယောက်မှာမူ အသက်ရှင်လျက်ပင် ရှိနေသေး၏။

အနောက်ပိုင်း သဲကန္တာရဒေသ စစ်မျက်နှာတွင် စစ်အခြေအနေမှာ သူနိုင်ကိုယ်နိုင်နှင့် ဘာတပြန် ကျားတပြန်ပင် ဖြစ်မြဲဖြစ်နေဆဲ။

ဂျာမန်ဗိုလ်ချုပ်ကြီး ရွန်းမဲလ်က အားလ်အလာမိန်းမှနေ၍ အရှေ့ရှုရှုသို့သာ အာရုံစိုက်မြဲ စိုက်နေဆဲ။ တစ်ချိန်တည်းမှာပင် မိမိရင်ဆိုင်နေရသော အတိုက်အခံ မဟာမိတ် စစ်ဗိုလ်ချုပ်ကြီးများဦးရေကို ရေတွက်နေမိ၏။ ဝေဗဲလ်၊ အိုခေါ်နာ ကန်နင်ဟမ်၊ ရစ်ချီ၊ အော်ချင်လက်၊ ယခု နစ်ဦး တိုးလာပြန်သည်။ အလက်ဇန္ဒားနှင့် မောင်ဂိုမာရီ။

ရုရှားနယ်မြေတွင် ဂျာမန်တို့၏ နွေကာလ စစ်ဆင်ရေးသည်လည်း စတာလင်ဂရက်တွင်ပင် ရပ်တန့်နေရသည်။ ရှေ့မတိုးနိုင်သေး။ ဂျာမန် အမှတ် (၆) တပ်တော်တွင် အကျအဆုံးများမှာလည်း သောက်သောက်လဲလို့။

ဟစ်တလာ 'အတ္တီလားစစ်ဆင်ရေး' *(Operation Attila)* အစီအစဉ်ကို လက်ညှိုးတငေါက်ငေါက် ထိုးလျက်။ သို့ရာတွင် မသိမ်းပိုက်ဘဲ ကျန်ရှိနေသေးသော ပြင်သစ်ပိုင်နယ်မြေတွင်းသို့ တိုက်ခိုက်ရန် မဝံ့မရဲ။ ဗိုနိန်နိုင်ငံတွင်းသို့လည်း ဝင်တိုက်ရန်





မဖြစ်နိုင်သေး။

အောက်တိုဘာလ ၂၃ ရက်နေ့ . . . . ။

အားလ်အလာမိန်း တိုက်ပွဲကြီးကို မဟာမိတ်တို့က စတင်ဆင်နွှဲသည်။ ဂျာမန်ဗိုလ်ချုပ်ကြီးရွန်းမဲလ်က အသေအလဲ ပြန်ခုခံတိုက်ရသည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် ရွန်းမဲလ်တပ်များမှာ အနောက်ဘက် မိုင် ၁၀၀ ကွာ အထိသို့ ဆုတ်နေရလေပြီ။

ရုရှားပြည် စတာလင်ဂရက် စစ်မျက်နှာပြင်တွင်လည်း ရုရှားတို့က တန်ပြန်ထိုးစစ်ဆင်ဖို့ တိုက်နေပြန်သည်။

မြေထဲပင်လင်တွင်းမှ မော်လ်တာကျွန်းအား ဂျာမန်တို့လက်မှ ပြန်သိမ်းရန်အတွက် ဗြိတိသျှတို့က ဂျီဘရော်လ်တာတွင် ရေတပ်ကြီးကို စုဝေးထားနေကြောင်း သတင်းများထွက်လာခဲ့၏။ ကျောက်ချနားနေသော ဗြိတိသျှ စစ်သင်္ဘောများမှာ ပြွတ်သိပ် လို့။

ကုန်းတွင်းပိုင်းဒေသ၊ အာလ်ဂါစီးရားတွင် ကနားရစ်၏ ဂျာမန်ထောက်လှမ်းရေးဌာနခွဲထားရှိ၏။ ထိပ်ပိုင်းအရာရှိတစ်ဦး ကွပ်ကဲသည်။ မဟာမိတ် သင်္ဘောများနှင့် ကြားနေနိုင်ငံများမှ သင်္ဘောများအသွားအလာကို စောင့်ကြည့်ရန် တာဝန်ရှိ၏။

နိုဝင်ဘာလဆန်းပိုင်းတွင် သည်ဒေသတစ်ဝိုက်၌ ထူးထူးခြားခြား အခြေအနေ ပေါ်နေကြောင်း ရိပ်စားမိသည်။ ကနားရစ်ပဲဖြစ်ဖြစ်၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးပဲဖြစ်ဖြစ် ဘာဖြစ်နေသည်ကို ကောက်ချက် သိနိုင်စွမ်းရှိပေမည်။

စပိန်ရေတပ်မတော်တွင် ကနားရစ် အပေါင်းအသင်းများရှိ၏။ အာလ်ဂါစီးရား အန်ဂီယာနှင့် ဆော်တာအရပ်တို့တွင် မိမိ ထောက်လှမ်းရေး အဖွဲ့ခွဲများလည်း ရှိ၏။

ဂျီဘရော်လ်တာတွင် ဗြိတိသျှ ရေတပ်အင်အားနှင့်ပတ်သက်၍ ဟစ်တလာကို အမြဲတစေ အစီရင်ခံခဲ့ရစဉ်က ဗိုလ်ချုပ်ကြီး ကနားရစ်မှာ စပိန်ကမ်းခြေတွင် မတ်တတ်ရပ်ကာ ဂျီဘရော်လ်တာသို့ အမြဲတစေ ငေးစိုက်ကြည့်နေမိသည်။

မြေထဲပင်လယ်နှင့်ပတ်သက်၍ မည်သို့သော အခြေအနေပဲပေါ်ပေါ် မိမိအကျွမ်းတဝင်ရှိနေသည်ဟုသာ ကနားရစ်ထင်၏။ ယခုမှ လက်တွေ့ အစမ်းသပ်ခံနေရလေပြီ။

စပိန်ရေတပ်မှ အရာရှိများက အယ်လ်ဂျေးရီးယားနှင့် မော်ရိုကိုမြို့သို့ မကြာမတင်မှာပင် ထိုးစစ်ဆင်လိမ့်မည်ဟုသာ တွင်တွင်ပြောနေကြ၏။ သို့ရာတွင် ဂျာမန်စစ်ဦးစီးဌာနချုပ်မှ စစ်ဆင်ရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ယောစင်ကျာက နိုဝင်ဘာလဆန်း၌ မြေထဲပင်လယ် အခြေအနေနှင့်ပတ်သက်ပြီး တရားဝင်အမြင်ကို တင်ပြလာသည်။

'ဒီဟာ မော်လ်တာကျွန်းကို ထိုးစစ်ဆင်ဖို့ မဟာမိတ်တို့ရဲ့ အားထုတ်မှုဖြစ်တယ်လို့ ကျွန်တော်တို့ ခိုင်မြဲစွာ ယုံကြည်ထားပါတယ်။ မော်လ်တာကျွန်းကို စိစိညက်ညက်ကျေအောင် ဗုံးကြဲ တိုက်ခိုက်ခဲ့ပြီးပြီ။ အာဖရိကမြောက်ပိုင်းမှ မဟာမိတ်တို့ ကမ်းခြေ



www.burmeseclassic.com

www.burmeseclassic.com



တက်တာကိုတော့ မသိရသေးဘူး။ ကမ်းတက်တိုက်ဖို့အတွက် ဗြိတိသျှနှင့် အမေရိကန်တို့မှာ တစ်အင်အား လုံလုံလောက်လောက် မရှိသေးဘူး။ ဒီအတွေ့အကြုံမျိုးလည်း မရှိသေးဘူး'

မြေထဲပင်လယ်ဒေသနှင့် အတ္တလန္တိတ်သမုဒ္ဒရာမှ မြေထဲပင်လယ်သို့ အဝင်ဝ ဂျီဘရော်လ်တာတွင် မဟာမိတ်စစ်သင်္ဘောများ အစုအဝေးနှင့်ရှိနေခြင်းမှာ မော်လ်တာကျွန်းအား ထိုးစစ်ဆင်ရန် ရည်ရွယ်ကြောင်း ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှ အစီရင်ခံစာများတွင် ဖော်ပြပါရှိခဲ့၏။

ဗြိတိသျှနှင့် အမေရိကန်တပ်များအား'သင်္ဘောစင်းရေ ၅၀၀ ထက်မနည်းဖြင့် သယ်ဆောင်ခဲ့ကြရ၏။ သည် ရေတပ်သင်္ဘောများကို အခြား စစ်သင်္ဘောစင်းရေ ၃၅၀ ခန့်က ခြံရံစောင့်ရှောက် လိုက်ပါခဲ့ရ၏။

သည်မျှ ကြီးမားများပြားသော အင်အားမှာ မော်လ်တာကျွန်းတစ်ခုတည်းသို့သာ ထိုးစစ်ဆင်ရန်အတွက် ဖြစ်ကြောင်းကို စဉ်းစား၍ပင် မရနိုင် . . .။

'အောက်တိုဘာလ ၂၆ ရက်နေ့ကအကြောင်းကို ကျွန်တော်က ဟမ်းဘာဗတ်မှ ဘာလင်သို့ အစီရင်ခံခဲ့သည်။ မဟာမိတ်တို့၏ အများစု စုရုံးခဲ့သော ရေတပ်အင်အားမှာ အာဖရိကတိုက် မြောက်ဘက်ကမ်းခြေသို့ မဟာမိတ်တပ်များ ကမ်းတက်ရန်ဖြစ်ကြောင်း ဖော်ပြခဲ့၏'

ဒု-ဗိုလ်မှူးကြီးဝစ်ချ်ပင် (ရေ)က ရေးသားခဲ့၏။

နိုဝင်ဘာလ ၇ ရက်နေ့ ဂျာမန်သံအမတ်ကြီး ဗွန်စုတိုရာက မိမိ၏ရေတပ်သံမှူး လိုက်ပါလျက် စပိန်ရေတပ်မှ အရာရှိများနှင့်အတူ ညစာစားကြသည်။ စပိန်ရေတပ်မှ အရာရှိများက မဟာမိတ်ရေတပ် သင်္ဘောအုပ်စုက အာဖရိက မြောက်ဘက်ကမ်းခြေတွင် ရွှန်းမဲလ်၏နောက်ကျောမှ စစ်တပ်များ ချထားပေးလိမ့်မည်ဟု အသေအချာ ပြောပြ၏။

ဂျာမန်သံအမတ်ကြီးက သည်သတင်းကို ဘာလင်သို့ အစီရင်မခံမီ နာရီအနည်းငယ်ကြာမျှ တုန့်ဆိုင်းဆိုင်း ဖြစ်နေပြန်သည်။ ပြီးမှ မဟာမိတ်ရေတပ်သင်္ဘောများမှာ မော်လ်တာနှင့် အလက်ဇန္ဒြီးယားသို့ ဦးတည်သွားလိမ့်မည်ဟု မိမိအမြင်ကိုပါ ဖြည့်စွက်ခဲ့ပြန်သည်။

သို့ရာတွင် ဘာလင်၌ရရှိသော စကားစုက်နှင့် အစီရင်ခံစာများ၏ အဓိပ္ပါယ်ကို မဖော်လိုက်မီမှာပင် ဒုတိယဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ၏တပ်များက မော်ရိုကိုနှင့် အယ်လ်ဂျေးရီးယားတို့တွင် ကမ်းပေါ်သို့ စတင် တက်ကြလေပြီ။

ဗိုလ်ချုပ်ကြီးဂျီရော့ဒ်က အာဖရိကမြောက်ပိုင်းရှိ ပြင်သစ်တပ်များကို ကွပ်ကဲရန်အတွက် နိုဝင်ဘာလ ၉ ရက်နေ့တွင် အယ်လ်ဂျေးရီးယားမြို့တော်သို့ ရောက်လာ၏။

လက်တစ်ဖက်သာရှိသော ပြင်သစ် ထိပ်တန်းဗိုလ်ချုပ်ကြီးက ဆက်တိုနီ





ရဲတိုက်တွင် အကျဉ်းကျနေရာမှ ထွက်ပြေးလွတ်မြောက်သွားပြီး ဂျာမနီကိုဖြတ်၍ ပြင်သစ်နိုင်ငံအရောက် မဖမ်းမိပါဘဲလျက် သွားနိုင်ခဲ့ခြင်းကို အံ့သြ၍မကုန်နိုင်ခဲ့။ ဂျာမန်ရုပ်သေး ဗစ်ကီ၏ ပြင်သစ်အစိုးရအဖွဲ့ အန္တရာယ်မှလွတ်ရန် ပထမပိုင်းတွင် ဗြိတိသျှရေငုပ်သင်္ဘောက သယ်သွားခဲ့၏။ 'ဂက်စတော့စစ်ဆင်ရေး' အန္တရာယ်စက်ကွင်းမှလည်း တိမ်းရှောင်လွတ်မြောက်ခဲ့လေပြီ။

ကနားရစ်ကလည်း 'မီးတောက်စစ်ဆင်ရေး'မှ ဘာမျှမဖြစ်ပါဘဲလျက် လွတ်မြောက်လာခြင်းမှာလည်း တကယ်အံ့သြစရာ။

သို့ရာတွင် မဟာမိတ်တို့ ရေတပ်ဖွဲ့ကြီးအကြောင်းကို ကနားရစ်က မှန်းဆရန် ပျက်ကွက်ခဲ့သည်။

သည်ကိစ္စတွင် စပိန်ရေတပ်က သိထားနှင့်ပြီးဖြစ်ကြောင်းကိုလည်း အထက်သို့ အစီရင်ခံရန် ဝတ္တရား ပျက်ကွက်ခဲ့ရပြန်သည်။

မဟာမိတ်တို့က 'မီးတောက်စစ်ဆင်ရေး' မစမီတွင် မဟာမိတ်ရေတပ်ကြီးမှာ သည်မျှအင်အား ကြီးကြီးမားမားနှင့် စုစည်းခြင်းကို မှန်မှန်ကန်ကန်နှင့် ကြိုတင်ဟောကိန်းထုတ်နိုင်ကြောင်း၊ ကျွန်တော်တို့တွေ့ဖူးသမျှ ဂျာမန်အရာရှိများက ကြွားကြွ ခါကြ၏။

မဒရစ်မှ ဗိုလ်ကြီးလန့်နှင့် ဗိုလ်ဂျူးချင်၊ ကနားရစ်တို့က သည်အတိုင်းဆိုခဲ့ကြ၏။

သို့ရာတွင် ဘာလင်ရှိ ဂျာမန်စစ်ဦးစီးဌာနချုပ်၏ သုံးသပ်ချက်မှာ ဓါစင်အောင် လွဲမှားခဲ့ပြန်၏။

စစ်ဖက်ထောက်လှမ်းရေးအဖွဲ့၏ ဗဟိုရုံးချုပ်တွင် ဟစ်တလာ၏ အမိန့်ကိုနာခံရန်သူများက အခြေနိုင်နေခြင်းကြောင့်လည်း ယခုလို လွဲမှားခြင်းလည်း ဖြစ်စရာအကြောင်း ရှိပေမည်။

သည်ပုဂ္ဂိုလ်များက အဖြစ်အပျက်များအပေါ် မိမိတို့ ဩဇာလွှမ်းလို၍ပဲဖြစ်ဖြစ်၊ မိမိတို့ လက်ကိုင်ပြုနေသောဝါဒ အောင်မြင်ရေးအတွက်ပဲဖြစ်ဖြစ်၊ မဖြန့်ဝေမီတွင် ထောက်လှမ်းရေးအစီရင်ခံစာများကို ပြုပြင်ပြောင်းလဲခဲ့ကြ၏။

သို့ရာတွင် ဘာလင်မြို့ရှိ ဟစ်တလာဆန့်ကျင်ရေး ဂိုဏ်းသားများက သည်ကဲ့သို့ လုပ်ဇာတ်ခင်းလိုက်ခြင်းဖြင့် မည်သို့သော အကျိုးဆက်များ ဖြစ်ထွန်းလာမည်ကိုပင် တိတိပပသိကြသူများ မဟုတ်ကြ။

သို့ကြောင့်လည်း ဂျာမန်တို့က မိမိတို့အလုပ်တွင် စေ့စပ်သေချာသည်ဟု ကြွားကြွားဝါဝါဆိုခြင်းမှာ ပြောပလောက်အောင် မကြီးကျယ်ကြောင်း ပြက်ပြက်ထင်ထင် တွေ့ကြရ၏။

ဗြိတိသျှတို့၏ မဟာဗျူဟာလှည့်ကွက်များကလည်း အဆင့်အတန်းမြင့်မည်မှာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆွယ်ဒေသ (စပိန်)မှနေ၍ ကနားရစ်က ထောက်လှမ်းရေး အစီရင်ခံစာများ ဘာလင်သို့ ပေးပို့နေခြင်းကို ဘာများသိသနည်းဟု မဒရစ်မြို့ရှိ ဗြိတိသျှ ရေတပ်ဆိုင်ရာ စစ်သံမှူးကို မေးမြန်းစူးစမ်းမိသည်။

'သူတို့က ကျုပ်တို့ကို ထူးထူးခြားခြား အန္တရာယ်ပေးလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး'

ဗြိတိသျှအရာရှိက သို့ကလို ပြန်ဖြေ၏။

ကျွန်တော့်မိတ်ဆွေ အိုနီးလ်က သဲကန္တာရအတွင်း 'ဂျာဗီယာနီ'တွင် တာဝလ်က အောင်ပွဲခံခဲ့သောအခါ ကနားရစ် ပေးပို့သော အစီရင်ခံစာများကိုပါ သိမ်းပိုက်ခဲ့သည် ဆို၏။

'ကနားရစ်ရဲ့ အစီရင်ခံစာတွေထဲမှာ ဗိုလ်ချုပ်ကြီးတာဗလ်ရဲ့ တပ်အင်အားကို အထင်ကြီးပြီး ပုံကြီးချဲ့ထားတာ တွေ့ရတယ်။ ကနားရစ်က အရှေ့အလယ်ပိုင်းဒေသမှာ ကျုပ်တို့နဲ့ တပ်မများ ဘယ်ရွေ့ဘယ်မျှ ရှိတယ်ဆိုတာကို အတိအကျ ပြောနိုင်တယ်။ ဒါမှမဟုတ် တခြားတစ်နေရာရာသို့ပို့ဖို့ အင်အားဘယ်လောက်နည်းတယ်ဆိုတာလဲ သူသိနိုင်တယ်။ အခု ခင်ဗျားပြောတော့ ကနားရစ်ဟာ ဟစ်တလာဆန့်ကျင်ရေး လုပ်နေတယ်လို့ သိရတယ်။ ဒါကြောင့် အချိန်တော်တော်ကြာကပဲ ကျွန်တော် နားမလည်အောင် ဖြစ်နေခဲ့ရတဲ့ ပြဿနာဟာ တစ်ခါထဲ ရှင်းသွားပါပြီ'

စစ်ကြီးကာလတွင်းက ဗိုလ်ချုပ်ကြီး ကနားရစ်၏ အစီရင်ခံစာများကို ဖတ်ဖူး တွေ့ဖူးသော အက်ဒွပ်ကရန်ရှော့က သို့ကလို ပြောပြသည်။

'တစ်ခုခုတော့ ချို့ယွင်းနေပြီ'

အက်ဒွပ်ကရန်ရှော့က သို့ကလို မှတ်ချက်ချခဲ့ဖူး၏။

ဗြိတိသျှတို့၏ လှည့်ကွက်ကပင် အလွန်ကောင်းလေရော့သလား။ သို့မဟုတ် ဂျာမန်သူလျှိုများကပင် အလွန်ညံ့ဖျင်းလေရော့သလား။

လဟိုစင် ရှင်းပြသည်က သဘာဝကျ၏။

'အကယ်၍ ထောက်လှမ်းရေးမှူးချုပ်က မိမိရဲ့ သူလျှိုထံကရရှိတဲ့ ထောက်လှမ်းရေး အစီရင်ခံစာဟာ ယုံကြည်နိုင်ဖွယ်ရာမရှိလို့ သံသယရှိပေမယ့် မိမိသဘောထားနဲ့ တိုက်ဆိုင်ရင် အထက်ကို ဆက်လက်တင်ပြနိုင်တယ်။ ဟစ်တလာနဲ့ နာဇီပါတီက မဟာမိတ်တို့ရဲ့ အင်အားကို အမြဲတစေ လျှော့တွက်နေလေတော့ သူတို့တတွေ ဘဝင်ကြစေဖို့ပဲပေါ့'

သို့ရာတွင် မကြာမတင်ဆင်နွဲတော့မည့် မဟာမိတ်တို့၏ ထိုးစစ်ဆင်မည့် သတင်းကို မမှန်မကန် အစီရင်ခံရာတွင်မူ ကွာဟချက်က များပါဘိတော့။

အာလ်ဂါစီးရားရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှာ ကနားရစ် အားအထား ရဆုံးသော စခန်းများတွင် တစ်ခုအပါအဝင်ဖြစ်၏။ သို့ရာတွင် ယခုတစ်ကြိမ်၌ သည်အဖွဲ့





ကလည်း မိမိအား မှန်မှန်ကန်ကန် အစီရင်ခံဖို့ ပျက်ကွက်ခဲ့၏။

'ကနားရစ်က ကမ်းစပ်သို့ အမြန်ဆင်းကြည့်နေကြ'

ကျွန်တော် တွေ့ဆုံမေးမြန်းခဲ့သော ဗြိတိသျှအရာရှိတစ်ဦးက သို့ကလို မှတ်ချက် ချခဲ့၏။

၁၉၄၂-ခုနှစ်ကုန် နှစ်သစ်ကူးအကြိုညတွင် ကနားရစ်က စားဖိုမှူးတတ်စုံ အပြည့်နှင့် အာလ်ဂါစီးရားစခန်းရှိ ဂျာမန်ထောက်လှမ်းရေး အရာရှိများအတွက် ညစာ ချက်နေသည်ကို ဓာတ်ပုံရိုက်ထားခဲ့သည့် အက်ဘ်ရှာဂျင်က အဆိုပါ ဓာတ်ပုံအား ပေးခဲ့သည်ကို မှတ်မိ၏။

'ကနားရစ်ဟာ အချက်ကောင်း အပြုတ်ကောင်းဗျာ'

သောင်းပြောင်းထွေလာ ပြောကြဆိုကြရင်းက ဗြိတိသျှထောက်လှမ်းရေး အရာရှိက ကနားရစ်ကို ချီးမွမ်းခန်း ထုတ်နေပြန်သည်။

အချို့သော ဂျာမန်အရာရှိများက ဗိုလ်ချုပ်ကြီး ကနားရစ် ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်ကျွေးမွေးသော ညစာစားပွဲကို စားပြီးသည်နှင့် နှစ်သစ်ကူးအထိမ်းအမှတ် ကပွဲကျင်းပရာ 'ရေးနားမာရီယာခရစ္စတီးနား'ဟော်တယ်သို့ တန်းသွားကြ၏။ ဂျီဘရော်လ်တာမှ ဗြိတိသျှ အရာရှိများနှင့် ရောနှောလျက် ကြမ်းပြင်တစ်ခုတည်းပေါ်မှာ အတူတကွ ပျော်ပျော်ရွှင်ရွှင် ကကြ ခုန်ကြနှင့်။

'အာလ်ဂါစီးရားမှာ ကနားရစ် ရောက်နေတုန်းအခိုက်မှာ ဗြိတိသျှတို့က ပြန်ပေးဆွဲဖို့ စီစဉ်ထားတယ်ဆိုတာ ခင်ဗျား မကြားမိရော့သလား'

လုပ်ဖော်ကိုင်ဖက် သတင်းစာဆရာတစ်ဦးက ကျွန်တော့်ကို မေးခွန်း ထုတ်လိုက်၍ အလန့်တကြားပင် ဖြစ်ခဲ့ရသည်။

'ဂျီဘရော်လ်တာမှာ ဗိုလ်ချုပ်ကြီး မေဆွန်မက်ဖာလိန်က ဘုရင်ခံအဖြစ်နဲ့ ရှိနေတုန်းကပေါ့။ အစီအစဉ်အားလုံး အသင့်ဖြစ်ပြီးသား'

'ဒီတော့ ဘာဖြစ်ခဲ့သလဲ'

'ဒီစီမံကိန်းကို ပယ်ဖျက်လိုက်ပြီလို့ လန်ဒန်က သံကြိုးရိုက်ပြီး အမိန့်ပေးခဲ့တာကို ဂျီဘရော်လ်တာက လက်ခံရရှိခဲ့တယ်လေ'

'သံကြိုးစာမှာ ကျုပ်တို့လူကို မထိနဲ့လို့များ ဆိုထားသလား'

'ဒီလိုတော့လည်း တိတိကျကျဆိုတာ မပါဘူး။ သူရောက်ခဲ့တဲ့နေရာထက် လူပုဂ္ဂိုလ်က ပိုပြီး တန်ဘိုးရှိတယ်လို့သာ ပါတယ်'

➡ ◆ ⬅

အာဖရိကမြောက်ပိုင်းရှိ ဝင်ရိုးစွန်းနိုင်ငံများမှ လက်နက်ကိုင်တပ်များက မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆင်ရေး'ကို စိုးစဉ်းမျှ သိရှိပုံမပေါ်။

ဂျာမန်လေထီးတပ်များက ကျူးနစ်ရှားနိုင်ငံတွင်းသို့ အလျင်စလို ဆင်းသက်ခဲ့၏။ ဟစ်တလာကိုယ်တိုင်က 'အတ္တီးလား'စစ်ဆင်ရေးကို ဆင်နွှဲရန် အကြွင်ကိုဝိဗိအားပေးကာ ကုန်းမြှစ်ဝှမ်းဒေသသို့ အပြင်းချီတက်စေ၏။ သို့ရာတွင် ဂျာမန်တို့၏ 'အာဖရိကတပ်မကြီး'မှာ မရှုမလှ ဆုံးရှုံးရ၏။

အီတလီနိုင်ငံက လွတ်မြောက်တော့မည်ကို မျှော်လင့်ရင်း ပြိုပြိုဖြစ်၊ ကြောက်ရွံ့ပြိုဖြစ်ဖြစ် တုန်လှုပ်ချောက်ချားနေသည်မှာ အမှန်။

ပြင်သစ်နိုင်ငံတွင် ရုပ်သေးအစိုးရ 'ဗစ်ကီ'၏ ရဲအဖွဲ့နှင့် ဂျာမန်လျှို့ဝှက်ရဲအဖွဲ့တို့က အကြီးအကျယ် အန္တရာယ်ပေးစပြုလာသည်။ ကြောက်စရာအကောင်းဆုံးဖြစ်သည့် 'ညနှင်းဆီ နှင်းအမိန့်'ကို လက်တွေ့ အကောင်အထည်ဖော်နေသည်။ အမျိုးသား အမျိုးသမီးမရွေး တိတ်တဆိတ် ချွေးတပ် အဆွဲခံနေကြရ၏။ ဂျာမန်စစ်အုပ်ချုပ်ရေးမှူး နှင့် ဂျာမန် လျှို့ဝှက်ရဲအဖွဲ့တို့မှာ အာဏာပြိုင်လျက် အကြီးအကျယ် စကားများနေကြ၏။

လန်ဒန်ရှိ 'လျှို့ဝှက်စစ်ဆင်ရေးဌာနစိတ်'က ပြင်သစ် မျိုးချစ်တော်လှန်ရေးတပ်သားများသို့ တိုး၍ လက်နက်များ ပေးပို့ကူညီနေသည်။ ပြင်သစ်ပြည် နယ်မြေအနှံ့တွင် ယမ်းပုံးများကို လေထီးမှ ချပေးနေ၏။

ပဲရစ်မြို့တော်ရှိ လုတေးရှားဟော်တယ်တွင် ရုံးဖွင့်ထားသော ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (၃)၏ အကြီးအကဲ ဗိုလ်မှူးကြီးရဲလ်လင်းက ပြင်သစ်မျိုးချစ်တော်လှန်ရေး အဖွဲ့အစည်းများအား သုတ်သင်ချေမှုန်းပြီး ၎င်းတို့၏ ဗြိတိသျှအကြံပေး အရာရှိများအား ဖမ်းဆီးရန်အတွက် 'မြို့စားကြီး စစ်ဆင်ရေး' *(Operation Grand Duke)* ကို ဆင်နွှဲမည်ဖြစ်ကြောင်း မတ်လတွင် အတိအလင်းကြေညာသည်။

ဗိုလ်မှူးကြီး ရဲလ်လင်း အားအကိုးရဆုံး ဂျာမန်ထောက်လှမ်းရေး သူလျှိုမှာ ဒု-အရာခံဗိုလ် ဟူဂိုဗလေချာ ဖြစ်သည်။ ဟူဂိုဗလေချာက သာမန်ရဲတပ်သားတစ်ဦးဘဝမှ တရှိန်ထိုး တက်လာသူဖြစ်၏။ ဗြိတိသျှထောက်လှမ်းရေးမှ ပြင်သစ်နိုင်ငံအတွင်း လေထီးဖြင့် ဆင်းသက်ခဲ့သော အိုဒက်နှင့် ဗိုလ်ကြီးပီတာချာချီတို့အား စိန့်တိုက်ရီးဂျိမ်အရပ်တွင် လက်ရဖမ်းပေးခဲ့သူဖြစ်၏။

ဗလေချာက ဘုံရန်သူ ဟစ်တလာဆန့်ကျင်ရေးအတွက် မဟာမိတ်တို့နှင့် လက်တွဲလိုသူအဖြစ် ဟန်ဆောင်ရာတွင် လိမ္မာပါးနပ်သူဖြစ်၍လည်း 'မြို့စားကြီး စစ်ဆင်ရေး'တွင် သိသိသာသာ အောင်မြင်မှုရနေ၏။ သည်နည်းဖြင့် ဗလေချာက ယုံလွယ်သော ပြင်သစ် မျိုးချစ်တော်လှန်ရေးတပ်များ အချို့အား မိမိဘက်ညွတ်လာအောင် ဆွဲဆောင်ခဲ့ပြီး မိမိလက်တွင်း ကျစေခဲ့သည်။

ဗြိတိသျှသူလျှို ဗိုလ်ကြီး ပီတာချာချီအား ဝန်ကြီးချုပ်ချာချီနှင့် ဆွေမျိုးတော်စပ်





သူဟု အမှတ်မှားကာ ကမ်းလှမ်းခဲ့သည်များမှာ ရယ်စရာကောင်းသေးတော့။

ဟူဂိုဗလေချာ၏ အမည်က ပြင်သစ်အမျိုးသားတစ်စုအား စည်းရုံးပြီး ဗြိတိသျှတို့က လေထီးဖြင့်ချပေးသော လက်နက်ခဲယမ်းမီးကျောက်များ လိုက်လံစုဆောင်းစေခဲ့သည်။ သက်သေအထောက်အထားပြနိုင်သော လေထီးများကိုပင် သိမ်းဆည်းထားသည်။ ပြင်သစ် မျိုးချစ်တော်လှန်ရေးအဖွဲ့မှ အမှားအယွင်းတစ်ခုခု ပေါ်စေရန် ဖန်တီးကာ ဝင်စီးတတ်သည်။ လက်နက်ဝှက်ရာ စခန်းစောင့် ပြင်သစ် မျိုးချစ်တော်လှန်ရေး တပ်သားတစ်ဦးဦးကို မရမကဖမ်းခဲ့ပြီး ၎င်းကပင် သစ္စာဖောက် ဖော်ကောင်လုပ်သလိုလို ဖာတီခင်းကာ အကြံပိုင်ပိုင်နှင့် စခန်းကို ဝင်စီးတတ်သည်။

ဗလေချာနှင့် လက်တွဲ အလုပ်လုပ်ကြသော သစ္စာဖောက် ပြင်သစ်အမျိုးသားတချို့က ပဲရစ်မြို့သို့ အသစ်ရောက်လာသော ဗြိတိသျှ သူလျှိုတမန်များထံ ချဉ်းကပ်ကာ မှတ်ပုံတင်အတုများကို အမြန်ဆုံးထုတ်ပေးမည်ဟု ပြောဆို အကွက်ဆင်ကြသည်။

ယူဂိုဗလချာကိုယ်တိုင် ပြောပြတတ်သော ဖြစ်ရပ်တစ်ခုရှိ၏။ ပဲရစ်ရောက် ဗြိတိသျှသူလျှိုအဖွဲ့ခေါင်းဆောင် 'အီလီ'နှင့် သူ့အတွင်းရေးမှူး 'ဒန်းနစ်'တို့က မှတ်ပုံတင်အတုများ လုပ်ပေးရန်အတွက် ဗြိတိသျှသူလျှိုတစ်စု၏ ဓာတ်ပုံများကို ပေးအပ်လာသည်။ စင်စစ် ဗြိတိသျှသူလျှိုများအား ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်အတုများကို လုတေးရှားဟော်တယ်ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (၃)မှ ပြင်ဆင်ထုတ်ပေးခြင်းဖြစ်၏။ ပေးလာသော ဓာတ်ပုံများကို ဂျာမန်ထောက်လှမ်းရေးအဖွဲ့နှင့် ဂက်စတာပိုအဖွဲ့အတွက် ကော်ပီများ ပွားခဲ့၏။ ဗြိတိသျှသူလျှိုများ လှုပ်ရှားရာအရပ်ဒေသသို့ လေထီးမှချပေးသော လက်နက်ခဲယမ်းမီးကျောက် နမူနာများအား ဘာလင်သို့ ပေးပို့ခဲ့၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ဗြိတိသျှလုပ် ပလတ်စတစ်ဗုံးနှင့် အက်စ်ထိပ်ဖူးတပ် ချိန်ကိုက်စနက်တံများကို ကြေးနန်းတိုင်မှာပဲချည်ချည်၊ အခန်းခတ်သော့တွင်ပဲကပ်ကပ်၊ မီးရထားသံလမ်းအောက်မှာပဲ ထားထား။ လျှို့ဝှက်သိုသိပ်သည်းစွာ အသုံးပြုသော လက်နက်ဖြစ်၏။ အက်စစ်ထိပ်ဖူးတပ်ဗုံးကို ဗိုင်ယာကြိုးဖြင့် သွယ်တန်းကာ အဝေးမှ စနက်တံဖြုတ်၍ ပေါက်ကွဲစေနိုင်သည်။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (၂) (အဖျက်လုပ်ငန်း)ဌာနခွဲက သိမ်းဆည်းရမိသော လက်နက်များဖြင့် လက်တွေ့စမ်းသပ်နေကြသည်ကို ကာနားရစ်သိ၏။

ဆောင်းရာသီတွင်း ဝင်လာသည်နှင့် ဂျာမန် အမှတ် (၆) တပ်တော်ကြီးမှာ စတာလင်ဂရက် စစ်မျက်နှာတွင် ဖရိုဖရဲဖြစ်နေသည်။ အအေးဒဏ်ကိုလည်း အလူးအလဲခံရ၊ အစာငတ်၊ လောင်စာဆီပြတ်၊ ဖြတ်တောက်ခံရကာ ရုရှားတပ်များ၏ အဆက်မပြတ် ဖိတိုက်ခံနေကြရသည်။ ရေခဲပြင်အနှံ့တွင် ဂျာမန်စစ်သားအလောင်းများက တင်းကြမ်းပြည့် ။

လီနင်ဂရက်မြို့အား ဝိုင်းဝန်းပိတ်ဆို့သည့် စစ်ဆင်ရေးကို ဇန်နဝါရီလ ၁၈



www.burmeseclassic.com

www.burmeseclassic.com



ရက်နေ့က အစပြုခဲ့၏။

စစ်ကြီးကို မလိုလားသူတိုင်းက သည်စစ်ပွဲတွင် ဂျာမန်ကို စစ်ရှုံးနေပြီဖြစ်ကြောင်း ပြက်ပြက်ထင်ထင် တွေ့မြင်နေရလေပြီ။

'ကာသာဗလန်ကာ'ညီလာခံ သဘောတူညီချက် တောင်းဆိုသံက ပွဲတင်ထပ်နေသည်။

'ချွင်းချက်မရှိ လက်နက်ချ'တဲ့။

တစ်လအကြာတွင် စမိုလက်ရှိရောက် ဂျာမန်ဗဟိုတပ်တော်မှ ဗိုလ်ချုပ်ကြီး စီးဗွန်ထရစ်စကိုးက ပေးပို့သော သံကြိုးစာကို ကနားရစ်၏ ရုံးအဖွဲ့က လက်ခံရရှိခဲ့၏။ မဟာမိတ်တို့ တောင်းဆိုသည့်အတိုင်း ချွင်းချက်မရှိ လက်နက်ချရန်၊ သည်အချိန် အသင့်တော်ဆုံးတဲ့။

ဖေဖော်ဝါရီလ ဒုတိယလဝက်တွင် ကနားရစ်က မိမိအဖွဲ့မှ အရာရှိများ လိုက်ပါလျက် စမိုလက်ရှိသို့ သွားရောက်စစ်ဆေးကြည့်ရှု၏။ သည်ခရီးထွက်ခြင်းကပင် ထောက်လှမ်းရေးအရာရှိတစ်စု ဆွေးနွေးပွဲကျင်းပရန်အကြောင်း ဖန်တီးလာသည်။ ကနားရစ်အဖွဲ့မှ တစ်ဦးသောပုဂ္ဂိုလ်က ပလပ်စတစ်ဗုံးနှင့် ချိန်ကိုက်စနက်တံပါ ဗုံးများကို ယူဆောင်လာ၏။ ကနားရစ်အဖွဲ့မှ ဟန့်စ်ဗွန်ဒိုနန်ယီက လက်ထောက်အရာရှိ ဗိုလ်စကာလာဗရန်ဒေါ့ဖ် လိုက်ပါလျက် စမိုလက်တွင် ဗိုလ်ချုပ်ကြီး ဗွန်ထရက်တို့နှင့် သွားရောက် ဆွေးနွေးသည်။ ဆွေးနွေးပွဲမှ ဟစ်တလာက ဗဟိုတပ်တော်သို့ စစ်ဆေးရေးအတွက်လာလျှင် လုပ်ကြံသတ်ဖြတ်ရန် သဘောတူကြ၏။ ဟစ်တလာ စီးနင်းလိုက်ပါလာသော လေယာဉ်ပျံတွင် ပေါက်ကွဲစေတတ်သော ဗုံးများကို အမှတ်မထင် ထည့်ပေးလိုက်ရန်ပြင်သည်။ သို့မှသာ မတော်တဆ ပေါက်ကွဲခြင်းဖြစ်ကြောင်း အများတကာက ထင်မှတ်ကြပေလိမ့်မည်။

ဘာတွေဖြစ်နေသည်ကို ဗိုလ်ချုပ်ကြီး ကနားရစ် အားလုံးသိ၏။ သို့ရာတွင် အသေးစိတ်ဆောင်ရွက်ရန်အတွက် တခြားသူများသို့ တာဝန်လွှဲထား၏။

သည်ညနေမှာပင် ထောက်လှမ်းရေးဌာနချုပ်ရုံးက ရိပ်သာတွင် ပါတီတစ်ခု ကို ကျင်းပသည်။ ပါတီပွဲတွင် ကနားရစ်က နောက်တစ်နေ့မနက်မှာပင် မိမိက ဘာချက်ဂါဒင်ရှိ ဟင်းမလားသို့ လေယာဉ်ပျံကိုစီး၍ တွေ့မည်ဟုဆို၏။ မိမိက ဟင်းမလား ကဲ့သို့သော ပုဂ္ဂိုလ်ကြီးတစ်ဦးကို လက်ဆွဲနှုတ်ဆက်နိုင်ဖို့ ဖြစ်နိုင်ပါမည်လားဟု ဝိုင်းမေး ကြသော အရာရှိငယ်တစ်စုအား ကနားရစ်က လှိုက်လှိုက်လှဲလှဲ ပြုံးပြနေသည်။

ထောက်လှမ်းရေးအရာရှိများအဖြစ် တာဝန်ပေးရန်အတွက် ပြည်ပသို့ သင်တန်းတက်ရန် ပို့တော့မည့်ဟန်ဖြင့် ဖမ်းဆီးထားသော ဂျူးများအား လွှတ်ပေးဖို့ ဟင်းမလားအား မေတ္တာရပ်ခံရန် ကနားရစ်က စိတ်ကူးမိသည်။

အမေရိကန်တွင် အဖျက်လုပ်ငန်းလုပ်မည့် ဂျာမန်သူလျှို ၉ ဦး၊ အဖမ်းခံရ





ခြင်းကြောင့် ဟစ်တလာက ကနားရစ်အား သွေးရူးသွေးတန်းဖြင့် ကြိမ်းမောင်းနေသည်။

'တကယ်ဆို ခင်ဗျားက ရာဇဝတ်သားတွေနဲ့ ဂျူးတွေကိုသာ ဒီအလုပ်မျိုး လုပ်နိုင်းသင့်တယ်'

သည်အချက်ကို အကြောင်းပြု၍ ကနားရစ်အား ဟင်းမလားနှင့် ရှုပားအရစ်ချ်တို့အား ရင်ဆိုင်မည်။

'ဒီအဖျက်လုပ်ငန်းမှာ ဂျူးတွေကိုခိုင်းဖို့ ဟစ်တလာဆီက ကျွပ် အမိန့်ရထားပြီးသား'

တစ်လအကြာ

အတိအကျဆိုရင် ၁၉၄၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့။

ဟစ်တလာက စမိုလက်ရှိ ဗဟိုတပ်တော်သို့ စစ်ဆေးရေးရောက်ရှိလာပြီး အပြန်တွင် ၎င်းစီးနင်းလိုက်ပါလာသော လေယာဉ်ပေါ်၌ ဗုံးများထည့်ပေးလိုက်၏။

ကနားရစ်အဖွဲ့မှ ဗိုလ် စကာလာဗရန်ဒေါ့ဖ်က စစ်ဦးစီးဌာနချုပ်မှ အရာရှိ တစ်ဦးအား တစ်ဆင့်ပေးပေးပါရန် လက်ဆောင် ဘရန်ဒီ အရက်ပုလင်းများသဏ္ဌာန် ဖန်တီးပြီး ဟစ်တလာ၏အဖွဲ့မှ ဗိုလ်မှူးကြီးဗရန့်သို့ ကမ်းပေးခဲ့၏။

ဟစ်တလာကလည်း လေယာဉ်စီးလျက် စမိုလက်ရှိမှ ပရပ်ရှားအရှေ့ပိုင်းရှိ ရပ်စ်တင်ဘတ်သို့ ထွက်ခဲ့၏။ အက်စစ်စနက်တန်တွင် တပ်သော ဝိုင်ယာကြိုးမှာ တဖြည်းဖြည်း မီးတောက်၍နေပေပြီ။ ဝိုင်ယာကြိုးအဆုံးထိ မီးလောင်ပြတ်သွားသော်လည်း အအေးလွန်ကဲနေ၍ စနက်တန်မှာ အလုပ်မလုပ်တော့ ဗုံးလည်း မပေါက်ကွဲခဲ့တော့။

ဗိုလ် စကာလာဗရန်ဒေါ့ဖ်က ကိုယ်တိုင် ရပ်စ်တင်ဘတ်သို့ လေယာဉ်ဖြင့် လုတ်ခြေတင်လိုက်သွားပြီး မိမိပေးသောအထုပ်ကို မဖြေမီ အရှုပြန်ယူသည်။

သည်သို့ဖြင့် ဂျာမန်တို့၏ စစ်လက်နက်ပစ္စည်းများကို ဖျက်ဆီးဖျက်သုဉ်းရန် ရည်ရွယ်ချက်ဖြင့် ပြင်သစ်နယ်မြေတွင်းသို့ ချပေးခဲ့သော ဗြိတိသျှလုပ်ဗုံးများမှာ ဂျာမန် ထောက်လှမ်းရေးအဖွဲ့၏ ပုဂ္ဂိုလ်တစ်ဦးမှတစ်ဆင့် တကယ့်ပစ်မှတ်အနားသို့ပင် ရောက် သွားခဲ့ရ၏။

ဟစ်တလာအား လုပ်ကြံရန် စီစဉ်သောအခါက ဗိုလ်ချုပ်ကြီး ကနားရစ်က 'သည်ကိစ္စတွင် မိမိ အားလုံးနိုးပါး သိရသော်လည်း မိမိ လုံးလုံးလျားလျား မပါဝင် မပတ်သက်ချင်'

'ဂျာမန်ထောက်လှမ်းရေးအဖွဲ့ (၂)က သည်စနက်တံများကို လစ်ကိုင်နေကြောင်း ကနားရစ် သိ၏။ ပြီး သည်သို့သော စနက်တန်များကိုပင် မိမိစီးနင်းလိုက်ပါလာသော လေယာဉ်ပေါ်တွင် တင်ယူခဲ့သည်မဟုတ်ပါလား'

ဒေါက်တာအက်ဘ်ရှာဂျင်က သို့ကလို ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဟစ်တလာအား ဆန့်ကျင်သော ပုဂ္ဂိုလ်အချို့က ကနားရစ်သည် သည်လောက်အထိ ပါဝင်ပတ်သက်ခြင်းမရှိဟု အတိုက်အခံ ဆိုကြသည်။

ကျွန်တော့်အဆိုမှု ဗိုလ်ချုပ်ကြီးဂျီရော့ဒ် လွတ်မြောက်ထွက်ပြေးရာတွင် ကနားရစ်က ပါဝင်ဆောင်ရွက်ခဲ့၍ဟုဆိုလျှင် မအံ့ဩမိ။

ကနားရစ်က ကြားလူတစ်ဦးဦးဖြင့် ဆောင်ရွက်စေရာတွင် အထူးတလည် ကျွမ်းကျင်ပါးနပ်သူဖြစ်၍ စုံစမ်းစစ်ဆေးရာတွင် အခက်အခဲနှင့် ကြုံရသည်မှာအမှန်။

'ဗိုလ်ချုပ်ကြီး ကနားရစ်ဆီက အခုတင်လေးပဲ သတင်းရသေးတယ်'

ဆီးနှင်းများထူထပ်စွာ ကျနေသော စမိုလက်မှ အလွန်ဝေးကွာလှသော အရပ်တွင်လည်း နှလုံးတုန် ရင်ခုန်စရာများ ပေါ်ခဲ့ပြန်သည်။

ဆိုဖီယာမြို့တော် (ဘူလ်ဂေးရီးယား)ရှိ အမေရိကန်သံအမတ်ကြီး ဂျော့အားလ် မှာလည်း အီစတန်ဘူလ်မြို့တွင် ရေတပ်သံမှူးအဖြစ်သို့ ရာထူးလျှောကျသွားခဲ့ရ၏။ ဘူလ်ဂေးရီးယားနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့က သည်စစ်ကြီးတွင် တစ်ဘက်စီမှ ပါဝင်ခဲ့ရလေပြီ။ အချင်းချင်း အတိုက်အခံရန်ဘက်များ ဖြစ်ကြရလေပြီ။

သည်အရေးအခင်းကို ပြန်ပြောင်းပြောပြဖို့ သည်စဉ်က အီစတန်ဘူလ်မြို့တွင် 'ဒေးလီးအိဗ်စပရက်'သတင်းစာ၏ သတင်းထောက်အဖြစ် ရှိနေသော 'စီဒရစ်ဆော်လ်တာ' အား မေတ္တာရပ်ခံခဲ့ရ၏။

'၁၉၄၃ ခု၊ နှစ်ဦးပိုင်းကာလကပေါ့။ ဂျော့အားလ်ဟာ ကျူပ်တည်းနေတဲ့ ပါတ်စ်ဟိုတယ်မှာပဲ တည်းတယ်။ ဂျော့အားလ်ရဲ့ အထုပ်အပိုးထဲမှာ ပါလာတဲ့ဗုံးက ဘူလ်ဂေးရီးယားက ရောက်တဲ့နေ့မှာပဲ ပေါက်ကွဲလို့ ဟိုတယ်ခန်းမကြီးတောင် အပျက်အစီး ရှိသွားသေးတယ်လေ။ ဂျော့အားလ်ကို ဘူလ်ဂေးရီးယားဘုရင် ဘောရစ်နဲ့ အမေရိကန်သမ္မတ ရူးစဘဲ့လ်တို့ကြား ဆက်သွယ်ပေးဖို့အတွက် အီစတန်ဘူလ်မှာပဲ ဆက်နေဖို့ ညွှန်ကြားထားတယ်။ သူက သမ္မတဆီသို့သာ တိုက်ရိုက်အစီရင်ခံတာ နိုင်ငံခြားရေး ဝန်ကြီးဌာနကတစ်ဆင့် အစီရင်ခံတာမဟုတ်ဘူး။ ဂျာမန်ထောက်လှမ်းရေးမှ သူလျှိုများက ဂျော့အားလ်ကို ချဉ်းကပ်ခဲ့ကြတယ်။ တချို့ကတော့လည်း မဟုတ်မမှန် သတင်းပေးချင်လို့၊ တချို့ကျတော့လည်း ဂျာမနီဟာ စစ်ရှုံးတော့မည့်အကြောင်းပြောပြီး မိမိတို့ဟာ နာဇီဆန့်ကျင်ရေးသမားများဖြစ်ကြောင်း၊ သက်သေထူဖို့ ရင်ဖွင့်ချင်သူလို၊ ၁၉၄၃ နှစ်ဦးပိုင်းမှာပဲ အားလ်က ဗိုလ်ချုပ်ကြီး ကနားရစ်ဆီ သတင်းရတယ်လို့ ကျူပ်ကို ပြောပြတယ်လေ၊ ကနားရစ်နဲ့ ဂျော့အားလ်တို့ တွေ့ကြတယ်။ အသေးစိတ်ကိုတော့ ကျူပ်ကို ပြောမပြဘူး။ ဒါပေမယ့် ငြိမ်းချမ်းရေးအတွက် အမေရိကန်က ကြိုတင်စဉ်းစားထားတဲ့ အချက်တွေကို ကနားရစ်က မရေမရာ ဆွေးနွေးခဲ့တယ်လို့တော့ သိရတယ်'

အဲ ကနားရစ်က အဆက်အသွယ်ပြုခဲ့သောနေ့ အတိအကျကို သိရလျှင်





ပို၍ စိတ်ဝင်စားဖွယ်ရာ ဖြစ်ပေလိမ့်မည်။ စီဒရစ်ဆော်လ်က ဖော်ပြချက်အရဆိုလျှင် ကာဆာဗလန်ကာ ညီလာခံကျင်းပချိန်မှာပင် ကနားရစ်က ဂျော့အားလ်သို့ အဆက်အသွယ်ပြုခဲ့သည်မှာ ထင်ရှားပါ၏။

သည်စဉ်က အမေရိကန်သမ္မတ ရူးစဘဲ့လ်က မဟာမိတ်တို့၏ စစ်ရေးရည်ရွယ်ချက်မှာ ဂျာမန်တို့က ချွင်းချက်မရှိ လက်နက်ချရမည်ဟု အတိအလင်း ကြေညာခဲ့၏။ သမ္မတကြီး ရူးစဘဲ့လ်၏စိတ်တွင် ကြိတ်၍ ရည်မှန်းထားသည်များ ရှိလိမ့်မည်ဟု ကနားရစ်က တထစ်ချ ယုံကြည်၏။

သည်ပုံစံကို ၁၉၄၃ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့က စစ်ဦးစီးချုပ်များ အဖွဲ့ စည်းဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ထား၏။ သည့်ဝါဒကို သမ္မတကြီး ရူးစဘဲ့လ်က ကာဆာဗလန်ကာညီလာခံသို့ တက်ရောက်ရန် မသွားမီတွင် ဝါရှင်တန်မြို့၌ အချေအတင် ဆွေးနွေးကြ၏။

ကနားရစ်ထံမှရသော စာများနှင့်ပတ်သက်၍ ဘယ်သို့သော သဲလွန်စများကိုမျှ မတွေ့။ ဆွစ်နိုင်ငံ ဘန်းမြို့ရှိ ကနားရစ်၏ လက်အောက်အရာရှိ ဂီးစီးဗီးယပ်စ်က မဟာမိတ်တို့၏ ငြိမ်းချမ်းရေးစာချုပ်အတွက် လျာထားချက်များ မည်သို့ရှိသည်ကို ကြိုးစားပမ်းစား ရှာဖွေနေကြောင်း၊ အာလန်ဒါးလပ်စ် *(Allen Dulles)* ၏ သက်သေခံ ထွက်ချက်တွင် ပါရှိသည်။

ဟစ်တလာအား ဆန့်ကျင်ပုန်ကန်မှုသည် မဟာမိတ်တို့၏ မဟာဗျူဟာနှင့် မဟပ်မိလေရော့သလား။

ကနားရစ်အဖို့မှ ဘန်း အင်ကာရာနှင့် လစ္စဘွန်းမြို့တော်များမှ အဓိပ္ပါယ်မဲ့ ပဲ့တင်သံများကိုသာ ကြားနေရ၍ မဖြစ်နိုင်ဟုသာ စိတ်တွင် စွဲနေပေလိမ့်မည်။ သူ ဖောက်ခဲ့သော ဗုံးများကလည်း မပေါက်၊ သူ့ကမ်းလှမ်းချက်များကိုလည်း အားတက် သရောနှင့် မတုန့်ပြန်။

'ချွင်းချက်မရှိ လက်နက်ချ'ဟူသော အမိန့်ပေးသံကိုသာ ကြားမြဲ ကြားနေ ရဆဲ။

ဝန်ကြီးချုပ်ချာချီက မိမိမှတ်တမ်းစာအုပ် အတွဲ (၄)တွင် 'ချွင်းချက်မရှိ လက်နက်ချ'ဟူသော ကြေငြာချက်၏ အဓိပ္ပါယ်အကျိုးဆက်နှင့် ပတ်သက်၍ မိမိ၏ အမြင်ကို စဉ်းစဉ်းစားစား ဖော်ပြထား၏။

ကြံရွယ်ထားပြီးဖြစ်သည့် ငြိမ်းချမ်းရေးစာချုပ်ပါ အချက်အလက်များအား မူကြမ်းအဖြစ် ရောက်ရှိနိုင်ပင်လျှင် သာမန် 'ချွင်းချက်မရှိ လက်နက်ချ' ဆိုသည်ထက်ပင် ပို၍ ပြင်းထန်သယောင်ယောင် ရှိသည်ဟု ချာချီက ဆိုသည်။

သည်အချိန်တွင် ဆိုဗီယက်ခေါင်းဆောင် စတာလင်ကလည်း စစ်ကြီးနှင့် ပတ်သက်၍ မိမိရည်မှန်းချက်များကို ထုတ်ဖော်လာပြန်၏။ နားလည်သဘောပေါက်ရန်



www.burmeseclassic.com

www.burmeseclassic.com



ခက်ခဲသော သိမ်မွေ့နူးညံ့သည့် ကြေငြာချက်တစ်ရပ်အား စတာလင်က မိန့်ခွန်းချွေရာတွင် ထည့်သွင်းဖော်ပြခဲ့၏။

'ဂျာမနီနိုင်ငံကိုတော့ ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ဟစ်တလာဝါဒကိုတော့ ဖျက်ဆီးရမယ်။ ဖျက်ဆီးမယ်ဆိုလဲ ဖျက်ဆီးနိုင်တယ်'

ဤသို့ မိမိယုံကြည်ကြောင်း စတာလင်က ပြောခဲ့၏။

ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါက မိမိရေးသော *(Crusade In Europe)* စာအုပ်တွင် 'ချွင်းချက်မရှိ လက်နက်ချ' ဝါဒကို ၁၉၄၃ ခု၊ ဇန်နဝါရီလ ၇ ရက်နေ့က စစ်ဦးစီးချုပ်များအဖွဲ့ အစည်းအဝေးပွဲမှတ်တမ်းတွင် ဖော်ပြခဲ့၍၊ ယင်းဘာသာရပ်ကို သမ္မတကြီး ရူးစဗဲ့လ်က ကာဆာဗလန်ကာမြို့ ညီလာခံသို့ မသွားမီတွင် ဆွေးနွေးခဲ့သည်မှာ အမှန်ဟုဆိုခဲ့၏။

စစ်ကြီးကို မပြီးမချင်း တိုက်လေမည်လား . . . ။

နာဇီအဖွဲ့ သို့မဟုတ် ဟစ်တလာအား ဆန့်ကျင်အတိုက်အခံပြုသော မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မည်သည့်အစီအစဉ်ကိုမှ မဆွေးနွေး အပေးအယူမလုပ်ဘဲ နေလေမည်လား . . . ။

ဂျာမနီနိုင်ငံ၏ စစ်ရေးအားထားကို ဖျက်ပြုန်းစေရမည်လား . . . ။

ဥရောပတွင် နောက်ဆုံး၌ ဆိုဗီယက်တို့၏ လွှမ်းမိုးမှုကိုပင် လက်ခံလေမည်လား . . . ။

သည်အချက်ကိုများပင် ငြိမ်းချမ်းရေး သဘောတူစာချုပ်၏ အခြေခံအချက်များပင် ဖြစ်လေမည်လားဟု နိုင်ငံတကာ၏ လှုံ့ဆော်ဝါဒကို လေ့လာလိုက်စားသူများကပင် ထင်မိကောင်း ထင်မိပေလိမ့်မည်။

၁၉၄၃ ခု၊ မတ်လတွင် ဗြိတိသျှ အထက်လွှတ်တော်၌ ဖခြေအတင် ဆွေးနွေးခြင်းဖြင့် သည်အချိန်က သည်ပြဿနာကြီးအပေါ် ကွဲပြားခြားနားသောအမြင် ရှိနေသေးကြောင်း ပေါ်လွင်၏။

'ကနားရစ်က ချွင်းချက်မရှိ လက်နက်ချဝါဒကို အစကတည်းက မျှော်မှန်းပြီးသား။ ဒါကြောင့်လဲ အတီအလင်း ကြေငြာတဲ့အခါ မအံ့သြခဲ့ဘူးပေါ့'

လဟိုစင်က ကျွန်တော့်အား ပြောပြသည်။ စကားဆက်ပြန်သည်။

'ကနားရစ်ရဲ့ အဆိုးမြင်တတ်တဲ့စိတ်ဟာ ဂျာမနီနိုင်ငံရဲ့ နိဂုံးချုပ်မယ့်အချိန်ကို ရှေးယခင်ကတည်းက ကြိုသိပြီးသား။ ရက်စက်ကြမ်းကြုတ်မှုအတွက် ထိုက်တန်တဲ့ ဒဏ်ခတ်ခြင်းပဲရယ်လို့ ကနားရစ်က ယူဆတယ်လေ'

'ဒီအတွက် ကျုပ်တို့က ကြေးပြန်ဆပ်ရလိမ့်မယ်။ ဒီစစ်အတွက် ငါတို့အားလုံးက တာဝန်ရှိခဲ့တယ် မဟုတ်လား'

ကနားရစ်က သို့ကလို မကြာခဏ မှတ်ချက်ချတတ်၏။





'ဒါပေမယ့် ကာဆာဗလန်ကာညီလာခံ ကြေငြာချက်ဟာ အချိန်အခါအရ အကြီးအကျယ် အမှားကို ကျူးလွန်တာပဲရယ်လို့သာ ကနားရစ်က ထင်နေဆဲပဲ။ ဒီကြေညာချက်ဟာ စစ်ကြီးကို ပိုပြီးသက်ဆိုးရှည်စေတော့မပေါ့။ အပြတ်အသတ် ရှုံးတာမျိုး မရှိသရွေ့မှာ စိတ်ထဲ နှလုံးထဲက ဟစ်တလာကို ဆန့်ကျင်တဲ့ စစ်ရေးခေါင်းဆောင်များပင် ဒီအချက်အလက်တွေက သူတို့ဂုဏ်သိက္ခာနဲ့ မညီလေတော့ လက်ခံလိမ့်မယ်လို့ မမျှော်လင့်နိုင်ဘူးလို့ ကာဆာဗလန်ကာညီလာခံ အပြီးမှာ ကနားရစ်က ကျွန်တော့်ကို ပြောပြတယ်'

'ဒီမှာ လဟိုစင်၊ သမိုင်းပညာသင် ကျောင်းသားများကို ဒီစစ်ကြီးကြောင့် စိတ်အနှောင့်အယှက် မဖြစ်သင့်ဘူး။ လွန်ခဲ့တဲ့ စစ်ပွဲကြီးအပြီးမှာ စစ်ပွဲကြီးစခဲ့တဲ့အတွက် ဘယ်သူ့မှာ အပြစ်ရှိတယ်ဆိုတာမျိုးကို မလုပ်သင့်တော့ဘူး။ စစ်ကြီးကို သက်ဆိုးရှည်အောင်လုပ်တဲ့သူဟာ အပြစ်ရှိတယ်လို့ ပြောမယ်ဆိုရင် အမြင်တစ်မျိုး ဖြစ်လာမှာပေါ့။ တစ်ဖက်က ကျုပ်တို့မှာရှိတဲ့လက်နက်ကို သိမ်းယူသွားပြီးပြီ။ ဒီလက်နက်နဲ့သာ ကျုပ်တို့က ဒီစစ်ကြီးကို အမြန်ဆုံး နိဂုံးချုပ်စေမှာ။ ချွင်းချက်မရှိ လက်နက်ချ ဆိုတာမျိုးတော့ ကျုပ်တို့ဗိုလ်ချုပ်ကြီးတွေလည်း ဘဝင်မကျနိုင်ဘူးပေါ့။ အခုတော့ ဘယ်လိုအဖြေမှ ရှာလို့မတွေ့နိုင်တော့ပါလား'

➡ ◆ ⬅ ◆ ➡



www.burmeseclassic.com

www.burmeseclassic.com

# ( ၁၉ )

## ချာချီကိုသတ်

ကာဆာဗလန်ကာညီလာခံ ဖျင်းပနေချိန်မှာပင် ဗြိတိန်ဝန်ကြီးချုပ် ချာချီအား လုပ်ကြံသတ်ဖြတ်ရန် ဟစ်တလာက အမိန့်ပေးခဲ့၏။

မဟာမိတ်တို့က ဂျာမနီအား 'ခွင်းချက်မရှိ လက်နက်ချ'ဟု ကြေညာခြင်းကို ဂလဲ့စားချေသောအားဖြင့် ချာချီအား လုပ်ကြံသတ်ဖြတ်စေခြင်း ဖြစ်မဖြစ် တိတိပပ သိခွင့်မရခဲ့။

အဖျက်လုပ်ငန်း၊ အမှောင့်လုပ်ငန်းများကို ဦးစီးဆောင်ရွက်ရသော ဂျာမနီ ထောက်လှမ်းရေးအဖွဲ့ (၂)မှ စစ်မှတ်တမ်းများကို မဟာမိတ်တို့ဘက်မှ သိမ်းဆည်းရမိခဲ့ပြီးဖြစ်၍ သမိုင်းပညာရှင်များပင် သိနိုင်ခွင့်ရှိလိမ့်မည်မဟုတ်။

သည်စဉ်က ဟစ်တလာသည် အမိန့်နှစ်ရပ် ထုတ်ပြန်ခဲ့ဟန်ရှိ၏။ အမိန့်တစ်ရပ်မှာ ချာချီအား ပြည်ပရောက်နေချိန်တွင် လုပ်ကြံသတ်ဖြတ်ရန်ဖြစ်၏။ ဒုတိယအမိန့်မှာ ချာချီစီးနင်းလိုက်ပါလာသော လေယာဉ်အား ပစ်ချရန်ဖြစ်သည်။

ဂျာမန်လေတပ်၏ အကြံအစည်ကို လစ္စဘွန်းမြို့မှတစ်ဆင့် သိကောင်းသိရ ပေလိမ့်မည်။ လစ္စဘွန်းမြို့သည် မဟာမိတ်တို့၏ ဆက်သွယ်ရေးလမ်းကြောင်း အလယ်ဗဟိုတွင် ရှိ၏။ ပေါ်တူကီနိုင်ငံမှ မဟာမိတ်တို့၏ လေယာဉ်၊ သင်္ဘောများ အသွားအလာကို ဂျာမနီတို့က စနစ်တကျ လေ့လာကြည့်နိုင်မည်။

စစ်ကြီး စတင်ချိန်မှစ၍ သည်သို့ဖြစ်နိုင်စရာအကြောင်း အများကြီးရှိခဲ့၏။





ဦးစွာပထမ ကာနားရစ်က ပေါ်တူကီမှ ဂျာမန်သံအမတ်ကြီး အကူအညီဖြင့် နယ်မြေ အခြေအနေကို စမ်းသပ်ရပေမည်။

သည်အချိန်က ပေါ်တူကီနိုင်ငံသည် ကြားနေနိုင်ငံဖြစ်သော်လည်း ဗြိတိသျှတို့၏ မဟာမိတ်ဟောင်းဖြစ်သည်ကို ဂျာမန်သံအမတ်ကြီး 'ဘောရွန် အော့စဝဲလ်ဗွန်ဟွိုင်နင်ဂျင်ဟူး'က မမေ့၊ ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာ နိုင်ငံဖြစ်၍လည်း အမျိုးသား ဆိုရှယ်လစ်ဝါဒနှင့် လစ်ဘရယ် ဒီမိုကရေစီဝါဒ နှစ်ခုစလုံးကို ဆန့်ကျင်သည်။ ဝန်ကြီးချုပ် ဒေါက်တာစလေဇာက မိမိနိုင်ငံအား မဟာမိတ်နှင့် ဂျာမနီနိုင်ငံတို့ တိုက်ခိုက်ကြသည့်ကြားက မြေဇာပင်မဖြစ်သင့်ဟု စွဲစွဲမြဲမြဲ ယုံကြည်ထား၏။

စစ်ကြီး စတင်ဖြစ်စတွင် ဂျာမန်သံအမတ်ကြီးက လစ္စဘွန်းမြို့တွင် ဗိုလ်ချုပ်ကြီး ကာနားရစ်နှင့် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့လေ၏။

'ပေါ်တူကီနိုင်ငံမှာ ဂျာမန်စစ်ဖက်က အမှောင့်လုပ်ငန်း အဖျက်လုပ်ငန်းများကို မလုပ်ဖို့ သဘောတူညီမှု ရခဲ့တယ်'

ဂျာမန်သံအမတ်ကြီးက ကျွန်တော့်အား ပြောပြဖူးသည်။

'အချို့ အချို့သော ဂျာမန်တစ်စုက ပေါ်တူကီနိုင်ငံ ဆိပ်ကမ်းများမှာ ကျောက်ချ ဆိုက်ကပ်ထားတဲ့ မဟာမိတ်နိုင်ငံများက သင်္ဘောများကို ချိန်ကိုက်ဗုံးများနဲ့ ဖောက်ခွဲဖျက်ဆီးဖို့ အကြိမ်ကြိမ် ကြံရွယ်ခဲ့ဖူးတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကြီး ကာနားရစ်နဲ့ သူ့တပည့်များက ဟန့်တားနိုင်ခဲ့တယ်'

ကာနားရစ်ဆိုတဲ့ ပုဂ္ဂိုလ်က သိက္ခာသမာဓိနဲ့ စိတ်ကောင်း နှလုံးကောင်းရှိတဲ့သူ ပါပဲ။ ကာနားရစ် ပေါ်တူကီမှာရှိနေတုန်း သူ့ကိုတောင် သိမ်မွေ့ဖူးလှဘူး။ သူ့လက်ထောက် ထိပ်တန်းအရာရှိကြီးများ နောက်တော်ပါးမပါဘဲ လာလေ့ လာထရှိတယ်။ သူ့လက်အောက်ငယ်သားတွေ၊ စစ်သံမှူးတွေ၊ ဗိုလ်မှူးကြီး ဗွန်ကာရေးမားအော်ရုတ် တို့နဲ့သာ စကားစမြည် ပြောတတ်တယ်။ ဗိုလ်မှူးကြီး ဗွန်ကာရေးမားက ဗွန်ကားလ်ရှောဇ် အမည်ဝှက်နဲ့လည်း သူလျှိုအလုပ် လုပ်နေတဲ့သူပေါ့။ ကာနားရစ်က သူ့လက်ထောက် ဗိုလ်မှူးကြီး ဖရစ်ကရေးမားတို့နဲ့လည်း စကားစမြည် ပြောတတ်တယ်။ ကျုပ်ကိုယ်တိုင် ပေါ်တူကီမှာရှိတုန်းက သူ့လှုပ်ရှားမှုသတင်းတွေကို သိခွင့်မရခဲ့ဘူး။ ဒါပေမယ့် ကာနားရစ်က ဟစ်တလာရဲ့ဝါဒကို ဆန့်ကျင်ပြီး ရန်သူနဲ့ တိတ်တဆိတ်လျှို့ဝှက်ကာ အဆက်အသွယ်လုပ်ဖို့ ရှာကြံနေတယ်'

မှန်ပါသည်။ သည်မျှ အလားအလာကောင်းသော နယ်မြေတွင် မထွစ်မယှက် နေခြင်းမှာ ကြာရှည်ခိုင်ခံ့နိုင်ခွင့် ပေး၍မဖြစ်၊ ကြာရှည်ခံမည်လည်း မဟုတ်။

ပေါ်တူကီနိုင်ငံ၌ အခြေအနေ ငြိမ်သက်ခြင်းကပင်လျှင် ဟစ်တလာအား ဂဏာမငြိမ် ဖြစ်စေသည်။ ၁၉၄၂-ခုနှစ်၊ နှစ်ဦးပိုင်းတွင် ညီးဝေးပွဲတစ်ခု၌ ဗိုလ်ချုပ်ကြီး ကေတဲလ်က နယူးယောက် လစ္စဘွန်း ရေပြင်ဆင်းလေယာဉ်ဖြင့် လေကြောင်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



သွယ်ရေး အစီအစဉ်ကို မပျက်ပျက်အောင် ဖျက်ဆီးရန် အမိန့်ပေးခဲ့ခြင်း၏ ရလာဒ် မည်သို့ရှိကြောင်းကို ရယူဖို့ ကနားရစ်အား ချက်ချင်း အမိန့်ပေးခဲ့သည်။

စည်းဝေးပွဲတွင် လဟိုစင်လည်း ရှိနေသည်။ ဗိုလ်ချုပ်ကြီး ကနားရစ်က လဟိုစင်ဘက်သို့လှည့်၍ မိမိအား အမိန့်ပေးသည်ကို လက်ပြောင်းလက်လွှဲ လုပ်လိုက်၏။ တစ်ယောက်နှင့်တစ်ယောက် ညှိနှိုင်းမထားသည်မှာ ပေါ်လွင်၏။ သိချင်လှသော အဖြေကို ချက်ချင်းပေးလိုက်မိသည်။ အမေရိကန်တို့၏ ရေပြင်ဆင်း လေယာဉ်ပျံကြီးက တာဂွန်မြစ် ပင်လယ်ဝတွင် ဆိုက်ကပ်ထားချိန်၌ ချိန်ကိုက်ဗုံးကို တင်ခဲ့၏။

'ဒီလို အကြမ်းဖက်မှုများ မလုပ်ဖို့ ကနားရစ်က ကြပ်ကြပ်မတ်မတ် ဗိတ်ပင်ထားခဲ့တယ်။ ဒီအမိန့်ကို ကျွန်တော်ရဲ့ ဌာနဆိုင်ရာ စစ်မှတ်တမ်းစာအုပ် စာမျက်နှာ ၂၅၆ မှာ ရေးမှတ်ထားခဲ့တယ်။ (ဗြိတိန် တန်ပြန်ထောက်လှမ်းရေးဌာန)က ဒီအမိန့်စာတွေကို ဓာတ်ပုံကူးယူထားတယ်။ မူရင်းတော့ ဝါရှင်တန်မှာ သိမ်းဆည်းထားလေရဲ့'

ဗိုလ်ချုပ်ကြီး လဟိုစင်က ကျွန်တော့်အား ပြောပြ၏။

အကယ်၍ အထက်က တသွေးတသံတမိန့်မျိုး ပေးခဲ့ပြီးမှ သတ်ဖြတ်လုပ်ကြံမှုကို ဟန့်တားပိတ်ပင်သည့် အမိန့်ထုတ်၍လည်း ဘာများ အကျိုးထူးအံ့နည်း။

မကြာခင်မှာပင် ကနားရစ်တစ်ယောက် ပေါ်တူဂီနိုင်ငံသို့ ရောက်လာပြန်သည်။ သူ့လက်ထောက်အရာရှိများက အမေရိကန်တို့၏ ရေပြင်ဆင်းလေယာဉ်တွင် ချိန်ကိုက်ဗုံး ထားရှိပြီးဖြစ်ကြောင်း သူ့အား ထုတ်ဖော်ပြောပြလိုက်၏။ ကနားရစ်တစ်ယောက် အံ့အားသင့်သွားပုံ ရ၏။ ချိန်ကိုက်ဗုံးကို ချက်ချင်းဖယ်ရှားရန် ကနားရစ်က အမိန့်ပေးလိုက်၏။ ရာသီဥတုကောင်း၍ ခရီးမထွက်နိုင်သောကြောင့် ချိန်ကိုက်ဗုံးကို ဖယ်ရှားနိုင်ခဲ့သည်။

'ရံဖန်ရံခါ ကနားရစ်ကပင် အကြမ်းဖက်မှုများ မလုပ်ရလေအောင် ဟန့်တားပိတ်ပင်နိုင်စွမ်းမရှိလို့ ထရီဗာရိုပါ[*]က ဆိုတာလဲ မှန်တာပဲ။ တစ်ခါတစ်လေတော့လည်း အလုပ်သဘောအရ ဟန့်တားလို့မဖြစ်တာလဲ ရှိသပေါ့ . . . ။ အင်း တစ်ခါတစ်လေတော့လည်း လူပေါ့ တည်ပြန်တယ်။ ဒါပေမယ့် အကြမ်းဖက်မှုကိုတော့ ကနားရစ်ဟာ အမြဲတစေ ဆန့်ကျင်ခဲ့သလားဆိုတာတော့ မေးစရာလို့မယ် မထင်ဘူး'

လဟိုစင်က သည်သို့ပြော၍ နိဂုံးချုပ်ခဲ့၏။

ဝန်ကြီးချုပ် ချာချီနှင့် သမ္မတ ရူးစဘဲ့လ်တို့ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလတွင် တွေ့ဆုံကြလိမ့်မည်ဟူသော သတင်းကို ဂျာမန်တို့က ကြိုတင်သိရှိထားသည်ထင့်။

ဟမ်ဘာတ်မြို့မှ ဒု-ဗိုလ်မှူးကြီး ဝစ်ကမင်းက သတင်းတစ်ပတ်မျှ ကြိုတင်၍

---

[*] *Trevor - Roper* မှာ အောက်စဖို့တက္ကသိုလ်မှ သမိုင်းပညာရှင်ဖြစ်၍ *The Last Days of Hitler* စာအုပ်ကို ရေးခဲ့သည်။





သိထားသည်မှာ အမှန်။ စပိန်တွင်လည်း သည်သတင်း ကောလာဟလ ဖြစ်နေ၏။ ကာဆာဗလန်ကာမြို့ရှိ ဟိုတယ်တစ်ခုတွင် တည်းခိုနေသော ကုန်သည်တစ်ဦးကို အစမွ မောင်းထုတ်ခဲ့၍ အဆိုပါကုန်သည်က ဒေါသဖောင်းနေကြောင်း သတင်းများကလည်း ပြန့်လို့ . . . . ။

သို့ရာတွင် ဘာလင်မြို့မှ ပုဂ္ဂိုလ်များကမူ ဗြိတိသျှနှင့် အမေရိကန်ခေါင်းဆောင်ကြီးနှစ်ဦးတို့က ဝါရှင်တန်ရှိ သမ္မတ အိမ်ဖြူတော်တွင် တွေ့ဆုံကြလိမ့်မည်ဟူ၍သာ ထင်ကြ၏။ 'ကာဆာဗလန်ကာ' ဆိုသည်မှာ သမ္မတ အိမ်ဖြူတော်၏ စကားဝှက်ဖြစ်သည် ထင်မှုနေကြလေရော့သလား . . . . ။

မည်သို့ဆိုစေ ဂျာမန်လေတပ်ကိုမူ တပ်လှန့်ထား၏။

ကျွန်းဆွယ်ဒေသ (စပိန် ပေါ်တူဂီ) လေဆိပ်တစ်ခုတွင် စေဟင်မှ ဓာတ်ပုံရိုက်ကူးရန်အတွက် ဂျာမန်ထောက်လှမ်းရေးဌာနမှ အသုံးပြုထားရှိသော လေယာဉ်အား ကင်းလှည့်ရန် အမိန့်ပေးခဲ့ပြီး အဆိုပါလေယာဉ်က ဗြိတိသျှ ဗုံးကြဲလေယာဉ်ပျံကြီးတစ်စင်းအား တိုက်လေယာဉ်များ အစောင့်အရှောက်ဖြင့် တောင်အရပ်ရူးရှူသို့ ပျံသန်းကာ လစ္စဘွန်းမြို့အနီးတွင် အစောင့်တိုက်လေယာဉ်များက နောက်ပြန်လှည့်သွားသည်ကိုမြင်ရကြောင်း ကနားရစ်၏ လက်ထောက်အရာရှိ ဗိုလ်မှူးကြီးဂျန်ကင်က ကျွန်တော့်ကို ပြောပြခဲ့သည်။

ကာဆာဗလန်ကာ ညီလာခံသို့ လော့ဒ်ပေါ်တဲလ်နှင့်အတူ သွားရာတွင် မိမိမကျသည့်ခရီးကို ချာချီက ဖော်ပြခဲ့ဖူးခြင်းမှာ ဗြိတိသျှ ဗုံးကြဲလေယာဉ်ပျံကြီးဖြင့် စီးနင်းလိုက်ပါသွားခဲ့ခြင်းကိုများ ရည်ညွှန်းလေသည်လား . . . . ။

ဗိုလ်မှူးကြီးဂျန်ကင်ကမူ သည်သို့ပင် ထင်မှတ်ထား၏။ သည်စဉ်က ဗြိတိသျှ ဗုံးကြဲလေယာဉ်ပျံကလည်း ဂျာမန်ကင်းထောက်လေယာဉ်ကို အမှတ်မထင် တွေ့မြင်သွားသည်။

သို့ရာတွင် ကနားရစ်က ကျွန်းဆွယ်ဒေသရှိ ဂျာမန်တိုက်လေယာဉ် စခန်းမှ လေယာဉ်ပျံဖြင့် လိုက်စေခြင်းမပြုခဲ့။

လဟိုစင် သိထားသည်က တစ်မျိုး . . . ။

'ချာချီကို လေကြောင်းက ထောက်လှမ်းဖို့ဆိုတာကိုတော့ ကျုပ်ဘာမှ မသိရပါလား။ ကျုပ် ဌာနလုပ်ငန်းနဲ့ ပတ်သက်လို့ကတော့ ဝန်ကြီးချုပ် ချာချီတစ်ယောက် ကာဆာဗလန်ကာ ရောက်ပြီးတော့နဲ့ အမျိုးသားရေးဝါဒီ အာရပ်လူမျိုးများက လုပ်ကြံသတ်ဖြတ်စေဖို့ဆိုတာကို မှတ်မိတယ်။ ဒီအမိန့်ကို ကေတဲလ်ကပဲ ကျုပ်ကို ပေးခဲ့တယ်။ ဟစ်တလာဆီက လာတဲ့အမိန့် ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဟစ်တလာက ကျုပ်တို့ စပိန်က မော်ရိုကိုလူမျိုး သူလျှိုတွေကို ဒီကိစ္စမှာအသုံးပြုဖို့ စဉ်းစားတယ်ထင်ပါရဲ့။ ဒီလိုလုပ်ဖို့ ဖြစ်နိုင်တာ မဖြစ်နိုင်တာထားလို့ ဒါမျိုးမလုပ်ဖို့ကို ကနားရစ်ကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားပိတ်ပင်ထားတယ် မဟုတ်လား။ ကျုပ်သိသလောက်တော့ ချာချီကို လုပ်ကြံသတ်ဖြတ်ဖို့က ကာနာရစ်ကာကို ချာချီ ရောက်ပြီးမှ အမိန့်ပေးခဲ့တာပဲ . . .

မှန်ပေမည်။

ထောက်လှမ်းရေးလေယာဉ်အုပ်စုမှ ဗိုလ်မှူးကြီး သီယိုရှိခင်ထံမှ ဟုတ်မှန်ကြောင်း သိခဲ့ရ၏။ ချာချီအား လုပ်ကြံသတ်ဖြတ်ရန် အမိန့်နှင့်ပတ်သက်၍ ကနားရစ်က ဗိုလ်မှူးကြီးအား တီးတိုးပြောပြခဲ့၏။

ကာဆာဗလန်ကာ ညီလာခံ အပြီးတွင် ဂျာမန်လေတပ်မှာ အငြိမ်မနေရတော့။ ဘစ္စကော လေတပ်အုပ်စုက နေ့ရာအနှံ့ ကင်းထောက်ပျံသန်းရ၏။

ဂျာမန်လေကြောင်းဌာန (လူသန်ဆာ)မှအရာရှိ အော့တိုဗွန်ဆိုသူက သည်စဉ်က လူသန်ဆာလေကြောင်းဌာနမှ လစ္စဘွန်း မဒရစ်မြို့သွား ခရီးစဉ်အား လေယာဉ်စက်ချို့ယွင်း၍ဟု အကြောင်းပြစေကာ ဖျက်သိမ်းစေခဲ့ပြီး တဖန် ယင်းလေယာဉ်အား စမ်းသပ်ပျံသန်းစေရာတွင်လည်း ပင်လယ်ပြင်အထိ ပျံသန်းရန် အမိန့်ပေးခဲ့သည်ကို မှတ်မိနေသေး၏။ သို့ရာတွင် လေယာဉ်မှူးအား ဘာကိုကြည့်စေခဲ့သည်ကိုမူ မသိခဲ့ရဟုဆို၏။

နောက်တစ်ကြိမ် ဝန်ကြီးချုပ်ချာချီက ပြည်ပသို့ ခရီးထွက်ပြန်သည်။ ပထမခရီးအပြီး ၅ လအကြာမှ ထွက်ပြန်၏။ သည်အကြိမ်တွင် ဒုတိယအကြိမ် ဝါရှင်တန်ညီလာခံကို အမေရိကန်သမ္မတ အိမ်ဖြူတော်တွင် ကျင်းပပြီး၍ အာလ်ဂျီးယားစ်မြို့ (အဲလ်ဂျေးရီးယားနိုင်ငံ)မှတစ်ဆင့် အင်္ဂလန်သို့ ပြန်သည်။ အာလ်ဂျီးယားစ်မြို့တွင် အန်ထောနီအီဒင်နှင့် ၁၉၄၃ ခု၊ မေ ၃၀ ရက်နေ့၌ တွေ့ဆုံခဲ့၏။

သည်တစ်ကြိမ်တွင်လည်း ဂျာမန်သူလျှိုများက ဘာလင်မြို့ရှိ သက်ဆိုင်ရာပုဂ္ဂိုလ်ကြီးများသို့ အကြောင်းကြားခဲ့၏။ ထုံးစံအတိုင်း ချာချီ၏လေယာဉ်ကို ကြားဖြတ်တိုက်ရန် ဂျာမန်လေတပ်ကို တပ်လှန့်ခဲ့ပြန်၏။

သို့ကြောင့်ပင် ထင်သည်၊ ၁၉၄၃ ခု၊ ဇွန်လ ၁ ရက်နေ့က လန်ဒန်မြို့သို့ ပြန်လာသော ဗြိတိသျှလေကြောင်းဌာန (ဘီ–အို–အေ–စီ)ပိုင် ခရီးသည်တင်လေယာဉ်ကို ပင်လယ်ပြင်တွင် ဂျာမန်လေတပ်က ပစ်ချခဲ့၏။ ခရီးသည် ၁၃ ဦးနှင့် လေယာဉ်ဝန်ထမ်းများအားလုံး အသက်ဆုံးရှုံးခဲ့၏။ ဂျာမန်စစ်တပ်မှ မှတ်တမ်းတွင် ထိုနေ့က ပစ်ချရသော ဗြိတိသျှလေယာဉ်ကို သယ်ယူပို့ဆောင်ရေး လေယာဉ်ဟုသာ ဖော်ပြခဲ့၏။

သည်လေယာဉ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်များတွင် ဆေးပြင်းလိပ်သောက်ကာ ချာချီနှင့်ခပ်ဆင်ဆင်တူသော ဘဏ္ဍာရေးပါရဂူ မစ္စတာအယ်ဖရက်ချန်ဖော်လ် သည်လည်း ကျန်ခရီးသည် အမျိုးသား အမျိုးသမီးကလေးများနှင့်အတူ သေပွဲဝင်ခဲ့ရ၏။

လေဆိပ်တွင် ဘီ–အို–အေ–စီ လေယာဉ်သို့သွားသော မစ္စတာ ချန်ဖော်လ်





အား ဂျာမန်သူလျှိုများက ချာချီဟု အမှတ်မှားခဲ့လိမ့်မည်ဖြစ်ကြောင်း ချာချီက ယုံကြည်သည်။

စင်စစ် ကုန်နှင့် သံတမန်ချောစာများအား ဟိုမှသည်မှ သယ်ယူပို့ပေးနေသော ဘီ–အို–အေ–စီ လေကြောင်းလေယာဉ်ပျံများအား ဂျာမန်လေတပ်က အနှောင့်အယှက် မပေးခဲ့။

မကြာပါ။ လစ္စဘွန်းမြို့မှာ ထူးထူးဆန်းဆန်း ချိန်းတွေ့ခဲ့သည့်နေရာ ဖြစ်ခဲ့၏။ ကနားရစ်အား မဟာမိတ်တို့ဘက်မှ အရာရှိတစ်ဦးဦးက တွေ့ကောင်းတွေ့ခဲ့ပေလိမ့်မည်။

သည်စဉ်က ပေါ်တူဂီနိုင်ငံတွင် ဆိုဗီယက်သံရုံးမရှိ။ ကောင်စစ်ဝန်ရုံးမျှပင်မရှိ။ ပေါ်တူဂီနိုင်ငံက လက်မခံခဲ့။ ဂျာမနီနိုင်ငံသည်လည်း ပေါ်တူဂီနိုင်ငံ ပြည်သူများတွင် မထင်ပေါ်လှ။

သို့ရာတွင် ပိုလန်နိုင်ငံအား ရုရှားနှင့် ဂျာမန်တို့က တိုက်ခိုက်နေသည်ဟုဆိုကာ ပေါ်တူဂီက ကရုဏာသက်နေ၏။ လစ္စဘွန်းမြို့တွင် ပိုလန်သံရုံး ဖွင့်ထားစေသည်သာမဟုတ်သေး။ ပိုလန် သူလျှိုတမန်များကိုပင် လွှတ်ရှားခွင့် ပေးထား၏။

ဗိုလ်မှူးကြီး ဂျန်ကိုဝါလျူးစကီးမှာ ပိုလန် စစ်ဦးစီးအဖွဲ့ရုံးမှဖြစ်၏။ ဂျာမန်တို့အပေါ် သူ့နိုင်ငံက နည်းနည်းမျှအယုံအကြည်မရှိသလို သူကလည်းမယုံ။ အရာရှိငယ်ဘဝဖြင့် ဘယ်လ်ဂျီယံ၊ ပြင်သစ် စစ်တက္ကသိုလ်များသို့ သွားရောက်သင်ကြားရစဉ်က ဂျာမနီနိုင်ငံကို အခဲခေါက်ခေါက် အခါခါ ဖြတ်ခဲ့ဖူး၏။

'တစ်ကြိမ်တစ်ခါမှတော့ ဂျာမနီမှာ ညမအိပ်ခဲ့ဖူးဘူး။ စိတ်မသိုးမသန့်ဖြစ်ပြီး ကတိုက်ကရိုက် ဖြတ်သွားတော့တာပါပဲ'

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ကျွန်တော့်ကို ပြောပြသည်။

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးသည် မော်စကိုမြို့ ပိုလန်သံရုံးတွင် ပိုလန်စစ်သံမှူးတာဝန် ထမ်းဆောင်ခဲ့ဖူး၏။ ပိုလန်စစ်တပ်တွင် မရှုမလှ ဆုံးရှုံးရသည့်သောအခါမှ လွတ်ခဲ့၏။ သို့ရာတွင် ပေါ်တူဂီနိုင်ငံ၊ လစ္စဘွန်းသို့ "လွတ်လပ်သော ပိုလန်အဖွဲ့"ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်ကြီး စီကိုစကီးက စေလွှတ်ခဲ့၏။

လစ္စဘွန်းတွင် ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ပိုလန်စစ်သံရုံးကို ခပ်ဝေးဝေးမှ ရှောင်ရှားခဲ့၏။ ဥရောပရှိ ပိုလန်လူမျိုးစုကလေးများ၊ အလုပ်သမားများ၊ ပြင်သစ်နှင့် ဂျာမနီရှိ သုံ့ပန်းတွင်းတူးသမားများ . . . ပြီး ဂျာမနီတို့ သိမ်းပိုက်ထားသည့် နယ်မြေအတွင်း အကျဉ်းခံနေရသော ပိုလန်လူမျိုးများနှင့် အဆက်အသွယ်လုပ်ရမည့် တာဝန်ကို ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ယူထားရသည်။

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက လစ္စဘွန်းမြို့တွင်ပင် သတင်းကြီးစွာဖြင့် လှုပ်ရှားရပေလိမ့်မည်။

ပေါ်တူဂီနိုင်ငံတွင် ဗြိတိသျှတို့၏ ဩဇာတိက္ကမ ကြီးမားသည်ဟုပင်ဆိုဆို



www.burmeseclassic.com

www.burmeseclassic.com



သည့်နိုင်ငံတွင် လူမျိုးက အစုံသား။ ဂျာမနီ၊ အီတလီ၊ ဘူလ်ဂေးရီးယား၊ ရွမေးနီးယား။ စပိန်လူမျိုး စသည်ဖြင့် စုံလို့ . . . ။

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးမှာ ရှိုးရိုးစင်းစင်း နေတတ်သည်။ ကိုယ်ခန္ဓာ တောင့်တောင့်တင်းတင်း ကြံ့ခိုင်သည်။ သန့်စွမ်းသည်၊ မျက်နှာဝိုင်းဝိုင်း၊ ရှပ်ကြမ်းကြမ်း၊ သာမန်အလုပ်သမား၊ လယ်သမားဟု ထင်ရလောက်သည်။ စစ်ဗိုလ်တစ်ဦးဟု ဆိုလျှင်ပင် ယုံနိုင်စရာမရှိ။

လစ္စဘွန်းမြို့ရှိ အခန်းတစ်ခုတွင် မထင်မရှား အခြေစိုက်နေထိုင်သည်။ ပြီး မိတ်ဆွေ ကြားနေရန်သူနိုင်ငံများမှ သံတမန်အဖြစ် မည်သူရောက်လာမည်ကို စုံစမ်း ထောက်လှမ်း၏။ လစ္စဘွန်းမြို့မှ ဂျာမန်တို့သိမ်းပိုက်ထားသော ဥရောပနိုင်ငံများသို့ အဆက်အသွယ်များကို ကောက်ယူခဲ့၏။

ဂျာမန်တို့က ရုရှားသို့ ထိုးစစ်ဆင်ခဲ့ပြီး မကြာမတင်မှာပင် ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ရွမေးနီးယား သံတမန်တစ်ဦးထံမှ သတင်းတစ်ခု ရခဲ့၏။ သည်အချိန်က ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက လစ္စဘွန်းမြို့တွင် ဂျာမန်တို့၏ မဟာမိတ်စုကလေး နှင့်ပင် အဆက်အသွယ်ရနေလေပြီ။ ရွမေးနီးယားသံမှူးကို ဗိုလ်မှူးကြီး ယုံကြည်ပြီးသား။ သတင်းတွင် ဂျာမန်သံအမတ်ကြီး၏ သူလျှိုတစ်ဦးက ဗိုလ်မှူးကြီး ကိုဝါလျူးစကီးနှင့် တွေ့လိုကြောင်း ပါရှိ၏။

ဂျာမန်သံအမတ်ကြီး၏ တမန်နှင့် မတွေ့မီ ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက အကာအကွယ်ယူရ၏။ ချိန်းချက်ထားသောနေရာသို့ ရွမေးနီးယားသံမှူးနှင့်အတူ ကားစီး သွားကြ၏။ ဒုတိယကားတွင် ပိုလန်လူမျိုးတစ်စုက စီးနင်းလိုက်ပါလာ၏။ ချိန်းဆိုထား သောနေရာသို့ရောက်လျှင် 'ဘွစ်' ကားနက်ကြီးတစ်စင်း တွေ့ရ၏။ သည် ဗိမ်ခံကားကြီး မှာ မိမိနေထိုင်ရာအခန်းအနီးက ကားရုံတွင်ထားသော ကားကြီးဖြစ်ကြောင်း မြင်လျှင် မြင်ချင်း မှတ်မိသည်။ ကားကြီးထဲမှလူက ထွက်ပြီးနှုတ်ဆက်သည်။ သူ့နာမည်က ဗိုလ်ကြီး ဖရစ်ကရေးမား။ ဗိုလ်ချုပ်ကြီး ကနားရစ်၏ လူ။ လစ္စဘွန်းရှိ ဂျာမန်သံရုံးတွင် စစ်ဖက်လုံခြုံရေးအရာရှိ။ ပြီး ကြိမ်ဖန်များစွာ တိတ်တဆိတ် ချိန်းတွေ့ကြ၏။ များသော အားဖြင့်၊ ညအခါများတွင် ကိုဝါလျူးစကီး အခန်းတွင် တွေ့ကြ၏။

'လစ္စဘွန်းမှာတော့ ခင်ဗျားနာမည်က ဗီတာပေါ့ ဟုတ်လား'

ကရေးမားက မေးသည်။

'ဟုတ်တယ်လေ'

'ခင်ဗျားလူတစ်ယောက်ကို ကျုပ်တို့ဘက်က ပဲရစ်မှာ ဖမ်းမိခဲ့တယ်။ အဲ့ သူကပြောလို့ ခင်ဗျားနာမည် ကျုပ်တို့ သိခဲ့ရတယ်ဆိုပါတော့။ ခင်ဗျားကသာ သူ့ အသက်ကို ကယ်ချင်သပဆိုရင် ကျုပ်တို့ တစ်ခုခုတော့ ဆောင်ရွက်နိုင်ပါတယ်'

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးကလည်း သူ့လူ့အသက်ကို ကယ်ချင်သည်။





ကယ်ချင်ကြောင်းလည်း မချွင်းမချန် ပြောပြသည်။

ရက်အတန် ကြာသွားခဲ့ပြန်သည်။ ကရေးမားနှင့် မတွေ့ဖြစ်။ နောက်မှတဖန် ညစဉ်ညတိုင်းလိုလို ဗိုလ်မှူးကြီးအိမ်သို့ ကရေးမား ရောက်လာတတ်သည်။ လာလျှင် စာရွက်စာတမ်း တထွေ့တပိုက်နှင့်။ သည်စာရွက်စာတမ်းများက ပဲရစ်မြို့ရှိ သူ့လူထံမှ ရသော အစီရင်ခံစာများဟုဆို၏။ သည်အတွက် စာတမ်းများအား ဗိုလ်မှူးကြီးသို့ လွှဲပြောင်းပေးလျှင်လည်း အန္တရာယ်မရှိဟု ဆိုပြန်သည်။

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ရံဖန်ရံခါ ထောက်လှမ်းရေးကိစ္စများ ဆောင်ရွက် ရန် မရှိသလောက် နည်းပါးလှ၏။ သို့ရာတွင် ကရေးမားက မိမိထံရောက်လာတတ်ပြီး သောင်းပြောင်းထွေလာ ရောက်တတ်ရာရာကို ပြောတတ်သည်။ အနာဂတ်အရေး စစ်ကြီးအရေး မဟာမိတ်တို့၏သဘောထား စသည်ဖြင့် ကိုဝါလျူးစကီးက ပွင့်ပွင့်လင်း လင်း ပြောပြတတ်သည်။ ဂျာမန်တို့၏ အမှားအယွင်းများကို မိမိမြင်သည့်အတိုင်း ထောက်ပြတတ်သည်။

သည်သို့ဖြင့် ဗိုလ်မှူးကြီးကိုဝါလျူးစကီးက ပေါ်တူဂီနိုင်ငံရှိ ကနားရစ်၏ တမန်နှင့် အဆက်အသွယ်ရခဲ့၏။

၁၉၄၃ ခု နွေရာသီ နေ့တစ်နေ့တွင်ဖြစ်၏။ ကနားရစ်၏ အရာရှိတစ်ဦး ရေးကြီးသုတ်ပျာနှင့် ရောက်လာသည်။ ဂျာမနီနိုင်ငံက လက်နက်အထူးအဆန်းကို ထုတ်လုပ်နေပြီဟု ပြောပြသည်။ ဒုံးပျံနှင့် ဗုံးကျည်များကို အများအပြားထုတ်လုပ်လျက် ရှိ၏။ ပြင်သစ်နိုင်ငံရှိ စခန်းများမှ အင်္ဂလန်နိုင်ငံသို့ အဆက်မပြတ် ပစ်ခတ်နိုင်သည်တဲ့။ ဒုံးကျည်များကို မည်သည့်လေယာဉ်မျှ ကြားဖြတ်တိုက်နိုင်မည်မဟုတ်။ ဗုံးခံလုံခြုံသော ကတုတ်ကျင်းများထဲမှ နေ့ရောညပါ ပစ်နိုင်၏။ တစ်ကြိမ်ပစ်လျှင် ဒုံးကျည် ရာနှင့်ချီ၍ ပစ်နိုင်စွမ်းရှိခြင်းကြောင့် လန်ဒန်မြို့ကြီး စိစိညက်ညက် ကြေသွားနိုင်၏။

ဗွီ-လက်နက်ဆန်းကိုသုံးဖို့ ဟစ်တလာက အမိန့်မချမီ တစ်နှစ်တိတိကဖြစ်၏။ ပထမဒုံးကျည်က ဗြိတိန်နိုင်ငံပေါ်သို့ ကျခဲ့၏။ ကောင်းကင်မှ ကင်းထောက်၍ ဗြိတိသျှတို့ သိနှင့်ပြီးဖြစ်၏။ ဗွီ ၁ လက်နက်ဆန်း၏ ပုံပန်းသဏ္ဌာန်ကို ဆွစ်နိုင်ငံမှတစ်ဆင့် သိရှိ ခဲ့ပြီးလေပြီ။ ဒုံးပျံများကို ပုံဆွဲကာ ထုတ်လုပ်နေကြောင်း သတင်းကို အော်စလိုမှ ဓပးစာတွင် ထုတ်ဖော်ထားသည်ဟု အချို့ကဆို၏။ စစ်ကြီးအတွင်းက အော်စလိုရှိ ဗြိတိသျှသံရုံးမှ ရေတပ်သံမှူးထံသို့ ဂျာမန်သိပ္ပံပညာရှင်တစ်ဦးက စာရေးပြောခဲ့၏။

လစ္စဘွန်းသို့ သည်သတင်းပို့ခဲ့ခြင်း၏ ရည်ရွယ်ချက် မည်သို့ရှိသနည်း။

ဗြိတိန်က ဂျာမနီနိုင်ငံအား ဗုံးကြဲတိုက်ခိုက်နေခြင်းကို ရပ်တန့်ကာရန်အတွက် ဖဟန့်အတားပြုခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ဂျာမန်ထောက်လှမ်းရေး အရာရှိများက စစ်ကြီးပြေငြိမ်းဖို့ မဖော်လှမ်းမိ ပဏာမအဖြစ် စိတ်ကောင်းနှလုံးကောင်းနှင့် သည်သတင်းကို ထုတ်ဖော်ပြောခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တန်ရာ၏။

သည့်စစ်ပွဲတွင် မိမိတို့က ဥရောပယဉ်ကျေးမှုကြီးကို ဖျက်ဆီးရာ ဖျက်ဆီးကြောင်း တိုက်နေရသည့်ဘက်မှ နေရ၍ မမှန်ကန်သည့်ဘက်မှ ပါဝင်နေရသည်ဟု စိတ်ဆွဲကာ အာချောင်ခြင်းလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

တစ်ညနေတွင် ကရေးမားက မိမိ၏အကြီးအကဲ မကြာမီရောက်လာတော့မည်ဖြစ်ကြောင်း ဗိုလ်မှူးကြီး ကိုဝါလျူးစကီးနှင့် တွေ့လိုကြောင်း ပြောပြ၏။ ကနားရစ်၏လူများက စီစဉ်ပေးသည့်အတိုင်း သူလာလိမ့်မည်တဲ့။

'ဒါဆို မဟုတ်မှလွဲရော ကနားရစ်ပဲ'

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ကရေးမားအား လေသံကလေးဖြင့် ပြောလိုက်၏။

ကိုဝါလျူးစကီးက ဂျာမန်အရာရှိငယ်များ လာနေကြအချိန်တွင် အခန်းမှ ထိုင်စောင့်နေ၏။ သည်ညနေ လာသောသူက အသက်အရွယ်ကြီးပြီး တစ်ခေါင်းလုံး ဖြူလို့။ အသားအရေများပင် တွဲကျနေလေပြီ။ စကားပြောရာတွင် မြန်သည်။ အကြီးအကျယ် စိတ်သောက ရောက်နေဟန်ရှိ၏။ သူ့ကို ဘယ်သူဘယ်ဝါဖြစ်ကြောင်းလည်း ထုတ်မပြော။ စကားပြောရင်း အခန်းတွင်း၌ ခေါက်တုန့်ခေါက်ပြန် လျှောက်နေ၏။ ဩဇာတိက္ကမ ကြီးသည့်ပုဂ္ဂိုလ် ဖြစ်ဟန်ရှိ၏။

'ဂျာမနီက ကျူးလွန်ခဲ့တဲ့ အမှားတွေရယ်လို့ ကျွန်တော်က ကရေးမားကို ပြောတာကို ထပ်လောင်း ပြောပြစေချင်ပြန်သတဲ့'

ကိုဝါလျူးစကီးက ကျွန်တော့်အား ပြောပြသည်။

'ဂျာမနီရဲ့ မဟာဗျူဟာအမှားတစ်ခုက ၁၉၃၉–ခုနှစ်မှာ ရုရှားကို အနောက်ဘက် ကာပေးသီးယန်အထိ ချီတက်စေခွင့်ပြုစေတာပဲရယ်လို့ ကျွန်တော်ရှင်းပြခဲ့တယ်။ ရုရှားစစ်တပ်တွေက ကာပေးသီးယန်းမှာ ရှိနေသရွေ့ ဗီယင်နာ၊ ဒင်းချူးမြစ်ဝှမ်းဒေသ အလွန်နီးကပ်နေလေတော့ ဥရောပအလယ်ပိုင်းဒေသဟာ မလုံခြုံတော့ဘူးပေါ့။ ဂျာမနီရဲ့ အဓိကစစ်တပ်တွေက အရှေ့ဘက်စစ်မျက်နှာမှာပဲ ရှိနေရတော့မှာ'

'ကနားရစ်ကလည်း ကျုပ်ကို မေးခွန်းတွေထုတ်ခဲ့တယ်လေ။ ထိပ်တန်းအရာရှိကြီးတွေမှာ တွေ့လေ့တွေ့ထရှိတဲ့ ဉာဉ်အတိုင်းပါပဲ သည်းမခံတတ်ဘူး။ ကျွန်တော် ဖြေကြားတာကိုလည်း ချက်ချင်းသဘောပေါက်လွယ်ပြန်ရော၊ ဂျာမန်တို့ သိမ်းပိုက်ထားတဲ့နယ်မြေများက ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု မရနိုင်ရမှာလဲလို့ ကျွန်တော်ကို မေးပြန်တယ်။ ကျွန်တော်က ဒီအမေးကို အလွယ်ကူဆုံး။ အရိုးစင်းဆုံး အဖြေပေးတယ်လေ။ ဂျာမနီနိုင်ငံက လက်ရှိကျင့်သုံးတဲ့နည်းကို မပြောင်းလဲသရွေ့ မဖြစ်နိုင်ဘူး'

'သူက ခင်ဗျားကို လာတွေ့သင့်တယ်လို့ ထင်ရတာလဲ'

'မဟာဗျူဟာရေးရာများနဲ့ ဂျာမနီရဲ့ အမှားတွေနဲ့ပတ်သက်လို့ အမြင်ဖလှယ်





ဖို့ ပါပဲ'

သည်မျက်နှာစိမ်းမှာ ကနားရစ်ပင် ဖြစ်လေရော့သလော။

ကျွန်တော်က ၁၉၃၉ စက်တင်ဘာလတွင် ဆိုင်လီးသျှားဒေသ၊ အီလ်နော ဒေသမှာ ဆိုက်ထားသော ဟစ်တလာ၏ရထားတွဲပေါ်မှာ ကနားရစ် ပြောခဲ့သော စကားကို ပြန်ပြောပြ၏။ ကနားရစ်က မော်စကိုနှင့် ကော့ကေးဆပ်ဒေသ စစ်မျက်နှာများ၏ အခြေအနေနှင့်ပတ်သက်၍ ဟစ်တလာအား အစီရင်ခံခဲ့ခြင်းကို ဗြိတိသျှ ထောက်လှမ်းရေး အရာရှိများက ကျွန်တော့်ကို ပြောပြခဲ့သည့်အတိုင်း ပြန်ပြောပြခဲ့၏။

တကယ်ဆို ကနားရစ်အား ဟစ်တလာရဲ့ ကျူးလွန်ခဲ့ပြီးဖြစ်သော အမှားတွေကို ထပ်တလဲလဲပြောပြဖို့ အရဲစွန့်ပြီး လစ္စဘွန်းကို မလာသင့်ဘူး။ အကယ်၍ ယခုတွေ့သူဟာ ကနားရစ် မဟုတ်လျှင်လည်း သူ့လူသည့်ကွက်ပဲ ဖြစ်ချိမ့်မည်။ ဂျာမနီနိုင်ငံ၏ ဝါဒအာသစ်အတွက် ကနားရစ်က လွတ်လပ်သော ပိုလန်လူမျိုးများကြားမှာ အခွင့်အလမ်း ရှာဖို့ အဖန်တလဲလဲ ပြောခဲ့ဖူး၏။

လွတ်လပ်သော ပိုလန်လူမျိုး တန်ပြန်တော်လှန်ရေးသမားတွင် အကြီးကျယ်ဆုံး မြေအောက် တော်လှန်ရေးစခန်းကြီးများ ရှိ၏။ ပိုလန် မြေအောက်တော်လှန်ရေး သမားများက ဂျာမန်ဆက်သွယ်ရေးလမ်းကြောင်းများကို မကြာမတင်မှာပင် အနှောင့်အယှက် ပေးလိမ့်မည်။

သည်အချိန် ၁၉၄၃ ခု၊ စက်တင်ဘာလတွင် ရုရှားတို့က ပိုလန်နယ်စပ်သို့ပင် ချဉ်းကပ်စပြုလာ၏။ လန်ဒန်ရောက် ပိုလန်စစ်ပြေးအစိုးရက မိမိတို့နိုင်ငံ ဒုတိယအကြိမ် စစ်တလင်းဖြစ်ရမည့်အရေးကို မြင်လာရပြန်သောအခါ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ရပြန်သည်။ ပိုလန် တန်ပြန်တော်လှန်ရေးအဖွဲ့က ပြဿနာကို သွေးမြေကျစေ၍ ဖြေရှင်းသော်လည်း အချည်းနှီးဖြစ်လိမ့်မည်ဟု ကနားရစ်သို့ တင်ပြလိမ့်မည်။

သမ္မတ ဘန်နီးစ်က လန်ဒန်နှင့် ဝါရှင်တန်တို့တွင် စစ်ကြီးကို အမြန်ဆုံး အဆုံးသတ်ရန် တောင်းဆိုနေသည်။ စတာလင်က အနောက်အုပ်စုခေါင်းဆောင်များနှင့် နားလည်မှုရလိုသည်ဟု သမ္မတကြီးက ကတိကဝတ်ပြုသည်။

'လစ္စဘွန်းမြို့မှာ ဂျာမန်အတိုက်အခံများနဲ့ တွဲအလုပ်လုပ်ခဲ့ရာမှာ ဒီလူမျိုးကို ကျူပ်မချစ်မနှစ်သက်ပေမယ့် ဒီလူတွေနဲ့အတူ အလုပ်လုပ်လို့ရတာကို မြင်တွေ့လာရတယ်'

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက နောင်သောအခါတွင် ပြောပြ၏။

၉–လမျှအကြာတွင် ဗိုလ်မှူးကြီး ကိုဝါလျူးစကီးသည် လန်ဒန်သို့ ရောက်လာ၏။ လန်ဒန်ရှိ ပိုလန်စစ်ပြေးအစိုးရထံ သတင်းပို့သည်။ ဖွန်လ ၁၃–၁၄ ညမှာမှာ နေထိုင်ရာ ဟော်တယ်ပြတင်းပေါက်မှ မီးမိုးလုံးကြီးများကို ကိုဝါလျူးစကီး မြင်တွေ့ရ၏။ ကနားရစ်၏လူများက မိမိအား ကြိုပြောပြခဲ့သည့် ဗုံးပျံများမှဖြစ်၏။ ခေတ္တ ရပ်နားသွား



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် မဟာမိတ်တို့ဘက်က ပွဲ–ပုံးလာရာ စခန်းများကို မှန်း၍သိခဲ့ရ၏။

'အချိန်ရှိသရွေ့ ကျုပ်ကတော့ လစ္စဘွန်းရှိလူများနဲ့ အဆက်အသွယ်လုပ်ပြီး စစ်ကြီးပြေငြိမ်းဖို့ အဖြေကိုသာ ရှာကြနေခဲ့တယ်'

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးက ကျွန်တော့်အား ပြောပြ၏။

'အဲ . . . ဘူလ်ဂေးရီးယား လူမျိုးတစ်ယောက် ရှိသေးသဗျ။ ပုံအတ် ကြောက်လို့ မြို့ထဲမှာတောင် မနေရဲရှာဘူး။ ကျုပ်နဲ့တွေ့ဖို့ မြို့ပြင်က ကျောက်မိုင်းတွင်း ထဲမှာ ချိန်းတတ်တယ်။ ဒီလိုလူမျိုး အများကြီး။ ကျုပ်ရတဲ့သတင်းတွေကို ဗြိတိသျှ ထောက်လှမ်းရေးကို လက်ဆင့်ကမ်းခဲ့တယ်။ အခု ဒီလူတွေအကြောင်း သတင်းအစအန တောင် မသိရတော့ဘူး။ လုံခြုံရေးအတွက် တခြားတစ်မြို့မြို့ကို ပြောင်းကြတယ်ထင်ပါ ရဲ့။ အီစတန်ဘူလ်မြို့လိုနေရာမျိုး ပြောင်းသွားကြမှာပေါ့။ နောက်တော့လဲ ဘာမှမသိရ တော့ဘူး။ တကယ်တော့ အဲဒါစိတ်ပျက်စရာပဲ။ အင်း . . . အခွင့်အရေးတွေကို သေသေချာချာ အကျိုးရှိရှိ အသုံးမချလိုက်ရသလို ခံစားရတယ်'

ကိုဝါလျူးစကီးက သို့ကလို ဆက်ခဲ့ပြန်၏။

'ခင်ဗျားနဲ့စကားပြောခဲ့တဲ့ ပုဂ္ဂိုလ်ကို ကနားရှစ်ရယ်လို့ ခင်ဗျားထင်သလား'

'သူ့ဓာတ်ပုံ ခင်ဗျားပြနိုင်ရင်တော့ ကျွန်တော် ဟုတ်မဟုတ် ပြောကောင်း ပြောနိုင်မယ်ထင်တာပဲ'

သည်စဉ်က အရပ်ဝတ်ဖြင့် ရိုက်ကူးထားသော ကနားရှစ်၏ ဓာတ်ပုံနှစ်ပုံ သုံးပုံကို ဗိုလ်မှူးကြီး ကိုဝါလျူးစကီးအား ထုတ်ပြသည်။

'ဟုတ်တယ်ဗျို့။ ဒီလူဖြစ်နိုင်တယ်။ ဒါပေမယ့် ကျွန်တော်တွေ့တုန်းက သူ့ ဆံပင်က ဒီပုံထဲမှာလောက် မဖြူသေးလို့ဘဲ။ ကနားရှစ်ပဲ ဖြစ်နိုင်စရာရှိပါတယ်'

ဖရစ်ကလေးယားနောက်သို့ ၁၉၅၁ ခုနှစ်က ကျွန်တော်ကိုယ်တိုင် အနံ့ခံလိုက်ခဲ့ ၏။ လစ္စဘွန်းမှသည် ဟန်းဘတ်မြို့အထိ ရောက်ခဲ့၏။ ကရေးမားက လီဗာခွန်အား သည်စဉ်က ဗိုလ်မှူးကြီး ကိုဝါလျူးစကီးနှင့် တွေ့သူမှာ ကနားရှစ်မဟုတ်ခဲ့ဟု ထုတ်ဖော် ပြောပြ၏။ သို့ရာတွင် မိမိအကြီးအကဲဟု ဆိုခဲ့ရာတွင် မည်သူဖြစ်ကြောင်းကိုမူ ထုတ်ဖော် မပြောခဲ့။

စစ်ကြီးအတွင်းက ဗိုလ်ချုပ်ကြီး ကနားရှစ်ကိုယ်တိုင် ပေါ်တူဂီနိုင်ငံသို့ သုံးလေးကြိမ်မျှ ရောက်ခဲ့သည်ကို မဟာမိတ်တို့က သိ၏။ ကနားရှစ်တစ်ယောက် မဒရစ်ရောက်သည်နှင့် လစ္စဘွန်းရောက်သည်က မတူ။ လစ္စဘွန်းရောက်လျှင် မသိသာ လှ။ မဒရစ်တွင်မူ ဂျာမန်ထောက်လှမ်းရေးနှင့် ဂျာမန်လျှို့ဝှက်ရဲအဖွဲ့တို့၏ ကြိတ်လျက် ပြိုင်ဆိုင်မှုက များလွန်း၍ သိသာသည်။

ပေါ်တူဂီသို့ ကနားရှစ် ရောက်သည့်အခါတိုင်း ကရေးမားနှင့် တွေ့ကြသည် ချည်း။ သည်အခါများတွင် ကနားရှစ်က မိမိစိတ်ရှိသမျှကိုပါ ရင်ဖွင့်တတ်သည်ချည်း။





အဖျက်လုပ်ငန်းများမလုပ်ဖို့ ကနားရှစ်က ကရေးမားအား အလေးထား သတိပေးတတ်သည်။ ဝန်ကြီးချုပ်ချာချီအား လုပ်ကြံသတ်ဖြတ်ရန် ဟစ်တလာ၏ အမိန့်တစ်စုံတစ်ရာကိုလည်း တစ်ကြိမ်တစ်ခါမျှ မဖော်ပြခဲ့။ သို့ရာတွင် မကြာမကြာ ဗြိတိသျှခေါင်းဆောင်ကြီးအကြောင်း အနည်းအကျဉ်း ပြောတတ်သေး၏။

'စစ်ကြီးမတိုင်မီက ငါလည်း ချာချီနဲ့အဆက်အသွယ်ရှိခဲ့ဖူးတယ်။ တို့ဒီခေတ်မှာ တော့ စတာလင်ပြီးရင် အရေးကြီးဆုံး နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးပဲပေါ့'

ကနားရှစ်က ချာချီနှင့်ပတ်သက်၍ သို့ကလို ခပ်ဝါးဝါးပြောပြတတ်သည်။

ကျွန်းဆွယ်ဒေသတွင် ကနားရှစ်၏ ဩဇာအာဏာမှာ မှေးမှိန်လာပြီ။ စပိန် နိုင်ငံတွင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ဂျာမန်ထောက်လှမ်းရေးအဖွဲ့အား အောက် ခြေတွင် အတင်းဖိလာနိုင်ခဲ့ပြီ။ ဂျာမနီနိုင်ငံတွင် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အခြေ အနေ အလားအလာ မကောင်းတော့။

ဂျာမန် လူသန်ဆာ လေကြောင်းဌာနမှ ငြိမ်းချမ်းရေးတမန်တစ်ဦး ရောက်ရှိ လာပြန်သည်။ အော့တိုဂျွန်။ ၁၉၄၄–ခု၊ နွေရာသီတွင် လစ္စဘွန်းမြို့၌ ဗြိတိသျှ အရာရှိများနှင့်တွေ့ဆုံပြီး ဟစ်တလာဆန့်ကျင်ရေး ပေါ်တော့မည်ဖြစ်ကြောင်း ပြောပြ သည်။

ဗိုလ်မှူးကြီး ကိုဝါလျူးစကီးနှင့် ဘူစိမ်းတစ်ဦးတို့ တွေ့ဆုံခဲ့ကြပြီး တစ်နှစ် အတွင်းမှာပင် မိမိတို့ကိုယ်စားပြုခဲ့သော ထောက်လှမ်းရေးအဖွဲ့အစည်းများမှာ အခြေ မဟန်တော့ ပိုလန်မျိုးချစ်တပ်သားများက ဝါဆောတွင် ဂျာမန်လျှို့ဝှက်ရဲအဖွဲ့နှင့် ယှဉ်ပြိုင် ကာ ကြောက်ခမန်းလိလိ တိုက်နေကြရလေပြီ။

ဘာလင်တွင် ဟစ်တလာ ဆန့်ကျင်ရေး ပုန်ကန်မှုသည်လည်း အရိပ် အယောင်မျှပင် ပေါ်မလာတော့။

ဂျာမန်လျှို့ဝှက် ရဲအဖွဲ့ကပင် လက်စွမ်းထက်မြ ထက်ဆဲ . . . ။

➡ ◆ ⬅ ◆ ➡



www.burmeseclassic.com

www.burmeseclassic.com

( ၂၀ )

## သူ့လိုလူမျိုး ရှာမှရှားပဲ

ဒေါက်တာလီဗာခွန် . . .

တူရကီနိုင်ငံရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ အကြီးအကဲ။ အရပ်ရှည်ရှည် စကားပြောလျှင် ချိုချိုသာသာရှိ၏။ ရှေ့နေတစ်ဦးလည်းဖြစ်သည်။ ဂျာမန်လူမျိုးထဲတွင် ယဉ်ကျေးပါသည်ဆိုသူတစ်ဦးဖြစ်သည်။ အမေရိကန်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့၏။

မူလလင်ဘာသာကိုးကွယ်သည့် နိုင်ငံအများအပြားသို့ လှည့်လည်၍ ပညာ ဆည်းပူးခဲ့၏။ ပထမကမ္ဘာစစ်ကြီးအတွင်းက ပါရှားနိုင်ငံမြောက်ပိုင်းတွင် ရောက်နေသည်။

၁၉၃၉–ခု၊ ဆောင်းရာသီတွင် စစ်ဦးစီးဌာနချုပ်မှ ဗိုလ်ချုပ်ကြီး ဝါလီနော့က ပါရှားသို့ အထူးတာဝန်ဖြင့်စေလွှတ်ရန် လီဗာခွန်အား ရွေးထုတ်ခဲ့၏။

ဆီးရီးယားရှိ ဗိုလ်ချုပ်ကြီး ဝေါဂါရယ်လ်က ပြင်သစ်စစ်တပ်များဖြင့် ဆိုဗီယက် ပိုင် ဘေကူးရှိ ရေနံတွင်းများအား ဖျက်ဆီးလိမ့်မည်ကို ဗိုလ်ချုပ်ကြီး ဝါလီနော့က စိုးရိမ်နေသည်။

သည်ရေနံတွင်းများမှ ဂျာမန်တို့က လောင်စာဆီများရနေသည့် ရေနံတွင်းများ ဖြင့် စတာလင်က ဟစ်တလာအား ဘမ်းပြုနေ၏။

လီဗာခွန်က မီးရထားစီးလျက် ရုရှားပြည်ကိုဖြတ်ကာ ပါရှားသို့ရောက်လာ ခဲ့၏။ ကောင်စစ်ဝန်ရာထူးတွင် တာဝန်ထမ်းဆောင်ကာ နေရ၏။





မကြာပါ၊ ၁၉၄၀ ခု၊ နှစ်ဦးပိုင်းတွင်ပင် လီဗာခွန်က ဝါလီနော့သို့ သတင်းပို့ နိုင်ခဲ့သည်။ ဘေကူးရှိ ရေနံတွင်းများမှာ တကယ်ပင် အန္တရာယ်ကျရောက်မည်တူ၍ ဗြိတိသျှတို့က ရေကြောင်းနှင့် လေကြောင်းမှတိုက်ရန် လေ့လာနေပြီး ပြင်သစ်တို့က ဆီးရီးယားမှတစ်ဆင့် ကုန်းကြောင်းချီရန် ပြင်ဆင်နေကြောင်း သတင်းပေးပို့သည်။

သို့ဆိုလျှင် ဂျာမန်တို့ကပင် လက်ဦးမှုရယူကာ ဘေကူးရှိ ရေနံတွင်းများအား ဖျက်စီးရလေအောင် လုပ်ကြံခြင်းများလော။

ကနားရစ်၏ သူလျှိုဇာတ်ကြောင့် ကလူချ်လာကို ရုရှားရေနံတွင်းများ ဗြိတိသျှတို့ ဖျက်ဆီးမည့်အန္တရာယ်မှ အကာအကွယ်ရလေအောင် တာဝန်ယူစေရပေလိမ့်မည်။

ကလူချ်လာသည် ပလိုစတီရှိ ရေနံတွင်းများကို ဗြိတိသျှတို့က ဖျက်ဆီးမည့် အန္တရာယ်မှ အကာအကွယ်ပေးခဲ့ဖူး၏။

ဗိုလ်ကြီးလီဗာခွန်က ၁၉၄၂ ခုနှစ်၊ နေ့တစ်နေ့တွင် ဆိုဖီယာမြို့တော်၌ စစ်ဘက်ထိပ်တန်းအရာရှိကြီးများ ညီလာခံတွင် အစီရင်ခံနေသည်။ ကနားရစ်က မိမိ အား စူးစူးဝါးဝါးကြည့်နေသည်ကို လီဗာခွန် မြင်ရသည်။ သူ့အစီရင်ခံခြင်းက ပွင့်ပွင့် လင်းလင်းရှိသည်။ စစ်ကြီးတွင် ဂျာမန်တို့၏ ဦးတည်ချက်များကိုပင် ရိုပ်ဖမ်းသံဖမ်း ဝေဖန်ထားသည်များပင် ပါရှိ၏။

ထိုနှစ်နွေရာသီတွင် လီဗာခွန်တစ်ယောက် ဘာလင်သို့ ရောက်လာသည်။ သူ့အား ထောက်လှမ်းရေးမှူးချုပ်ထံ သတင်းပေးပို့ရန် အမိန့်ပေးထားသည်။

'အထူးတာလည်း ထက်မြက်တယ်။ လှုပ်လှုပ်ရှားရှားနဲ့ မိန်းမတစ်ယောက်လို စကား အင်မတန်များတယ်။ စစ်ဘက်စည်းကမ်းတွေကို သိပ်အရေးထားတတ်သူ မဟုတ်ဘူး'

လီဗာခွန်က ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်နှင့်ပတ်သက်၍ မိမိအတွေ့အကြုံ ထင်မြင်ချက်ကို ထုတ်ဖော်ပြောပြသည်။ ၁၉၄၂–ခုနှစ်၊ နွေရာသီတွင်ပင် ကနားရစ် တစ်ယောက် တုန်နေအောင်ချမ်းနေသည်ကို တွေ့ရသည်။ ဘာလင်မြို့အတွင်း နှစ်ဦးသား အတူတူ ကားမောင်းသွားစဉ်မှာ ကနားရစ်သည် ရေတပ်မှထုတ်ပေးသော ကုတ်အင်္ကျီ ထူထူထဲထဲကြီးကိုပင် ဝတ်တတ်သည်။

လီဗာခွန်ဆောင်းထားသည့် အပြန့်ကျယ်ကျယ် ဗနားမားဦးထုပ်ကိုပင် ကနားရစ်က သဘောကျသည်ထင့်၊ ကောက်ခါင်ကာ ဆွဲယူပြီး မိမိဆောင်းထားသော ဦးထုပ်ပေါ်တွင် ထပ်စွပ်လိုက်၏။ အတူတူကားစီးရင်းကပင် ဗိုလ်ချုပ်ကြီးက ဦးထုပ် နှစ်ဆင့်ဖြင့် ထူးထူးဆန်းဆန်းအသွင်ကိုပင် သဘောကျနေပုံရသည်။

'ပြီး . . . ထောက်လှမ်းရေးရာထူးများမှာ ဘယ်သူ့တွေကို ခန့်ရမှာ သင့်တော်မလဲဆိုတာပါ ထောက်ခံဖို့ တောင်းဆိုလာတယ်ဗျာ။ ကျွန်တော်က ဗိုလ်ကြီး အဆင့်ပဲ ရှိသေးတယ်ဆိုတာကို သူက လျစ်လျူထားဟန်ရှိပါရဲ့။ ဒီကိစ္စမျိုးမှာ ထောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူတွေက ဗိုလ်မှူးကြီးအဆင့်၊ ဗိုလ်ချုပ်ကြီးအဆင့်ရှိသူတွေပဲ။ ကျုပ်လိုအဆင့်ရှိတဲ့ သူနဲ့ ဒီကိစ္စမျိုးပြောတာ ဂျာမန်စစ်တပ်မှာ တစ်ကြိမ်တစ်ခါမှ မကြားဖူးပါဘူး'

ကနားရစ်က လီဗာခွန်အား နေ့လည်စာစားရန် မိမိအိမ်သို့ ကားမောင်း၍ မောင်းသွားသည်။ ကနားရစ်မှာ ရိုးရိုးအေးအေး နေထိုင်ခြင်းကိုသာ နှစ်သက်ဟန်ရှိကြောင်း တွေ့မြင်ရ၏။ နံရံတွင် ဝတ်စုံဖားဖားနှင့် ဂရိသူရဲကောင်း ရေတပ်ဗိုလ်ချုပ်ကြီး ကွန်စတန်ဘေးတွင် ကနားရစ်၏ ရောင်စုံခြယ် ဓာတ်ပုံချိတ်ဆွဲထားသည်ကိုလည်း တွေ့ရသည်။

တိုက်ခန်းအတွင်း လှောင်ချိုင့်ထဲမှ ကြက်တူရွေးငှက်ငယ်က တစာစာနှင့် မဝီကလာ ဗီကလာ ပြောနေသည်။ ကနားရစ်က သူ့ခွေးများနှင့်လည်း စကားတပြောပြော။ ရှုံ့ရှုံ့မှုံ့မှုံ့ ဖြစ်ရသည့် အလေ့အထတစ်ရပ်ပင်ဟု လီဗာခွန်က ဆိုသည်။

တူရကီနိုင်ငံ အီစတန်ဘူလ်သို့သွား၍ ထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းပြီး လှုပ်ရှားရန် ကနားရစ်က လီဗာခွန်အား ပြောလာသည်။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့သည် စေ့စပ်သေချာတိကျသော အဖွဲ့အစည်း ရယ်လို့ အသားလွှတ် အထင်ကြီးသူများအတွက် အီစတန်ဘူလ်မြို့တွင် လီဗာခွန် တစ်ယောက် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ကလေး စတင်ဆောင်ရွက်ပုံကို သိရလျှင် စိတ်ဝင်စားအံ့ထင်၏။

အီစတန်ဘူလ်မြို့ရှိ ဂျာမန်သံရုံးအတွင်း အခန်းလွတ်တစ်ခု၌ စတင်ဖွဲ့စည်း သည့်ပဲဆိုပါစို့။ အဲ စာရေးစာချီဆိုလို့ တစ်ယောက်မျှမရှိ။ မှတ်ပုံတင်စာအုပ် နတ္ထိ၊ လက်နှိပ်စက်မရှိ တစ်ခန်းလုံးတွင် လီဗာခွန် တစ်ယောက်တည်းဆိုမှ တစ်ယောက်တည်း။

လီဗာခွန်က ဂျာမန်မျိုးနွယ်ထဲမှ တစ်ဦးတစ်ယောက်ကိုမျှ သူလျှိုလုပ်ရန် စည်းရုံးမသိမ်းသွင်းခဲ့။ တူရကီနိုင်ငံတွင် အခြေကျနေသော ဩစတြီးယန်းလူမျိုးများ၊ တူရကီတိုင်းရင်းသားများကိုသာ စည်းရုံးသိမ်းသွင်းပြီး အသုံးချခဲ့၏။ လီဗန်တိုင်းလူမျိုးနှင့် အာမေးနီးယန်းလူမျိုးများကိုသာ မျက်နှာသာပေး၍ ဗြိတိသျှတို့အား မုန်းစိတ်ပွားနေသော မူဆလင်ဘာသာဝင်အချို့ကိုလည်း အသုံးချခဲ့၏။

ပြီး . . . လီဗာခွန်သည် တူရကီထောက်လှမ်းရေးအဖွဲ့နှင့် ပူးပေါင်းဆောင် ရွက်ခွင့် ကြုံလာသည်။ တူရကီတို့က ရုရှားသူလျှိုဟု သံသယရှိသူများအား လီဗာခွန်ကို စစ်ကြောမေးမြန်းစေခဲ့၏။

သည်သို့ လီဗာခွန်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တူရကီတို့က မည်သို့သော အကျိုးကျေးဇူးများ ခံစားနိုင်ပါမည်နည်း။

လီဗာခွန်က ရုရှားသူလျှိုဟု သံသယရှိသူများအား စစ်ကြောရာတွင် ရုရှားနှင့် ပတ်သက်၍ ဂျာမန်တို့က သိလိုသောအရာများ အစ်ထုတ်နေသည်ကိုကြား၍ မှတ် သားခွင့် ရခဲ့ပါ၏။





'ငြိမ်းချမ်းရေးဆွေးနွေးဖို့နဲ့ ပတ်သက်လို့ ကနားရစ်က ကျွန်တော့်ကို တစ်ခွန်း တစ်ပါဒမှ မဟခဲ့ဘူး။ ဒါပေမယ့် အခုတော့ အီစတန်ဘူလ်လို နေရာမျိုးမှာ ကျွန်တော့် ကို ပို့တာကတော့ ပေါ်လာသမျှသတင်းအစအနကို ဆွဲထုတ်ရယူဖို့ပဲဆိုတာ သိလာရ တယ်။ အဲ စစ်ကြီးမဖြစ်မီက အမေရိကန်က ကျွန်တော့် ရင်းနှီးသူ မိတ်ဆွေထဲမှာ ဒိုနိုဗွန် *(Donovon)*လဲ ပါတယ်ဆိုတာ ကနားရစ်သိတယ်။ ဒိုနိုဗွန်ကား ဗိုလ်ချုပ်ကြီး အဆင့်နဲ့ အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်း *(OSS)* ရဲ့ အကြီးအကဲ ဖြစ်လာခဲ့တယ်'

လီဗာခွန်က သို့ကလို ပြောပြ၏။

ဗိုလ်ကြီး လီဗာခွန်၏ လုပ်ငန်းများကို ဗိုမိုတိကျ ပြတ်သားလာသည်နှင့် မိမိအား ကူညီဆောင်ရွက်ပေးဖို့ လက်ထောက်တစ်ဦး ခန့်အပ်ပေးရန် တောင်းဆိုသည်။ ဟန်ဘတ်မြို့မှ စီးပွားရေးလုပ်ငန်းများတွင် လုပ်ဖော်ကိုင်ဘက် သူငယ်ချင်း ဒေါက်တာ ကွပ်ဗာမဲရန်း၏သား အီရစ်ဗာမဲရန်းအား စေလွှတ်လိုက်၏။

အီရစ်တစ်ယောက် အီစတန်ဘူလ်သို့ ဇနီးနှင့်အတူ ရောက်လာပါ၏။ အီရစ်ဇနီး မင်းသမီး ပလက်တင်ဘတ်မှာ ဉာဏ်ပညာထက်မြက်သည့် အမျိုးသမီး ဖြစ်၏။ ဘာသာတရားတွင် အလွန်လေးစားသည်။

လီဗာခွန်က မူဆလင်ဘာသာဝင်အချို့နှင့် အဆက်အသွယ်လုပ်သကဲ့သို့ မင်းသမီး ပလက်တင်ဘတ်သည်လည်း တူရကီရှိ ခရစ်ယာန်ဘာသာဝင် လူနည်းစု ကလေးနှင့် အဆက်အသွယ်လုပ်လိမ့်မည်ဟု ဂျာမန်ထောက်လှမ်းရေးအဖွဲ့က မျှော်လင့် ထားဟန်ရှိ၏။

အီရစ်အား စစ်ကြီးမဖြစ်မီက ရှဒ် ကောလားရှစ် ပညာသင်ဆုပေးရန်ပင် စီစဉ်ခဲ့၏။ သို့ရာတွင် အမျိုးသားဆိုရှယ်လစ်ဝါဒအပေါ် ဆန့်ကျင်သောအမြင်ရှိ၍ ပယ်ချခံခဲ့ရ၏။

၁၉၄၃ ခုနှစ်မတိုင်မီက အီစတန်ဘူလ်နှင့် အင်ကာရာမြို့များတွင် ငြိမ်းချမ်းရေး ကမ်းလှမ်းလာသည်များ ရှိခဲ့ မရှိခဲ့ကို လီဗာခွန်က ဘာဆိုဘာမျှမသိခဲ့။

စစ်ကြီးအတွင်းက ဗိုလ်ချုပ်ကြီး ကနားရစ်ကိုယ်တိုင် တူရကီသို့ နှစ်ကြိမ်တိုင် တိုင် ရောက်ခဲ့ဖူး၏။ ကနားရစ် လက်ထောက် တဲလ်မွတ်သ်ဗွန်မော့သ်ကဲသည်လည်း စစ်ကြီး စတင်ဖြစ်စဉာ တူရကီသို့ နှစ်ကြိမ်မျှပင် ရောက်ခဲ့သေး၏။

'ဒီတစ်ခါတုန်းက ကနားရစ်ဆီက သတင်းစကားများ ဂျော့အားလ်ကို လက်ဆင့်မကမ်းခဲ့ဘူးလား'

'ဟင့်အင်း'

'အင်း . . မော့သ်ကဲတော့ သတင်းပေးချင်ပေးမှာ'

'စတာလင်ဂရက်တိုက်ပွဲမှာ အရေးနိမ့်တဲ့အချိန်မှာပဲ အမေရိကန်တို့ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့တဲ့ ပထမဆုံးစကားကို အောင်သွယ်စေတမန် တစ်ဦးက ကျွန်တော့်ဆီယူခဲ့တယ်'

လီဗာခွန်က ပြောပြသည်။

'ဂျေ့အားလ်ဆီကများလား . . .

ကျွန်တော်က ပြန်မေးခွန်းထုတ်သည်။

'ဟုတ်တယ်လေ။ ဂျေ့အားလ်ဆီကပဲပေါ့။ ဂျာမန်နိုင်ငံရဲ့ သဘောတူညီမှုရဖို့ အခြေခံအကြောင်းကိုရှာရတာ သိပ်ခက်တယ်လို့။ သူတို့တွေက ညည်းညည်းတွားတွား ပြောပြတယ်။ ဂျာမန်တွေကလည်း အမေရိကန်ဆို အကောင်းကို ဆိုစရာမရှိအောင်ဘဲ။ ကျုပ်က အခုလိုငြိမ်းချမ်းရေး ကမ်းလှမ်းလာတာကို သံအမတ်ကြီး ဗွန်ပေပင်ကို အသိပေးလိုက်တယ်။ ဒီတစ်ခါတုန်းက သံအမတ်ကြီးက ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ကျဆုံးလေပြီးသော စစ်သားများအတွက် အောက်မေ့ဖွယ် အခမ်းအနားမှာ မိန့်ခွန်းပြောဖို့ ပြင်ဆင်နေတယ်လေ'

'အတ္တလန္တိတ် သမုဒ္ဒရာရဲ့တစ်ဘက်မှာ၊ သမိုင်းသစ်ကို ဖန်တီးခဲ့တဲ့ ဒီပုဂ္ဂိုလ်တွေ၊ သူတို့ရဲ့ တီထွင်မှု၊ လှုပ်ရှားတဲ့အားအင်တွေနဲ့ အခွင့်အလမ်းတွေ အတိုင်းအဆမရှိ ဖန်တီးခဲ့တဲ့ပုဂ္ဂိုလ်၊ အဲ သူတို့တွေက တို့တွေကို လေးစားမြတ်နိုးပြီးသား။ ဝါရှင်တန်၊ အီဗရာဟင်လင်ကွန်း၊ မွန်ရိုးနဲ့ ပုဂ္ဂိုလ်ကြီးတွေကို၊ ငါတို့ အရှိအသေပေး ဦးညွှတ်ပါရဲ့။ ဒါပေမယ့်၊ 'မွန်ရိုးအယူဝါဒ' *(Monroe Doctrine)* ကို ဥရောပအထိ ချဲ့လာတာတော့ မသင့်တော်ဘူးထင်တယ်'

ဂျာမန်သံအမတ်ကြီးက မိမိအမြင်ကို ချပြသည်။

(မွန်ရိုးအယူဝါဒဆိုသည်မှာ လက်တင်အမေရိကန်အား အမေရိကန်တို့က ဩဇာလွှမ်းရလေအောင် ဖန်တီးခဲ့သော သမ္မတ မွန်ရိုး၏ စာတမ်းဖြစ်၏။)

နောက်ဆုံးမှတ်ချက်မှာ ရီဗန်ထရော့ပ်အား ချွေးသိပ်စကား ဆိုခြင်းဖြစ်၏။ သို့ရာတွင် ဂျာမန်သံအမတ်ကြီးက၊ စိတ်ဆိုးဒေါသဖြစ်နေသည်။ သည်သို့ဆိုလာခြင်းကိုလည်း စိတ်ဒုံးဒုံးချ ယုံကြည်သည်တော့မဟုတ်။

သည်အဖြစ်ကို၊ ရှုရှားတို့က ဂရုစိုက်နားစွင့်နေသည်။ တူရကီရှိ ဂျာမန်သံအမတ်ကြီးက၊ အနောက်အုပ်စုနှင့် သီးခြား ငြိမ်းချမ်းရေးအရယူဖို့ ခြေလှမ်းလာကြလေသည်လား သံသယရှိလာသည်။

၁၉၄၂ ခု၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင်၊ အင်ကာရာမြို့၌ ဂျာမန်သံအမတ်ကြီးအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ဖူးသည်။ မထင်မရှား သူလျှိုတစ်ဦး၊ လက်မှ လက်ပစ်ဗုံးသည်၊ မိမိလက်ထဲတွင်ပင် ပေါက်ကွဲခဲ့၍သာ သက်သာရာရသွားခဲ့၏။

'နောက်တစ်ခါ ငြိမ်းချမ်းရေး ကမ်းလှမ်းလာတာကတော့၊ တူရကီ နိုင်ငံခြားရေးဝန်ကြီးကတစ်ဆင့်ပဲ၊ ကက်သလစ်ရဟန်း ကာဒီနယ်စပဲမင်းဟာ အမေရိကန် ရဟန်းချုပ်





အဖြစ်နဲ့ အရှေ့အလယ်ပိုင်းဒေသမှာရှိတဲ့ အမေရိကန်ဘုရားကျောင်းများကို လှည့်လည်စစ်ဆေးရင်း၊ ဂျာမန်သံအမတ်ကြီးနဲ့ တွေ့ဆုံလိုကြောင်း ပြောလာတယ်လို့ ဗွန်ပေပင်ကို ခေါ်ပြောတယ်။

ဒါမှမဟုတ်၊ သူစိတ်ချယုံကြည်ရမယ့်သူ တစ်ဦးဦးနဲ့ တွေ့ချင်တယ်လို့လဲ ဆိုတယ်တဲ့။ သံအမတ်ကြီးက၊ ဒီအကြောင်းကို သံရုံးလုံခြုံရေးအရာရှိ မိုင်ဇစ်ချ်ကိုပါ အသိပေးခဲ့တယ်။ ဒါကြောင့်၊ သံအမတ်ကြီးက ရီဗန်ထရော့ပ်ဆီကို အစီရင်မခံချင်ပါဘဲနဲ့ အစီရင်ခံခဲ့တယ်။ ကာဒီနယ်စပဲမင်းကို တွေ့ဆုံဖို့သင့်ကြောင်းပါ အကြံဉာဏ်ပေးလိုက်တယ်လေ။

ဒါပေမယ့် ရီဗန်ထရော့ပ်က ငြိမ်းချမ်းရေးဆွေးနွေးလို့လဲ အသုံးကျမှာ မဟုတ်ဆိုပြီး စကားပြန်လာတယ်။ ဒီအခါမှာ ဗွန်ပေပင် စိတ်ဆိုးဒေါသထွက်ပြီး၊ နိုင်ငံခြားမှာ သံတမန်တွေထားလဲ အကျိုးရှိမှာမဟုတ်ဘူးလို့ စကားပြန်လိုက်သတဲ့'

'အဲ . . . ၁၉၄၄–ခုမှာ ဂျေ့အားလ်ကတစ်ဆင့် ငြိမ်းချမ်းရေး ကမ်းလှမ်းလာပြန်တယ်။ ဒီတစ်ကြိမ်တော့ ဂျာမနီရောက်နေတဲ့ ကျုပ်ဆီကို တန်းလာပါရော။ သူတို့ ဥရောပကို မဟာမိတ်တို့က ထိုးစစ်ဆင်ဖို့ ပြင်ဆင်မှုအား ပြီးပြည့်စုံနေပြီ နိုင်မယ်လို့လဲ သေချာပေါက် တွက်ထားပြီးပြီ . . . ။ ဒါပေမယ့် အနောက်ဘက်မှာ အောင်ပွဲခံရသလို၊ အရှေ့ဘက်မှာလဲ အောင်ပွဲခံလိမ့်မယ်။ ဒီအခါမှာတော့ ဥရောပယဉ်ကျေးမှုကြီး ပျက်စီးဆုံးရှုံးပြီလို့သာ မှတ်ကရောတဲ့။ ဒီစစ်အတွက် ဆွေးနွေးညှိနှိုင်းဖြေရှင်းလို့ မရနိုင်တော့ဘူးတဲ့။ ဒီအကြောင်းကို၊ စစ်ဖက်ထောက်လှမ်းရေးမှူးချုပ်သစ် ဗိုလ်မှူးကြီးဟာန်ဆင်ကို အစီရင်ခံတယ်။ ဒါပေမယ့် ကျွန်တော့်ကို တူရကီသို့ ပြန်ခွင့်မပေးတော့ဘူး။ တူရကီမှာရှိနေတဲ့ ဗွန်လားစနားကို၊ ဂျာမန်အရှေ့ခြမ်းအသင်းရဲ့ ဥက္ကဋ္ဌအဖြစ်နဲ့ ဆွေးနွေးစေတယ် . . . ။ ဒီအချိန်မှာပဲ၊ သံအမတ်ကြီး ဗွန်ပေပင်လဲ၊ အမေရိကန်တွေနဲ့ တွေ့ဆုံ ဆွေးနွေးနေလိမ့်မယ်လို့ ထင်ရတယ်'

သည်အခိုက် . . .

အီစတန်ဘူလ်မြို့ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့တွင် နမော်နမဲ့နှင့် ဒုက္ခတ်သုကြွက်စုတစ်ခု အမှတ်မထင် ပေါ်လာခဲ့ရသည်။

ဗြိတိသျှတို့အား မှန်ကန်သောသတင်းများပေးဖို့ရန်မှာ အီစတန်ဘူလ်မြို့ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ အလုပ်ဖြစ်၏။ အင်္ဂလိပ်တို့ထံမှ ရည်မှန်းချက်တစ်ရပ်အောင်မြင်ရေးနှင့် စိတ်ကောင်းနှလုံးကောင်းဖြင့် တုန့်ပြန်လို တုန့်ပြန်ကြောဖြင့်၊ သတင်းမှန်များ ပေးရခြင်းဖြစ်၏။ သို့ရာတွင်၊ ရန်သူက ကိုယ့်အထဲရှိနေချိန်၌ သည်သို့ပေးသော အန္တရာယ်များသည့် အဆက်အသွယ်မျိုးတွင် သစ္စာရှိမှု အထူးလိုအပ်၏။ အီစတန်ဘူလ်ရှိ ကောင်စစ်ရုံးနှင့် သံရုံးဝန်ထမ်းများမှာ မိမိတို့အိမ်နီးချင်းများကို အမြဲတစေ ကြည့်နေရသည်မှာလည်း အလုပ်ကြီးတစ်ခုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟာမဲရန်းသည်၊ အမျိုးသားဆိုရှယ်လစ်ဝါဒအပေါ် မလိုမုန်းထားရှိသည်ကို ဂက်စတာပိုက သိနှင့်ပြီးသား . . . ။

သို့ရာတွင်၊ ဘာလင်သို့ပြန်ခေါ်ရန် အကြောင်းပေါ်လာပြန်သောအခါ မိမိဇနီးနှင့် မိမိအတွက်ပါ စိုးရိမ်၍ မဟာမိတ်တို့ထံ ခိုလှုံရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဗြိတိသျှနှင့် အဆက်အသွယ်လုပ်တော့သည်။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့က ဟာမဲရန်းအား ခိုးထုတ်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်၏။ ပြန်ပေးဆွဲသွားခြင်းပေပဲလား သို့မဟုတ် ရိုးရိုးသားသား ခိုလှုံသွားခြင်းပေပဲလား။ ဂျာမန်တို့ မဝေခွဲလေနိုင်အောင် အင်္ဂလိပ်တို့က စီစဉ်ထားသည်။

သို့ရာတွင် သည်သတင်းမှာ မဟာမိတ်ဘက်မှ သတင်းစာများသို့ ပေါက်ကြားသွားတော့၏။ သည်တွင် နည်းမရှိယာယ်သစ် ပြောင်းရပြန်၏။ 'တိုင်းမ်' သတင်းစာက ဟာမဲရန်း ခိုလှုံလာသည့်သတင်းကို ဖော်ပြခဲ့၏။ 'ဂျာမန်တစ်ဦးနှင့် သဘောထား' ဟူသော ပျက်ချော်ချော်ခေါင်းစဉ်ကို ဟာမဲရန်းပြောစကားမှ ကောက်နုတ်ဖော်ပြခဲ့၏။

ဟာမဲရန်းက အကြိုက်ကြီးသား။ ဂျာမန်တို့ အတွင်းရေးနှင့်ပတ်သက်၍ မိမိသိသမျှကို ဟစ်တလာဆန့်ကျင်ရေး ဝါဒဖြန့်တိုက်ပွဲတွင် အားတက်သရော ပါဝင်အသုံးချလိုသည်။

'ဒီမှာ ကိုယ့်လူ . . . လန်ဒန်ရောက်ရင် ဒီမှာလို နားလည်မှုမျိုးများ ရလိမ့်မယ်မထင်နဲ့ . . . ။ ကိုယ့်လူ စိတ်အညစ်ကြီး ညစ်ရလိမ့်မယ်'

ဗြိတိသျှ အရာရှိတစ်ဦးက ကြိုတင်သတိပေးပါ၏။

သို့ရာတွင်၊ ဟာမဲရန်းက လန်ဒန်သို့ သွားကိုသွားရမှ . . . ။

သည်သစ္စာဖောက်မှုကြောင့်၊ ဘာလင်ရှိ ပုဂ္ဂိုလ်ကြီးများအတွင်း အတော်တုန်လှုပ်ချောက်ချားသွားသည်မှာ အမှန်။

ဗိုလ်ချုပ်ကြီး ကနားရစ်နှင့် ဂျာမန်ထောက်လှမ်းရေးအဖွဲ့မှာ သေကြွပ်နံ့ကြွပ် အခြေဆိုက်နေလေပြီ။

ဟာမဲရန်းက မဟာမိတ်တို့ဘက် ထွက်ပြေးခိုလှုံခဲ့သည့်အဖြစ်ကို ဟစ်တလာက မိမိအကျိုးအတွက် မည်သို့ အကွက်ဆင်လာသည်ကို ကြည့်ကြစို့ရဲ့ . . . ။

ဂျာမန်တို့က ဟာမဲရန်းက မိမိနှင့်အတူ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ စကားဝှက်စာအုပ်ကို ခိုးယူပြေးသွားသည်ဟု စွပ်စွဲပြောဆိုနေကြသည်။

'ခင်ဗျား ထွက်ပြေးတုန်းက စကားဝှက်စာအုပ်ပါ ယူသွားတယ်ဆိုတာ ဟုတ်သလား . . .'

နှစ်ပေါင်းများစွာ ကြာပြီးနောက် လန်ဒန်မြို့တွင် ညနေစာ ထမင်းစားပွဲတစ်ခု၌ ဆုံမိကြသောအခါ၊ ကျွန်တော်က သို့ကလို မေးခဲ့၏။

'မယူခဲ့ပါဘူးဗျာ . . .'





သူက၊ အလေးအနက် ပြန်ဖြေသည်။ သူ့စကားကိုပင် ကျွန်တော် ယုံကြည်မိပါ၏။

သည်စဉ်က၊ ဘာလင်ရှိ ဂျာမန်အသိုင်းဝန်းများတွင် ဟာမဲရန်းတစ်ယောက်၊ ရန်သူဘက်သို့ ထွက်ပြေးခိုလှုံသွားခဲ့သည့် အဖြစ်ကိုပင်၊ အတင်းအဖျင်းလုပ်၍ ပြောနေကြ၏။ ဟာမဲရန်း၏ ဇနီး မင်းသမီး ပလက်တင်ဘာတ်က၊ ဂျာမန်သမ္မတနိုင်ငံတော်၏ ဘာသာရေးအပေါ်ထားရှိသော သဘောထားကို မနှစ်မြို့၍ ထွက်ပြေးကြခြင်းဖြစ်ကြောင်း ပြောသူကလည်း မရှား . . . ။ ဟာမဲရန်းတို့ ဇနီးမောင်နှံထံ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦး ရောက်လာပြီး ဂျာမန်လက်အောက်မှ ထွက်ပြေးရန် သတိပေးခဲ့ကြောင်း အဲ . . . ဟာမဲရန်းတို့ ထွက်ပြေးလုဆဲဆဲတွင် ပုဂ္ဂိုလ်ကြီးက . . .

'စကားဝှက်စာအုပ်ကို ယူသွားဖို့လဲ မမေ့နဲ့'

ပြောခဲ့ကြောင်းဖြင့်ပင် စကား ကားခဲ့ကြ၏။

ဟာမဲရန်းတို့ ဇနီးမောင်နှံလည်း အာရှမိုင်းနားအရပ်မှ ထွက်ပြေးနိုင်ခဲ့လေပြီ။ အီစတန်ဘူလ်မြို့တော်ကို ကျော်နိုင်ခဲ့၏။ သည်မြို့တော်တွင် ဗြိတိသျှနှင့် ဂျာမန်သူလျှိုတမန်များက လင်ရောင်အောက် မီးခွက်ကလေးဘေးတွင် တိတ်တဆိတ် ဆုံစည်းကာ လှည့်ဖွဲ့နေကြသည်။

ဟာမဲရန်းတို့ ဇနီးမောင်နှံက ဂျာမန်နိုင်ငံပြင်ဘက်တွင် နားလည်မှုတစ်ခုခု ရရှိကာ မိမိလူမျိုးတို့အား အတွေးအခေါ် မှန်ကန်စေခွင့်ရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။

သို့ရာတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက်ခဲ့။

ဂျာမနီနိုင်ငံအတွင်း ငြိမ်းချမ်းရေးအတွက် ကြိတ်ခဲဆောင်ရွက်နေသော အစိတ်အပိုင်းလေးမှာလည်း ကိုင်လှုပ်ခဲ့ရသလို ယိမ်းယိုင်ခဲ့လေပြီ။

'ဟာမဲရန်းပြောတော့ အဲဒီတုန်းက စကားဝှက်စာအုပ်ကို သူ ယူမသွားခဲ့ပါဘူး ဆိုပါလား'

ကျွန်တော်က ဒေါက်တာလီဗာခွန်အား ပြန်ပြောပြသည်။

'ဟုတ်တယ်လေ၊ ကျုပ်လဲ ဟာမဲရန်းနဲ့တွေ့တယ်။ ဟာမဲရန်းဟာ သူ့ကိုယ်ကယ်ဖို့ အခွင့်အလမ်းရှိတယ်လေ။ တကယ်တော့ သူတို့ဇနီးမောင်နှံဟာ ဂက်စတာပိုရဲ့ အန္တရာယ်နဲ့ နီးရံနေပြီ'

လီဗာခွန်က သို့ကလို ပြန်ပြောပြ၏။

'ခွေးတွေနဲ့ပတ်သက်လို့ မင်းသမီး ပလက်တင်ဘာတ်က ဘာဆိုလိုတာလဲ'

'ဪ . . . ဒါလား။ ဒါက ခွေးတွေကိုပဲ ဆိုတာပါပဲ။ ကနားရစ်ဟာ ခရီးထွက်တတ်တဲ့အခါမှာ ၂ ယောက်ခန်းတွဲကိုမှ ယူတတ်တယ်။ သူက ကုတင်တစ်လုံးမှာအိပ်လို့၊ ခွေးတွေက ကျန်ကုတင်တစ်လုံးပေါ်မှာ အိပ်လို့။

'ဂျာမန်လူမျိုးတွေက ခွေးတွေနဲ့ ဒီလို နေတတ်ထိုင်တတ်တာ မဆန်းပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အမလေး။ ခွေးတွေကို ဒီလိုသာပြောခဲ့ရင် ကနားရစ်က စိတ်ဆိုးမှာဗျ'

'ဒါနဲ့ နိုင်ငံတော်လုပ်ကြံမှုများကကော'

'ကျွန်တော်နဲ့ ဗိုလ်ချုပ်ကြီး ကနားရစ်တို့ဟာ အတော်ရင်းနှီးပါတယ်။ ဒါပေမယ့် မဟာမိတ်တို့နဲ့ ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခဲ့တဲ့ အကြောင်းတွေကိုတော့ ထုတ်ပြောမပြဖူးဘူး။ အဆင့်မြင့်တဲ့ ဝါဒရေးရာတွေမှ ဗိုလ်ချုပ်ကြီးဟာ ကြားနေနိုင်ငံတွေက တစ်ဆင့် မဟာမိတ်နိုင်ငံများမှ သိစေအပ်တာတွေ ပြောပြမှာပဲပေါ့'

'ဒါအမှန်ပါပဲဗျာ'

'ဒါပေါ့ဗျာ၊ သာမန်သူလျှိုတစ်ဦးကိုတော့ စစ်ဘက်သတင်းတွေကို လက်လွှတ်စပယ် ဘယ်ပေးပါ့မလဲ'

'တကယ်တော့ ဗိုလ်ချုပ်ကြီးကို မိမိရည်မှန်းချက်များအတွက် ဘယ်ဘက်ကမှ နိုင်ကျူးစကားပြောတာ မကြားခဲ့ရပါဘူး'

'အင်း . . . ရချင်မှရမယ်။ ဗိုလ်ချုပ်ကြီးအကြောင်းများ ခင်ဗျားရေးမယ်ဆိုရင် ဒီကိစ္စကို ရှင်းအောင်လုပ်ဗျာ။ ဗိုလ်ချုပ်ကြီးဟာ ဘာကိုလုပ်လို့ ဘာကြောင့် လုပ်ရတယ်ဆို သူဟာသူ ကောင်းကောင်းသိပြီးသား။ အဲ . . . ဗြိတိသျှတို့ကတော့ သူ့ကို ဒီထက်လှုပ်ရှားမှုကိုပဲ မျှော်လင့်တောင့်တပေမပေါ့။ ဒါပေမယ့် အကြမ်းဖက် လုပ်ရပ်မျိုး လုပ်ထတ်တဲ့ဉာဉ် သူ့မှာမရှိဘူး။ အင်း . . . သူ့ပုံမှန်သရုပ်ကို ခင်ဗျား ဖော်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ သူဟာ ဒီလောကမှာတော့ အဆက်ဆံရ အခက်အခဲဆုံး ခေါင်းဆောင်ကြီးဖြစ်ပေမယ့် ကျုပ်တို့တတွေကတော့ သူ့ကို ချစ်မြတ်နိုးတယ်။ ထောက်လှမ်းရေးဌာနဆိုတာ ဖွဲ့စည်းတဲ့ အခုလိုအခါမျိုးမှာ သူလိုပုဂ္ဂိုလ်မျိုး ရှားမှရှားပဲ။ စိတ်ထားကြီးမြတ်တယ်'

➡ ◆ ⬅ ◆ ➡



( ၂၁ )

## အန္တရာယ်နှင့်တွေ့ရပြီ

၁၉၄၃ ခု၊ ဩဂုတ်လ ၂၃-၂၄ ရက်ည။

ဘာလင်မြို့တော်အား 'ဗော်စကွစ်တို' ဗြိတိသျှ တိုက်လေယာဉ်ပျံဖြင့် တိုက်ခိုက်နေရာမှ ဗုံးကြဲလေယာဉ်ပျံကြီးများသို့ အလှည့်ပေးလိုက်ပြီဖြစ်သည်။ ဗုံးတန်ချိန် ၁၇၀၀ မျှ ဂျာမနီမြို့တော်ပေါ်သို့ ထိုညက ကြဲချခဲ့၏။

ဟစ်တလာက ဝန်ကြီးချုပ်ရုံး အဆောက်အအုံ မြေအောက် ဗုံးခိုကျင်း စကြိန်တွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။ တစ်ချက်တစ်ချက်တွင် မိမိထင်မြင်ချက်များကို အနီးရှိ 'မာတင်ဘိုးမင်း' *(Martin Borman)* သို့ လှည့်ပြောသေး၏။

မဟာမိတ်တို့က ဘာလင်မြို့ပေါ်သို့ ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ဟစ်တလာတွင် အယူအဆတစ်မျိုးပေါ်လာသည်ထင့် . . . ။

'ခွေးမစ်တဲ့ ဒုတ်လောက်ရှိတဲ့ ကနားရစ်ဟာ ဘာများလုပ်နေတယ်ဆိုတာ ငါဖြင့် မတွေးတတ်တော့ဘူး။ သူ့ဆီက ဘာသတင်းမှ မကြားရတာ ကြာလှပြီ'

ဟစ်တလာက၊ ငြီးငြီးတွားတွား ဆိုနေသည်။

မာတင်ဘိုးမင်းက ဟစ်တလာ၏ ပြောစကားများကို ထောက်လှမ်းရေးဌာနသို့ လက်ဆင့်ကမ်းလိုက်၏။

သည်စဉ်က ကြားလျှင်ကြားချင်း ဗိုလ်ချုပ်ကြီး ကနားရစ်က အလန့်တကြား အော်ဟစ်ပြောခဲ့သည်ကို သူ့လက်ထောက် အရာရှိ ဗိုလ်မှူးကြီးဂျန်ကီက မှတ်မိနေ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။

'ကဲ . . . မင်းမြင်ရဲ့မဟုတ်လား။ ဟစ်တလာဟာ ငါ့ဆီက တစ်ခုခု မျှော်လင့်နေပြီ။ ဒါပေမယ့် ငါ့ဆီက တစ်ခုခုရဦးတော့ တကယ့် တကယ် ဘာအသုံးကျ တော့မှာတဲ့လဲ'

လူတစ်စုက ဗိုလ်ချုပ်ကြီး ကနားရစ်အား ဆန့်ကျင်လာကြလေပြီ။ ဒါပေမယ့် ဘာကြောင့်နည်း။ သူတို့တတွေက ဗိုလ်ချုပ်ကြီးကနားရစ်၏ အစီရင်ခံစာများကို ဘဝင် မကျ။ ဟစ်တလာကလည်း သူတို့တတွေကို ဘဝင်ကျချင်မှ ကျပေလိမ့်မည်။

သည်လူတစ်စုသည် ဟစ်တလာ၏ ဘောင်းတော်ဖြိမ့် စိတ်တော်သိ အလိုတော်ရိများ ဖြစ်သည်ကို ကနားရစ် သိ၏။ ဟစ်တလာက သည်လိုလူစားမျိုးများ ကိုမှ လိုချင်သည်။

မည်သို့ဆိုစေ အစီရင်ခံစာများက မပြည့်စုံ၍ ဟစ်တလာက ဗိုလ်ချုပ်ကြီး ကနားရစ်အား အပြစ်မတင်နိုင် . . . ။

၁၉၄၁ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့က ဖြစ်သည်။ ဟစ်တလာကိုယ်တိုင် ဝန်ကြီးချုပ်ရုံးတွင် မိန့်ခွန်းပြောရာ၌ အရှေ့ဘက်စစ်မျက်နှာတွင် ရုရှားတို့၏ တပ်အင်အား အတိအကျကို ကြိုတင်မသိရပေမယ့် သူတို့၏ ထိုးစစ်ဆင်မှုမှ အခြေအနေ အရပ်ရပ်ကို မျက်ဝါးထင်ထင် တွေ့မြင်လာရသောကြောင့် မိမိလုပ်ရပ် မှန်ကန်သည်ဟုပင် အတိ အလင်းဆိုခဲ့သည် မဟုတ်ပါလား။

သို့ရာတွင် ကနားရစ်ကိုယ်တိုင် ဟစ်တလာ ရှေ့တော်မှောက်ဝင်ပြီ။ ယခင်က ဟစ်တလာကိုယ်တိုင် ကြိုတင်ပေးခဲ့သော အမိန့်များတွင် ဂျာမန်တပ်များက ယူရယ်လ် တောင်တန်းထိ ထိုးစစ်ဆင်ရန်မပါရှိကြောင်း ချပြ၏။

သည်အခါ ဟစ်တလာက ပြုံးလို့ . . . ။

ဗိုလ်ချုပ်ကြီး ကနားရစ်၏ ဉာဏ်ရည်ထက်မြက်မှုကို မိမိသိကြောင်း၊ သဘော ကျကြောင်းပင် ဟစ်တလာက ဖွင့်ဟ ထုတ်ဖော် ပြောခဲ့သေးသည်။

သို့ရာတွင် နိုင်ငံရေးရာ အကြောင်း,ကြောင်းတို့ကြောင့် သည်စကားကိုမူ မိမိ ပြောရလိမ့်မည်ဟု ဆို၏။

'ရုရှားနိုင်ငံအကြောင်း ကျုပ်တို့အပြည့်အစုံ သိသလောက်နဲ့ ဘယ်သို့သော နိုင်ငံကမှ ရန်သူနိုင်ငံကို စစ်ပြုလိမ့်မယ် မဟုတ်ဘူးမှတ်'

ကနားရစ်က သူ့လက်အောက် အရာရှိများအား ပြောပြ၏။

ဆိုဗီယက်သို့ စစ်ဆင်ရေးအတွက် ပထမနှစ်ပိုင်း၌ မော်စကိုထိ မရောက်နိုင် သောကြောင့် ဟစ်တလာက ကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗရောချစ်တစ်ရှ်အား ရာထူးမှ ထုတ်ပယ်လိုက်၏။ သည်ရာထူးတွင် လူစားထိုး မခန့်ခဲ့။

နောက်တစ်နှစ်ခန့်တွင် ကော့ကေးဆပ်သို့ ထိုးစစ်ဆင်ပြန်ရာ၌လည်း





ကနားရစ်က မော်စကိုစစ်ဆင်ရေး ကာလကဲ့သို့ပင် သုန်သုန်မှုန်မှုန် ဖြစ်နေ၏။

အရှေ့ဘက်ဒေသ စစ်မျက်နှာ၏ အခြေအနေအရပ်ရပ် အစီရင်ခံခြင်းတာဝန်ကို ကနားရစ်က သူ့လက်ထောက် နိုင်ငံခြားထောက်လှမ်းရေးဌာနခွဲ အကြီးအကဲ ရှေ့ဘွာဇ် ဗိုလ်ချုပ်ဘက်နာသို့ လွှဲပြောင်းပေး၏။ ဘက်နာသည် ဟစ်တလာရုံးမှ 'စ'များနှင့် ဟပ်မိ၏။ အံဝင်ခွင်ကျ ရှိ၏။

စစ်မျက်နှာမြေပုံတွင် ဂျာမန်တပ်များ တည်နေရာကို အလံပြာကလေးများ စိုက်ထူလျက်။ ရုရှားတပ်များ တည်နေရာကို အလံနီလေးများကို စိုက်ထူလျက်ရှိသည်ကို ကြည့်ပြီး ရှုံ့ရှုံ့ရှားရှားဖြစ်နေသော ဘက်နာကို ဂျန်ကီက ယခုတိုင်မြင်ယောင် မိသေးတော့။

'အလံနီတွေ များများမစိုက်နဲ့ဟေ့'

ပါးစပ်မှလည်း တပစ်တောက်တောက် ပြောနေသည်။

မိမိသဘောကျ၊ စိတ်တိုင်းကျ ရွေးထားသူများကပင်၊ မိမိအား တကယ် သစ္စာဖောက်နေကြသည်ကို ဟစ်တလာ သိပါလေစ . . . ။

'ခွေးပစ်တဲ့ တုတ်လောက်ရှိတဲ့ ကနားရစ်က ဘယ်လိုလဲကွ။ သူ့ဆီက ဘာမှမကြားရတာ ကြာပါပကော . . . 'တဲ့။

ဂျာမန်ထောက်လှမ်းရေး ဌာနချုပ်ရုံးကို ဘာလင်မြို့တောင်ဘက်မှ ဇိုဆန်သို့ ပြောင်းရွှေ့ခဲ့၏။ ဇိုဆန်တွင် ဂျာမန်ကြည်းတပ် စစ်ဦးစီးချုပ် ရုံးများရှိ၏။ သည်နေရာ တွင် ရဲတိုက်ပောင်းကြီး နှစ်ခုယှဉ်လျက်ရှိ၏။ တစ်ခုနှင့်တစ်ခု ခြံစည်းရိုးဖြင့် ခြားနား ထားသည်။ 'မေးလ်ဘတ်ချ်-၁' *(Maibach)* နှင့် 'မေးလ်ဘတ်ချ်-၂'ဟု အမည်တွင် ကြသည်။ စစ်ဦးစီးဌာနချုပ်ရုံးကို မေးလ်ဘတ်ချ်တွင် ဖွင့်လှစ်ထားသည်။ မေးလ်ဘတ်ချ် ၂ တွင် ထောက်လှမ်းရေးရုံးချုပ် ဖွင့်ထား၏။

ထောက်လှမ်းရေးအရာရှိများပင်လျှင် အထူးခွင့်ပြုလက်မှတ် မရှိပါဘဲလျက်။ စစ်ဦးစီးရုံးချုပ်ရှိရာ မေးလ်ဘတ်ချ် ၁ အဆောက်အအုံသို့ မကူးနိုင်၊ ဝင်ခွင့်မရှိ။

အဆောက်အဦကြီးတစ်ခုခုတွင် မြေပေါ်သုံးထပ်၊ မြေအောက်သုံးထပ်ရှိ၏။ မြေအောက်သုံးထပ်ရှိ အခန်းများကိုလည်း မြေပေါ်သုံးထပ်ရှိ အခန်းများနှင့် တထေရာ တည်း ဖွဲ့ထား၏။ အထက်ခန်းများရှိ တယ်လီဖုန်းပလပ်များ ထားရာအတိုင်း၊ အောက် အထပ်ထပ် အခန်းများတွင် သည်နေရာ သည်အပြင်အဆင်အတိုင်း ထားရှိ၏။

လေကြောင်းအန္တရာယ် အချက်ပေးလာလျှင်၊ အရာရှိများနှင့် ရုံးဝန်ထမ်းများက တယ်လီဖုန်းများကို လွယ်လင့်တကူဖြုတ်ကာ၊ သတ်မှတ်ထားရာ မြေအောက်အထပ်ရှိ ဆိုင်ရာဆိုင်ရာ အခန်းများသို့ သွားကြပြီး အလုပ်မပျက်၊ အကိုင်မပျက် ဆက်လက် ဆောင်ရွက်နိုင်ကြမည်။

မေးလ်ဘတ်ချ် အဆောက်အဦဝင်းအတွင်း၌ စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖရန့်ဟောလ်ဒါအတွက် သီးသန့် နေအိမ်ပုကလေးတစ်လုံး ရှိ၏။ 'ဟောလ်ဒါတဲ'ဟု သတ်မှတ်ထားကြ၏။ သည်အဆောက်အဦအတွင်း ဟောလ်ဒါက ဗိုလ်ချုပ်ကြီး ကာနားရှစ် တစ်ယောက် ဂက်စတာပို၏ အန္တရာယ်မှ ဘေးကင်းရန်ကာင်း နေနိုင်လေပြီ။ ဂက်စတာပို အဖွဲ့ဝင်များအား မေးလ်ဘတ်၍ အဆောက်အဦများအတွင်းသို့ လုံးဝ ဝင်ခွင့်မပေး။

ကာနားရှစ်ကလည်း ဟောလ်ဒါတဲမှ တစ်ဖဝါးမျှ ခွာချင်စိတ်မရှိ။ ဘာလင်နှင့် ပရပ်ရှား အရှေ့ပိုင်းသို့ အရဲစွန့် ခရီးမသွားလို၊ သည်ရှုတ်ကြီးပြင်ပတွင် မိမိအား နောက်ယောင်ခံလိုက်နေသည်ဟုသာ စိတ်တထင့်ထင့်ဖြစ်နေ၏။ သူ့အသက်အား အန္တရာယ်ပြုမည်ကို စိုးရိမ်ကြောက်ရွံ့နေသည်။ သူလုပ်လေ့လုပ်ထရှိသည့် သူ့အကျင့်စရိုက် အချို့ကိုပင် အမှုမထားတော့။ အရက် ပိုသောက်လာသည်။

စင်စစ် ဟမ်ဲရန်နှင့် ဖန်းတို့ ထွက်ပြေးပြီး မဟာမိတ်တို့နှင့် ပူးပေါင်းသွားခဲ့သည့် အဖြစ်က ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ အခြေကို မည်သို့မျှ ယိမ်းယိုင်စေမည် မဟုတ်။

၁၉၄၂–ခုနှစ်နှင့် ၁၉၄၃–ခုနှစ်များတွင် ဆက်ခါဆက်ခါ ကြုမ္မာဆိုးနှင့် တွေ့ခဲ့ရခြင်းကသာ ယိမ်းယိုင်စေခဲ့၏။

'ဟမ်ဲရန်'အရေးအခင်းက နောက်ဆုံးမှ ကာနားရှစ်၏ အာဏာအရှိန်အဝါများ လျော့ကျသွားအောင် အလဲထိုးခဲ့ခြင်းတည်း။

ဒေါက်တာဂျိုးဖက်မူးလာသည် ၁၉၃၉–ခု၊ စက်တင်ဘာလမှ ၁၉၄၂ ခု၊ ဒီဇင်ဘာလအထိ မြူးနစ်နှင့် ရောမက မြို့များကို တံခါးမရှိ၊ ဓားမရှိ ကူးသန်းချိ လုပ်စေခဲ့၏။

ရောမမြို့ရှိ ထောက်လှမ်းရေးဆက်သွယ်ရေးအရာရှိ ဂျာမန်ဗိုလ်မှူးကြီး ဟဲလ်ဖရစ်ချ်က မူးလာ၏ ရည်ရွယ်ချက်အပေါ် သံသယဝင်လာသည်။ မကြာပါ ဗိုလ်မှူးကြီး ဟဲလ်ဖရစ်ချ်အား ကာနားရှစ်၏အမိန့်ဖြင့် နေရာပြောင်းလိုက်၏။

ဂျာမန်ထောက်လှမ်းရေးအဖွဲ့နှင့်ပတ်သက်၍ အပ်ကျသည်ပင် သိခဲ့သော ပါရှူ ဂွန်ဒ်အော့တိုက ကျွန်တော့်အား သည်အကြောင်းကို ပြောပြ၏။ ပုပ်ရဟန်းမင်းကြီး အဖွဲ့နှင့် ပါလာသော ဘုန်းကြီးတစ်ပါးက ဂျိုးဖက်မူးလာ၏ ရာထူးဌာနန္တရကို မေးမြန်း စုံစမ်းရာမှ သည်စကား ဂက်စတာပိုသို့ ပေါက်ကြားသွားခဲ့ရ၏။ သည်တွင် သဝိုကြီးစွာ ဖြင့် အကာအကွယ်များ လုပ်ရတော့သည်။

၁၉၄၂–ခု၊ ဒီဇင်ဘာလ၊ ပရပ်မြို့တွင် အကောက်ခွန်အရာရှိများက ဂျာမန် ထောက်လှမ်းရေးအဖွဲ့မှ သူလျှိုတစ်ဦးအား နိုင်ငံခြားငွေကြေးကိစ္စတွင် ပါဝင်ပတ်သက် သည်ဟု သံသယဖြစ်ပြီး ဖမ်းဆီးလိုက်၏။ သူ့အမည်က 'ရှမစ်သူဘာ'။

'ရှမစ်သူဘာ'က မိမိနှင့် နိုင်ငံခြားငွေများ ပါလာကြောင်းကို မချွင်းမချန် ဖွင့်ဟဝန်ခံပါ၏။ တစ်ချိန်တည်းမှာပင် ဂျာမန်ဗိုလ်ချုပ်ကြီးတစ်စုက ဗာတီကန်မှတစ်ဆင့်





မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးအတွက် စကားကမ်းလှမ်းနေကြောင်းကိုပါ ထုတ်ဖော်ပြော မိ၏။ သည်ကိစ္စတွင် ကာနားရှစ်၏ ရုံးမှ အော့စတာနှင့် ဒိုနန်ယီတို့ ပါဝင်ပတ်သက် ကြောင်း ဖော်ကောင်လုပ်ပြန်သည်။

စင်စစ် 'ရှမစ်သူဘာ'သည်လည်း မြူးနစ်မြို့ရှိ ဂျာမန်ထောက်လှမ်းရေးအဖွဲ့နှင့် တွဲဖက် တာဝန်ထမ်းနေရသူ ဖြစ်၏။

ဂက်စတာပိုအဖွဲ့ဝင် မူးလာက ချက်ချင်း သည်ကိစ္စကို ဗိုတ်ပ သိခွင့်ရလာ ၏။ စစ်ဘက်ဥပဒေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်ရန် မှုခင်းစစ်ဆေးရေးမှူးတစ်ဦး ကိုပင် ဂက်စတာပိုအဖွဲ့ဝင် မူးလာက စေလွှတ်ထား၏။

လုပ်ငန်းစတင်ဆောင်ရွက်ချိန်တွင်မူ နှေးကွေးလှပါဘိ။ ၁၉၄၃ ခုနှစ်၊ ဧပြီလ တွင်မှ ဒိုနန်ယီ၏ ရုံးခန်းအား ရှာဖွေရန် ဗိုလ်ချုပ်ကြီး ကာနားရှစ်ထံမှ ခွင့်ပြုချက်ရရှိခဲ့ ၏။ ရုံးခန်းအတွင်းမှ ဖိုင်တွဲတစ်တွဲ တွေ့ရ၏။ ခရစ်ယာန်ဘုန်းတော်ကြီး ဒေးဒရစ်ချ် ဘွန်ဟော့ဖားအား နိုင်ငံခြားနှင့် တန်ဘိုးရှိသော အဆက်အသွယ်များရှိခြင်းကြောင့် စစ်မှုထမ်းစေခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန် ထောက်ခံထားကြောင်း ဖော်ပြထား၏။ ဘုန်းတော်ကြီး ဒေးဒရစ်ချ်ဘွန်ဟော့ဖားသည် အမျိုးသားဆိုရှယ်လစ်ဝါဒအား ဆန့်ကျင် သူဟု ဂက်စတာပိုက သိပြီးသား . . . ။

(ဘုန်းတော်ကြီး ဒေးဒရစ်ချ်ဘွန်ဟော့ဖားသည် စတော့ဟုမ်းမြို့တွင် ချီချက်စ် တာမှ ဘုန်းတော်ကြီးနှင့် တိတ်တဆိတ်တွေ့ဆုံပြီး ဟစ်တလာအား လုပ်ကြံမည့် အကြောင်း အသေးစိတ် သတင်းပေးခဲ့ဖူး၏။ သို့ရာတွင် ယခုဖိုင်တွဲ၌ သည်အကြောင်း ကို တစွန်းတစမှ ဖော်ပြမထား)

မကြာပါ ဒိုနန်ယီနှင့် ဘုန်းတော်ကြီး ဘွန်ဟော့ဖားတို့ အဖမ်းခံကြရသည်။ ဗိုလ်ချုပ်ကြီး အော့စတာအား ရာထူးမှထုတ်ပယ်လိုက်၏။ ဂျိုးဖက်မူးလာကိုလည်း အကျယ်ချုပ်ဖြင့် ချုပ်ထားလိုက်သည်။

'သစ္စာဖောက် လုပ်ကြံမှုများနဲ့ စစ်ဆင်ရေးကို အထင်သေး အဟန့်အတား လုပ်တယ်ဆိုတဲ့ စွဲချက်တွေနဲ့ ကျုပ်ကို စစ်ခုံရုံးမှာ စစ်ဆေးခံရတယ်။ ကျုပ်ရဲ့ ခုခံတဲ့ အချက်ကတော့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရာမှာ ကျုပ် ပါခဲ့ပါတယ်။ ထောက်လှမ်း ရေး အရာရှိတစ်ဦးအနေနဲ့ ဒီလိုလုပ်နိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ကျုပ်ကိုယ်တိုင် ဆွေးနွေး ခဲ့တာ မဟုတ်ဘူးလို့ ပြန်လည်ထုချေတယ်။ တကယ်တော့ မဟာမိတ်တို့နဲ့ ဆွေးနွေး တယ်ဆိုတာကို အထောက်အထား ခိုင်ခိုင်လုံလုံပြဖို့ ဂက်စတာပိုမှာ ဘာမှ လက်ဝယ် မရှိဘူး။ ရောမက ကျုပ်ယူခဲ့တဲ့ သဘောတူစာချုပ်အကြမ်းဟာလဲ ဂျာမန် ကြည်းတပ်ဌာန ချုပ်က ဗိုလ်မှူးကြီးစခရာဒါခ်ဗီမှာ လုံလုံခြုံခြုံရှိလေရဲ့။ ဗိုလ်မှူးကြီးစခရာဒါက ဗိုလ်ချုပ်ကြီး ကာနားရှစ်ရဲ့ မိတ်ရင်းဆွေရင်းပေါ့'

ဂျိုးဖက်မူးလာက ကျွန်တော့်အား နောင်သောအခါတွင် ပြောပြခဲ့၏။ စကား



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြန်သည်။

'ကျုပ်အမှုကို ကျုပ်ကိုယ်တိုင် လိုက်တာပဲ။ ကျုပ်က ခုံရုံးကိုလျှောက်ထားတယ်။ ဒီကိစ္စမှာ ကျွန်တော်ဟာ အပြစ်လုံးဝမရှိဆိုရင်လည်း ကွင်းလုံးကျွတ် တရားသေလွှတ်ပေးပါ။ ဒါမှမဟုတ် တကယ်အပြစ်ရှိတယ်ဆိုရင်လည်း သေဒဏ်ပေးပါလို့ စစ်ခုံရုံးကတော့ ကျုပ်ကို တရားသေပဲ လွှတ်လိုက်ပါရဲ့။ ဒါပေမယ့် စစ်အကျဉ်းစခန်းမှာတော့ ကျုပ် ဆက်နေရတယ်။ နို့မဟုတ်ရင် ဂက်စတာပိုက ကျုပ်ကို ထပ်ဖမ်းပြီး အထူးတလည် စစ်ကြောတော့မယ် မဟုတ်လား'

စုံစမ်းစစ်ဆေးမှုများ မပြည့်စုံသေးမီမှာပဲ ကနာရစ်က ၁၉၄၃ ခု၊ ဖေဖော်ဝါရီလတွင် မြူးနစ်မြို့၌ ဂက်စတာပိုမှ အားနက်၊ ကာလ်တန်ဗရူးနားနှင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံဆွေးနွေးကြ၏။

သည်အချိန်မှာပင် တောလင်ဂရက်တိုက်ပွဲတွင် ဂျာမန်ကို မရှုမလှ အရေးနိမ့်ခြင်းကို အခွင့်ကောင်းယူပြီး နာဇီအစိုးရ ဆန့်ကျင်ရေးဝါဒ ဖြန့်ခဲ့ကြသော ကျောင်းသူတစ်ဦးနှင့် ကျောင်းသားတစ်ဦးအား လူပုံအလယ်တွင် ကြိုးပေးခဲ့၏။

ကာလ်တန်ဗရူးနားက စိတ်များတွေဝေနေပြီး အရာရာကို အပြစ်တင်လိုနေဟန် ရှိနေသည်ကို ကနာရစ်တွေ့ရ၏။ ဟေးဒရစ်ချ်လောက် မကောက်ကျစ် မစဉ်းလဲပေမယ့် ယဉ်ကျေးသိမ်မွေ့သူတော့ မဟုတ်၊ မျက်နှာထားရှုတည်တည်နှင့် ကနာရစ်က ကာလ်တန်ဗရူးနား၏ ကျယ်ပြန့်သောပခုံး၊ နဖူးကျယ်ကျယ်၊ စူးရှကျဉ်းမြောင်းသော မျက်လုံးအစုံများကို စိတ်မှန်းနှင့် တိုင်းတာကြည့်မိသည်။ ပြီး ကနာရစ်၏ မျက်စိက ကာလ်တန်ဗရူးနား လက်သီးဆုပ်ဆီသို့ ရောက်သွားသည်ထင် . . . ။

'အမလေးဗျာ၊ တကယ့်လူသတ်သမားကြီးပါပဲ . . .'

ကနာရစ်က၊ သည်သို့တွေ့ဆုံပြီးမှ၊ အပေါင်းအသင်းများကို ပြောပြရင်း သို့ကလို မှတ်ချက်ချလိုက်၏။

ကာလ်တန်ဗရူးနားက ဗိုလ်ချုပ်ကြီးကနာရစ်၏ ဗီယင်နာရှိ ဂျာမန်ထောက်လှမ်းရေးဌာနခွဲမှ အကြီးအကဲ၊ မင်းသားကြီး မာရော့ဂ်နာရက်ဝ်အား ပြစ်တင်ရှုတ်ချသည်။ မင်းသားကြီးက ဟန်ဂေရီရှိ ကွန်ဆာဗေးတစ် အတိုက်အခံပါတီနှင့် အဆက်အသွယ်ရှိနေပြီး၊ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့မှ ဗြိတိသျှလိုလားသူများဟု သံသယရှိနေသူများနှင့်လည်း ရင်းရင်းနှီးနှီး အဆက်အသွယ် ရှိနေပြန်သည်ဆို၏။

စင်စစ်၊ ကာလ်တန်ဗရူးနားက၊ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ပုဂ္ဂိုလ်ကြီး ကနာရစ်သည် ဗြိတိသျှတို့နှင့် အဆက်အသွယ်ရှိနေကြသည်ဟု ထင်ရသော ပုဂ္ဂိုလ်ကြီးများနှင့် အပေါင်းအသင်းဖြစ်နေသည်ဟု အမြွက်မျှ ဖွင့်ဟဆိုလိုက်ခြင်း ဖြစ်မည်မှာမလွဲ . . . ။

စိတ်လှုပ်ရှားနေချိန်တွင် ကနာရစ်၏ အကျင့်အတိုင်း၊ သည်စဉ်က၊ မြန်မြန်





သွက်သွက်နှင့် တစ်ဘက်သားကျလောက်အောင် ပြန်လည်ချေပခဲ့သည်ဟု သူ့လက်အောက်အရာရှိများက မှတ်သားခဲ့ကြ၏။

သည်စဉ်က၊ ဟန်ဂေရီလူမျိုး အလွှာအသီးသီးအား အနီးကပ်စောင့်ကြည့်လေ့လာရာတွင် အကြောင်းအမျိုးမျိုးရှိသည်ဟု ကနာရစ်က တုန့်ပြန်ခဲ့၏။ ထောက်လှမ်းရေး အရာရှိတစ်ယောက်သည် ပါတီပေါင်းစုံ၊ အဖွဲ့ပေါင်းစုံ၏ လှုပ်ရှားမှုများကို ခရေစေ့တွင်းကျ သိထားသင့်သည်ဟု အကြောင်းပြ၏။

သည့်သို့ဆိုသောအခါ၊ ကာလ်တန်ဗရူးနားက တစ်ဝက်တစ်ပျက် ကျေနပ်မှုရသွားသယောင်ယောင် . . . ။

စစ်ကြီးကာလတစ်လျှောက်လုံးမှာ ဟန်ဂေရီထောက်လှမ်းရေးအဖွဲ့က ဗြိတိသျှတို့နဲ့ အဆက်အသွယ် မပြတ်ခဲ့ဘူး။ ကာလ်တန်ဗရူးနားက ရှုတ်ချပစ်တင်ပြောရာမှာ ရင့်ရင့်သီးသီး ပြောခဲ့တာဟာလည်း သဘောပေါက်လောက်ပါတယ်။ ဟန်ဂေရီဟာ ဗြိတိသျှတို့နဲ့ အဆက်အသွယ်ကောင်းလို့ပဲ ၁၉၄၃ ခု၊ အောက်တိုဘာလက တကယ်တမ်း လက်နက်ချဖို့ ဖြစ်နိုင်တာထက် ၁၈ လ စောပြီး အီစတန်ဘူလ်မြို့ ဆိပ်ကမ်းအလွန် ဗြိတိသျှသံအမတ်ကြီးရဲ့ သင်္ဘောပေါ်မှာ ကျုပ်တို့က လက်နက်ချစာချုပ်ကို လက်မှတ်ရေးထိုးခဲ့တာပဲပေါ့'

သည်ကိစ္စနှင့်ပတ်သက်၍ ဟန်ဂေရီ ထိပ်တန်း သံအရာရှိတစ်ဦးက ကျွန်တော့်အား ပြောပြ၏။

စစ်ကြီးအတွင်း နှောင်းနှစ်များတွင် ဗြိတိသျှတို့နှင့် ဆက်လက် အဆက်အသွယ်ရှိနေသော စတော့ဟုမ်းမြို့မှ ဟန်ဂေရီသံအမတ်ကြီး 'ချလိန်းရီဗစ်ကီး' က ဖြည့်စွက်ပြောသောအခါမှ ပိုမိုပြည့်စုံခဲ့၏။

'ဟန်ဂေရီ စစ်ဦးစီးအဖွဲ့က ဂျာမန်လိုလားကြတယ်။ ဟန်ဂေရီ ပြည်ထဲရေးဝန်ကြီးဌာနက ဗြိတိသျှ လိုလားကြတယ်။ အဲ . . . ကနာရစ်ရဲ့ မိတ်ဆွေများက ပြည်ထဲရေးဝန်ကြီးဌာနမှာ ရှိကြတယ်လေ'

ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်နှင့် အဆက်အသွယ်ကိုလည်း အနံ့ခံမိသွားလေပြီ။ စတော့ဟုမ်းသို့ စေလွှတ်ခဲ့သော သူ့ကိုယ်စားလှယ် ပရိုတက်စတင့် ဘာသာဝင် ပုဂ္ဂိုလ်လည်း အဖမ်းခံခဲ့ရပြီး အီစတန်ဘူလ်ရှိ သူ့လူ ဒေါက်တာ လီဗာခွန်သည်လည်း သစ္စာဖောက်မှုဖြင့် အစွပ်စွဲခံနေရပြီ။

ဟစ်တလာဆန့်ကျင်ရေးကို ဆက်လက်ကိုင်စွဲဖို့ ကနာရစ်တွင် ထူးထူးခြားခြား သတ္တိများ ရှိနေရော့သလား။

'ဟုတ်တယ်လေ ၁၉၄၃ ခု၊ အောက်တိုဘာလတုန်းကပဲ၊ ဗိုလ်ချုပ်ကြီး ကနာရစ်က ဆွစ်နိုင်ငံကို တစ်ကြိမ် သတိပေးပြန်သေးတယ်'

လာန်ဒန်ရှိ ဆွစ်သံရုံးမှ ပြန်ကြားရေးမှူးက ကျွန်တော့်ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာမိတ်တို့က ဝင်ရိုးစွန်းနိုင်ငံများ၏ အားနည်းရာနေရာအား ထိုးနှက်တော့မည်ကို ရိုမန်ထရောစ် သိလာပြန်သောအခါ ကြားနေ ဆွစ်နိုင်ငံတို့ မှားမှားယွင်းယွင်း အာရုံစိုက်မိတော့၏။

ရိုမန်ထရောစ်က ကိုယ်စားလှယ်များအား ဘန်မြို့သို့စေလွှတ်ပြီး ဆွစ်နိုင်ငံက မည်သို့သော စားနပ်ရိက္ခာများနှင့် သယံဇာတကုန်ကြမ်းပစ္စည်းများ သိုမှီးထားသည်ကို ဂျာမန်သံအမတ်ကြီးအား မေးမြန်းစုံစမ်းစေ၏။

စင်စစ် ရိုမန်ထရောစ်က ဆွစ်နိုင်ငံအား သွေးထွက်သံယိုမရှိစေဘဲ သိမ်းပိုက်ထားရန် ခြေလှမ်းပြင်လာခြင်းတည်း။ သည့်အတွက် မဟာမိတ်တို့သာ အပြစ်တင်ခံရမည်ဟု ထင်ထန်ရှိ၏။ အီတလီစစ်မျက်နှာနှင့် ဂျာမနီနိုင်ငံတို့ကို ဆွစ်နိုင်ငံအား သိမ်းပိုက်ခြင်းဖြင့် တဆက်တည်း ရှိသွားစေမည့် အကျိုးကျေးဇူးတော့ ရှိတန်ကောင်း၏။ သို့ရာတွင် ဆွစ်တို့ကသိပြီး မိမိတို့လိုဏ်ဂူများကို ဖောက်ခွဲဖျက်ဆီးပြီးလျှင် လမ်းများပိတ်ဆို့ကုန်မည့် အန္တရာယ်ရှိသည်ကိုလည်း သိပြီးသား။

ဆွစ်လူမျိုးတို့၏ ကြံ့ခိုင်မှုနှင့် စစ်သွေးစစ်မာန်ရှိသည့် အရည်အချင်းများကို ဘန်းမှ ဂျာမန်သံအမတ်ကြီး ဒေါက်တာကိုချာ သိပြီးသား။ ဆွစ်နိုင်ငံ၏ သဘာဝ အရံအတား တောင်တန်းကြီးများမှာ ခိုအောင်းစရာများ ရှိနေသည်ကိုပါ ကောင်းကောင်း သိ၏။

ဂျာမန်သံအမတ်ကြီးက ဘန်းရှိ ကနားရစ်လူများနှင့် ဆက်သွယ်မိသည်။ သံရုံး အကြံပေးအရာရှိ ဒေါက်တာသီယိုကော့ဒ်က ဗိုလ်ချုပ်ကြီးကနားရစ်အား ဘာတွေ ဖြစ်နေသည်ကို အလုံးစုံ ပြောပြသည်။

သည်တော့လည်း ကနားရစ်က ဆွစ်နိုင်ငံအစိုးရအား ကြိုတင်သတိပေးပြန်သည်ပဲပေါ့။ စင်စစ် သည်အန္တရာယ်က ဖြစ်တန်ကောင်းမှ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ကနားရစ်က သည်စစ်ကြီးအား အချိန်အတိုဆုံးနှင့် အဆုံးသတ်ရန်ဆိုလျှင် ဘာဆိုဘာကိုမျှ မချန်လှပ်ထားလို။

အာဖရိကမြောက်ပိုင်းတွင် မဟာမိတ်တို့က အငိုက်ဖမ်း၍ ကမ်းပေါ်တက်ခဲ့ရာ၌ အောင်မြင်သည်ကို မျက်ဝါးထင်ထင် တွေ့နေရလေပြီ။

၁၉၄၄ ခု၊ ဇန်နဝါရီလတွင်လည်း အန်ဇီယို *(Anzio)* ၌ မဟာမိတ်တို့က အငိုက်ဖမ်း၍ ခြေကုပ်စခန်း ယူခဲ့ရာတွင်လည်း အောင်မြင်ပါ၏။

'ကနားရစ်ကတော့ အင်မတန်ညံ့ဖျင်းတဲ့ ထောက်လှမ်းရေးအရာရှိပဲ။ အန်ဇီယိုမှာ မဟာမိတ်တို့ ကမ်းတက်ခြေကုပ်စခန်းမယူမီက ကျွန်တော်ကိုယ်တိုင် ကနားရစ်နဲ့ တွေ့ပြီး ဗြိတိသျှစစ်သင်္ဘောတွေ ဘယ်မှာရှိနေသလဲလို့ စုံစမ်းခဲ့ဖူးတာ မှတ်မိပါသေးတယ်'

ရွှန်းမဲလ်၏ စစ်ဦးစီးမှူး ဗိုလ်ချုပ်ကြီးဝက်စ်ဖဲလ်အား ကျွန်တော်က ဗိုလ်ချုပ်ကြီး ကနားရစ်အကြောင်း မေးမြန်းစုံစမ်းစဉ်က သို့ကလို ပြောခဲ့ဖူး၏။





'အေးလေ . . . ကျုပ်တို့လည်း ဗြိတိသျှစစ်သင်္ဘောတွေကိုပဲ ရှာနေတာပဲ။ ခင်များတို့ စိုးရိမ်နေလို့လား'

သည်စဉ်က ကနားရစ်အဖြေက သည်မျှသာပင် . . . ။

သို့ရာတွင် ဗြိတိသျှ စစ်သင်္ဘောတည်နေရာကိုမူ တိတိပပ အဖြေမပေးနိုင်။

'အမ်ဇီယို ကမ်းတက်တပ်များကို အကူပေးပြီးမှ ဗြိတိသျှစစ်သင်္ဘောတွေ တည်နေရာကို သိရတယ်။ ဒါကြောင့်လည်း ကနားရစ်ဟာ အင်မတန်ညံ့တဲ့ ထောက်လှမ်းရေးအရာရှိပဲလို့ ကျုပ်ဆိုခဲ့တာပေါ့'

မှန်သည်။ အမ်ဇီယိုကျွန်းပေါ်သို့ မဟာမိတ်တပ်များ ကမ်းတက်မည်ကို ကနားရစ် မသိသည်မှာ သံသယဖြစ်ဖွယ်မရှိ။ မြောက်အာဖရိကတွင် မဟာမိတ်တပ်များ ကမ်းတက်မည်ကို မသိဆိုရာတွင်မူ ကျွန်တော် မယုံကြည်နိုင်။

ဟမ်ဘတ်မြို့မှ ဟားဘတ်ဝစ်ချ်မင်းက ဆန့်ကျင်ဘက် မတူညီသောသတင်းများနှင့် ရင်ဆိုင်တွေ့ရသောအခါမှ ကနားရစ်အား ဗြိတိသျှစစ်သင်္ဘောများ ခရီးစဉ် အတိအကျကို သတင်းပေးကောင်း ပေးပေလိမ့်မည်။

ကနားရစ်ကလည်း သူ့နည်းသူ့ဟန်ဖြင့် သိကောင်း သိနိုင်ပေလိမ့်မည်။ သို့ရာတွင် စစ်ဦးစီးဌာနချုပ်က မိမိတို့ဘာသာမိမိတို့ ကောက်ချက်ဆွဲယူချင်သလို ယူစေတော့ဟု သဘောရကာ မျက်နှာလွှဲခဲပစ် လုပ်ထားသည်လည်း ဖြစ်တန်ရာ၏။

အီတလီနိုင်ငံက ဝင်ရိုးစွန်းအဖွဲ့မှ လမ်းခွဲထွက်ပြီး မဟာမိတ်တို့ဘက် ပြောင်းသွားလိမ့်မည်ကို ကနားရစ် ကြိုတင်သိသည်မှာ အမှန်။ သို့ရာတွင် ဂျာမန်တို့၏ ဗုက်ရဲအဖွဲ့သို့ အစီရင်ခံရာတွင် ဆန့်ကျင်ဘက်အဓိပ္ပါယ် ပေါက်အောင် ဖန်တီးခဲ့၏။ မဟာမိတ်တို့နှင့် ဆက်သွယ်ရန် မင်းသားကြီးဂရင်ဒီက ပေါ်တူဂီနိုင်ငံသို့ သွားခဲ့သည်ကို ကနားရစ် သိမသိ ပြောရန် မဖြစ်နိုင်။ သို့ရာတွင် ကနားရစ်သည် အီတလီ စစ်ဖက်ထောက်လှမ်းရေး အကြီးအကဲ ဗိုလ်ချုပ်ကြီး ဆီဇာအေမီနှင့် အလွန်ရင်းနှီး၏။

ကနားရစ်၏ လုပ်ရပ်များကို ဆန်းစစ်လျှင် စွန့်ပစ်ပြီးဖြစ်သော အဆောက်အဦအား ဖြိုဖျက်ရာတွင် အမိုးကို ပထမဆုံးဖျက်လျက်၊ တဖန် အထက်ပိုင်းမှ အုတ်များကို တစ်လွှာချင်းဖျက်တတ်သူနှင့် အလွန်တူပါဘိတော့။ သို့မှသာ အဆောက်အဦကြီး ပြိုလဲလျှင် ပြင်းထန်မှု သိပ်မရှိနိုင်။

ယခုလည်း ကနားရစ်က ဘူလ်ဂေးရီးယား၊ အီတလီ၊ ဟန်ဂေရီနိုင်ငံများအား သည်အတိုင်းအဝန်းမှ ခွဲထွက်စေခြင်းဖြင့် ဂျာမနီနိုင်ငံ ပြိုဆင်းလာသောအခါ အထိနာ လိမ့်မည်မဟုတ်ဟု ယူဆဟန်ရှိ၏။

အချို့ကလည်း အုတ်တစ်လွှာချင်းကို ပွဲမထွက်ရလေအောင် စုစည်းခဲ့သလို ဟန်ရှိ၏။ အခြေခံအုတ်မြစ်က မခိုင်ဘဲ ယိမ်းယိုင်ခဲ့လျှင် အဆောက်အဦကြီးတစ်ခုလုံး ပြိုကျမည်ဖြစ်၍ အထိနာပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မူဆိုလိုနီလည်း ရာထူးမှ နုတ်ထွက်လိုက်ရပြီ၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် အဖမ်းခံရ၏။ ဖက်ဆစ်ပါတီ ဦးဆောင်ကောင်စီအဖွဲ့ *(Fascist Grand Council)*က ရှုတ်ချဆန္ဒမဲပေးပြီးမှ အဖမ်းခံရခြင်းဖြစ်၏။

ဟစ်တလာသည်ပင် အီတလီဘုရင် ဗစ်တောလ်မန်နျူရယ်နှင့် ဗိုလ်ချုပ်ကြီး ဘာဒိုးဂလီးယိုတို့၏ လုပ်ရပ်များကိုပင် ယုံရခက်နိုးနိုးဖြစ်နေသည်။ အီတလီက မဟာမိတ်တို့အား ရင်ဆိုင်တိုက်နေချိန်မှာပင် ဟစ်တလာက အီတလီစစ်တပ်များထံမှ လက်နက် သိမ်းပိုက်လိုက သိမ်းနိုင်ပါ၏။ သို့ရာတွင် ဟစ်တလာက မူဆိုလိုနီအား လွှတ်ပေးရန် အီတလီပြည်ရှင်နှင့် ပုပ်ရဟန်းမင်းကြီးတို့အား ပြန်ပေးဆွဲရန်အကြံကိုသာ အလေးပေး နေပုံရ၏။

သည်ကိစ္စတွင် ကွန်မန်ဒို စကော်ဇင်နီ *(Skorzeny)* သာလျှင် တတ်နိုင်စွမ်း၏။

ဟစ်တလာ ဘာတွေကြံနေသည်ကို ကနားရစ် ကောင်းကောင်းသိ၏။ သို့ကြောင့်လည်း အီတလီနိုင်ငံက မဟာမိတ်တို့အား ဆန့်ကျင်စိတ် ရှိမှရှိသေးရဲ့လားဟု စုံစမ်းစစ်ဆေးလို၍ဟု အကြောင်းပြကာ ကနားရစ်ကိုယ်တိုင် အီတလီနိုင်ငံသို့ထွက်ခဲ့၏။

စင်စစ် ဟစ်တလာ၏ အကြံအစည်ကို အီတလီအာဏာပိုင်များအား ကြိုတင် သတိပေးရန်မှာ ကနားရစ်၏ အဓိကရည်ရွယ်ချက်ဖြစ်၏။

၁၉၄၃ ခု၊ ဩဂုတ်လ၊ ကနားရစ်က ဗီးနစ်မြို့သို့ ရောက်လာသည်။ ဒင်နီရယ် လီ ဟော်တယ်၌ပင် တည်းခိုသည်၊ ၁၉၄၀-ခုနှစ်က သည်ဟော်တယ်မှာပင် ကနားရစ်က ရှုမေးနီးယားအစိုးရ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး ရေနံတွင်းများအား ကာကွယ် စောင့်ရှောက်ဖို့ ဂျာမန်တပ်များအား ပလော့စကီအရပ်ထိ ထိုးဖောက်ဝင်ခွင့်ပြုပါရန် နားချခဲ့သေး၏။

သုံးနှစ်ကာလအတွင်း မြင်ကွင်းက အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့လေပြီ။

ဗိုလ်ချုပ်ကြီး ဆီဇာအေမီက အရပ်ရှည်ရှည် အသားဖြူဖြူ။ စကားပြောရာတွင် နွေးကွေးအေးဆေးသည်။ မျက်နှာပေါက်က အီတလီလူမျိုးထက် ဂျာမန်လူမျိုးနှင့်ပင် တူသေးတော့။

ကနားရစ်နှင့်တွေ့ရန် ဗီးနစ်မြို့သို့လာစဉ်မှာ ဗိုလ်ချုပ်ကြီး ဆီဇာအေမီက နောက်လိုက်အရာရှိကြီးငယ် တအုပ်တမကြီးနှင့် ကနားရစ်နှင့်အတူ ဗိုလ်ချုပ်ကြီး လဟိုစင်နှင့် လဟိုစင်၏နေရာကို မကြာမတင်မှာပင် ဆက်ခံတော့မည့် ဗိုလ်မှူးကြီး ဖွန်ဖရေးတက်ယိုရင်းဟောဗင်တို့ လိုက်ပါကြ၏။ လဟိုစင်က စစ်မြေပြင်သို့ ထွက်ရတော့ မည်။

သည်ဖြစ်က အဖြစ်အပျက်များကို လဟိုစင်က အကုန်အစင် ပြောပြ၏။ ဒင်နီရယ်လီ ဟော်တယ်တွင် ထမင်းစားသောက်ပွဲကို ခမ်းခမ်းနားနားကျင်းပ၏။ သည်နေ့ နေ့ခင်းတွင် ကနားရစ်နှင့် ဗိုလ်ချုပ်ကြီးဆီဇာတို့က လီဒိုစားသောက်ဆိုင်သို့ အတူတကွ





သွားခဲ့ပြီးသော်။ လီဒိုဆိုင်တွင် စားရင်းသောက်ရင်း ဗိုလ်ချုပ်ကြီးကနားရစ်က ဗိုလ်ချုပ်ကြီး ဆီဇာအား ပြန်ပေးဆွဲရန် ကြံစည်မှုများကို သတိပေးခဲ့၏။

အပြန်တွင် မိမိက အီတလီထောက်လှမ်းရေးမှူးချုပ်အား ပြန်ပေးဆွဲမည့် အစီအစဉ်ကို သတိပေးခဲ့ကြောင်း လဟိုစင်အား ထုတ်ဖော်ပြောပြသည်။ အီတလီ ထောက်လှမ်းရေးမှူးချုပ်ကလည်း ပွင့်ပွင့်လင်းလင်းပင် ပြောသည်ဆို၏။

ဝင်ရိုးစွန်း အဖွဲ့ဝင်နိုင်ငံများက လက်နက်ချတော့မည်ဟူသော ကောလာဟလ သတင်းက ပြန့်လို့။ အီတလီနိုင်ငံလည်း ဘက်ပြောင်းရန် ဟန်တပြင်ပြင်နှင့် . . . ။

နောက်တစ်နေ့တွင် ကနားရစ်နှင့် အီတလီထောက်လှမ်းရေးမှူးချုပ်တို့က နောက်လိုက်နောက်ပါ လက်ထောက်အရာရှိများ တစုတဝေးနှင့် ခွဲခွာခါနီးတွင် တွေ့ဆုံ ကြပြန်၏။ အီတလီ ထောက်လှမ်းရေးမှူးချုပ်က ဂျာမနီ အီတလီ ညီရင်းအစ်ကိုဆက်ဆံ ရေး မြင့်မြတ်ပြီး အီတလီနိုင်ငံက ဂျာမနီနှင့် ရင်ဘောင်တန်းလျက် မဟာမိတ်တို့၏ ထိုးစစ်ကို စွမ်းစွမ်းတမံ တွန်းလှန်တိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားသည်ဟု အာမခံချက် ပေးပါကြောင်း၊ အသောင်အာရင်းသန်သန်နှင့် လူသိရှင်ကြား ပြောနေတော့သည်။

နှစ်ဖက်ကိုယ်စားလှယ်များရှေ့တွင် အီတလီထောက်လှမ်းရေးမှူးချုပ်က ရှုတည်တည်နှင့် ဟန်ပါပါပြောခဲ့သည်ကို မြင်ရပြန်သောအခါ ကနားရစ်ပင် အံ့ဩယူရ၏။

ဗိုဆန်သို့ပြန်ရောက်သောအခါ ကနားရစ်က ညစာထမင်းစားပွဲဖြင့် ဧည့်ခံရင်း ကာလ်တန်ဗရွန်နာ်နှင့် ဟာပွင်ကိုသန်တို့အား အီတလီခရီးစဉ်အကြောင်း ပြန်လည် ဖောက်သည်ချနေပြန်၏။

သည်စဉ်က အီတလီ ထောက်လှမ်းရေးမှူးချုပ်ကိုယ်တိုင် အီတလီနိုင်ငံက စစ်ကြီးအား မိမိသဘောအရ လွတ်လွတ်လပ်လပ် အဆုံးသတ်မည်ဆိုခြင်းမှာ မဟုတ် မမှန်ကြောင်း အာမခံချက်ပေးခဲ့သည်ဟု ကနားရစ်က အလေးပေးပြောခဲ့သည်ကို ဟာပွင်ကိုသန်က မှတ်သားထားခဲ့၏။

သို့သော် . . . သို့သော် . . .

၁၉၄၃ ခု၊ စက်တင်ဘာလ ၈ ရက်နေ့တွင် အီတလီနိုင်ငံက မဟာမိတ်တို့ အား လက်နက်ချသောအခါ ကနားရစ်က ဂျာမန်လျှို့ဝှက်ရဲအဖွဲ့၏ ထောက်လှမ်းရေး ဒုတိယဌာနကြီးမှူး ရှဲလင်ဘတ်အား တစ်မျိုးပြောပြန်သည်။

သည်စဉ်က ဗိုလ်ချုပ်ကြီး ကနားရစ်သည် ဗိုလ်ချုပ်ကြီး ကေတဲလ်အား မိမိတင်သွင်းခဲ့သော အစီရင်ခံစာများပါသည့် စက္ကူထုပ်ကို ရှဲယင်ဘတ်သို့ ကမ်းပေးခဲ့ သည်။ သည်အစီရင်ခံစာများတွင် အီတလီနိုင်ငံအား မဟာမိတ်နိုင်ငံအဖြစ် မယုံကြည် စိတ်မချရကြောင်း၊ အီတလီ စစ်ဦးစီးအဖွဲ့ကလည်း မဟာမိတ်တို့နှင့် သီးခြားငြိမ်းချမ်းရေး ရယူရန် ကြိတ်ပွဲကလေးများ လုပ်နေကြောင်း ပါရှိ၏။

အီတလီ ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ဆီဇာအေမီလည်း ဗီးနစ်



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင် ကနားရစ်နှင့် တွေ့ခဲ့ပြီးနောက် စစ်မြေပြင်သို့ တပ်မတစ်စုကို ကွပ်ကဲရန် ပြောင်းရွှေ့ တာဝန်ပေးလိုက်ကြောင်း ကနားရစ် သိရသည်။ သို့ရာတွင် စစ်မြေပြင်တာဝန် ထမ်းရန် အသွားတွင် လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက် မရောက်ခဲ့။ လမ်းခုလပ်တွင် ဗိုလ်ချုပ်ကြီး ဆီဖာအေမီ ပျောက်ဆုံးသွားခဲ့သည်။ ဂျာမန်ဆန့်ကျင်ရေး ပါတီဝင်များ၏ လက်ချက်ဖြင့် လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်ဟု ယူဆရ၏။ သည်သတင်းကိုလည်း ကနားရစ်က သူကြားသိခဲ့ရသည် ဆို၏။

သည်ပုံပြင်ကို နားထောင်နေစဉ်က ရှဲလင်ဘတ်က တုတ်တုတ်မျှမလှုပ်။ ဘယ်အတိုင်းအတာထိ မယုံသည်ကိုတော့ မသိရ။ ဟပွင်ကိုသန်ကလည်း ဘာမှမပြော။

အကယ်၍ အီတလီနိုင်ငံက သစ္စာဖောက်သည်မှာ ဂျာမန်တို့အဖို့ ရုတ်ခြည်း ဖြစ်မလာခဲ့လျှင်ဘဲဖြစ်ဖြစ်၊ ဂျာမန်လျှို့ဝှက်ရဲအဖွဲ့က အီတလီအကျဉ်းစခန်းများရှိ မဟာမိတ် စစ်သုံ့ပန်းများအား ဂျာမနီအဖို့ အချိန်မီ သယ်ပို့ပြောင်းရွှေ့ နိုင်ခဲ့လျှင်ပဲ ဖြစ်ဖြစ်၊ သည်သတင်းမှာ ကနားရစ် ကိုယ်တိုင်ကိုယ်ကျ ယူလာသော သတင်းမဟုတ်ဘဲ တခြားနေရာဌာနမှ သတင်းမှန်ခဲ့သောကြောင့်သာ ဖြစ်ပေမည်။

စစ်ကြီးအပြီး ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကွပ်ကဲရေးကော်မရှင် *(British Control Commission)* ၏ ထောက်လှမ်းရေးဌာနခွဲမှ ဂျာမန်ထောက်လှမ်းရေးအဖွဲ့၏ ပါရဂူတစ်ဦးအား စစ်ကြောခဲ့၏။ ဂျာမန်ထောက်လှမ်းရေးအရာရှိသည် ၁၉၄၃ ခု၊ ဧက်တင်ဘာလက ပြင်သစ်နိုင်ငံ စခန်းထားစ်နေရာမှ မဟာမိတ်တို့၏ ဒု ချက်ပြ အဆက် အသွယ်များကို ကြားဖြတ်ဖမ်းယူနားထောင်ခဲ့သူဖြစ်၏။

ဂျာမန်တို့က လျှို့ဝှက်တယ်လီဖုန်းဖြင့် အချက်ပြဆက်သွယ်သည့် အတတ် ပညာကို တစ်ဘက်ကမ်းခတ်အောင် သဘောပေါက်နားလည်ခဲ့ကြ၏။ ကြားမှ ဖြတ်တောက်ဖမ်းယူ နားထောင်ရာတွင် နားမလည်ရလေအောင် ပြောသည့်ဘက်မှ ဝါးတားတားအသံများသာ ထွက်သော်လည်း နားထောင်သည့်ဘက်မှ အထူးတလည် စီမံတည်ထွင်ထားသော ကိရိယာကို တပ်ဆင်နားထောင်ခြင်းဖြင့် တစ်ဘက်မှ ပြော စကားကို သဲသဲကွဲကွဲကြားနိုင်၏။ အကယ်၍ တယ်လီဖုန်းကြိုးဖြင့် ဆက်သွယ်ခဲ့လျှင် ကြားမှ ဖြတ်တောက်နားထောင်၍လည်း ဘာမျှမသိနိုင်။ အင်မတန် လုံခြုံသည်။ သို့ရာတွင် တယ်လီဖုန်းပြောစကားအား ကြိုးမဲ့ကြေးနန်းဖြင့် ပို့ခဲ့လျှင် ကြားမှ ရန်သူစက် က အသံလွှင့်သည့်လိုင်းနှင့် ငြိခဲ့ပါက ကြည်ကြည်လင်လင် ဖမ်းယူနားထောင်နိုင်၏။

ယခုကိစ္စတွင် သည်သို့ဖြစ်ခဲ့ရ၏။

သမ္မတကြီး ရူးစဗဲ့လ်က ဝန်ကြီးချုပ် ချာချီထံပြောကြားရာတွင် 'စစ်သုံ့ပန်း များအား လက်နက်တပ်ဆင်ရေး' အကြောင်း ပါရှိခဲ့၏။ ယင်းစကားပြောသည်ကို အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ ရေအောက်မှဆက်သွယ်ထားသော တယ်လီဖုန်းကြိုးမှ တစ်ဆင့် ပြောစေရမည့်အစား၊ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ စိုးစဉ်းမျှ မသိလိုက်ရပါ





ဘဲလျက် ကြိုးမဲ့ကြေးနန်းဖြင့် ဆက်သွယ်ခဲ့မိ၏။ သည်တွင် ကဲလေးစ်အရပ်ရှိ ဂျာမန်တို့ စခန်းမှ ဖြတ်တောက်ဖမ်းယူ နားထောင်ခဲ့၏။ ဂျာမန်ထောက်လှမ်းရေးအရာရှိက သိသွားတော့၏။

'ဒီတော့ ရှင်းနေပြီပဲ၊ အီတလီနိုင်ငံဟာ မကြာမတင်မှာဘဲ မဟာမိတ်တို့ဆီ ဘက်ပြောင်းတော့မယ်ပဲပေါ့။ ကြားရတဲ့အတိုင်း စာရွက်ပေါ်မှာ ကျွန်တော် ချရေးနေ တုန်းက ဘေးမှာရှိနေတဲ့ ဂျာမန် လျှို့ဝှက်ရဲအဖွဲ့ဝင်ပုဂ္ဂိုလ်က တစ်လုံးမကျန် ဖတ်နေခဲ့ တယ်လေ'

ဂျာမန် ထောက်လှမ်းရေးအရာရှိက ဗြိတိသျှ ကွပ်ကဲရေးကော်မရှင်၏ ထောက်လှမ်းရေးဌာနခွဲမှ အရာရှိများအား ပြောပြသည်။

➡ ◆ ⬅

အရှေ့ဘက်စစ်မျက်နှာတွင် ရုရှားတို့၏ တန်ပြန်တိုးစစ်က တဟုန်ထိုး ရှေ့တိုးလျက်ရှိနေပြီ။ ဗိုလ်ချုပ်ကြီး ကက်ဆဲလ်ရင်း၏ တပ်များက အီတလီစစ်မျက်နှာ တွင် တပ်လန်နေပြီ၊ သည်အချိန်တွင် ဘာလင်မြို့မှ ပွစိပွစိဖြစ်နေသော အသံများက ပို၍ကျယ်လာခဲ့၏။

၁၉၄၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဂက်စတာပိုအဖွဲ့က အစိုးရဆန့်ကျင်သော နိုင်ငံသားများကို ဖမ်းဆီးနေ၏။ ဂက်စတာပိုအဖွဲ့ဝင်တစ်ဦးက ဂျပန်နိုင်ငံဆိုင်ရာ ဂျာမန် သံအမတ်၏ ကျွန်ရစ်သူ ဖနီးအိမ်သို့ ရောက်လာ၏။ လက်ဖက်ရည်ပွဲ တည်ခင်းပြီးစတွင် ဖြစ်သည်။ နာဇီအစိုးရအပေါ် လေးလေးစားစားမရှိ အကြည်ညိုကင်းသူတစ်စုက စုဝေးလျက် အငြိမ်းစား သံအရာရှိတစ်ဦး၊ ကနားရစ်၏ လက်ထောက်အရာရှိ 'အော်တို ကီးယပ်'၊ မင်းသားကြီး ဟာလ်မစ်ဗွန်မော့လ်ကဲနှင့် သူ့အပေါင်းအသင်းတစ်စု၊ အားလုံး အဖမ်းခံရ၏။

ဗိုလ်ချုပ်ကြီးအော့စတာအား ထောက်လှမ်းရေးတာဝန်များမှ ရုပ်သိမ်းစေပြီး ၁၉၄၃ ခု၊ ဒီဇင်ဘာလတွင် အငြိမ်းစားပေးလိုက်၏။

သည်ကိစ္စများဖြစ်ပြီးမှ ဗာမဲရန်းတို့ ဇနီးမောင်နှံနှင့် အခြား ဂျာမန် ထောက်လှမ်း ရေးအရာရှိ နှစ်ဦးတို့ အီစတန်ဘူလ်မြို့မှ ပျောက်ခြင်းမလှ ပျောက်သွားပြီး မဟာမိတ်တို့ထံ ခိုလှုံကြ၏။

သို့တစေ ဂျာမန်ထောက်လှမ်းရေးအရာရှိများကပင် ရန်သူထံ ခိုလှုံသွားကြ သည်ပဲဖြစ်ဖြစ်၊ မဟာမိတ်တို့နှင့် တိတ်တဆိတ် ငြိမ်းချမ်းရေးစကား ပြောခဲ့သည်ပဲဖြစ်ဖြစ်၊ ဟစ်တလာနှင့် ကနားရစ်တို့ ဆက်ဆံရေးတွင် အကွဲအပြဲမပေါ်သေး။ တစ်ပြန် မသိရ သေးသောနေရာများမှ ငြိမ်းချမ်းရေးစကားများ ရိုးတိုးရိတ်တိတ် ကြားလှမ်းလာခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



သတင်းများကို ဂျာမန်စစ်ဦးစီးဌာနချုပ်နှင့် ရိုဗန်ထရော့ဗ်ထံ ထုံးစံအတိုင်း သတင်းပို့မြဲ ပို့နေသော်။

အံကယ်၍ ကနားရစ်ဘက်မှာ သည်တာဝန်ပျက်ကွက်ခဲ့လျှင် ကာလ်တန်ဗရူးနား၏ ထောင်ချောက်အတွင်းသို့ အလိုလို ဝင်သွားပေလိမ့်မည် မဟုတ်ပါလား။

၁၉၄၃ ခုနှစ်ကဖြစ်၏။ စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံဆိုင်ရာ ဆိုဗီယက်သံအမတ် မဒမ်ကော်လ်လွန်တိုင်းက စစ်ပြေငြိမ်းရေးအတွက် ဆွေးနွေးရန်လိုလာသည့် ဂျာမန်စစ်တပ်မှ အုပ်စုတစ်စုကို ရှာဖွေလို့ ရလိုရငြား ဂျာမန်ထောက်လှမ်းရေးအဖွဲ့နှင့် အဆက်အသွယ် လုပ်နေ၏။

မိမိ သူလျှိုတမန်တစ်ဦးထံမှရသော အဆိုပါသတင်းကို ကနားရစ်က ရိုဗန်ထရော့ဗ်သို့တစ်ဆင့် အစီရင်ခံခဲ့၏။ သည်စဉ်က သံသယစိတ်ဖြင့် ရိုဗန်ထရော့ဗ်က အလေးထား၏။

ဆိုဗီယက်သံအမတ်ကြီး မဒမ်ကော်လ်လွန်တိုင်းနှင့် စတော့ဟုမ်းရှိ ဂျာမန်ထောက်လှမ်းရေးအရာရှိ ဝဠနာတို့အကြား အောင်သွယ်လုပ်ပေးသူက ဂျူးလူမျိုးဖြစ်နေခြင်းကိုပင် ရိုဗန်ထရော့ဗ်က အလေးမထား၊ ဂရုမစိုက်နိုင်တော့။

ဗိုလ်ချုပ်ကြီး ကနားရစ်၏ ရုရှားစစ်မျက်နှာမှ စစ်ရေးအခြေအနေအပေါ် အစီရင်ခံစာကြောင့် ဟစ်တလာက ဒေါသူပုန်ထခဲ့၏။ သည်အဖြစ်ကို ကနားရစ်က ပရော့ဇ်အား ပြန်ပြောပြခဲ့၏။ ကနားရစ်၏ အလျှော့ပေး အညံ့ခံလိုသည့်အမြင်များ အပေါ် ဟစ်တလာက ဘဝင်မကျ ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။

ရုရှားစစ်မျက်နှာမှ စစ်ရေးအခြေအနေ အမြန်ဆုံး အစီရင်ခံရန် ကနားရစ်အား အမိန့်ပေးလိုက်သည်။ ကနားရစ်လည်း ထောက်လှမ်းရေး အစီရင်ခံစာများ တပွေ့တပိုက်ကြီးဖြင့် ဟစ်တလာအား အစီရင်ခံ၏။ ကနားရစ်က စတင်အစီရင်ခံနေစဉ်တွင် ဟစ်တလာက ဂရုတစိုက်ဖြင့်နားထောင်လျက် ဟင်းမလားက ဘေးတွင် မတ်တပ်ရပ်လို့။

ရုတ်တရက်ဆိုသလိုပင် ဟစ်တလာက ထခုန်ပြီး ဗိုလ်ချုပ်ကြီး ကနားရစ်၏ အပေါ် ကုတ်အင်္ကျီကော်လံကို အမိအရဖမ်းကာ ဆောင့်ဆွဲလိုက်၏။ သူ့ရှေ့မှ စားပွဲကိုလည်း တွန်းလှဲလိုက်၏။

'ဒီစစ်ပွဲမှာ ငါအရေးနိမ့်တော့မယ်လို့ မင်းပြောနေတာမဟုတ်လား'

ကျားဟိန်းသလို ဟိန်းပါတော့သည်။

'မဟုတ်ရပါဘူးခင်ဗျာ။ ကျွန်တော် စစ်ရှုံးတဲ့အကြောင်း ဘာဆိုဘာမျှ မပြောရပါလား။ ရုရှားစစ်မျက်နှာက စစ်ရေးအခြေအနေကိုသာ အစီရင်ခံနေရခြင်းပါ'

သည်အချိန်ကပင် ဖြစ်လိမ့်မည်။ ဗာမဲရန်းတို့ ဇနီးမောင်နှံ ထွက်ပြေးခြင်းကိစ္စနှင့် ဒေါက်တာလီဗာခွန်က ငြိမ်းချမ်းရေးစကား ပြောခဲ့သည်များကြောင့် ဟစ်တလာက ကနားရစ်အား ပျစ်ပျစ်နှစ်နှစ် ဆဲခဲ့၏။





ဟစ်တလာက သည်းခံနိုင်စွမ်းမရှိတော့။ နိုင်ငံခြားတွင် တာဝန်ကျသွားသော ကနားရစ်၏ ထောက်လှမ်းရေးအရာရှိများကိုလည်း ချမ်းသာမပေး။ ဟစ်တလာက စုတ်ပြတ်နေအောင် ဝေဖန်ခဲ့၏။

ကာလ်တန်ဗရူးနားနှင့် ရှဲလင်ဘာတ်တို့က ဂျာမန်ထောက်လှမ်းရေးအဖွဲ့ကို ညှပ်ပူးညှပ်ပိတ် လုပ်လာသည်။

ဟင်းမလား၊ ကေတဲလ်၊ ဂျော်လ်တို့နှင့် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီးမှ ဟစ်တလာက ဥပဒေပြုပြဋ္ဌာန်းချက် တစ်ရပ်ကို ချက်ချင်း လက်မှတ်ရေးထိုးလိုက်၏။

ဟပ္ပင်ကိုသန်က အောက်ပါအတိုင်း မှတ်သားထားခဲ့၏။

(၁) ဂျာမန် သူလျှိုထောက်လှမ်းရေးအဖွဲ့အစည်းများအား တစုတစည်း အဖြစ် တည်ထောင်ဖွဲ့စည်းရန်။

(၂) တစုတစည်းတည်းရှိနေသော ထောက်လှမ်းရေးအဖွဲ့အား ကွပ်ကဲရန် ဟင်းမလားအား တာဝန်ပေးသည်။ ဂျာမန် စစ်ဖက်ထောက်လှမ်းရေး အဖွဲ့အား လုံခြုံရေးအဖွဲ့နှင့် မည်သို့သော သတ်မှတ်ချက်များဖြင့် ပူးပေါင်းစေမည်ကို ဟင်းမလားက ဗိုလ်ချုပ်ကြီးဂျော်လ်တို့နှင့် သဘောတူညီမှုရယူရန် . . .

'မင်း ဘာလိုသေးလဲ'

ကာလ်တန်ဗရူးနားက ထောက်လှမ်းရေးအဖွဲ့အစည်းများ တစုတစည်းတည်း ရှိရန် စီမံကိန်းအား ဟစ်တလာသို့ပြစဉ်က သို့ကလို မေးလိုက်၏။ ကာလ်တန်ဗရူးနားက နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်လှမ်းရေးဌာနခွဲကိုပါ ကွပ်ကဲခွင့်ပေးရန် မဆိုင်းမတွ တောင်းဆိုလိုက်၏။

သည်သို့ဆိုလျှင် ဟစ်တလာ၏ ခွဲခြမ်းစိတ်ဖြာ အုပ်ချုပ်သည့်စနစ်အား ဆန့်ကျင်ရာ ရောက်ပေလိမ့်မည်။

၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ကနားရစ်လည်း ဂျာမန်ထောက်လှမ်းရေးမှူးချုပ်ရာထူးမှ လျှောကျခဲ့လေပြီ။ ထောက်လှမ်းရေးမှူးချုပ်အဖြစ် ၉ နှစ်ကျော်ကျော် တာဝန် ထမ်းဆောင်ခဲ့၏။

သို့ရာတွင် ကနားရစ်ရာထူးမှ ထုတ်ရာတွင် ဖြစ်ရပ်မှန်များကို ဖုံးကွယ်လို၍ ဂျာမန်စစ်တပ်တွင် ရာထူးတစ်နေရာ ဖန်ပေးပါသေး၏။

ကာလ်တန်ဗရူးနားက ကနားရစ်၏ရာထူးကို ကတိုက်ကရိုက် ဆက်ခံလိုက်ရန် ထုံးစံအတိုင်း ရာထူးအလွှဲအပြောင်းများကိုပင် စနစ်တကျ မလုပ်လိုက်ရ . . .

ကနားရစ်အပေါ် သစ္စာစောင့်သိသော ဂျန့်ကီက ဗိုလ်ချုပ်ကြီး၏ ဖူစဉ် မှတ်တမ်းစာအုပ်များ ရုံးတွင် မကျန်ရစ်ရလေအောင် ဂရုတစိုက်ဖြင့် စုစည်းသိမ်းဆည်း ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမန် လျှို့ဝှက်ရဲအဖွဲ့ကလည်း မေးလ်ဘတ်၌ အဆောက်အဦတွင်းဝယ် စခန်းဖွင့်လာတော့သည်။ ကနားရစ်အား ပေါ်လ်ဒါ၏ နေအိမ်မှဖယ်ပေးရန် အမိန့်ပေးလိုက်၏။ သည်နေရာသို့ ပြန်မလာရန်ကိုပါ သတိပေးလိုက်၏။

တစ်ချိန်က ဗိုလ်ချုပ်ကြီးကနားရစ် ကွပ်ကဲခဲ့ရသော ဂျာမန်ထောက်လှမ်းရေးအဖွဲ့အစည်းသည်လည်း အစိတ်စိတ်အမွှာမွှာ ကွဲသွားတော့၏။

'အဲ . . . ဗိုလ်ချုပ်ကြီးကနားရစ်လည်း ထောက်လှမ်းရေးမှူးချုပ် မဟုတ်တော့တာနဲ့ ကျူပ်လဲ ပေါ်လန်နိုင်ငံစခန်းက စုဆောင်းရရှိတဲ့ သတင်းတွေကို ဘာလင်သို့ ထပ်ဆင့် မတင်ပြတော့ဘူး။ ကနားရစ် မရှိတော့တဲ့နောက်မှ ထောက်လှမ်းရေးအဖွဲ့အစည်းအပေါ် ကျွန်တော်တို့က အယုံအကြည်မရှိတော့ဘူး။

ရစ်ချတ်ပရော့ဇ်က သို့ကလို ဆို၏။

ကနားရစ်မှာ ဘာအကာအကွယ်မှ မရှိတော့။ သူ့အသက်အန္တရာယ် အတွက် ကနားရစ် စိုးရိမ်နေတယ်။ အင်း . . . ဒါပေမယ့် သူကတော့ သူ့ဘက်က တစ်လက်မမှ အလျှော့မပေးဘူးလေ။ ကနားရစ်ကို သူ့ဇနီး မိသားစုနဲ့အတူ စပိန်နိုင်ငံ ထွက်ပြေးဖို့ တိုက်တွန်းသေးတယ်။ ဗိုလ်ချုပ်ကြီး ဖရန်ကိုက ကနားရစ်ကို အကာအကွယ်ပေးထားမှာ သေချာတယ်လေ။ စစ်ဘက်ထောက်လှမ်းရေးအဖွဲ့က ထွက်ပြေးဖို့ လေယာဉ်တစ်စင်း စီစဉ်ပေးနိုင်ပါတယ်။ ဒါပေမယ့် ကနားရစ်က ထွက်မပြေးခဲ့ဘူး . . . ။

ရျန်ကီက သူ့အကြီးအကဲဟောင်းအား တိုက်တွန်းပြောခဲ့သည်များကို ပြန်လည် စမြုံ့ပြန်ရင်းက ခေါင်းကို တွင်တွင်ခါနေမိ၏။ အန္တရာယ်ကို နမ်းတွေ့ဒူးတွေ့ ရင်ဆိုင်ရလေပြီ။ မိမိနိုင်ငံသားများက ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် ကြိတ်မှိတ်ခံစားရင်း အကြွေးဆပ်နေ၏။

➡ ◆ ⬅ ◆ ➡

( ၂၂ )

## အမိနိုင်ငံအတွက် အသေခံမယ်

ထိုနှစ် ဆောင်းရာသီက ဝန်ကြီးချုပ်ရုံး လုံခြုံရေးဌာနအကျဉ်းစခန်းတွင် ဂျာမနီနိုင်ငံ၏ ထင်ပေါ်ကျော်ကြား လူသိများသော ပုဂ္ဂိုလ်ကြီးများဖြင့် ပြည့်သိပ်လျက် ရှိ၏။ ဗိုလ်ချုပ်ကြီးများ၊ အရာရှိများ၊ သံတမန်များ၊ နိုင်ငံရေးသမားများ၊ မြေပိုင်ရှင်များ၊ ရှေ့နေဝတ်လုံများ၊ ဘုန်းတော်ကြီးများ စုံလို့ပါပဲ။ ဂိုးဒယ်လား၊ ဟော်လ်ဒါဟဲစယ်လ်၊ အောစတာ၊ ကျူလင်ဘတ်၊ ဖျွမ်၊ ပိုပစ်၊ ချက် စသည့် ပုဂ္ဂိုလ် အကျော်အမော်များပါ၏။ ဂျိုးဇက်မူးလာအား စစ်အကျဉ်းစခန်းတွင် ထားရှိရာမှ ဂက်စတာပိုအကျဉ်းစခန်းသို့ ပြောင်းရွှေ့ထားခဲ့၏။

ကာလတန်မရွှေးနားက ဗိုလ်ချုပ်ကြီးကနားရစ် အတွက် အစောင့်အကြပ် အပြည့်နှင့် ချုပ်ထားရန် အထူးတလည် အမိန့်ထုတ်ထား၏။ နေ့ရောညပါ မီးထွန်းထားသော အကျဉ်းခန်းအတွင်း ထားရှိစေသည်။ အခန်းတံခါးကို အစဉ်ဖွင့်ထားစေသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်မှ စကားပြောခွင့်မပြု . . . ။

စင်စစ် မည်သည့်အကျဉ်းသားမှ တစ်ဦးနှင့်တစ်ဦး စကားပြောခွင့်မပြု။ သို့ရာတွင် လေကြောင်းအန္တရာယ် အချက်ပေးဥဩ ဆွဲပြန်သောအခါ ဗုံးခိုကျင်းများသို့ စုပြုံသွားခဲ့ရပြန်၍ လေသံတိုးတိုးဖြင့် စကားပြောခွင့် ရကြပြန်သည်။ ရေချိုးသည့်စင်ဆေးချိန်များတွင်လည်း တံခါးများကို ဖွင့်ပေးထားပြန်၍ တံခါးကြားမှ ပြောခွင့်ရကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်က စစ်ကြီး၏ နောက်ဆုံး ဖြစ်ပေါ်နေသော အခြေအနေကို တိတိပပ ပြောပြနိုင်သေး၍ ဘဝတူအကျဉ်းသားများနှင့် ဂက်စတာပိုကပါ အံ့ညြခြင်းဖြစ်ကြရ၏။ စင်စစ် ကနားရစ်သည် ပြင်ပလောကနှင့် အဆက်အသွယ်မရှိခဲ့ပါ။ သို့ကြောင့်လည်း အစောင့်ရဲဘော်များထံမှ စစ်တပ်မှ နေ့စဉ်ထုတ်ပြန်တမ်းကို ယူမဖတ်ရန် ကနားရစ်အား တားမြစ်ပိတ်ပင်ခဲ့ပြန်သည်။ သို့ရာတွင် ကနားရစ်က နောက်ဆုံးအခြေအနေများကို ကျေကျေညက်ညက် ဖြစ်နေခြင်းအတွက် အံ့ညြနေကြရဆဲ။ လေထဲတွင် ပျံ့လွင့်နေသောသတင်းများကိုပင် သူ့ထောက်လှမ်းရေးဦးနှောက်က ဖမ်းယူရရှိသည့်နှယ် ထင်ရမတတ်ပင် . . .။

သည်စဉ်က ကနားရစ်နှင့် အခန်းခြင်းကပ်လျက်နေရသော ဗိုလ် ဗွန်စကာလာဗရန်ဒေါ့ဖ်သည် ကနားရစ်က အစောင့်ရဲဘော်များထံမှ သွယ်သွယ်ဝိုက်ဝိုက် မေးခွန်းများထုတ်၍ သတင်းအစ်ထုတ်ထုတ်သည်ကို မှတ်မိနေသေး၏။

'ဒီအချိန်ဆို ကျုပ်တို့တပ်တွေက ရုရှားတွေကို ဗစ်တူလာတောင်တန်းက ဆုတ်ခွာသွားရအောင် ဖိတိုက်နိုင်ပြီပေါ့နော်'

'ဟာ မဟုတ်တာဗျာ၊ ရုရှားတပ်တွေက အိုဒါနားတောင် ချဉ်းကပ်နေပြီပဲ'

➡ ◆ ⬅

ကာလ်တန်ဗရူးနားက ဂက်စတာပို ဗိုလ်ချုပ်ကြီး မူးလာ၊ ဟာပွင်ကိုသန်တို့ အကူအညီဖြင့် ကနားရစ်အား စွဲချက်တင်ရန် သက်သေအထောက်အထား ရှိနေကြ၏။ ဆွစ်နိုင်ငံသို့ သူလျှိုဂျေင့်တစ်ဦးကို စေလွှတ်၍ မဟာမိတ်နိုင်ငံများ၏ စစ်သံမှူးများထံမှ သတင်းအစအန ရလိုရငြား ထောက်လှမ်းစေသည်။ ကနားရစ်နှင့် တိုက်ရိုက်ပတ်သက်မည့် အထောက်အထားရဖို့ ခက်ခဲလှပါဘိ။ ကနားရစ်အမှုကြောင့် သူတို့တတွေ ဦးနှောက်ခြောက်ရသည်မှာ အမှန် . . .။

ကနားရစ်ကဲ့သို့သော ထိပ်တန်းအရာရှိကြီးတစ်ဦးလည်းဖြစ်၊ စပိန်ခေါင်းဆောင်ကြီး ဖရန်ကို၏ မိတ်ဆွေရင်းလည်းဖြစ်သူအား အခြားသစ္စာဖောက် အရာရှိများနည်းတူ ကြိုးပေးသတ်ရန် မဖြစ်။ ဂျာမန်ခေါင်းဆောင်များက မဟာမိတ်တို့နှင့် စစ်ပြေငြိမ်းစေ့စပ်ရန်အတွက် ဖရန်ကိုက အောင်သွယ်နိုင်မည်ဟု မျှော်လင့်နေကြဆဲ။

သို့သော် ဟာပွင်ကိုသန်က ထူးထူးခြားခြား စဉ်းစားတွေးတော ဆက်စပ်မိသည်။ ဇူလိုင်လ ၂၀ ရက်နေ့က ဟစ်တလာအား လုပ်ကြံ၍ အရေးနိမ့်သောအခါ ဗိုလ်မှူးကြီး စခရာဒါက ထူးထူးဆန်းဆန်း ကိုယ့်ကိုယ်ကို သတ်သေခဲ့၏။ စခရာဒါသည် ဗိုလ်ချုပ်ကြီး ကနားရစ်၏ မိတ်ဆွေရင်းဖြစ်၏။ သည်အဖြစ်ကို ဟာပွင်ကိုသန်က သွားတွေးမိသည်။ ဟာပွင်ကိုသန်က ဗိုလ်မှူးကြီးစခရာဒါ၏ ကားမောင်းသူကို စစ်ကြောမေးမြန်းသည်။





ကားမောင်းသူက မိမိဗိုလ်မှူးကြီးက သည်အရွတ်အတွေးတွင် ဘယ်သို့ဘယ်ပုံ ပါဝင်ပတ်သက်ခဲ့သည်ကို မတွေးတတ်။ အရင်သခင်က လူများများနှင့် မတွေ့တတ်။ အေးအေးချမ်းချမ်း နေလျက်ရှိသူဖြစ်၏။ သို့ရာတွင် မိမိအား ဂရုတစိုက် သိမ်းဆည်းပေးရန် ဖိုင်တွဲများ အပ်နှံထားခဲ့သည်ကိုတော့ ကားမောင်းသူက သတိရ၏။

လျှို့ဝှက်ရဲအဖွဲ့က ဗိုလ်မှူးကြီးစခရာဒါ၏ နေအိမ်ကို ရှာသည်။ ဘာလင်ရှိ စစ်ဝန်ကြီးရုံးမှ စခရာဒါ၏ ရုံးခန်းများအတွင်း မွှေနှောက်ရှာ၏။ သတင်းပေး အနည်းငယ် ကြာပြီးမှ ဗိုလ်မှူးကြီးစခရာဒါပိုင် သံမဏိသေတ္တာငယ်လေးကို တွေ့ရ၏။ သေတ္တာငယ်လေးကို ဖောက်ခွဲလိုက်၏။

ဗိုလ်မှူးကြီးစခရာဒါ၏ သံမဏိသေတ္တာထဲတွင် စာရွက်စာတမ်းအမျိုးစုံ တွေ့ရသည်။ တပ်ကြပ် အဒေါ့ဖ်ဟစ်တလာ၏ ဆေးစစ်တမ်းလည်း ပါ၏။ ဆေးစစ်တမ်းတွင် ပိုမာရေးနီးယားရှိ စစ်ဆေးရုံကြီးမှ တပ်မှူးက ဟစ်တလာသည် သွေးရူးသွေးတမ်း မမြင်မကန်းနှင့် ရုပ်တုတ်သည့်ဥဉ်ရှိကြောင်း မှတ်ချက်နှင့် စိတ်နောက်နေပုံ၊ စိတ်ရောဂါပညာရှင်၏ အစီရင်ခံစာတို့ ပါရှိ၏။ ပထမကမ္ဘာစစ်ကြီးတွင် ဟစ်တလာက အဆိုပါစစ်ဆေးရုံသို့ တက်ရောက်အကုသ ခံခဲ့ဖူး၏။ ကနားရစ်၏ အမှုထမ်း စာရွက်စာတမ်းများ၊ သူ့နေ့စဉ်မှတ်တမ်းစာအုပ်၊ အမျိုးသားဆိုရှယ်လစ်ဝါဒ၏ ရက်စက် ကြမ်းကြုတ်မှုများနှင့် ပတ်သက်သော အစီရင်ခံစာများ၊ ပုဝ်ရဟန်းမင်းကြီး ဗာတီကန်တွင် ဆွေးနွေးချက်များ၊ ပုပ်ရဟန်းမင်းကြီး၏ အတွင်းရေးမှူးကိုယ်တိုင် ရေးဆွဲခဲ့သော ငြိမ်းချမ်းရေးသဘောတူစာချုပ် မူကြမ်း၊ သည်ကိစ္စနှင့်ပတ်သက်၍ အပြန်အလှန်ပေးစာများ၊ လေဗာ၏ ကိုးဖက်မူလောအား ဖိတ်ကြားသောစာများပင် ပါရှိ၏။

ဂျာမန်တို့က သည်စာရွက်စာတမ်းများအား မဟာမိတ်တို့ဘက်မှ ဖျက်စီးခဲ့သလို၊ ဖျက်စီးရန် ပျက်ကွက်ခဲ့ကြ၏။

'ကနားရစ်ဟာ ရန်သူနဲ့ နှစ်ပေါင်းများစွာကြာကာပင် ပူးပေါင်း ကြံစည်ကြံနေတယ်လို့ သံသယရှိနေချိန်မှာ ကျွန်တော်က ဂျာမန်နိုင်ငံ လုံခြုံရေးဌာနကို ကွပ်ကဲခဲ့ရတယ်။ အဲ . . . အချိန်တိုတိုနဲ့ပဲ ကနားရစ်ရဲ့ သစ္စာဖောက် ပုန်ကန်မှုတွေကို တိတိကျကျ သိလာခဲ့ရတယ်'

ကာလ်တန်ဗရူးနားက နျူရင်းဘတ် စစ်ခုံရုံးတွင် နောက်ဆုံးလျှောက်လဲရာ၌ သို့ကလို ထည့်သွင်းပြောသွားခဲ့၏။

ကာလ်တန်ဗရူးနားက သည်သို့ပြောခြင်းမှာ ဗိုလ်မှူးကြီး စခရာဒါ၏ သံမဏိသေတ္တာကို ရည်ညွှန်းထားခြင်း ဖြစ်ဟန်တူ၏။

'ဒါပေမယ့် လပေါင်းများစွာ ကြာတဲ့အထိ ကနားရစ်ဟာ ဝတ်မျိုးပြီးတဲ့မျိုး အကွက်တွင် လှည့်ခဲ့တာချည်းပဲ။ ကနားရစ်ရဲ့ ကျွမ်းကျင်ပါးနပ်တာတွေ၊ ကောက်ကျစ်တာတွေ၊ စိတ်ကူးစိတ်သန်းကောင်းတာတွေ၊ ရံဖန်ရံခါ လုံးဝမသိသလိုလို ဟန်ဆောင်ပေါ်မ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တတ်တာတွေဟာ သူ့ကို စစ်ကြောမေးမြန်းတဲ့ အရာရှိတွေတောင် သွက်ချာပါ၊ ဖြစ်သွားခဲ့ရတာတဲ့တယ်'

စကာလာဗရန်ဒေါ့ဖ်က ပြန်လည်ပြောပြသည်။

'သိပ် ညာဖြီးပြောရတာတော့ မဟုတ်ပါဘူး။ အမှန်တရားကို မဟုတ်မမှန် မဖြစ်ရလေအောင် ပြောတာမျိုး မရှိခဲ့ပါဘူး'

လမ်ဟိုစင်က ပြုံးလျက် သို့ကလို ပြောပြန်သည်။

ကာလိမ်အား မိမိအံဆွဲထဲမှ တွေ့ခဲ့ရသော ဝန်ကြီးချုပ်ချာချီ၏ လိပ်မူထားသော စာရင်းဇယားသက်၍ ဂက်စတာပိုက စစ်ကြောမေးမြန်းသည်။

'ဒါကတော့ ချက်အရေးမှာ ဗြိတိသျှက ကျုပ်တို့ကို စစ်တိုက်လေမလားလို့ စုံစမ်းတဲ့ တရားဝင်ကိုယ်စားအဖွဲ့ရဲ့ ရလဒ်ပါပဲ'

ကာလိမ်က ဂက်စတာပိုမှ မေးလာ၏ အမေးကို သို့ကလို ရှင်းပြခဲ့၏။

ကနားရစ်ကလည်း သည်နည်းနှင်နှင် အဖြေပေးလိမ့်မည်မှာ မလွဲ။

အကယ်၍ ကနားရစ်က ဆွစ်နိုင်ငံအား 'ဗိုက်ကင်ဆက်သွယ်ရေး' လမ်းကြောင်းကို တွေ့ရှိသွားလျှင်ပဲဖြစ်ဖြစ်၊ ၁၉၄၃-ခုနှစ်က ဆွစ်နိုင်ငံကိုပင် အန္တရာယ်ကျရောက်တော့မည်ဟု သတိပေးခဲ့သည်ကို ဂက်စတာပိုက သိရှိသွားလျှင်ပဲဖြစ်ဖြစ် သူ့အား စစ်ကြောမေးမြန်းခဲ့လျှင် သူ့အမှုအရာ၊ သူ့အဖြေ ဘယ်သို့ရှိသည်ကို သိလို၍ ကျွန်တော်က သက်သေအထောက်အထား စာရွက်စာတမ်းများတွင် မွှေနှောက်ခဲ့ပါသေးသည်။

ဆွစ်နိုင်ငံက တပ်လှန့်အသင့်ပြင်ထားရန် ကြိုတင်သတိပေးခဲ့ခြင်းကြောင့် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွပ်စွဲသည်ကို ကနားရစ်က အောက်ပါအတိုင်း အဖြေထွက်ဖွယ်ရာရှိပါ၏။

'ဒီကိစ္စကတော့ တခြားတခြားကိစ္စတွေနဲ့ အတော့်ကို ကွာခြားပါတယ်။ ဆွစ်နိုင်ငံဟာ ကျူးကျော်တိုက်ခိုက်ခံရလိမ့်မယ်လို့တော့ ကြိုတင် သတိမပေးခဲ့ပါဘူး။ ဂျာမနီ၊ အီတလီ ဆက်သွယ်တဲ့ မီးရထားလမ်းတွေကို ဖြတ်တောက်ဖို့ မဟာမိတ်တို့က ဆွစ်နိုင်ငံကို ဖိအားပေး အကြပ်ကိုင်နေတဲ့သတင်းနဲ့ စိန့်ဂိုးသတ်လိုဏ်ဂူကိုပါ ဖောက်ခွဲဖျက်ဆီးစေဖို့ မဟာမိတ်သူလျှိုတွေ ဝင်ခွင့်ပြုရန် မဟာမိတ်တို့က တောင်းဆိုနေတယ်ဆိုတဲ့သတင်းကို ဂျာမန်ထောက်လှမ်းရေးအဖွဲ့က ရခဲ့ပါတယ်။ ဒါကြောင့် သတိပေးတယ်ဆိုရာမှာ ဂျာမနီ အီတလီ မီးရထားလမ်း အဆက်အသွယ်ကို မထိနဲ့ လက်ရှောင်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ တကယ်လဲ လုပ်ခဲ့ပါတယ်။ ဘယ်သူကမှ ဆွစ်လိုနိုင်ငံမျိုး ဝင်မတိုက်ပါဘူး'

စင်စစ် ကနားရစ်အဖြေဟု ဆိုရသော်လည်း စိတ်ကူးယဉ်သက်သက်ပါ။ သည်မေးခွန်းမျိုးကို ကနားရစ်အား မမေးခဲ့၊ ကနားရစ်ကလည်း သည်သို့ အဖြေမပေးခဲ့။





ကနားရစ်၏ လုပ်ရပ်များနှင့် ပတ်သက်၍ မည်သို့အကာအကွယ်ပေး လုပ်ဆောင်ခဲ့နိုင်ပုံကို ပြလို၍သာ ဖော်ပြရခြင်းပါ။

မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းခြင်းကတော့ ...။

သည်ပြဿနာအတွက်လည်း အဖြေရှိပါ၏။

မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေးစကား ကမ်းလှမ်းရခြင်းမှာ မဟာမိတ်တို့ ဆုံးဖြတ်ချက်၊ သူတို့စည်းလုံးညီညွတ်မှု၊ သူတို့စစ်ဆင်ရေး ရည်မှန်းချက်များ၊ ရုရှားအပေါ် မဟာမိတ်တို့က ယုံကြည်မှုမရှိ မှန်းဆနိုင်ဖို့နဲ့ ပြီး ဂျာမနီက တကယ်တမ်းမှာ အသာစီးရတိုင်း နိုင်လိုမင်းထက်မလုပ်ဘူးဆိုတာ ယုံပြီး စိတ်သက်သာရာရကာ အားမျော့သွားရလေအောင် ရည်ရွယ်သည်ပဲပေါ့။

အကယ်၍ ကာလ်တန်ဗရူးနားကသာ ကနားရစ်၏ သူလျှိုတမန်များက မဟာမိတ်တို့နှင့် ဘာတွေပြောခဲ့သည်ကို တိတိပပ မသိရလျှင် သည်အပြုအမူများမှာ နိုင်ငံတော် သစ္စာဖောက်မှုဟူ၍ပင် စွပ်စွဲရန် အခက်သား။

တဖန် ကနားရစ်သည်လည်း မိမိတို့ကဲ့သို့ပင် မဟာမိတ်တို့နှင့် လက်ခံနိုင်သော သတ်မှတ်ချက်များဖြင့် စစ်ပြေငြိမ်းစေလိုလိမ့်မည်ဟူသော အသိကလည်း ရှိနေပြန်သည်။

သည်လိုနှင့် လပေါင်းများစွာ ကြာခဲ့သည်။

၁၉၄၅၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ဂျာမန်လုံခြုံရေးဌာနရုံး အဆောက်အဦပင် ဗုံးဒဏ်ခံရသောအခါမှ အကျဉ်းသားများအား အကျဉ်းစခန်းများသို့ ပြောင်းရွှေ့ရန် ဟင်းမလားက ဆုံးဖြတ်လိုက်၏။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဂျိုးဖက်မူလာအား ဘူချန်ဝေါလ် *(Buchen Wald)* အကျဉ်းစခန်းသို့ ပို့လိုက်၏။ ကနားရစ်ကမူ ထိုထက် ပြောက်ပိုင်းကျသော ဖလိုဆန်ဘတ်သို့ ပို့လိုက်၏။ ဗိုလ်မှူးကြီး စခရာဒါ၏ သံမဏိသေတ္တာကို တွေ့ရှိရသည့်အချိန်မှစ၍ ကနားရစ်အား နေ့ရောညပါ သံချောင်းအိမ်ဖြင့် လုံလုံခြုံခြုံ ထားရှိ၏။

စုစည်းတည်ထောင်ခဲ့သော ထောက်လှမ်းရေးအဖွဲ့တွင် လုံခြုံရေးမှူးချုပ် ကာလ်တန်ဗရူးနားနှင့် ထောက်လှမ်းရေးမှူးချုပ် ရှုလင်ဘတ်တို့က ဗိုလ်ချုပ်ကြီး ကနားရစ်၏ စာရွက်စာတမ်းများမှ နိုင်ငံတော်သစ္စာဖောက်မှုကြီးကို တွေ့ရသောအခါတွင် မျက်သလဲဆန်ပြာ ဖြစ်ကြရသည်မှာ အမှန်။

မိမိတို့နှင့် မိမိတို့စနစ်ပါ သည်အရေးတွင် ချမ်းသာရာရမည့်အချက်ကို တွေ့ရှိရသော အထောက်အထားများမှ သဲလွန်စကလေး ရခဲ့၏။

သစ္စာဖောက်ရန် ရည်ရွယ်ချက်ဖြင့် ကနားရစ်ထားရှိသည်ဟု သံသယဖြစ်နေသော နိုင်ငံခြားအဆက်အသွယ်များအား မိမိတို့က တရားဝင်လုပ်ငန်းအတွက် မသိမသာ ဆက်သွယ်ရန် စိတ်ကူးမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဆွီဒင်ကြက်ခြေနီအဖွဲ့မှ မင်းသားကြီး ဘားနက်ဒေါ့ *(Count Bernadotte)* ဘာလင်သို့ ရောက်လာခြင်းဟုပင် ကာလ်တန် ဗရူးနားက သံသယဖြစ်စရာ နိမိတ်ဟု ထင်မှတ်ခဲ့၏။

ကနားရစ် သစ္စာဖောက်မှုကြီးကြောင့် ကာလ်တန်ဗရူးနားက ထမင်းလုံး တစ်ခွေခြောက်သလို စိတ်ဝယ် ခံစားနေရ၏။

တစ်ချိန်မှာ ကာလ်တန်ဗရူးနားက ရှဲလင်ဘာဂ်သို့ မြားဦးလှည့်လာပြီး ရှဲလင်ဘာဂ်သည်ပင် ဗြိတိသျှထောက်လှမ်းရေးအဖွဲ့၏ သူလျှိုဖြစ်ကြောင်း မိမိအထောက် အထားပြနိုင်သည်ဟု ပြောဆိုခြိမ်းခြောက်၏။ သည်အကြောင်းကို ရှဲလင်ဘာဂ် ကိုယ်တိုင် ပြောပြ၏။

နေရာတကာတွင် မဟာမိတ်သူလျှိုများ ရှိနေသည်ဟု စိတ်စွဲကာ ကာလ်တန် ဗရူးနားမှာ စိတ်ဂနာ မငြိမ်တော့၊ ကနားရစ်ကိုလည်း ဗြိတိသျှသူလျှိုဟုပင် စိတ်ဝယ်စွဲ နေ၏။

သို့ရာတွင် ရှဲလင်ဘာဂ်ကိုယ်တိုင်က၊ နာဇီပါတီကို နှစ်နှစ်ကာကာ သက်ဝင် ယုံကြည်သည်ကို မသိလေရော့သလား။ ရှဲလင်ဘာဂ်သည်လည်း ဂါလိမ်ဉာဏ်များသူပဲ မဟုတ်ပါလား။ ဗင်လူးတွင် ဗြိတိသျှ သူလျှိုနှစ်ဦးအား ထောင်ဖမ်းခဲ့သည်မှာလည်း ရှဲလင်ဘာဂ်ပင် မဟုတ်ပါလား။ မင်းသားကြီး ဘားနက်ဒေါ့မှတစ်ဆင့် မဟာမိတ်တို့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးရရှိခဲ့ပါက ရီဗန်ထရော့ဗ် နေရာတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကာလ်တန်ဗရူးနားက ဆက်ခံသင့်သည်ဟု အကြံပေးခဲ့သည်မှာလည်း ရှဲလင်ဘာဂ်ပင်။

'ရှဲလင်ဘာဂ်က ဟင်းမလားအား ဟစ်တလာအပေါ် သစ္စာရှိရှိ တာဝန်သိသိ နေတာကိုပဲ ရယူမိစရာအဖြစ် ထင်ကောင်းထင်ပေလိမ့်မယ်။ ဒါပေမယ့် ကျုပ်ကတော့ ဟစ်တလာအပေါ် သစ္စာရှိရှိနေရန် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးပြီ။ ဒီတော့ ဂျာမနီလူမျိုး တစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ်၊ စစ်သားတစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် ဒီသစ္စာကို ဖျောက်ဖျက်လို့ မရနိုင်ဘူး'

မင်းသားကြီး ဘားနက်ဒေါ့နှင့် ပထမဆုံးအကြိမ်တွေ့ရစဉ်က ဟင်းမလားက သို့ကလို ပြောပြ၏။

ထိုနှစ် ဧပြီလဆန်းပိုင်းတွင် ရုရှားတပ်များက ဗီယင်နာမြို့အနီးသို့ပင် ချဉ်းကပ် လာခဲ့လေပြီ။ သြစတြီးယားကို ဆိုဗီယက်သွေးသည်။ အမေရိကန်တပ်များက ဟင်မလိုင်းအရပ်တွင် ဗီဇာမြစ်ကိုပင် ဖြတ်နိုင်ခဲ့၏။ ဂျာမန်တပ်များက အိုဒါစစ်မျက်နှာတွင် အသေအလဲ ခုခံနေရသည်။

သည်အခြေအနေတွင် ဟစ်တလာလည်း ရံဖန်ရံခါ စိတ်ရှူးပေါက်လိုက်၊ ရံဖန်ရံခါ ဒေါသအမျက်ချောင်းချောင်းထွက်လိုက်၊ ရံဖန်ရံခါ ထူးထူးဆန်းဆန်း ပကတိငြိမ်သက်လျက်ရှိလိုက်နှင့် လမ်းချော်ရင်းက အစောင့်ရဲဘော်များနှင့် သူ့





ယယ်ယယ်ကဘာဝ၊ သူ့အမေအကြောင်း၊ တပ်သားဘဝ . . . သည်မှ စိတ်ကူးယဉ်ကမ္ဘာ သို့ကွန့်ကာ တောင်စဉ်ရေမရ ပြောလားပြောရဲ့။

ဒေါသအမျက်ချောင်းချောင်းထွက်ပြီး စိတ်ငြိမ်စတွင်ပင် ကာလ်တန်ဗရူးနား အား ဖလော်ဆန်ဘာဂ်မှ အကျဉ်းသားများကိစ္စကို ဖြေရှင်းရန်၊ အမိန့်ပေးလိုက်သေးသည်။

သည်သို့သောအခါတွင်၊ ကာလ်တန်ဗရူးနားက ဟာပွင်ကိုသန့်အား ဘာမေး ရိုးယားသို့ စေလွှတ်၍ အမှုဖွင့်ရန် ညွှန်ကြားလိုက်၏။

'ဒီနေ့တွေကို အခမ်းအနားမပါဘဲ သုတ်သင်ရမယ်ကွ'

ကနားရစ်၏ နေ့စဉ်မှတ်တမ်းစာအုပ်နှင့် အောဗ်စတာ၏ စာရွက်စာတမ်းများ အား ဟစ်တလာရှေ့မှောက် ချပြသောအခါတွင် ဟစ်တလာက သို့ကလို ဒေါသတကြီး ဆိုခဲ့၏။

ဖရန်ကိုးနီးယားဒေသ တောတွင်းတစ်နေရာရှိ ဖလော်ဆန်ဘာဂ် အကျဉ်း စခန်းတွင် မားစာခံများ၊ သေဒဏ်ကို စောင့်နေရသော အကျဉ်းသားများသာရှိ၏။

ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဘာလင်မှထွက်ခဲ့ပြီး ဖလော်ဆန်ဘာဂ်သို့ ရောက်သောအခါ၊ ကနားရစ်အား နှစ်လကြာမျှ သီးသန့်အချုပ်ခန်းတွင်း ထားရှိကာ ဘယ်သူနှင့်မှ အဆက်အသွယ် မပြုလုပ်စေခဲ့။ သည်အကျဉ်းစခန်းတွင် အောဗ်စတာ လည်းရှိ၏။ ဝိုးဇက်မှုးလာအား ဧပြီလတွင် ဘူချန်ဝေါလ်မှ သည်သို့ ပို့ခဲ့ပြန်သည်။

သည်အကျဉ်းစခန်းတွင် လူမိုက်ဆိုလို့ အားလုံး ဟင်းမလား၏ ရာဇဝတ်သားသော ထောက်လှမ်းရေးအဖွဲ့ အကျဉ်းသားများသာ ဖြစ်၏။

ဖလော်ဆန်ဘာဂ် ရောက်ပြီးမှ၊ ကနားရစ်အား ဆက်လက် စစ်ကြောမေးမြန်း ပြန်သည်။ ဂက်စတာပိုက အကျဉ်းသားများထံမှ ညှဉ်းပန်းနှိပ်စက်ပြီး ရရှိခဲ့သော သက်သေခံ အထောက်အထားများဖြင့်၊ ကနားရစ်အား အကြိမ်ကြိမ် အဖန်ဖန် မေးခွန်း ထုတ်သည်။

သည်အချိန်ထိ ကနားရစ်ကလည်း ရှောင်နိုင် တိမ်းနိုင်စွမ်း ရှိသေး၏။

အကျဉ်းစခန်းတစ်ကြိမ်တွင် သွားရင်းလာရင်းက ဘဝတူအကျဉ်းသား 'လူဒင်း' က ကနားရစ်ကို မှတ်မိသလို၊ ကနားရစ်ကလည်း လူဒင်းကို မှတ်မိသည်။ ညအခါများ တွင် အစောင့်များက ကြားနိုင်သည့် နေရာတွင်ရှိ မရှိကို၊ တစ်ဦးနှင့်တစ်ဦး နံရံကိုခေါက် ၍ အချက်ပေး စုံစမ်းမေးမြန်းကြ၏။

သည်နည်းဖြင့် အကျဉ်းကျ ထောက်လှမ်းရေးအရာရှိနှစ်ဦးက စကားဝှက်ဖြင့် ဖုတ်နံရံကိုခေါက်ကာ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခဲ့ကြ၏။

သည်စဉ်က အကျဉ်းကျအားလုံးက ထောင်ဝတ်စုံ ဝတ်ကြရပေမယ့် ကနားရစ်က အရပ်ဝတ်နှင့်စင် ရှိနေသည်ကို ဗိုလ်မှူးကြီးလူဒင်းက မြင်တွေ့ခဲ့ရသည်။ ကနားရစ်ကိုပင် နိုင်ခိုင်လုံလုံ စွဲချက်မတင်နိုင်သေးသူပမာ သဘောထားနေသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

တစ်နေ့တွင် ကာလ်တန်ဗရူးနား၏ သက်သေခံ အထောက်အထားသစ်များ ပိုက်လျက် ကနားရစ်နှင့်ရင်ဆိုင်ရန် ရောက်လာပြန်သည်။ နှစ်ဦးသား ခေါက်တုန့် ခေါက်ပြန် လျှောက်ရင်းက အခြေအတင် ပြောနေကြသည်ကို လူဒင်းက တံခါးပေါက်မှ အထင်းသား မြင်တွေ့နေရသည်။ ကာလ်တန်ဗရူးနားက အော်ကြီးဟစ်ကျယ် ပြောပြနေသော်လည်း ကနားရစ်က လေအေးအေးနှင့်သာ ပြန်လည်တုန့်ပြန်၏။

ဧပြီလ ဒုတိယသတင်းပတ်တွင် ဟာပွင်ကိုသန် ခေါင်းဆောင်သော အဖွဲ့ ဖလော်ဆန်တာတ်သို့ ရောက်လာကြသည်။ ဂက်စတာပို မဟာမင်းကြီး စတာဗစ်စကီ *(Stavitski)*လည်း ပါလာသည်။ ခရီးရောက်မဆိုက်ပင် စတာဗစ်စကီက ထောက်လှမ်းရေးမှူးချုပ်များကို အရင်ဆုံးစစ်ဆေးရန် တရားရုံးသို့ တင်သည်။

နောင် ၆ နှစ်ကြာသောအခါ ဟာပွင်ကိုသန်က၊ ဂက်စတာပို တရားသူကြီးဘက် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ခုံရုံး၊ ဧပြီလ (၈)ရက်နေ့တွင် ကနားရစ်အမှုကို ကြားနာစစ်ဆေးပြီး အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း . . . ပြီး၊ မိမိလည်း ဘာလင်သို့ ပြန်ခဲ့ကြောင်း ပြောပြသည်။

အချို့သော ပုဂ္ဂိုလ်များက၊ ဟာပွင်ကိုသန်သည် စီရင်ချက်အတိုင်း၊ တရားခံများအား ကွပ်မျက်သည်ထိစောင့်ပြီးမှ ဘာလင်သို့ ပြန်သွားခဲ့သည်ဆို၏။

ဧပြီလ (၈)ရက်နေ့က ဂျိုးဖက်မူးလာသည် အကျဉ်းခန်းအတွင်း ထိုင်လျက်သား ရှိနေသည်။ ဂက်စတာပိုအစောင့်က အခန်းတံခါးကိုဖွင့်ပြီး အခန်းတွင်းမှထွက်ရန် အသင့်ရှိဖို့ အမိန့်ပေးသည်။ မူးလာက အခိုက်အတန့်တွင် မိမိနေအိမ်ဖြစ်နေသော အခန်းကလေးကိုပင် သပ်သပ်ရပ်ရပ်ဖြစ်အောင် သန့်ရှင်းခဲ့ပါသေးသည်။ သံကြိုးများ တုတ်လျက် ကြိုးစင်ထားရာ အခန်းတံခါးပေါက်သို့ ခေါ်သွား၏။

'ကဲ . . . ခင်ဗျားတို့ရဲ့ ဇာတ်က ဒီမှာသိမ်းရတော့မယ်။ ဒါ နောက်ဆုံး အခန်းပဲပေါ့။ ဒါပေမယ့် ခင်ဗျားကို ကြိုးပေးရင် ခင်ဗျားဆရာကြီး ကနားရစ်ရဲ့ ခေါင်းတစ်လုံးစာလောက် နိမ့်ပေးရလိမ့်မယ်'

ဂက်စတာပိုအစောင့်က သရော်ခဲ့ပြန်သည်။

ကြိုးစင်ထားရာအခန်းဝမှ စောင့်ရင်းက စတာဗစ်စကီက လှောင်သွားပြန်၏။

'ကဲ . . . သွားပေဦးတော့ ကိုယ့်လူရေ . . . ကြိုးစင်ကို'

နာရီဝက်ကြာမျှ မလှုပ်မယှက် ရပ်နေခဲ့ပြီးမှ ဂျိုးဖက်မူးလာအား မိမိအကျဉ်းခန်းတွင်းသို့ ပြန်ခေါ်ခဲ့ပြန်သည်။ အခန်းရောက်လို့မှ ကြာကြာမနေလိုက်ရပါ၊ ဒုတိယအကြိမ် ဆွဲထုတ်သွားခဲ့ပြန်သည်။ သည်တစ်ကြိမ်တွင် ပါးကွက်အာဏာသားများက မိမိအား အချိန်ကြာမြင့်စွာ စောင့်စားနေရသလိုလိုနှင့် ဒုတိယအကြိမ် ကြိုးစင်အခန်းဝတွင် ရပ်နေရပြန်သည်။





ပြီး ဂက်စတာပိုအစောင့်က ရောက်လာပြန်ပြီး အခန်းသို့ ပြန်ခေါ်သွား၏။

'ဒီနေ့ ခင်ဗျားကို ကြိုးပေးဖို့မေ့သွားပြန်ပြီပေါ့ . . . 'တဲ့။

ရပ်ဝေးမှ ဟင်းမလားက စိတ်ကူးတစ်မျိုးပေါက်၍ ဂျိုးဖက်မူးလာကို ကယ်ခဲ့သည်လား . . . ။

ဂျိုးဖက်မူးလာကပဲ ခေါင်းမာမာနှင့် ကန့်ကွက်သည့်ကြောင့်လား။

ဂျာမန်တရားဥပဒေများကို နှစ်ဝသူပီပီ ဂျိုးဖက်မူးလာက မိမိအား စနစ်တကျ တရားရုံးဖြင့်စစ်ဆေးရန် အတင်းအကြပ် တောင်းဆိုခဲ့၏။

ထိုနေ့ ညနေခင်းတွင် ကနားရစ်အား ရုံးတင်စစ်ဆေးရာမှ အကျဉ်းခန်းသို့ ပြန်ခေါ်လာ၏။ ရုံးထုတ်စစ်ဆေးသည်ဟု ဆိုရမည်ဖြစ်သော်လည်း၊ စင်စစ် ညှဉ်းပန်းနှိပ်စက်ကာ စစ်ကြောခဲ့ခြင်းဖြစ်မည်မှာ မလွဲ . . . ။

တစ်ဘက်ခန်းမှ ဗိုလ်မှူးကြီးလူဒင်းက ကနားရစ်တစ်ယောက် ခေါက်တုန့် ခေါက်ပြန် လျှောက်နေသည့်အသံကို ကြားရ၏။ ပြီး နံရံမှ အချက်ပေးခေါက်သံကြားရ၏။ အဓိပ္ပါယ်က ဤသို့ . . . ။

'ဒါ . . . နောက်ဆုံး . . . ပဲ . . . လို့ . . . ကျုပ်ထင်တယ် . ရက်ရက် . . . စက်စက် . . . ကိုင်တွယ် . . . တယ် . . . နှာခေါင်း . ကျိုး . . . ခဲ့တယ်'

ပါးကွက်အာဏာသားများက ဗိုလ်ချုပ်ကြီး ကနားရစ်အား လပေါင်းများစွာ ကြာ အတောမသတ် 'အစ်'ထုတ်သည်များကိုလည်း ကနားရစ်က နံရံကိုခေါက်လျက် လူဒင်းအား အသိပေးခဲ့သည်ကို မှတ်မိသေး၏။

'အဖနိုင်ငံအတွက် ကျုပ် အသက် အသေခံမယ်။ ကျုပ်စိတ်က သန့်ပါတယ်။ ဟစ်တလာဟာ မိုက်မိုက်ကန်းကန်းနဲ့ ဂျာမန်နိုင်ငံအား ပျက်စီးရာပျက်စီးကြောင်း ဦးဆောင်နေတာကို ကျုပ်က ဆန့်ကျင်ဖို့ ကြိုးစားအားထုတ်ခြင်းဟာ ကျုပ်နိုင်ငံအတွက် ကျုပ် တာဝန်ထမ်းဆောင်ခဲ့တာ ဖြစ်ပါတယ်'

ကနားရစ်က နောက်ဆုံးသတင်းစကားကို ဖော်ထုတ်ခဲ့သည်။ ဝင်စစ် ကနားရစ်က သည်မျှအန္တရာယ်များသော လျှို့ဝှက်ချက်များအား ချစ်ဇနီးကိုပင် အသိမပေးခဲ့။ ယခုမူ ဇနီးက ဘာဗေးရီးယားနယ်တွင် သမီးနှစ်ဦးနှင့်အတူ ချောက်ချောက်ချားချား နေနေရလေပြီ . . . ။

ဧပြီ ၉ ရက်နေ့ လင်းအာရုဏ်တက်ချိန်တွင် ဂက်စတာပို အစောင့်များက အကျဉ်းခန်းများကို လှည့်လည်ကာ မောင်းထုတ်နေ၏။ သည်တစ်ကြိမ်တွင်လည်း ထောက်လှမ်းရေး အဖွဲ့သားဟောင်းများကိုပင် မပြန်သည်။

'ထွက် . . . ထွက်'

အော်လိုက် ဟစ်လိုက်သည်မှာ ကမ္ဘာပျက်မတတ် . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကနားရစ်၏ လက်နှင့် ခြေတို့မှ တုတ်နှောင်ထားသော သံကြိုးများကို ဖြုတ်ချသံကို တစ်ဘက်ခန်းမှ လှုဒင်းက ကြားနေရ၏။

နောက်တစ်ခါ အမိန့်ပေးသံကိုပါ ထပ်မံကြားရပြန်သည်။

'အဝတ်ချွတ်'

အကျဉ်းခန်းတံခါးကြားမှ ကိုယ်တုံးလုံး အကျဉ်းသားများအား မောင်းထုတ်သွားသည်ကို ချောင်းကြည့်၍ မြင်လိုက်ရ၏။

ဒေါက်တာ အက်ဘ်ရာဂျင်က သူ့စာအုပ်တွင် ဤသို့ နိဂုံးချုပ်ခဲ့လေ၏။

အကျဉ်းသားများဖြစ်ကြသော ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်၊ ဗိုလ်ချုပ်ကြီး အော့စတား၊ ဒေါက်တာစထရန်၊ စစ်ဖက်ဥပဒေချုပ် ဆက်နှင့် ဗိုလ်ကြီးဂီးဟားတို့ ဆက်တိုက် ကြိုးပေးခံရ၏။

(၁၉၅၁-ခုနှစ်က ဟပွင်ကိုသန်အား ရုံးတင်စစ်ဆေးရာ၌ သည်စဉ်က ပါးကွက်အာဏာသားများဖြစ်ခဲ့ကြသော ဂက်စတာပိုအဖွဲ့ဝင်များက ကြိုးစင်တွင် လူ ၆ ဦး အတွက် နေရာရှိ၍ တစ်ဦးကိုကြိုးပေးချိန်၌ သေသည်အထိ စောင့်မနေတော့ဘဲ နောက်တစ်ယောက် နောက်တစ်ယောက် ဆက်တိုက် ကြိုးပေးနိုင်ခဲ့သည်ဟု ထွက်ဆိုကြ၏)

'ကဲ . . . နောက်တစ်ယောက် . . .'

သည်သို့ပြောဆိုခြင်းဖြင့် တစ်ဦးတစ်ယောက်အား ကြိုးပေးထားနှင့်ပြီးဖြစ်သည်မှာ ထင်ရှားပါ၏။

ဤသို့ဖြင့် သူတို့တစ်စု အချိန်တိုတိုနှင့် ဇိဝိန်ချုပ်ခဲ့လေသတည်း။

နောက်ဆုံးအချိန်ထိ ကနားရစ်အား ဂက်စတာပိုအဖွဲ့က ကောင်းကောင်းမွန်မွန် ပြုစုထားခဲ့သော်လည်း ကနားရစ်သာလျှင် မိမိတို့၏ အကြီးဆုံးသားကောင်အဖြစ် သဘောထားကာ အမုန်းကြီး မုန်းခဲ့သည်မှာ အမှန်။

'ဧပြီ ၁၁ ရက်နေ့တွင် အရက် အလွန်အကျွံမူးနေသော ဂက်စတာပိုအဖွဲ့ဝင်တစ်ဦးက တမြန်နေ့က မိမိတို့သည် ထောက်လှမ်းရေးအရာရှိတစ်စုအား ကြိုးပေးကွပ်မျက်ခဲ့ရသည်ဟု ကျွန်တော့်အား ပြောပြသည်'ဟု

စကာလာဗရန်ဒေါ်ဖ်က မိမိရေးသော *(Revolt Against Hitler)* စာအုပ်တွင် ရေးခဲ့၏။

ကွပ်မျက်ရာတွင် တာဝန်ယူရသော ပါးကွက်အာဏာသားများမှာ သည့်အတွက် ခွဲတမ်းပစ္စည်း ပိုရ၍ရကြ၏။ တရားခံများအား တရားရုံးစီရင်ချက်အတိုင်း ကွပ်မျက်ခြင်းမဟုတ်။ ဟင်းမလားက တရားခံများကို ကိုယ့်ဖာသာကိုယ် လည်ပင်း ကြိုးကွင်းစွပ်စေ၍ သုတ်သင်ရန် အမိန့်ပေးခဲ့၏။ ကျွန်တော်က တရားခံများ အမည်ကို မေးသည်။ ရေတပ်ဗိုလ်ချုပ်ကြီး ကနားရစ်၊ ဗိုလ်ချုပ်ကြီးအော်စတာနှင့် ဘွန်ဟိုဖာတို့





ပါဝင်ကြသည်ဟု အဖြေပေး၏။

'ကျွန်တော်ကိုယ်တိုင် အကျဉ်းခံနေရတဲ့ အခန်းကလည်း ဝေးလှတာ မဟုတ်ဘူး။ အစောင့်တွေက ဒီနေ့မှာပဲ ကနားရစ်ကို နှစ်ကြိမ်တိုင်တိုင် ကြိုးပေးခဲ့ရတယ်လို့ ပြောတယ်'

ကျွန်တော်က စကာလာဗရန့်ဒေါ်ဖ်အား တွေ့ဆုံမေးမြန်းသောအခါတွင်မှ သူက သို့ကလို ဖြည့်စွက်ခဲ့ပြန်သည်။

ကနားရစ်အား ဒုတိယအကြိမ် ကြိုးမပေးမီ သူ့ထံမှ ဝန်ခံချက်များ အစ်ထုတ်လို၍လား . . .။

သည်ပုဂ္ဂိုလ်ကြီး၏ အဖွဲ့အစည်းကြောင့် မိမိတို့စစ်ရှုံးခဲ့ရသည်ဟု သံသယရှိ၍ အချိန်ဆွဲ ဂလဲ့စားချေလို၍လား . . .။

စစ်ကြီးမတိုင်မီက ကနားရစ်နှင့်ပူးပေါင်းခဲ့သော ကလိစ်ကို ဧပြီလ ၁၆ ရက်နေ့တွင် ဘာလင်မြို့၌ ကြိုးပေးခဲ့၏။

၅ နှစ်အကြာတွင် ဒေါက်တာ ဂျိုးဖက်မူးလားအား မြူးနစ်မြို့တွင် ကျွန်တော်သွားတွေ့၏၊ သည်စဉ်က မူးလာသည် ဟပွင်ကိုသန်အား နာဇီဂက်စတာပိုအဖွဲ့ဝင် တစ်ဦးအဖြစ် ရုံးတင်တရားစွဲဆိုရန် အမှုပြင်ဆင်နေချိန်ဖြစ်၏။

'သက်သေထွက်ဆိုစောင့်နေတဲ့ ဂက်စတာပိုအကျဉ်းသားတစ်ဦးက ကနားရစ်ကို သံတော်လာဖြင့် လည်ပင်းတွင်ညှပ်ကာ ကြိုးပေးတယ်။ အသက်ထွက်ဖို့ နာရီဝက်ကြာခဲ့တယ်ဆိုတယ်'

မူးလာက ကျွန်တော့်ကို ပြန်လည် ဖောက်သည်ချခဲ့၏။

ဂက်စတာပိုတို့၏ ခုံရုံးတွင် ဘာတွေဖြစ်ခဲ့သနည်း။

ကနားရစ်က ဝန်ခံခဲ့ပါသလား။

ဂက်စတာပိုတရားရုံး ဥက္ကဋ္ဌ တရားသူကြီး သော်ဘက်က ကနားရစ်အား သစ္စာဖောက်ခဲ့ကြောင်း ဝန်ခံရန် ခြိမ်းခြောက်၏။

'ထောက်လှမ်းရေးမှူးချုပ်ကို ရှင်းပစ်'ဟူသော ဟစ်တလာ၏ အမိန့်အတိုင်း တရားရုံးကလည်း ကနားရစ်ကိုယ်တိုင် ဝန်မခံလိုသော်လည်း အပြစ်ပေးခဲ့၏။

ဟပွင်ကိုသန်အား ရုံးတင်စစ်ဆေးစဉ်က သက်သေအဖြစ် ထွက်ဆိုသော ဂျာမန်စစ်တပ် စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးဟော်လ်ဒါအား တရားခံရှေ့နေက မေးခွန်းထုတ်ခဲ့၏။

'သတင်းအားလုံးဟာ ရန်သူဆီ ပေါက်ကြားသွားတာပဲဆိုတာ မှန်သလား'

ဟော်လ်ဒါက ပြန်ဖြေသည်။

'ပြင်သစ်နိုင်ငံကို ထိုးစစ်ဆင် တိုက်ခိုက်ဖို့ နောက်ဆုံးအချိန်ကို သတ်မှတ်တဲ့ အခါတိုင်း ကျွန်တော်တို့သိရတဲ့အချိန်မှာ ရန်သူဘက်ကလည်း သိတာချည်းပဲ။

www.burmeseclassic.com



ရုရှားနိုင်ငံကို ကျွန်တော်တို့က ထိုးစစ်ဆင်မယ်ဆိုတာကိုလည်း၊ ကျွန်တော်တို့တပ်ဖွဲ့ တချို့က မသိမီမှာဘဲ ရုရှားတွေက သိနှင့်နေပြီ၊ ဒီလို သတင်းပေါက်ကြားတဲ့အတွက် ကျုပ်တို့ နားမလည်ဖြစ်ခဲ့ရတယ်။ ရဲဖန်ရံခါ ကျုပ်တို့က ရန်သူကို မဟုတ်မမှန် သတင်းတွေ ပေးခဲ့မိတယ်'

စစ်ဘက်လျှို့ဝှက်ချက်များကို ရန်သူ့အား ပေါက်ကြားစေခဲ့ဦးတော့၊ ဂျာမနီနိုင်ငံ၏ စစ်ဆင်ရေးများကို မည်သို့မျှ မထူးခြားစေခဲ့ကြောင်း ဗိုလ်ချုပ်ကြီးဖော်လ်ဒါက ထွက်ဆိုနေခြင်းပင် ဖြစ်ပါ၏။ လျှို့ဝှက်ချက်များကို ရန်သူဘက်သို့ ပေါက်ကြားသည် ဖြစ်ဖြစ်၊ မပေါက်ကြားသည်ပဲဖြစ်ဖြစ် ဂျာမနီက သည်စစ်တွင် ရှုံးမည်မှာမလွဲ။

ကျော်ထက်ထွန်း

BURMESE CLASSIC

www.burmeseclassic.com